
http://www.dhammadownload.com

ဆရာတော်၏ သက်တော် (၇၅) နှစ်ပြည့် စိန်ရတု အထိမ်းအမှတ်

တိပိဋကစရဒဓမ္မဓာရီဂ္ဂာဝါရိက

ယောဆရာတော်

ဘဝဖြစ်စဉ် ကြောင်းကျိုးထင်



အရှင်ပညာတိက္ခ (ယော)

ရေးသားပူဇော်သည်

ဒုတိယကြိမ်မြောက် ဒီဇင်ဘာလ ၂၀၁၂ခုနှစ် ယခင်ပုံနှိပ်ထားသော ပါရိုပယ်ဆိုင်ဆီစက်ရုံမှ ပုံနှိပ်ဖော်ထုတ်ခွင့်ပြုသည်

http://www.dhammadownload.com

"ဘဝတစ်ထက် စွမ်းဆောင်ချက်"

၁။ ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်
အမှောင် ကင်းရမည်။
၂။ ကိုယ်အား, ဉာဏ်အား, ပစ္စည်းအား၊ အများလှအောင်
ဆင်ရမည်။
၃။ ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်။
တရားသုံးပါး လူစွမ်းအား ခန့်ညားထည်ဝါသည်။
ဘဝတစ်သက်၊ စွမ်းဆောင်ချက်၊ အားတက်ကျန်ရမည်။

တိဝိဋက ဓမ္မာဆရာတော်

http://www.dhammadownload.com

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက

ယောဆရာတော်

ဘဝဖြစ်စဉ် ကြောင်းကျိုးထင်

ဆရာတော်၏ သက်တော် (၇၅) နှစ်ပြည့်
စိန်ရတု အထိမ်းအမှတ်

အရှင်ပညာတိက္ခ (ယော)

ရေးသားပူဇော်သည်

http://www.dhammadownload.com

ဘဝဖြစ်စဉ် ကြောင်းကျိုးထင် ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ အုပ်ရေ - ၃၀၀၀၊ ၂၀၁၈ ခု၊ ဇန်နဝါရီလ

စီစဉ်သူ ❑ တော်ဝင်နွယ်

မျက်နှာဖုံး ❑ လင်းဝဏ္ဏ

ထုတ်ဝေသူ ❑ ဦးဉာဏ်အောင် (အလင်းသစ်စာပေ)
မြ - ၀၀၂၁၆
အမှတ် (၁၇/၁၉)၊ အခန်း (၆၀၁)၊
၅၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ❑ ဦးဇော်မြင့်ဝင်း (ကာလာဇုံပုံနှိပ်တိုက်)
မြ - ၀၀၁၄၂၊ အမှတ် - ၁၈၄ (ဘီ)၊
၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အတွင်းအဖြင့်အဆင်၊ စာအုပ်ချုပ် ❑ Ahlineain media
Ph - 09449004209, 09798437563

ဖြန့်ဝေရေး ❑ ဒေါ်နှင်းငွေရည်
မြကြာငုံစာအုပ်တိုက်
အမှတ် - ၅၄၊ ကြားတောရအုတ်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ဓမ္မဒါန


အရှင်ပညာတိက္ခ (ယော) ၈၂၄
ဘဝဖြစ်စဉ် ကြောင်းကျိုးထင်/ အရှင်ပညာတိက္ခ (ယော)၊
ရန်ကုန်။ အလင်းသစ်စာပေ၊ ၂၀၁၈။
၃၃၂ စာ၊ ၁၃.၅ x ၁၈.၄ စင်တီမီတာ
(၁) ဘဝဖြစ်စဉ် ကြောင်းကျိုးထင်။

http://www.dhammadownload.com




http://www.dhammadownload.com






http://www.dhammadownload.com







http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com




တိဝိဋက ယောဆရာတော်၏ ယော်ဆရာ ဦးထာကိန္ဒ

http://www.dhammadownload.com



http://www.dhammadownload.com



ယောဆရာတော်နှင့်
ခမည်းတော် ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်ခိုင်

http://www.dhammadownload.com



မယ်တော်ကြီး ဒေါ်တုတ်ခိုင်

http://www.dhammadownload.com

မာတိကာ

- နိဒါန်း ၁၁

ပထမပိုင်း - ကုသိုလ်မူလ ယောဒေသ

၁။ မွေးဖွားရာဇာတိ ၁၇
၂။ ဘုန်းကြီးကျောင်းသားဘဝ ၁၈
၃။ မူလတန်းကျောင်းသားဘဝ ၁၈
၄။ ရှင်သာမဏေဘဝ ၁၉
၅။ အလယ်တန်းကျောင်းသားဘဝ ၂၀
၆။ ပွဲလမ်းသဘင် မကြည့်ချင် ၂၁
၇။ ရုပ်ခွန်အားမသာပေမယ့် စိတ်ခွန်အားသာတယ် ၂၄
၈။ အိမ်မှကိစ္စ ပါဝင်ရ ၂၈
၉။ ဒုတိယအကြိမ် ရှင်သာမဏေဘဝ ၂၈
၁၀။ ပညာအစ ကန်တော့ရ ၃၃
၁၁။ ရဟန်းဘဝ ဒုလ္လဘ ၃၆
၁၂။ ဥပသမ္ပဒ ရတုပိဒိစုံ ၃၇
၁၃။ ဥပသမ္ပဒ ဥဒါနဂါထာ ၄၀

http://www.dhammadownload.com

၁၄။ ကိုယ့်ရဟန်းခံပွဲ ကိုယ်တိုင် တရားဟော ၄၁
၁၅။ ဆရာက တော်၍ တပည့်က ကျော်သည် ၄၂

ဒုတိယပိုင်း - ပျော်ရာမှ တော်ရာသို့

၁၆။ သင့်ရာပို့အပ် ဆရာဝတ် ၄၇
၁၇။ မန္တလေး မဟာဝိသုဒ္ဓါရုံသို့ ၄၈
၁၈။ စိတ်ဓာတ်ကိုမြှင့် ကြိုးစားကျင့် ၄၉
၁၉။ ခမည်းတော် မယ်တော်ထံ မျက်မှန်ဖိုး အလျှုခံ ၅၀
၂၀။ ခမည်းတော် မယ်တော်ထံ ပြန်စာ ၅၁
၂၁။ ရုပ်သာဆင်းရဲ စိတ်မမွဲ ၅၃
၂၂။ မြောင်းမြ သာသနာပိုင် ဆရာတော် ချီးမွမ်း ၅၄
၂၃။ ဓာတ်ချင်း နီးစပ်လာပြီ ၅၅

တတိယပိုင်း - အောင်ပွဲအဆင့်ဆင့် နွဲ့တိုင်းတင့်

၂၄။ ရန်ကုန် မဟာဝိသုဒ္ဓါရုံသို့ ၅၉
၂၅။ တောရွာမှာနေ၍ တောဘုန်းကြီးလုပ်မည်ဟုသာ
ရည်ရွယ်ခဲ့ ၆၀
၂၆။ တိပိဋကလမ်းအစ ၆၂
၂၇။ တိပိဋကအစမ်းပြန်ဆို ၆၂
၂၈။ အခက်နှစ်ပွဲ တစ်နှစ်ထဲ ၆၄
၂၉။ တိုက်တည်ဆရာတော် အရှင်ဝါသဝါဘိဝံသ
အံ့အားသင့် ၆၆
၃၀။ ထပ်ဆင့် ပါဠိပါရဂူနှင့် ဒွိပိဋကကောဝိဒ ၆၇
၃၁။ တိပိဋကဓရ ၆၈
၃၂။ တိပိဋကဘွဲ့အပေါ် အဓိပတိ မတပ်သေး ၆၉
၃၃။ တိပိဋကကောဝိဒ ၇၀

http://www.dhammadownload.com

၃၄။ တကယ်လုပ်တော့ အဟုတ်ဖြစ် ၇၁
၃၅။ အောင်ပွဲဆင့်ဆင် နွဲတိုင်းတင့် ၇၂
၃၆။ စာပေလုပ်ငန်း တစ်မျိုးဆန်း ၇၅
၃၇။ စာသင်သားပုံစံဖြင့် လုပ်ခဲ့ရသည် မဟုတ် ၇၆

စတုတ္ထပိုင်း - အလုပ်များပေမယ့် မရှုပ်စေနဲ့

၃၈။ ရရှိခဲ့သော ဘွဲ့တံဆိပ်တော်များ ၈၁
၃၉။ ကျေးဇူးရှင် ဆရာတော်များ ၈၂
၄၀။ ဒေါက်တာဘွဲ့ကို လက်မခံ ၈၂
၄၁။ အလကားရသော ဘွဲ့ကို အားမပေး ၈၃
၄၂။ ယောဆရာတော်ဟု အမည်ခံ ၈၄
၄၃။ ယော ၈၅
၄၄။ တာဝန်အဆင့်ဆင့် ၈၉
၄၅။ ကျောင်းတိုက် တည်ထောင်ရန် တိုက်တွန်းကြ ၉၀
၄၆။ အပြန်အလှန် လေးစား ၉၁
၄၇။ တည့်အောင်နေနည်း ၉၄
၄၈။ ပဓာနနာယက တာဝန် ၉၇
၄၉။ တိုက်အုပ် တိုက်ကြပ်များ ခန့်အပ်ခြင်း ၁၀၀
၅၀။ ပညာရေးစနစ် မြှင့်တင်ပေးတော်မူခြင်း ၁၀၁

ပဉ္စမပိုင်း - စည်းကမ်းဆိုတာ အလှဆင်ပေးတာပါ

၅၁။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ သီတင်းသုံး
နေထိုင်ကြသော ရဟန်းသာမဏေများ လိုက်နာရန်
စည်းကမ်းဥပဒေ ၁၀၉
၅၂။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ နေထိုင်ခွင့်
စည်းကမ်း ၁၁၁

http://www.dhammadownload.com

၅၃။ အဝင်ခက်သလောက် အထွက်လွယ် ၁၁၄
၅၄။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၏ တစ်နေ့တာ
လုပ်ငန်းစဉ်များ ၁၁၅
၅၅။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ခေတ္တ
တည်းခိုနေထိုင်ကြသော ဧည့်သည်များလိုက်နာရန်
စည်းကမ်း ၁၁၈
၅၆။ ယောဆရာတော်၏ အုပ်ချုပ်ရေး မူဝါဒ
လမ်းစဉ် (၄) ရပ် ၁၂၂
၅၇။ ယောဆရာတော်၏ သာသနာပြုမှု (၄) ခု ၁၂၄
၅၈။ ယောဆရာတော်၏ ပညာရေးမူဝါဒ ၁၂၇
၅၉။ ယောဆရာတော်၏ ပညာရေး ချီးမြှောက်မှု ၁၃၀
၆၀။ ယောဆရာတော်၏ ကျန်းမာရေး စောင့်ရှောက်မှု ၁၃၁
၆၁။ စား ဝတ် နေ ရေး ကျန်းမာရေး ၁၃၃
၆၂။ ပြုကျင့်ရမည့် ညီ (၃) ညီ ၁၃၄

ဆဋ္ဌမပိုင်း - ဦးဆောင်လမ်းပြ ခေါင်းဆောင်ဘဝ

၆၃။ ဦးဆောင်လမ်းပြ ပါဝင်ရ ၁၃၉
၆၄။ ဝိနိစ္ဆယ တာဝန်ကျ ၁၄၀
၆၅။ စာပေကျမ်းဂန် လမ်းအမှန် ၁၄၁
၆၆။ တိပိဋကအတွေ့အကြုံ ၁၄၆
၆၇။ (နည်းလမ်းလေးသွယ် ပညာကြွယ်) ၁၄၈
၆၈။ (ပညာအရောင် ထွန်းလင်းပြောင်) ၁၄၉
၆၉။ စာသင်တိုက်ခွဲများ တည်ထောင်ဖွင့်လှစ်ပေး ၁၅၆
၇၀။ ဘဝတစ်လွှား ခဏတွေ့ စာအုပ်ကိစ္စ
ရှင်းလင်းချက် ၁၆၃

http://www.dhammadownload.com

၇၁။ ကိုယ်တိုင် ချမှတ်ထားသော စည်းကမ်းများကို ကိုယ်တိုင် လိုက်နာ ၁၇၂
၇၂။ စည်းကမ်းများ တင်းကြပ်ထား ၁၇၇

သတ္တမပိုင်း - ကုသိုလ်ရအောင် အုပ်ချုပ်တယ်

၇၃။ အဖိုးတန် အဆုံးအမ စကားများနှင့် အဖိုးတန် သတိပေး တွန်းအား ၁၈၃
၇၄။ တွန်းအားရှိမှ တိုးတက်တယ် ၁၉၀
၇၅။ အချိန်ကို အထူးတန်ဖိုးထား ၁၉၁
၇၆။ အများ၏ ကြည်ညိုလေးစားမှုကို ခံရ ၁၉၂
၇၇။ အဝေးနေ ကြည်ညိုဖို့ထက် အနီးနေ ကြည်ညိုဖို့က ပိုခက် ၁၉၃
၇၈။ အရိပ်အကဲ သိတတ်ဖို့ လို ၁၉၄
၇၉။ အသားလွတ်သာ ဘဉ်းပေးတော်မူ ၁၉၆
၈၀။ ကုသိုလ်ကြောင့် အကုသိုလ် မဖြစ်စေချင် ၁၉၇
၈၁။ ခွက်ပန်းကန်ထဲ၌ စားကြွင်းစားကျန် ကျန်ခဲ့လျှင် မကြိုက် ၁၉၇
၈၂။ မှတ်ဉာဏ် အလွန်ကောင်း ၁၉၈
၈၃။ သမာဓိအား အလွန်ကောင်း ၂၀၀
၈၄။ သတိအား အလွန်ကောင်း ၂၀၁
၈၅။ ဝိနည်းကို အထူးလေးစား ၂၀၂
၈၆။ စာတစ်ဝါ တရားတစ်ပွဲ ၂၀၃
၈၇။ သာသနာ ရေရှည်ခံမည့် အလုပ်ကိုသာ အဓိကထား ၂၀၄

http://www.dhammadownload.com

၈၈။ သာသနာ့ သူရဲကောင်း ဖော်ထုတ်ပေးသည့်နေရာ ၂၀၆
၈၉။ ကျောင်းတိုက်အတွင်း လိုက်လံကြည့်ရှု ၂၁၀
၉၀။ အသိတရားကို အကျင့်တရားနှင့် ပေါင်းစပ်ပေး ၂၁၁
၉၁။ ဓမ္မလမ်းစဉ်အတိုင်း သွား ၂၁၃
၉၂။ ကိုယ့်အကြောင်း ကိုယ်သိဖို့က အရေးကြီး ၂၁၈
၉၃။ လွယ်လွယ်ဖြင့် ခွင့်မပြု ၂၁၉

အင်္ဂမဝိုင်း - ကုသိုလ်လုပ်သား အအား မနေ

၉၄။ ဘုန်းကြီးအိုကြီးဟုသာ သုံးနှုန်း ၂၂၅
၉၅။ အိုပွဲမင်္ဂလာ ဖိတ်ကြားလွှာ ၂၂၅
၉၆။ ဘုန်းကြီးဆိုတာ ဓိမ်ခံနေဖို့ မဟုတ် ၂၂၆
၉၇။ ကားလျှူသည်ကို လက်မခံ ၂၂၇
၉၈။ တယ်လီဖုန်းလျှူသည်ကို လက်မခံ ၂၂၇
၉၉။ တီဗွီစက်လျှူသည်ကို လက်မခံ ၂၂၈
၁၀၀။ ကိုယ်တိုင် သင်္ကန်းလျှော် ၂၂၉
၁၀၁။ ကိုယ်တိုင် သပိတ်ဆေး ၂၃၀
၁၀၂။ ခုတင်ပေါ်၌ ကျိန်းစက်ခြင်း မရှိ ၂၃၁
၁၀၃။ စိတ်ထဲ မထည့်ပါဘူး ၂၃၂
၁၀၄။ ရှိတာဖြင့်သာ ရောင့်ရဲ ၂၃၃
၁၀၅။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချ ၂၃၄
၁၀၆။ မည်သည့်အဖွဲ့အစည်းမျှ မပါ ၂၃၆
၁၀၇။ ဓာတ်ကောင်းများ ကူးယူ ၂၃၈
၁၀၈။ နိုင်ငံရပ်ခြားသို့ မကြွ ၂၄၅
၁၀၉။ ဆရာ့ကျေးဇူး အထူးသိတတ် တပည့်မြတ် ၂၄၆
၁၁၀။ တပည့်ကြောင့် ဆရာ နာမည်ကြီးခဲ့ ၂၄၉

http://www.dhammadownload.com

နဝမပိုင်း - ချီးမြှင့်ပေးကမ်း မေတ္တာစွမ်း

၁၁၁။ စိန်ရတုနှင့် စိန်ရတု ကျောင်းဆောင် ၂၅၃
၁၁၂။ ပတ္တမြားရတုနှင့် လေးထပ်ဆွမ်းစားကျောင်းဆောင် ၂၅၄
၁၁၃။ မိဘကျေးဇူး အထူးသိတတ် ရဟန်းမြတ် ၂၅၅
၁၁၄။ ချီးမြှင့်ပေးကမ်း မေတ္တာစွမ်း ၂၅၈
၁၁၅။ ဆေးရုံပေါ်ခြင်း အကြောင်းရင်း ၂၅၉
၁၁၆။ မေတ္တာ၊ ပညာ၊ ပဒေသာ ဥပဒေ (စည်းကမ်း) ၂၆၆
၁၁၇။ တံတား လျှပ်စစ်မီးစသည် လှူဒါန်းမှု ၂၆၈
၁၁၈။ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်း ၂၆၉
၁၁၉။ ကန်ရွာ၌ ချီးမြှောက်လှူဒါန်းမှု ၂၈၀
၁၂၀။ ကျေးဇူးရှင်များနှင့် ကျောင်းတိုက်ခွဲများသို့
လှူဒါန်းပေး ၂၈၁
၁၂၁။ စိန်ရတုဩဝါဒများ ၂၈၅


ဒသမပိုင်း - နောက်ဆက်တွဲ

၁၂၂။ အစဉ်အားကိုး မြတ်နိုးလှစွာ လျှောက်ထားလွှာ ၃၁၉
၁၂၃။ တိပိဋကဆရာတော် ရေးသားတော်မူအပ်သော
ဂုဏ်တော်အနက်များ ၃၂၁
၁၂၄။ မှတ်တမ်းဓာတ်ပုံများ
၁၂၅။ စာအုပ်အလှူရှင်များ

မာတိကာ ပြီးပြီ

http://www.dhammadownload.com

http://www.dhammadownload.com



နိဒါန်း

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၌ စာမေးပွဲ လောကတွင် အမြင့်မားဆုံး၊ အကြီးကျယ်ဆုံး၊ အခက်ခဲဆုံး၊ အနက်နဲဆုံး ဖြစ်သော တိပိဋကတ (ပိဋကသုံးပုံ)စာမေးပွဲကြီးကို အောင်မြင်တော်မူသဖြင့် မြန်မာနိုင်ငံ၏ ပဉ္စမမြောက် တိပိဋက ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့သော တိပိဋက ယောဆရာတော်သည် ၁၃၀၄-ခုနှစ် တပေါင်းလပြည့်ကျော် ၆-ရက် သောကြာနေ့တွင် ဖွားမြင်တော်မူ၍ ၁၃၇၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆-ရက် ဗုဒ္ဓဟူးနေ့တွင် သက်တော် ၇၅ နှစ် ပြည့် စိန်ရတုကာလသို့ ရောက်ရှိလာပြီ ဖြစ်သည်။

စိန်ရတု မွေးနေ့မတိုင်မီ ယောဆရာတော် ဖြတ်သန်းခဲ့သော ဘဝခရီးကို လေ့လာသုံးသပ်ကြည့်လျှင် ဆရာတော်၏ ပရိယတ္တိ ပဋိပတ္တိ သာသနာပြုလုပ်ငန်း ဆောင်ရွက်ချက်များမှာ အားရကြည်နူးစရာ ကောင်းလှပေသည်။

လောက၌ လူသည် အရေအတွက်ပင် များပြားသော်လည်း မိမိသူတစ်ပါး၊ လောက သာသနာအတွက် ကောင်းကျိုးပြုပြီး ဘဝမှတ်တိုင်စိုက်ထူနိုင်သည့် အရည်အချင်းရှိသောလူသည်ကား လွန်စွာ

http://www.dhammadownload.com

ပင် ရှားပါးလှပေသည်။ လောက သာသနာအတွက် ကောင်းကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သူကို သာမန်လူသားများထက် ထူးခြားသောလူသားဟု ဆိုရပေမည်။

ထူးခြားသောလူသားသည် အရေအတွက်ပင် မများလှသော်လည်း သန်းပေါင်းများစွာသောလူတို့၏ ကောင်းကျိုးကို ထိထိရောက်ရောက် စွမ်းဆောင်ပေးနိုင်ကြသည်။ တိပိဋကက ယောဆရာတော်သည် ဘဝတစ်လျောက်လုံး မိမိအတွက်ရော သူတစ်ပါးအတွက်ပါ၊ လောကအတွက်ရော သာသနာတော်အတွက်ပါ ကောင်းကျိုးပြု ဘဝမှတ်တိုင်များကို အံ့ဩဖွယ်ကောင်းလောက်အောင် စိုက်ထူနိုင်ခဲ့သည်ဖြစ်၍ လွန်စွာ ထူးခြားလှပေသည်။ စိုက်ထူခဲ့သော ဘဝမှတ်တိုင်များမှာ စိန်ရတုသက်တမ်းထက်ပင် အဆများစွာ ကျော်လွန်နေပြီ ဖြစ်သည်။ ဆရာတော်၏ သာသနာပြုလုပ်ငန်း ဆောင်ရွက်ချက်များကို အပြည့်အစုံရေးသားရလျှင် ကုန်နိုင်ဖွယ် မရှိပါချေ။

"သစ်တစ်ပင်ကောင်း ၄က်တစ်သောင်းခို" ဆိုသကဲ့သို့ ရဟန်းရှင်လူ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့၏ မှီခိုအားထားရာဖြစ်သော၊ သီလသမာဓိပညာ အကျင့်သိက္ခာဂုဏ်နှင့် ပြည့်စုံတော်မူသော တိပိဋကက ယောဆရာတော်၏ **"ဘဝဖြစ်စဉ် ကြောင်းကျိုးထင်"** စာအုပ်ကို မျှော်လင့်စောင့်စားနေကြသော သူတော်စင်များ ကြည်ညိုသဒ္ဓါပွားနိုင်ရန် အကျယ်တဝင့် ရေးသားဖော်ပြဖို့ ရည်ရွယ်ထားသော်လည်း စိန်ရတုကာလနှင့် တဖြည်းဖြည်း နီးကပ်လာနေသည်က တစ်ကြောင်း၊ အချက်အလက်များကို ကိုယ်တိုင် ကွင်းဆင်းလေ့လာမေးမြန်းဖို့ အချိန်မပေးနိုင်သည်က တစ်ကြောင်း ဖြစ်၍ မိမိလက်လှမ်းမီသမျှ သိရှိသမျှ တစိတ်တစ်ဒေသမျှကိုသာ အချိန်တိုအတွင်း ရေးသားဖော်ပြလိုက်ရပါသည်။

http://www.dhammadownload.com

ဤ **"ဘဝဖြစ်စဉ် ကြောင်းကျိုးထင်"** စာအုပ်ကို ရေးသားရခြင်းမှာ စာအရေးအသားကျွမ်းကျင်၍ ရေးသားခြင်းမဟုတ်ပါ၊ အသိအကျင့် ဘက်စုံ မြင့်မားပြည့်စုံတော်မူသော တိပိဋကဓရ ယောဆရာတော်၏ သာသနာပြုလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ကျင့်စဉ်များကို အထူးကြည်ညိုး၍ ရဟန်းရှင်လူ ဒါယကာဒါယိကာမအပေါင်း သူတော်ကောင်းတို့လည်း ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ရည်သန်၍သာ ရေးသားခြင်းဖြစ်ပါသည်။ စိန်ရတုပွဲအမီ ထုတ်ဝေဖြန့်ချိနိုင်ရန် အချိန်တိုအတွင်း အမြန်ရေးသား စီစဉ်ရသည်ဖြစ်၍ အချက်အလက်မပြည့်စုံမှုများနှင့် လိုအပ်ချက်များ ရှိနေမည်မှာ အမှန်ပင် ဖြစ်သည်။ တွေ့ရှိရသော အားနည်းချက် ချို့ယွင်းချက်များအတွက် နားလည်ပေးကြပါရန် အလေးအနက် ခွင့်ပန်အပ်ပါသည်။


ဤ **"ဘဝဖြစ်စဉ် ကြောင်းကျိုးထင်"** စာအုပ်ကို ရေးသားပူဇော်ရာတွင် ကူညီဆောင်ရွက်ပေးကြသော မင်္ဂလာဒုံမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် အရှင်ဂါရဝါဘိဝံသ (သ.စ.အ ဓမ္မာစရိယ) နှင့် ဦးကျော်ဝင်း+ဒေါ်မို့မို့ မိသားစုတို့အား လည်းကောင်း၊ လိုအပ်သောဓာတ်ပုံများကို ကူညီပေးသော မောင်တေဇ(ကျောက်တန်း)၊ ကွန်ပျူတာစာစီပေးသော မယဉ်ယဉ်ထွေး၊ အကောင်းဆုံးဖြစ်အောင် ပုံနှိပ်ပေးသော ကာလာဇုံပုံနှိပ်တိုက်မှ ဦးဇော်မြင့်ဝင်းနှင့် အလင်းအိမ်မိဒီယာမှ ဦးလင်းဇော်ထက်တို့အား လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်ပညာတိက္ခ(ယော)
မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်။

http://www.dhammadownload.com

http://www.dhammadownload.com

ပထမပိုင်း



ကဿိပ်မြို့သေ

http://www.dhammadownload.com

http://www.dhammadownload.com

မွေးဖွားရာဇာတိ

တိပိဋကယောဆရာတော် အရှင်သိရိန္ဒာဘိဝံသသည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် (ယောဒေသ) လက်ပန်ရွာ၌ ခမည်းတော် ဦးရဲနိုင်+မယ်တော် ဒေါ်တုတ်ခိုင်တို့မှ ၁၃၀၄-ခုနှစ် တပေါင်းလပြည့်ကျော် ဖ-ရက် သောကြာနေ့ နံနက် ၄-နာရီခွဲအချိန်တွင် ဖွားမြင်သော သားရတနာဖြစ်သည်။ မွေးချင်း ဖ-ဦး ရှိသည့် အနက် အကြီးဆုံးသော သားဦးရတနာ ဖြစ်သည်။ ငယ်နာမည် (လူအမည်)မှာ မောင်သာမောင် ဖြစ်သည်။

မောင်သာမောင်သည် နာတံစင်း၍ မေးရိုးကားပြီး နဖူးပြင်ကျယ်ကာ ဥပဓိရုပ် တင့်တယ်သည်။ လူချစ်လူခင် ပေါများသည်။ မြင်သူတိုင်းက ချစ်ခင်ကြသည်။ သိတတ်သည့်အရွယ်မှစ၍ မိဘဘိုးဘွားများက ပုံ၊ ဝတ္ထု၊ ဇာတ်နိပါတ်ဟော်များ မကြာမကြာပြောပြကာ ပုံသွင်းပေးခဲ့မှုကြောင့် ကလေးဘဝမှာပင် တည်ငြိမ်သည်။ ယဉ်ကျေးသိမ်မွေ့သည်။ အပြောအဆို ချိုသာသည်။ ပွဲလမ်းသဘင်ကြည့်ရှု နားထောင်ခြင်းကို ဝါသနာမပါ။ အလွန်အကဲ ဆော့ကစားခြင်းကိုလည်း ဝါသနာမပါ၊ သူတစ်ပါးတို့နှင့် ခွန်းတုံ့ခွန်းပြန် ငြင်းခုံစကားပြောလေ့ မရှိ။ သူတစ်ပါးက စတင်ငြင်းခုံလာလျှင်လည်း မိမိကသာ

http://www.dhammadownload.com

အရှုံးပေးတတ်သည်။ မောင်သာမောင် အေးမှန်းရိုးမှန်းသိ၍ တစ်ခါတစ်ရံ ပတ်ဝန်းကျင်က စမ်းသပ်သည့်သဘောဖြင့် အမျိုးမျိုး စကြနောက်ကြသော်လည်း မောင်သာမောင်သည် ဘာမျှပြန်မပြော။ လွတ်ကျွတ်ရာအရပ်သို့သာ ရှောင်သွားလေသည်။

ဘုန်းကြီးကျောင်းသားဘဝ

၁၃၁၄-ခုနှစ် ဆယ်နှစ်သားအရွယ်၌ မိဘများက လက်ပန်ရွာကျောင်း ဆရာတော် ဦးတိသဃံ၌ ပညာသင်ကြားရန် အပ်နှံကြသည်။ ဆရာတော် ဦးတိသနှင့် ဦးရီးတော် ဦးမောင်သန်း (ထိုစဉ်က ကျောင်းသားကြီး)တို့၏ စနစ်တကျ ဂရုစိုက်၍ သင်ပြပေးမှု၊ မောင်သာမောင်၏ ပညာလိုလား ကြိုးစားမှုတို့ကြောင့် တစ်နှစ်ခွဲအတွင်းမှာပင် မြန်မာစာပေ ဂဏန်းသင်္ချာ အခြေခံနှင့်တကွ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအခြေခံတို့ကို အခြေကျကျ ရရှိခဲ့သည်။ အရွယ်နဲ့မမျှအောင် သင်သလောက် တတ်သည်။ ပြောသလောက် နားလည်လွယ်သည်။ မှတ်ဉာဏ် အလွန်ကောင်းသည်။ ဝီရိယ အလွန်ကောင်းသည်။ အကျင့်စာရိတ္တ အလွန်ကောင်းသည်။ ရိုးသားဖြောင့်မှန်သည်။ အနေအထိုင် တည်ကြည်သည်။ ငယ်စဉ်မှစ၍ အများနှင့်မတူ တမူ ထူးခြားနေသည်။ ဤသည်ပင်လျှင် နိုင်ငံဂုဏ်ဆောင် သာသနာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်လာမည့် အရိပ်လက္ခဏာပေတည်း။

မူလတန်းကျောင်းသားဘဝ

၁၃၁၅-ခုနှစ် နတ်တော်လ၌ ဆရာတော် ဦးတိသ ရန်ကုန်မြို့သို့ ကြွရောက်သီတင်းသုံးခိုက် မိဘများက သူငယ်၏ ပညာရေးလစ်ဟင်းနှောင့်နှေးမည်ကို စိုးရိမ်ကြသဖြင့် ဘုန်းကြီးကျောင်းမှထွက်စေ၍ လက်ပန်ရွာ အစိုးရ မူလတန်းကျောင်း၌ အပ်နှံကြသည်။ ကျောင်းဆရာများက သူငယ်၏အရည်အချင်းကို အ-သုံးလုံး စနစ်ဖြင့်

http://www.dhammadownload.com

စစ်ဆေးကြည့်သောအခါ ရဲရဲတောက် ဖြေပြနိုင်သဖြင့် **"အာဂ ဘုန်းကြီးကျောင်းသားပဲ"** ဟု အံ့သြချီးကျူးကာ ပထမတန်းမှစ၍ သင်ကြားစေသည်။ ယနေ့ခေတ် ၁၁ နှစ်သားအရွယ် ကလေးများသည် ၅ တန်းလောက်ကိုပင် အောင်မြင်နေပြီး ဖြစ်နေတတ်သော်လည်း မောင်သာမောင်မှာမူကား ၁၁ နှစ်ပြည့်မှ ပထမတန်းကို ဝင်ရောက်ဖြေဆိုဖို့ ကြိုးစားတုန်း ရှိသေးသည်။

ဦးရီးတော် ဆရာကြီး ဦးဘစန်း၊ ဆရာ ဦးချစ်ကျော်၊ ဆရာ ဦးပုတို့၏အထံ၌ ပညာသင်ကြားခဲ့ရာ ပညာလိုလားကြိုးစားမှု၊ အနစ်နာခံမှု စသည်တို့ကြောင့် အတန်းတိုင်း၌ စာအတော်ဆုံး အထူးချွန်ဆုံးဖြစ်ပြီး ကျောင်းသားကျောင်းသူများ၏ စံပြအဖြစ် ချစ်ခင်လေးစား အရေးထားမှုကို ခံယူရရှိကာ ဆရာများ၏ အံ့သြချီးကျူးမှုကို ထပ်ခါထပ်ခါရရှိလျက် ပထမတန်းမှ စတုတ္ထတန်း အထိ နှစ်စဉ် ထိပ်ဆုံးနံပါတ်တစ်ကချည်း အောင်မြင်ခဲ့သည်။

ရှင်သာမဏေဘဝ

စတုတ္ထတန်း အောင်မြင်ပြီးနောက် ၁၄ နှစ်သားအရွယ်၊ ၁၃၁၈ ခုနှစ် နှောင်းတန်ခူးလထဲ၌ မိဘများက မူလဆရာရင်းဖြစ်သော ဆရာတော် ဦးတိဿထံတွင် ရှင်ပြုမင်္ဂလာ ပြုလုပ်ကြသည်။ ရှင်သာမဏေဘဝ၌ ဘထွေးတော် ဘုန်းကြီး ဦးနန္ဒကက လောကုတ်လောကီ ပညာရပ်များကို အချိန်ရသမျှ စနစ်တကျ သင်ပြပေးသည်။ သာသနာ၌ ပျော်ပိုက်လှသဖြင့် **"တစ်သက်လုံး သင်္ကန်းဝတ်၍ သာသနာ့တာဝန်ကို ထမ်းဆောင်လိုကြောင်း"** မိဘများထံ ခွင့်တောင်းသည့်အခါ သဘောမတူကြသဖြင့် တစ်လသာနေပြီး လူဝတ်လဲခဲ့ရလေသည်။

http://www.dhammadownload.com

အလယ်တန်းကျောင်းသားဘဝ

မောင်သာမောင်သည် ၁၃၁၉ ခုနှစ် နယုန်လ၌ မိဘများ၏ ဆန္ဒအတိုင်း ဂန့်ဂေါမြို့နယ် ကန်ရွာ အစိုးရ အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့၍ ဦးရီးတော် ဦးပြည့်ထွန်း ဒေါ်ပေါခင်တို့၏ စောင့်ရှောက်မှုဖြင့် အလယ်တန်းပညာကို ဆက်လက်သင်ယူခဲ့သည်။ ဆရာကြီး ဦးခင်မောင်ဌေး၊ ဆရာ ဦးသိန်းမော်၊ ဦးရာမြို့၊ ဦးတင်လှ၊ ဦးခင်မောင်သိန်း၊ ဒေါ်ခိုင်လှတို့၏အထံ၌ ပညာသင်ကြားခဲ့ရာ မောင်သာမောင်၏ ဉာဏ်ထက်မြက်မှု၊ ပညာလိုလားမှု၊ ကြိုးစားမှု၊ တည်ငြိမ်မှု၊ အကျင့်စာရိတ္တကောင်းမွန်မှု စသည်တို့ကို ဆရာဆရာမများက ချီးကျူးမဆုံးဖြစ်ကြသည်။

"သာမောင်ကတော့ သူများတွေလို အားအားရှိတိုင်း ဆော့ကစား စကားများနေတာ မဟုတ်ဘူး။ အချိန်ရတိုင်း စာဖတ် စာကျက်နေတာချည်း တွေ့ရတယ်။ မင်းကတော့ အတန်းကျော်ပြီး ဖြေရင်တောင် အောင်မည့်သူပဲ၊ လက်ပံသားမို့လို့သာပေါ့၊ ကျွန်းသားသာ ဆိုရင်တော့" ဤသို့ စသည်ဖြင့် ဆရာများ၏ အားရနှစ်သက် အမွှမ်းတင်မှုကို ခံယူရသည့်အပြင် ကျောင်းသား ကျောင်းသူများ၏ ခင်မင်လေးစား အရေးထားမှုကိုလည်း ခံယူရသည်။

မောင်သာမောင်သည် စကားနည်းသည်။ မလိုအပ်သည့် စကားကို မပြောဆို။ သည်းခံခွင့်လွှတ်တတ်သည်။ သဘောထားကြီးသည်။ အနစ်နာခံသည်။ လူတော်သူတောသို့ ဝင်ရ ရောနှောရမည်ကို ဝန်လေးတတ်သည်။ အစားအသောက်ကို ဆိုးကောင်းမရွေး။ ရှိသမျှနှင့် ရောင့်ရဲနိုင်သည်။ အလည်အပတ် အပျော်အပါးတို့ကို ဝါသနာမပါ။ စာပေကိုသာ စိတ်ဝင်တစား ကြိုးစားအားထုတ်သည်။ ထို့ကြောင့်လည်း ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းတို့ကို နံပါတ်တစ်ကချည်း အောင်မြင်ခဲ့၍ ၁၃၂၁-ခုနှစ် အစိုးရစစ် သတ္တမတန်း

http://www.dhammadownload.com

စာမေးပွဲကိုကား ပြိုင်ဘက်မရှိ တစ်ကျောင်းလုံးမှာ တစ်ယောက်တည်း သာ အောင်မြင်လေတော့သည်။

မောင်သာမောင်၏ လောကီပညာရေး ထူးခြားချက်မှာ အသက် ၁၁ နှစ်ပြည့်မှ ပထမတန်းစာကို စတင်သင်ယူသည်။ ပထမတန်းမှ စ၍ သတ္တမတန်းအထိ နှစ်မခြားဘဲ နှစ်စဉ် အမှတ်အများဆုံး နံပါတ်တစ်ကချည်း အောင်မြင်ခဲ့သည်။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းစာမေးပွဲများ ဆက်လက်ဖြေဆိုဖြစ်ဦးမည်ဆိုလျှင်လည်း ဤကဲ့သို့ နံပါတ်တစ်ကချည်း အောင်လိမ့်ဦးဟု ခန့်မှန်းရပေသည်။

ပွဲလမ်းသဘင် မကြည့်ချင်

မောင်သာမောင်သည် ၁၃၁၅-ခုနှစ်၊ ၁၁-နှစ်သားအရွယ် မူလတန်းကျောင်းသားဘဝမှစ၍ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားတော်မူသော ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်ငယ်ကို စတင်ဖတ်ရှုလေ့လာခွင့် ရခဲ့သည်။ ဆရာများက **"ဒီ စာအုပ်ငယ်လေးက မြန်မာစာ ကောင်းကောင်းဖတ်တတ်ရင် သဘော ပေါက် နားလည်လွယ်တဲ့ စာအုပ်ပဲ။ စိတ်ပါလက်ပါ ဖတ်ကြည့်စမ်း"** ဟု ပြောကာ ဗုဒ္ဓဘာသာသင်ခန်းစာ စာအုပ်ငယ်ကို ပေးခဲ့သည်။ မောင်သာမောင်သည် ထိုစာအုပ်ငယ်ကို ထပ်ကာထပ်ကာ ဖတ်ရှုသည်။ တစ်ခေါက်ဖတ်ပြီးတိုင်း အသိတရားများ တစ်မျိုးပြီး တစ်မျိုး တိုးတိုးလာသည်။ အသိတရား တိုးပွားလာသည်နှင့်အမျှ သာသနာတော်မြတ်ကြီးကို ကြည်ညိုစိတ်နှင့် တစ်သက်လုံး သက်နိုးဝတ်ဖြင့် သာ နေလိုစိတ်များ ဖြစ်ပေါ်ခဲ့သည်။

ဓမ္မစာပေများကို ဖတ်ရှုလေ့လာခွင့် ရထားသဖြင့် ဘဝအသုံးချ နည်းစနစ်များကို ကောင်းကောင်းကြီး သိရှိနားလည်ခွင့် ရထားပြီ ဖြစ်သော မောင်သာမောင်သည် အပျော်အစစ်နှင့် အပျော်အတုကို

http://www.dhammadownload.com

ကွဲကွဲပြားပြား သိရှိလာသည်။ လောကၠ ပျော်စရာအားလုံးတို့တွင် တရားနှင့်ပျော်ရသည့် အပျော်သည်သာ တကယ်စစ်မှန်သည့် အပျော်ဖြစ်ကြောင်း၊ စိတ်ကူးယဉ်၍ပျော်ခြင်း၊ ပွဲလမ်းသဘင် ကြည့်ရှုနားထောင်၍ပျော်ခြင်း၊ ဆော့ကစား၍ပျော်ခြင်း စသည်များသည် အပျော်တုသာ ဖြစ်ကြောင်း၊ ထိုအပျော်အတုသည် ပစ္စုပ္ပန် သံသရာနှစ်ဖြာ၌ မျက်ရည်ပေါက်ပေါက်ကျကာ ပူဆွေးရန်ိုင်ကြောင်း သဘော ပေါက်ကာ ချမ်းသာအစစ်အမှန်ကို ဖန်တီးပေးမည့် တရားစာပေကိုသာ အသိတိုးအောင် ဖတ်ရှုလေ့လာ၍ ဓမ္မအသိဖြင့် ပျော်ရွှင်စွာ နေတတ်လာသည်။

မောင်သာမောင်သည် အရွယ်ငယ်သော်လည်း အသိပညာကရင့်ကျက်မြင့်မားသဖြင့် တည်တည်ငြိမ်ငြိမ် နေတတ်သည်။ ဓမ္မစာပေများကို ဖတ်လိုက်သည်နှင့် ဆောင်ရန်နှင့်ရှောင်ရန်ကို ကောင်းကောင်းနားလည်လွယ်သည်။ လုပ်သင့်သည်နှင့် မလုပ်သင့်သည်ကို ခွဲခြားသိတတ်သည်။ စာအုပ်ဖတ်ရှုနေရလျှင် မည်သူနှင့်မျှ စကားမပြောဘဲ နေနိုင်သည်။ လူငယ်နှင့်မတန်အောင် တည်တည်တံ့တံ့ နေတတ်သည်။ ''တောက်မည့်မီးခဲ တရဲရဲ'' ဟူသည့်အတိုင်း လောကသာသနာအတွက် ကောင်းကျိုးဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်လာမည့်သူသည် ရှေးဦးစွာ အရိပ်နိမိတ်များ တစ်မျိုးမဟုတ် တစ်မျိုး ထင်ရှားပြတတ်စမြဲ ဖြစ်သည်။

တစ်ချိန်တွင် လက်ပန်ရွာသို့ မြို့မှ နာမည်ကြီး ဆက်ကပ်ပွဲတစ်ပွဲ လာရောက်ဖျော်ဖြေကြသည်။ အထူးအဆန်းဖြစ်၍ တစ်ရွာလုံးနီးပါး စည်ကားသိုက်မြိုက်စွာ ကြည့်ရှုကြသည်။ မောင်သာမောင်ကို ကြည့်ရှုစေရန် မိဘများကခေါ်သော်လည်း ခေါ်၍မရပေ။

''ကျွန်တော် ဒါမျိုးတွေ ဝါသနာမပါဘူးဗျ။ မကြည့်ချင်ဘူး၊ ကြည့်ချင်သည့်သူများ သွားကြည့်ကြ။ ကျွန်တော် အိမ်စောင့် နေခဲ့မယ်''

http://www.dhammadownload.com

ဟု ဆိုကာ သူအမြဲကြည့်ရှုနေကျ ဗုဒ္ဓဘာသာ သင်ခန်းစာ စာအုပ်ကိုသာ ဖတ်ရှုလျက် မလိုက်ဘဲ နေရစ်ခဲ့သည်။ ပွဲလမ်းသဘင် ဆိုလျှင် ကလေးသူငယ်တိုင်း စုံစုံမက်မက် ကြည့်ရှုချင်ကြသည်။ မကြည့်ရ မနေနိုင်ကြပေ။ မောင်သာမောင်မှာကား ရတနာသုံးပါးနှင့် ထိုက်တန်သည့် ပါရမီဓာတ်ခံက အားကောင်းသောကြောင့် ပွဲလမ်းသဘင် စသည်များကို ပျော်စရာဟု မသုံးသပ်ဘဲ မျက်စိနောက်စရာအဖြစ်သာ မြင်လာတော့သည်။

ထို့ကြောင့် ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်းအလုပ်ကို ငယ်စဉ်မှစ၍ လုံးဝမလုပ်ပေ။ သိတတ်သည့်အရွယ်မှစ၍ တရားအသိပညာ တိုးပွားရေးအတွက် တရားစာပေများကိုသာ ဖတ်ရှုလေ့လာသည်။

တစ်ချိန်တွင် နှစ်စဉ်လုပ်နေကျ လက်ပန်ရွာ ဘုရားပွဲ၌ နာမည်ကြီးသည့် ဇာတ်အဖွဲ့တစ်ဖွဲ့ ညအချိန်မှစ၍ မိုးလင်းသည်အထိ ညလုံးပေါက် ကပြဖျော်ဖြေကြရာ ရွာသူရွာသားများနှင့် ပတ်ဝန်းကျင် ရွာများမှ လာရောက်ကြည့်ရှုကြသော ပွဲကြည့်ပရိသတ်များသည် တိုး၍ပင်မပေါက်၊ အထူးစည်ကားသည်ဟု သိရသည်။ ဦးရီးတော်သူက မောင်သာမောင်ဟာ တကယ်ပဲ ပွဲကြည့်ဝါသနာမပါတာလား ဆိုသည်ကို စမ်းသပ်လို၍ ပွဲစျေးတန်း ဇာတ်ရုံအနီးရှိဆိုင်တွင် အကြော်သွားဝယ်ရန် စေလွှတ်လိုက်သည်။ မောင်သာမောင်သည် ဦးရီးတော်အဝယ်ခိုင်းသည့် အကြော်ကိုသာဝယ်ယူပြီး ချက်ချင်း လှည့်ပြန်လာခဲ့သည်။ ဇာတ်ရုံဘက်သို့ လှမ်း၍ပင် မကြည့်ခဲ့။

ဦးရီးဖြစ်သူက အကြော်ကို လှမ်းယူရင်း "ဟေ့... သာမောင်၊ ပွဲကောင်းလား၊ ဘာဇာတ်တော်တွေနဲ့ ကပြဖျော်ဖြေနေကြသလဲ၊ ပွဲကြည့်ပရိသတ်တွေ အများကြီးပဲလား" ဟု မေးမြန်းရာ မောင်သာမောင်က "ကျွန်တော် ဇာတ်ပွဲ ဇာတ်သဘင်တွေကို ဝါသနာ

http://www.dhammadownload.com

မပါလို့ လှမ်းပြီးတောင် မကြည့်မိခဲ့ဘူး။ ဦးရီးအဝယ်ခိုင်းသည့် အကြော်ကိုပဲဝယ်ပြီး ပြန်လာခဲ့တာပါ'' ဟု ပြောသည်။ ထိုအခါ ဦးရီးဖြစ်သူက အတော်အံ့အားသင့်သွားသည်။ ''ဒီကလေးရဲ့ အမူအကျင့်တွေကိုကြည့်ရတာ အခြားအခြားကလေးတွေနဲ့ မတူဘူး။ ထူးတော့ ထူးနေပြီ။ သာမန်တော့ မဟုတ်လောက်ဘူး'' ဟု မှတ်ချက်ချလိုက်လေသည်။

ရုပ်ခွန်အား မသာပေမယ့် စိတ်ခွန်အားသာတယ်

ရုပ်ခွန်အား မည်မျှပင်ကောင်းကောင်း၊ စိတ်ခွန်အားမရှိလျှင် စိတ်ခွန်အားနည်းနေလျှင် ပျော့ညံ့တတ်သည်။ ရုပ်ခွန်အားပင် မရှိသော်လည်း စိတ်ခွန်အားကောင်းနေလျှင် အရာရာတိုးတက် အောင်မြင်တတ်စမြဲ ဖြစ်သည်။

မောင်သာမောင်သည် ငယ်စဉ်က ကာယဗလဖွံ့ဖြိုးမှုမရှိ၊ ပိန်ပိန်ပုပု သေးသေးဟု သိရသည်။ ကိုယ်ခွန်အားနည်းသော်လည်း စိတ်ခွန်အား ဝီရိယခွန်အား အလွန်အားကောင်းသည်။ အများထက် ရုပ်ခွန်အားမသာသော်လည်း စိတ်ခွန်အား ဝီရိယခွန်အား သာလွန်သည်။ မောင်သာမောင် သတ္တမတန်းကျောင်းသားဘဝက အတန်းထဲတွင် ကာယဗလအသေးဆုံး၊ အပုဆုံး ဖြစ်သည်။ သို့သော်လည်း စာပေ အထူးချွန်ဆုံး၊ စာအတော်ဆုံး၊ အကျင့်စာရိတ္တ အကောင်းမွန်ဆုံး၊ အနေအထိုင်အကောင်းဆုံးဖြစ်၍ ဆရာများ၏ ချီးကျူးအားရ အမွမ်းတင်မှုကို မကြာခဏ ခံယူရသည်။

မောင်သာမောင်သည် အားကစား ဝါသနာမပါ၊ အများနှင့် ဆော့ကစားတတ်သည့် အလေ့မရှိ၊ ရိုးရိုးကုတ်ကုတ်သာ နေထိုင်၍ စာပေကိုသာ စွဲမြဲစွာ ကြိုးစားသည်။ တစ်ချိန်တွင် မောင်သာမောင်တို့ သတ္တမတန်းအသင်းနှင့် ဟိဘက် ဆဋ္ဌမတန်း အသင်းနှစ်သင်း

http://www.dhammadownload.com

ဘောလုံးယှဉ်ပြိုင်ကစားရန် ဆရာတွေက စီစဉ်ပေးကြသည်။ ဆရာတွေက မောင်သာမောင် ဘောလုံးကန် ဝါသနာမပါမှန်း၊ ကာယဗလ အားနည်းမှန်း သိသော်လည်း စာပေအလွန်ထူးချွန်ပြီး အနေအထိုင် ကောင်းသောကြောင့် မြှောက်စားအားပေးသည့်အနေဖြင့် ဘောလုံးကန်ရန် တိုက်တွန်းသဖြင့် ဆရာများ၏စကားကို မလွန်ဆန်ရဲ၍ ဘောလုံး ဝင်ကန်ခဲ့ရသည်။ ထိုပွဲသည် မောင်သာမောင် အတွက် ပထမဦးဆုံး ပွဲဦးထွက် ဘောလုံးကန်ရခြင်း ဖြစ်သည်။ ဆရာတွေက ခိုင်းလွန်း၍သာ ဝင်ကန်ရသည်။ ကိုယ်တိုင်ကတော့ စိတ်မဝင်စားပေ။

ကစားဖော်ကစားဖက် သတ္တမတန်းကျောင်းသားတွေက မောင်သာမောင် ဘောလုံးကန်ပါဝင်လာသည်ကို အားမလို အားမရ ဖြစ်ကြသည်။ စိတ်အားလျော့ကြသည်။ "သာမောင် မင်းပါလာရင်တော့ ငါတို့ သတ္တမတန်းအသင်း ရှုံးပြိုနဲ့တူပါတယ်ကွာ၊ မင်းက စာပေသာ အများထက်ထူးချွန်တာ၊ အများနှင့် ကာယဗလချင်းယှဉ်ရင်တော့ အပျော့အညံ့သမားပါ" ဟု ပြောကြသည်။

ထိုအခါ မောင်သာမောင်သည် ဘာတစ်ခွန်းမျှ ပြန်မပြော၊ မိမိဘာသာတော့ စိတ်ထဲတွင် ပြောလိုက်သည်။ "အောင်မယ် မင်းတို့က ငါ့ကိုများ ပိစိကွေးကလေး၊ ပိန်ပိန်ပုပု သေးသေးလေးဆိုပြီး တော်တော် အထင်သေးနေကြတာကိုး၊ ငါ့အကြောင်း မင်းတို့ သိစေရမယ်၊ **ငါက မင်းတို့လောက် ရုပ်ခွန်အားမရှိပေမယ့် စိတ်ခွန်အားကတော့ မင်းတို့ထက် သာတယ်ဟ၊ ငါ့ရဲ့ စိတ်ခွန်အားရော၊ ရုပ်ခွန်အားပါ အကုန်ထုတ်သုံးလိုက်ရင် ဘာလို့ ငါတို့ဘက်က မနိုင်ပဲနေရမှာလဲ၊** တာဝန်ရောက်လာမှတော့ ရှိသမျှ ဝီရိယတွေကို မီးကုန်ယမ်းကုန် ကြိုးစားထမ်းဆောင်ရုံပဲပေါ့" ဟု သူများကြားအောင် ထုတ်မပြောဘဲ စိတ်ထဲတွင် ပြောလိုက်ခြင်း ဖြစ်သည်။

http://www.dhammadownload.com

ဘောလုံးပွဲစဖို့ နေရာယူတော့ မောင်သာမောင်ကို စိတ်မချ အားမရသဖြင့် နောက်တန်းတွင်မထားဘဲ ရှေ့တန်း၌သာ ထားကြသည်။ ရှေ့တန်း၌ထားခြင်းသည်ပင် မောင်သာမောင်အတွက် အစွမ်းပြဖို့ ဂိုးသွင်းဖို့ အခွင့်ကောင်းဖြစ်နေလေသည်။ ဒိုင်လူကြီးက အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် မောင်သာမောင်သည် စိတ်အားကိုတင်းပြီး ခွဲလုံ့လဝီရိယဖြင့် အစွမ်းကုန် ကြိုးစားကန်တော့သည်။

ဆဋ္ဌမတန်းအသင်းဘက်က လှိမ့်ကန်လာသော ဘောလုံးကို သတိဝီရိယကြီးစွာဖြင့် လိမ္မာပါးနပ်ဖျတ်လတ်စွာ လုယူပြီး မိမိထံရောက်လာသောဘောလုံးကို အရှောင်အတိမ်း၊ အကွေ့အကောက်တွေနှင့် ဟိုဘက်အရောက် ကြိုးကြိုးစားစား သယ်ဆောင်သွားသည်။ ယခင်က ဘောလုံးနှင့်ခြေထောက် တစ်ကြိမ်မျှ မထိဖူးသော မောင်သာမောင်၏ ပထမဆုံး ပွဲဦးထွက်အနေဖြင့် ကြိုးစားကန်နေသည်ကို ပွဲကြည့်ပရိသတ်များနှင့် ကစားဖော်ကစားဖက်များက ချီးကျူးအားရ အံ့သြမဆုံး ဖြစ်ကြသည်။

ဘောလုံးပွဲစ၍ မကြာမီတွင် ဆဋ္ဌမတန်းအသင်းဘက်ကို မောင်သာမောင်က အဖွင့်ဂိုးတစ်ဂိုး သွင်းလိုက်နိုင်သည်။ မောင်သာမောင်က တစ်ဂိုးသွင်းပြနိုင်ပြီလဲဆိုရော ပွဲကြည့်ပရိသတ်တွေကရော၊ ကစားဖော်တွေကပါ ဝမ်းသာအားရ ဝိုင်းပြီး ကောင်းချီးပေးကြသည်။ ဘောလုံးပွဲမစမီကတော့ မောင်သာမောင်ကို ကာယဗလမရှိဘူး၊ ခန္ဓာကိုယ် ပိစိကွေးလေးဆိုပြီး လူတိုင်းက အထင်သေးလိုက်ကြတာ၊ အဖွင့်တစ်ဂိုးလည်း သွင်းပြနိုင်ရော အားလုံးက မျက်လုံးပြူးကုန်ကြသည်။

ပွဲကြည့်ပရိသတ်များက "ဟေ့ သာမောင်၊ လုပ်လှချည်လားကွ၊ မင်း ဒီလောက်စွမ်းလိမ့်မယ်လို့ ငါတို့ မထင်ခဲ့ဘူး၊ ဆက်ကြိုးစား

http://www.dhammadownload.com

ကွ၊ နိုင်ရမယ်ဟေ့'' ဟု အားပေးကြသည်။ ဆဋ္ဌမတန်း အသင်းဘက်က တစ်ဂိုးရှုံးသွားတော့ ချေပဂိုး ပြန်လည်ရရှိနိုင်ရန် စိတ်အားထက်သန်စွာ ပိုပြီးကြိုးစားတော့သည်။

မောင်သာမောင်တို့ သတ္တမတန်းအသင်းဘက်ကလည်း နိုင်လက်စပေါ်လာတော့ ပိုပြီးနိုးကြားတက်ကြွလာသည်။ ဆဋ္ဌမတန်း အသင်းဘက်က ချေပဂိုးရရှိရန် အပြင်းအထန် လှိမ့်ကန် ဆွဲယူလာသည့် ဘောလုံးကို မောင်သာမောင်တို့ သတ္တမတန်း အသင်းဘက်ကလည်း အလွတ်မပေးဘဲ ခွေလုံ့လဝီရိယဖြင့် အစွမ်းကုန် တိုက်ဖျက်တားဆီးကြသည်။ လူရှည်ကြီးတွေကြားမှာ ပိန်ပိန်ပုပု မောင်သာမောင် ညပ်ညပ်သွားသော်လည်း စိတ်ခွဲထက်သန်စွာဖြင့် အရှိန်မပျက် ဆက်လက်ကြိုးစားရာ နောက်တစ်ဂိုး ထပ်သွင်းလိုက်နိုင်ပြန်သည်။

မောင်သာမောင် တစ်ယောက်တည်းက ဂိုးသွင်းပေးပြီး မောင်သာမောင်တို့ သတ္တမတန်းအသင်းက ဆဋ္ဌမတန်းအသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရသွားခဲ့သည်။ အချိန်စေ့၍ ဘောလုံးပွဲပြီးသွားချိန်တွင် ကစားဖော် သတ္တမတန်းကျောင်းသားတွေက မောင်သာမောင်ကို အားရဝမ်းသာ တစ်ယောက်တစ်လှည့် ပခုံးပေါ်တင်ထမ်းပြီး ''သာမောင်ရာ၊ မင်း ဒီလောက် စွမ်းလိမ့်မယ်လို့ ငါတို့ မထင်မိခဲ့ဘူး၊ မင်းကယ်လိုက်လို့ ငါတို့အတန်းက နှစ်ဂိုး ဂိုးမရှိနဲ့ နိုင်သွားတာ၊ မင်းတယ်စွမ်းပါလား'' ဟု ဝိုင်းချီးကျူးကြတော့သည်။

သတ္တမတန်းကျောင်းသားများထဲတွင် မောင်သာမောင်သည် အသေးဆုံး အပုဆုံး ရုပ်ခွန်အား အနည်းဆုံးဖြစ်သော်လည်း စိတ်ခွန်အားမှာမူ မောင်သာမောင်ကိုမီသူ မရှိချေ။ တာဝန်ကျလာ၍ ထမ်းဆောင်ရမည့် အလုပ်မျိုးကို မည်သည့်အခါမျှ ပေါ့ပျက်ပျက်လုပ်လေ့မရှိ၊ အလုပ်မပြီးမချင်း တာဝန်မပြီးမချင်း ခွေလုံ့လဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်တတ်သည့် အလေ့အကျင့်ပင် ဖြစ်တော့သည်။

http://www.dhammadownload.com

အိမ်မှူကိစ္စ ပါဝင်ရ

မောင်သာမောင်သည် မိဘစကား နားထောင်၍ မိဘခိုင်းသည့် အတိုင်း လုပ်သည်။ လိမ္မာယဉ်ကျေး၍ စကားချိုသာသည်။ မိဘများ မအားလပ်သည့်အခါ အိမ်မှူကိစ္စရပ်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည်။ ဉာဏ်အလွန်ကောင်းသူဖြစ်၍ မိဘများက တစ်ကြိမ်တစ်ခါ သင်ပြပေးထားပြီးလျှင် ထမင်းချက်ဟင်းချက်ကအစ အကုန်လုပ်တတ်သည်။

မိဘများသည် တောင်သူလယ်သမားများ ဖြစ်ကြ၍ ရာသီအလိုက် ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးကြဲချကြသည်။ သီးနှံများ စိုက်ပျိုးကြဲချချိန် ရိတ်သိမ်းချိန်တွင် လုပ်ငန်းတစ်ဖက်ဖြင့် မိဘများ မအားလပ်သည့်အခါ မောင်သာမောင်သည် အကြီးဆုံးသော သားဖြစ်၍ ညီငယ်ညီမငယ်များကိုထိန်းရသည့် ကလေးထိန်းအလုပ်၊ ရေခပ်၊ ထမင်းချက် ဟင်းချက်အလုပ်စသည့် အိမ်မှုကိစ္စမျိုးစုံကို ဆောင်ရွက်ခဲ့ရကြောင်း ကာယကံရှင် မိန့်ကြားချက်အရ သိရသည်။ မောင်သာမောင်သည် မိဘစကားကို နားထောင်၍ အရာခပ်သိမ်းအားကိုးရသောကြောင့် သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်ရောက်သွားမည်ကို မိဘများက စိုးရိမ်နေကြသည်။

ဒုတိယအကြိမ် ရှင်သာမဏေဘဝ

မောင်သာမောင် အလယ်တန်းကျောင်းသားဘဝက ကန်ရွာ၌ ပညာသင်ကြားစဉ် ကန်တောရကျောင်းတိုက်ကြီးသို့ မကြာမကြာ သွားရောက်၍ ဆရာတော်ကြီးများ၏ အဆုံးအမကို နာယူမှတ်သားသည်။ ဓာတ်ကောင်းများကို ကူးယူသည်။ ကန်တောရ ဆရာတော်ကြီးများ၏ ကြီးမားသော မေတ္တာစွမ်းအားတို့ကြောင့် မောင်သာမောင်သည် ကန်တောရကျောင်းတိုက်သို့ မကြာမကြာ သွားလိုသည့်

http://www.dhammadownload.com

စိတ်များ ဖြစ်ပေါ်ခဲ့သည်။ ကန်တောရ ကျောင်းတိုက်ကြီးသို့ ရောက်တိုင်း "မောင်သာမောင်ရေ သာသနာတွင်းကို မြန်မြန်ဝင်ခဲ့ကွာ၊ နောက်ကျသွားလိမ့်မယ်။ သာသနာက မင်းကို အလိုရှိနေတယ်၊ သာသနာက မင်းကို စောင့်မျှော်နေတယ်" ဟု ပြောနေသယောင် စိတ်ခံစားချက်တစ်မျိုး ဖြစ်ပေါ်နေလေ့ရှိခဲ့သည်။

ကန်တောရ ဆရာတော်ကြီးများ၏ အဆုံးအမများကို မကြာခဏ နာခံရ၍ ဓာတ်ကောင်းများ ရရှိနေသော မောင်သာမောင်သည် သာသနာတော်ကိုကြည်ညိုစိတ်များ တလှိုက်လှိုက်ဖြစ်ပေါ်လာကာ သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်ရောက်လိုစိတ်များ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သတ္တမတန်းကို နံပါတ်တစ်ဖြင့် အောင်မြင်ပြီး နောက် သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်ရောက်ရန် မိဘများထံ ခွင့်တောင်းကြည့်ရာ မိဘများက သဘောမတူကြပေ။

နောက်ပိုင်းမှ ဦးရီးတော် ဦးပြည့်ထွန်းက အကျိုးအကြောင်း ရှင်းပြနားချပေးသဖြင့် မိဘများက သဘောတူကျေနပ်ခဲ့ကြသည်။ မောင်သာမောင်၏ဆန္ဒ ပြည့်ဝသွားလေပြီ။ မောင်သာမောင်၏ အတိတ်ကုသိုလ်ကံက မောင်သာမောင်ကို သာသနာတွင်းသို့ ဝင်ရောက်ပြီး လောက သာသနာ ကောင်းကျိုးများ ဆောင်ရွက်စေရန် ပို့ဆောင်ပေးလိုက်ပေပြီ။

မောင်သာမောင်၏ ဆရာသခင်ဖြစ်လာမည့် ဦးသာကိန္နသည် ၁၃၁၉-ခုနှစ်၌ ဓမ္မာစရိယ စာမေးပွဲကိုဖြေဆိုခဲ့ရာ ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ ကျမ်းရင်းသုံးကျမ်းကို အောင်မြင်ခဲ့သဖြင့် "သာသနဓဇ သိရီပဝရဓမ္မာစရိယ" ဘွဲ့ကို ရရှိခဲ့ပြီး ၁၃၂၀ ခုနှစ် တပို့တွဲလတွင် ကန်တောရကျောင်းတိုက်၌ ဓမ္မာစရိယ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်ရန် ကန်ရွာ ဒကာဒကာမများ၏ ပင့်လျှောက်ချက်အရ ကန်တောရကျောင်းတိုက်သို့ ပြန်အလာတွင် ကန်ရွာ ဒကာဒကာမများ

http://www.dhammadownload.com

နှင့် အလယ်တန်းကျောင်းသားကျောင်းသူများက အပူဇော်ခံပုဂ္ဂိုလ် ဦးသာကိန္နအား လမ်းတစ်လျောက် တန်းစီကြိုဆိုနေကြသည်။ ထိုအထဲတွင် နောင်အခါ တိပိဋကက ယောဆရာတော် ဖြစ်လာမည့် ၆ တန်းကျောင်းသား မောင်သာမောင်လည်း ပါဝင်ခဲ့သည်။

ဦးသာကိန္နသည် ကန်တောရ ကျောင်းတိုက်၌ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲပြီးလျှင် မန္တလေးသို့ပြန်ပြီး ပါဠိပါရဂူဘွဲ့နှင့် ဘီအေဘွဲ့တို့ကို တစ်နှစ်တည်း တစ်ပြိုင်တည်း အရယူနိုင်အောင် ဆက်လက် ကြိုးစားဖို့ ကြံစည်စိတ်ကူး ဆုံးဖြတ်ထားသည်။ သို့သော် ကြံစည်ထားသည့် အတိုင်း ဖြစ်မလာတော့ပေ။

ပထမ ကန်တောရ ဆရာတော်ဘုရားကြီး၊ တိုက်အုပ်ဆရာတော် ဦးဝိသုတ၊ ကန်သာ ချောင်းနက်ဆရာတော် ဦးသောဘနစသော ဆရာတော်များ၏ မငြင်းဆန်သာအောင် တာဝန်ပေးအပ်မှုကြောင့်လည်းကောင်း၊ ရပ်ရွာဒကာဒကာမများ၏ အတန်တန် လျှောက်ထားတောင်းပန်မှုကြောင့်လည်းကောင်း ကန်တောရ ကျောင်းတိုက်၌ စာချအင်အား နည်းနေသောကြောင့်လည်းကောင်း၊ ကန်တောရကျောင်းတိုက် စာချတာဝန်ကို လက်ခံလိုက်ရတော့သည်။ မိမိရည်မှန်းထားသော ပါဠိပါရဂူဘွဲ့နှင့် ဘီအေဘွဲ့တို့ကို ကန်တောရ ကျောင်းတိုက် စာချတာဝန်နှင့် လဲလှယ်လိုက်ရခြင်း ဖြစ်သည်။

"နောင်အခါ တိပိဋကဓရဆရာတော် ဖြစ်လာမည့် မောင်သာမောင်ဟာ ကိုရင်ဘဝဖြင့် ပညာသင်ယူရန် ကန်တောရကျောင်းတိုက်သို့ ရောက်လာလိမ့်မည်။ ထိုကိုရင်ကို ပညာသင်ပေးရန် ကန်တောရကျောင်းတိုက်၏ စာချတာဝန်ကို ထမ်းဆောင်လိုက်ပါ" ဟု ကံကစီမံပေးခြင်း ဖြစ်ပေလိမ့်မည်။ ကံစီမံရာကို မည်သူမျှ ငြင်းဆန်၍ မရနိုင်ပေ။

http://www.dhammadownload.com

ကန်တောရကျောင်းတိုက်၌ စာချုတာဝန် ထမ်းဆောင်၍ မကြာမီကာလတွင် မောင်သာမောင်သည် ကန်ရွာ အလယ်တန်း ကျောင်းမှ အစိုးရစစ် သတ္တမတန်းကို နံပါတ်တစ်ဖြင့် ပထမရလျက် အောင်မြင်ခဲ့ပြီးနောက် အထက်တန်းပညာကို ဆက်သင်လိုသည့်ဆန္ဒ မရှိတော့ဘဲ ကိုရင်ဝတ်လိုသည့်ဆန္ဒကသာ ထက်သန် ပြင်းပြနေသဖြင့် ၁၃၂၂-ခုနှစ်၊ နယုန်လဆန်း ၈-ရက်နေ့၊ ၁၈-နှစ်သားအရွယ်၌ မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဂန့်ဂေါမြို့နယ်၊ ကန်တောရ ကျောင်းတိုက်၌ ပထမ ကန်တောရဆရာတော် ဦးကေတုကို ဥပဇ္ဈာယ်ပြုလျက် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြန်သည်။ ကျက်သရေအဝဝကို အစိုးရကြောင်း နိမိတ်ကောင်းဖြင့် ကန်တောရ စာချဆရာတော် ဦးနန္ဒိမာက "ရှင်သိရိန္ဒ" ဟု ဘွဲ့အမည် ပေးလေသည်။

ဆရာဖြစ်လာမည့် ဦးသာကိန္ဒနှင့် တပည့်ဖြစ်လာမည့် ရှင်သိရိန္ဒတို့သည် ကန်တောရကျောင်းတိုက်သို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ နောင်အခါ တိပိဋကဓရ ဆရာတော် ဖြစ်လာမည့် ရှင်သိရိန္ဒ၏ပညာရေးအတွက် ကံတရားက ဦးသာကိန္ဒကို ကန်တောရကျောင်းတိုက်၌ စာချရန် စေလွှတ်လိုက်ခြင်း ဖြစ်ပေလိမ့်မည်။ တိုက်ဆိုင်မှုကြောင့်လား၊ ကံတရား၏ စီမံပေးမှုကြောင့်လား မပြောတတ်ပေ။ ကန်တောရကျောင်းတိုက်၌ ဦးသာကိန္ဒ စာချတာဝန် ထမ်းဆောင်ရမည့်အချိန်နှင့် ရှင်သိရိန္ဒ ပညာသင်ယူရမည့်အချိန် ကွက်တိ ဖြစ်သွားသည်။

ဒုတိယ သံဂါယနာတင် ရဟန္တာအရှင်မြတ်တို့သည် နောင်လာမည့် နှစ်ပေါင်း ၁၀၀-ကျော်ကာလ၌ ဖြစ်ပေါ်လာမည့် သာသနာ့ဘေးရန်ကို တိဿဗြဟ္မာကြီးမှလွဲ၍ မည်သူမျှ ဖြေရှင်းနိုင်နင်းနိုင်မည် မဟုတ်ဟု မြင်တော်မူကြသည်။ ဗြဟ္မာ့ပြည်သို့သွား၍ တိဿ

http://www.dhammadownload.com

ဗြဟ္မာကြီးကို ''နောင် နှစ်ပေါင်း ၁၀၀-ကျော်ကာလ၌ ဖြစ်ပေါ်လာမည့် သာသနာ့ဘေးရန်ကို နှိမ်နင်းဖြေရှင်းရန် သာသနာကို တာဝန်ယူစောင့်ရှောက်နိုင်ရန် လူ့ပြည်၌ ပဋိသန္ဓေနေပါ'' ဟု တောင်းပန်ကြသည်။ တိသဗြဟ္မာကြီးကလည်း ဝမ်းမြောက်စွာ လက်ခံလိုက်သည်။

ရဟန္တာအရှင်မြတ်ကြီးများက ''တိသဗြဟ္မာကြီး ဗြဟ္မာ့ပြည်မှစုတေ၍ လူ့ပြည်၌ပဋိသန္ဓေနေကာ မောဂ္ဂလိပုတ္တတိသ သူငယ်ဖြစ်လာလိမ့်မည်။ မောဂ္ဂလိပုတ္တတိသသူငယ်ကို သာသနာတွင်းဝင်ရောက်နိုင်အောင် သင်္ကန်းဝတ်ရှင်ပြုပေးဖို့ အရှင်သိဂ္ဂဝက တာဝန်ယူရမည်။ တိပိဋကဓရဖြစ်သည်အထိ ပိဋကသုံးပုံ ဘုရားစကားအားလုံး ကျွမ်းကျင်အောင် သင်ပြပို့ချပေးဖို့ အရှင်စဏ္ဍဝဇ္ဇီက တာဝန်ယူရမည်၊ ကိုယ့်တာဝန်ကျေမှသာ ပရိနိဗ္ဗာန်ပြုရမည်'' ဟု တာဝန်ပေးတော်မူကြသည်။ အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီ ရဟန္တာ အရှင်မြတ်ကြီး နှစ်ပါးတို့ကလည်း လက်ခံ၍ တာဝန်ကျေအောင် ဆောင်ရွက်ပေးတော်မူကြသည်။ သာသနာတွင်းရောက်ဖို့ အရှင်သိဂ္ဂဝက တာဝန်ယူသည်။ ပိဋကသုံးပုံကို ကျွမ်းကျင်တတ်မြောက်ဖို့ အရှင်စဏ္ဍဝဇ္ဇီက တာဝန်ယူသည်။

ယခုလည်း ကန်တောရဆရာတော်ဘုရားနှင့် တိုက်အုပ်ဆရာတော် ဦးဝိသုတတို့က ''ကဲ မောင်သာကိန္နှ၊ မင်း မျှော်လင့်ထားတဲ့ ပါဠိပါရဂူဘွဲ့နှင့် ဘီအေဘွဲ့တို့ကို အသာထားလိုက်ပါဦး၊ အနာဂတ်သာသနာကို တိုးတက်ပြန့်ပွားအောင် စွမ်းဆောင်ပေးနိုင်မယ့် ကိုရင်တစ်ပါး မကြာမီ ကန်တောရကို ရောက်လာလိမ့်မယ်။ ယခု ကန်ရွာ အလယ်တန်းကျောင်းမှာ ပညာသင်နေဆဲဖြစ်သည့် ကျောင်းသား မောင်သာမောင်ဟာ မကြာမီ ကန်တောရကိုလာပြီး ကိုရင်ဝတ်လိမ့်မယ်။ ကိုရင်သိရိန္နအဖြစ်နှင့် ကန်တောရမှာ ပညာသင်

http://www.dhammadownload.com

လိမ့်မယ်။ အဲဒီ တိပိဋကဓရလောင်းလျာဖြစ်တဲ့ ကိုရင်သိရိန္ဒကို တိပိဋက အခြေခံကျမ်းစာများတတ်မြောက်အောင် တာဝန်ယူသင်ကြားပို့ချပေးပြီးမှသာ မင်းဆန္ဒအတိုင်း သွားလိုရာ သွားနိုင်သည်'' ဟု တာဝန်ပေးအပ်သည့်သဘောမျိုး ဖြစ်နေတော့သည်။ ဒုတိယသံဂါယနာတင် ရဟန္တာအရှင်မြတ်ကြီးတို့က အရှင်သိဂ္ဂဝန့် အရှင်စဏ္ဍဝဇ္ဇီ ရဟန္တာအရှင်မြတ်နှစ်ပါးတို့ကို မောဂ္ဂလိပုတ္တတိဿအတွက် တာဝန်ပေးသည်နှင့် တူလှပေသည်။

စာပေသင်ကြားပို့ချပေးမည့် ဦးသာကိန္ဒအနေဖြင့်လည်း ''ကဲ... မောင်သာမောင်၊ မင်း ကန်တောရကျောင်းတိုက်ထဲ ရောက်လာမည့်နေ့ကို ငါက ကန်တောရကျောင်းတိုက်ထဲမှာ စာချရင်း စောင့်မျှော်နေတယ်'' ဟု မပြောသော်လည်း ပြောသကဲ့သို့ ဖြစ်နေပေတော့သည်။

စာချဆရာတော် ဦးသာကိန္ဒ ကန်တောရကျောင်းတိုက်၌ ရှိနေခိုက် ရှင်သိရိန္ဒ ကန်တောရကျောင်းတိုက်သို့ ရောက်လာရခြင်းသည် အနာဂတ်သာသနာကို တိုးတက်ပြန့်ပွားအောင် စွမ်းဆောင်နိုင်မည့် တိပိဋကဓရလောင်းလျာ ရှင်သိရိန္ဒကို စာပေအရည်အချင်းပြည့်မီသော စာချဆရာတော် ဦးသာကိန္ဒနှင့်တွေ့ဆုံရန် ကံကဆုံပေးခြင်းလည်း ဖြစ်ပေလိမ့်မည်။

ပညာအစ ကန်တောရ

ရှင်သိရိန္ဒသည် တတိယ ကန်တောရဆရာတော် ဦးဝိသုတ၊ စတုတ္ထ ကန်တောရဆရာတော် ဦးကေလာသ၊ စာချဆရာတော် ဦးနန္ဒိမာ၊ ဦးသာကိန္ဒ (သိရီပဝရမ္မာစရိယ)တို့အထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ပါတိမောက်၊ ကခ်ီ၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ မာတိကာ၊ ဓာတုကထာ၊ ပါဠိရေးနည်း၊ ဂါထာစီကုံးနည်း၊ ကဗျာလင်္ကာ စီကုံးနည်းတို့ကို

http://www.dhammadownload.com

ရှင်သာမဏေဘဝဝယ် ၂-နှစ်အတွင်း အခြေကျကျ ရရှိအောင်သင်ယူခဲ့သည်။ ပညာလိုလား၍ ဉာဏ်အလွန်ထက်မြက်သော ရှင်သိရိန္ဒသည် ဆရာသင်ပေးသမျှ စာများကို အချိန်တိုအတွင်း ကောင်းစွာ သဘောပေါက် နားလည်လွယ်သည်။ မှတ်ဉာဏ် အလွန်ကောင်းသဖြင့် သင်ထားပြီးသော စာကိုလည်း မမေ့၊ မသင်ရသေးသော စာကိုလည်း ရှည်ရှည်ဝေးဝေး ရှင်းပြပေးနေစရာ မလိုဘဲ အနည်းငယ်ရှင်းပြရုံဖြင့် သဘောပေါက်နားလည်လွယ်သည်။

စာချဆရာတော် ဦးသာကိန္ဒ (သိရီပဝရမဟာစရိယ)သည် ရှင်သိရိန္ဒ၏ ပညာလိုလားမှု၊ ဉာဏ်ထက်မြက်မှု၊ ကြိုးစားမှုတို့ကို အတိုင်းထက်အလွန် အားရကျေနပ်သည်ဟု သိရသည်။ အစတွင် အခြားစာသင်သားများနှင့် အတူတွဲ၍ စာပေပို့ချပေးသည်။ နောက်ပိုင်း၌ ရှင်သိရိန္ဒကို တစ်ပါးတည်းခွဲ၍ ပို့ချပေးသည်။ ဉာဏ်ထက်မြက်ပြီး စာကို သဘောပေါက်နားလည်လွယ်သောကြောင့် အချိန်မနှောင့်နှေးစေရန် ရှင်သိရိန္ဒကို တစ်ပါးတည်းခွဲ၍ ပို့ချပေးခြင်းဖြစ်သည်။ အချို့စာဝါကိုသာ ပို၍ကြေညက်စေရန် အများနှင့်တွဲ၍ သင်ယူစေသည်။ စာချဆရာအနေဖြင့် ရှင်သိရိန္ဒတစ်ပါးတည်းကို စာပေပို့ချ သင်ပြပေးရသည်မှာ စာလိုက်ပရိသတ် ၁၀၀-ကို ပို့ချပေးရသည်ထက်ပင် အားရကျေနပ်မှုရှိကြောင်း၊ ပင်ပန်းရမှန်းပင် မသိကြောင်း ချီးကျူးသည်ဟု သိရသည်။

ရှင်သိရိန္ဒသည် သင်သလောက် တတ်သည်။ ပြသလောက် မြင်သည်။ တိုးပေးသလောက် တက်သည်။ မြှင့်ပေးသလောက် မြင့်သည်။ ထို့ကြောင့် အချိန်အလေအလွင့်မရှိစေရန် ပျက်ရက်မရှိ သလောက် ကြိုးစားပို့ချပေးသည်။ သာမန်ကိစ္စဖြင့် ညဉ့်အိပ်ညဉ့်နေ ခရီးမသွား၊ အနည်းအပါး နေမကောင်းမကျန်းမာဖြစ်လျှင်ပင် စာဝါအပျက်မခံ။ နောင်တစ်ချိန်တွင် တိပိဋကဓရ ဖြစ်လိမ့်မည်ဟူသော

http://www.dhammadownload.com

မျော်လင့်ချက်ကြောင့် ပို့ချပေးနေခြင်းတော့ မဟုတ်။ မျော်လင့်သည့် အတိုင်း ဖြစ်နိုင်သည့်အရာလည်း မဟုတ်၊ ဉာဏ်ထက်မြက်သဖြင့် သင်ပြပေးသလောက် အရာရောက်သောကြောင့်သာ အားတက်သရော သင်ပြပေးနေခြင်း ဖြစ်သည်။

သဒ္ဒါပိုင်းဆိုင်ရာ ကစ္စည်းသဒ္ဒါကြီး၊ ရူပသိဒ္ဓိ၊ ပဒမာလာ၊ ပုဒ်စစ်၊ သုတ်စစ်တို့ကိုလည်းကောင်း၊ အဘိဓမ္မာပိုင်းဆိုင်ရာ သင်္ဂဟ၊ ဋီကာကျော်၊ မာတိကာ၊ မာတုကထာတို့ကိုလည်းကောင်း၊ ဝိနည်းပိုင်း ဆိုင်ရာ ဘိက္ခုပါတိမောက်၊ ကခ်ီစသည်တို့ကိုလည်းကောင်း၊ ဆန်း၊ အဘိမာန် စသည်နှင့် ပါဠိစီကုံးနည်း၊ ကဗျာလင်္ကာစီကုံးနည်းတို့ကိုလည်းကောင်း၊ တစ်ခုပြီးတစ်ခု စုံလင်အောင် သင်ပြပေးသည်။ အခြားစာသင်သား လေးငါးနှစ်ကျော်သင်ရမည့် ပညာရပ်များကို ရှင်သိရိန္ဒကား ၂-နှစ်သာ သင်လိုက်ရသည်။ ကျကျနန ပိုင်ပိုင်နိုင်နိုင် ရရှိသွားတော့သည်။ ရှေ့ကိုဆက်မည့် ပိဋကပင်လယ်ကို အခက်အခဲမရှိသွားတတ်လာတတ် ကူးတတ်ခတ်တတ်ဖို့ လမ်းကြောင်းပွင့်သွားသည်။

ရှင်သိရိန္ဒသည် အပြောနည်း၍ အလုပ်များသည်။ အချိန်ကို တန်ဖိုးထား၍ ပညာကြိုးစားသည်။ ဆရာသမားကိုလေးစား၍ စည်းကမ်းလိုက်နာသည်။ လုပ်ကိုင်ပြောဆိုပုံမှအစ စည်းစနစ် ရှိသည်။ ပျော်ပွဲရွှင်ပွဲ ဆော့ကစားတာမျိုးကို လုံးဝ ဝါသနာ မပါ၊ စာပေတစ်ခုကိုသာ စိတ်ဝင်စားသည်။ တည်ငြိမ်သည်။ အပြောအဆို ယဉ်ကျေးသိမ်မွေ့သည်။ မလိုအပ်သည့် အပိုစကားကို မပြော၊ တစ်နေ့လုံး မည်သူနှင့်မျှ စကားမပြောဘဲ စာပေအလုပ်ထဲ၌သာ စိတ်ကို နှစ်မြှုပ်ထားနိုင်သည်။ သည်းခံခွင့်လွှတ်တတ်သည်။ သဘောထားကြီးသည်။ ကိုယ်ကသာ အနစ်နာခံတတ်သည်။ အပြစ်တစ်စုံတစ်ခုကြောင့် ပြစ်ဒဏ်ပေးခံရသည်ဟု လုံးဝမရှိ၊ ကျောင်းတိုက်ဝေယျာဝစ္စကို မလစ်ဟင်းရအောင် ကိုယ့်အသိတရားနှင့် ကိုယ် လုပ်သည်။

http://www.dhammadownload.com

ရဟန်းဘဝ ဒုလ္လဘ

တိပိဋကရေ လောင်းလျာ ရှင်သိရိန္ဒ၏ ခမည်းတော် ဦးရဲနိုင်သည် သားဖြစ်သူကို မည်သူ့ကိုမျှ ရဟန်းဒကာခံခွင့် မပေးလို၊ မိဘများကိုယ်တိုင်သာ ရှိတာနှင့်ပဲ ရဟန်းခံမည်ဟု ဆုံးဖြတ်ထားသည်။ ကန်တော့ရစာပြန်ပွဲ၌ မကြာမီ ရဟန်းခံတော့မည့် ရှင်သိရိန္ဒသည် ပိတ်သင်္ကန်း ၁ စုံ ထူးထူးခြားခြား မဲပေါက်လေသည်။ ကံတရားက "ရော့ ရှင်သိရိန္ဒ ဒီသင်္ကန်းနှင့် ရဟန်းခံပါ" ဟု ပြော၍ ပေးလိုက်ဘိသကဲ့သို့ ဖြစ်နေသည်။ ထိုခေတ်ကာလသည် သင်္ကန်း ၁ စုံ ရရှိဖို့ မလွယ်ကူသောခေတ်၊ သင်္ကန်းအလွန်ရှားပါးသောခေတ် ဖြစ်သည်။ စာချဆရာတော် ဦးနန္ဒိမာက "ဒီနှစ်ရဟန်းခံမယ့် လက်ပန်ကိုရင် ပိတ်သင်္ကန်း ၁ စုံ မဲပေါက်သွားပြီကွာ၊ သိပ် ကံကောင်းတယ်ဟေ့" ဟု အမိန့်ရှိလေသည်။

ရှင်သိရိန္ဒသည် ဝမ်းသာအားရဖြင့် ခမည်းတော်ကိုခေါ်၍ "ရော့ ဒကာကြီး၊ မဲပေါက်ထားလို့ သင်္ကန်း ၁ စုံ ရပြီ၊ ဘာမှမပူနဲ့" ဟု ပြောပြီး ပေးလိုက်သည်။ ခမည်းတော်ကလည်း 'သင်္ကန်းရှားပါးနေတာနှင့်တော့ အတော်ပဲ' ဟု ပြော၍ ပြုံးပြုံးပြုံးပြုံးဖြင့် ယူသွားလေသည်။ ဘုန်းကံပါရမီ ကြီးမားသည့်ပုဂ္ဂိုလ်ကို လိုအပ်သည့် အချိန်တွင် လိုအပ်သည့်အရာကို ကံတရားက အစီအစဉ်တကျ စီမံပေးသွားသည်။

ရဟန်းခံခါနီးအချိန် ရောက်သည့်အခါ ခမည်းတော်က နှစ်ထပ်သင်္ကန်း ၁-ထည်၊ သပိတ် ၁-လုံးစသော ပရိက္ခရာများကို ဝယ်ယူထားသည်။ ရဟန်းခံပွဲ၌ ရှင်သိရိန္ဒ မဲပေါက်၍ရထားသော ပိတ်သင်္ကန်း ၁-စုံ၊ ခမည်းတော်ဝယ်ယူထားသော နှစ်ထပ်သင်္ကန်း ၁-ထည်၊ သပိတ် ၁-လုံးဖြင့် ရှင်သိရိန္ဒသည် ၁၃၂၄-ခုနှစ်၊

http://www.dhammadownload.com

ကဆုန်လပြည့်ကျော် ၈ ရက်၊ စနေနေ့၌ ထိပ်တန်းဆရာတော်ကြီးများကိုပင့်၍ ဂန္ဓကေါမြို့နယ် ကန်တောရကျောင်းတိုက် ခဏ္ဍသိမ်ဝယ် တတိယ ကန်တောရဆရာတော် ဦးဝိသုတကို ဥပဇ္ဈာယ်ပြုလျက် လက်ပန်ရွာ ခမည်းတော် ဦးရဲနိုင် မယ်တော် ဒေါ်တုတ်ခိုင်၊ ဘေးတော် ဒေါ်ခြံ၊ ဘိုးဘွားများဖြစ်ကြသော ဦးကျော်ထိုက်၊ ဒေါ်စိုးချုပ်၊ ဒေါ်ရွှေဖုံးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ အရှင်သိရိန္ဒပင် ဖြစ်သည်။

ရဟန်းခံပွဲ၌ မိမိကိုယ်တိုင် တရားကို စတင်ဟောခဲ့၍ မိမိကိုယ်တိုင် ရတုပိဒ်စုံနှင့် ဂါထာများ ရေးသားရိုက်နှိပ် ဖြန့်ဝေခဲ့သည်။ ဆရာသမားများထံက ကဗျာလက်ာစီကုံးနည်း၊ ဂါထာစီကုံးနည်း၊ ရတုပိဒ်စုံရေးနည်းတို့ကို သာမဏောဘဝကပင် ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် ရရှိထားသော ရှင်သိရိန္ဒသည် မိမိ ရဟန်းအဖြစ်သို့ ရောက်သောနေ့ အမှတ်တရအနေဖြင့် ဥပသမ္ပဒ ရတုပိဒ်စုံနှင့် ဥပသမ္ပဒ ဥဒါနဂါထာတို့ကို စီကုံးရေးသားဖြန့်ဝေကာ ပညာအစွမ်းကို စတင် ပြသလေတော့သည်။

ရှင်သိရိန္ဒ ရဟန်းအဖြစ်သို့ ရောက်သောနေ့ အမှတ်တရအဖြစ် ရေးသားအပ်သော ဥပသမ္ပဒ ရတုပိဒ်စုံနှင့် ဥပသမ္ပဒ ဥဒါနဂါထာများမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

ဥပသမ္ပဒ ရတုပိဒ်စုံ

(၁) **ကဲလွန်ဂုဏ်ရောင်၊** တို့ဘုန်းခေါင်၏၊ မိန့်ဆောင်ဒေသနာ၊ မှတ်သား နာလော့၊ မြတ်စွာဗုဒ္ဓ၊ ဆုံးမမိန့်မှာ၊ သာသနာကို၊ ပစ္စယာဓမ္မ၊ နုဂ္ဂဟဖြင့်၊ ချီးမြှင့်တကယ်၊ မလွယ်ကူလှ၊ ရှေးကပြုဖူး၊ ဘုန်းကံထူးတွေ၊ ရှိဖူးလေမှ၊ ချီးမြှင့်ရ၏။ ပုညန္တမ်းပါး၊ ဘုန်းကံရှားမူ၊ မလွယ်ကူလှ၊ ဝေးကွာ

http://www.dhammadownload.com

စွာရှင့်၊ ပဗ္ဓဇိတ၊ ဒုလ္လဘမှန်၊ ရဟန်းခံမှု၊ ရှင်ပြုတစ်ဖြာ၊ ဓမ္မာနုဂ္ဂဟ၊ ကျိုးဖလကား၊ များပြားလှဘိ၊ သီရိဓမ္မာ၊ သောကာအထွဋ်၊ ရာဇာမြတ်ကို၊ မိန့်လတ်ဝါစီ၊ မဟီမြေမှ၊ ဘဝဂ်ကျအောင်၊ များမြောင်သိပ်သည်း၊ ပစ္စည်းရွေ့ရွေ့၊ ထွေထွေရတနာ၊ ပြည့်စွာဖြိုးဖြိုး၊ သဒ္ဓါမိုးဖြင့်၊ မည်ပြုးစေတနာ၊ လှူဒါန်းပါလည်း၊ သာသနာတွင်း၊ ကိုယ့်သားရင်းနှင့်၊ ဖန်ဆင်းမခြား၊ သူ၏သားကို၊ ရှစ်ပါးပရိက္ခရာ၊ စုံလင်စွာဖြင့်၊ ချီးမြှင့်ရတုံ၊ ဒုလ္လဘစစ်၊ ရှင်ချစ်ရဟန်း၊ ရွှင်လန်းသဒ္ဓါ၊ ဓမ္မာနုဂ္ဂဟ၊ မြတ်ဒါနလျှင်၊ ဆအသခ်ျေ့၊ ရေတွက်မရ၊ ကျိုးဖလပြား၊ လွန်စွာများသည်၊ **မြတ်ဖျား ဘုန်းမြတ်မိန့်ခွန်းတည်း။**

(၂) **ကြဲစွန့်ကုန်ပေါင်**၊ သဒ္ဓါပြောင်သား၊ ရာထောင်မက၊ ပစ္စယလေး၊ လှူဒါန်းပေးလည်း၊ ကွာဝေးမမီ၊ ဓမ္မဆီနှစ်၊ နုဂ္ဂဟစစ်ကို၊ ရှင်ချစ် မောဂ္ဂလိ၊ သီရိဓမ္မာ၊ သောကာအထွဋ်၊ ရာဇာမြတ်အား၊ မိန့်လတ်မကွာ၊ ဒေသနာနှင့်၊ ညီစွာချင့်၍၊ မျှော်လင့်အကျိုး၊ သွန်းမိုးပမာ၊ စေတနာခိုင်၊ သဒ္ဓါလှိုင်လျက်၊ ပြုနိုင်ခဲစွာ၊ ဓမ္မာနုဂ္ဂဟ၊ မြတ်ဒါနကို မဂ်ဖိုလ်နိဗ္ဗာန်၊ စိတ်သန်မှန်းဆ၊ ဗုဒ္ဓသာသနာ၊ ရောင်ဝါလင်းခိုက်၊ ပြုလိုက်ကြလော့၊ လောကထွဋ်ထား၊ မြတ်ဘုရားပင်၊ သက်တော်ထင်ရှား၊ ရှိစဉ်ငြားက၊ သားရာဟုလာ၊ ခါခါညွတ်ပြောင်း၊ အမွေတောင်းသော်၊ ဒို့ရှင်တော်လည်း၊ ပစ္စည်းအမွေ၊ မပေးလေဘဲ၊ အမြတ်ကဲဘိ၊ ပဗ္ဓဇိတ၊ ဒါယဇ္ဇကို၊ မ- စ ချီးမြှင့်၊ ပေးတုံလင့်၏၊ လွန်မြင့်မြတ်လှ၊ ထိုဒါနကြောင့်၊ မုချမသွေ၊ ဘဝေ

http://www.dhammadownload.com

ဘဝါ၊ ရာထောင်မက၊ သုခစည်းစိမ်၊ ရှိန်ရှိန်မငြိုး၊ ခံစားပြီးသော်၊ ဝဋ်မီးငြိမ်းရာ၊ နိဗ္ဗုတာသို့၊ မချို့ထူးခြား၊ ဧကန်လားမည်၊ **ထွဋ်ဖျား ဆုံးသတ်လိမ့်ချမ်းတည်း။**

(၃) **သဲညွှန့်တုန်အောင်၊** ပီတိလှောင်သား၊ အခေါင်ဓိပတိ၊ သီရိကျက်သရေ၊ ထိန်လင်းဝေသည့်၊ တက်နေပမာ၊ ဂုဏ်ရောင်ဖြာလတ်၊ အမြတ်လွန်ကဲ၊ သာသနာထဲ၌၊ ရခဲနိုင်စွ၊ ဒုလ္လဘစစ်၊ ပဗ္ဗဇ္ဇမှန်၊ အလွန်မြတ်လှ၊ သာကိယနွယ်၊ တကယ်တင့်ဆန်း၊ ရဟန်းအဖြစ်၊ ရတုံလစ်၍၊ စင်စစ်မသွေ၊ အောင်မြေပွိုက်ချီး၊ အောင်သံဟီးကာ၊ မငြီးရွှင်ပျော်၊ အရတော်လှ၊ ငါ့ဘဝဟု၊ နွေညမကွာ၊ ဝမ်းသာမဆုံး၊ ပီတိလုံးဆို့၊ ပြုံးလို့ချည်းလျှင်၊ နေလိုက်ချင်၏၊ သို့ပင်ငြားလည်း ဘုရားမြတ်စွာ၊ သာသနာကို၊ ငါ့မှာပြုထိုက်၊ နှလုံးပိုက်လျက်၊ ကြုံကြိုက်နိုင်ခဲ၊ အားသွန် ကြဲကာ၊ ခါခါမလပ်၊ မြင့်မြတ်သာသနာ၊ ထွန်းလင်းပါအောင်၊ လုံ့လဆောင်၍၊ မြင့်ခေါင်တက်ထိပ်၊ သဒ္ဓါစိတ်ဖြင့်၊ အကြိတ်အနယ်၊ တကယ်သာပ၊ ယောဌာနနှင့်၊ ပြည်ပပြည်တွင်း၊ အကြွင်းမရှိ၊ နှံ့ဘိသာသနာ၊ တည်ပါစေကြောင်း၊ အာသီလောင်းလျက်၊ မပျက်အမှန်၊ စိတ်သန်ရည်စူး၊ ဖြန့်ဖြူးပါအံ့၊ နှလုံးသန့်ထား၊ လွန်ကြီးစားမည်၊ **တတ်-အား-သုံးသပ်၊ စိမ့်လန်းတည်း။**

ရှင်သီရိန္ဒ ကန်တော့ရ ရေးသားသည်။

၁၃၂၄ ခု၊ ကဆုန်လ။

http://www.dhammadownload.com

ဥပသမ္မဒ ဥဒါနဂါထာ

ဉာတီဟိစာနုဂ္ဂဟိတော၊ မာတာပိတူဟိ ဒါနိစ။
ဒုလ္လဘံ ပုဗ္ဗကမ္မေန၊ လဒ္ဓါဟံ ဥပသမ္ပဒံ။
(ပထမ ဘကာရ ဝိပုလဂါထာ)

ဉာတီဟိစ-လက်ပန်ရွာတွင်၊ ဂုဏ်ထင်ပြန့်မွှေး၊ အဘေးတော်စပ်၊ တရားမြတ်၌၊ မပြတ်ပွားထုံ၊ ဒေါဒေါခြံနှင့်၊ ပွားထုံတရား၊ အဘွား ခေါထုံး၊ ဒေါရွှေဖုံးဟု၊ ကောင်းမှုစိုက်ပျိုး၊ အသိတိုးသည့်၊ ဆွေမျိုးတို့ သည်လည်းကောင်း၊ (ဝါ)-လက်ပန်ရွာ၌၊ နှစ်ခြိုက်မွေ့လျော်၊ အာဠားတော်ငြား၊ သဒ္ဓါပွားသည့်၊ ထူးခြားသိုက်မြိုက်၊ ဦးကျော်ထိုက်နှင့် သိုက်မြိုက်ဝေဆာ၊ သဒ္ဓါထူးခြား၊ အဘွားသမုတ်၊ ဒေါစိုးချုပ်တို့ သည်လည်းကောင်း၊ (ဝါ)-ကန်ရွာကြီး၌ ပျော်ပိုက်ဂုဏ်ရှိန်၊ ပန်းထိမ်တတ်စွမ်း၊ ဦးပြည့်ထွန်းနှင့်၊ အေးချမ်းကြည်လင်၊ ဒေါပေါခင်ခေါ၊ ဆွေတော်မျိုးတော်တို့သည်လည်းကောင်း။

မာတာပိတူဟိစ-ဂန့်ဂေါမြို့နယ်၊ လွန်တင့်တယ်လှ၊ ရှုမဝသည့်၊ လွန်စွသာယာ၊ လက်ပန်ရွာ၌ ပျော်ပိုက်နေလျက်၊ သက်မွေးဖြူစင်၊ အယူသန့်ရှင်း၊ သတင်းပြန့်လှိုင်၊ ဦးရဲနိုင်နှင့်၊ ထူးတင့်မြိုင်ဆိုင်၊ ဒေါတုတ်ခိုင်ဟု၊ မှတ်ရှုခေါဝေါ၊ မယ်တော် ခမည်းတော်တို့သည် လည်းကောင်း၊ **အနုဂ္ဂဟိတော**-ပရိက္ခရာ၊ စုံလင်စွာဖြင့်၊ သဒ္ဓါထူးလတ်၊ ချီးမြှောက်အပ်သည်ဖြစ်၍၊ (ဝါ)- ချီးမြှင့်အပ်သော။ **အဟံ**-ကန်ရွာမြောက်စောင်း၊ တောရကျောင်း၌၊ ပျော်အောင်းမွေ့လျော်၊ ရှင်တော်မိန့်မှာ၊ သာသနာကို၊ ရှည်ကြာတည်ငြား၊ လုံ့လအားဖြင့်၊ ကြိုးစားနေရ၊ **သိရိန္ဒ**ဟု၊ နာမမည်တွင်၊ ငါ အရှင်သည်။ **ဒါနိ(ဣဒါနိ)**-သာသနာရောင်၊ တောက်ပြောင်ထိန်လင်း၊ ခေတ်အတွင်းမှာ၊ တွေ့ကြုံပါရ၊ ဤယခုအခါကာလ၌၊ (ဝါ)-၁၃၂၄-ခု၊ ဥတုဂိမှာန၊ ကဆုန်လဆုတ်၊ သမုတ်တွက်စစ်၊ ၈ ရက် ရောက်လာ၊ စနေနေ့

http://www.dhammadownload.com

ယခုအခါ၌။ **ပုဗ္ဗကမ္မေန**- နောင်ခါကာလ၊ သမယဝယ်၊ ဗုဒ္ဓမိန့်မှာ၊ သာသနာနှင့်၊ မလင့်ပုံသေ၊ တွေ့ပါစေသား၊ တွေ့စေသားဟု၊ တောင်းဆု ဆိုကာ၊ ပြုခဲ့ပါလတ်၊ ရှေးကုသိုလ် ကံမြတ်ကြောင့်။ **ဒုလ္လဘံ**- ပဗ္ဗဇိတဘာဝေါ၊ ဒုလ္လဘောဟု၊ ရှင်စောမိန့်ကြား၊ မြတ်စကားအရ၊ ဘဝကမ္မာ၊ များစွာလွန်သွား၊ ကုန်လေငြားလည်း၊ ထူးခြားပိုင်ပိုင်၊ အလွန်ရနိုင်ခဲလှပေသော။ **ဥပသမ္မဒံ**-အရှုပ်နှောင်ကွင်း၊ ထောင်အတွင်းမှ၊ လွတ်ကင်းရန်ငှာ၊ လမ်းပေါက်ရှာလတ်၊ အမြတ်ထိပ်တင်၊ လွန်စွာကျယ်လစ်၊ ရဟန်းအဖြစ်ကို။ **လဒ္ဓေါ**-ထူးကဲလှစွာ၊ ဝမ်းသာမဆုံး၊ ပီတိလုံးဖြင့်၊ စမွာယ်တင့်ငြား၊ ထူးခြားပိုင်ပိုင်၊ လက်ကိုင်မိမိ၊ ရရှိခဲ့လေပြီ တကား၊ (ဝါ)-ကန်ရွာတောရ၊ တတိယမော်၊ ဆရာတော် ကို၊ မှီခိုသမှု၊ ဥပဇ္ဈာယ်ပြုကာ၊ ကောင်းစွာပိုင်ပိုင်၊ ရရှိနိုင်ခဲ့လေပြီတကား။

ရှင်သိရိန္ဒ (ကန်တောရ) ရေးသားသည်

၁၃၂၄ ခုနှစ်၊ ကဆုန်လ

ကိုယ့်ရဟန်းခံပွဲ ကိုယ်တိုင် တရားဟော

တိပိဋကဓရလောင်းလျာ ရှင်သိရိန္ဒသည် စကားအလွန်နည်းပြီး လူအလွန်ကြောက်တတ်သော်လည်း ရဟန်းခံပွဲနီးချိန်တွင် စာချဆရာဖြစ်သူ ဦးသာကိန္ဒက "သိရိန္ဒ ကိုယ့်ရဟန်းခံပွဲမှာ ကိုယ်ကိုယ်တိုင် တရားဟောနိုင်အောင် လုပ်ထား" ဟု အမိန့်ရှိလေသည်။ ထိုအခါ ရှင်သိရိန္ဒသည် ဆရာ့စကားကို လေးစား၍ အရဲစွန့်ကာ တရားဟော လေ့ကျင့်ရတော့သည်။ ဟောနိုင်ပြောနိုင်သည့် အရည်အချင်းများ အပြည့်အဝ ရှိထားပြီးဖြစ်သော်လည်း ပရိသတ်ရှေ့၌ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ဟောရဲဖို့အတွက် အနည်းငယ်လေ့ကျင့်ရသေးသည်။ ရဟန်းခံပွဲ အလှူသို့ ရောက်လာကြသောဧည့်ပရိသတ်များ အလွန်များပြားသည်။

http://www.dhammadownload.com

ထိုပရိသတ်များရှေ့၌ ရှေးဦးစွာ ရှင်သိရိန္ဒကိုယ်တိုင်ရေးကာ အနက်ပေးထားသည့် ''အာစရိယ ပဏာမဂါထာ''ကို ရွတ်ပြီး ပျံလွန်တော်မူပြီးသော ပထမ ကန်တောရဆရာတော်ဘုရားကြီးကို ကန်တော့လိုက်သည်။ ထိုအခါ တရားနာပရိသတ် ဒကာဒကာမများ ဆရာတော်ကြီးကို သတိရကြ၍ လွမ်းဆွတ်တသ နမြောကြကာ စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်များကျလျက် ငိုကြွေးကြတော့သည်။ ''အာစရိယ ပဏာမဂါထာ'' ကို ရွတ်ဖတ်ပြီးနောက် ရဟန်းခံပွဲ ဆိုင်ရာ တရားကို ၁ နာရီကျော်ကြာအောင် ဟောကြားတော်မူသည်။ တရားပွဲပြီးသောအခါ တရားနာပရိသတ် ဒကာဒကာမများက ''ဒီနေ့ ရဟန်းခံတဲ့ ဦးပဉ္စင်း တရားဟော အလွန်ကောင်းကြောင်း၊ နာယူ၍ပင် မဝကြောင်း'' စသည်ဖြင့် ချီးမွမ်းကြသည်။

ရဟန်းသစ် ဦးသိရိန္ဒ၏ ပထမဆုံး ပွဲဦးထွက် ဟောကြားတော်မူသော တရားကို ဒကာဒကာမများက သဘောကျ ကြိုက်နှစ်သက်ကြသဖြင့် အလှူပွဲများတွင် ဦးသိရိန္ဒကိုသာ တရားဟော ပင့်ကြတော့သည်။ မန္တလေးမြို့သို့ ပညာသင်မကြွမီ ကာလအတွင်း ပတ်ဝန်းကျင်ကျေးရွာများမှ တရားဟောပင့်၍ မကြာမကြာ လှည့်လည်ဟောပေးခဲ့ရသည်ဟု ကာယကံရှင် မိန့်ကြားချက်အရ သိရသည်။

ဆရာက တော်၍ တပည့်က ကျော်သည်

ပထမငယ်တန်းကိုပင် ဝင်ရောက်မဖြေဆိုရသေးသော တိပိဋကလောင်းလျာ ကိုရင်သိရိန္ဒ၏ ဉာဏ်ပညာအရည်အချင်းသည် လွန်စွာ အံ့သြစရာကောင်းလှပေသည်။ ဓမ္မာစရိယဘွဲ့ရ ပုဂ္ဂိုလ်တိုင်းသော်မှ ရတုပိဒ်စုံနှင့် ဂါထာများကို ကာရန်နှောလှလှ ထိထိမိမိ ရေးသားနိုင်ရန် မလွယ်ကူချေ။ ရတုပိဒ်စုံ၊ တေးထပ်၊ ကဗျာ၊ လင်္ကာ၊ ဂါထာများ ရေးသားရာ၌ စာပေတတ်ကျွမ်းမှုနှင့် ဝါသနာပါရှိမှုတို့ အထူးလိုအပ်

http://www.dhammadownload.com

ပေသည်။ အချို့မှာ စာပေတတ်မြောက်ကျွမ်းကျင်ကြ သည်။ သို့သော် ရေးသားလိုသောဝါသနာက အားနည်း၍ မရေးတတ် ချေ။ အချို့ကား ရေးသားလိုသော ဝါသနာရှိသော်လည်း စာပေတတ်မြောက်ကျွမ်းကျင်မှု အားနည်းနေ၍ မရေးတတ်ချေ။ အထူးအား ဖြင့် ဂါထာများရေးသား၍ အနက်ပေးရာ၌ စာပေလည်း တတ်မြောက်ကျွမ်းကျင်ပါမှ ရေးသား လိုသည့်ဝါသနာကလည်း ပါရှိပါမှ ကာရန်နဘေလှလှ ထိထိမိမိ ရေးသားနိုင်ကြသည်။

ရှင်သိရိန္နသည် ရှင်သာမဏေဘဝဖြင့်ပင် ရတုပိဒ်စုံနှင့် ဂါထာများကို ဤကဲ့သို့ ကျွမ်းကျွမ်းကျင်ကျင် ရေးသားနိုင်ခဲ့ခြင်းမှာ သင်ကြားပို့ချပေးသော ဆရာက တော်၍ နည်းစနစ်ကိုခံယူသော တပည့်က ကျော်ခြင်းကြောင့် ဖြစ်ပေသည်။

လောကဌ် ဆရာ ကောင်း, မကောင်း၊ ဆရာ တော်, မတော် တပည့်ကိုကြည့်လျှင် သိနိုင်သည်။ အသိအကျင့် ဘက်စုံထူးချွန်သော တပည့်ကောင်းမျိုးကို ဆရာကောင်းကသာ ဖော်ထုတ်ပေးနိုင်စွမ်းရှိသည်။ အရည်အချင်းပြည့်မီသည့် တပည့်ကောင်းတစ်ယောက် ဖြစ်လာနိုင်ရန် အရည်အချင်းပြည့်မီသည့် ဆရာကောင်းများနှင့် တွေ့ဆုံခွင့်ရဖို့ လိုအပ်သည်။ ဆရာကောင်းမှ တပည့်ကောင်းမည်။ တပည့်ကောင်းမှ နောက်မျိုးဆက်သစ်များကို ဆက်လက် ဖော်ဆောင် ပေးနိုင်မည် ဖြစ်သည်။

ကန်တောရ ဆရာတော်များသည် အသိအကျင့် ဘက်စုံ အရည်အချင်း ရှိတော်မူကြသည်။ ဣန္ဒြေသိက္ခာ ကြီးမားတော် မူကြသည်။ သာသနာပြုစိတ်ဓာတ် ပြင်းထန်တော်မူကြသည်။ ထို့ကြောင့်လည်း အရည်အချင်း ပြည့်မီသည့် တပည့်များကို ဖော်ထုတ် ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။


http://www.dhammadownload.com

ကန်တောရ ကျောင်းတိုက်သည် ရှေးအခါက နာမည်ကျော်ကြား ခဲ့ကြောင်း၊ ကလေး၊ ဂန္ဓဂေါ၊ ထီးလင်း၊ ဆော၊ လေးမြို့နယ်ရှိ သံဃာ တော်များသည် များသောအားဖြင့် ကန်တောရကျောင်းတိုက်သို့ သွား ရောက်ကာ ပညာသင်ကြားကြကြောင်း၊ ကျမ်းကြီးပေါက် စာတတ် ပေတတ် အကျော်အမော် များစွာ ထွက်ရှိခဲ့ကြောင်း သိရသည်။

ကန်တောရကျောင်းတိုက်၌ ပညာသင်ကြားခဲ့ပြီး နေရာ အသီးသီး နယ်ပယ်အသီးသီးတွင် ကျောင်းထိုင်သာသနာပြုနေကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံခြားသာသနာပြုပုဂ္ဂိုလ်များ၊ တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်များ အများအပြား ရှိခဲ့သည်။ ကန်တောရ ဆရာတော်များ၏ စနစ်တကျ ပြုစုပျိုးထောင်နိုင်ခဲ့မှုကြောင့် ထူးချွန်သည့် တပည့်ပုဂ္ဂိုလ် ကျော်များ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

http://www.dhammadownload.com

ဒုတိယပိုင်း



ပေါ်ကျွမ် ဝေဂ်ရာဘို့

http://www.dhammadownload.com

http://www.dhammadownload.com

သင်ရာပို့အပ် ဆရာဝတ်

စာချဆရာတော် ဦးသာကိန္ဒ (သိရီပဝရဓမ္မာစရိယ)သည် ရဟန်းဖြစ်ပြီးခါစ အရှင်သိရိန္ဒ၏ ဉာဏ်စွမ်းဉာဏ်စနှင့် ပညာလိုလားမှု၊ တည်ငြိမ်မှု၊ အကျင့်စာရိတ္တကောင်းမွန်မှု၊ ကုန္ဒြေသိက္ခာရှိမှုတို့ကို ကြည့်၍ "ဤအရှင်မြတ်သည် နောင်တစ်ချိန်၌ သာသနာတော် အတွက် အားကိုးရမည့် ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်လာလိမ့်မည်" ဟု ယုံကြည်ကာ မန္တလေးမြို့သို့ ပညာသင်ပို့ရန် စီမံလေသည်။

အရှင်သိရိန္ဒ၏ ပရိယတ္တိ ပညာအရည်အချင်းမှာ ပထမကြီးတန်း ဖြေဆိုနိုင်လောက်သည့်အဆင့်သို့ပင် ရောက်ရှိနေပြီ ဖြစ်သော်လည်း ဂန္ဓဂေါမြို့၌ ပါဠိပထမပြန် စာဖြေဌာနမရှိ၍ မည်သည့်စာမေးပွဲကိုမျှ မဖြေဆိုရသေးပေ။

ထို့ကြောင့် စာချဆရာတော် ဦးသာကိန္ဒသည် တပည့်ဖြစ်သူကို "ကဲ ဦးသိရိန္ဒ စာတတ်နေရုံနှင့် မပြီးသေးဘူး။ ခေတ်ကာလအရ ဂုဏ်ဆိုတာ လိုသေးတယ်။ လောကမှာ ဂုဏ်မရှိလျှင် လူရောရှင်ပါ မလေးစားဘူး။ ဂုဏ်ရှိမှ တန်ဖိုးထားလေးစားကြတယ်။ ပညာတတ်,

http://www.dhammadownload.com

မတတ်ကို စာမေးပွဲအဆင့်အတန်းဖြင့်သာ တိုင်းတာတဲ့ခေတ် ဖြစ်နေတယ်။ စာဖြေဖို့အချိန်ရောက်နေပြီ။ နောက်တောင် ကျနေပြီ''ဟု ပြောဆိုကာ စာပေကျမ်းဂန်များ ဆက်လက်သင်ယူရန်နှင့် စာမေးပွဲများ ဝင်ရောက်ဖြေဆိုနိုင်ရန် မန္တလေးမြို့သို့ ပို့ဆောင်ခဲ့သည်။

၁၃၂၄-ခုနှစ် နယုန်လဆန်း ၁၁-ရက်နေ့တွင် ဂန့်ဂေါမြို့မှ မန္တလေးမြို့သို့ ပညာသင်ထွက်ခွာစဉ် ဂန့်ဂေါလေဆိပ် လေယာဉ်ထွက်ခါနီးအချိန် မိသားစုများရှေ့၌ ''ငါသည် ဓမ္မာစရိယ မအောင်မချင်း ဂန့်ဂေါနှင့် မွေးရပ်မြေကို ခြေမချတော့ပြီ'' ဟု ရဲရင့်သည့်ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချခဲ့သည်။ ဆုံးဖြတ်ထားသည့်အတိုင်းပင် ၆ နှစ်ပတ်လုံး နေရပ်သို့မပြန်ဘဲ မန္တလေးမြို့၌ ပရိယတ္တိ စာပေလုပ်ငန်းကို စွဲစွဲမြဲမြဲ ကြိုးစားခဲ့သည်။ ၁၃၃၀-ခုနှစ် ဓမ္မာစရိယ စာချုတန်း အောင်မြင်ပြီးမှသာ နေရပ်သို့ ပြန်ဖြစ်ခဲ့သည်။

မန္တလေး မဟာဝိသုဒ္ဓါရုံသို့

အရှင်သိရိန္ဒသည် မန္တလေးသို့ ရောက်သည့်အခါ ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌ တစ်ပတ်ခန့်တည်းခိုရ၍ ဝိဇ္ဇာလင်္ကာရဆရာတော် ဦးခေမာစာရ၊ ကြက်ဖနက်ဆရာတော် ဦးကောသလ္လ၊ ထိုမာဆရာတော် ဦးပညာဝံသတို့ကိုယ်တိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ လိုက်၍ အပ်နှံပေးကြသည်။ ဦးပဏ္ဍိစ္စ (ကန်ရွာ)၏ အကူအညီကို ရသောကြောင့် မန္တလေးမြို့ ရွှေကျင်နိကာယဗဟုဌာနချုပ် မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်ကျောင်း၌ နေခွင့်ရခဲ့သည်။ မြောင်းမြဆရာတော်၊ သံတော်ဆင့်ဆရာတော်၊ သူဌေးတန်းကျောင်းဆရာတော်၊ အောင်မြေသာစည်ကျောင်းဆရာတော် ဦးဥတ္တရာဇီဝ၊ စာချဆရာတော် ဦးပဏ္ဍာဝံသတို့၏ ဆုံးမလမ်းညွှန်မှုကို ခံယူကာ ပညာသင်ကြားခဲ့သည်။

http://www.dhammadownload.com

မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ မစိုးရိမ်ကျောင်းတိုက်သို့သွား၍ ဆရာတော် ဦးဝိစိတ္တာဘိဝံသ၊ ဦးစန္ဒောဘာသာဘိဝံသ၊ ဦးကောသလ္လ (လေး)၊ ဦးသိရိန္ဒာဘိဝံသ၊ ဦးကောဝိဒါဘိဝံသ၊ ဦးရာဇမဂ္ဂာဘိဝံသ၊ ဦးဝိပုလ၊ ဦးဣန္ဒာစာရ၊ ဦးဓမ္မာနန္ဒတို့ထံ၌လည်းကောင်း၊ တောင်ထီးလင်းတိုက်သို့သွား၍ ဆရာတော်ဦးဝဒိရဗုဒ္ဓိထံ၌လည်းကောင်း စာဝါများလိုက်ကာ ပညာသင်ကြားခဲ့သည်။

မန္တလေးမြို့၌ ၅-နှစ်နေခိုက် အချိန်မကုန် လူမပန်းဘဲ ၁၃၂၄ ခုနှစ်တွင် ပထမငယ်တန်း၊ ၁၃၂၅-ခုနှစ်တွင် ပထမလတ်တန်း၊ ၁၃၂၆-ခုနှစ်တွင် ပထမကြီးတန်း၊ ၁၃၂၇-ခုနှစ်တွင် စာချတန်း ပါရာဇိကဏ်, အဋ္ဌသာလိနီ နှစ်ကျမ်း၊ ၁၃၂၈-ခုနှစ်တွင် ဝိနယ ပါဠိပါရဂူနှင့် စေတိယင်္ဂဏစာသင်တန်းတို့ကို နှစ်စဉ် အောင်မြင်ခဲ့သည်။ စေတိယင်္ဂဏ စာသင်တန်းအောင်မြင်သဖြင့် "အဘိဝံသ" ဘွဲ့ တိုးကာ အရှင်သိရိန္ဒမှ "အရှင်သိရိန္ဒာဘိဝံသ" ဟု ဘွဲ့အမည် ဖြစ်လာခဲ့သည်။

ထူးခြားသောဖြစ်စဉ်တစ်ခုမှာ အများစုက ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းအောင်မြင်ပြီးမှသာ ပါစိတ္တာဒိ ပါဠိဂုဏ်ထူးဆောင်ကျမ်းကို အောင်မြင်လေ့ရှိကြသော်လည်း အရှင်သိရိန္ဒမှာမူ ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်း မအောင်မြင်သေးမီ ပါဠိဂုဏ်ထူးတန်းကျမ်းကို ရှေးဦးစွာ အောင်မြင်ထားခြင်း ဖြစ်သည်။ ပါဠိဂုဏ်ထူးတန်းကျမ်းကို အောင်မြင်သည့်နှစ်မှာပင် ရန်ကုန်မြို့ စေတိယင်္ဂဏအသင်းကြီး၏ စာသင်တန်းကိုပါ အောင်မြင်လိုက်သေးရာ ထူးသည်ထက်ပို၍ ထူးခြားနေပြန်တော့သည်။

စိတ်ဓာတ်ကိုမြှင့် ကြိုးစားကျင့်

အရှင်သိရိန္ဒသည် မန္တလေးမြို့၌ ပညာသင်ယူစဉ်အခါက အရာရာ ချို့တဲ့ခဲ့သည်။ မိမိသင်ယူနေသော ပရိယတ္တိဆိုင်ရာ ကျမ်းစာအုပ်

http://www.dhammadownload.com

များကိုပင် လုံလောက်အောင် မဝယ်ယူနိုင်ရှာ။ မိမိအဖော် ရဟန်းတော်များထံမှ ငှားရမ်းဖတ်ရှုရင်း စာအုပ်အဟောင်းဆိုင်မှ ရိုန္မမ်းလှသော စာအုပ်အဟောင်းများကို ဈေးပေါပေါဖြင့် ဝယ်ယူဖတ်ရှုရင်း ပထမ ငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယ ပါရာဇိကဏ်, အဋ္ဌသာလိနီ ၂-ကျမ်းနှင့် ဝိနယပါဠိပါရဂူ၊ စေတိယင်္ဂဏ စာသင်တန်းစာမေးပွဲတို့ကို နှစ်မခြားဘဲ အောင်မြင်ခဲ့လေသည်။ ဖြေဆိုနေရသည့် စာမေးပွဲများအတွက် ကျမ်းစာမျိုးစုံကိုင်ရသည်ဖြစ်၍ စာအုပ်ဖိုးအခက်အခဲ ဖြစ်နေလေသည်။ လိုအပ်သမျှ ကျမ်းစာအုပ်များကို မဝယ်ယူနိုင်ပေ။

အရှင်သိရိန္ဒ၏ စာအုပ်ဖိုးအခက်အခဲကို ကလေးမြို့နယ် မြို့လှဆရာတော် ဦးနန္ဒက ကြားသိသောအခါ အရှင်သိရိန္ဒထံ စာအုပ်ဖိုး ၁၀၀ ကျပ်၊ အထွေထွေသုံးရန် ၄၀-ကျပ်၊ ပေါင်း ကျပ် ၁၄၀ ကို နှစ်ကြိမ်ခွဲကာ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

အရှင်သိရိန္ဒသည် မည်မျှပင်ဆင်းရဲဆင်းရဲ စိတ်ဓာတ်မကျ၊ အားမငယ်၊ ပညာရေးကို အဆုံးရှုံးမခံ၊ လောကဓံကိုကြံ့ကြံ့ခံ၍ စိတ်ဓာတ်ကိုမြှင့်ကာ သည်းခံအောင့်အည်း၍ အထက်သို့တက်ရန် အစွမ်းကုန်ကြိုးစားသည်။ မိမိရည်မှန်းထားသည့် ပန်းတိုင်သို့ မရောက်သမျှ လုံးဝနောက်မဆုတ်၊ အချိန်မီအလုပ်ပြီးရန် မိမိကိုယ်မိမိ ထိန်း၍ ကြိုးစားသည်။ မိမိဘာသာကွန်း၍ ကြိုးစားသည်။ စာကြိုးစားပါဟု မည်သူကမှ မတိုက်တွန်းရ၊ မိမိဘာသာ ဆရာလုပ်၍ လမ်းညွှန်တိုက်တွန်းသည်။

ခမည်းတော် မယ်တော်ထံ မျက်မှန်ဖိုး အလှူခံ

တစ်ချိန်တွင် အရှင်သိရိန္ဒသည် ပရိယတ္တိစာပေ ကြိုးစားအားထုတ်ရင်း မျက်စိမကောင်း ဖြစ်လာသည်။ အဝေးသို့ကြည့်လျှင်

http://www.dhammadownload.com

ဝေဝါးနေသည်။ သဲသဲကွဲကွဲ မမြင်ရ။ ဇဝေဇဝါ ဖြစ်လာသည်။ စာကို အချိန်ကြာကြာကြည့်လျှင် မျက်ရည်များကျလာသည်။ ဆရာဝန်ထံပြသရာ ဆရာဝန်က မျက်မှန်တပ်ရန်လိုအပ်ကြောင်း ပြောသဖြင့် ခမည်းတော်မယ်တော်ထံ စာရေးသားကာ ဝတ္ထုဇွေ ၁၅၀ ကျပ် အလှူခံသည်။ သာမန်ကိစ္စဖြင့် အလှူခံလေ့ မရှိဘဲ မတတ်သာ၍သာ အလှူခံခြင်းဖြစ်သည်။

ထိုအချိန်တွင် ခမည်းတော် မယ်တော်တို့မှာ စီးပွားရေးအကြပ်အတည်းများနှင့် ကြုံတွေ့နေရချိန် ဖြစ်သော်လည်း ဆွေမျိုးများပါ စုပေါင်းပြီး သားတော်ပဉ္စင်းအတွက် ဝတ္ထုဇွေ ၁၅၀ ကျပ်ကို ပေးပို့လှူဒါန်းလိုက်ကြသည်။ ပေးပို့လှူဒါန်း လိုက်သော ဝတ္ထုဇွေများ ရောက်ရှိလာသောအခါ အရှင်သိရိန္ဒသည် စိတ်မကောင်းစွာဖြင့် ခမည်းတော်မယ်တော်တို့ထံ ပြန်စာ ရေးပို့လိုက်သည်။

ခမည်းတော် မယ်တော်ထံ ပြန်စာ

ဒါယကာကြီး ဦးရဲနိုင်

၁၃၂၅-ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက် (၃-၁၂-၆၃) အင်္ဂါ

ဦးပဉ္စင်း စာရေးသား ပြန်ကြားအပ်ပါသည်

ဒါယကာကြီးနှင့်တကွ ဦးကျော်ထိုက်၊ ဒေါ်ရွှေဖုံး၊ ဒေါ်ခြုံ ဦးကွမ်းအုပ် စသော ဒကာဒကာမတို့ထံမှ လှူဒါန်းတင်ပို့လိုက်သော ဝတ္ထုဇွေကို ၄င်းလဆုတ် ၂ ရက်နေ့တွင် ကောင်းစွာ လက်ခံရရှိပါသည်။ ဤကဲ့သို့ စီးပွားရေးအခက်အခဲကြားထဲမှ ဦးပဉ္စင်း မှာကြားသမျှ ဝတ္ထုဇွေ ၁၅၀ ကျပ်ကို မငြင်းမဆန်ဘဲ လှူဒါန်းတင်ပို့ကြသည်ကို ဦးပဉ္စင်းအနေဖြင့် ချီးကျူးပါသည်။ ဝမ်းမြောက်ပါသည်။

ဒကာဒကာမတို့ စီးပွားရေးအခက်အခဲနှင့် တွေ့ကြုံနေရသည်ဟု ကြားရတော့ ဦးပဉ္စင်း စိတ်မကောင်းပါ။ ဝတ္ထုဇွေကိုလည်း

http://www.dhammadownload.com

ရှေးကလို သုံးစရာရှိတိုင်း မသုံးဝံ့တော့ပါ။ မျက်စိကြည့်မကောင်းဟု ဆိုသော်လည်း မွဲတာတော့ မဟုတ်ပါ၊ အဝေးသို့ကြည့်လျှင် ဝေနေခြင်းသာ ဖြစ်ပါသည်။ စာကိုတော့ ကြည့်နိုင်ပါသည်။ သို့ရာတွင် စာကြည့်ဖန်များလာလျှင် မျက်ရည်များကျ၍ ဝေ၍လာသည်။ ရှိပါစေ၊ ကိုယ့်ဉာဏ်ကို ကိုယ်သုံးပြီး ကျန်းမာရေးကို စွမ်းနိုင်သမျှ ဂရုစိုက်လျက်ပါပဲ။

ဦးပဉ္စင်းသည် တတ်နိုင်သမျှ အဆင်းရဲခံပါမည်။ ရဟန်းတို့၏ ရောင့်ရဲခြင်းဖြင့် ဖြစ်သလိုပဲ တင်းတိမ်ရောင့်ရဲနေပါမည်။ မိမိ၏ ရည်ရွယ်ချက် ပညာရေးလမ်းဖြောင့်ဖို့သာ အဓိကဖြစ်သည်ဟု သဘောထားပါသည်။

ဦးပဉ္စင်းတွင် လွန်ခဲ့သော တန်ဆောင်မုန်းလဆန်းမှစ၍ နတ်တော်လဆန်းအထိ ပခုံးဥ်အနာပေါက်ခဲ့ရာ တစ်လကျော်ကျော်မျှ တော်တော်ပြင်းထန်အောင်ခံရပြီး ဆေးဆရာကိုပြ၍ ကုသသဖြင့် ပျောက်ခါနီးပါပြီ။

ဒါယကာကြီးထံမှစာတွင် ဘထွေးတော်သူ ဦးရဲလှထံတွင် ဝတ္ထုဌေ အလျှုခံရမည်ဟုပါရာ ဦးပဉ္စင်းအနေဖြင့် တကယ့်တကယ် အခက်အခဲနှင့် ကြုံနေလျှင်တော့ တောင်းပါမည်။ နေသာသမျှတော့ နေပါမည်။ ကလေးမြို့နယ် မြို့လှဘုန်းကြီး ဦးနန္ဒကထံမှလည်း စာအုပ်ဖိုးသက်သက် ၁၀၀၊ အထွေထွေသုံးရန် ၄၀၊ ပေါင်း ၁၄၀ ကို ၁၃၂၄-ခုနှစ် နတ်တော်လက တစ်ကြိမ်၊ လွန်ခဲ့သော ကဆုန်လက တစ်ကြိမ် ထောက်ပံ့ခဲ့ပါသည်။

ဒါယကာကြီး ဒါယိကာမကြီးနှင့်တကွ သားသမီး ဆွေမျိုး ဥာတိအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဦးပဉ္စင်း မေတ္တာပို့သလျက် ရှိပါသည်။

ဦးသိရိန္ဒ
မန္တလေး

http://www.dhammadownload.com

ရုပ်သာဆင်းရဲ စိတ်မမွဲ

ထိုခေတ် မန္တလေးမြို့၌ ပညာသင်ယူနေကြသော ရဟန်းသံဃာတော်များသည် အစားဆင်းရဲ၊ အနေဆင်းရဲ၊ အရာရာ ဆင်းရဲကြသည်။ ထိုအထဲတွင် အရှင်သိရိန္ဒလည်း ပါဝင်ခဲ့သည်။ အရှင်သိရိန္ဒသည် ဆင်းရဲမှုကို ဘေးဖယ်၍ ပညာရေးကို ပဓာနထား ရှေ့တန်းတင်ပြီး ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်ကာ ကြိုးစားအားထုတ်ခဲ့သည်။ ရုပ်ဆင်းရဲသော်လည်း စိတ်အဆင်းရဲမခံ၊ ရုပ်ပင်ပန်းသော်လည်း စိတ်အနွမ်းမခံ။ ငယ်စဉ်မှစ၍ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်တတ်သူ ဖြစ်သည်။ အနစ်နာခံတတ်သည်။ နေမကောင်းဖြစ်နေလျှင်ပင် သူတစ်ပါးကို မပူဆာတတ်၊ မိမိဘာသာ သည်းခံအောင့်အည်းနေသူ ဖြစ်သည်။ အစားအသောက်ကိုလည်း အကောင်းအဆိုးမရွေးဘဲ ခန္ဓာကို လိုသလို သုံးနိုင်ရန် ရှိတာနှင့်သာ ဘုဉ်းပေးသည်။

အရှင်သိရိန္ဒ မန္တလေးမြို့၌ ပညာသင်ယူစဉ်က နေ့စဉ် ဆွမ်းခံ၍ ဘုဉ်းပေးခဲ့ရသည်။ ဆွမ်းနှင့်ဆွမ်းဟင်းများ ရသည့်အခါရှိသလို လုံလုံလောက်လောက် မရသည့်အခါလည်း ရှိတတ်သည်။ တစ်ခါတစ်ရံ ဆွမ်းဟင်းမပြည့်စုံ၍ ထန်းလျက်ခဲဖြင့် ဆွမ်းဘုဉ်းပေးခဲ့ရကြောင်း သိရသည်။ ဆွမ်းခံအိမ်ဖိတ်ရဲသော သတ္တိမရှိ၊ ငယ်စဉ်မှစ၍ လူတော်သို့ ဝင်ရ ရောနှောရမည်ကို ဝန်လေးတတ်သူ ဖြစ်သည်။ အဖော်ရဟန်းက ဆွမ်းခံအိမ်ဖိတ်ပေးမည်ဟု ခေါ်သော်လည်း မလိုက်ရဲ၊ ရုပ်ဆွမ်းကိုသာခံယူ၍ ရသမျှနှင့် တင်းတိမ်ရောင့်ရဲနေသည်။ အရှင်သိရိန္ဒ၏ တည်ကြည်မှု၊ ကြွန်ဒေသိကဘာရှိမှု၊ ရိုးသားဖြောင့်မတ်မှုတို့ကို တွေ့မြင်နေကြသော ဒကာဒကာမများက ကြည်ညိုကြသဖြင့် "အရှင်ဘုရား၊ တပည့်တော် တပည့်တော်မတို့အိမ်သို့ နေ့စဉ် ထိုင်ဆွမ်းကြွတော်မူပါဘုရား" ဟု လျှောက်ရာ အရှင်သိရိန္ဒက "ဦးပဉ္စင်း

http://www.dhammadownload.com

ရပ်ဆွမ်းသာ ခံပါရစေ၊ အိမ်တွင်းသို့ဝင်၍ ထိုင်ဆွမ်းတော့ မခံပါရ စေနှင့်'' ဟု ပြော၍ ငြင်းပယ်လိုက်လေသည်။

အရှင်သိရိန္ဒ ဆင်းရဲပင်ပန်းစွာ နေ့စဉ် ရပ်ဆွမ်းခံကြွ၍ ဘုဉ်းပေးနေရသည့်သတင်းကို လက်ပန်ရွာမှ အဘွားဖြစ်သူ ဒေါ်ရွှေဖုံး ကြားသိသောအခါ ''ဦးပဉ္စင်း၊ ကျောင်းတိုက်အနီးရှိ ထမင်းဆိုင်၌ လခပေး၍ ဆွမ်းဘုဉ်းပေးပါဘုရား၊ ကျသင့်သည့်ဆွမ်းစရိတ်ကို တပည့်တော် လှူပါမယ်ဘုရား'' ဟု လျှောက်ရာ အရှင်သိရိန္ဒက ''ရဟန်းဟူသည် လူသူစည်ကားသော ထမင်းဆိုင်၌ အမြဲ ဆွမ်းဘုဉ်း ပေးရန် မသင့်တော်'' ဟု ပြောဆို၍ ငြင်းပယ်လိုက်သည်။

''ဆွမ်းခံကြွတာဟာ သာသနာပြုတာပဲ။ ဆင်းရဲခက်ခဲ ပင်ပန်း မှသာ ပညာတန်ဖိုးရှိမည်ဖြစ်၍ ရှိသမျှရသမျှဖြင့်သာ တင်းတိမ်ရောင့်ရဲ ကျေနပ်နေမည်။ ပညာရေးသာ အဓိကဖြစ်သည်'' ဟု ခံယူချက် ရှိထားသော အရှင်သိရိန္ဒသည် ထိုင်ဆွမ်းကိုလည်း လက်မခံ၊ အဘွားဖြစ်သူက ကျသင့်သည့်လခကို ပေးလှူပါမည်၊ ဆိုင်မှာသာ ဆွမ်းဘုဉ်းပေးပါရန်ဟု လျှောက်ထားသည်ကိုလည်း လက်မခံဘဲ ရပ်ဆွမ်းကိုသာ ခံယူဘုဉ်းပေးတော်မူလေသည်။

မြောင်းမြ သာသနာပိုင် ဆရာတော် ချီးမွမ်း

အရှင်သိရိန္ဒ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ နေထိုင် စဉ်က အောင်မြေသာစည် အလယ်တိုက်ကြီးရှိ ရဟန်းတော်များ ပါတိမောက်ပြရာတွင် အရှင်သိရိန္ဒအလှည့်သို့ ကျရောက်လာသဖြင့် အရှင်သိရိန္ဒသည် မထစ်မငေါ့ မနှေးမမြန် ရှင်းလင်းပီသစွာ ရွတ်ဆိုပြီး ပါတိမောက်ပြသည်။ ပါတိမောက်ပြပြီးချိန်တွင် မြောင်းမြ သာသနာ ပိုင် ဆရာတော်ကြီးက သံဃာတော်များအား ဩဝါဒ မိန့်ကြားသည့် အခါ **''ယခု ပါတိမောက်ပြသွားတဲ့ ဦးပဉ္စင်းဟာ ပါတိမောက်ပြတာ**

http://www.dhammadownload.com

သိပ်နှုတ်ရှင်းတယ်။ စာလည်း ကြည်ညက်တယ်။ ဝိနည်းတော်ကို ရိုသေလေးစားသောအားဖြင့် မနေးမမြန် ရွတ်ပြသွားလိုက်တာ သိပ်ကြည်ညိုစရာ ကောင်းတယ်။ ပါတိမောက် မပြရသေးတဲ့ ကိုယ်တော်တွေလည်း တာဝန်ကျလို့ ပါတိမောက်ပြကြရပြီဆိုလျှင် ဒီဦးပဉ္စင်းလို ကြည်ညိုဖွယ်ဖြစ်အောင် ပြကြ၊ စာကိုလည်း ကြေအောင် လုပ်ထားကြ" ဟု သံဃာ့ပရိသတ်ထဲ၌ အရှင်သိရိန္ဒကို ချီးမွမ်းစကား မိန့်ကြားတော်မူလေသည်။

ဓာတ်ချင်း နီးစပ်လာပြီ

အရှင်သိရိန္ဒသည် မန္တလေးမြို့၌နေထိုင်စဉ် ရန်ကုန်သို့ စေတိယဂိဏ်းအသင်းကြီး၏ စေတိယဂိဏ်း အဘိဝံသစာမေးပွဲ ဖြေဆိုရန် ရောက်လာသည်။ ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး အင်းလေးခမ္မာရုံတွင်တည်းခို၍ စေတိယဂိဏ်းစာမေးပွဲကို ဖြေဆိုသည်။ စာမေးပွဲဖြေဆိုပြီး၍ မန္တလေးမြို့သို့ပြန်မကြွမီ သွေးဆေးကန် ဦးပဏ္ဍိစ္စနှင့်အတူ လမ်းလျှောက်ရင်း ဗဟန်းမြို့နယ် နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ရှေ့သို့ ရောက်လာခဲ့သည်။ ကျောင်းတိုက်အတွင်းသို့မူ မဝင်ဖြစ်ခဲ့၊ ဦးပဏ္ဍိစ္စက "**မန္တလေးမြို့ စာချုပ်ကျော် အရှင်ဝါသဝါဘိဝံသ သီတင်းသုံးတော်မူသည့် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ဆိုတာ ဒီကျောင်းပဲ**" ဟု လက်ညှိုးထိုးပြသည်။ ထိုအခါ အရှင်သိရိန္ဒသည် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ကို အပြင်ဘက်မှ လှမ်းမျှော်ကြည့်၍ "ငါသည် တစ်ချိန်မှာ ဒီကျောင်းတိုက်ကို ရောက်လာနိုင်သည်" ဟု တွေးမိသွားသည်။ အရှင်သိရိန္ဒနှင့် မဟာဝိသုဒ္ဓါရုံ ဓာတ်ချင်း နီးစပ်လာနေပြီ၊ ဓာတ်ကူးစပြုလာနေပြီ ဖြစ်သည်။

အရှင်သိရိန္ဒသည် မန္တလေးမြို့၌ ပညာသင်ယူစဉ်ကပင် ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ စာချုနာမည်ကျော်ကြားသည့် ဂုဏ်

http://www.dhammadownload.com

သတင်းကို ကြားသိနေခဲ့သောကြောင့် အရှင်ဝါသဝါဘိဝံသ၏ အရိပ်ကို ခိုလှုံကာ ပညာသင်ကြားရန် စိတ်ဆန္ဒရှိနေခဲ့ခြင်း ဖြစ်သည်။

http://www.dhammadownload.com

တတိယပိုင်း



အောင်ပွဲအဆင့်ဆင့် နှိုင်းတင့်

http://www.dhammadownload.com

http://www.dhammadownload.com

ရန်ကုန် မဟာဝိသုဒ္ဓါရုံသို့

၁၃၂၉-ခုနှစ် နယုန်လ၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံသံတော်ဆင့်ဆရာတော် ဦးတိလောကဓ၏ အပ်နှံပေးချက်အရ အပ်စာနှင့်အတူ ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ ခြေတော်ရင်းသို့ ရောက်လာခဲ့သည်။ ဓာတ်ကောင်းရှိသည့်ဆရာတော်က ဓာတ်ကောင်းပြည့်သည့် ဆရာတော်ထံ ရောက်ရှိရန် အရှင်သိရိန္ဒကို ပို့ဆောင်အပ်နှံပေးလိုက်သည်။

အရှင်သိရိန္ဒသည် အရှင်ဝါသဝါဘိဝံသနှင့် ဓာတ်ကောင်းချင်းဆက်သွယ်မိသွားသည်။ မဟာဝိသုဒ္ဓါရုံသို့ ရောက်လာသည့်အခါ ဆရာတော် အရှင်ဝါသဝါဘိဝံသကိုယ်တိုင် ပါဠိဝဏ္ဏသကာ ကျောင်းဆောင်သို့ လိုက်ပို့ပေး၍ ''ဒီနေရာမှာ ခဏနေဦး'' ဟု ဆိုကာ နေရာချပေးသည်။ ထိုအချိန်က ပါဠိဝဏ္ဏသကာ ကျောင်းဆောင်သည် တစ်ထပ်ကျောင်းလေးသာဖြစ်ပြီး ဘုန်းကြီးဦးစန္ဒသိရီ (ယခု တပ်ကုန်းမြို့၊ ရွာဦး စန္ဒာရုံကျောင်းဆရာတော်)၊ ဘုန်းကြီး ဦးကောဏ္ဍည (ဆရာတော် ဦးကောဏ္ဍည၊ ပျဉ်လွန်) နှစ်ပါးနှင့် စာချုတန်းဝင်

http://www.dhammadownload.com

စာသင်သားများ သီတင်းသုံးတော်မူကြသည်။ ဝါတွင်းသို့ ရောက်သည့် အခါ ဆရာတော် အရှင်ဝါသဝါဘိဝံသက အရှင်သိရိန္ဒကို စာချ ဆရာတော် ဦးသီလာစာရာဘိဝံသနေသည့် ဓမ္မာစရိယ အုတ်ကျောင်းသို့ ပြောင်းရွှေ့နေရာချပေးသည်။ စာချတန်း မပြီးသေးသော်လည်း အရည်အချင်းကိုယုံကြည်၍ စာချဘုန်းကြီးတာဝန်ကိုပါ ပေးအပ်လိုက် ပြီး "နေ့ဆွမ်း ဆွမ်းခံမထွက်နဲ့" ဟုလည်း ချီးမြှောက်တော်မူသည်။

အရှင်သိရိန္ဒသည် ဆရာတော် အရှင်ဝါသဝါဘိဝံသ၊ စာချ ဆရာတော် ဦးသီလာစာရာဘိဝံသ၊ အလယ်တောရဆရာတော် ဦးသူရိယာဘိဝံသတို့ထံ၌ စာ ၂-ဝါ တက်ရင်း စာသင်သားများအား လည်း စာ ၂-ဝါ သင်ပြပို့ချပေးရင်း ကြိုးစားအားထုတ်ခဲ့ရာ ၁၃၂၉ ခုနှစ် အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် ကျမ်းရင်းသုံးကျမ်း၌ တစ်နိုင်ငံ လုံးတွင် နံပါတ်တစ် အမှတ်အများဆုံးဖြင့် အောင်မြင်ပြီး "အဂ္ဂမဟာ အကျော်" ဘွဲ့နှင့် "သာသနဓဇ ဓမ္မာစရိယ" ဘွဲ့ကို ရရှိခဲ့သည်။

၁၃၃၀-ခုနှစ်၌ မန္တလေးမြို့ သကျသီဟ စာသင်တန်းကို နံပါတ်တစ် အမှတ်အများဆုံးဖြင့်အောင်မြင်ပြီး ၁၃၃၁-ခုနှစ်၌ ရန်ကုန်မြို့ စေတိယင်္ဂဏ သီးခြားစာချတန်းကို အောင်မြင်သဖြင့် "ဦးသိရိန္ဒာဘိဝံသ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက" ဘွဲ့ကို ရရှိခဲ့သည်။

တောရွာမှာနေ၍ တောဘုန်းကြီးလုပ်မည်ဟုသာ ရည်ရွယ်ခဲ့

အရှင်သိရိန္ဒာဘိဝံသသည် ၁၃၂၄ ခုနှစ် ရဟန်းဖြစ်သည့်နှစ်က **"ဓမ္မာစရိယအောင်လျှင် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်နယ်မြေသို့ပြန်၍ တောဘုန်းကြီးကလေးတစ်ပါးအနေဖြင့် သာသနာပြုမည်"** ဟူသော ရည်ရွယ်ချက်ဖြင့် ပညာသင်ရန် မြို့သို့လာခဲ့ခြင်း ဖြစ်သည်။ မြို့ကြီး များ၌ အပြစ်ကင်းအောင်နေထိုင်ဖို့ ခဲယဉ်းသဖြင့် အမြဲနေထိုင်ရန်

http://www.dhammadownload.com

ဆန္ဒမရှိခဲ့ချေ။ ဆရာမိဘများကလည်း မြို့ကြီးများ၌ အမြဲ မနေစေလိုကြပေ။ ထို့ကြောင့် ဓမ္မာစရိယ ရိုးရိုးပြီးရန် တစ်မျိုးလောက်ကိုသာ စိတ်၌ဦးတည် ရည်မှန်းခဲ့သည်။ သက္ကသီဟ စေတိယင်္ဂဏ စာမေးပွဲတို့ကို ခက်လှသည်ဟုကြားဖူး၍ စိတ်ကူးမျှပင် မထည့်ခဲ့။ တိပိဋကရေဟူသည်ကိုကား မိမိနှင့် ထိုက်တန်သည်ဟုပင် မယူဆခဲ့ချေ။ သို့သော်လည်း အရှင်သိရိန္ဒာဘိဝံသသည်-

၁။ အတိတ်ကံကောင်း အရင်းအနှီး ပါလာသည်။

၂။ တိုးတက်နိုင်မည့် နေရာကောင်းကို အဆင့်ဆင့် ရောက်သွားသည်။

၃။ အရည်အချင်းရှိသော မိဘဆရာသမားဟူသော အမှီကောင်းကို ရသည်။

၄။ ကိုယ့်ကိုယ်ကိုယ် မတိမ်းစောင်းအောင် ထိန်းကျောင်းတတ်သည်။

ဤစက် (၄) ပါး အဆက်မပြတ် လည်ပတ်နိုင်သောကြောင့် ရည်မှန်းထားသည်ထက် အဆများစွာ အောင်မြင်မှု ရရှိခဲ့သည်။

အောင်မြင်မှု ရရှိနိုင်ဖို့ ဟူသည်မှာ-

၁။ ကြီးပွားတိုးတက်ကြောင်း နည်းလမ်းကောင်းကို လက်ခံနိုင်ရမည်။

၂။ အထိန်းကောင်း ရှိရမည်။ ကိုယ့်ကိုယ်ကိုယ် မတိမ်းစောင်းအောင် ထိန်းကျောင်းနိုင်ရမည်။

၃။ တွန်းအားကောင်း ရှိရမည်။ ကိုယ့်ကိုယ်ကိုယ် အချိန်မီပြီးအောင် တွန်းပေးတတ်ရမည်။

http://www.dhammadownload.com

၄။ လမ်းညွှန်ကောင်း ရှိရမည်။ ကိုယ့်ကိုယ်ကိုယ် လမ်းညွှန်တတ်ရမည်။ အရာရာ ကြည့်ရှုသုံးသပ် ဆုံးဖြတ်တတ်ရမည်။

အရှင်သိရိန္ဒာဘိဝံသသည် ထိုအရည်အချင်း စွမ်းအားများကို ရနိုင်အောင် ကြိုးစားသူ ဖြစ်သည်။

တိပိဋက လမ်းအစ

အရှင်သိရိန္ဒာဘိဝံသသည် ဖြေဆိုခဲ့သမျှ စာမေးပွဲများကို အခက်အခဲမရှိ လွယ်လွယ်ကူကူဖြင့်သာ အောင်မြင်ခဲ့သည်။ စေတိယဂိရိ "အဘိဝံသ" ဘွဲ့နှင့် မဇ္ဈိမစရိယစာချုပ်တွင် တစ်နိုင်ငံလုံး အမှတ်အများဆုံး နံပါတ်တစ်ရ၍ "အဂ္ဂမဟာအက္ခော်" ဘွဲ့ "သာသနဓဇ မဇ္ဈိမစရိယ" ဘွဲ့ကို ရရှိပြီးသောအခါ ဆရာတော် အရှင်ဝါသဝါဘိဝံသက အရှင်သိရိန္ဒာဘိဝံသ၏ ဉာဏ်ပညာ အရည်အချင်းကိုယုံကြည်၍ တိပိဋက ကျက်မှတ်ရန် ဝမ်းမြောက်ဝမ်းသာ အားပေးတိုက်တွန်းလေသည်။

ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ အားပေးတိုက်တွန်းမှုနှင့် မိမိကိုယ်တိုင်ကလည်း ဘုရားဟော ပိဋကပါဠိတော်များကို အစွမ်းရှိသလောက် လေ့လာလိုခြင်းစသော အကြောင်းများကြောင့် တိပိဋကဓရလမ်းစသို့ ရောက်မှန်းမသိ ရောက်လာခဲ့ခြင်း ဖြစ်သည်။

တိပိဋက အစမ်းပြန်ဆို

အရှင်သိရိန္ဒာဘိဝံသသည် ၁၃၃၁-ခုနှစ်၌ တိပိဋကဓရ ရွှေချယ်ရေး စာမေးပွဲကြီးတွင် ဝိနည်းပါဠိတော် ၅ ကျမ်း (ဝိနယပိဋက) ၁ ပုံကို သကျသီဟ စာချုတန်းလုပ်ရင်း တစ်နေ့ စာ ၂-ဝါ ပို့ချရင်း အစမ်းသဘောမျိုးဖြင့် စတင်ကျက်မှတ် ပြန်ဆိုခဲ့ရာ အချိန်မီ မကျက်လိုက်ရသော စူဠဝါ ဥဒါန်းစဉ်ဂါထာအချို့မှတစ်ပါး အားလုံးကို

http://www.dhammadownload.com

ချောမောစွာပြန်ဆိုနိုင်ခဲ့သည်။ စာကုန်အောင် မကျက်ရ သေးသဖြင့် မအောင်နိုင်မှန်းသိသော်လည်း သဒ္ဓါတရားသက်သက်ဖြင့် ကြည်လင်ပျော်ရွှင်စွာ ပြန်ဆိုခဲ့ခြင်း ဖြစ်သည်။

အချိန်မမီ၍ မကျက်ရသေးသော ခုဒ္ဒကဝတ္ထုကွန္ဓကအဆုံး ဥဒါန်းစဉ်ဂါထာ ၅၀-သို့ အလှည့်ရောက်လာသောအခါတွင် အရှင်သိရိန္ဒာဘိဝံသက ပြုံးကာ လက်အုပ်ချီလျက် ''အဲဒီဂါထာတော်များကို ဘုရားတပည့်တော် ရအောင်မကျက်ရသေးပါဘုရား၊ သေနာသနက္ခန္ဓကကို ကျော်ပြီး အပြန်ခိုင်းတော်မူပါဘုရား'' ဟု လျှောက်လေသည်။ ထိုအခါ စာထောက်စာမဆရာတော်များက ''အရှင်ဘုရား ရှေ့မှာ အားလုံးကို ချောမောကြေညက်စွာ ပြန်ဆိုနိုင်ခဲ့ပါလျက် ဒီနေရာလေးကျမှ အလကားဖြစ်ပြီး နစ်နာသွားလိမ့်မယ်။ သိပ်နှမြောစရာကောင်းတယ်။ တစ်ဂါထာလောက်ဖြစ်ဖြစ် ပြန်လိုက်ပါဦး၊ ပြီးလျှင် ကျော်ပေးလိုက်မယ်'' ဟု မိန့်တော်မူရာ အရှင်သိရိန္ဒာဘိဝံသက '' ရကို မရတာပါဘုရား '' ဟု ပြန်လျှောက်လေသည်။

စာထောက်စာမ ဆရာတော်များက ''ဒီလိုဆို အရှင်ဘုရား စာမေးပွဲ ကျသွားမှာပေါ့'' ဟု မိန့်တော်မူပြန်ရာ ''**မှန်ပါ့ ကျပါစေဘုရား၊ တပည့်တော်သည် ဒီဂါထာများကို မကျက်ရသေး၍ မရမှန်း သိပါ တယ်ဘုရား၊ ကုသိုလ်ရချင်လို့သာ အစမ်းသဘောဖြင့် ဝင်ပြန်နေ တာပါဘုရား။ ကျော်၍သာ မေးတော်မူပါဘုရား၊ ဆက်လက် ပြန်ဆိုပါမည်ဘုရား**'' ဟု ဆိုကာ ကျန်ပါဠိတော်များကို တည်ငြိမ်စွာ ဆက်လက် ပြန်ဆိုတော်မူသည်။ ချောမောစွာ ပြန်ဆိုနိုင်သည်။

စာထောက်စာမ ဆရာတော်များသည် ''ဤအရှင်မြတ်ဟာ ဒီလောက်များပြားသည့်စာတွေကို ချောမောစွာ ရရှိခဲ့ပါလျက်နှင့် မဖြစ်သင့်တဲ့ ဂါထာအနည်းစုလေးကြောင့် စာမေးပွဲကျရလေခြင်း''

http://www.dhammadownload.com

ဟု ဆိုကာ စိတ်မကောင်း ဖြစ်တော်မူကြရသည်။ အရှင်သိရိန္ဒာဘိဝံသ၏ ချောမောကြေညက်စွာ ပြန်ဆိုနိုင်မှုကို စာထောက်စာမဆရာတော်များ အားရနှစ်သက်သဘောကျသဖြင့် ရှေ့၌ ပါဠိတော်များ ဂါထာတော်များကို ကျော်သင့်တာကျော်၍ စာပြန်ခိုင်းခဲ့သည်။ နောက်မှကျက်မည်ဟု ချန်ထားခဲ့သော ဂါထာအုပ်စုလေးကိုမှ စာထောက်စာမများက မကျော်ပေးဖြစ်ဘဲ မေးလိုက်သည်နှင့် တိုက်ဆိုင်စွာ ကြုံရလေသည်။ ဤဂါထာအုပ်စုကို စာမေးပွဲနီး၍ အချိန်မလောက်တော့သဖြင့် မကျက်လိုက်ရခြင်း ဖြစ်သည်။

ပင်လယ်ပြင်ကို လက်ပစ်ကူးခတ်နိုင်ခဲ့ပြီး မြောင်းငယ်လေးရောက်မှ ရေနစ်နေသကဲ့သို့ အရှင်သိရိန္ဒာဘိဝံသသည်လည်း ရှေ့၌ များပြားလှသော ပါဠိတော်များ၊ ဂါထာတော်များကို ချောချောမောမော ပြန်ဆိုနိုင်ခဲ့ပါလျက် မပြောပလောက်သည့် ဂါထာအုပ်စုလေးတစ်စုကြောင့် ထိုနှစ်၌ စာမေးပွဲကျရှုံးခဲ့ရသည်။ စာမေးပွဲ ကျရှုံးခဲ့သော်လည်း ဣန္ဒြေမပျက်၊ အပြုံးမပျက်၊ စိတ်ဓာတ် လုံးဝမကျ။ ဝိနည်းပါဠိတော် စာအုပ်ကြီး ၅-အုပ်ကို ၁၅-ရက်တိုင်တိုင် ချောမောစွာ ပြန်ဆိုပူဇော်ခွင့် ရရှိခဲ့ခြင်းကိုပင် ဝမ်းသာအားရ ကျေနပ်နေသည်။

အခက်နှစ်ပွဲ တစ်နှစ်ထဲ

အရှင်သိရိန္ဒာဘိဝံသ တစ်နှစ်တည်းဖြင့် အောင်မြင်ခဲ့သော အခက်နှစ်ပွဲမှာ မန္တလေးမြို့ သကျသီဟ စာချတန်းနှင့် တိပိဋကဓရ စာမေးပွဲ ဝိနည်းပိဋကဓ ၁-ပုံ အာဂုံ ရေးဖြေတို့ ဖြစ်သည်။

၁၃၃၂ ခုနှစ်၌ မပြီးပြတ်သေးသော သကျသီဟ စာချတန်းကို နေ့စဉ် စာ ၂ ဝါ ပို့ချပေးရင်း ကြိုးစားခဲ့ရာ သကျသီဟ ဓမ္မာစရိယ စာချတန်းကို နံပါတ်တစ် အမှတ်အများဆုံးဖြင့် အောင်မြင်၍ "သိရိန္ဒာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့ကို ရရှိခဲ့

http://www.dhammadownload.com

သည်။ ၂ ထပ်ကွမ်း အဘိဝံသ ဖြစ်လာသည်။ ထိုနှစ်မှာပင် ၂၃ ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီးတွင် ဝိနည်း ၅ ကျမ်းကို အာဂုံ ရေးဖြေတွဲ၍ ပြန်ဆို ရေးဖြေ ဖြေခဲ့ရာ အာဂုံရော၊ ရေးဖြေပါ နှစ်မျိုးလုံးအောင်မြင်သဖြင့် "ဝိနယဓရ ဝိနယကောဝိဒ" ဘွဲ့ကို ရရှိပြီး ပိဋကဘ ၁-ပုံ အောင်မြင်တော်မူ၍ လစဉ် ဆွမ်းဆန်တော်စရိတ်၊ ကုန်း၊ ရေ၊ ခရီးသွားလာခွင့် အထက်တန်းလက်မှတ်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် ၁-လက် တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်တို့ကို ခံယူရရှိခဲ့သည်။ တစ်နှစ်တည်း၌ အခက်ခဲဆုံး နှစ်ပွဲကို ထိပ်ဆုံးကချည်း အောင်မြင်ခဲ့လေသည်။

မန္တလေးမြို့ သကျသီဟစာမေးပွဲသည် စာသင်တန်းရော၊ စာချတန်းပါ အလွန်နက်နဲ ခက်ခဲလှပေသည်။ သာမန် ကံ၊ ဉာဏ်၊ ဝီရိယဖြင့် အောင်မြင်ဖို့ရန် မလွယ်ကူချေ။ ထိုစာမေးပွဲကို ဖြေဆိုရန် ကြိုးစားကြသော ပုဂ္ဂိုလ်များသည် များသောအားဖြင့် ကျန်းမာရေး ထိခိုက်သူက ထိခိုက်၊ မျက်စိမှုန်သူက မှုန်၊ ဆင်းရဲပင်ပန်းစွာ ကြိုးစားအားထုတ်နိုင်မှသာ အောင်မြင်ကြသည်။ သေမတတ် အပင်ပန်းခံ ကြိုးစားအားထုတ်ခဲ့ရပြီး အောင်မြင်မှုမရခဲ့ကြသော ပုဂ္ဂိုလ်များလည်း အများအပြား ရှိခဲ့ကြသည်။ ထိုစာမေးပွဲသည် ခက်ခဲနက်နဲလွန်းသောကြောင့် ရှေးဆရာတော်ကြီးများက "လူသတ် စာမေးပွဲ" ဟုပင် တင်စားခေါ်ဆိုမှု ပြုတော်မူကြသည်။

မဟာဝိသုဒ္ဓါရုံကျောင်းတိုက် တိုက်တည်ဆရာတော် အရှင် ဝါသဝါဘိဝံသသည်လည်း ထိုသကျသီဟစာမေးပွဲကို ဆင်းရဲပင်ပန်းစွာကြိုးစားပြီး အောင်မြင်ခဲ့သည်ဟု သိရသည်။ တပည့် ပရိသတ်များကို သြဝါဒမိန့်ကြားရာ၌ မကြာမကြာ မိန့်တော်မူသောစကားမှာ "ဒို့များ မန္တလေးမှာ သကျသီဟလုပ်ခဲ့စဉ်က သူများတွေမှာ ည သန်းခေါင်ကျော်လို့ တရေးနိုးကုန်ပြီ၊ ဒို့မှာ မအိပ်ရသေးဘူး၊ စာပြန်

http://www.dhammadownload.com

တုန်းရှိသေး။ သတ်မှတ်ထားတဲ့စာ မကုန်ရင်တော့ အိပ်ကို မအိပ်တာ၊ အိပ်ချင်လာလျှင် ကဲ... ဒီလောက်တောင် အိပ်ချင်လှတယ်၊ အိပ်ဦးမှ ရေတွင်းထဲကျသေရင်လည်း သေစမ်းကွာ ဆိုပြီး ရေတွင်းနှုတ်ခမ်းပေါ် တက်ထိုင်ကာ စာပြန်ခဲ့သည်''ဟု မိန့်ကြားကြောင်း သိရသည်။ ''အသက် ၂၇-နှစ် ပြည့်လို့မှ ထိုသကျသီဟ စာမေးပွဲကို မအောင်လျှင် လူထွက်တော့မည်'' ဟု ဆုံးဖြတ်ထားကြောင်း မိန့်ကြားသည်ဟုလည်း သိရသည်။

ဤမျှခက်ခဲသော သကျသီဟစာမေးပွဲကို အရှင်သိရိန္ဒာဘိဝံသသည် အမှတ်အများဆုံး နံပါတ်တစ်ဖြင့် အောင်မြင်ရုံမျှမက ဝိနည်းပိဋကတ ၁-ပုံကိုပါ အာဂုံရော ရေးဖြေပါတွဲလျက် အောင်မြင်လိုက်ပြန်ကာ ''ဝိနယဓရ ဝိနယကောဝိဒ'' ဘွဲ့တံဆိပ်တော်ကိုပါ ထူးကဲစွာ ရရှိတော်မူခဲ့လေသည်။

တိပိဋကဓရ စာမေးပွဲလောကဌ် ပဌမမြောက် တိပိဋကဓရ ဆရာတော် အရှင်သိရိန္ဒာဘိဝံသ၏ နောက်ပိုင်းတွင် ဝိနယပိဋက ၁ ပုံကို အာဂုံ ရေးဖြေတွဲလျက် တစ်နှစ်တည်းဖြင့် အောင်မြင်သူ ယနေ့ထိ မရှိသေးပေ။ ရှိလာဖို့လည်း မလွယ်ကူပေ။ သကျသီဟ စာချုတန်းနှင့် ဝိနည်းပိဋက ၁-ပုံ အာဂုံရေးဖြေ နှစ်ရပ်လုံးကို တစ်နှစ်တည်းဖြင့် ထူးကဲစွာ အောင်မြင်ခဲ့သောပုဂ္ဂိုလ်ဟူ၍ အရှင်သိရိန္ဒာဘိဝံသမှတစ်ပါး အခြားသူရှိသေးကြောင်းကို စာရေးသူ မကြားဖူးသေးပါ။ တစ်ခေတ်တွင် တစ်ပါးသာ ဖြစ်ပါလိမ့်မည်။

တိုက်တည်ဆရာတော် အရှင်ဝါသဝါဘိဝံသ အံ့အားသင့်

အရှင်သိရိန္ဒာဘိဝံသ တစ်နှစ်တည်းဖြင့် သကျသီဟ စာသင်တန်းတွင် နံပါတ်တစ်၊ အစိုးရစာချုတန်းတွင်လည်း နံပါတ်တစ် အဂ္ဂမဟာအကျော်ဖြင့် အောင်မြင်ခဲ့စဉ်အခါက ရန်ကုန် မဟာဝိသုဒ္ဓါရုံ

http://www.dhammadownload.com

ဆရာတော် အရှင်ဝါသဝါဘိဝံသသည် အံ့အားသင့်စွာဖြင့် "ဦးသိရိန်ဒီစာတွေ ဘယ်အချိန်မှာ ဘယ်လိုလုပ် ကျက်ထားသလဲ၊ ကိုယ်တော့် စာကျက်သံ စာအံသံကို တစ်ရက်မှ ကြားလည်း မကြားရ၊ တွေ့လည်း မတွေ့ရပါလား။ သူများတွေမှာ သကျသီဟ စာမေးပွဲလုပ်ပြီဆိုရင် အသက်ထွက်မတတ် အော်နိုင်၊ ကျက်နိုင်၊ အံနိုင် ကြိုးစားနိုင်မှ အောင်ကြတာ များပါတယ်။ ကိုယ်တော့်ဟာက တစ်မျိုးပါလား" ဟု မေးမြန်းသည့်အခါ အရှင်သိရိန္ဒာဘိဝံသက **"မှန်ပါ့၊ တပည့်တော်လည်း ကြိုးစားသင့်သလောက်တော့ ကြိုးစားရတာပါပဲဘုရား၊ ဒါပေမယ့် ဘုရားတပည့်တော်နည်းက စာလုပ်နေလို့ စာလုပ်မှန်းကို ဘေးကမသိနိုင်တဲ့ အသံတိတ်နည်း၊ စိတ်မှတ်နည်းပါဘုရား"** ဟု ပြန်လျှောက်ရာ ဆရာတော် အရှင်ဝါသဝါဘိဝံသက **"အော် ဒီလိုလား၊ ဒီလို ကိုယ်တော့်နည်းနဲ့သာဆိုရင် ပိဋကသုံးပုံကို ကျက်ရင်တောင် မပင်မပန်း သက်သက်သာသာနဲ့ ပြီးသွားနိုင်တယ်။ ဖြစ်နိုင်ရင် ပိဋကသုံးပုံကို ဆက်ပြီးကျက်မှတ်ပါဦး"** ဟု ဝမ်းသာအားရ တိုက်တွန်းစကား မိန့်ကြားတော်မူသည်။

သကျသီဟ စာမေးပွဲကို ဆရာတော် အရှင်ဝါသဝါဘိဝံသ ကိုယ်တိုင် ဆင်းရဲပင်ပန်းစွာ ကြိုးစားပြီး အောင်မြင်ခဲ့ရသည်ဖြစ်၍ အရှင်သိရိန္ဒာဘိဝံသ၏ အခက်နှစ်ပွဲကို တစ်နှစ်တည်းဖြင့် ထူးကဲစွာ အောင်မြင်ခဲ့ခြင်းအတွက် အံ့အားသင့်မည်ဆိုလျှင်လည်း အံ့အား သင့်လောက်ပါပေသည်။

ထပ်ဆင့် ပါဠိပါရဂူနှင့် ဒွိပိဋက ကောဝိဒ

အရှင်သိရိန္ဒာဘိဝံသသည် ၁၃၇၃-ခုနှစ် တိပိဋကဓရ ရွှေချယ်ရေး စာမေးပွဲကြီးတွင် အဘိမန္ဓာ ရှေ့ပိုင်းငါးကျမ်းကို ဝင်ရောက်ပြန်ဆိုခဲ့ရာ အာဂုံပြန်ဆိုအောင်မြင်၍ အသိအမှတ်ပြုလက်မှတ်ကို ခံယူရရှိတော်မူခဲ့သည်။ ၁၃၇၄-ခုနှစ်တွင် မန္တလေးမြို့ နိကာယ်

http://www.dhammadownload.com

စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရာ သီလက္ခန်ကျမ်းကို အောင်မြင်ပြီး ထိုနှစ်မှာပင် အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် ပဋ္ဌသမ္ဘိဒါမဂ္ဂ ပါဠိဂုဏ်ထူးဆောင်ကျမ်းကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်သဖြင့် "ပဋ္ဌသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ" ဘွဲ့ကို ရရှိခဲ့သည်။ ထပ်ဆင့် ပါဠိပါရဂူ ဖြစ်လာသည်။

၁၃၃၅ ခုနှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ အာဘိဓမ္မိကတန်းကို ဝင်ရောက်ဖြေဆိုရာ အမှတ်အများဆုံး နံပါတ်တစ်ရ၍ အောင်မြင်သည်။ ထိုနှစ်မှာပင် ဝိဘင်္ဂါဒိ မြန်မာဂုဏ်ထူးဆောင်ကျမ်းကို ဝင်ရောက်ဖြေဆိုရာ အောင်မြင်သဖြင့် "သိရီပဝရ ဓမ္မာစရိယ" ဘွဲ့ကို ရရှိခဲ့သည်။

၁၃၃၆-ခုနှစ်တွင် ရန်ကုန် နိကာယ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ အာဘိဓမ္မာ ပထမပိုင်း လေးအုပ်တွင် အမှတ်အများဆုံး နံပါတ်တစ်ဖြင့် အောင်မြင်၍ "နိကာယုဒ္ဓောတက အတ္ထဝိသာရဒ မူလအာဘိဓမ္မိက" ဘွဲ့ကို ရရှိခဲ့သည်။ ထိုနှစ်မှာပင် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး၌ အာဘိဓမ္မာ ပထမပိုင်း ၅-ကျမ်းကို ဝင်ရောက်ဖြေဆိုရာ သဘောရေးဖြေ အောင်မြင်ခဲ့သည်။

၁၃၃၈-ခုနှစ်တွင် ရန်ကုန် နိကာယ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ အာဘိဓမ္မာ အလယ်ပိုင်း လေးအုပ်တွင် အမှတ်အများဆုံး နံပါတ်တစ်ဖြင့် အောင်မြင်ခဲ့ပြီး အာဂုံကို ဂုဏ်ထူးဖြင့်အောင်မြင်သဖြင့် "နိကာယုဒ္ဓောတက ဓမ္မဝိသာရဒ မဇ္ဈိမ အာဘိဓမ္မိက" ဘွဲ့ကို ရရှိခဲ့သည်။ ထိုနှစ်မှာပင် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး၌ အာဘိဓမ္မာနောက်ပိုင်း ယမိုက် ပဋ္ဌာန်း ပါဠိတော်ကြီးများကို အာဂုံ သဘောရေးဖြေ နှစ်ရပ်လုံးတွဲလျက် အောင်မြင်သဖြင့် "အာဘိဓမ္မိက အာဘိဓမ္မကောဝိဒ" ဘွဲ့တံဆိပ်တော်နှင့် ပိဋကနှစ်ပုံ

http://www.dhammadownload.com

အောင်ပုဂ္ဂိုလ်၏ အဆောင်အယောင်များကို ရရှိတော်မူသည်။ ''ဒွိပဋ္ဌကဓရ ဒွိပဋ္ဌကကောဝိဒ'' ဘွဲ့ ဖြစ်လာသည်။

တိပိဋ္ဌကဓရ

အရှင်သိရိန္ဒာဘိဝံသသည် ၁၃၄၀-ခုနှစ်တွင် ရန်ကုန် နိကာယ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ဒီဃနိကာယ် သုံးကျမ်းကို အဓိပ္ပာယ် ဂုဏ်ထူးဖြင့် အောင်မြင်သဖြင့် ''နိကာယုဒ္ဓောတက အတ္ထဝိသာရဒ ဒီဃဘာဏက'' ဘွဲ့ကို ရရှိခဲ့သည်။ ထိုနှစ်မှာပင် တိပိဋ္ဌကဓရ ရွေးချယ်ရေး စာမေးပွဲကြီး၌ သုတ္တန္တပိဋ္ဌက ဒီဃနိကာယ် သုံးကျမ်းကို အာဂုံပြန်ဆို အောင်မြင်သဖြင့် ''ဒီဃဘာဏက'' ဘွဲ့ကို ရရှိသည့် အပြင် ပိဋ္ဌကသုံးပုံလုံး အာဂုံပြန်ဆို အောင်မြင်ပြီးစီးပြီဖြစ်၍ ''တိပိဋ္ဌကဓရ'' ဘွဲ့တံဆိပ်တော်နှင့် အရိုးနီကနက္ကဒဏ် ထီးဖြူတော် သုံးလက် တံဆိပ်ပါသော သာသနာ့အောင်လံတော်ကိုပါ လက်ခံ ရရှိတော်မူသည်။

တိပိဋ္ဌကဘွဲ့အပေါ် အဓိပတိ မတပ်သေး

အရှင်သိရိန္ဒာဘိဝံသသည် ငယ်ငယ်ကတည်းကပင် လူတော သို့ ဝင်ရ ရောနှောရမည်ကို ဝန်လေးတတ်သူ ဖြစ်သည်။ အများနှင့် ရောရောနှောနှော မနေတတ်။ ''တိပိဋ္ဌကအားလုံး ပြီးဆုံးသွားလျှင် ဒကာဒကာမများ ဝိုင်းအုံလာကြတော့မည်။ ဒကာဒကာမများနှင့် ရောနှောဆက်ဆံရတော့မည်။ တာဝန်တွေ ကြီးလာတော့မည်။ အလုပ် တွေ များပြားလာတော့မည်'' ဟု တွေးနေမိဟန်တူသည်။ ထို့ကြောင့် ၁၃၄၁-ခုနှစ်မှ ၁၃၄၅-ခုနှစ်အထိ တိပိဋ္ဌကဘွဲ့အပေါ် အဓိပတိ မတပ်သေးဘဲ စာချလုပ်ငန်းနှင့် တရားဟောလုပ်ငန်းကိုသာ ကြိုးစားနေ ခဲ့သည်။ အားလုံးပြီးဆုံးရန် လက်တစ်ကမ်းသာ ကျန်တော့သည့် တိပိဋ္ဌကစာမေးပွဲကို ဖြေရုံသာဖြေ၍ တစ်ခေါက်ပေါက်အောင်ပင်

http://www.dhammadownload.com

မဖတ်၊ တင်းတင်းရင်းရင်း မလုပ်တော့ဘဲ စာချအလုပ် တရားဟော အလုပ်ကိုသာ ကြိုးစားနေတော့သည်။

ခက်ခဲနက်နဲ၍ ကျယ်ပြန့်သော အဘိဓမ္မာပိဋကကိုသော်မှ လွယ်လွယ်ကူကူဖြင့် အချိန်တိုအတွင်း အောင်မြင်နိုင်ခဲ့သေးရာ ဤဒီဃနိကာယ်ရေးဖြေကိုကား တင်းတင်းရင်းရင်းဖြင့် တကယ်သာ လုပ်လိုက်လျှင် မအောင်မြင်နိုင်စရာအကြောင်း မရှိပေ။ ဆရာတော် သံဃာတော်များနှင့် ဒကာဒကာမများက ""အရှင်ဘုရား၊ တကယ် လုပ်ရင် ပြီးတာကြာပါပြီ။ အေးစက်စက်လုပ်ပြီး အချိန်ဆွဲမနေပါနှင့်တော့၊ လက်တစ်ကမ်းလေးပဲ လိုတော့တာ။ အရှင်ဘုရားကို တိပိဋကအားလုံးပြီးစေချင်ပြီ'' ဟု တိုက်တွန်းကြသည့်အခါ ""ဒီဃ'' ဆိုတော့ ရှည်ဦးမှာပေါ့ဟုသာ ပြန်လည် မိန့်ကြားတော်မူလေ့ရှိသည်။

အရှင်သိရိန္ဒာဘိဝံသ တိပိဋကဓရ ဘွဲ့ရခဲ့စဉ်က သက်တော် ၃၆-နှစ်သာ ရှိသေးသည်။ တိပိဋက ကောဝိဒ ဘွဲ့ရရှိချိန်တွင် သက်တော် ၄၂-နှစ် ရှိသွားခဲ့လေပြီ။ ကြားကာလ ၅-နှစ်အတွင်း တိပိဋကဘွဲ့အပေါ် အဓိပတိမတပ်သေးဘဲ အချိန်ဆွဲနေခြင်းမှာ တိပိဋကအားလုံး ပြီးဆုံးသွားလျှင် အရွယ်ကငယ်၍ ဂုဏ်ကကြီးပြီး အလုပ်တွေ များလာမည်ကို စိုးရိမ်နေဟန်တူသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် သက်တော် ၄၂-နှစ်၊ သိက္ခာတော် ၂၃-ဝါအရွယ်တွင် တိပိဋကဘွဲ့ကို ရရှိတော်မူသကဲ့သို့ အရှင်သိရိန္ဒာဘိဝံသသည်လည်း သက်တော် ၄၂-နှစ်၊ သိက္ခာတော် ၂၃-ဝါအရွယ်တွင် တိပိဋကဘွဲ့ကို ရအောင်ယူမည်ဟု ချိန်နေဟန်လည်း တူသည်။

တိပိဋက ကောဝိဒ

အရှင်သိရိန္ဒာဘိဝံသသည် ၁၃၄၆-ခုနှစ်တွင် သက်တော် ၄၂ နှစ်၊ သိက္ခာတော် ၂၃-ဝါသို့ ရောက်ရှိတော့မည် ဖြစ်သည်။

http://www.dhammadownload.com

အသက်အရွယ်က စကားပြောလာပြီဖြစ်၍ ယခုနှစ် "တိပိဋ္ဌက မုချ ၈ကန် ပြီးရမည်" ဟု ယတိပြတ်ဆုံးဖြတ်ကာ တန်ဆောင်မုန်း လကွယ်အထိ စာသင်သားများအတွက် စာနှစ်ဝါကို နေ့စဉ် သင်ပြ ပို့ချပေးပြီး နတ်တော်၊ ပြာသို နှစ်လတိတိ မင်းကွန်း ရတနာ ဂူချောင်သို့သွား၍ ဆရာတော်ဦးကာရဏိက၏ ကူညီစောင့်ရှောက် ချီးမြှောက်မှုဖြင့် စာကိုကြိုးစားကျက်မှတ်ကာ ထိုနှစ်တပို့တွဲလ၌ ၃၇ ကြိမ်မြောက် တိပိဋ္ဌကဓရ ရွှေးချယ်ရေး စာမေးပွဲကြီးတွင် ဒီဃနိကာယ်ကို ဝင်ရောက်ဖြေဆိုအောင်မြင်သဖြင့် "ဒီဃနိကာယ ကောဝိဒ" ဘွဲ့ကို ရရှိသည့်အပြင် သင်ရိုးပိဋ္ဌကသုံးပုံလုံး သဘောရေးဖြေ ပြီးဆုံးပြီဖြစ်သဖြင့် "တိပိဋ္ဌက ကောဝိဒ" ဘွဲ့တံဆိပ်တော် ကိုပါ ရရှိတော်မူလေသည်။ လစဉ် ဆွမ်းဆန်တော်စရိတ်နှင့် မိဘအတွက် လစဉ်ထောက်ပံ့စရိတ်၊ တပည့်နှစ်ဦးနှင့်အတူ ကုန်း၊ ရေ၊ လေ သုံးဌာန၌ အခမဲ့ခရီးသွားလာခွင့် အထက်တန်းလက်မှတ်၊ အရိုးဝါ ကနက္ကဒဏ်ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်တို့ကို ခံယူရရှိတော်မူသည်။

ပထမ တိပိဋ္ဌကဓရ မင်းကွန်းဆရာတော်ဘုရားကြီးသည် သက်တော် ၄၂-နှစ် သိက္ခာတော် ၂၃-ဝါ၌ "တိပိဋ္ဌကဓရ တိပိဋ္ဌက ကောဝိဒ" ဘွဲ့ကို ရရှိသကဲ့သို့ ပဉ္စမ တိပိဋ္ဌဓရ ဆရာတော် အရှင်သိရိန္ဒာဘိဝံသသည်လည်း သက်တော် ၄၂-နှစ်၊ သိက္ခာတော် ၂၃-ဝါ၌ပင် "တိပိဋ္ဌကဓရ တိပိဋ္ဌက ကောဝိဒ" ဘွဲ့တံဆိပ်ကို ရရှိတော်မူလေသည်။

တကယ်လုပ်တော့ အဟုတ်ဖြစ်

အရှင်သိရိန္ဒာဘိဝံသသည် မင်းကွန်းဆရာတော်ဘုရားကြီးနှင့် အသက်တူ၊ သိက္ခာတူ၊ တိပိဋ္ဌက ပြီးမြောက်ခဲ့သည်ကို ဂုဏ်ယူ ဝမ်းမြောက်သည်။

http://www.dhammadownload.com

ခက်ခဲလှသော သကျသီဟ စာချတန်းနှင့် ဝိနယပိဋက ၁ ပုံလုံးကို တစ်နှစ်တည်းဖြင့် အာဂုံရေးဖြေ နှစ်ရပ်လုံးတွဲလျက် အောင်မြင်ခဲ့သည်ကို ထောက်ရှု၍ တကယ်တမ်း တစိုက်မတ်မတ် လုပ်လိုက်လျှင် သက်တော် ၃၇-နှစ်အရွယ်၌ပင် ဒီဃနိကာယ် ရေးဖြေကို အောင်မြင်နိုင်ပြီး တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်ကြီးကို ရရှိလိမ့်မည်ဟု ခန့်မှန်းနိုင်ပါသည်။

တိပိဋက မင်းကွန်းဆရာတော်ဘုရားကြီး တိပိဋက ပြီးမြောက်တော်မူခဲ့သည့် အသက်သိက္ခာကို ချိန်တွယ်၍ စောင့်ဆိုင်းနေသည်ဟု ယူဆရသည်။ သက်တော် ၄၂-နှစ်၊ သိက္ခာတော် ၂၃-ဝါ အချိန်ရောက်တော့မှ နှစ်လတိတိသာ ကြိုးစားလိုက်ရပြီး တိပိဋက စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်၍ "တိပိဋက ကောဝိဒ" ဘွဲ့တံဆိပ်တော်ကို ရရှိလေသည်။ တိပိဋက မင်းကွန်းဆရာတော် ဘုရားကြီးနှင့် အသက်တူ၊ သိက္ခာတူ၊ တိပိဋက ပြီးမြောက်သွားသည်။ မိမိ ချိန်ရွယ်ထားသည့်အတိုင်း အချိန်ကိုက် ဖြစ်သွားခဲ့သည်။ တကယ်လုပ်တော့ အဟုတ်ဖြစ်သွားသည်။

အောင်ပွဲဆင့်ဆင့် နွဲ့တိုင်းတင့်

တိပိဋက ယောဆရာတော်သည် ရဟန်းဖြစ်ပြီးမှ စာမေးပွဲလောကသို့ စတင်ဝင်ရောက်ခဲ့ရသော်လည်း မြန်မာနိုင်ငံ၌ အခက်ခဲဆုံးဖြစ်သော တိပိဋကစာမေးပွဲနှင့် ဒုတိယ အခက်ခဲဆုံးဖြစ်သော သကျသီဟ စာမေးပွဲတို့အပါအဝင် အဆင့်အတန်းမြင့်မားသော စာမေးပွဲမျိုးစုံတို့ကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သည်။ တိပိဋက ယောဆရာတော်၏ အောင်မြင်မှုမှတ်တမ်းကို သုံးသပ်ကြည့်ပါက နှစ်စဉ် တစ်ပွဲမဟုတ်တစ်ပွဲ အောင်မြင်နေသည်ကို တွေ့ရပေမည်။

၁၃၂၄-ခုနှစ်တွင် ပထမငယ်တန်းကို အောင်မြင်တော်မူသည်။

http://www.dhammadownload.com

၁၃၂၅-ခုနှစ်တွင် ပထမလတ်တန်းကို အောင်မြင်တော်မူသည်။

၁၃၂၆-ခုနှစ်တွင် ပထမကြီးတန်းကို အောင်မြင်တော်မူသည်။

၁၃၂၇-ခုနှစ်တွင် ဓမ္မာစရိယစာချတန်း ပါရာဇိကဏ်၊ အင္ဂသာလိနီ ၂-ကျမ်း အောင်မြင်တော်မူသည်။

၁၃၂၈-ခုနှစ်တွင် ပါစိတ္တာဒိ ပါဠိဂုဏ်ထူးဆောင်ကျမ်း (ဝိနယပါဠိပါရဂူ)နှင့် စေတိယင်္ဂဏ စာသင်တန်းကို အောင်မြင်၍ "အဘိဝံသ" ဘွဲ့ ရတော်မူသည်။

၁၃၂၉-ခုနှစ်တွင် ဓမ္မာစရိယ စာချတန်းကို တစ်နိုင်ငံလုံး အမှတ်အများဆုံး နံပါတ်တစ်ဖြင့် အောင်မြင်တော်မူသည်။

၁၃၃၀-ခုနှစ်တွင် မန္တလေး သကျသီဟ စာသင်တန်းကို အမှတ်အများဆုံး နံပါတ်တစ်ဖြင့် အောင်မြင်တော်မူသည်။

၁၃၃၁-ခုနှစ်တွင် စေတိယင်္ဂဏ စာချတန်းကို အောင်မြင်တော်မူသည်။

၁၃၃၂-ခုနှစ်တွင် သကျသီဟ စာချတန်းကို နံပါတ်တစ် အမှတ်အများဆုံးဖြင့်အောင်မြင်၍ "အဘိဝံသ" ဘွဲ့နှင့် တိပိဋကစာမေးပွဲတွင် ဝိနယပိဋက ၁-ပုံကို အာဂုံ သဘောရေးဖြေ နှစ်ရပ်လုံး အောင်မြင်သဖြင့် "ဝိနယဓရ ဝိနယကောဝိဒ" ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။

၁၃၃၃-ခုနှစ်တွင် တိပိဋကစာမေးပွဲ အဘိဓမ္မာ ပထမပိုင်းကို အာဂုံ အောင်မြင်တော်မူသည်။

၁၃၃၄-ခုနှစ်တွင် မန္တလေး နိကာယ် သီလက္ခန်ကျမ်းနှင့် အစိုးရစာမေးပွဲ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိဂုဏ်ထူးဆောင်ကျမ်းကို အောင်မြင်သဖြင့် "ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ" ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။

http://www.dhammadownload.com

၁၃၃၅-ခုနှစ်တွင် သထုံ သုဝဏ္ဏဘူမိ အာဘိဓမ္မိကတန်းနှင့် အစိုးရစာမေးပွဲ ဝိဘင်္ဂါဒိ မြန်မာဂုဏ်ထူးဆောင်ကျမ်းကို အောင်မြင်သဖြင့် ''သာသနဓဇ သိရီပဝရ ဓမ္မာစရိယ'' ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။

၁၃၃၆-ခုနှစ်တွင် ရန်ကုန် နိကာယ် ''အတ္ထဝိသာရဒ မူလ အာဘိဓမ္မိက'' ဘွဲ့နှင့် တိပိဋကစာမေးပွဲတွင် အာဘိဓမ္မာ ပထမပိုင်း သဘောရေးဖြေကို အောင်မြင်တော်မူသည်။

၁၃၃၈-ခုနှစ်တွင် ရန်ကုန် နိကာယ် ''ဓမ္မဝိသာရဒ မဇ္ဈိမ အာဘိဓမ္မိက'' ဘွဲ့နှင့် တိပိဋက စာမေးပွဲတွင် အာဘိဓမ္မာ ဒုတိယပိုင်း အာဂုံ သဘောရေးဖြေ နှစ်ရပ်လုံး အောင်မြင်သဖြင့် ''အာဘိဓမ္မိက အာဘိဓမ္မ ကောဝိဒ'' ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။

၁၃၄၀-ခုနှစ်တွင် ရန်ကုန် နိကာယ် ''အတ္ထဝိသာရဒ ဒီဃဘာဏက'' ဘွဲ့နှင့် တိပိဋကစာမေးပွဲတွင် သုတ္တန္တပိဋက ဒီဃနိကာယ် သုံးကျမ်းကို အာဂုံအောင်မြင်သဖြင့် ''ဒီဃဘာဏက'' ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။ ပိဋကသုံးပုံလုံး အာဂုံပြီးဆုံးပြီဖြစ်၍ ''တိပိဋကဓရ'' ပိဋကသုံးပုံဆောင် ဖြစ်သွားသည်။

(၁၃၄၁-ခုနှစ်မှ ၁၃၄၅-ခုနှစ်အထိ တိပိဋကစာမေးပွဲအပေါ် အဓိပတိ မတပ်သေးဘဲ စာချလုပ်ငန်းနှင့် တရားဟောလုပ်ငန်းကိုသာ ကြိုးစားနေခဲ့သည်။)

၁၃၄၆-ခုနှစ်တွင် သုတ္တန္တပိဋက ဒီဃနိကာယ် သုံးကျမ်းကို သဘောရေးဖြေ အောင်မြင်သဖြင့် ''ဒီဃနိကာယ ကောဝိဒ'' ဘွဲ့တံဆိပ်ကို ရရှိတော်မူသည်။

ပိဋကသုံးပုံလုံး သဘောရေးဖြေ ပြီးဆုံးပြီဖြစ်၍ ''တိပိဋက ကောဝိဒ'' တိပိဋကစာမေးပွဲအားလုံး ပြီးဆုံးအောင်မြင်သွားသည်။

http://www.dhammadownload.com

စာပေလုပ်ငန်း တစ်မျိုးဆန်း

တိပိဋကဟ ယောဆရာတော်၏ စာကျက်နည်းသည် ရှားရှားပါးပါး ထူးခြားသောနည်း ဖြစ်သည်။ စာကို အသံထွက်၍ မကျက်၊ ပါးစပ်လှုပ်၍ ကျက်သည့်အခါပင် အလွန်နည်းသည်။ **မျက်စိကို ဖွင့်လိုက်ပိတ်လိုက် ကြည့်ရှု၍ နှလုံးသွင်းပြီး ကျက်သည်။ စာကို တရားမှတ်သလိုမှတ်၍ ကြည့်ရှုရုံမျှသာ ဖြစ်သည်။ စာသတိပဋ္ဌာန်သဘောမျိုးပင်** ဖြစ်သည်။ ကျက်ပြီးသောစာကိုလည်း အသံထွက်၍ မပြန်ဆိုဘဲ မျက်စိထဲ စိတ်ထဲ၌ ထင်ရုံသာ မျက်စိမှိတ်ပြီး စိတ်ဖြင့် နှလုံးသွင်းသည်။ စိတ်လွင့်တတ်သည့်အခါ လက်ချောင်းများကို ချိုး၍ အမှတ်ပေးပြီး နှလုံးသွင်းသည်။

ဤအသံတိတ် စာကျက်နည်းသည် စာပေလုပ်ငန်းကြောင့် ကိုယ်ခန္ဓာ မပင်ပန်းခြင်း၊ လေနာထခြင်းစသောရောဂါမှ ကင်းဝေးခြင်း၊ မိမိအသံကြောင့် သူတစ်ပါး၌ အနှောင့်အယှက်မဖြစ်ခြင်း၊ စိတ်ထဲ၌စွဲမြဲနေသဖြင့် ဖြေဆိုရာ၌ ပိုမိုခရီးရောက်ခြင်း စသော အကျိုးများစွာကို ရစေနိုင်သောကြောင့် အသံတိတ် စာကျက်နည်းသည် အသက်သာဆုံး အကောင်းဆုံးပင် ဖြစ်သည်။ စာပေသမားများအတွက် အလွန်အတုယူဖွယ်ကောင်းသော အသံတိတ် စာကျက်နည်း ဖြစ်သော်လည်း တကယ်လက်တွေ့ လိုက်နာကျင့်သုံးဖို့ရန် အလွန်ခက်ခဲကြောင်း စာကျက်ဖူးသူတိုင်း သိရှိကြပါလိမ့်မည်။

ဤအသံတိတ် စာကျက်နည်းသည် သမာဓိအလုပ်ဖြစ်၍ သမာဓိ အားကောင်းနေရန် အထူးလိုအပ်ပေမည်။ တိပိဋကယောဆရာတော်သည် သမာဓိ အမြဲထူထောင်နေသူဖြစ်၍ သမာဓိအားအလွန်ကောင်းသောကြောင့်သာ ဤအသံတိတ်စာကျက်နည်းကို ကျင့်သုံးနိုင်ခြင်း ဖြစ်ပေလိမ့်သည်။

http://www.dhammadownload.com

စာပေကျက်မှတ်ကြသော စာပေသမားများသည် သမာဓိ အထူးလိုအပ်သည်။ သမာဓိအားနည်းပါက မကျက်ရသေးသော စာကိုလည်း တော်တော်နှင့် ကျက်၍မရနိုင်။ ကျက်ပြီးသော စာသည် လည်း ကြာရှည်မခံ၊ ခဏမျှဖြင့် မေ့ပျောက်သွားတတ်သည်။ သမာဓိ အားကောင်းသူအဖို့ကား အချိန်တိုအတွင်း စာကို ရအောင် ကျက်မှတ်နိုင်ပြီး ကျက်ထားပြီးသော စာသည်လည်း တော်တော်နှင့် မေ့ပျောက် သွားခြင်း မရှိတော့ပေ။

တိပိဋက ယောဆရာတော်သည် စာကျက်သည့်အခါ ရှေ့ကို များများရောက်ဖို့ထက် ကျက်ပြီးရပြီးသောစာများကို နောက်ထပ် ပြန်ကျက်ရလွတ်အောင်၊ မေ့ပျောက်သွားခြင်းမရှိအောင် ကျက် မှတ်သည်ဟု သိရသည်။ တပည့်သံဃာပရိသတ်များကို ဩဝါဒ မိန့်ကြားတော်မူရာ၌ ''ဦးပဉ္စင်းတို့ ကိုရင်တို့ စာကျက်တဲ့အခါ တစ်ပွဲတိုးလေး မကျက်ကြနဲ့၊ အငယ်တန်းမှာ ကျက်ထားခဲ့ပြီးတဲ့ စာကို အလတ်တန်းရောက်ရင် ပြန်ပြီးမကျက်ရစေနဲ့။ အကျက်ရလွတ် ဖြစ်အောင်လုပ်၊ ကျက်ထားပြီးတဲ့စာကို ဘယ်အချိန်မေးမေး၊ ရအောင် လုပ်ထား၊ အချိန်မရွေးသုံးလို့ဖြစ်အောင် လုပ်ထားမှ စာကျက်ရကျိုး နပ်မှာပေါ့'' ဟု မိန့်တော်မူသည်။ ဤသို့ မိန့်တော်မူ သည်ကို ထောက်ရှု၍ တိပိဋက ယောဆရာတော်သည် ကျက်ပြီး ရပြီးသောစာ များ တော်တော်နှင့် မေ့ပျောက်ဟန်မတူပေ။

စာသင်သားပုံစံဖြင့် လုပ်ခဲ့ရသည် မဟုတ်

တိပိဋက ယောဆရာတော်သည် တိပိဋကစာမေးပွဲအတွက် ကြိုးစားရာ၌ စာသင်သားပုံစံဖြင့် တစိုက်မတ်မတ် ကြိုးစားခဲ့ရသည် မဟုတ်၊ စာသင်သားများကို တစ်နေ့ စာနှစ်ဝါ သင်ကြားပို့ချပေးရင်း၊ ဟောရင်း ပြောရင်း၊ ကျောင်းတိုက်ကိစ္စများဆောင်ရွက်ရင်း အချိန်ကိုလု၍ ဖြည်းဖြည်းမှန်မှန် ကြိုးစားခဲ့ရသည်။

http://www.dhammadownload.com

တိပိဋကလည်း ညီတော်များ၊ တိပိဋကလောင်းလျာ ညီတော်များနှင့် တွေ့ဆုံရာတွင် **"အရှင်ဘုရားတို့က အင်မတန် ကံကောင်းတယ်ဗျာ။ တိပိဋကပန်းတိုင်ကို အရောက်ပြေးကြတဲ့နေရာမှာ ရှေ့တည့်တည့်ကိုပဲ ကြည့်ပြီး ပြေးနေကြရတာ။ တပည့်တော်တို့တုန်းက ဒီလို ရှေ့ကို ချည်းပဲ ကြည့်ပြီး ပြေးခဲ့ရတာ မဟုတ်ဘူး။ နောက်ကိုလည်း ပြန်လှည့် ကြည့်ရသေးတယ်။ ဘေးကိုလည်း ငဲ့စောင်းကြည့်ခဲ့ရသေးတယ်။ ဒီကြားထဲကမှ ပန်းတိုင်ကို အားစိုက်ပြေးခဲ့ရတာ"** ဟု မိန့်တော်မူသည်။

တိပိဋကရေ စာမေးပွဲအတွက် ကြိုးစားအားထုတ်စဉ် ကျောင်းတိုက် အုပ်ချုပ်ရေးတာဝန် ဆောင်ရွက်ရမှု၊ စာသင်သားများအတွက် တစ်နေ့ စာနှစ်ဝါ သင်ကြားပို့ချပေးရမှု၊ ဒကာဒကာမများအား တရားဟောပေးရမှု စသည်များကိုရည်ရွယ်ကာ မိန့်ကြားတော်မူဟန် ရှိသည်။

http://www.dhammadownload.com

http://www.dhammadownload.com

စတုတ္ထပိုင်း



အလှဉ်ဖျားပေမယ့် မွှန့်စေနဲ့

http://www.dhammadownload.com

http://www.dhammadownload.com



အရှင်သိရိန္ဒာဘိဝံသ

တိပိဋကဓရ

http://www.dhammadownload.com






ပြည်ထောင်စု ပြန်ကြေးနိုင်ငံတော်
နိုင်ငံတော် သာသနာ့ရေးဝန်ကြီးဌာနကဝင်ခိ အစိုးရ

တိပိဋကရေ မဟာဂ္ဂန္ထာဂါရိက ဘွဲ့တံဆိပ်တော်


ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှကုစ်ယာဝင်သော
တိပိဋကဓရ ဧကဉ်ဇုတ်ကြောင့် ယခင်ဖိုးပိဋကတ်ဆုံးပုံကို ၊
နွတ်ငံဆောင်ရွက်နိုင်ခြင်းကဉ်း၊ ဟုဇသော တိပိဋကဓရေတော်၊
ယခင်ဖို့ ပိဋကတ်ဆုံးပုံကဲ့ ကော်ရာကော်ဇော်ဇ ဓမ္မနန္ဒာ၊ တို့ကို
စပြန်နိုင်ခြင်းကဉ်းဟုဇသော တိပိဋကကဝေဒဓရေတော်၊
တိဝေဒရေတော်၊ သာဝကိုဂတိတို့နှင့် ပြည်ရံဝတင်မူခြင်းကြောင့်
နှုံကုန်တိုင်း ဗဟန်းပြုရေတော် ဗဟုဿုတဓရ
တို့ကိုသဇ် ဗဟုနှုသာဃက ဆရာတော် အရှင်သုမြတ်
သဒ္ဓမ္မဇောတိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊
တိပိဋကကဝိဝံ အာ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဘွဲ့တံဆိပ်တော်ကို ဆက်တင်ကျွေးမွေးခဲ့ပါသည်။

http://www.dhammadownload.com





http://www.dhammadownload.com




အရှင်သိရိဓန္ဓာဘိဝံသ
တိပိဋကဓရ






http://www.dhammadownload.com






http://www.dhammadownload.com










http://www.dhammadownload.com









http://www.dhammadownload.com

http://www.dhammadownload.com

ယောဆရာတော် ရရှိခဲ့သော ဘွဲ့တံဆိပ်တော်များ

တိပိဋကဓရ ဓမ္မာစရိယ၊ အဂ္ဂမဟာအက္ခော်၊

သာသနဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာအက္ခော်၊

ဝိနယပါဠိပါရဂူ၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါရဂူ၊

သက္ကသီဟ ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယ၊

နိကာယုဒ္ဓောတက အတ္ထဝိသာရဒ မူလအာဘိဓမ္မိက၊

ဓမ္မဝိသာရဒ မဇ္ဈိမအာဘိဓမ္မိက၊

အတ္ထဝိသာရဒ မူလအာဘိဓမ္မိက၊

ဝိနယဓရ ဝိနယကောဝိဒ၊

ဒီဃဘာဏက ဒီဃနိကာယကောဝိဒ၊

အာဘိဓမ္မိက အာဘိဓမ္မကောဝိဒ၊

တိပိဋကဓရ တိပိဋကကောဝိဒ၊

http://www.dhammadownload.com

(၁၄) အဂ္ဂမဟာပဏ္ဍိတ၊

(၁၅) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်။

ကျေးဇူးရှင် ဆရာတော်များ

ဂန့်ဂေါမြို့နယ် လက်ပန်ရွာကျောင်း ဆရာတော် ဦးတိသ၊ ဦးနန္ဒက၊ ဂန့်ဂေါမြို့နယ် ကန်တော်ရကျောင်းတိုက် ပထမဆရာတော်ကြီး ဦးကေတု၊ တတိယဆရာတော်ကြီး ဦးဝိသုတ၊ စတုတ္ထဆရာတော်ကြီး ဦးကေလာသ၊ တိုက်ကြပ်ဆရာတော် ဦးနန္ဒိမာ၊ စာချဆရာတော် ဦးသာကိန္ဒ (သိရိပဝရဓမ္မာစရိယ)၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ကြီး၊ အောင်မြေသာစည်ကျောင်းဆရာတော် ဦးပဏ္ဍဝံသ၊ သံတော်ဆင့်ကျောင်းဆရာတော် ဦးတိလောက၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးဝိစိတ္တာဘိဝံသ၊ ဦးစန္ဒောဘာသာဘိဝံသ၊ ဦးသိရိန္ဒာဘိဝံသ၊ ဦးကောဝိဒါဘိဝံသ၊ ဦးကောသလ္လ(လေး)၊ ဦးရာဇဓမ္မာဘိဝံသ၊ ဦးဝိပုလ၊ ဦးကုန္ဒာစာရ၊ ဦးဓမ္မာနန္ဒ၊ တောင်ထီးလင်းတိုက် ညဝါ စာချဆရာတော် ဦးဝဇိရဗုဒ္ဓိ၊ ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဆရာတော်ကြီး ဦးဝါသဝါဘိဝံသ၊ စာချဆရာတော် ဦးသီလာစာရာဘိဝံသ၊ အလယ်တောရ စာချဆရာတော် ဦးသူရိယာဘိဝံသတို့ ဖြစ်ကြသည်။

ဒေါက်တာဘွဲ့ကို လက်မခံ

၁၃၆၉-ခုနှစ်တွင် တိပိဋကယောဆရာတော်ကို ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် တက္ကသိုလ်မှ ဗုဒ္ဓစာပေဆိုင်ရာ ပါရဂူဂုဏ်ထူးဆောင် "ပီအိပ်ချ်ဒီ" "ဒေါက်တာ" ဘွဲ့ ဆက်ကပ်လှူဒါန်းရန် စကားကမ်းလှမ်းခဲ့သော်လည်း "ဆက်ကပ်လှူဒါန်းလိုသည့် ဆိုခြင်းကို ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ သို့ရာတွင် မိမိမှာ

http://www.dhammadownload.com

တိပိဋ္ဌကရဟဲ့ ရထားပြီးဖြစ်၍ တိပိဋ္ဌကရဟဲ့ကို အခြားဘဲ့တစ်ခုက ဝါးမျိုလွှမ်းမိုးသွားတာမျိုး မခံလို၍ အခြားဘဲ့များကို မယူလိုတော့ပါကြောင်း'' ပြော၍ လက်မခံဘဲ ငြင်းပယ်တော်မူခဲ့လေသည်။

အလကားရသော ဘဲ့ကို အားမပေး

တိပိဋ္ဌက ယောဆရာတော်သည် မိမိ၏ ဉာဏ်အစွမ်းဖြင့် ကြိုးစားဖြေဆို၍ ရရှိသောဘဲ့တံဆိပ်ကိုသာ တန်ဖိုးထားသည်။ မိမိ၏ ဉာဏ်အစွမ်းအစမပါသော နိုင်ငံတော်က ဆက်ကပ်သောဘဲ့များကို တန်ဖိုးမထား၊ အားလည်း မပေး။ ပူဇော်ပွဲလုပ်၍ တရားဟော လာပင့်လျှင်လည်း မလိုက်ပေ။ တိပိဋ္ဌက ယောဆရာတော် ''အဂ္ဂမဟာပဏ္ဍိတ'' ဘဲ့ရစဉ်အခါက ကျောင်းတိုက် ဝေယျာဝစ္စ ဒကာ ဒကာမများက ''အဂ္ဂမဟာပဏ္ဍိတ'' ပူဇော်ပွဲ ကျင်းပပြုလုပ်ရန် အလှူငွေများလက်ခံ၍ အခမ်းအနားအတွက် စီစဉ်ထားကြသည်။

စီစဉ်၍ပြီးစီးချိန်တွင် ကျောင်းတိုက်ဝေယျာဝစ္စ လူကြီးများက ယောဆရာတော်ထံ လာရောက်၍ ''အဂ္ဂမဟာပဏ္ဍိတ'' ပူဇော်ပွဲ ပြုလုပ်ပူဇော်မည်ဖြစ်ကြောင်း လျှောက်ထားကြရာ ယောဆရာတော်က ဤဘဲ့သည် မိမိဉာဏ်အစွမ်းဖြင့် ကြိုးစားဖြေဆို၍ ရရှိသော ဘဲ့တံဆိပ် မဟုတ်၊ အလကားရသောဘဲ့ဖြစ်၍ ပူဇော်ပွဲကို လက်မခံကြောင်းနှင့် လှူဒါန်းထားသော အလှူငွေများကိုလည်း အလှူရှင်များထံ ပြန်လည်ပေးအပ်ရန် မိန့်တော်မူ၍ ''အဂ္ဂမဟာပဏ္ဍိတ'' ပူဇော်ပွဲကို လက်မခံဘဲ ရပ်သိမ်းခိုင်းတော်မူလိုက်သည်။

ထိုအချိန်က ယောဆရာတော်သည် ပဓာနနာယက မဖြစ်သေး၊ ဒုတိယ နာယက ဖြစ်သည်။

နိုင်ငံတော်မှ ဘဲ့တံဆိပ်တော်များ ဆက်ကပ်ပြီးချိန်၌ ဆရာတော်များ၊ ဒကာဒကာမများ အရပ်ဒေသအသီးသီးမှ ပူဇော်ပွဲတွင် တရား

http://www.dhammadownload.com

ဟောပေးရန် လာရောက်ပင့်လျှောက်ကြသည်။ လိုက်လေ့မရှိပေ။ ပထမကြီးအောင် ဓမ္မာစရိယအောင်ပုဂ္ဂိုလ် စသည်များကို ပူဇော်ပွဲ ပြုလုပ်လို၍ ပူဇော်ပွဲတွင်တရားဟောပေးရန် လာရောက်ပင့်လျှောက် ရာ၌ကား ဝမ်းသာအားရ လက်ခံသည်။ ညတရားပွဲ ကျင်းပရာ၌ ညပိုင်းမအားလျှင် ညနေဆည်းဆာချိန် တရားဟောပေးတော်မူသည်။

ယောဆရာတော်ဟု အမည်ခံ

အရှင်သိရိန္ဒာဘိဝံသသည် တိပိဋကပြီးသွားသောအခါ ယောနယ် တစ်နယ်လုံး၏ဂုဏ်ကို ထင်ဟပ်စေရန် မိမိကိုယ်ကို "ယောဆရာတော်" ဟု အမည်ခံလေသည်။ တိပိဋကပြီးခဲ့သည့်အချိန်၌ "မြန်မာနိုင်ငံတွင် ပဉ္စမမြောက် တိပိဋကဓရ ဆရာတော်တစ်ပါး ပေါ်ထွက်လာပြန်ပြီတဲ့၊ ယောနယ်ဇာတိတဲ့" ဟု ရဟန်းရှင်လူများထံ သတင်းပြန့်နှံ့ကာ လူသိများလာခဲ့သည်။

ရှေးအခါက ယောနယ်ဒေသ သည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် စီးပွားရေးကိစ္စစသည်ဖြင့် လူသူအရောက်အပေါက် နည်းပါးကာ အောက်လမ်းဆရာများ၏ ထင်မိထင်ရာ ဖျက်လိုဖျက်ဆီး ချိုးချိုးဖဲ့ဖဲ့ ပြောဆိုပြုမူမှုများကြောင့် ယောနယ်သည် အမည်းစက် စွန်းခဲ့ရသည်။ မြို့သို့ရောက်လာကြသော ယောနယ်သူ ယောနယ်သား များသည် အများက 'ဘယ် ဇာတိလဲ၊ ဘယ်နယ်ကလဲ' ဟု မေးလျှင် 'ယောနယ်ကပါ' ဟု ဖြေရမည်ကိုပင် ဝန်လေးခဲ့ကြသည်။ ယောနယ် ဒေသမှာ စုန်းတွေ၊ ကဝေတွေ ပေါတယ်ဆို စသည်ဖြင့် မေးမြန်း သည်ကိုလည်း ခံကြရသည်။

အများက အထင်အမြင်မှားကာ အမည်းရောင်ဖြင့် နာမည်ကြီး နေသော ယောနယ်ဒေသကို တိပိဋကက ယောဆရာတော်က အဖြူရောင် ခြယ်သပေးခဲ့နိုင်သဖြင့် ယောနယ်သူ ယောနယ်သားများ မြို့သို့ရောက်

http://www.dhammadownload.com

ချိန်တွင် ကျွန်တော်က ယောနယ်ကပါ၊ ကျွန်မက ယောနယ်ကပါဟု ဂုဏ်ယူဝင့်ကြွားစွာ ဖြေရဲကြသည်။ တိပိဋကက ယောဆရာတော်ကြောင့် ယောနယ်ဂုဏ် တက်ခဲ့ရသည်။

ယခုအခါ ယောနယ်ဒေသသည် စီးပွားရေး အချက်အချာကျ၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး စည်ကားလျက် ရှိသည်။ လူသူအရောက်အပေါက် များလာကာ 'ယော' ဟူသော အသံကို ကြားလိုက်လျှင် မသိသူပင် မရှိသလောက် ဖြစ်သည်။ တိပိဋကက ယောဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တိပိဋကဓရ ဂုဏ်တော်တို့ကြောင့် ယောနယ်တစ်နယ်လုံး နာမည်ကောင်း ရရှိခဲ့သည်။

ယော အဓိပ္ပါယ်

ယာတိ ယာပေတိ ယောမည်၏၊
ယာတဇ္ဇောတိ စ ယာပိတော။
ယော ယာယတိ စ ဧတေန၊
ယော ဧတ္ထ စေဝ ယာယတိ။

(က) ၁။ ချစ်ခင်ညီညွတ်၊ ရောက်လာတတ်၊ သိမှတ် ယော ခေါ်သည်။

၂။ ချစ်ခင်စရာ၊ ဖြစ်တတ်ပါ၊ မှန်စွာ ယော ခေါ် သည်။

၃။ ချစ်ခင်ကြည်ဖြူ၊ သိတတ်မူ၊ မှတ်ယူ ယော ခေါ်သည်။

(ခ) ၁။ ချမ်းသာသုံးရပ်၊ ရောက်စေတတ်၊ သိမှတ် ယော ခေါ်သည်။

http://www.dhammadownload.com

၂။ ချမ်းသာသုံးဖြာ၊ ဖြစ်စေပါ၊ မှန်စွာ ယော ခေါ်သည်။

၃။ သစ္စာလေးဆူ၊ သိစေမူ၊ မှတ်ယူ ယော ခေါ်သည်။

(ဂ) ၁။ ချစ်ခင်လေးမြတ်၊ ရောက်ရှိအပ်၊ သိမှတ် ယော ခေါ်သည်။

၂။ ချစ်ခင်လေးမြတ်၊ ဖြစ်စေအပ်၊ မချုတ် ယော ခေါ်သည်။

၃။ ချစ်ခင်လေးစား၊ သိအပ်ငြား၊ မှတ်သား ယော ခေါ်သည်။

(ဃ) ၁။ ချမ်းသာသုံးတန်၊ ရောက်ကြောင်းမှန်၊ ဇကန် ယော ခေါ်သည်။

၂။ ချမ်းသာသုံးဖြာ၊ ဖြစ်ကြောင်းမှာ၊ မှန်စွာ ယော ခေါ်သည်။

၃။ သစ္စာလေးဆူ၊ သိကြောင်းဟူ၊ မှတ်ယူ ယော ခေါ်သည်။

(င) ၁။ ကောင်းစွာရောက်ရာ၊ နိဗ္ဗာန်မှာ၊ မှန်စွာ ယော ခေါ်သည်။

၂။ ကောင်းစွာဖြစ်ရာ၊ မြတ်ချမ်းသာ၊ မှန်စွာ ယော ခေါ်သည်။

၃။ ကောင်းစွာသိရာ၊ တရားမှာ၊ မှန်စွာ ယော ခေါ်သည်။

http://www.dhammadownload.com

(စ) ၁။ တရားအစု၊ မြတ်ကောင်းမှု၊ မှတ်ရှု ယောခေါ်သည်။

၂။ တရားကိုချစ်၊ ယောအစစ်၊ အနှစ် ပိုင်ဆိုင်သည်။

၃။ ယောသူယောသား၊ ရိုးဖြောင့်ငြား၊ စိတ်ထားဖြူရမည်။

တိပိဋကယောဆရာတော်သည် အထက်တွင်ဖော်ပြခဲ့သော ဓမ္မလင်္ကာများကို စီကုံးရေးသားကာ ကန်တောရကျောင်းတိုက်နှစ်တစ်ရာပြည့်ပွဲ၌ နေရာဒေသကလည်း ယောဒေသ၊ တရားဟောပြောမည့် ဘုန်းကြီးကလည်း ယောဘုန်းကြီး၊ တရားနာပရိသတ်များကလည်း အများအားဖြင့် ယောပရိသတ်ဖြစ်နေ၍ ''ယော တရား'' ဟု အမည်ပေးကာ အကျယ်တဝင့် ဟောကြားတော်မူခဲ့သည်။ ထိုယောတရားခွေကိုလည်း စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေ၍ နေရာအနှံ့အပြား လှူဒါန်းနေသည်။

ဘုရားဟောပါဠိတော်များ၌ ''ယော'' သည် အလွန်အသုံးတွင်ကျယ်သော စကားဖြစ်သည်။ ယော ဘဂဝါ-အကြင် မြတ်စွာဘုရားသည်၊ ယော သဘာဝေါ-အကြင် သဘောတရားသည်၊ ယော ပန ဘိက္ခု-အကြင် ရဟန်းသည် စသည်ဖြင့် အများအပြား ရှိသည်။ နာမ်ဝိဘတ် ၇-သွယ်၌လည်း အာလုပ်ယော၊ ပထမာယော၊ ဒုတိယယောတွေ ပါနေသည်။ ပါဠိတော်များ သင်ကြားရသူတိုင်း အတွက် ''ယော'' ဟူသော အသံသည် ရိုးနေလောက်ပါပြီ။

ယောဆရာတော် တိပိဋကအောင်ပြီးခါစက ဒကာကြီးတစ်ယောက် ယောဆရာတော်ထံ လာရောက်လျှောက်ထားဖူးကြောင်း သိရသည်။ ''အရှင်ဘုရားကို ယောဆရာတော်လို့ လူတွေက

http://www.dhammadownload.com

ခေါ်နေကြတယ်ဘုရား'' တဲ့။ ယောနယ်မှာ မွေးဖွားခဲ့တဲ့ ယောသား စစ်စစ်ကို ယောဆရာတော်လို့ ခေါ်တာပဲ ဒကာကြီးရယ်၊ ဦးပဉ္စင်းကိုယ်တိုင်လည်း ဒီနာမည်ကို သဘောကျ ကျေနပ်လွန်းလို့ လက်ခံပြီး အသုံးပြုနေပါတယ်။

ဆရာတော် ဒီ 'ယော' ဆိုတဲ့ နာမည်ကြီးကို မတပ်ချင်စမ်းပါနဲ့ ဘုရား။ ဘာဖြစ်လို့လဲ ဒကာကြီးရဲ့။ တပည့်တော်တို့ ကြားဖူးတာက 'ယော' ဆိုတာ မှော်တို့၊ ကဝေတို့၊ စုန်းတို့လို အောက်လမ်းပညာတွေနဲ့ ထင်ရှားခဲ့တာဘုရား၊ ပယောဂဆရာတွေတောင် 'ယောပြန်' ဆိုပြီး နာမည်တပ်ကြတာ၊ ဒီလို အောက်လမ်းနည်းနဲ့ လူသိများနေတဲ့ 'ယော' ဆိုတဲ့ နာမည်ကြီးကို ဆရာတော်တို့လို တိပိဋကက ဆရာတော်တစ်ပါးရဲ့ ဘွဲ့တော်နဲ့ တွဲမခေါ်သင့်ပါဘူးဘုရား၊ အောက်တန်း ကျလွန်းပါတယ် ဘုရား။

ဟိုတုန်းက ယောဒေသရဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသခံလူတွေရဲ့ ရိုးသားဖြောင့်မတ်မှုတွေကို အခြေခံပြီး မသမာတဲ့ လူတွေက အချောင်နှိုက်ခဲ့ကြတာပါ ဒကာကြီး။ ပိုက်ဆံရရုံတစ်ခု လောက်သာကြည့်ပြီး ဝတ္ထုစာအုပ်တွေနဲ့တစ်မျိုး၊ သီချင်းတွေနဲ့တစ်ဖုံ၊ ရုပ်ရှင်ဇာတ်လမ်းတွေနဲ့တစ်သွယ်၊ မဟုတ်မမှန် နည်းမျိုးစုံနဲ့ 'ယော' ဆိုတဲ့နာမည်ကို အမည်းရောင် ဖုံးအုပ်စက်ကြတာပါ။ အောက်လမ်းနည်း ပညာဆိုတာ ယောနယ်ရဲ့ သီးခြားပညာ မဟုတ်ပါဘူး။ အခြားဒေသ တွေမှာလည်း ရှိတတ်တာပါပဲ၊ ဒကာကြီး ပြောသလိုပဲ။ အမည်းရောင် ဖုံးအုပ်ခံရတော့ ယောသူယောသား ခပ်များများဟာ အခြားဒေသတွေ ရောက်သွားတဲ့အခါ ''ယောကပါ'' လို့ အမှန်အတိုင်း မပြောရဲခဲ့ကြ ဘူး။ မျက်နှာငယ်ခဲ့ကြရပါတယ်။ 'ယောက ပါ' လို့ မပြောဝံ့တော့ 'ဒို့ပြင်နယ်ကပါ' လို့ ပြောင်းလွဲ ပြောခဲ့ရသူတွေ အများကြီးပါ။

http://www.dhammadownload.com

"အမည်းရောင် ဖုံးအုပ်ခံခဲ့ရတဲ့ 'ယော' ကို အဖြူရောင်ပြောင်း ချင်လွန်းလို့ ဦးပဉ္စင်း တိပိဋကအောင်ပြီးတဲ့အချိန်ကစပြီး သူများ တွေက 'ယောဆရာတော်' လို့ ခေါ်ကြတာကိုလည်း ကျေကျေနပ်နပ် လက်ခံအတည်ပြုပြီး အမျိုးဂုဏ်နှင့် ယောနယ်ဂုဏ်တက်ဖို့ကို ဦးစား ပေးရင်း 'ယောဆရာတော်' လို့ အသုံးပြုလိုက်တာပါ" ဟု မိန့်တော်မူသည်။

တာဝန်အဆင့်ဆင့်

ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဖြစ်ပေါ်လာသည့် ၁၃၂၀-ခုနှစ် ဝါဆိုလမှစ၍ ၁၃၄၁-ခုနှစ် တော်သလင်းလထိ (၂၁) နှစ်ပတ်လုံး ဆရာတော် အရှင်ဝါသဝါဘိဝံသက စည်းကမ်းရှိရှိ စနစ်တကျ တင်းကြပ်စွာ အုပ်ချုပ်တော်မူသည်။ ၁၃၃၉-ခုနှစ်မှစ၍ ဆရာတော် အရှင်ဝါသဝါဘိဝံသသည် ကျန်းမာရေး မပြည့်စုံတော့သဖြင့် အနီးကပ် ကြီးကြပ်သည့် အုပ်ချုပ်ရေးတာဝန်မှအနားယူ၍ သေခြင်းထက် တရားကလက်ဦးအောင် အထူးကြိုးစားတော်မူသည်။

၁၃၃၉-ခုနှစ် တန်ဆောင်မုန်းလ၌ ရှိသမျှပစ္စည်းအားလုံး စွန့်ကြဲ၍ ဆရာတော် အရှင်ဝါသဝါဘိဝံသကိုယ်တိုင် ကထိန်အလှူပွဲကြီး ပြုလုပ်ပေးတော်မူသည်။ ထိုကထိန်အလှူပွဲ၌ပင် တပည့်ကြီး နှစ်ပါး ဖြစ်သော အရှင်ကောဏ္ဍညနှင့် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)တို့အား ကျောင်းတိုက်အုပ်ချုပ်ရေးတာဝန်ကို လွှဲပြောင်း အပ်နှင်းပေးတော်မူလိုက်သည်။ နှုတ်ဖြင့် လမ်းညွှန်ရုံမျှသာပြု၍ အုပ်ချုပ်ခိုင်းတော်မူသည်။

၁၃၄၁-ခုနှစ် တော်သလင်း လပြည့်ကျော် ၅-ရက်နေ့ သက်တော် ၇၁-နှစ်၊ သိက္ခာတော် ၅၂-ဝါ အရွယ်၌ ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

http://www.dhammadownload.com

ဆရာတော် အရှင်ဝါသဝါဘိဝံသ ပျံလွန်တော်မူပြီးချိန်မှစ၍ ပဓာန နာယကဆရာတော်အဖြစ် ဆရာတော် ဦးကောဏ္ဍညက လည်းကောင်း ဒုတိယ နာယကဆရာတော်အဖြစ် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသကလည်းကောင်း တာဝန်ယူ၍ စည်းကမ်းကို တင်းကြပ်စွာထားလျက် ဆက်လက်အုပ်ချုပ်တော်မူကြသည်။ ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ သံမဏိစည်းကမ်းများကိုပင် အခြေခံ၍ ပရိသတ်ကို စီမံအုပ်ချုပ်ကာ အရှိန်အဟုန်မပျက် ကြိုးစားအားထုတ်လာခဲ့ရာ ကျောင်းတိုက်သည် ပို၍ပို၍ တိုးတက်လာခဲ့သည်။

ကျောင်းတိုက် တည်ထောင်ရန် တိုက်တွန်းကြ

ဆရာတော် အရှင်ဝါသဝါဘိဝံသသည် ယောဆရာတော်၏ အရည်အချင်းကိုယုံကြည်၍ ပဓာနနာယက ဆရာတော် ဦးကောဏ္ဍည နှင့် လက်တွဲဆောင်ရွက်ကြရန် ယောဆရာတော်ကို ဒုတိယ နာယကတာဝန် အပ်နှင်းပေးခဲ့ခြင်း ဖြစ်သည်။

ယောဆရာတော် တိပိဋကအားလုံး ပြီးဆုံးသောအခါ ဒကာဒကာမများက "ဂုဏ်ရှိန်ကြီးမားသည့် တိပိဋကဆရာတော်ကြီးတစ်ပါး ဖြစ်နေမှတော့ ကျောင်းတိုက်တစ်ခုတည်းမှာ ဒုတိယနာယကလုပ်မနေပါနှင့်တော့။ ကျောင်းတိုက်သစ်တည်ထောင်ပြီး ကိုယ့်ကျောင်းနှင့်ကိုယ် ခွဲနေပါတော့၊ ကိုယ့်ကျသရိယနှင့်ကိုယ် ခွဲနေတာပဲ ကျက်သရေ ရှိပါတယ်" ဟု လျှောက်ကြသည်။ ထိုအချိန်၌ နိုင်ငံတော်အစိုးရမှ တိပိဋကဆရာတော်များ ကျောင်းတိုက် တည်ထောင်လိုပါက လိုချင်သည့်မြေနေရာကို ပေးမည်" ဟု ကမ်းလှမ်းနေသောအချိန်ဖြစ်သည်။ ဒကာဒကာမများက ကျောင်းတိုက်သစ် တည်ထောင်ရန် လျှောက်ထားကြသည်ကို ယောဆရာတော်က "တိုက်တည်ဆရာတော်ကြီးက ကိုယ့်ကို ယုံကြည်၍ ဒုတိယ နာယကတာဝန်ကို ပေးထားခဲ့

http://www.dhammadownload.com

တာဖြစ်ကြောင်း၊ ကျောင်းတိုက်ကို မျက်နှာလွှဲသွားလျှင် တာဝန်မဲ့လွန်းရာ ကျမည် ဖြစ်ကြောင်း၊ ဆရာတော်ကြီး၏ စကားကိုလည်း လွန်ဆန်ရာရောက်မည် ဖြစ်ကြောင်း'' မိန့်တော်မူလိုက်သည်။

ထိုအချိန်မှစ၍ ဒကာဒကာမများသည် ယောဆရာတော်၏ ကျောင်းတိုက်သစ် မတည်ထောင်ခြင်းသဘောကို နားလည်လာ၍ ဆက်၍ မလျှောက်ကြတော့ပေ။ ယောဆရာတော်သည် ဒုတိယ နာယက ဆရာတော်ဟု ဆိုသော်လည်း ဟိတ်ဟန် မာန်မာနမရှိဘဲ သာမန်စာချဘုန်းကြီးတစ်ပါးကဲ့သို့ ရိုးရိုးကုတ်ကုတ်သာ နေတော်မူသည်။ ဆရာတော် အရှင်ဝါသဝါဘိဝံသက ဒုတိယ နာယကတာဝန် အပ်နှင်းခဲ့၍သာ အများက ဒုတိယ နာယကဆရာတော်ဟု ခေါ်ကြသည်။ ကိုယ်တိုင်ကမူ ဒုတိယနာယကဟု မခံယူ၊ စာချဘုန်းကြီးတစ်ပါးအဖြစ်သာ ခံယူ၍ ကျောင်းတိုက်ကိစ္စကို ဆရာတော် ဦးကောဏ္ဍညအား အကုန်လွှဲအပ်ထားကာ အကြံဉာဏ်ပေးခြင်းကိစ္စ၊ ဟောရေးပြောရေးကိစ္စ၊ စာပေပို့ချခြင်းကိစ္စကိုသာ ဆောင်ရွက်တော်မူသည်။

''နဿန္တိ ဗဟုနာယကာ'' ဆိုသည့်အတိုင်း နာယကများလျှင် ပျက်စီးတတ်သည့်သဘောကို မြင်ထားသောကြောင့် ပဓာန နာယက သဘောအတိုင်း အုပ်ချုပ်စေသည်။ ပဓာန နာယကဆရာတော်က လည်း ကြီးမားသောကိစ္စများကို ယောဆရာတော်နှင့် တိုင်ပင်၍သာ ဆောင်ရွက်တော်မူသည်။

အပြန်အလှန် လေးစား

ဆရာတော် ဦးကောဏ္ဍညနှင့် တိပိဋကဓရ ယောဆရာတော်တို့ နှစ်ပါးသည် တစ်ကျောင်းတိုက်တည်း အတူတကွ အုပ်ချုပ်ကြသော်လည်း တစ်ပါးနှင့်တစ်ပါး ဆန့်ကျင်ဘက် မလုပ်၊ သူ့တာဝန် ကိုယ့်တာဝန် ကျေပွန်အောင် ဆောင်ရွက်တော်မူကြသည်။ ညီညွတ်စွာ အလုပ်လုပ်ကြသည်။

http://www.dhammadownload.com

"တစ်ဂူထဲ၌ ခြသေ့နှစ်ကောင် အောင်းရိုးထုံးစံမရှိ" ဟု လောကဆိုရိုးစကား ရှိငြားသော်လည်း ဆရာတော်နှစ်ပါးမှာ ဆရာတူတပည့်ဖြစ်နေခြင်း၊ တိုက်တာနှင့်သာသနာ တိုးတက်စေလိုသည့် ဆန္ဒ တူနေခြင်းတို့ကြောင့် ၁၈-နှစ်ပတ်လုံး အတူလက်တွဲ အလုပ်လုပ်လာခဲ့ရာ မည်သည့်ပြဿနာမှ မဖြစ်ခဲ့ဖူးပေ။ **ပဓာနဆရာတော် ဦးကောဏ္ဍညကလည်း "ငါ ပဓာန နာယကဆရာတော်ပဲ" ဟု ထင်ရာမလုပ်၊ ယောဆရာတော်ကလည်း "ငါ တိပိဋကဓရ ဆရာတော်ပဲ" ဟု ဟိတ်ဟန်မရှိ၊** ဤသို့ တစ်ပါးနှင့်တစ်ပါး မာန်မာန ကင်းရှင်းစွာဖြင့် ချစ်ခင်ညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်တော်မူကြသောကြောင့် ထိုဆရာတော်နှစ်ပါးလက်ထက်၌ ပိဋကနှစ်ပုံခွဲအောင်၊ နှစ်ပုံအောင်၊ တစ်ပုံအောင်၊ အဘိဝံသ၊ အဂ္ဂမဟာအကျော်၊ ပထမကျော်၊ ပထမပြန် အထူးအောင်ပုဂ္ဂိုလ်များ၊ နိကာယ်ဆိုင်ရာ အထူးအောင်ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွက်ခဲ့သည်။

ဆရာတော်နှစ်ပါးသည် လက်တွဲညီညီဖြင့် အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးပြီး စည်းကမ်းဘောင်ခတ်၍ တင်းကျပ်တိကျစွာ အုပ်ချုပ်တော်မူကြသောကြောင့် ကျောင်းတိုက်ကြီးသည် ယခင်ကထက် ပိုမိုစည်ကား တိုးတက်ပြည့်စုံလာခဲ့သည်။

အုပ်ချုပ်ရေးအပိုင်းကို ဆရာတော် ဦးကောဏ္ဍညက အဓိကထား၍ ဆောင်ရွက်တော်မူသည်။ ဟောရေးပြောရေးနှင့် ပညာရေးအပိုင်းကို တိပိဋကယောဆရာတော်က အဓိကထား၍ ဆောင်ရွက်တော်မူသည်။ ဒကာဒကာမများ ပင့်ဖိတ်၍ မြို့တွင်းသို့ ဆရာတော်နှစ်ပါး အတူကြွရောက်ရသည့်အခါမျိုး၌ ဆရာတော် ဦးကောဏ္ဍညက သီလချီးမြှင့်တော်မူ၍ တိပိဋကယောဆရာတော်က တရားချီးမြှင့်တော်မူသည်။

http://www.dhammadownload.com

ဆရာတော် ဦးကောဏ္ဍညသည် တိပိဋကက ယောဆရာတော်၏ တရားတိတ်ခွေများကို မကြာမကြာ နာယူကြောင်း သိရသည်။ ၁၃၅၇ ခုနှစ်က ဆရာတော် ဦးဇကာဏ္ဍညသည် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ တရားတော်များ ထုတ်လွှင့်ဟောကြားရမည်ဖြစ်ရာ တိပိဋကက ယောဆရာတော်၏ တရားများခွေကို ထပ်ခါထပ်ခါဖွင့်၍ တရားနာယူ မှတ်သားနေသည်ကို စာရေးသူ တွေ့မြင်ခဲ့ရသည်။

ဆရာတော် ဦးကောဏ္ဍညသည် ကျောင်းတိုက်ရေးရာကိစ္စ ဆောင်ရွက်စရာရှိပါက တိပိဋကက ယောဆရာတော်ထံ သွားရောက်၍ လေးလေးစားစား အသိပေးတော်မူသည်။ တစ်ပါးနှင့်တစ်ပါး တိုင်ပင်ဆွေးနွေးပြီးမှသာ ဆောင်ရွက်စရာရှိသည်ကို ဆောင်ရွက်တော်မူသည်။ ကိစ္စရှိ၍ တိပိဋကက ယောဆရာတော်ထံ သွားရောက်သည့်အခါ လှေကားခြေရင်းအရောက်တွင် သင်္ကန်းကို ညီညာသပ်ရပ်စွာ ပြင်ဝတ်၍ ကျောင်းဆောင်ပေါ်သို့ တက်ရောက်သည်ကို စာရေးသူ မကြာမကြာ တွေ့မြင်ခဲ့ရသည်။ ဤသည်မှာ တိပိဋကက ယောဆရာတော်ကို တန်ဖိုးထားလေးစားသော အပြုအမူ ဖြစ်သည်။

တစ်ချိန်တွင် စာရေးသူက တိပိဋကက ယောဆရာတော်၏ ဝေယျာဝစ္စကို ဆောင်ရွက်နေစဉ် ဆရာတော် ဦးကောဏ္ဍညမှ အမှတ်မထင် တိပိဋကက ယောဆရာတော် ကျောင်းဆောင်သို့ ဝင်ရောက်လာပြီး ကျောင်းတိုက်ကွင်းပြင်ကြီးကို နိုင်လွန်ကတ္တရာခင်းရန် တိပိဋကက ယောဆရာတော်ထံ အသိပေးတိုင်ပင်လေသည်။ ထိုအခါ တိပိဋကက ယောဆရာတော်မှ ''နောင်တော်ကြီးသဘောပါ။ နောင်တော်ကြီး ကောင်းသလို စီမံပါ။ နောင်တော်ကြီး ပြီးရင် ပြီးတာပဲ'' ဟု ပြန်လည် မိန့်ကြားလေသည်။ ဤသို့ ဆရာတော်နှစ်ပါး ချစ်ခင်ညီညွတ်စွာ အတူလက်တွဲ၍ အလုပ်လုပ်ကြသည်ကို ရဟန်းရှင်လူများက လွန်စွာ ချီးကျူးကြသည်။

http://www.dhammadownload.com

စတုတ္ထမြောက် တိဝိဋ္ဌက ဆရာတော် အရှင်သုမင်္ဂလာလင်္ကာရသည် တိဝိဋ္ဌက ယောဆရာတော်နှင့် တွေ့ဆုံသည့်အခါတိုင်း "တပည့်တော် ဆရာတော်ကို အရမ်းကြည်ညိုတယ်ဘုရား" ဟု အမိန့်ရှိလေသည်။ ထိုအခါ တိဝိဋ္ဌက ယောဆရာတော်က "တပည့်တော်ကို ဘာဖြစ်လို့ ကြည်ညိုတာပါလဲ" ဟု မေးသည့်အခါ "တစ်ကျောင်းတိုက်တည်းမှာ ဆရာတော်နှစ်ပါး အတူတကွ အုပ်ချုပ်ပြီး ဘာပြဿနာမှ မဖြစ်၊ ဘာဆန့်ကျင်ဘက်မှ မရှိဘဲ ညီညွတ်စွာ ကျင့်သုံးနေထိုင်နိုင်တာကို ကြည်ညိုတာဘုရား" ဟု အမိန့်ရှိလေသည်။

တည့်အောင်နေနည်း

လောကဌ် တစ်ယောက်တည်း တည့်အောင်နေလိုလျှင် "သတိ" တရားကို အမြဲ လက်ကိုင်ထားရသည်။ နှစ်ယောက်ကစ အများနှင့်တည့်အောင် နေလိုလျှင် "ခန္တီ" တရား၊ "မေတ္တာ" တရားများကို အမြဲလက်ကိုင်ထားရသည်။ အများနှင့်နေသည့်အခါ ကိုယ့်ကိုလည်း သူမကြိုက်တာ ရှိကောင်း ရှိလိမ့်မည်။ သူ့ကိုလည်း ကိုယ်မကြိုက်တာ ရှိကောင်း ရှိလိမ့်မည်။ ထိုသို့ရှိလာခဲ့လျှင် သဘောထားကြီးကြီးဖြင့် သည်းခံခွင့်လွှတ်ပြီး မေတ္တာများများ ပို့လွှတ်ပေးပါက မိမိ၏ မေတ္တာအရှိန်အဝါကြောင့် တစ်ဖက်သားမှာ စိတ်ထားတွေနူးညံ့လာပြီး မိမိကို ချစ်ခင်လေးစားလာလိမ့်မည်။ အကောင်းမြင်လာလိမ့်မည်ဟု တိဝိဋ္ဌက ယောဆရာတော်က ဆုံးမလမ်းညွှန်တော်မူလေ့ရှိသည်။

တိဝိဋ္ဌက ယောဆရာတော်သည် သတိတရား အမြဲ လက်ကိုင်ထားတော်မူသည်။ မေတ္တာတရား အမြဲပွားများ ပို့လွှတ်တော်မူသည်။ ခန္တီတရား အမြဲ ကျင့်သုံးတော်မူသည်။ ထို့ကြောင့်လည်း ရဟန်းရှင်လူများ၏ ချစ်ခင်ကြည်ညိုလေးစားမှုကို ခံယူနေရသည်။ တိဝိဋ္ဌက

http://www.dhammadownload.com

ယောဆရာတော်ကို အပြစ်ပြောသူဟူ၍ မတွေ့ရ၊ ချီးမွမ်းပြောဆိုနေကြသည့် ဂုဏ်သတင်းကိုသာ ကြားနေရသည်။ တိပိဋကက ယောဆရာတော်သည် ဘွဲ့ထူးဂုဏ်ထူးများဖြင့် အရှိန်အဝါကြီးမားသော်လည်း တိပိဋကက ဆရာတော်ဟု မထင်ရလောက်အောင် ရိုးရိုးကုတ်ကုတ်သာ နေတော်မူသည်။ ပညာမာန် လုံးဝမရှိ၊ ကြွားဝါလိုစိတ် လုံးဝမရှိ၊ ဆန့်ကျင်ဘက်အလုပ်ကို လုံးဝမလုပ်။ ကျောင်းတိုက်ကိစ္စကိုလည်း ဆရာတော် ဦးကောဏ္ဍညသဘောအတိုင်းသာ ဆောင်ရွက်စေသည်။

ဆရာတော်နှစ်ပါးသည် တိုက်တည်ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသ ချမှတ်ခဲ့သော သံမဏိစည်းကမ်းများကို လေးလေးနက်နက် တန်ဖိုးထား၍ တိတိကျကျ ကိုင်တွယ်အုပ်ချုပ်တော်မူကြသည်။ ချမှတ်ထားသည့် စည်းကမ်းများကို ဖောက်ဖျက်သော စာသင်သားကို ဆရာတော် ဦးကောဏ္ဍညကနှင်ထုတ်လျှင် တိပိဋကက ယောဆရာတော်က ကျေနပ်စွာ လက်ခံတော်မူသည်။ တိပိဋကက ယောဆရာတော်က အပြစ်တွေ့သူကို နှင်ထုတ်လျှင်လည်း ဆရာတော် ဦးကောဏ္ဍညက ကျေနပ်စွာ လက်ခံတော်မူသည်။

ဆရာတော်နှစ်ပါးသည် စည်းကမ်းကြီးတာချင်း တူသော်လည်း အုပ်ချုပ်ပုံချင်းကား မတူပေ။ ဆရာတော် ဦးကောဏ္ဍညသည် ပြစ်မှုတစ်စုံတရာ ကျူးလွန်သူကို နောက်ထပ် မကျူးလွန်ရဲအောင် ပြင်းထန်စွာရိုက်နှက်၍ ဆုံးမတော်မူသည်။ ကရဏာဒေါသ ဖြစ်ပါလိမ့်မည်။ စာရေးသူလည်း အရိုက်ခံခဲ့ဖူးပါသည်။ အရိုက်မခံရသော စာသင်သားဟူ၍ မရှိသလောက် ဖြစ်ပါလိမ့်မည်။

ဆရာတော် ဦးကောဏ္ဍညက "အခုချိန်မှာ ဆူလို့ ငေါက်လို့ ဆိုပြီး တပည့်တော်ကို အရှင်ဘုရားတို့က မုန်းချင်မုန်းနေကြမှာပါ။ ဒါပေမယ့် တစ်ချိန်ကျရင် အရှင်ဘုရားတို့ကပဲ တပည့်တော်ကို ကျေးဇူးတင်လာပါလိမ့်မယ်" ဟု မကြာမကြာ မိန့်တော်မူလေ့ရှိသည်။

http://www.dhammadownload.com

မှန်ပေသည်။ ဆရာတော် ဦးကောဏ္ဍည မရှိတော့သည့် နောက်ပိုင်း ကျမှ ကျေးဇူးတရားများကို ပိုမို နားလည်လာပါတော့သည်။ ဆရာတော်၏ အဆုံးအမတွေကြောင့် ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံက အစ အချိုးကျကျ နေထိုင်ကျင့်သုံးတတ်လာ၍ ဆရာတော်၏ ကျေးဇူးတရားများကို အမြဲ အောက်မေ့မိတော့သည်။ ဆရာတော်သည် တပည့်များ ကြီးပွားတိုးတက်ရေးအတွက်၊ အများနှင့် ရင်ပေါင်တန်း နိုင်ရေးအတွက် ဘက်ပေါင်းစုံကနေ ကြိုးကြပ်ကွပ်ကဲ၍ ဆုံးမ သွန်သင်တော်မူခဲ့သည်။ အပင်ပန်းခံတော်မူခဲ့သည်။

တိပိဋကယောဆရာတော် အုပ်ချုပ်ပုံကား ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်မိသူကို နောက်ထပ် မကျူးလွန်ရဲအောင် ပုံစံအမျိုးမျိုး၊ ဥပမာ အမျိုးမျိုးတို့ဖြင့် ချိန်ထိုး၍ မေတ္တာတရားဖြင့်သာ ဆုံးမ၍ အုပ်ချုပ်တော်မူသည်။ ရိုက်နှက် ဆဲဆို ငေါက်ငမ်းခြင်း လုံးဝမရှိ။ သို့သော် စည်းကမ်းကို ထိပါးလာပါက ပြစ်ဒဏ်ပေးဖို့ လက်မနှေးသလို နှင်ထုတ်စရာကြံ့လာပါကလည်း နှင်ထုတ်ဖို့ လက်မနှေးချေ။ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးသည်။ ပရိသတ်များဖို့ ဆိုတာထက် ကောင်းဖို့ကိုသာ အလိုရှိသည်။ ချီးမြှောက်ထိုက်သူကို အစွမ်းကုန်ချီးမြှောက်၍ နှိပ်ကွပ်ထိုက်သူကို ကျောသားရင်သား မခွဲခြားဘဲ နှိပ်ကွပ်သည်။ မေတ္တာတရားဖြင့် လမ်းညွှန် အုပ်ချုပ်တော်မူသည်။ နေ့စဉ် မေတ္တာတရားဖြင့် ဆုံးမတော်မူသည်။

ဆရာတော်နှစ်ပါး၏ အုပ်ချုပ်ပုံ နည်းစနစ်သည် တစ်ပါးနှင့် တစ်ပါး မတူညီကြသော်လည်း သူနည်းသူဟန်နဲ့သူ အလွန်ကောင်းမွန်တော်မူကြသည်။ စာရေးသူသည် ဆရာတော် ဦးကောဏ္ဍည၏ နည်းစနစ်ကောင်းများကို လေးနှစ်တိုင်တိုင် ခံယူရရှိခဲ့သည်။ ယော ဆရာတော်၏ နည်းစနစ်ကောင်းများကိုကား ယနေ့တိုင်အောင် ခံယူခွင့် ရရှိခဲ့သည်။ စာချဘုန်းကြီးတာဝန်အရ စာသင်သားများကို ကြိုးကြပ်

http://www.dhammadownload.com

ထိန်းသိမ်းရာ၌ မေတ္တာကို အတတ်နိုင်ဆုံးသုံး၍ တစ်ခါတစ်ရံ မြစ်တာ(ဒေါသလေး)ပါ သုံးရသည်လည်း ရှိခဲ့သည်။ စာရေးသူသည် ဆရာတော်နှစ်ပါး၏ ကျေးဇူးတော်ကြောင့်သာ လူလားမြောက်ခဲ့ရသည် ဖြစ်၍ စာရေးသူတစ်သက်တာအတွက် ဆရာတော်နှစ်ပါး၏ ကျေးဇူး တရားများကို တစ်ချိန်မှ မေ့ပျောက်ခြင်း မရှိပါပေ။

ဆရာတော် ဦးကောဏ္ဍညသည် ကျောင်းတိုက်ကြီးနှင့် သာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွား တိုးတက်စေရန် တိပိဋကယောဆရာတော်နှင့်အတူ လက်တွဲညီညီ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူရင်း ၁၃၅၉-ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့၊ သက်တော် ၆၁-နှစ်၊ သိက္ခာတော် ၄၁-ဝါ အရွယ်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ပဓာနနာယက တာဝန်

ပဓာန နာယကဆရာတော် ဦးကောဏ္ဍည ပျံလွန်တော်မူပြီးသည့်အခါ ဒုတိယ နာယက ဖြစ်တော်မူသော တိပိဋက ယောဆရာတော်က ပဓာန နာယကဆရာတော်အဖြစ် ဆက်လက် တာဝန်ယူရတော့သည်။ တိပိဋက ယောဆရာတော်သည် "သက်တော် ၆၀-ပြည့်လျှင် တောထွက်ကာ တရားကိုသာ အားထုတ်တော့မည်" ဟု ရည်ရွယ်ထားကြောင်း သိရသည်။ သက်တော် ၆၀-မပြည့်မီ ၅၆-နှစ်အရွယ်၌ ပဓာနနာယက တာဝန်က မိမိခေါင်းပေါ်သို့ အလိုအလျောက် ကျရောက်လာသည်ဖြစ်၍ မလွဲမရှောင်သာတော့ဘဲ ထမ်းဆောင်တော်မူရတော့သည်။ တောထွက် တရားအားထုတ်မည်ဟု ရည်ရွယ်ထားသော အစီအစဉ်ထက် ပဓာန နာယကတာဝန်က လက်ဦးသွားခဲ့သည်။

ဆရာတော် ဦးကောဏ္ဍည ပျံလွန်တော်မူပြီး ယောဆရာတော် ပဓာန နာယကတာဝန် စတင်ထမ်းဆောင်ချိန်၌ ရဟန်းရှင်လူ အများ

http://www.dhammadownload.com

အပြားက မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ကြီး၏ နောင်ရေးကို နောက်ကျောမအေားဖြစ်ပြီး ပြောဆိုနေကြသည်မှာ ''ယောဆရာတော်က အေးတယ်၊ အရှုပ်အထွေးတွေကို မလိုလားဘူး။ တရားနဲ့ပဲ တည်ငြိမ်အေးချမ်းစွာ နေထိုင်ကျင့်သုံးနေတဲ့ ပုဂ္ဂိုလ်၊ ဒီသံဃာ့ပရိသတ်ကြီးကို ဘယ်လိုလုပ် အုပ်ချုပ်မှာလဲ၊ အုပ်ချုပ်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဟုတ်မှ ဟုတ်ပါ့မလား'' ဟု ပြောသူကပြော၊ စိုးရိမ်သူက စိုးရိမ်နေကြသည်။

''ကျောင်းတိုက်ကြီး ထိုးများကျဆင်းသွားမလား၊ ဘယ်လိုပုံစံ ဘယ်လိုအနေအထားဖြင့် ဆက်လက် ရပ်တည်လေမလဲ'' ဆိုပြီး စောင့်ကြည့်သူတွေကလည်း စောင့်ကြည့်နေကြသည်။

အချို့ ရဟန်းရှင်လူများက ''ယောဆရာတော်လက်ထက်မှာ ကျောင်းတိုက်အခြေအနေ ဘယ်လိုရှိသလဲ၊ တိုးတက်လာသလား၊ ကျဆင်းသွားသလား၊ စည်းကမ်းကကော ဘယ်လိုလဲ'' စသည်ဖြင့် စာရေးသူကို မကြာမကြာ မေးမြန်းကြသည်လည်း ရှိခဲ့သည်။ ကျောင်းတိုက်၏ အခြေအနေအရပ်ရပ်ကို ပတ်ဝန်းကျင်မှ ဒေါက်ထောက်ကြည့် နေသူများလည်း မနည်းလှပေ။

ထိုအချိန်က စာရေးသူတို့၏ ဆရာဘုန်းကြီး ဦးနရိန္ဒက ''သံဃာတော်များ အခါတိုင်းထက် တည်တည်ငြိမ်ငြိမ် ကြိုးစားဖို့လို ကြောင်း၊ အများက ဤကျောင်းတိုက်အခြေအနေကို ဒေါက်ထောက်ကာ ကြည့်ရှုနေကြကြောင်း၊ ယောဆရာတော်က မေတ္တာဖြင့် အေးချမ်းစွာ အုပ်ချုပ်သည်ကို မေတ္တာဖြင့် နာခံကြရမည် ဖြစ်ကြောင်း၊ ယောဆရာတော် မျက်နှာ တစ်ချက်လောက် တည်သွား လျှင် ဆရာတော် ဦးကောဏ္ဍညရိုက်တာထက် ကြောက်စရာ ကောင်းကြောင်း'' စသည်ဖြင့် အမြဲ သတိပေးတော်မူသည်။

http://www.dhammadownload.com

အများစုက တိပိဋကဓရ ယောဆရာတော်လက်ထက်၌ ကျောင်းတိုက်ကြီး တစ်မျိုးမဟုတ်တစ်မျိုး ယိမ်းယိုင်လာလိမ့်မည်ဟု ထင်နေကြသော်လည်း ထင်ထားသည်နှင့် တခြားစီ ဖြစ်သည်။ ဆရာတော်ဦးကောဏ္ဍညရှိစဉ်ကတည်းက ဒုတိယ နာယက ယောဆရာတော်ကို တပည့်ပရိသတ်များ "ချစ်ကြောက်ရိုသေ" ကြည်ညိုလေးစားကြပြီး ဖြစ်၍ ပဓာန နာယက ဖြစ်လာသောအခါ ပို၍ပင် ကြည်ညိုလေးစားကာ ယောဆရာတော်၏ မေတ္တာစကားကို အတိအကျ နာခံလိုက်နာကြတော့သည်။

"အကျင့်သိက္ခာဖြင့် ဆုံးမခြင်းက ရိုက်နှက်ဆုံးမတာထက် ပိုမိုထိရောက်ကြောင်း" ရှေးဆရာတော်ကြီးများ မိန့်ကြားချက်နှင့်အညီ ယောဆရာတော်သည် ကိုယ်တိုင်က အကျင့်သိက္ခာ ပြည့်ဝအောင် စံပြအဖြစ် နေထိုင်ကျင့်သုံးပြပြီး မေတ္တာတရားဖြင့် အေးချမ်းစွာ အုပ်ချုပ်သည်ကို တပည့်ပရိသတ်များကလည်း လေးနက်စွာ တန်ဖိုးထားလိုက်နာကြသည်။

ယောဆရာတော်သည် ပဓာနနာယက တာဝန်ယူပြီးသည့် အချိန်မှစ၍ တိုက်တည်ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသ ချမှတ်ခဲ့သော ကျောင်းတိုက်၏ သံမဏိစည်းကမ်းကိုအခြေခံကာ ခေတ်အခြေအနေအရ ဖြည့်စွက်သင့်သည့် စည်းကမ်းချက်များ ဖြည့်စွက်၍ စီမံကိန်းများ အသစ်ရေးဆွဲကာ မေတ္တာတရားဖြင့် တည်ငြိမ်အေးချမ်းစွာ ပိပိရိရိ အုပ်ချုပ်တော်မူသည်။

ယောဆရာတော် ပဓာန နာယကဖြစ်ပြီး ပထမဆုံး မိန့်ကြားတော်မူခဲ့သော သြဝါဒမှာ **"ဒို့က ဆဲလည်း မဆဲဘူး၊ ငေါက်လည်း မငေါက်ဘူး၊ ရိုက်နှက်ဖို့ဆိုတာတော့ အဝေးကြီး၊ ဒါပေမယ့် စည်းကမ်းကိုကတော့ တစ်ချက်မှ အတိမ်းမခံနိုင်ဘူး။ တကယ် တော်သူကောင်းသူများကို လက်မနှေးဘဲ အစွမ်းကုန် ချီးမြှောက်ပြီး မတော်**

http://www.dhammadownload.com

မကောင်း အကျင့်တိမ်းစောင်းသွားသူများကို ပြစ်ဒဏ်များ ချမှတ်သွားမည်" ဟု အစပျိုး နိဒါန်းချီ မိန့်ကြားတော်မူခဲ့ပြီး တပည့်ပရိသတ်များကို စည်းကမ်းဖြင့် ထိန်းသိမ်း၊ စာပေဖြင့် ချုပ်ကိုင်၊ မေတ္တာတရားဖြင့် အရိပ်ပေး၍ အုပ်ချုပ်တော်မူသည်။

တိုက်အုပ် တိုက်ကြပ်များ ခန့်အပ်ခြင်း

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ တိုက်တည်ဆရာတော်ကြီး လက်ထက်နှင့် ဒုတိယမြောက် ပဓာနနာယက ဆရာတော် လက်ထက်တွင် တိုက်အုပ်၊ တိုက်ကြပ်များ ခန့်အပ်တာဝန် ပေးထားခြင်း မရှိ။ ဆရာတော်ကြီးများကိုယ်တိုင် တစ်ကျောင်း တိုက်လုံးပတ်၍ ပင်ပန်းစွာ အုပ်ချုပ်တော်မူခဲ့ကြသည်။ နေရာတကာ ကြီးကြပ်ကွပ်ကဲ စီမံအုပ်ချုပ်ရသဖြင့် ကိုယ်ပင်ပန်း စိတ်ပင်ပန်း ဖြစ်ကြလိမ့်မည်ဟု ယုံကြည်မိသည်။ ဆရာတော်ကြီးများသည် ပင်ပန်းမှုကို ပဓာနမထား၊ ပင်ပန်းသည်ဟုမမြင်ဘဲ သာသနာတော်အတွက် ကျောင်းတိုက် တိုးတက်ရေးအတွက်ကိုသာ ပဓာနထား၍ အစွမ်းကုန် ကြိုးစား ဆောင်ရွက်တော်မူခဲ့ကြသည်။

တတိယမြောက် ပဓာနနာယက တိပိဋကယောဆရာတော် လက်ထက်၌ကား ကျောင်းတိုက်ကို ပိုမိုး၍ စေ့စပ်သေချာစွာ အုပ်ချုပ်ထိန်းသိမ်းနိုင်ရန် ၁၃၆၅ ခုနှစ် ဝါဆိုလပြည့်နေ့၌ အရှင်သိရိကဉ္စနအား တိုက်အုပ်ဘုန်းကြီးအဖြစ်လည်းကောင်း၊ အရှင်ဣန္ဒကနှင့် အရှင်နန္ဒဝံသတို့အား တိုက်ကြပ်ဘုန်းကြီးအဖြစ်လည်းကောင်း တာဝန်ပေးတော်မူလိုက်သည်။ မကြာမီတွင် အရှင်ဣန္ဒကအား တိုက်အုပ်ဘုန်းကြီးအဖြစ် တိုးမြှင့်ပေးလိုက်သည်။ ၁၃၇၂ ခုနှစ် ဒုတိယ ဝါဆိုလပြည့်နေ့၌ အရှင်ဝဓိရပါဏိဘိဝံသအား တိုက်ကြပ်ဘုန်းကြီးတာဝန် ပေးတော်မူလိုက်သည်။

http://www.dhammadownload.com

ယောဆရာတော်သည် တပည့်သံဃာပရိသတ်တို့အား နေ့စဉ် ဆုံးမလမ်းညွှန်မှုများပေး၍ အဝေးထိန်းခလုတ်ဖြင့် ပိပိရိရိ အုပ်ချုပ်တော်မူသည်။ တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းကြီးများကို အထူးအာဏာကုန်လွှဲ၍ အုပ်ချုပ်စေသည်။ စည်းကမ်း ဖောက်ဖျက်သော စာသင်သားများကို တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းကြီးများက ယောဆရာတော်ထံ တင်ပြကြရသည်။ ယောဆရာတော်က ပြစ်မှုအခြေအနေကိုကြည့်၍ ပြစ်ဒဏ်ချမှတ်တော်မူသည်။ စာသင်သား သံဃာများကို ထိန်းသိမ်းစောင့်ရှောက် ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးခံထားရသော ပုဂ္ဂိုလ်များ တာဝန်ကျပွန်မှုမရှိပါက ကြီးကြပ်ကွပ်ကဲသော ပုဂ္ဂိုလ်ကိုပါ ဒဏ်ထမ်းခိုင်းတော်မူသည်။

ယောဆရာတော်၏စနစ်သည် မေတ္တာဖြင့် အုပ်ချုပ်၊ စာပေဖြင့် ချုပ်ကိုင်၊ စည်းကမ်းဖြင့် တင်းကြပ်ထားခြင်းဖြစ်သဖြင့် အလွန်နူးညံ့သိမ်မွေ့ပြီး အလွန်ထိရောက်တော်မူသည်။ ပရိသတ်များကို အုပ်ချုပ်ရာ၌ ပူလောင်ရွှပ်ထွေးမှု အဖြစ်မခံ၊ စည်းကမ်းများကို တင်းနိုင်သမျှ တင်းကြပ်ထားပြီး မေတ္တာတရားဖြင့် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း အုပ်ချုပ်တော်မူသည်။

ပညာရေးစနစ် မြှင့်တင်ပေးတော်မူခြင်း

ပဓာနနာယက ဆရာတော်ဦးကောဏ္ဍညသည် ရှိစဉ်က ဒုတိယနာယကဖြစ်တော်မူသော ယောဆရာတော်သည် စာချတာဝန်၊ ဟောရေးပြောရေးတာဝန်နှင့် ကိုယ်ပိုင် တရားလုပ်ငန်းများကိုသာ တစိုက်မတ်မတ် ဆောင်ရွက်တော်မူ၍ ကျောင်းတိုက်၌ အုပ်ချုပ်ရေးအပိုင်းကို ပဓာနနာယက ဆရာတော်သဘောအတိုင်း ဆောင်ရွက်စေခဲ့သည်။ ဒုတိယနာယက ယောဆရာတော်က ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့။

http://www.dhammadownload.com

၁၃၅၉-ခုနှစ်တွင် ပဓာနနာယကဆရာတော် ပျံလွန်တော်မူ၍ ယောဆရာတော် ပဓာနနာယကဆရာတော် ဖြစ်လာသောအခါ ၁၃၆၀-ခုနှစ်မှစ၍ အနိမ့်ဆုံးစာမေးပွဲမှ အမြင့်ဆုံး တိပိဋကစာမေးပွဲ အထိ ပညာရေးစနစ်ကို ပီပီပြင်ပြင် အကောင်ထည်ဖော်လို၍ ပညာရေးချီးမြှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စည်းကမ်းသတ်မှတ်ချက်များ၊ ပညာရေးမူဝါဒများကိုရေးဆွဲကာ ပညာရေးစနစ်ကိုမြှင့်တင်ရန် ကိုယ်တိုင် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်တော်မူသည်။

ယောဆရာတော်သည် သာသနာတော်အတွက် အလွန်အကျိုးများသော သာမဏေကျော် (အလင်္ကာရ) စာမေးပွဲကို စတင်ဖွင့်လှစ်ရန် မန္တလေးမြို့ အောင်ချမ်းသာကျောင်းတိုက်တွင် ပညာသင်ယူနေသော အရှင်ဝဇိရပါဏီလင်္ကာရကို ရန်ကုန် မဟာဝိသုဒ္ဓါရုံသို့ ပြန်လည်ခေါ်ဆောင်၍ သာမဏေကျော်ဆိုင်ရာ (အလင်္ကာရ)စာမေးပွဲ ပထမဆင့်ကို ပို့ချစေသည်၊ သာမဏေကျော်ဆိုင်ရာ စာအုပ်စာတမ်းစာရေးကိရိယာများကို ယောဆရာတော်မှ အပြည့်အစုံ လှူဒါန်းတော်မူသည်။

သာမဏေကျော်စာဝါ ဖွင့်လှစ်သောနှစ်မှာပင် ပထမအဆင့်ကို ရာနှုန်းပြည့်နီးပါး အောင်မြင်ကြသဖြင့် အောင်မြင်ခြင်း၏လမ်းစဟု ဆိုရပေမည်။ ထိုနှစ်မှာပင် ယောဆရာတော်သည် ဓမ္မာစရိယကျမ်းပြီး ပုဂ္ဂိုလ်များကို **"တိပိဋက ကျက်လိုက ကျက်၊ သကျသီဟ-စေတိယဂိဏ္ဍ လုပ်လိုက လုပ်၊ စာချလိုက စာချ၊ ကြိုက်တာရွေးချယ်နိုင်သည်၊ ဝမ်းမြောက်ဝမ်းသာ လှိုက်လှိုက်လဲ့လဲ့ အားပေးသည်"**ဟု အမိန့်ရှိကာ တိပိဋက ကျက်မှတ်သည့်ပုဂ္ဂိုလ်များကို ယောဆရာတော်ကိုယ်တိုင် စာထောက်စာမ လုပ်၍ ကြီးကြပ်ပေးတော်မူသည်။

http://www.dhammadownload.com

သကျသီဟလုပ်မည့် ပုဂ္ဂိုလ်များကိုလည်း ပုစ္ဆကအာဘော်ကို သိစေရန် ကျောင်းတိုက်က ပညာရေးစရိတ်များ အပြည့်အစုံပေး၍ မန္တလေးမြို့သို့ ပို့ဆောင်ကာ စာဝါလိုက်စေသည်။

မူ-ငယ်-လတ်-ကြီး-ဓမ္မာစရိယတန်းများကိုလည်း မိမိနေရာ၌ စာမကျက်စေဘဲ သတ်မှတ်ထားသည့် စာအံကျောင်း၌သာ သူ့နေရာ ကိုယ့်နေရာသတ်မှတ်ပြီး စာကျက်စာအံစေ၍ တစ်ပတ်လျှင် စာချဘုန်းကြီးတစ်ပါးစီ စာအံကျောင်းစောင့်တာဝန်ပေး၍ ကြီးကြပ်စေသည်။

မူ-ငယ်-လတ်-ကြီး-ဓမ္မစရိယတန်းများ အပတ်စဉ် ဥပုသ်နေ့တိုင်း လေ့ကျင့်ခန်းဖြေဆိုရမည့် ကျမ်းစာများကို ယောဆရာတော်ကိုယ်တိုင် သတ်မှတ်ပေးပြီး စာမေးပွဲကျသူများကို ဒဏ်ဖြင့် တွန်းအားပေးကာ စာအောင်ပုဂ္ဂိုလ်များကို ပိုမိုကြိုးစားလိုစိတ် ဖြစ်ပေါ်လာစေရန် ဆုများ ထိုက်တန်စွာ ချီးမြှင့်တော်မူသည်။ ယောဆရာတော်သည် မိမိကိုယ်တိုင်က အဆင့်အတန်းမြင့်မားသော တိပိဋကဓရဘွဲ့၊ အဘိဝံသဘွဲ့၊ အဂ္ဂမဟာအက္ကော်ဘွဲ့၊ ပါဠိပါရဂူဘွဲ့ထူးတို့ကို ရရှိခဲ့သလို တပည့်များကိုလည်း တော်စေတတ်စေလိုသည့် စိတ်ဆန္ဒအားကြီး၍ မိမိကဲ့သို့ ဖြစ်လာစေရန် စာပေထူးချွန်ပုဂ္ဂိုလ်များကို ဆုလာဘ်များ ထိုက်ထိုက်တန်တန် ချီးမြှင့်ကာ ပညာရေးကို မြှင့်တင်တော်မူသည်။

ယောဆရာတော်လက်ထက်တွင် ပညာရေးကို အဓိကထား ပြီး ချီးမြှောက်အားပေးမှုကြောင့် တိပိဋကစာမေးပွဲ၌ ဝိနည်းရှေ့ပိုင်းအာဂုံ ရေးဖြေအောင်၊ ခန္ဓကအာဂုံ ရေးဖြေအောင်၊ ပိဋကဓ ပုံအောင်၊ ၂ ပုံဆောင် ပုဂ္ဂိုလ်များ၊ သကျသီဟ-စေတိယင်္ဂဏ စာသင်တန်းအောင်ပုဂ္ဂိုလ်များနှင့် စာချတန်းအောင်၍ ''အဘိဝံသ''ဘွဲ့ရ ပုဂ္ဂိုလ်များ၊ ပရိယတ္တိသဒ္ဓမ္မပါလ စာသင်တန်းအောင်ပုဂ္ဂိုလ်များ၊ စာချတန်းအောင်၍ ''ဝဠံသကာ''ဘွဲ့ရနှင့် ''အဘိဝံသ''ဘွဲ့ရ

http://www.dhammadownload.com

ပုဂ္ဂိုလ်များ၊ သထုံ "ပိဋကတ္တယပါရဂူ" ဘွဲ့ရပုဂ္ဂိုလ်နှင့် ပထမစာချဘွဲ့ရ၊ ဒုတိယစာချဘွဲ့ရပုဂ္ဂိုလ်များ၊ "ပါဠိပါရဂူ" ဘွဲ့ရပုဂ္ဂိုလ်များ "ပထမကျော်" ဘွဲ့ရပုဂ္ဂိုလ်နှင့် ငယ်-လတ်-ကြီး၊ ဓမ္မာစရိယ အတန်းအသီးသီးတွင် ပထမ-ဒုတိယ-တတိယ ရကြသော အထူးအောင်ပုဂ္ဂိုလ်များ၊ နိကာယ်ဆိုင်ရာ ဘွဲ့ရပုဂ္ဂိုလ်များ နှစ်စဉ် ပေါ်ထွန်းခဲ့သည်။

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ယခင်က နှစ်များစွာ အဆက်ပြတ်နေခဲ့သော တိပိဋကက တစ်စိတ်အောင်၊ ၁-ပုံအောင်၊ ၂-ပုံဆောင် ပုဂ္ဂိုလ်များနှင့် "အဘိဝံသ" ဘွဲ့ရ၊ "ပိဋကတ္တယပါရဂူ" ဘွဲ့ရ၊ "ပါဠိပါရဂူ" ဘွဲ့ရ၊ "ပထမကျော်" ဘွဲ့ရ ပုဂ္ဂိုလ်များကို ယောဆရာတော်လက်ထက်တွင် ပြန်လည်ဖော်ထုတ်ပေးနိုင်ခဲ့သည်။

ယခင်က ဆရာတော် ဦးကောဏ္ဍညသည် ကျောင်းတိုက်စည်းကမ်းများကို တင်းနိုင်သမျှ တင်းကြပ်၍ တစ်ကျောင်းတိုက်လုံးကို တစ်ပါးတည်း ကိုယ်ပင်ပန်း စိတ်ပင်ပန်းစွာ အုပ်ချုပ်တော်မူခဲ့သည်။ တပည့်များအပေါ် ကြီးပွားတိုးတက်စေလိုသော စိတ်ဆန္ဒက အားကြီးသဖြင့် စည်းကမ်းတကျမဖြစ်လျှင် စာချဘုန်းကြီးများကိုလည်း ဆူပူကြိမ်းမောင်းတတ်သည်။ စာသင်သားများကိုလည်း မှတ်လောက်အောင် ရိုက်နှက်ဆုံးမတတ်သည်။ စာချဘုန်းကြီးများအနေဖြင့် စာသင်သားများကို ပြောဆိုဆုံးမရမည်ဖြစ်ပါလျက် မပြောဆိုလျှင် "အရှင်ဘုရားတို့ အမုန်းခံရမှာကြောက်လျှင် လူကြီးမလုပ်ကြပါနှင့်" ဟု မကြာမကြာ အမိန့်ရှိတော်မူသည်။

ဆရာတော်၏ ကရုဏာဒေါသဖြင့် ဆူပူကြိမ်းမောင်းမှုကြောင့် တပည့် စာချစာသင်သံဃာများ သာမညစိတ်ဓာတ်ဖြင့် ရေရှည်မနေနိုင်ကြပေ။ ဤကျောင်းတိုက်တွင် စာဝါလိုက်ပြီး ဓမ္မာစရိယကျမ်းပြီး၍ စာချဘုန်းကြီးဖြစ်လျှင် ဆရာတော်၏ ဆူပူကြိမ်းမောင်းမှု

http://www.dhammadownload.com

ဒဏ်ကို မခံနိုင်သဖြင့် မကြာမီ ကျောင်းတိုက်မှ ထွက်ခွာသွားကြသည်က များသည်။ ထိုအချိန်က စာချဘုန်းကြီး အလွန်အားနည်းခဲ့သည်။ စာချဘုန်းကြီး အားနည်းသော်လည်း ဆရာတော်သည် စိတ်ဓာတ်မကျ၊ စိတ်အားမငယ်၊ ကိုယ်တိုင်အပင်ပန်းခံကာ စာပေကို ကြိုးစားပို့ချတော်မူသည်။ တစ်ကျောင်းတိုက်လုံးကိုလည်း တစ်ပါးတည်း လှည့်ပတ်ပြီး အုပ်ချုပ်ရ၊ စာပေကိုလည်း ပို့ချရ၊ အလွန် ပင်ပန်းတော်မူခဲ့သည်။

ယောဆရာတော်သည် တပည့်ပရိသတ်များကို အုပ်ချုပ်ရာ၌ ပိုမိုစေ့စပ် သေချာစေရန် စာချဘုန်းကြီးများကိုပါ နေရာပေးခွဲဝေ အုပ်ချုပ်စေ၍ ယောဆရာတော်မှ နေ့စဉ် လမ်းညွှန်မှုပေးတော်မူသည်။ စာချဘုန်းကြီးများအနေဖြင့် စာသင်သားများကို အုပ်ချုပ်ရ လွယ်ကူချောမွေ့စေရန် **"အုပ်ချုပ်ရေး တာဝန်ခံပုဂ္ဂိုလ်များကို ကိုယ်အားဖြင့် ဖြစ်စေ၊ နှုတ်အားဖြင့်ဖြစ်စေ၊ မထိမဲ့မြင်လုပ်လျှင်၊ ကျောင်းတိုက်မှ ချက်ချင်း ထွက်ခွာသွားရမည်"** ဟု စည်းကမ်းချက်များ ချမှတ်ထားသည်။ ထိုသို့ စည်းကမ်းချက် ချမှတ်ထားသောကြောင့် အုပ်ချုပ်ရ လွယ်ကူပြီး အုပ်ချုပ်ရေးကိစ္စ ခရီးရောက်လှပေသည်။

ယောဆရာတော်သည် ပညာရေးကို အထူးဦးစားပေးပြီး ပညာရေးစနစ်ကို မြှင့်တင်အကောင်အထည်ဖော်ရာ၌ စာသင်သားများကို စည်းကမ်းဖြင့် တင်းကြပ်ထား၍ စာပေဖြင့် ချုပ်ကိုင်ကာ စာပေထူးချွန်ပုဂ္ဂိုလ်များကို ဆုလာဘ်များဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးပြီး စာပေညံ့ဖျင်းသူများကို ပြစ်ဒဏ်များဖြင့် နှိပ်ကွပ်တော်မူသည်။ စာအောင်ပုဂ္ဂိုလ်များကို ဆုများချီးမြှင့်ရာ၌ အတန်းအနိမ့်အမြင့်ကိုကြည့်၍ အထူးအောင်၊ ရိုးရိုးအောင် ခွဲကာ၊ အမြင့်ဆုံး တိပိဋကာ စာမေးပွဲမှ အနိမ့်ဆုံး မူလတန်းစာမေးပွဲအထိ စာအောင်ပုဂ္ဂိုလ်များကို ဆုများ ထိုက်ထိုက်တန်တန်ချီးမြှင့်၍ ပညာရေးကို အားပေးတော်မူသည်။


http://www.dhammadownload.com

ယောဆရာတော် ချီးမြှင့်တော်မူသော ဆုများကို သာဓက အနေဖြင့် ဖော်ပြရလျှင် သုတ္တန္တပိဋကက အာဂုံဆောင် "ဒီဃ ဘာဏက" ဘွဲ့ရ အရှင်ဝဇိရပါဏိဘိဝံသအား သိန်း ၂၀ တန် ကြာသင်္ကန်း ၁ ထည်၊ သင်္ကန်းအကောင်းစား ၁၅ စုံ၊ စတီးသပိတ် ၁ လုံး၊ အခြံအရံပစ္စည်းများနှင့်တကွ၊ ငွက်သိုက် ၁၀ ကဒ်၊ အားဆေး ၃ ဘူး၊ နဝကမ္မ ကျပ် ၁၀ သိန်း ဆုချတော်မူသည်။ အလားတူ သကျသီဟ စေတိယင်္ဂဏ ဓမ္မာစရိယ၊ ပထမပြန် စာမေးပွဲအောင်၊ အသင်းစာမေးပွဲအောင်ပုဂ္ဂိုလ်များကိုလည်း အနိမ့်အမြင့်ကိုချိန်၍ ဤကဲ့သို့ ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်တော်မူသည်။

ယောဆရာတော်သည် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ရှိ တပည့် ပရိသတ်များကိုသာ ပညာရေးချီးမြှောက်သည် မဟုတ်၊ ကျောင်းတိုက် ခွဲများဖြစ်သော မြောက်ဒဂုံ ထေရဝါဒ ဓမ္မရောင်ခြည် ကျောင်းတိုက်၊ မင်္ဂလာဒုံ ရွှေဥမင် ဓမ္မသုခတောရကျောင်းတိုက်၊ ကလေးမြို့ မဟာ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ တိပိဋကတောင်ဖီလာတောရ ကျောင်းတိုက်များ ရှိ စာသင်သားများကိုလည်း ချီးမြှောက်ထောက်ပံ့၍ စာအောင်ပုဂ္ဂိုလ် များအား ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ကာ ပညာရေးကို အားပေးတော်မူသည်။

http://www.dhammadownload.com

ပဌမပိုင်း



စည်းကမ်းဆိုတာ အလှဆင်ပေးတာပါ

http://www.dhammadownload.com

http://www.dhammadownload.com

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ သီတင်းသုံး နေထိုင်ကြသော ရဟန်း သာမဏေများ လိုက်နာရန် စည်းကမ်းဥပဒေ

၁။ နာယက ဆရာတော်နှင့် အုပ်ချုပ်ရေးတာဝန်ခံ ဘုန်းကြီးများ၏ ညွှန်ကြားဆုံးမမှုကို ဆင်ခြင်မပေးဘဲ အမြဲလေးစားလိုက်နာရမည်။

၂။ မြို့တွင်းရွာတွင်းသို့သွားလျှင် နာယက ဆရာတော်ထံ အသွားအပြန် အသိပေးပန်ကြားရမည်။

၃။ မည်သည့်အချိန်မဆို ကျောင်းတိုက်အပြင်ထွက်လျှင် သင်္ကန်းရုံ သွားရမည်။

၄။ မကျန်းမာခြင်းစသော အကြောင်းထူးများမရှိလျှင် သံဃာတော် ညီညွတ်မှုကို ရှေးရှု၍ ဆွမ်းစားကျောင်း၌သာ အများနှင့်အတူ ဆွမ်းဘုဉ်းပေးရမည်။

၅။ စားသောက်ဖွယ်ရာတို့ကို မိမိနေရာ၌ မထားဘဲ ဆွမ်းစားကျောင်းသို့သာ ပို့အပ်ထားရမည်။

http://www.dhammadownload.com

၆။ ပြောပလောက်သော ဂိလာနအကြောင်းကို ချန်လှပ်၍ နေ့စဉ် ညဉ့်၊ နံနက် ဘုရားဝတ်တက်ရာ သြဝါဒမိန့်ကြားရာ၊ ဥပုသ်ပြုရာသို့ မပျက်မကွက် လိုက်ပါရမည်။

၇။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းမှ ရှောင်ကြဉ်ရမည်။

၈။ ရုပ်ရှင်ပွဲ၊ ဘောလုံးပွဲ၊ အငြိမ့်ပွဲ စသည့် မည်သည့်ပွဲလမ်းသဘင်ကိုမျှ သွားရောက်ကြည့်ရှုခြင်း မပြုရ။

၉။ မလျောက်ပတ်သော သင်္ကန်းအရောင် အံသကိုဋ္ဌ (အင်္ကျီလက်တို) ဝတ်ခြင်း၊ ကွင်းသင်းပိုင်ဝတ်ခြင်းမှ လုံးဝ ရှောင်ကြဉ်ရမည်။

၁၀။ သွေးကွဲကြောင်းဖြစ်သော အချင်းချင်းကုန်းတိုက်ခြင်း၊ အသင်းအပင်း အုပ်စုဖွဲ့ခြင်းမှ လုံးဝ ရှောင်ကြဉ်ရမည်။

၁၁။ ဤကျောင်းတိုက်၌ နေထိုင်သမျှ နိုင်ငံရေး လိုက်စားခြင်း၊ ခေတ်ပညာသင်ကြားခြင်းကို လုံးဝ မပြုလုပ်ရ။

၁၂။ ဤကျောင်းတိုက်၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေမည့် အပြောအဆို အပြုအမူမှ အထူးရှောင်ကြဉ်ရမည်။

၁၃။ အများကို အန္တရာယ်ပြုတတ်သော လက်နက်ကိရိယာများ၊ သာသနာတော်အတွက်အကျိုးမပြုသော ကာတွန်း၊ ခေတ်ဝတ္ထုဆန်း စသော စာအုပ်များကို မကိုင်ဆောင်ရ၊ အသုံးမပြုရ။

၁၄။ ကျောင်းနံရံကို မမှီရ၊ အသံ မဆူညံရ။

၁၅။ ရဟန်းရှင်လူ မည်သည့်ဧည့်သည်မဆို ဤကျောင်းတိုက်၌ မိမိနှင့်သိရှိရင်းနှီး၍ အာမခံ တာဝန်ယူနိုင်သော ရဟန်း သာမဏေ၊ ကျောင်းသားတစ်ဦးဦး ရှိနေမှသာ

http://www.dhammadownload.com

သုံးည တည်းခိုခွင့် ရပါမည်။ မကျန်းမာသူဖြစ်လျှင် ငါးညအထိ တည်းခိုနိုင်ပါသည်။ (ကူးစက်တတ်သော နာတာရှည် ရောဂါရှိသူများကို တည်းခိုခွင့် မပြု)။

မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၌ နေထိုင်ခွင့် စည်းကမ်း

၁။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ နေထိုင်လိုသူသည် အောက်ဖော်ပြပါ အတန်းလိုက် သတ်မှတ်ထားသော အာဂုံကျမ်းစာများကို ပြန်ပြနိုင်မှသာ နေထိုင်ခွင့်ရမည်။

(က) စာချတန်း ဖြေဆိုမည်ဖြစ်လျှင် (၁) ဥပစာ ၁၀ ပါး၊ နည်း ၄၀၊ သံဝဏ္ဏနာ (၂) အဘိဓာန်ဂါထာ အနေကတ္ထဝဂ်နှင့် အဗျယဝဂ်၊ (၃) ပရိတ်ကြီး ၁၁ သုတ်။

(ခ) ပထမကြီးတန်း ဖြေဆိုပြီးလျှင် (၁) သဒ္ဒါ ၄ စောင် (သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်)၊ (၂) အဘိဓာန်ဂါထာ ၆၀၀၊ (၃) ပရိတ်ကြီး ၁၁ သုတ်။

(ဂ) ပထမလတ်တန်း ဖြေဆိုပြီးလျှင် (၁) သဒ္ဒါ ၄ စောင် (သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်)၊ (၂) သဂ်ဟ ၉ ပိုင်း၊ (၃) ပရိတ်ကြီး ၁၁ သုတ်။

(ဃ) ပထမငယ်တန်း ဖြေဆိုပြီးလျှင် (၁) သဒ္ဒါ ၄ စောင်၊ (သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်) (၂) သဂ်ဟ ၇ ပိုင်း၊ (၃) ပရိတ်ကြီး ၁၁ သုတ်။

(င) မူလတန်း ဖြေဆိုမည်ဖြစ်လျှင် (၁) သုတ်စဉ် ၈ စောင်၊ (၂) သဂ်ဟအောက် ၃ ပိုင်း၊ (၃) ပရိတ်ကြီး ၁၁ သုတ်။

http://www.dhammadownload.com

(စ) သာမဏေ ပထမဆင့် ဖြေဆိုမည်ဖြစ်လျှင် (၁) သဒ္ဒါ ၄ စောင် (သန္ဓိ၊ နာမ်၊ ကာရက၊ အာချာတ်)၊ (၂) သင်္ဂဟ အောက် ၃ ပိုင်း၊ (၃) ပရိတ်ကြီး ၁၁ သုတ်။

* * *

၂။ ဤကျောင်းတိုက်၌ နေထိုင်လိုသူကို ယုံကြည်စိတ်ချ လေးစားထိုက်သော တာဝန်ခံပုဂ္ဂိုလ်က "ဤသာမဏေ (ရဟန်း)၏ အခြေအနေ အကြောင်းမှန်ကို ကိုယ်တိုင် သိ၍ ၄င်းသည် အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ကြောင်း၊ ပဓာန နာယက ဆရာတော်က အလိုမရှိ၍ အကြောင်းကြားလာသည့်အခါ ချက်ချင်း ပြန်လည် ရုပ်သိမ်းခေါ်ယူမည်ဖြစ်ကြောင်း၊ ၄င်းနှင့် သက်ဆိုင်သမျှ ကိစ္စကြီးငယ်ကို ဆောင်ရွက်ရာ၌ အုပ်ချုပ်ရေး တာဝန်ခံ များမှ တဆင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း" ကိုယ်တိုင် လက်မှတ်ရေးထိုး၍ အာမခံ တာဝန်ယူ ရပါမည်။

လက်မှတ် .....

ဘွဲ့အမည်နှင့်နေရပ် .....

ဖုန်းနံပါတ် .....

နေ့စွဲ .....

၃။ နေထိုင်လိုသူသည် "ကျောင်းတိုက် စည်းကမ်းဥပဒေနှင့် အုပ်ချုပ်ရေးတာဝန်ခံများ၏ ဆုံးမညွှန်ကြားချက်ကို

http://www.dhammadownload.com

ခြင်းချက်မရှိ လိုက်နာနေထိုင်မည် ဖြစ်ကြောင်း၊ မိမိ၏ ပစ္စည်းအားလုံးကို အုပ်ချုပ်ရေးတာဝန်ခံများက ချိန်ခါမရွေး သဘောရှိ ဖွင့်လှစ်စစ်ဆေးသည်ကို ကျေနပ်စွာ ခံယူမည် ဖြစ်ကြောင်း၊ ပဓာန နာယက ဆရာတော်က အလိုမရှိတော့၍ ကျောင်းတိုက်မှ ထွက်ခွာသွားစေလိုသည့်အခါ တစ်စုံတစ်ရာ ပြောဆိုငြင်းဆန်မှု မရှိ၊ ထွက်ခွာသွားမည် ဖြစ်ကြောင်း" ကိုယ်တိုင် ဝန်ခံလက်မှတ် ရေးထိုးရမည်။

လက်မှတ် .....

ဘွဲ့အမည်နှင့်နေရပ် .....

ဖုန်းနံပါတ် .....

နေ့စွဲ .....

၄။ နေထိုင်ခွင့်ရလျှင် ဓားစသော အများကို အန္တရာယ်ပြုတတ်သော လက်နက်ကိရိယာများ၊ သာသနာအတွက် အကျိုးမပြုသော ခေတ်ဝတ္ထု စသော စာအုပ်များကို ယူဆောင်လာခြင်းမှ ရှောင်ကြဉ်၍ သပိတ်၊ သပိတ်အိတ်၊ ကိုင်းခွက်၊ ဇွန်း၊ ထန်းရွက်ယပ်၊ နေရာထိုင်၊ သင်ဖျာတစ်ချပ် ယူဆောင်လာရပါမည်။

၅။ တစ်ကိုယ်ရေ သန့်ရှင်းမှုမရှိခြင်း၊ ကိုယ်နှုတ်ယဉ်ကျေးမှုမရှိခြင်း၊ သတ်မှတ်ချိန်မှတစ်ပါး ရေချိုးခေါင်းရိတ်ခြင်း၊ ခေတ်ဝတ္ထု ကာတွန်း စသည် ဖတ်ခြင်း၊ အခါအားလျော်စွာ ထုတ်ပြန်အပ်သော စည်းကမ်း ဥပဒေကို ဖောက်ဖျက် ကျူးလွန်ခြင်း စသည်ကို ပြုမိပါက ပေးအပ်သော ပြစ်ဒဏ်ကို ထမ်းဆောင်ရမည်။

http://www.dhammadownload.com

၆။ (က) စာဖြေတစ်ကြိမ် ပျက်ကွက်ခြင်း။

(ခ) ညဉ့်နံနက် ဝတ်တက် မလိုက်ခြင်း။

(ဂ) တံတိုင်းတံခါး ကျော်နင်း ထွက်ဝင်ခြင်း။

(ဃ) မလျှောက်မထား ကျောင်းတိုက်အပြင် သွားခြင်း။

(င) သင်္ကန်းမရုံဘဲ ကျောင်းတိုက်အပြင် ထွက်ခြင်း။

(စ) ခွင့်မပန်ဘဲ စာဝါပျက်ကွက်ခြင်း။

(ဆ) ခိုက်ရန်ဖြစ်ပွားမှု၊ ခိုးမှု စသော ပြစ်မှုကျူးလွန်ခြင်း။

(ဇ) အုပ်ချုပ်ရေး တာဝန်ခံများကို ကိုယ်နှုတ်ဖြင့် မထီမဲ့မြင် မလေးမခန့်ပြုခြင်း။

(ဈ) သမာဓိ ပျက်ပြား ဆုတ်ယုတ်ကြောင်း ဖြစ်သော လက်ကိုင်တယ်လီဖုန်း၊ အင်တာနက်၊ ကက်ဆက် စသော ဆက်သွယ်ရေး ပစ္စည်းများကို ကိုင်တွယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးချခြင်း စသည်ကို ပြုမိပါက ကျောင်းတိုက်မှ ချက်ချင်း ထွက်ခွာသွားရမည်။

တိပိဋက ယောဆရာတော်

အဝင်ခက်သလောက် အထွက်လွယ်

မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၌ နေထိုင်လိုသော စာသင်သားများအတွက် နောက်က အာမခံတာဝန်ယူ၍ အပ်နှင်းပေးသည့် ဆရာသမားလည်းပါမှ၊ အတန်းအသီးသီး သတ်မှတ်ထားသည့် ကျောင်းဝင်ခွင့်စာကိုလည်း ကျပွန်စွာရရှိမှ ကျောင်းတိုက်၌ နေထိုင်ခွင့်ပြု

http://www.dhammadownload.com

သည်။ နေထိုင်ခွင့်ရရှိပြီးသော်လည်း ကူးစက်တတ်သော ရောဂါများနှင့် နာတာရှည်ရောဂါများ ဖြစ်ခဲ့သော် ပြန်ပို့လိုက်ပြီး ရောဂါပျောက်မှ ပြန်လည်လက်ခံသည်။ ချမှတ်ထားသော စည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်အပ်သော စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်မိပါက ကျောင်းတိုက်မှ အပြီးပိုင် နှင်ထုတ်လိုက်တော့သည်။

ရန်ကုန်မြို့၌ သမိုင်းဝင် ကုန်း ၉ ကုန်း ရှိသည့်အနက် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက် တည်ရှိရာ ကွန္ဓာသယကုန်းမြေသည် တစ်ကုန်းအပါအဝင် ဖြစ်သည်။ ကွန္ဓာသယကုန်းပေါ်ရှိ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်သည် တက်ရတာခက်ခဲသလောက် ဆင်းရတာ အလွန်လွယ်ကူသည်။ အဝင်ခက်သလောက် အထွက်လွယ်ကူသည်။

မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၏ တစ်နေ့တာ လုပ်ငန်းစဉ်များ

တိပိဋကယောဆရာတော် စီမံအုပ်ချုပ်လျက်ရှိသော မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ရှိ သံဃာတော်များသည် နံနက် ၄ နာရီတွင် သံဃာကုန် အိပ်ရာမှ ထကြရသည်။ ၄ နာရီ ၁၅ မှ ၅ နာရီအထိ ဘုရားရှိခိုးကျောင်းသို့ သံဃာကုန် ကြွရောက်၍ ဘုရားရှိခိုးပစ္စဝေက္ခဏာဆင်ခြင် မေတ္တာပို့ကြရသည်။ ပြီးလျှင် ယောဆရာတော်၏ အဆုံးအမ ဩဝါဒကို နာယူ၍ အချိန်ပိုင်း တရားရှုမှတ်ကြရသည်။ နံနက် ၅ နာရီ ၁၅ မှ ၆ နာရီ ၁၅ ဝန်းကျင်အထိ (အင်္ဂါ၊ သောကြာမှအပ) တန်းဆွမ်းခံကြွကြရပြီး ၆ နာရီ ၃၀ ခန့်တွင် သံဃာအားလုံး သိမ်ကျောင်းထဲသို့ ကြွရောက်ပြီး မေတ္တာပို့ဂါထာများရွတ်ပွား၍ ဆွမ်းစားတုံးခေါက်လျှင် ဆွမ်းစားကျောင်းသို့ တန်းစီကြွရောက်ပြီး သံဃာစုံမှ ဆွမ်းဘုဉ်းပေးကြရသည်။

နံနက် ၇ နာရီမှ ၈ နာရီအထိ အတန်းအသီးသီး စာပေသင်ယူပို့ချကြရသည်။ ၈ နာရီမှ ၈ နာရီ ၃၀ အထိ ခွဲဝေသတ်မှတ်ထားသည့်

http://www.dhammadownload.com

အတိုင်း တစ်ကျောင်းတိုက်လုံး သန့်ရှင်းရေး ဝေယျာဝစ္စများ ဆောင်ရွက်ကြရသည်။ နံနက် ၈ နာရီ ၃၀ မှ ၉ နာရီ ၄၅ အထိ စာသင်သား သံဃာအားလုံး စာအံကျောင်းသို့ ကြွရောက်၍ သတ်မှတ်ထားသည့်နေရာ၌ ပရိယတ္တိစာပေ ကြိုးစားကျက်မှတ်ကြရသည်။ (ဤ ၈ နာရီ ၃၀ မှ ၉ နာရီ ၄၅ အချိန်သည် အခြားကျောင်းများရှိ သံဃာတော်များ ဆွမ်းခံကြရသည့်အချိန် ဖြစ်သည်။)

နံနက် ၉ နာရီ ၄၅ မှ ၁၀ နာရီ ၃၀ အထိ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရေချိုးကြရသည်။ အဖိတ်နေ့တစ်နေ့သာ နံနက် ၉ နာရီ ၃၀ တွင် စာအံကျောင်းဆင်း၍ တစ်ကျောင်းတိုက်လုံး ခေါင်းရိတ်ကြရသည်။ ၁၀ နာရီ ၄၅ တွင် သံဃာကုန် သိမ်ကျောင်းထဲသို့ ကြွရောက်ကာ မေတ္တာသုတ်ပရိတ်ကို ရွတ်ဖတ်ပွားများ၍ ဆွမ်းစားတုံးခေါက်လျှင် ဆွမ်းစားကျောင်းသို့ တန်းစီကြွရောက်ပြီး သံဃာစုံမှ ဆွမ်းဘုဉ်းပေးကြရသည်။

နေ့ဆွမ်းဘုဉ်းပေးပြီး ၁၁ နာရီ ၃၀ ဝန်းကျင်မှ ၁၂ နာရီ ၄၅ အထိ အနားယူကြရသည်။ နေ့လည် ၁၂ နာရီ ၄၅ မှ ၂ နာရီအထိ စာသင်စာချ၊ ၂ နာရီမှ ၃ နာရီအထိ အနားပေး၊ ၃ နာရီမှ ၄ နာရီအထိ စာသင်စာချ၊ ၄ နာရီမှ ၄ နာရီ ၃၀ အထိ ဝေယျာဝစ္စသန့်ရှင်းရေး၊ ၄ နာရီ ၄၅ မှ ၆ နာရီအထိ အတန်းအသီးသီး စာသင်စာချ၊ စာဝါမရှိလျှင် စာအံကျောင်းသို့ ကြွရောက်၍ စာကျက်ကြရသည်။ ၆ နာရီ ၁၅ မှ ၇ နာရီအထိ သံဃာကုန် ဘုရားဝတ်တက်၊ ယောဆရာတော်၏ အဆုံးအမသြဝါဒ နာယူ၊ အချိန်ပိုင်း တရားရှုမှတ်၊ ၇ နာရီ ၁၅ မှ ၉ နာရီအထိ စာအံကျောင်းသို့ ကြွရောက်၍ ရပြီးသော စာများကို မမေ့ပျောက်အောင် ပြန်ဆိုကြရသည်။

ည၌ ၉ နာရီ ၁၅ မှ ၁၀ နာရီအထိ အတန်းအသီးသီး အဘိဓမ္မာဆိုင်ရာ ညဝါများကို သုံးပါးတစ်တွဲ အလွတ်ရွတ်ဆိုကြရ

http://www.dhammadownload.com

သည်။ ညဉ့် ၁၀ နာရီမှ ၁၀ နာရီ ၄၅ အထိ သဘောအဓိပ္ပာယ်ကို ကြည့်ရှုလေ့လာကြရသည်။ ညဉ့် ၁၁ နာရီ အချိန်တွင် ကျောင်းတိုက်၏ တစ်နေ့တာလုပ်ငန်းစဉ် ပြီးဆုံးပြီဖြစ်၍ တစ်ကျောင်းတိုက်လုံး မီးပိတ်ကာ ကျိန်းစက်ကြရသည်။

ထို့နောက် နံနက် ၄ နာရီအချိန်တွင် ပြန်လည်ထကြရပြီး ဖော်ပြခဲ့ပြီးသည့်အတိုင်း တစ်နေ့တာ လုပ်ငန်းစဉ်များကို ပြန်လည် လုပ်ဆောင်ကြရသည်။ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၌ သာသနာ့ စက်ယန္တရားများ ရပ်နားသည်ဟူ၍ တစ်နေ့မှ မရှိ၊ နေ့စဉ်ရက်ဆက် အမြဲ လည်ပတ်နေသည်။

ဥပုသ်နေ့တွင်လည်း နားရသည်ဟူ၍ မရှိ၊ နေ့လည် ၁၂ နာရီ ၄၅ မှ ညနေ ၄ နာရီအထိ ဥပုသ်နေ့တိုင်း စာဖြေကြရသည်။ စာမေးပွဲကြီးမှာ စနစ်တကျ ဖြေဆိုတတ်အောင် မေးခွန်းပါးဝအောင် စာမေးပွဲအတွေ့အကြုံ ရင့်ကျက်အောင် လေ့ကျင့်ခန်း စာမေးပွဲများကို ကျင်းပပေးခြင်း ဖြစ်သည်။ ထိုလေ့ကျင့်ခန်းစာမေးပွဲ ကျရှုံးပါက သတ်မှတ်ထားသည့် နှုန်းအတိုင်း ဒဏ်ထမ်းကြရသည်။ လပြည့်လကွယ် ဥပုသ်နေ့တွင် ညနေ ၅ နာရီမှ ၆ နာရီအထိ ရဟန်းတော်များ အားလုံး သိမ်ထဲ၌ ဥပုသ်ပြုကြရသည်။

ဥပုသ်နေ့ ညနေ ၆ နာရီအချိန်တွင် စာချဘုန်းကြီးများက စာသင်သားများ စာဝါတက် မှန် မမှန် အကြောင်းမဲ့ စာဝါပျက်ကွက်မှု ရှိ မရှိကို စာရင်းဇယားဖြင့် မှတ်၍ ယောဆရာတော်ထံ တင်ပြကြရသည်။

စာဝါစာရင်းတွင်-

* စာဝါတက်လျှင် (။) ဟု လည်းကောင်း၊
* စာဝါမတက်လျှင် (မ) ဟု လည်းကောင်း

http://www.dhammadownload.com

* ဂိလာနဆိုလျှင် (နှ) ဟု လည်းကောင်း
* ခွင့်ယူလျှင် (ခ) ဟု လည်းကောင်း
* စာဝါတက် နောက်ကျလျှင် (နောက်)ဟု လည်းကောင်း၊ စာချဘုန်းကြီးများက အမှတ်သင်္ကေတဖြင့် စာဝါစာရင်းကို ယောဆရာတော်ထံ ဥပုသ်နေ့ ညနေတိုင်း တင်ပြကြရပြီး ယောဆရာတော်မှ စာဝါစာရင်းကို ကြည့်ရှု၍ (မ)ဟု တွေ့ရှိရသော စာသင်သားကို ကျောင်းတိုက်မှ နှင်ထုတ်သည်။ (နောက်)ဟု တွေ့ရှိရသော စာသင်သားကို ပြစ်ဒဏ်ပေးသည်။

မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်၌ ခေတ္တတည်းခို နေထိုင်ကြသော ဧည့်သည်များ လိုက်နာရန် စည်းကမ်း

၁။ ဤကျောင်းတိုက်၌ မိမိနှင့် သိရှိရင်းနှီး၍ အာမခံ တာဝန်ယူနိုင်သော ရဟန်းသာမဏေ ကျောင်းသားတစ်ဦးဦး ရှိနေမှသာ တည်းခိုနေထိုင်ခွင့်ရပါမည်။

၂။ ဤကျောင်းတိုက်သို့ တည်းခိုနေထိုင်ရန် ရောက်လာလျှင် ကျောင်းတိုက်ရှိ အသိပုဂ္ဂိုလ်က ဦးဆောင်ကာ ဆရာတော်ထံ (ဆရာတော် မရှိပါက ဆရာတော်က တာဝန်ပေးအပ်ထားသူထံ) လာရောက် လျှောက်ထား၍ တည်းခိုနေထိုင်ခွင့် တောင်းရပါမည်။

၃။ တည်းခိုနေထိုင်ခွင့်ရလျှင် ဧည့်တာဝန်မှူးထံ သွားရောက်ကာ လာရောက်ရသည့် အကြောင်းကိစ္စကို ဖော်ပြ၍ မှတ်ပုံတင် နံပါတ်နှင့်တကွ စာရင်း ပေးသွင်းပြီးနောက် ဧည့်တာဝန်မှူးက ဆွမ်းစားကျောင်း ဘုန်းကြီးထံ ဧည့်စာရင်း ပေးထားရပါမည်။

http://www.dhammadownload.com

၄။ ဤကျောင်းတိုက်၌-

(က) ပုံမှန်အားဖြင့် ၃ ညသာ တည်းခိုနေထိုင်ခွင့်ရပါမည်။

(ခ) အထူးအရေးကြီးသော မကျန်းမာသူ (လူမမာ) ဖြစ်ပါက ဆရာတော်ထံ အထောက်အထားပြကာ ခွင့်တောင်းလျှင် ၅ ညအထိ တည်းခိုနေထိုင်ခွင့်ရပါမည်။

(ဂ) သို့ရာတွင် ကူးစက်တတ်သော နာတာရှည်ရောဂါရှိသူများကို လုံးဝ တည်းခိုခွင့် မပြုပါ။

၅။ ဤကျောင်းတိုက်၌ တည်းခိုနေထိုင်စဉ် ဆေးလိပ်မသောက်ရခြင်း၊ ကွမ်းမစားရခြင်း၊ မဆူညံရခြင်း သတ်မှတ်ထားသည့် အချိန်မှတစ်ပါး ရေမချိုးရခြင်း၊ သန့်ရှင်းအောင် နေရခြင်း စသော ကျောင်းတိုက် စည်းကမ်းများကို တိကျစွာလိုက်နာ၍ အဖိုးတန်ပစ္စည်းများပါလာလျှင် ကျောင်းတိုက်ရှိ အသိပုဂ္ဂိုလ်ထံ အပ်ထားပြီး ကျောင်းတိုက်တာဝန်ရှိ ပုဂ္ဂိုလ်က စစ်ဆေးလာလျှင် ကျေနပ်စွာ ဖွင့်ပြရပါမည်။

၆။ ဤကျောင်းတိုက်၌ တည်းခိုနေထိုင်စဉ် ကျောင်းတိုက်ထဲက အပြင်သို့ ထွက်လျှင်ဖြစ်စေ၊ ပြန်ရောက်လာလျှင်ဖြစ်စေ၊ ဧည့်တာဝန်မှူးထံ အသိပေး လျှောက်ထားရပါမည်။

၇။ ဤကျောင်းတိုက်၌ တည်းခိုနေထိုင်စဉ် ကျောင်းတိုက်၏ ဂုဏ်သိက္ခာ၊ ကျောင်းနေပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာကို ထိခိုက် ညှိုးနွမ်းစေမည့် အပြုအမူ အပြောအဆိုအား လုံးဝ ရှောင်ကြဉ်ရပါမည်။

http://www.dhammadownload.com

၈။ ဘုန်းကြီးကျောင်း၌ တည်းခိုနေထိုင်လျှင် သံဃာ့ပစ္စည်းများကိုသာ သုံးစွဲနေရသဖြင့် အပြစ်ကင်း၍ ကောင်းမှုတိုးပွားအောင် အထူးသတိကြီးစွာထား၍ နေထိုင်ကျင့်သုံးရပါမည်။

၉။ ဧည့်သည် သတ်မှတ်ရက် ပြည့်သောအခါ ကျောင်းတိုက်ရှိ အသိပုဂ္ဂိုလ်ကဦးဆောင်ကာ ဆရာတော်၊ ဧည့်တာဝန်မှူး၊ ဆွမ်းစားကျောင်းဘုန်းကြီးများထံ ခွင့်ပန်လျှောက်ထားကာ အသိပေး၍ ဤကျောင်းတိုက်မှ ပြန်လည်ထွက်ခွာရပါမည်။

၁၀။ စည်းကမ်း ပျက်ကွက်လျှင် ဆရာတော်က ပေးအပ်သော ပြစ်ဒဏ်ကို ခံယူရပါမည်။

မှတ်ချက်။ အားလုံး ပြဿနာကင်း၍ ကိုယ်စိတ်ချမ်းသာပြီး ကောင်းမှုတိုးပွားရန် ဦးတည်ပါမည်။

တိပိဋက ယောဆရာတော်

ယောဆရာတော်သည် ကျောင်းတိုက်ရှိ တပည့်ပရိသတ်များကိုသာ စည်းကမ်းဖြင့် ချုပ်ကိုင်ထားသည် မဟုတ်။ နယ်ပယ်အသီးသီးမှ ခေတ္တတည်းခိုရန် ရောက်လာကြသော အာဂန္တု ဧည့်သည်များကိုပါ မလိုလားအပ်သော ပြဿနာများ မဖြစ်စေရန် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲ၍ စည်းကမ်းဖြင့် ချုပ်ကိုင်ထားသည်။ စည်းကမ်းတကျသာ တည်းခိုစေသည်။ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လာရောက် တည်းခိုကြသည့် ဧည့်သည်များ သိရှိစေရန် ဧည့်နေ ဆောင်၌ ချိတ်ဆွဲထားသည်။ စည်းကမ်းဖောက်ဖျက်ပါက မည်သူ့ ဧည့်သည်မဆို ကျောင်းတိုက်မှ ချက်ချင်းပြန်ခိုင်းလိုက်သည်။

http://www.dhammadownload.com

တစ်ချိန်တွင် ဧရာဝတီတိုင်း မြို့တစ်မြို့မှ ဧည့်သည်များ ရန်ကုန်သို့ ဘုရားဖူးလာကြရာ ဤကျောင်းတိုက်၌ တည်းခိုရန် ယောဆရာတော်ထံ ခွင့်တောင်း၍ ယောဆရာတော်မှ ၃-ည တည်းခိုခွင့်ပြုပါသည်။ ဧည့်သည်များမှာ ၈-ယောက် ဖြစ်သည်။ တည်းခို၍ ဒုတိယမြောက်ညတွင် ရပ်ကွက်အတွင်းရှိ အသိအိမ်တစ်အိမ်၌ ဗီဒီယိုဇာတ်ကား ကြည့်နေကြသည်ဟု သိရသည်။ ည ၁၂-နာရီကျော်မှ ကျောင်းဝင်းသံတံခါးကို တသီတတန်းကြီး ကျော်တက်၍ ပြန်လာကြသည်ကို ယောဆရာတော်သိရှိ၍ တစ်ယောက်မကျန် ညတွင်းချင်း အပြန်ခိုင်းလိုက်လေသည်။

တစ်ချိန်တွင် စစ်ကိုင်းတိုင်း မြို့တစ်မြို့မှ ဇနီးမောင်နှံနှစ်ယောက် ရန်ကုန်သို့ ကားဝယ်လာရာ ဤကျောင်းတိုက်၌ တည်းခိုသည်။ ယောဆရာတော်ထံ တည်းခိုခွင့်တောင်းစဉ်က ဇနီးမောင်နှံနှစ်ယောက်တည်း ဖြစ်သည်။ တကယ်တည်းခိုတော့ လေးယောက်ဖြစ်နေသည်ကို ယောဆရာတော် သိရှိ၍ လေးယောက်လုံး ချက်ချင်းအပြန်ခိုင်းလိုက်သည်။ ဤသို့ စသည်ဖြင့် ယောဆရာတော်သည် စည်းကမ်းနှင့်ပတ်သက်လာလျှင် အရေးယူရန် ဝန်မလေးပေ။

ယောဆရာတော်သည် မိမိရွာမှ လာရောက်ကြသော ဧည့်သည်မှန်သမျှကို ဤကျောင်းတိုက်၌ တည်းခိုနေထိုင်ခွင့်မပြုဘဲ ယောအသင်းတိုက်မှာသာ တည်းခိုကြရန် လမ်းညွှန်လေသည်။ ယောဆရာတော်ရွာမှ လာကြသော ဧည့်သည်များ ဤကျောင်းတိုက်၌ တစ်ယောက်မျှ မတည်းခိုဖူးပေ။ အခြားတည်းခိုစရာနေရာရှိနေ၍ မတည်းခိုကြခြင်း မဟုတ်။ ယောဆရာတော်ကိုယ်တိုင်က ခွင့်မပြုဘဲ ယောအသင်းတိုက်သို့သာ လမ်းညွှန်သောကြောင့် ယောအသင်းတိုက်၌ ကျသင့်သည့် အခကြေးငွေပေးသွင်း၍ တည်းခိုကြရသည်။ သံဃာတော်များ၊ ကျောင်းသားများနှင့် ဆက်စပ်ပြီး ရောက်ရှိလာကြသော

http://www.dhammadownload.com

ဧည့်သည်များကိုသာ သတ်မှတ်ထားသည့်ရက်အတိုင်း တည်းခိုခွင့်ပြုခြင်း ဖြစ်သည်။

ကျောင်းတိုက်ခပ်များများ၌ ကျောင်းထိုင်ဆရာတော်၏ခမည်းတော်၊ မယ်တော်များ၊ ကျောင်းထိုင်ဆရာတော်ရွာမှ ရောက်ရှိလာကြသော ဧည့်သည်များ အမြဲလိုလို ရှိနေကြသည်ကို တွေ့ရသည်။ ကျောင်းတိုက်အတွင်း၌ ခမည်းတော် မယ်တော် နေထိုင်ရန် ဆွေတော်၊ မျိုးတော်များ၊ ရွာသူရွာသားများ လွယ်လွယ်ကူကူ တည်းခိုနိုင်ရန် သီးခြား စီစဉ်ထားကြသည်။ ယောဆရာတော်ကား ဤကဲ့သို့ မဟုတ်၊ အများပြောစရာ မဖြစ်ရအောင် မယ်တော်ကြီးကိုလည်း ကျောင်းတိုက်အတွင်း၌ မထား၊ ရပ်ကွက်ထဲ၌ တိုက်ခန်းပေး၍ သီးခြားထားသည်။ ကျောင်းတိုက်မှ ဆွမ်းဟင်း အချိုပွဲများလည်း မယ်တော်ကြီးထံ မပို့ရ။ ယောဆရာတော်မှ စားသောက်ဖွယ်ရာမျိုးစုံတို့ကို အားလုံး စီမံပေးထားသည်။ ဆွေမျိုးသားချင်းဟူ၍ အခွင့်အရေး ဦးစားပေးလေ့ မရှိ၊ ခမ္မလမ်းကြောင်းအတိုင်းသာ ဖြောင့်ဖြောင့်တန်းတန်း သွားတော်မူ၍ စည်းကမ်းတကျသာ ဆောင်ရွက်တော်မူသည်။

ဤကျောင်းတိုက်သို့ လာရောက် တည်းခိုကြသော ဧည့်သည်များကို ယောဆရာတော်သည် မေတ္တာကရုဏာ ကြီးမားစွာဖြင့် စောင်၊ ခေါင်းအုံး၊ ခြင်ထောင်၊ အိပ်ရာခင်း၊ ဖျာ စသည်များကို အကုန်စီမံပေးရန် လမ်းညွှန်ထားသည်။ နံနက်စာ တစ်ကြိမ်၊ နေ့လည်စာ တစ်ကြိမ်၊ ညနေစာ တစ်ကြိမ် ကျွေးမွေးစောင့်ရှောက်ရန်လည်း လမ်းညွှန်ထားသည်။ သို့သော် ချမှတ်ထားသည့် စည်းကမ်းများကို ဖောက်ဖျက်မိပါက နာရီမဆိုင်းဘဲ ချက်ချင်း အပြန်ခိုင်းလိုက်သည်။

ယောဆရာတော်၏ အုပ်ချုပ်ရေးမူဝါဒ လမ်းစဉ် (၄) ရပ်

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ နေထိုင်သူအားလုံး-

http://www.dhammadownload.com

၁။ မတည့်အတူနေသဘောမျိုး မရှိစေဘဲ မေတ္တာတရားဖြင့် အေးမြပျော်ရွှင်စွာ မိသားစုစိတ်ဓာတ်ထားကာ အတူလက်တွဲနေထိုင်ရေး။

၂။ အဆင့်မမီသေးသူ အခက်အခဲ ကြုံတွေ့နေရသူများကို ကရုဏာဖြင့် ဖေးမကူညီ စောင့်ရှောက်ရေး။

၃။ တကယ် တော်သူ၊ ကောင်းသူများကို လက်မနှေးဘဲ မုဒိတာဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုချီးမြှောက်ရေး။

၄။ မတော်၊ မကောင်း၊ အကျင့်တိမ်းစောင်းသွားသူ၊ အပြစ်ရှိသူများကို စိတ်ဆိုးမှု၊ ပူလောင်မုန်းတီးမှု မပါစေဘဲ ဥပေက္ခာဖြင့် အေးမြကြည်လင်စွာ ပြစ်ဒဏ်ပေးရေး။

အပြစ်ရှိ၍ ဒဏ်တပ်လျှင်သော်မှ ဒေါသအပူအခိုးအငွေ့ လုံးဝ မပါဝင်ဘဲ ကိုယ်က အကောင်းဆုံးဖြစ်အောင် ပြုလုပ်ကူညီပေးပါလျက် မလိုက်နာနိုင်ခြင်းမှာ သူ့ကံနှင့်သူသာဖြစ်၍ အေးမြကြည်လင်စွာ လက်လွှတ်လိုက်သည်။

ယောဆရာတော်သည် ပရိသတ်များကို အုပ်ချုပ်ရာ၌ ဆဲဆိုကြိမ်းမောင်း ရိုက်နှက် ပုတ်ခတ်မှုမျိုး လုံးဝမလုပ်၊ ဒေါသဖြစ်သည့် အမူအရာပင် မပြ။ သို့သော်လည်း ချမှတ်ထားသည့် စည်းကမ်းဥပဒေများနှင့် အခါအားလျော်စွာထုတ်ပြန်ထားသည့် စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်မိပါက စာတော်သည်၊ ညှဉ်သည်ဟု မခွဲခြားဘဲ အပြစ်ပေး အရေးယူသည်။ နှင်ထုတ်သင့်က အချိန်မဆိုင်းဘဲ ချက်ချင်း နှင်ထုတ်သည်။ တပည့်ပရိသတ်များ အချိုးကျကျ နေထိုင်ကျင့်သုံးတတ်အောင် အသိအကျင့် ဘက်စုံမြင့်မားလာအောင် အရာရာမှာ သူများထက်မသာသော်မှ တန်းတူရင်ပေါင်တန်းနိုင်အောင် နေ့စဉ်အဆုံးအမ ပေးတော်မူသည်။ ဥပုသ်နေ့တိုင်း ည ၇ နာရီမှ ၈ နာရီထိ အဆုံးအမ ပေးတော်မူသည်။

http://www.dhammadownload.com

ယောဆရာတော်သည် တပည့်ပရိသတ်များကို မေတ္တာဖြင့် အရိပ်ပေးပြီး စည်းကမ်းဖြင့် အလှတန်ဆာ ဆင်ပေးသည်။ နည်းကောင်းလမ်းမှန် ဝင်ရောက်လာနိုင်အောင် အသိဉာဏ်တံခါး ဖွင့်ပေးသည်။ မတိမ်းစောင်းရအောင် ထိန်းကျောင်းပေးသည်။ မဆုတ်မရပ် မချော်ရအောင်၊ အချိန်မီအလုပ်ပြီးစီးအောင် တွန်းပေးသည်။ လမ်းမှန်ကို လျှောက်လှမ်းတတ်အောင် ညွှန်ကြားပေးသည်။ တင့်တယ်ထည်ဝါအောင် ပညာဖြင့် ဂုဏ်ကျက်သရေအဆင့်ဆင့်ကို တင်ပေးသည်။

ယောဆရာတော်၏ သာသနာပြုမှု (၄) ခု

၁။ တိပိဋကသာသနာ့အာဇာနည်များ ပေါ်ထွက်ရေး

သာသနာတော်အတွက် အလွန်အကျိုးများစေမည့် တိပိဋကရေသာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်များ အဆက်မပြတ် ပေါ်ထွက်လာရေးအတွက် လုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် ပြုစုပျိုးထောင်ရန် အထူးတလည် အားပေးဆောင်ရွက်တော်မူလေ့ ရှိခြင်း။

၂။ သာမဏေကျော်များ ပေါ်ထွက်ရေး

သာမဏေများသည် သာသနာတော်၏ ရေသောက်မြစ်များဖြစ်သဖြင့် သာမဏေငယ်များကို အထူးဦးစားပေး လက်ခံကာ သာမဏေကျော် 'သာသနာလင်္ကာရ' သာသနာ့အာဇာနည် ပုဂ္ဂိုလ်လေးများဖြစ်လာအောင် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အထူးဦးစားပေးဆောင်ရွက်တော်မူလေ့ ရှိခြင်း။

၃။ ပရိယတ်နှင့်တွဲလျက် ပဋိပတ်ဘာဝနာပါ ပွားများကျင့်ကြံစေရေး

ပရိယတ်နှင့်မတွဲသော ပဋိပတ်သာသနာ၊ ပဋိပတ်နှင့် မတွဲသော ပရိယတ်သာသနာသည် ပြည့်စုံသော သာသနာ မဟုတ်သောကြောင့် ကျောင်းတိုက်သံဃာတော်များကို သမထ ဝိပဿနာ ဘာဝနာ

http://www.dhammadownload.com

တရားများကိုပါ အချိန်တစ်ရပ်ထား၍ အထူး ပွားများအားထုတ်စေလျက် ရှိခြင်း။

၄။ ပညာထူးချွန်သူများကို အားပေးချီးမြှောက် ပူဇော်ရေး

ကျောင်းတိုက် အပတ်စဉ် အစမ်းစာမေးပွဲများ၊ နိုင်ငံတော်က ကျင်းပသော စာမေးပွဲများတွင် အနိမ့်ဆုံးစာမေးပွဲမှ အမြင့်ဆုံး စာမေးပွဲများအထိ ရိုးရိုးအောင် အထူးအောင် သံဃာတော်များနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်ကျောင်းသားများကို ပါအားထုတ်လိုစိတ်များ ပေါ်ပေါက်စေရန် ပညာရည်ချွန်ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်၍ လုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် စဉ်ဆက်မပြတ် ချီးမြှင့်တော်မူလေ့ ရှိခြင်း။

ယောဆရာတော်သည် ဤသို့ သာသနာပြုမှု ၄ ရပ်ကို ချမှတ်၍ လက်တွေ့ အကောင်အထည်ဖော်ဆောင်ပြီး သာသနာပြု လုပ်ငန်းများကို ကြိုးစားအားထုတ် ဆောင်ရွက်ခဲ့ရာ ၂ နှစ် ၃ နှစ်အတွင်းမှာပင် ပဋ္ဌာန နှစ်ပုံအောင်၊ တစ်ပုံအောင်၊ ဝိနည်းရှေ့ပိုင်း အောင်၊ ဓမ္မာစရိယ အထူးအောင်၊ ရိုးရိုးအောင်၊ ပထမကျော် ပထမပြန် အထူးအောင်၊ သကျသီဟ စေတိယင်္ဂဏ စာချတန်းနှင့် စာသင်တန်းအောင်၊ နိကာယ်ဆိုင်ရာ စာမေးပွဲအောင်ပုဂ္ဂိုလ်များ တသီတတန်းကြီး အဆက်မပြတ် ပေါ်ထွန်းလာခဲ့သည်။ ယခင်က ဤကျောင်းတိုက်၌ သာမဏေကျော် (အလင်္ကာရ) စာမေးပွဲများ မရှိခဲ့ချေ။ ယောဆရာတော် လက်ထက်မှသာ စတင်ဖွင့်လှစ်ခဲ့ရာ "အလင်္ကာရ" ဘွဲ့ရပုဂ္ဂိုလ်များ နှစ်စဉ် ပေါ်ထွက်ခဲ့သည်။

ဤသို့ အောင်မြင်မှုအရပ်ရပ်တို့ကို အချိန်တိုအတွင်း ဖော်ဆောင်နိုင်ခဲ့သောကြောင့် ရှေ့မှာ အထင်အမျိုးမျိုးဖြင့် ထင်မြင်ခဲ့ကြသော ရဟန်းရှင်လူများ အံ့အားသင့်သွားကြသည်။ ယောဆရာတော်

http://www.dhammadownload.com

လက်ထက်၌ ပညာရေးကို အထူးဦးစားပေး ဆောင်ရွက်တော်မူသည်။ လောကပကာသနကို ဦးစားမပေးဘဲ ဓမ္မစွမ်းအား ကောင်းမှုတိုးပွား ရေးကိုသာ အမြဲ ဦးစားပေး လုပ်ဆောင်သောကြောင့် ကျောင်းတိုက်သည် ယခင်ကထက်ပင် အရာရာ တိုးတက်အောင်မြင်လာခဲ့သည်။

နိုင်ငံတော်က ကျင်းပသော စာမေးပွဲများတွင် အနိမ့်ဆုံး စာမေးပွဲမှ အမြင့်ဆုံး စာမေးပွဲအထိ နှစ်စဉ် အောင်မြင်မှု မြင့်မားလာခဲ့သဖြင့် ကျောင်းတိုက်၏ဂုဏ်ကိုလည်း ယခင်ကထက် ပိုမိုမြှင့်တင်ပေးနိုင်ခဲ့သည်။ ယောဆရာတော်သည် တပည့်ပရိသတ်များကို စည်းကမ်းရှိရှိ စနစ်တကျ နည်းမှန်လမ်းမှန် အသိနှင့်အကျင့် ပေါင်းစပ်၍ သိပ်သည်းကျစ်လစ်စွာ မေတ္တာတရားဖြင့် အေးချမ်းစွာ အုပ်ချုပ်၍ ချီးမြှောက်မှု အားကောင်းသောကြောင့် စာသင်သံယာများသည် စာပေလုပ်အား ကောင်းကြသည်။ ထို့ကြောင့်လည်း ယောဆရာတော် လက်ထက်တွင် ပညာရေးစနစ် တဟုန်ထိုး တိုးတက်လာခဲ့ခြင်းဖြစ်သည်။

ဆရာက မေတ္တာဖြင့် လမ်းညွှန်၊ တပည့်များက မေတ္တာဖြင့် ခံယူ၊ ဒကာဒကာမများက မေတ္တာဖြင့် ဝိုင်းဝန်းချီးမြှောက် ထောက်ပံ့ကြပြီး မေတ္တာလမ်းစဉ်ဖြင့်သွားသော ကျောင်းတိုက်ဖြစ်၍ မြင်ရ၊ တွေ့ရသူတိုင်း စိတ်အေးချမ်းကြသည်။

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သည် ''ပရိသတ် များဖို့ထက် ကောင်းဖို့'' ကိုသာ ဦးစားပေးသော ကျောင်းတိုက် ဖြစ်သည်။ ရှိသည့်ပရိသတ်များကို စည်းကမ်းဖြင့် အလှတန်ဆာဆင်၍ မေတ္တာဖြင့် အရိပ်ပေးပြီး ပရိယတ်ဖြင့် ဂုဏ်ကျက်သရေဆောင်ကာ ပရိယတ်ဖြင့် ပဋိပတ်ကို ထိန်းလျက် ပဋိပတ်ဖြင့် ပရိယတ်ကို အသက်သွင်းပေးနေသော ကျောင်းတိုက်ဖြစ်၍ သာသနာတော်အတွက် အားတက်ကြည်နူးစရာ ကောင်းလှပေသည်။

http://www.dhammadownload.com

"ကျောင်းတိုက်၏ အလှသည်ကား စည်းကမ်း
ကျောင်းတိုက်၏ အရိပ်သည်ကား မေတ္တာ
ကျောင်းတိုက်၏ ဂုဏ်ကျက်သရေသည်ကား ပရိယတ္တိစာပေ ဖြစ်ကြောင်း" မိန့်တော်မူ၍ တပည့်ပရိသတ်များကို စည်းကမ်းဖြင့် တင်းကြပ်ထားပြီး စာပေဖြင့် ချုပ်ကိုင်ကာ မေတ္တာတရားဖြင့် အေးမြစွာ အုပ်ချုပ်တော်မူ၍ သာသနာ့ကျက်သရေဆောင် ပုဂ္ဂိုလ်ထူး များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ခဲ့သောကြောင့် ကျောင်းတိုက်၏ဂုဏ်ကျက်သရေသည် တစ်နေ့တခြား တိုးတက် မြင့်မားလာခဲ့သည်။

ယောဆရာတော်၏ ပညာရေးမူဝါဒ

ယောဆရာတော်သည် တိပိဋကသက္ကသီဟ စေတိယဂိဏ္ဍ၊ ဓမ္မာစရိယ ပထမပြန် စာမေးပွဲအဆင့်ဆင့် အောင်မြင်ရေးနှင့် အလင်္ကာရဘွဲ့ရ သာမဏေကျော် ပုဂ္ဂိုလ်ချွန်များ အဆက်မပြတ် ပေါ်ထွန်းရေးအတွက် ပညာရေးစီမံကိန်းချပြီး အားထုတ်တော်မူသည်။

တိပိဋကနှင့် သက္ကသီဟ စေတိယဂိဏ္ဍ စာမေးပွဲများကို ဓမ္မာစရိယဘွဲ့ ရရှိပြီးမှသာ ဖြေဆိုခွင့်ပေးပြီး သာမဏေကျော် စာမေးပွဲကို ပထမလတ်တန်းအောင်ပြီးမှသာ ဖြေဆိုခွင့်ပေးတော်မူသည်။ စာသင်သားများ စည်းကမ်းတကျ စာကျက်၊ စာအံ၊ စာပြန်နိုင်ရန် စာချဉ်နှံကြီးများအား အလှည့်ကျ စောင့်ကြပ်ခိုင်းသည်။ စာချလျှင်လည်း စာလိုက်သည့် စာသင်သားစာရင်းကို စာချဉ်နှံကြီးများက ယောဆရာတော်ထံ ဥပုသ်နေ့တိုင်း တင်ပြကြရသည်။ ခွင့်မပန်ဘဲ အကြောင်းမဲ့ စာဝါပျက်ကွက်လျှင် ဖြစ်စေ၊ စာကျက် စာအံ စာပြန် ပျက်ကွက်လျှင်ဖြစ်စေ ထိုပျက်ကွက်သော စာသင်သားကို ကျောင်းတိုက်မှ ချက်ချင်း နှင်ထုတ်တော်မူသည်။

http://www.dhammadownload.com

သူနေရာကိုယ့်နေရာ၌ စာကျက်စာအံ စာပြန်ခွင့်မပေးဘဲ သတ်မှတ်ထားသည့် စာအံကျောင်း၌သာ စုပေါင်း၍ စာကျက်၊ စာအံ၊ စာပြန်၊ စာကြည့်စေသည်။ နံနက် ၄ နာရီ ၁၅ မှ ည ၁၀ နာရီ ၄၅ ထိ တစ်နေ့လုံး အချိန်ဖြင့် ပိုင်းခြား၍ ကြိုးစားနိုင်အောင် ယောဆရာတော်မှ စီမံပေးထားသည်။ ပညာ တကယ်လိုချင်သူအတွက် အမြဲတမ်း လမ်းခင်းပေးထားသည်။ စာ၀ါမပြည့်စုံ၍ စာမလုပ်ရဟု အားငယ်စရာ လုံး၀ မရှိစေရ။

စာသင်သားများ၏ အရည်အချင်းကို စာချဘုန်းကြီးများအား တာ၀န်ခွဲယူစေကာ စစ်ဆေးစေသည်။ ၀ါတွင်း၀ါပ ဥပုသ်နေ့တိုင်း လေ့ကျင့်ခန်း စာမေးပွဲကို ဖြေဆိုခိုင်းသည်။ လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်နေ့များ၌ သင်ကြားထားပြီးသမျှ သဘောအဓိပ္ပာယ်ကို ရေးသားဖြေဆိုကြရသည်။ အောင်မှတ်ကို ဓမ္မာစရိယတန်း၌ ၇၀-ရာခိုင်နှုန်း၊ ပထမပြန်နှင့် သာမဏေကျော်တန်း၌ ၅၀-ရာခိုင်နှုန်း သတ်မှတ်ထားသည်။ လေ့ကျင့်ခန်းစာမေးပွဲ ဖြေဆိုကြရာတွင် အောင်မှတ်ရရန် ၅-မှတ်အလိုအထိ ကျရှုံးသူကို ဒဏ် ၁-ရက်၊ အောင်မှတ်ရရန် ၆-မှတ်မှ ၁၀-မှတ်အလိုအထိ ကျရှုံးသူကို ဒဏ် ၂-ရက်၊ ၁၀-မှတ်အထက် ရမှတ်လိုအပ်လျက် ကျရှုံးသူကို ဒဏ် ၃-ရက် အထမ်းခိုင်းသည်။

လပြည့်လကွယ်နေ့တိုင်း ၂-ပတ်အတွင်း ကျက်ထားပြီးသမျှ အာဂုံကျမ်းစာများကို ဖြေဆိုကြရသည်။ ကျက်မှတ်ပြီးသား စာအဟောင်းများကိုလည်း မမေ့ပျောက်ရအောင် အသစ်စာနှင့်တွဲကာ ဖြေဆိုကြရသည်။ ၄င်းဖြေဆိုရန် ကျမ်းစာများကို ယောဆရာတော်က အတန်းအသီးသီးအတွက် ကဏ္ဍများခွဲ၍ သတ်မှတ်ပေးတော်မူသည်။ အောင်မှတ်ကို ၉၀-သတ်မှတ်၍ ကျရှုံးလျှင် ဒဏ်ထမ်းရမည့်ရက်ကို သဘောအဓိပ္ပာယ် ရေးဖြေအတိုင်း သတ်မှတ်ထားသည်။

http://www.dhammadownload.com

ယောဆရာတော်သည် အပတ်စဉ် ဖြေဆိုရမည့် ကျမ်းစာများကို ကိုယ်တိုင် သတ်မှတ်၍ ကျရှုံးသော စာသင်သားများအား ဒဏ်ဖြင့် တွန်းအားပေးသည်။

ဒဏ်ထမ်းကြရသော ကိုရင်ဦးပဉ္စင်းများမှာ နေ့လည် ၁၁ နာရီ ၄၅ မှ ၁၂ နာရီခွဲထိ ထင်းပေါက်ကြရသည်။ ထင်းပေါက်စရာ မရှိပါက ကျောင်းတိုက်အတွင်း သန့်ရှင်းရေးလုပ်ကြရသည်။ ဒဏ်ထမ်းရုံဖြင့် မပြီးသေး။ ညဘုရားရှိခိုးအပြီးတွင် ဒဏ်ထမ်းခဲ့ကြရသည့် သံဃာအားလုံး သံဃာပရိသတ်ထဲ၌ တစ်ပါးချင်း "သံဃာတော် အရှင်မြတ်တို့ဘုရား၊ ဘုရားတပည့်တော် (...) သည် စာမေးပွဲ (...) မှတ် ကျပါသဖြင့် ဒဏ် (...) ရက် ထမ်းပြီးပါပြီ အရှင်ဘုရား" ဟု ဘွဲ့အမည်၊ ကျရှုံးသည့်အမှတ်၊ ဒဏ်ထမ်းပြီးရက်ကို ဖော်၍ အများကြားလောက်အောင် လျှောက်ထားရသည်။ ဒဏ်လျှောက်ခြင်း အားလုံးပြီးဆုံးသောအခါ သံဃာတော်များက သာဓု ၃ ကြိမ် ခေါ်ကြသည်။ ပြစ်မှုတစ်ခုခု ကျူးလွန်သောပုဂ္ဂိုလ်များလည်း ထို့အတူဒဏ်ထမ်း၍ သံဃာပရိသတ်ထဲ၌ ဘွဲ့အမည်နှင့် ပြစ်မှုအမည်ကိုဖော်ပြပြီး ဒဏ်လျှောက်ကြရသည်။

အပတ်စဉ် လေ့ကျင့်ခန်းစာမေးပွဲတွင် အမှတ်စံချိန်မမီသော စာသင်သားများအား အစိုးရစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခွင့်မပြုပေ။ နိုင်ငံတော်ကကျင်းပသော စာမေးပွဲတွင် ၂-နှစ်အတွင်း မမွှာစရိယတန်း ၁-ကျမ်း မစွဲလျှင်၊ ၂-နှစ်အတွင်း ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ မူလတန်း မအောင်လျှင် ကျောင်းတိုက်၌ ဆက်လက်နေထိုင်ခွင့် မပြုတော့ပေ။

http://www.dhammadownload.com

ယောဆရာတော်၏ ပညာရေး ချီးမြှောက်မှု

ယောဆရာတော်သည် စာသင်သားများ စာလုပ်လိုစိတ်၊ ပိုမိုကြိုးစားလိုစိတ် ဖြစ်ပေါ်စေရန် ကျောင်းတိုက် အစမ်းစာမေးပွဲမှအစ ပရိယတ္တိဆိုင်ရာ မည်သည့်စာမေးပွဲများမဆို အောင်မြင်ကြသော ပုဂ္ဂိုလ်ကို ထိုက်ထိုက်တန်တန် ဆုချတော်မူသည်။ စာမေးပွဲအောင် ပုဂ္ဂိုလ်များအား တစ်နှစ်လျှင် (၃) ကြိမ် ချီးကျူးပူဇော်ပွဲ ကျင်းပပြုလုပ်ပေးသည်။

တိပိဋကပိဋကဝ-ပုံ သဘောရေးဖြေ အောင်မြင်လျှင် နဝကမ္မ ၁၀ သိန်းကျပ်နှင့် အဖိုးတန်ပစ္စည်းမျိုးစုံ၊ ထိုပစ္စည်းများကို ကျောင်းသား ၃ ယောက်က မနည်း သယ်ဆောင် ပို့ပေးကြရသည်။ ဓမ္မာစရိယကျမ်းပြီးလျှင် နဝကမ္မ ၁ သိန်းကျပ်၊ သင်္ကန်းအကောင်းစား ၁၀ စုံနှင့် ပစ္စည်းမျိုးစုံ၊ ပထမကြီးတန်းအောင်လျှင် သင်္ကန်းအကောင်းစား ၁၀ စုံနှင့် ပစ္စည်းမျိုးစုံ၊ ပထမလတ်တန်းအောင်လျှင် သင်္ကန်းအကောင်းစား ၈ စုံနှင့် ပစ္စည်းမျိုးစုံ၊ ပထမငယ်တန်းအောင်လျှင် သင်္ကန်းအကောင်းစား ၆ စုံနှင့် ပစ္စည်းမျိုးစုံ၊ မူလတန်းအောင်လျှင် သင်္ကန်းအကောင်းစား ၅ စုံနှင့် ပစ္စည်းမျိုးစုံ၊ ပရိယတ္တိဆိုင်ရာ စာမေးပွဲများကို နံပါတ်ဝင်၍ အထူးအောင်မြင်ပါက ဆုကို တိုးမြှင့်၍ အထူးချီးမြှင့်တော်မူသည်။ သကျသီဟ စေတိယင်္ဂဏ သာမဏေလင်္ကာရ နိကာယ်ဆိုင်ရာ အသင်းစာမေးပွဲဆိုင်ရာများ အောင်မြင်ပါကလည်း ဤကဲ့သို့ ဆုများဖြင့် ထိုက်ထိုက်တန်တန် ချီးမြှောက်တော်မူသည်။ ဤသည်မှာ ယောဆရာတော်၏ သီးခြားဆုများ ဖြစ်သည်။ ကျောင်းတိုက်ကလည်း ပူဇော်ပွဲများ ပြုလုပ်ပေးသေးသည်။

ယောဆရာတော်သည် စာသင်သားများအတွက် အတန်းလိုက် ပြဋ္ဌာန်းထားသည့် ကျမ်းစာအုပ်များကို ပြည့်စုံလုံလောက်အောင်

http://www.dhammadownload.com

စီမံပေးသည်။ ဓမ္မာစရိယ စာချုတန်းမှ မူကြိုတန်းထိ လိုအပ်သမျှ စာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းတိုက်မှ အခမဲ့ ပြည့်ပြည့်စုံစုံ ဝေငှပေးသည်။ စာအုပ် မလုံလောက်၍ ပညာမသင်ရဟု လုံးဝ မရှိစေရ။ စာသင်သားသံဃာများ အားလုံး မိမိဝတ္ထုဥွေဖြင့် ဘောပင် တစ်ချောင်း၊ ဗလာစာအုပ်တစ်အုပ်မျှ ဝယ်စရာ မလို။ ပြည့်စုံပိုလျှံ အောင် ယောဆရာတော်က စီမံပေး ထားသည်။

ဓမ္မဗဟုသုတဖြစ်ဖွယ် စာအုပ်မျိုးစုံတို့ကိုလည်း ပိဋကတိုက်ထဲ၌ ပြည့်စုံအောင် စီမံထားသည်။ မိမိဖတ်လိုသည့် စာအုပ်များကို ယူဖတ်နိုင်ပြီး ဖတ်ပြီးပါက ပိဋကတိုက်သို့ ပြန်လည် ပို့ဆောင်ရသည်။ မန္တလေး၊ ပဲခူး၊ မော်ကွန်း၊ သထုံ၊ မြင်းခြံ၊ မုံရွာ၊ တောင်ကြီးမြို့များသို့ စာဖြေကြွကြသော သာမဏေကျော်များ၏ အသွားအပြန် ခရီးစရိတ် အားလုံး ကျောင်းတိုက်က တာဝန်ယူ စီမံပေးသည်။ ပညာရေးနှင့် ပတ်သက်၍ ဘာမျှ ကြောင့်ကြစိုက်စရာ မလိုအောင်၊ အားလုံးပြည့်စုံ အောင် စီမံပေးတော်မူသည်။

ယောဆရာတော်၏ ကျန်းမာရေး စောင့်ရှောက်မှု

ယောဆရာတော်သည် ကျောင်းတိုက်ရှိ သံဃာတော် အားလုံး အတွက် ကျန်းမာရေးအတွက် တာဝန်ယူစောင့်ရှောက်မှုဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ထားတော်မူသည်။

၁။ မည်သူမဆို သာမန်ရောဂါများအတွက် ဆေးခန်းများသို့ သွားရောက် ဆေးကုသရန် ကုန်ကျစရိတ်ကို ကျောင်းတိုက်က တာဝန် ယူမည်။

၂။ (က) သာမန် စာသင်သားများ ဆေးရုံတက်ရောက် ကုသရလျှင် ကျပ် ၅၀၀၀၀ (ငါးသောင်း) အထိ၊

http://www.dhammadownload.com

ခွဲစိတ်ကုသရလျှင် ကျပ် ၁၀၀၀၀၀ (တစ်သိန်း) အထိ ကျောင်းတိုက်က တာဝန်ယူမည်။

(ခ) ၄င်းထက်ပိုလျှင် ကုန်ကျစရိတ်၏ ထက်ဝက်ကို ကိုယ့်ဟာကိုယ် တာဝန်ယူရမည်။

* * *

၃။(က) စာပေထူးချွန်၍ တည်ငြိမ်သော အထူးစာသင်သားများ ဆေးရုံတက်ရောက် ကုသရလျှင် (၃ ဆ တက်၍) ကျပ် ၁၅၀၀၀၀၊ (တစ်သိန်းငါးသောင်း) အထိ၊ ခွဲစိတ်ကုသရလျှင် ကျပ် ၃၀၀၀၀၀ (သုံးသိန်း) အထိ ကျောင်းတိုက်က တာဝန်ယူမည်။

(ခ) ၄င်းထက်ပိုလျှင် ကုန်ကျစရိတ်၏ ထက်ဝက်ကို ကိုယ့်ဟာကိုယ် တာဝန်ယူရမည်။

* * *

၄။ (က) တစ်လထက်ကျော်အောင် နာတာရှည်ဖြစ်နေလျှင် မိမိ မူလနေထိုင်ခဲ့ရာ ပင်ရင်းကျောင်းသို့ သွားရောက် အနားယူနေရမည်။

(ခ) ထိုသို့ သွားရောက် အနားယူနေစဉ် ဤကျောင်းတိုက်က ကျန်းမာရေး တာဝန်ယူမည် မဟုတ်ပါ။

(ဂ) ပကတိ ကျန်းမာလာသောအခါ ဤကျောင်းတိုက်သို့ ပြန်လာနိုင်သည်။

* * *

၅။ စာချဘုန်းကြီးများ၏ ကျန်းမာရေးအတွက်ကျောင်းတိုက်မှ အားလုံး တာဝန်ယူမည်။

http://www.dhammadownload.com

စားဝတ်နေရေး ကျန်းမာရေး

ယောဆရာတော်သည် ကျောင်းတိုက်၌ ပညာသင်ယူနေကြသော စာသင်သားများအတွက် စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကြောင့်ကြစိုက်စရာ မလိုအောင် အပြည့်အစုံ စီမံဖန်တီးပေးထားသည်။

* စားရေးနှင့်စပ်လျဉ်း၍ အရဏ်ဆွမ်းကပ်၊ နေ့ဆွမ်းကပ် နေ့စဉ် ဆွမ်းအလှူရှင်များ ရှိနေသည်။ ပြည့်စုံပိုလျှံနေသည်။ နေ့ဆွမ်းခံကြရန် မလို၊ အခြားကျောင်းများ၌ နေ့ဆွမ်းခံကြနေရသည့် အချိန်သည် ဤကျောင်းတိုက်၌ စာကျက်နေရသည့်အချိန် ဖြစ်သည်။ အရဏ်ဆွမ်းခံကိုကား အင်္ဂါ၊ သောကြာနေ့မှအပ ဒကာဒကာမများ၏ စေတနာသဒ္ဓါတရားကို ငဲ့သောအားဖြင့် တန်းဆွမ်းကြွပေးရသည်။ ညနေ အအေးကပ်လှူမှုလည်း အမြဲလိုလို ရှိနေပေသည်။

* ဝတ်ရေးနှင့်စပ်လျဉ်း၍ အငယ်ဆုံးကိုရင်မှစ၍ စာသင်သား ရဟန်းသာမဏေအားလုံး တစ်နှစ်လျှင် အနည်းဆုံး သင်္ကန်း ၁၀ စုံ ရရှိကြသည်။ စာပေထူးချွန်ကြသော ရဟန်းသာမဏေများ ယောဆရာတော် ချီးမြှင့်သောဆုကို အလှူခံရရှိကြရ၍ တစ်နှစ်လျှင် သင်္ကန်းအစုံ ၂၀ မှ ၃၀ အထိ ရရှိကြသည်။ ရဟန်းသာမဏေများ၏ အသုံးအဆောင်ဖြစ်သော ထီး၊ ဖိနပ်၊ ခြုံစောင်၊ မျက်နှာသုတ်စောင်၊ ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ သွားတိုက်ဘူး၊ စာရေးကိရိယာ စသည်များကိုကား မလိုချင်လောက်အောင်ပင် ရရှိနေကြသည်။

* နေရေးနှင့်စပ်လျဉ်း၍ အငယ်ဆုံးကိုရင်မှစ၍ စာသင်သား သံဃာအားလုံး ခုတင်ကိုယ်စီဖြင့် အဆင့်မြင့်မြင့် သပ်သပ်ရပ်ရပ် နေနိုင်အောင် စီမံပေးသည်။ ခေါင်းရင်း၌ စာအုပ်စာတမ်းများ တင်နိုင်ရန် တစ်ပါးလျှင် စားပွဲတစ်လုံး ထားပေးသည်။

http://www.dhammadownload.com

* ကျန်းမာရေးအတွက် ကျောင်းတိုက်၌ ဆေးခန်းဖွင့်လှစ်ထားသည်။ ဆရာဝန်များ နေ့စဉ်လာရောက်၍ သင်္ခါစေတနာ မေတ္တာထက်သန်စွာဖြင့် ဆေးကုသပေးကြသည်။ ကြီးကြီးမားမား ခွဲစိတ်ကုသရမည့်ကိစ္စ ကြုံလာလျှင် ဆေးရုံသို့ပို့ဆောင်ပေးကာ ခွဲစိတ်ကုသစေသည်။ လိုအပ်သမျှကို ကျောင်းတိုက်က တာဝန်ယူသည်။ စာသင်သားများ၏ အလုပ်မှာ စာကြိုးစားဖို့နှင့် ကောင်းကောင်းမွန်မွန် ကျင့်သုံးနေထိုင်ဖို့သာ ဖြစ်သည်။ ဤကဲ့သို့ စာသင်သားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် ပြည့်ပြည့်စုံစုံ တာဝန်ယူ ဆောင်ရွက်ပေးသည့် ကျောင်းတိုက်မှာ လွန်စွာပင် ရှားပေလိမ့်မည်။

ပြုကျင့်ရမည် ညီ (၃) ညီ

ယောဆရာတော်သည် တပည့်သံဃာပရိသတ်များကို အပြောအဆို၊ အနေအထိုင်၊ အပြုအမူ အရာရာ အချိုးကျအောင်၊ ယဉ်ကျေးသိမ်မွေ့အောင် ကွန္ဒြေရရ သိက္ခာရှိရှိ နေထိုင်ကျင့်သုံးတတ်အောင် အသေးအဖွဲမှစ၍ နေ့စဉ် သွန်သင်ဆုံးမတော်မူသည်။ ဝတ်ပုံ၊ စားပုံမှအစ ဘယ်အရာမျှ မကျန်ရအောင် သွန်သင်တော်မူသည်။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအတွက် ယောဆရာတော်မှ မူ ၁-ခု ချမှတ်ထားသည်။

၁။ **ပရိတ်ညီညီရွတ်**

၂။ **ဖိနပ်ညီညီချွတ်**

၃။ **သင်္ကန်းညီညီဝတ်** ဤမူများကို ချမှတ်ထားသည်။

* ဒကာဒကာမများအိမ်သို့ ဆွမ်းစားစသည်ကြွရာ၌ ပရိတ်ရွတ်ကြသည့်အခါ အလျင်အမြန် မရွတ်ရ၊ အလျှူရှင် ဒကာ ဒကာမများအပေါ် မေတ္တာရှေ့ထား၍ ဖြည်းဖြည်းမှန်မှန် ညီညာစွာ ရွတ်ကြရ

http://www.dhammadownload.com

သည်။ ခေါင်းဆောင်လူကြီး၏ရှေ့က အလျင်အမြန် ရွှတ်သော ပုဂ္ဂိုလ်ကို ကျောင်းသို့ရောက်လျှင် ဒဏ်ထမ်းခိုင်းသည်။

* ဖိနပ်ကို ဖိနပ်စင်၌သာ ညီညီညာညာ စီတန်းချွတ်ကြရသည်။ ဆွမ်းစားစသည် ကြွရောက်ရာ၌သော်လည်းကောင်း၊ ကျောင်းတိုက်အတွင်း ဖိနပ်စင်၌သော်လည်းကောင်း၊ ဖိနပ်များကို ကိုးရိုးကားယား မညီမညာ ချွတ်ထားသည်ကိုတွေ့ရှိပါက စစ်ဆေး၍ ဒဏ်ထမ်းခိုင်းသည်။

* သင်္ကန်းကို ညီအောင် ဝတ်ဆင်ကြရသည်။ အပေါ်တစ်ရောင်၊ အောက်တစ်ရောင် မဝတ်ဆင်ရ။ သင်္ကန်းကို ကိုးရိုးကားယား မညီမညာ ဝတ်ဆင်သူများကို တွေ့ရှိပါက ဒဏ်ထမ်းခိုင်းသည်။

ယောဆရာတော်သည် အချိန်ရလျှင်ရသလို ကျောင်းတိုက်ရှိ ဦးဆွင်းကိုရင်များကို ညအချိန်၌ တစ်ညလျှင် ၃ ပါးစီခေါ်၍ သင်္ကန်းကို ညီညာအောင် အဖန်ဖန်အထပ်ထပ် ပြင်ဝတ်ခိုင်းသည်။ ရှေ့ကြည့်လည်း ညီနေရသည်။ နောက်ကြည့်လည်း ညီနေရသည်။ ဘေးကြည့်လည်း ညီနေရသည်။ မညီမချင်း ခိုင်းသည်။ သဘောကျပြီ စိတ်တိုင်းကျပြီ ဆိုတော့မှ သင်္ကန်း၊ မျက်နှာသုတ်စောင်စသော ပစ္စည်းများကို လက်ဆွဲအိတ်ဖြင့် အပြည့်ထည့်ကာ လှူဒါန်းလိုက်လေသည်။ ယောဆရာတော်သည် ပညာရေး တစ်မျိုးတည်းကိုသာ သင်ပြပေးနေသည် မဟုတ်၊ စည်းကမ်းတကျ နေထိုင်ကျင့်သုံးတတ်အောင် ကျင့်နည်းကြံနည်း၊ အားထုတ်နည်းတို့ကိုပါ အရာခပ်သိမ်း အကုန် သင်ပြပေးတော်မူသည်။

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌမပိုင်း



ဦးဆောင်လမ်းပြ ခေါင်းဆောင်ဘဝ

http://www.dhammadownload.com

http://www.dhammadownload.com

ဦးဆောင်လမ်းပြ ပါဝင်ရ

တိပိဋကတ ယောဆရာတော်သည် ပထမ ၅-နှစ်၊ ဒုတိယ ၅ -နှစ် သက်တမ်းကာလပတ်လုံး ဝိနည်းဓိရ်တာဝန်ကို ထမ်းဆောင် တော်မူခဲ့ပြီး

၁။ ရွှေကျင်နိကာယ ဂိဏ်းလုံးဝန်ဆောင် နာယက
၂။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တာဝန်
၃။ နိုင်ငံတော် သံဃမဟာနာယက တာဝန်
၄။ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ
၅။ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ
၆။ ဆူးလေစေတီတော် ဩဝါဒါစရိယ
၇။ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ဩဝါဒါစရိယ
၈။ ဓမ္မသာကစ္ဆာအဖွဲ့ ဩဝါဒါစရိယ
၉။ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း ဩဝါဒါစရိယ
၁၀။ အဘိဓမ္မာ ပြန့်ပွားရေးအသင်း ဩဝါဒါစရိယ
၁၁။ ဓမ္မဗျူဟာ စာစောင် ဩဝါဒါစရိယ
၁၂။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ ဩဝါဒါစရိယ

http://www.dhammadownload.com

၁၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယ
၁၄။ တိပိဋက ဓမ္မရက္ခိတအဖွဲ့ ဩဝါဒါစရိယ
၁၅။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဩဝါဒါစရိယ
၁၆။ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လျှူ အသင်း ဩဝါဒါစရိယ
၁၇။ မိုးကုတ်မြို့ နိကာယ်အသင်း ဩဝါဒါစရိယ
၁၈။ မဂ်လာဗျူဟာအသင်း ဩဝါဒါစရိယ
၁၉။ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် ဩဝါဒါစရိယ
၂၀။ ရန်ကုန် ယောနယ်အသင်း ဩဝါဒါစရိယ
၂၁။ မန္တလေး ယောနယ်အသင်း ဩဝါဒါစရိယ
၂၂။ ပိဋကဗျူဟာအဖွဲ့ ဩဝါဒါစရိယ
၂၃။ မြတ်မဂ်လာစာစောင် နာယက စသော တာဝန်များကို ထမ်းဆောင်တော်မူသည်။

ဝိနိစ္ဆယ တာဝန်ကျ

တိပိဋက ယောဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးချက်အရ မိုးကုတ် ဝိပဿနာ တရားဆိုင်ရာ အဆုံးအဖြတ်ပေးရသည့် မိုးကုတ်ဝိနိစ္ဆယတာဝန်၊ ယခု မျက်မှောက်ကာလ၌ ဘိက္ခုနီ (ရဟန်းမ) ရှိသင့် မရှိသင့် အဆုံးအဖြတ်ပေးရသည့် ဘိက္ခုနီဝိနိစ္ဆယတာဝန်တို့ကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖြစ်ဖြင့် ကျေပွန်စွာ ထမ်းဆောင်တော်မူပေးခဲ့သည်။ ထိုမှတစ်ပါး သီမာသင်္ကေတ ဝိနိစ္ဆယ (သိမ်ရောယှက်မှု အဆုံးအဖြတ်) စာတမ်းနှင့် ဝိပတ္တိသီမာဒီဝိနိစ္ဆယစာတမ်းတို့ကိုလည်း နိုင်ငံတော် သံဃမဟာနာယက တာဝန်ဖြင့် တာဝန်ကျေပွန်စွာ ဆုံးဖြတ်ရေးသားပေးတော်မူခဲ့သည်။

http://www.dhammadownload.com

စာပေကျမ်းဂန် လမ်းအမှန်

တိပိဋကက ယောဆရာတော်သည် လူကြီး၊ လူငယ်၊ လူရွယ်အားလုံး ဘဝအသုံးချ အသိဉာဏ်ရအောင် ဖတ်ရှုလေ့လာနိုင်ရေးအတွက် ဗုဒ္ဓတရားတော်များကို သာမန်လူများ နားလည်နိုင်သည့် မြန်မာစကား အသုံးအနှုန်းများဖြင့် ရေးသား၍ ဓမ္မလက်ဆောင် စာအုပ်ငယ် အမျိုးပေါင်း ၁၀၀ ကျော်ကို သိန်းပေါင်းမြောက်မြားစွာ အကုန်အကျခံ၍ အကြိမ်ပေါင်းမြောက်မြားစွာ ရိုက်နှိပ်ပြီး အခမဲ့ဖြန့်ဝေ လှူဒါန်းတော်မူသည်။

တရားပွဲများ ညစဉ်ဆိုသလို ရှိနေ၍ တရားနာပရိသတ် အခြေအနေကို မေးမြန်းကာ စာအုပ်ရေ ၅၀၀ မှ ၁၀၀၀ စသည်ဖြင့် မိမိတရားပွဲသို့ လာရောက်ကြသော တရားနာပရိသတ်များကို တရားပွဲရှိတိုင်း ဝေငှလှူဒါန်းတော်မူသည်။ ကျောင်းတိုက်၌လည်း အရာဏ်ဆွမ်းကပ်၊ နေ့ဆွမ်းကပ်များ နေ့စဉ်ရှိနေရာ ဖိတ်ကြား၍ ရောက်ရှိလာကြသော ဧည့်ပရိသတ်များအားလည်း နေ့စဉ်လှူဒါန်းတော်မူသည်။

ဟောတရားခွေ အမြောက်အမြားကိုလည်း ကူးပွားပြီး လာသမျှ ပရိသတ်များအား အခမဲ့ ဖြန့်ဝေလှူဒါန်းတော်မူသည်။ ဓမ္မာစရိယ စာသင်သားများအတွက် "ဓမ္မာစရိယ လမ်းပြကျမ်း" အမှတ် (၁) ကိုလည်း ရေးသား ရိုက်နှိပ် ဖြန့်ဝေပေးတော်မူသည်။ အမှတ် (၂) နှင့် အမှတ် (၃) ကိုလည်း မကြာမီ ဖြန့်ဝေပေးတော့မည် ဖြစ်သည်။ "တရားလက်စ်ပဒေသာ" အမှတ် (၁) ကိုလည်း ရေးသား ရိုက်နှိပ် ဖြန့်ဝေပေးတော်မူသည်။ အမှတ် (၂) ကိုလည်း မကြာမီ ဖြန့်ဝေပေးတော့မည် ဖြစ်သည်။ တိပိဋကက ယောဆရာတော် ထုတ်ဝေခဲ့ပြီးသော ဓမ္မလက်ဆောင် စာအုပ်ငယ်များမှာ-

http://www.dhammadownload.com

၁။ စိတ်ထိန်းကိရိယာ
၂။ ဘဝလမ်းညွှန်
၃။ သာခုလေးပါး မြတ်တရား
၄။ အပေါင်းလက္ခဏာ
၅။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ
၆။ ကံကို ထိန်းချုပ် စိတ်ခလုတ်
၇။ စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်
၈။ ကိုယ့်လမ်း ကိုယ်လျှောက် ကောင်းရာ ရောက်
၉။ အချိန်တန်ဖိုး လူ့တန်ခိုး
၁၀။ ဘဝတစ်ကွေ့ ခဏတွေ့
၁၁။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်
၁၂။ တရားအသိ လူ့မျက်စိ
၁၃။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်
၁၄။ နှလုံးသားဝယ် ဘုရားတည်
၁၅။ အေးမြရွှင်ပြုံး လူ့နှလုံး
၁၆။ လူ၏စွမ်းအား မြတ်တရား
၁၇။ ကိုယ့်ကိုကိုယ်ချစ် လူအစစ်
၁၈။ အသိမှန်ကန် ကိုယ့်ဖို့ကျန်
၁၉။ တရားကျေးဇူး စွမ်းရည်ထူး
၂၀။ သူ့ကို စောင့်ရှောက် ကိုယ့်ဂုဏ်မြောက်
၂၁။ ကျန်းမာရွှင်လန်း မေတ္တာစွမ်း
၂၂။ မေတ္တာလက်တွဲ ရာပြည့်ပွဲ
၂၃။ ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်
၂၄။ ဘဝဝေစု မြတ်ကောင်းမှု
၂၅။ တရားဆောင်သူ စိတ်မပူ

http://www.dhammadownload.com

၂၆။ အား
၂၇။ ယော
၂၈။ မွေးနေ့မင်္ဂလာ ရတနာ
၂၉။ ၄၅ နှစ် တရားသက်
၃၀။ နှစ်လေးဆယ့်ငါး တရားအချုပ်
၃၁။ လူ့အလှဆုံး စိန်တစ်လုံး
၃၂။ မေတ္တာနှလုံး အလှဆုံး
၃၃။ မေတ္တာလွမ်းခြုံ ဘေးရန်လုံ
၃၄။ အလှူကျေးဇူး စွမ်းရည်ထူး
၃၅။ နှုတ် + ဆက် = မင်္ဂလာ
၃၆။ မေတ္တာတရား လူ့စွမ်းအား
၃၇။ အကုန်အရ လူ့ဘဝ
၃၈။ မီးသတိပြု
၃၉။ မေတ္တာကျေးဇူး စွမ်းရည်ထူး
၄၀။ ၄၅ ဝါ သာသနာ
၄၁။ လူ့အား
၄၂။ လူ၏စွမ်းအား ပတ္တမြား
၄၃။ စိတ်ကောင်းထားက မိတ်ကောင်းရ
၄၄။ အချစ်ဆုံး ဆွေမျိုး
၄၅။ ဧည့်သည်
၄၆။ ၄၅ နှစ် ရဟန်းသက်
၄၇။ စိတ်အေးစရာ သာသနာ
၄၈။ တစ်ခါလာလည်း ဒါပါပဲ
၄၉။ လူ့ဘဝထဲ စာမေးပွဲ
၅၀။ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ

http://www.dhammadownload.com

၅၁။ ဘဝတစ်ခေါက် ခြောက်ဆယ့်ခြောက်
၅၂။ ယနေ့အလုပ် ယနေ့လုပ်
၅၃။ အဘိဓမ္မာ သိစရာ
၅၄။ ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက်
၅၅။ ဓာတ်
၅၆။ ဘဝကိုဆောင် အလင်းရောင်
၅၇။ လူသားမေတ္တာ ဤကမ္ဘာ
၅၈။ ဆရာ့ကျေးဇူး စွမ်းရည်ထူး
၅၉။ သတိကိုင်စွဲ နှုတ်ဆက်ပွဲ
၆၀။ ဦးကောသလ္လ တစ်ဘဝ ပေါ်ရတောင်ဖီလာ
၆၁။ သတိ မေတ္တာ သူငါစုပေါင်း အကုန်ကောင်း
၆၂။ ယခုအလုပ် ယခုလုပ်
၆၃။ ဒီအတိုင်းပါပဲ
၆၄။ သုံးပါးမြတ်စွာ ရတနာ
၆၅။ ချစ်ခင်ညီညာ ပေါင်းတာမှန်မှ ငြိမ်းချမ်းရ
၆၆။ ဒီတစ်ခါလဲ ဒီတိုင်းပဲ
၆၇။ ပေါင်းတာမှန်မှ ကောင်းတာရ
၆၈။ ခဏဘဝးထား ၄ ဘီးကား
၆၉။ ကိုယ့်ဟာနဲ့သာ ကိုယ်နေပါ
၇၀။ ကိုယ့်ဟာကိုယ်သာ ရွေးယူပါ
၇၁။ နေကောင်းရဲ့လား
၇၂။ အသိဆန်းကြယ် အနှစ်ကြွယ်
၇၃။ မေတ္တာအစွမ်း စိတ်အေးချမ်း
၇၄။ အများမကြိုက် လူမိုက်တစ်ယောက် ပန်းတိုင်ရောက်
၇၅။ မိခင်စိတ်ထား မေတ္တာအား

http://www.dhammadownload.com

၇၆။ သူဦး ကိုယ်ဦး သုံးမွှာပူး
၇၇။ ကိုယ့်ဟာကိုယ်ယူ စွမ်းတဲ့လူ
၇၈။ ပစ္စည်းတန်ဖိုး လူ့တန်ခိုး
၇၉။ ကိုယ့်ဂုဏ် ကိုယ်ပြု ကောင်းတာစု
၈၀။ ဆွေမျိုးကိုရာ ကိုယ့်ဆီမှာတွေ့
၈၁။ အသီးတစ်ရာ အညှာတစ်ခု
၈၂။ ကိုယ့်ကို ကိုယ်ကယ် မီသေးတယ်
၈၃။ အသိမှန်ကန် အဖိုးတန်
၈၄။ ဆရာ ဒကာ သာသနာ
၈၅။ အသက်ကြီးရင် အဖော်လိုတယ်
၈၆။ နှစ်ကူးမင်္ဂလာ ဖိတ်ကြားလွှာ
၈၇။ ဘဝထဲမှာ ကောင်းတာရှာ
၈၈။ ပစ္စည်းအလှ ဘဝတန်ဆာ ရတနာ
၈၉။ မေတ္တာ ပညာ ပဒေသာ
၉၀။ ကိုယ့်ကိုယ်ကိုယ်ဖြည့် သူ့ကိုကြည့်
၉၁။ ငွေနှင့်ပုလဲ ကုသိုလ်ပွဲ
၉၂။ အချိန်ရှိခိုက် လုံ့လစိုက်
၉၃။ ရက်လည် လလည် နှစ်ပတ်လည်
၉၄။ နေ့စဉ် ဆင်နွှဲ လူ့အောင်ပွဲ
၉၅။ မကောင်းမှုရှင်း ကောင်းမှုသွင်း စိတ်ရင်းဖြူစင်စေ
၉၆။ ပစ္စည်းအလှ ၉ ဌာန
၉၇။ ကိုယ့်ဟာကိုယ်စု အပြန်လု
၉၈။ လူတစ်ယောက်တည်း ကား ၆ စီး
၉၉။ မြန်မာ စိတ်ထား စုပေါင်းအား
၁၀၀။ ကုသိုလ် စုပေါင်း လက် ၁၀ ချောင်း

http://www.dhammadownload.com

၁၀၁။ မေတ္တာပေါင်းစု လက် ၅ ခု ကောင်းမှု ရေစက်ချ
၁၀၂။ မေတ္တာကိုသွင်း တံတားခင်း
၁၀၃။ လူကြီးလုပ်ငန်း ကမ္မဋ္ဌာန်း
၁၀၄။ သတိမေတ္တာပညာကို သွင်း တံတားခင်း
၁၀၅။ ကံကောင်း ဉာဏ်ကောင်း လုံ့လကောင်း အကောင်း လူမှာပြည့်
၁၀၆။ မွေးနေ့ကောင်းမှု နေ့တိုင်းပြု
၁၀၇။ ကုသိုလ်အလုပ် လူ့အထုပ်
၁၀၈။ သတိရှေ့ထား ကုန်တာအား
၁၀၉။ မေတ္တာစုပေါင်း သဒ္ဓါကောင်း သိမ်ကျောင်းပေါ်ပေါက်ရ
၁၁၀။ ခြင်တစ်ကောင် မိအောင် ဖမ်း လူမှာ စိတ်အေးချမ်း
၁၁၁။ မသိငြိပိ သိလျှင်အိ
၁၁၂။ မေတ္တာ ၅ ခု မိသားစု ကောင်းမှု အောင်ပွဲရ
၁၁၃။ ကုသိုလ်ပြည့်စုံ ဓမ္မဂုဏ်(ဓမ္မဂုဏာ ကျောင်းဒါန)
၁၁၄။ ခရီးဆောင်အိတ် လူကြီးစိတ်
၁၁၅။ ဧည့်သည် ၆ ယောက် ကိုယ့်ထံရောက် ၅ ယောက် ကိုယ့်ဟာ ယူထားလိုက်
၁၁၆။ စိန်

တိပိဋက အတွေ့အကြုံ

သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်မှ တိပိဋက လောင်းလျာများ အားတက်ရ နည်းယူရအောင် တိပိဋက အတွေ့အကြုံကို တိပိဋက ရွေရတုစာစောင်၌ ရေးသားပေးပါရန် လျှောက်ထားချက်အရ တိပိဋက ယောဆရာတော်သည် မိမိ၏ အတွေ့အကြုံ၊ မိမိကြိုးစားခဲ့ပုံကို ယခုလို ရေးသားဖော်ပြခဲ့ပါသည်။

http://www.dhammadownload.com

လောကဌ် တစ်နေရာမှတစ်နေရာသို့ ခရီးသွားရာတွင် ရောက်လိုဇောဖြင့် သွားသူတစ်ယောက်သည် ဆန္နအတိုင်း လိုရာအရပ်သို့ ရောက်နိုင်သော်လည်း 'လမ်းမှာ ဘာတွေတွေ့ခဲ့သလဲ' ဟု မေးလျှင် အကုန်ပြောပြဖို့ မလွယ်သကဲ့သို့ တိပိဋကလမ်းကြောင်းအတွေ့အကြုံကို အကုန်ရေးပြရန်မှာ မလွယ်ကူပေ။ သို့သော် ထင်ရှားရာလောက်ကိုတော့ ရေးပြပါမည်။

* တရားစကား၊ မြတ်ဘုရား၊ ကိုယ်စားပြုလေပါ။
* တရားတစ်စု၊ ဘုရားဟု၊ မှတ်ရှုပျော်စရာ။
* အာဂုံဆောင်ထား၊ ကျက်မှတ်ငြား၊ ဘုရားတည်သူပါ။
* နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်စွမ်း၍ အေးချမ်းပါ။
* ကံထူး၊ ဉာဏ်ထူး၊ လုံ့လထူး အထူး ပုဂ္ဂိုလ်ပါ။

ဘုရားဟော တရားစကားများသည် ဘုရားကို ကိုယ်စားပြုသည်ဖြစ်၍ တရားတစ်စုလျှင် ဘုရားတစ်ဆူဟု သဒ္ဓါပညာဖြင့် ကြည့်ရှုတတ်ပါက တိပိဋကအလုပ်သည် ပျော်ရွှင်အားတက်စရာကောင်းလှသည်။

ဘုရားစကားတော်များကို အာဂုံဆောင် ကျက်မှတ်နေလျှင် နှလုံးသားဌ် ဘုရားတည်နေသူ ဖြစ်သည်။ ဘုရားတည်တတ်သူသည် ရတနာအရှိန်အဝါကြောင့် စွမ်းအားပြည့်ဝ၍ ထည်ဝါခန့်ငြားကျက်သရေ ရှိလှပေသည်။

တိပိဋက လောင်းလျာများသည်-

၁။ တိပိဋက လမ်းကြောင်းပေါ် ရောက်လာနိုင်လောက်အောင် ပါရမီကံ အထိုက်အလျောက် ရှိထားရမည်။

၂။ ပိဋကသုံးပုံအတွင်း ကျက်စားနိုင်လောက်သော ကံအရင်းခံသည့် ဉာဏ်လည်း ရှိရမည်။

http://www.dhammadownload.com

၃။ ပိဋကသုံးပုံကို အကန့်လိုက် ရုန်းကန်အားထုတ် သယ်ဆောင်နိုင်သော ဝီရိယအစွမ်းလည်း ရှိရမည်။

နည်းလမ်းလေးသွယ် ပညာကြွယ်

* ပြဋ္ဌာန်းချက်စုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။
* အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန်ကြိုးစားရ။
* ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာ ဇွဲရှိရ။
* အလုပ်လေးစား၊ ရိုသေငြား၊ စွမ်းအား လွန်တက်ကြွ။
* နည်းလမ်းလေးသွယ်၊ ပညာကြွယ်၊ ခန့်ထည်စွမ်းပြည့်ဝ။

* * *

တိပိဋက လောင်းလျာများသည်-

၁။ အပိုင်းလိုက်ဆိုင်ရာ ပြဋ္ဌာန်းချက်အားလုံးကို အချိန်မီကြိုးစားနိုင်ရန် လုံလောက်သောအချိန် ရရှိရေးအတွက် အချိန်ကို ကြိုတင် ခွဲဝေထားရမည်။

၂။ ရှေ့အသိနှင့် နောက်အသိ ဆက်စပ်မိအောင် ရှေ့အသိက နောက်အသိအား ကျေးဇူးပြုနေအောင် အဆက်မပြတ် မနေမနား ကြိုးစားနိုင်ရမည်။

၃။ ကန့်သတ်ချိန် (ပန်းဝင်ချိန်) မရောက်မချင်း ရှည်လျားသော ပိဋကခရီးကို ဇွဲရှိရှိကြိုးစားနိုင်သော သတ္တိရှိရမည်။

၄။ ပိဋကသုံးပုံအတွင်း စိတ်ကို နှစ်မြှုပ်၍ (အချိန်ပင်ကုန်မှန်း မသိရလောက်အောင်) လုပ်ငန်းအပေါ် စိတ်ပါဝင်စားလေးစားမှု ရှိရမည်။

http://www.dhammadownload.com

ပညာအရောင် ထွန်းလင်းပြောင်

* အပွမာဒ၊ မြတ်ဓမ္မ၊ ပင်မ ခလုတ်မည်။
* ဓာတ်ကြိုးပမာ၊ ဆက်သွယ်ကာ၊ သဒ္ဓါကောင်းရသည်။
* ဝီရိယမှာ၊ ခလုတ်သာ၊ ကောင်းစွာ နှိပ်ရသည်။
* ပညာအရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်လှစွမ်းရည်။

* * *

ပင်မခလုတ်ကိုဖွင့်၍ ဓာတ်ကြိုးဆက်သွယ်ကာ အနီးရှိမီးခလုတ်ကိုနှိပ်မှ မီးရောင်လင်းနိုင်သကဲ့သို့-

၁။ စာပေကို စွဲမြဲစွာ ကျက်မှတ်နိုင်သော သတိ၊ ကျက်ပြီးစာများကို မမေ့ပျောက်အောင် ထိန်းသိမ်းထားနိုင်သော သတိ ဟူသော ပင်မခလုတ် အားကောင်းအောင် လေ့ကျင့်ရမည်။

၂။ တရားနှင့် ထိုက်တန်သော မိမိစွမ်းရည်၊ မိမိနှင့်ထိုက်တန်သော တရားစွမ်းရည်ကို ယုံကြည်မှုဟူသော ဓာတ်ကြိုးပမာ ဆက်သွယ်မှု အားကောင်းရမည်။

၃။ သတိအထိန်းဖြင့် အဆက်မပြတ် မှန်ကန်စွာ အားထုတ်မှုဟူသော ဝီရိယခလုတ်ကို နှိပ်ပေးနိုင်ရမည်။

၄။ သတိနှင့်တွဲသော ဝီရိယသည် သမာဓိကို ဖြစ်စေနိုင်သည်ဖြစ်၍ သမာဓိက ပညာအား ကျေးဇူးပြုရသည်ဖြစ်ရကား ပညာမီးရောင် လင်းလာမည် ဧကန် ဖြစ်သည်။

မိမိသည် အသက် ၁၈ နှစ် အရွယ်ရောက်မှ ပရိယတ္တိပညာကို စတင် သင်ကြားခဲ့ရသည်။ ငယ်စဉ်အခါမှစ၍ အသက် ၂၆

http://www.dhammadownload.com

နှစ် အရွယ်အထိ တိပိဋကလုပ်ငန်းသည် ကိုယ်နှင့်ဆိုင်သည်ဟု မတွက်ခဲ့၊ တိပိဋက လမ်းကြောင်းပေါ်သို့ စိတ်ကူးမျှပင် မရောက်ခဲ့၊ ကိုယ့်အရာမဟုတ်ဟု တွက်ဆခဲ့သည်။ သို့သော် ခမ္မာစရိယ စာမေးပွဲနှင့် သကျသီဟ စေတိယင်္ဂဏ စာမေးပွဲများ ဖြေဆိုခဲ့စဉ် ကံကောင်းတိုက်ဆိုင်မှုများ အထိုက်အလျောက် ကြုံကြိုက်လာသဖြင့် အတိတ်ကံကောင်းမကောင်းသိလိုလျှင် ပစ္စုပ္ပန်ဘဏ်ဝီရိယဖြင့် တူးဆွစမ်းသပ်ပေးရမည်ဟု အသိပေါ်လာသည်။ တိပိဋက လမ်းကြောင်းပေါ်သို့ တက်ရောက် စမ်းသပ်လိုစိတ် ဖြစ်လာခဲ့သည်။

စတုတ္ထ တိပိဋကဆရာတော် အရှင်သုမင်္ဂလာလင်္ကာရသည် သက်တော် ၂၇ နှစ်အရွယ်၌ တိပိဋကဘွဲ့ ရခဲ့သည်။ မိမိမှာကား အသက် ၂၇ နှစ် အရွယ်ရောက်မှ တိပိဋက လုပ်လိုစိတ်ပေါ်ခဲ့သည်။ တိပိဋကအလုပ်ကို စတင်ခဲ့သည်။ မအောင်တော့လည်း ဘုရားစကားတော်များကို နှုတ်ထဲ၊ နှလုံးသားထဲ ထည့်သွင်းခွင့်ရခြင်းသည်ပင် အမြတ်ဟု သဘောထားကာ ဝိနည်းပါဠိတော်ကို စ၍ ကျက်မှတ်ခဲ့သည်။ မိမိသည် ဝိနည်းပါဠိတော်ကို စတင်ကျက်မှတ်ချိန်၌ စိတ်ဆန္ဒရှိ၍ ကျက်စမ်းနေသော်လည်း သကျသီဟ စာချတန်းနှင့် စေတိယင်္ဂဏ စာချတန်းစာမေးပွဲ ဖြေဆိုဆဲတန်းလန်းသာ ဖြစ်နေသည်။ မပြီးပြတ်သေးပါ။ နောက်တစ်ခုက စာသင်သားများအား နေ့စဉ် စာ ၂ ဝါ ပို့ချပေးရမှုလုပ်ငန်းက အမြဲ ရှိနေပါသည်။ ဟောရေးပြောရေး တာဝန်ကလည်း မကင်းနိုင်ပါ။ တိပိဋက လမ်းကြောင်းပေါ် တက်လာသော်လည်း အာရုံတစ်ခုတည်းဖြင့် တည်ငြိမ်စူးစိုက်စွာ ကြိုးစားခွင့် ရနေခြင်း မဟုတ်ပါ။

ကျက်မှတ်လိုသော ပါဠိတော်မှ အဖြတ်ကောင်းရာ ဝါကျတစ်ခုစီ ပိုင်းလိုက်သည်။ မြန်မာလို အဓိပ္ပာယ်နားလည်အောင် ဖတ်သည်။ နိသျ မြန်မာပြန် စာအုပ်များနှင့် တိုက်ဆိုင်ကြည့်သည်။

http://www.dhammadownload.com

မြန်မာလို နားလည်ပြီးနောက် ပါဠိတော်ဝါကျ အစုံလိုက် စိတ်ထဲ၌ စွဲလာအောင် ၅ ခေါက်လောက် မျက်စိဖွင့်ကြည့်သည်။ စာရွက်ထဲမှ စာကြောင်းများကို စိတ်ဖလင်ကော်ပြားထဲသို့ရောက်အောင် သတိ၊ ဝီရိယ၊ ဉာဏ်ဖြင့် ကူးယူသည်။

မိမိသည် စာကျက်သည့်အခါ အသံထွက်၍ ကျက်လေ့ မရှိ။ ငယ်စဉ်အခါမှစ၍ စာကို အသံတိတ်သာ ကျက်လေ့ရှိသည်။ အသံမထွက်သဖြင့် မိမိ စာကျက်သည်ကို အများက မသိကြပါ။ အများအတွက်လည်း အနှောင့်အယှက် မဖြစ်ပါ။ အသံထွက် ကျက်သကဲ့သို့ ပင်ပန်းခြင်းလည်း မရှိပါ။ လေနာခြင်းစသော ကျန်းမာရေး အနှောင့်အယှက်လည်း မဖြစ်ခဲ့ပါ။

၅ ခေါက်လောက် မျက်စိဖွင့် ဖတ်ပြီးနောက် နောက်ထပ် ၅ ခေါက်လောက် မျက်စိစုံမှိတ်ပြီး စိတ်ထဲ၌ နှလုံးသွင်းသည်။ စာကသိုဏ်းရှုခြင်းပင် ဖြစ်သည်။ စာလုံးများကို စိတ်ထဲ၌ သတိဖြင့် စိတန်း သိမှီးထားလိုက်ခြင်း ဖြစ်သည်။ **ဘုရားစကားတော်များကို နှလုံးသားမှာ ထည့်သွင်းထားခြင်းဖြစ်၍ နှလုံးသား ၌ ဘုရားတည်ပေးခြင်းလည်း ဖြစ်သည်။ "ငါ့နှလုံးသားထဲ ဘုရား ကြွရောက်သီတင်းသုံးနေပြီ" ဟု စာကြောင်းများ နှလုံးသားထဲကပ်ထားမိတိုင်း သဒ္ဓါပိတိဖြင့် ကြည်နူးမှုများ တဖွားဖွား ဖြစ်ရသည်။** ထို့ကြောင့်လည်း မိမိစိတ်ထဲ၌ ပင်ပန်းမှုများ မဖြစ်ခဲ့ရဘဲ ဝမ်းသာရွှင်လန်း အေးချမ်းမှုများသာ ဖြစ်ခဲ့ရသည်။ ဝါကျတစ်ခုပြီးသွားလျှင် နောက်တစ်ခုသို့ ဆက်၍ ဤနည်းအတိုင်းပင် ကျက်သည်။ နောက်တစ်ခုပြီးတိုင်း ရှေ့ပြီးခဲ့ပြီးသည့်တစ်ခုနှင့် ပြန်ပေါင်း၍ စိတ်ထဲ၌ စီကုံးထားသည်။ တစ်မျက်နှာလောက် ပြီးသွားပြန်တော့လည်း ထိုတစ်မျက်နှာလုံး ပြန်ပေါင်း၍ အသိစိတ်မှာကပ်၍ တပ်ထားသည်။

http://www.dhammadownload.com

ဝါကျအနေအထား သိပ်သည်း၍ အဓိပ္ပာယ် ခက်ခဲသော နေရာတို့၌ သတိ ဝီရိယ အင်အားကို နှစ်ဆသုံးဆလောက် မြှင့်တင်ကြိုးစားပေးရပါသည်။ ဂါထာများဆိုလျှင် ပုံမှန်ထက် ဆယ်ဆလောက် မြှင့်တင်အားထုတ်ရသည်။ ဂါထာများကို ကျက်မှတ်ရာ၌ မိမိသည် စိတ်ဖြင့်သာ ကျက်မှတ်သည်ဖြစ်၍ စုဏ္ဏိယ ပါဠိတော်များလောက် စိတ်ထဲတွင် ထည့်သွင်းသိကုံး၍ ရုတ်တရက် မလွယ်ကူတတ်ပါ။ မိမိတွင် စာမျက်နှာ ပုံသေသတ်မှတ်ချက် မရှိပါ။ စာအသွားအလာ လွယ်လျှင်လွယ်သလို အကုန်များ၍ ခက်လျှင်ခက်သလို အကုန်နည်းပါသည်။ ပျမ်းမျှ ၁၀ မျက်နှာမှ ၁၅ မျက်နှာလောက် ကုန်ပါလိမ့်မည်။ အာဂုံမကျက်ရာဘဲ သဘောဖြင့်သာ မှတ်သားရသော ပဋ္ဌာန်းပါဠိတော်မျိုး၌ စာမျက်နှာ ၂၀ ၃၀ လောက် ကုန်ပါလိမ့်မည်။ ဂါထာများကို သီးခြားအချိန်ပေး၍ သီးခြားကျက်ပေးရပါသည်။

သရုပ်များသောနေရာ စကားလုံးဝေါဟာရ များသောနေရာတို့၌ စာအုပ်အတွင်းရှိ စာမျက်နှာဘေးနား၌ ခဲတံဖြင့် သင်္ကေတသင်္ချာလေးများရေးမှတ်ထားပြီး ကျက်သောအခါ ပြန်သောအခါတို့၌ အရေအတွက်မမှားအောင် လက်တစ်ချောင်းချင်းချိုး၍ သတိ၊ ဉာဏ်ကို အသုံးပြုရပါသည်။ ပါဠိတော်များသည် စကားအသုံးအနှုန်းညက်ညော၍ စကားလုံးအထားအသို ပုံသေနည်းစနစ် မှန်သောကြောင့် အဋ္ဌကထာ ဋီကာများကဲ့သို့ ခက်ခဲစွာ ကျက်ရသည် မဟုတ်ပါ။ အချို့သောနေရာ၌ အကြောင်းအရာ ခေါင်းစဉ်စကားလုံးလေးများကို မှတ်သားထားပြီး စိတ်ထဲတွင် ပါဠိစီကုံးပြီးဆို၍ပင် ရနိုင်ပါသည်။

ကံ၊ ကတ္တား၊ ဝုတ္တ၊ အဝုတ္တ၊ ဝါစ္ဆ၊ ဝါစက၊ လိင်၊ ဝုစ်စသည် မှန်ကန်အောင် ပါဠိတော်များကို မှတ်သားတတ်ဖို့ အထူးလိုအပ်သဖြင့် အနည်းဆုံး ဓမ္မာစရိယ (စာချုတန်း) ဆိုင်ရာ စာပေလေ့လာပြီး

http://www.dhammadownload.com

သူများသာ တိပိဋကက ကျက်မှတ်ဖို့ အသင့်လျော်ဆုံး ဖြစ်ပါသည်။ စာသွား၊ စာလာ၊ စည်းကမ်းစနစ်ကို နားမလည်ဘဲ အကုန်လုံး တွေ့သမျှ အာပူတိုက် အော်နေလျှင် မလိုအပ်ဘဲ ပင်ပန်းပြီး အချိန်ကုန် သလောက် ခရီးမရောက် ဖြစ်နေတတ်ပါသည်။ **သဒ္ဒါမြင်၍ စာပေစည်းကမ်းကို အထိုက်အလျောက်နားလည်မှ စာကျက်သက်သာ၍ ဉာဏ်သတိဖြင့် မပျောက်အောင် ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါသည်။**

ဝိနည်း၊ သုတ္တန် အားလုံးကို ဤဆိုအပ်ပြီး နည်းစနစ်ကို အများဆုံး သုံး၍ ကျက်မှတ်ပါသည်။ အဘိဓမ္မာ၌ ဓမ္မသင်္ဂဏီ ဝိဘင်း ပုဂ္ဂလပညတ် ကထာဝတ္ထုတို့ကို ဝိနည်း သုတ္တန် ကျက်မှတ်သော ပုံစံ နည်းစနစ်အတိုင်း ကျက်မှတ်ရသည့်အပြင် အဘိဓမ္မာ သင်္ဂြိဟ် သရုပ်လည်း ကျပွန်ကွဲပြားဖို့ လိုအပ်ပါသည်။ ဓာတုကထာ၊ ယမိုက် တို့ကိုကား ညဝါများဖြစ်၍ ငယ်၊ လတ်၊ ကြီးတုန်းက ဖြတ်သန်း ကျက်စားခဲ့ရသည့် ညဝါနည်းလမ်းအတိုင်းပင် နည်းမှီ ကျက်ရပါသည်။ အချို့သောနေရာ၌ သရုပ်သဘောကို စဉ်းစားကျက်၍ အချို့သောနေရာ၌ကား အမှတ်သင်္ကေတနည်းစနစ်ဖြင့်ပင် ကျက်ရပါသည်။

ပဋ္ဌာန်းပင်လယ်ကို ကူးခတ်ရာ၌ အဓိကအားဖြင့် ပထမကြိုး တန်းတုန်းက လေ့လာခဲ့ရသော ကုသလတိက်ကို အထူးကျပွန်ဖို့ လိုပါသည်။ ကြွင်းကျန်သော တိက်၊ ဒုက်များ၌ကား မာတိကာ အရကောက်ကို အထူးကျပွန်အောင်လေ့လာ၍ ဝိဘင်္ဂဝါရများကို အများအားဖြင့် ကုသလတိတ်ကို နည်းမှီး၍ ဖြုတ်သင့်ခွဲသင့်သည်တို့ကို ဉာဏ်ဖြင့်ချင့်ချိန်ပြီး ပါဠိကိုစီကုံးလျက် မှတ်ရပါသည်။ ပဋ္ဌာန်း သန်္ခါဝါရကိုကား သဘောဉာဏ်ကိုသုံး၍ တွက်ချက်ပြီး ကျက်မှတ်ရ သည်လည်း ရှိသည်။ သညာမှတ်သင်္ကေတနည်းဖြင့် မှတ်သားထား

http://www.dhammadownload.com

ရမှုလည်း အမြောက်အမြား ပါဝင်သည်။ မာတိကာအရကောက် ကျပွန်နေဖို့ကတော့ အရေးအကြီးဆုံး ဖြစ်သည်။

မိမိသည် ကျက်မှတ်ထားပြီးသည့် ပါဠိတော်များကို မမေ့ပျောက်ရအောင် ထိန်းသိမ်းထားရာတွင် ကိုယ့်ဟာကိုယ်ပြန်ဆိုရာ၌ အသံမထွက်ဘဲ အသံတိတ်သာ ပြန်ဆိုလေ့ ရှိပါသည်။ တကယ်ပွဲကြီး၌ ပြန်ဆိုနိုင်ရန် လေ့ကျင့်ရာ၌ကား စာထောက်စာမ တစ်ပါးစီ အနားမှာထား၍ စာအုပ်ကိုအကြည့်ခိုင်းပြီး ပြန်ဆိုပါသည်။ ပုံမှန်စာများကို တစ်ပိုင်း၊ ခက်ခဲသောစာနှင့် ဂါထာများကို တစ်ပိုင်းအားဖြင့် နှစ်ပိုင်းခွဲပြီး ပြန်ဆိုပါသည်။ နေ့စဉ် စာအုပ်တိုင်း ဉာဏ်ဖြန့်ထားပြီး စာအုပ်တိုင်း အချိုးကျပိုင်း၍ ပြန်ဆိုပါသည်။

အဋ္ဌကထာ ဋီကာများကို လေ့လာမှတ်သားရာ၌ အဖွင့်ခံပါဠိကို အခြေခံ၍ အဋ္ဌကထာနှင့် ဋီကာကို တွဲဖက်ကြည့်ရှု ကျက်မှတ်မှ စာမြင်ပြီး စွဲပါသည်။ အဋ္ဌကထာ ဋီကာများကို မှတ်စု ထုတ်နုတ်၍ ကျက်လေ့ မရှိပါ။ အစအဆုံး အကုန်ဖတ်၍ အကြောင်းပြ သရုပ်ပြ အဆုံးအဖြတ် စသော အထူးမှတ်သားဖွယ် အကြောင်းအရာများကို ခဲနီဖြင့် မှတ်သားထားပြီး သာမန် ရိုးရိုးစာများထက် အခေါက်များစွာ ပိုဖတ်ပါသည်။ အချို့စာများကို ပါဠိတော် ကျက်မှတ်သည့် ပုံစံအတိုင်းပင် ကျက်မှတ်ထားပါသည်။

မိမိသည် သတိသမာဓိကို အများဆုံးသုံးကာ ဉာဏ်ကို ထုတ်လုပ်ပြီး ကြိုးစားသည်ဖြစ်၍ စာပြန်ရာ၌လည်း မည်သူ့ကိုမျှ ကြောက်ရွံ့လေ့ မရှိပါ။ ရေးဖြေရာ၌လည်း ကိုယ်သိတာ ကိုယ်ရေးချခြင်းဖြစ်၍ မကြောက်တတ်ပါ။ စာတစ်ကြိမ် ပြန်ပြီးတိုင်း စာတစ်ပုဒ် ဖြေပြီးတိုင်း အလွန်မွန်မြတ်သည့် ဘုရားစကားတော်များကို စိတ်ထဲ နှလုံးသားထဲမှာ သိမှီးထားပြီးမှ ထုတ်နုတ်သုံးရခြင်းဖြစ်၍ သဒ္ဓါ

http://www.dhammadownload.com

ပီတိဖြင့် အလွန် ပျော်မွေ့လေ့ရှိပါသည်။ မိမိသည် တိပိဋကက စာမေးပွဲ၌ အောင်ရော၊ ရေးဖြေပါ ကျရှုံးဖူးပါသည်။ မိမိ၌ စာမလုံလောက်မှန်း သိပါလျက် ပျော်မွေ့၍ ပြန်ဆိုရေးဖြေနေခြင်းသာ ဖြစ်ပါသည်။ ကျရှုံးခဲ့ဖူးသော်လည်း စိတ်ပျက်ခြင်း။ ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ ညှိုးနွမ်းခြင်း၊ စိတ်ဓာတ်ကျခြင်း လုံးဝ မဖြစ်ခဲ့ဖူးပါ။

တစ်နေ့ စာနှစ်ဝါ ပို့ချပေးရင်း တရားဟောရင်း ကျောင်းတိုက်ကိစ္စ ဆောင်ရွက်ရင်း တည်ငြိမ်အေးဆေးစွာပင် ပြန်ဆိုရေးဖြေခဲ့ပါသည်။ တိပိဋကက အားလုံးပြီး၍ နှစ်ကို လက်ချိုးရေတွက်လိုက်သော အခါ ၁၆ နှစ်တိတိ ကြာသည်ဟု သိလိုက်သည်။ **သို့သော် သဒ္ဓါ ပီတိဖြင့် ပျော်မွေ့လွန်း၍ ၂ နှစ် ၃ နှစ်လောက်သာ ကြာသည်ဟု ထင်နေမိခဲ့သည်။** မိမိသည် တိပိဋကစာမေးပွဲကို ကြိုးစားရာ၌ စာသင်သားပုံစံဖြင့်မဟုတ်ဘဲ စာချတစ်ဖက်၊ တရားဟောတစ်ဖက် အခြားစာမေးပွဲများတစ်ဖက် တွဲလျက် အေးဆေးစွာ လုပ်ခဲ့သည်ဖြစ်၍ ၁၆ နှစ် ခရီးကို မြန်သည်ဟုပင် ထင်ခဲ့ပါသည်။ ၁၆ နှစ်လုံးလုံး နှလုံးသား၌ ဘုရားတည်ခွင့်ရ၍ ဂုဏ်ယူဝမ်းမြောက် ကြည်နူးနေမိပါသည်။ ပျော်မွေ့သဖြင့် တိပိဋကပြီးသောအခါ ပဏ္ဏာသ (မဇ္ဈိမနိကာယ်) ကို ဆက်လက်ပြန်ဆိုရန် ကြိုးစားခဲ့ပါသေးသည်။ အချိန်လုပ်၍ လုံးဝမရတော့သဖြင့် လက်လျှော့လိုက်ရပါတော့သည်။

တိပိဋကပြီး၍ ပူဇော်ပွဲ လုပ်ကြသည်ကိုလည်း မနှစ်သက်ပါ။ အပူဇော်ခံလို၍ တိပိဋကလုပ်သည် မဟုတ်။ ပျော်စရာကောင်း၍သာ လုပ်သည်ဟုပြောကာ အများအားဖြင့် ငြင်းပယ်ခဲ့ပါသည်။ ဓမ္မရတနာကို ရတနာအသိဖြင့် စိတ်နှလုံး၌ ထည့်သွင်းထားရခြင်းကား လောက၌ မည်သည့်အရသာနှင့်မျှ မနှိုင်းယှဉ်နိုင်လောက်အောင် ပျော်မွေ့ဖွယ်ကောင်းလှ၍ အေးချမ်းမွန်မြတ်လှပေသတည်း။

http://www.dhammadownload.com

ကံရှိသူတိုင်း တိပိဋက လမ်းကြောင်းပေါ်ရောက်၍ ဉာဏ်ဝိရိယဖြင့် ဓမ္မရတနာကို တူးဖော်သုံးစွဲနိုင်ကြပါစေ။

တိပိဋက ယောဆရာတော်

စာသင်တိုက်ခွဲများ တည်ထောင် ဖွင့်လှစ်ပေး

၁။ ၁၃၄၅ ခုနှစ်တွင် ကလေးမြို့ ဗောဓိကျောင်းဆရာတော် ဦးကောသလ္လ ထိုမာရွာကျောင်းဆရာတော် ဦးပညာဝံသတို့၏ အတင်းအကြပ် ပူဆာတိုက်တွန်း လွှဲအပ်မှုကြောင့် ကလေးမြို့ ဗောဓိကျောင်းကို လက်ခံ၍ ၁၃၄၆ ခုနှစ်တွင် တပည့်ကြီးဖြစ်သော စာချဦးတေဇဝန္တအား ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးအပ်၍ "မဟာဝိသုဒ္ဓါရုံ တိုက်သစ်" ဟူသော အမည်ဖြင့် စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ပေးပြီး တိပိဋက ယောဆရာတော်က မကြာမကြာ သွားရောက်လမ်းညွှန်ကာ ကိုယ်အားဉာဏ်အား ပစ္စည်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက် သာသနာပြုတော်မူသည်။

ဆရာဒကာ ညီညာလက်တွဲ၍ သာသနာပြုလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးစားအားထုတ် ဆောင်ရွက်ခဲ့ရာ မကြာမီအတွင်း ကျောင်းဆောင် အဆောက်အအုံများ၊ သံဃာ့ပရိသတ်များ တစ်ရိပ်ရိပ် တိုးတက်လာခဲ့သည်။ ယောဆရာတော်သည် စာသင်သားများအတွက် စာအုပ်အားလုံးကို အခမဲ့ဝေငှပေးပြီး စာချပုဂ္ဂိုလ်များနှင့် စာအောင်ပုဂ္ဂိုလ်များကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှောက်တော်မူသည်။ ကလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သည် ယခုအခါ စာချ၊ စာသင် သံဃာ့ ပရိသတ် ၁၅၀ ခန့်ရှိပြီး တိပိဋက ဝိနည်းရှေ့ပိုင်းအောင် ပုဂ္ဂိုလ်များ၊ အဘိဝံသဘွဲ့ရ ပုဂ္ဂိုလ်များ၊ နိကာယ်ဆိုင်ရာ ဘွဲ့ရပုဂ္ဂိုလ်များ၊ ဓမ္မာစရိယ၊ ကြီး၊ လတ်၊ ငယ် မူ စာအောင်ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွက်လာခဲ့ပြီး သာသနာ့သမိုင်းဝင် ကျောင်းတိုက်ကြီး တစ်တိုက်အဖြစ် ရပ်တည်လျက် ရှိသည်။

http://www.dhammadownload.com

၁၃၇၇ ခုနှစ် ဒုတိယ ဝါဆိုလတွင် ကလေးမြို့ တစ်မြို့လုံးခန့် ရေနစ်မြုပ်ခဲ့သည်။ ထိုအထဲတွင် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်လည်း ပါဝင်ခဲ့ပြီး ကျောင်းတိုက်ရှိပစ္စည်းအားလုံး ဆုံးရှုံးခဲ့သည်။ ရေကျသွား သောအခါ ယောဆရာတော်သည် ကလေးမြို့ မဟာဝိသုဒ္ဓါရုံ ကျောင်း တိုက်သို့ ကြွရောက်တော်မူ၍ သံဃာတော်များအား "ဘာမှမပူကြနဲ့၊ ပစ္စည်းဆုံးရှုံးသမျှ အားလုံးကို နဂိုအတိုင်းဖြစ်အောင် ဘုန်းကြီးအိုကြီး ချက်ချင်း စီမံပေးမယ်" ဟု အမိန့်ရှိကာ အားပေးစကားများ မိန့်ကြားပြီး စာချဘုန်းကြီး ၇ ပါးတို့အား တစ်ပါးလျှင် ၈ သိန်းကျပ်စီနှင့် ပစ္စည်းဆုံးရှုံးမှုတွေကို အသစ်တစ်ဖန်ပြုပြင်ရန် ကျောင်းတိုက်အတွက် သိန်း ၁၀၀၀ (သိန်းတစ်ထောင်) လှူဒါန်းပေးပြီး စာချဘုန်းကြီးသုံး စာအုပ်များ၊ စာသင်သားသုံးစာအုပ်များနှင့် သင်္ကန်း စသော ပစ္စည်း မျိုးစုံတို့ကို ရန်ကုန်မှ ကလေးမြို့သို့ လေယာဉ်ဖြင့် ၉ ကြိမ် ဆက်တိုက် သယ်ဆောင်၍ ကြွရောက် ဝေငှလှူဒါန်းပေးသည်။

ရေကြီး၍ ဒုက္ခရောက်နေကြသော ကလေးမြို့ မဟာဝိသုဒ္ဓါရုံ သံဃာတော်များသည် ယောဆရာတော်၏ ကြီးမားသောမေတ္တာရိပ်ကို ခိုလှုံခွင့်၊ မှီခိုခွင့်ရရှိကြ၍ အပူအပင်မရှိ သာသနာ့ စက်ယန္တရားများကို အဆက်မပြတ် လည်ပတ်နိုင်ကြသောကြောင့် ရေဘေးဒုက္ခရောက် သောနှစ်မှာပင် ငယ်၊ လတ်၊ ကြီး စာမေးပွဲတွင် အများအပြား အောင်မြင်ကြသည်ကို အားပေးချီးမြှောက်ကြသော ဒကာဒကာမများ ချီးကျူး အံ့သြမဆုံး ဖြစ်ကြရသည်။

* * *

၂။ ၁၃၅၁ ခုနှစ်တွင် ကလေးမြို့ တောင်ဖီလာတောရ ဆရာတော် (ယခင် ဗောဓိကျောင်းဆရာတော်) ဦးကောသလ္လသည် ယောဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် သာသနာ ပြုစိတ်ဓာတ်တို့ကို ယုံကြည်၍ တောင်ဖီလာ တောရကျောင်းကို စာသင်

http://www.dhammadownload.com

တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ရန် ပူဆာတိုက်တွန်း အပ်နှင်းလာပြန်သည်။ ယောဆရာတော်သည် ငြင်းဆန်၍မရသည့်အဆုံး "သာသနာ့အလုပ် ငါ့အလုပ်" ဟု စွဲကိုင်ကာ ဆရာတော် ဦးကောသလ္လ၏ စာသင်တိုက်ဖြစ်ရန် ပြင်းပြသောဆန္ဒကို ဖြည့်ဆည်းသောအားဖြင့်လည်းကောင်း၊ ဒကာဒကာမများ၏ စေတနာ၊ မေတ္တာ၊ သဒ္ဓါတရားကို ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း လက်ခံလိုက်ရပြန်သည်။

အချို့ကမူ "တောထဲတောင်ထဲမှာ ပရိယတ္တိစာသင်တိုက် တည်ထောင်လို့ ဘာသွားစားမှာလဲ၊ ရေက ဘယ်ကရမှာလဲ၊ မီးက ဘယ်က လာမှာလဲ၊ စာသင်သားသံဃာက ဘယ်က လာမှာလဲ၊ ဆွမ်းခံစရာ ဂေါစရဂါမ်ကလည်း မရှိ" ဟု လျှောက်ကြရာ ယောဆရာတော်သည် တပည့်ဒကာဒကာမတို့အား "သာသနာတော်ကိုယုံလျှင် ဘယ်မှာပဲနေနေ၊ ကိုယ့်အလုပ် ကိုယ်လုပ်နေလျှင် ရသင့်တာတွေ မလိုချင်လောက်အောင် ရလာလိမ့်မယ်၊ ကိုယ့်အလုပ် ကိုယ်သာ လုပ်ကြစမ်းပါ" ဟု ဆုံးမလမ်းညွှန်မှုများပေးပြီး ၁၃၅၁ ခုနှစ် ဝါခေါင်လတွင် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်မှ တပည့်ကြီးဖြစ်သော စာချ အရှင်ရာဇိန္ဒအား နောက်ပါသံဃာ ၁၀ ပါးနှင့်တကွ ပရိယတ္တိသာသနာပြု စေလွှတ်ခဲ့သည်။ တောင်ဖီလာတောရသို့ သွားခါနီး၌ ယောဆရာတော်မှ အရှင်ရာဇိန္ဒအား ဆုံးမသြဝါဒ မိန့်ကြားလိုက်သည်မှာ "တောထဲမှာ နတ်တွေနဲ့ မိတ်ဖွဲ့၍ မေတ္တာဖြင့်နေပါ၊ သာသနာမှာ ကိုယ့်အလုပ် ကိုယ်လုပ်နေပါက မငတ်ပါဘူး။ ဒေသအလိုက် ဥပုသ်နေ့တိုင်း ဒကာဒကာမတွေကို သီလပေး တရားဟောပေးပါ" ဟု အမိန့်ရှိလိုက်သည်။ ယောဆရာတော် ကိုယ်တိုင်ကလည်း မကြာမကြာ သွားရောက်ကာ ပစ္စယခမ္မ နှစ်ဌာနဖြင့် ချီးမြှောက်တော်မူသည်။

http://www.dhammadownload.com

အရှင်ရာဇိန္ဒသည် တစ်နေ့ စာ ၄၊ ၅၊ ၆ ဝါ ပို့ချ၍ သာသနာ့ပြုလုပ်ငန်းများကို ကြိုးစားအားထုတ်လာရာ ကျောင်းဆောင် အဆောက်အအုံများ တိုးလာသည်နှင့်အမျှ စာသင်သားသံဃာများလည်း ၁၀၀ ကျော်ထိ တိုးတိုးလာခဲ့သည်။ ယခင်က ရေကလည်း ရှား၊ မီးကလည်း မရှိ၊ ဆွမ်းခံ ဂေါစရဂါမ်ကလည်း နည်းပါး၊ လူသူအရောက်အပေါက်ကလည်း နည်းပါးသောနေရာဖြစ်ခဲ့သော်လည်း ယခုအခါ ရေမီးကလည်း ပြည့်စုံ၊ မြို့ရွာများနှင့် တစ်စပ်တည်း ဖြစ်နေပြီးဖြစ်၍ ဆွမ်းကိစ္စအတွက်လည်း မပူရ၊ လူသူအရောက်အပေါက်လည်း များပြားလာပြီး စည်ကားလျက် ရှိပေသည်။

တောင်ဖီလာတောရ စာသင်တိုက်သည် ယခုအခါ သာသနာ့သမိုင်းဝင်ကျောင်းတိုက် ဖြစ်သွားလေပြီ။ ဤကျောင်းတိုက်မှ တိပိဋကဝိနည်းရှေ့ပိုင်းအောင် ပုဂ္ဂိုလ်များနှင့် ဓမ္မာစရိယ၊ ကြီး၊ လတ်၊ ငယ်၊ မူ စာအောင်ပုဂ္ဂိုလ်များကို နှစ်စဉ်မွေးထုတ်ပေးလျက် ရှိသည်။ တောထဲတောင်ထဲ၌ ဤကဲ့သို့ သမိုင်းဝင်စာသင်တိုက်ကြီး ဖြစ်လာလိမ့်မည်ဟု မည်သူကမျှ မမျှော်မှန်းခဲ့ပေ။ ဆရာဒကာ လက်တွဲညီစွာဖြင့် ဆရာကလည်း ဆရာ့တာဝန်၊ ဒကာကလည်း ဒကာ့တာဝန် တာဝန်ကိုယ်စီ ကျေပွန်အောင် ဆောင်ရွက်ကြသဖြင့် ယခုကဲ့သို့ တိုးတက်အောင်မြင်သောကျောင်းတိုက်ကြီး ဖြစ်လာရသည်။

* * *

၃။ ၁၃၆၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် မြောက်ပိုင်း၊ ၄၂ ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်းနှင့် ဦးဖိုးကြားလမ်း ပေါ်ရှိ "ဇေယျသိဒ္ဓိ ရိပ်သာကျောင်း" ဟူသော အမည်ဖြင့် မူလအလျားရှုင်ဖြစ်သော (အဂ္ဂမဟာသီရိ သုဓမ္မ မဏိဇောတဓဇ) ဦးစိန်လှဝင်း + ဒေါ်ဖြူဖြူခင် မိသားစုတို့မှ အဆောက်အအုံနှင့်တကွ သာသနာရေး

http://www.dhammadownload.com

ဦးစီးဌာနသို့ လျှုဒါန်းခဲ့သည်။ သာသနာရေးဦးစီးဌာန သာသနာရေး ဝန်ကြီးမှ တိပိဋက ယောဆရာတော်ထံ ထပ်မံလျှုဒါန်းလေသည်။ တိပိဋက ယောဆရာတော်သည် အရှင်ကေသရိန္ဒ (တော်ဝင်နွယ်) အား တရားဟောတရားပြနိုင်ရန် စေလွှတ်ခဲ့သည်။ ရိပ်သာအဖြစ်ဖြင့် ၅-နှစ်ခန့် ကြာမြင့်ခဲ့သည်။

သာသနာတော်အတွက် အမြော်အမြင်ကြီးတော်မူသော ယောဆရာတော်သည် ဤ "ဇေယျသိဒ္ဓိရိပ်သာကျောင်းကို ရိပ်သာမျှ သာ လုပ်နေလျှင် သင်္ကြန်အတွင်းမှာသာ တရားစခန်းရှိပြီး ကျန်အချိန်အားလုံး ကျောင်းရော လူပါ နားနေရလိမ့်မည်" ဟု စဉ်းစားကာ ၁၃၆၈-ခုနှစ် နယုန်လပြည့်ကျော် ၈-ရက်နေ့တွင် ဇေယျသိဒ္ဓိ ရိပ်သာကျောင်းကို "ထေရဝါဒမဟာရောင်ခြည် ပရိယတ္တိ စာသင်တိုက် မဟာဝိသုဒ္ဓါရုံ တိုက်ခွဲ" ဟု အမည်ပြောင်း၍ ပရိယတ္တိ စာသင်တိုက်အဖြစ် ဖွင့်လှစ်လိုက်သည်။ ကျောင်းတိုက်စည်းကမ်းနှင့် ပညာရေးဆောင်ရွက်ချက်များမှာ မိခင်တိုက်မကြီးဖြစ်သော ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက်နှင့် ထပ်တူဖြစ်ကြောင်း မိန့်တော်မူသည်။

စာသင်တိုက် ဖွင့်လှစ်ပြီးနောက် ဗဟန်း မဟာဝိသုဒ္ဓါရုံ စာချဦးစက္ကိန္ဒကို သာမဏေများနှင့်တကွ စေလွှတ်နေထိုင်စေ၍ တိုက်အုပ်ဘုန်းကြီး ဦးဣန္ဒကကို နေ့စဉ်သွားရောက်၍ စာချကြီးကြပ်စေကာ ဝေယျာဝစ္စအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းစေခဲ့သည်။ ပီပြင်သော စာသင်တိုက်တစ်တိုက် ဖြစ်လာစေရန် ၁၃၇၂-ခုနှစ်တွင် မဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဘုန်းကြီး ဦးဣန္ဒကကို ထေရဝါဒ မဟာရောင်ခြည် ကျောင်းတိုက်၏ တိုက်အုပ်အဖြစ်လည်းကောင်း၊ စာချ ဦးဩသဓကို တိုက်ကြပ်အဖြစ်လည်းကောင်း၊ တာဝန်ပေး၍ တိပိဋက ယော ဆရာတော်က တစ်ပတ်လျှင် ၁ ရက် ပုံမှန် ကြွရောက်ကာ ပစ္စယမမ္မ ၂ ဌာနတို့ဖြင့် ချီးမြှင့်စောင့်ရှောက်တော်မူသည်။ စာသင်တိုက်

http://www.dhammadownload.com

ဖွင့်လှစ်ပြီး ၁၀ နှစ်တာ ကာလအတွင်း ကျောင်းဆောင် အဆောက်အအုံများ ပြည့်စုံမှုနှင့်အတူ စာသင်သားသံဃာ ၁၄၀ အထိ မြင့်မားလာပြီး အောင်မြင်နေသော ကျောင်းတိုက်ကြီးတစ်တိုက်အဖြစ် ရပ်တည်လျက်ရှိပေသည်။

* * *

၄။ ၁၃၇၂-ခုနှစ်တွင် မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ကုန်းတလပေါင်ကျေးရွာ ရွှေဥမင်ဆရာတော် တည်ထောင်တော်မူခဲ့သည့် ရွှေဥမင် ဓမ္မသုခတောရ ရိပ်သာကို လက်ခံကာ စာသင်တိုက်ပါတွဲ၍ ဖွင့်လှစ်ပေးခဲ့သည်။ ရွှေဥမင် ဆရာတော်ဘုရားကြီးသည် ရွှေဥမင်တောရရိပ်သာကို တည်ထောင်တော်မူပြီး ၅ နှစ်ခန့်အကြာတွင် ဘဝခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့သည်။

ကျောင်းတိုက်ကို မည်သည့် ပုဂ္ဂိုလ်ကိုမျှ အပ်နှံထားခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ဝိနည်း ဓမ္မကံနှင့်အညီ တွဲဖက်သာသနာပိုင် သီရိမင်္ဂလာကျောင်းဆရာတော်၊ ဝိဇ္ဇောတာရုံဆရာတော်၊ တိပိဋကမဟာဂန္ဓာရုံဆရာတော်၊ ရန်ကင်း မဟာဗောဓိဆရာတော်၊ ဒေါပုံသာသနာ့အလင်းရောင်ဆရာတော်တို့က ဩဝါဒါစရိယဆရာတော်များအဖြစ် ချီးမြှောက် စောင့်ရှောက် တော်မူကြ၍ ကျောင်းတိုက်အတွင်း လက်ကျန် သီတင်းသုံးနေကြသော ဦးကုသလာနန္ဒ၊ ဦးဝိစိတ္တ၊ ဦးတေဇိန္ဒတို့အား အုပ်ချုပ်ရေးမှူး ဆရာတော်အဖြစ်လည်းကောင်း၊ ရွှေဥမင် ဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဦးတေဇနိယအား ကမ္မာဋ္ဌာနာစရိယ ဆရာတော်အဖြစ် လည်းကောင်း တာဝန်ခန့်အပ်ကာ ဆောင်ရွက်စေခဲ့သည်။

တိပိဋကမဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူသောအခါ ရွှေကျင်သာသနာပိုင်၏တာဝန်ပေးချက်အရ တိပိဋက ယောဆရာတော်

http://www.dhammadownload.com

ကို ဩဝါဒစရိယ ဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်စေသည်။ မကြာမီတွင် ရွှေကျင်သာသနာပိုင်သည် ဝိဇ္ဇောတာရုံဆရာတော်နှင့် တိပိဋက ယောဆရာတော်တို့အား ရွှေဥမင် ကျောင်းတိုက်၏ ပဓာန နာယကတာဝန်ကို အပ်နှင်းလိုက်သည်။

ရွှေကျင်သာသနာပိုင်သည် ပဓာန နာယကတာဝန်ကို ၂ ပါး အပ်နှင်းသော်လည်း ဝိဇ္ဇောတာရုံဆရာတော်သည် ပရိယတ် ပဋိပတ် ဘက်စုံ ကျွမ်းကျင်တော်မူသော တိပိဋက ယောဆရာတော် တစ်ပါးတည်းသာ ပဓာန နာယကတာဝန်ယူ၍ ပရိယတ် ပဋိပတ် နှစ်မျိုးလုံး စည်ပင်ပြန့်ပွား တိုးတက်အောင် ဆောင်ရွက်ရန် တိပိဋက ယောဆရာတော်အား အပ်နှင်းလိုက်သည်။

တိပိဋက ယောဆရာတော်သည် မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်မှ စာချ အရှင်ပညာဝံသနှင့် အရှင်ဉာဏိဿရာလင်္ကာရ ၂ ပါးတို့အား ရွှေဥမင်ကျောင်းတိုက်သို့ စေလွှတ်ကာ တာဝန်ထမ်းဆောင်စေသည်။ တိပိဋက ယောဆရာတော်ကိုယ်တိုင်လည်း တစ်ပတ်လျှင် ၁ ရက် ကြွရောက်၍ ပစ္စယဓမ္မ ၂ ဌာနတို့ဖြင့် ချီးမြှောက်တော်မူသည်။

ဘုန်းကံကြီးမားတော်မူသော ဆရာတော်ကြီးများ တည်ထောင်တော်မူခဲ့သော ကျောင်းတိုက်ကြီးများကို ဘုန်းကံကြီးမား ပုဂ္ဂိုလ်ထူးများသာ ဆက်လက်စည်ပင် ပြန့်ပွားတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်နိုင်စွမ်းရှိကြသည်မှာ လောကသဘာဝပင် ဖြစ်သည်။ ယခုအခါ ရွှေဥမင် ဓမ္မသုခတောရကျောင်းတိုက်သည် စာသင်သားသံဃာ ၈၀ ကျော်၊ ယောဂီ ၁၀၀ ကျော် အမြဲရှိပြီး သင်္ကြန်ကာလတွင် တရားအားထုတ်ကြသော ယောဂီ ၁၀၀၀ ကျော် ရှိသည်။

* * *

http://www.dhammadownload.com

ဘဝတစ်ကွေ့ ခဏတွေ့ စာအုပ်ကိစ္စ ရှင်းလင်းချက်

တိပိဋကဓရ ယောဆရာတော်၏ ဘဝတစ်ကွေ့ ခဏတွေ့ စာအုပ်ကိစ္စအတွက် ကျောက်ဆင်တောရဆရာတော်ကြီးထံ အသိပေးလျှောက်ထားလွှာ။

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း (၆) ရက်

(၂၄-၁၂-၂၀၀၆)

ရိုသေစွာပါ ဘုရား။

၁။ ဆရာတော်ကြီး၏ သက်တော် ၇၈ နှစ်ပြည့် မွေးနေ့က "ဘဝတစ်ကွေ့ ခဏတွေ့" စာအုပ်ဖြန့်ဝေသဖြင့် ပေါ်ထွက်လာသောအခါ နာမည်နှင့် ခုနှစ်သက္ကရာဇ် ပြောင်းလဲထားရုံမှတစ်ပါး ဘုရားတပည့်တော် ရေးသားဖြန့်ဝေထားသည့် "ဘဝတစ်ကွေ့ ခဏတွေ့" စာအုပ် (ဓမ္မလက်ဆောင်-၁၀) မူလစာမူခွင့်ပြုချက် နံပါတ် ၂၇/၉၄ (၇) နှင့် တစ်အုပ်လုံး အစအဆုံးတူနေသည်ကို တွေ့ကြရသဖြင့် ဆရာတော်ကြီး၏ တပည့် ဒကာဒကာမ တစ်ချို့က ဘုရားတပည့်တော်ထံ လာရောက်၍ "ကျောက်ဆင်တောရ ပခုက္ကူ ဆရာတော်ကြီးက အရှင်ဘုရား၏ "ဘဝတစ်ကွေ့ ခဏတွေ့" စာအုပ် တစ်အုပ်လုံး ကူးယူပြီး သူနာမည်နဲ့ ပြောင်းလဲ ထုတ်ဝေထားတယ်။ အရှင်ဘုရားကိုကော အသိပေးရဲ့လား ဘုရား" ဟု လာလျှောက်ကြပါသည်။ ဆရာတော်ကြီး၏ တပည့်ဒကာဒကာမများက အသိပေး လျှောက်ထားသောကြောင့်သာ ဤအကြောင်းကို ဘုရားတပည့်တော် သိရှိခွင့်ရခဲ့ပါသည်ဘုရား။

http://www.dhammadownload.com

၂။ ဘုရားတပည့်တော်သည် ၁၃၅၆ ခုနှစ်က ''ဘဝတစ်ကွေ့ ခဏတွေ့'' စာအုပ်ကို ရေးသား၍ လူအများဖတ်ရှုနိုင်အောင် သိန်းပေါင်းများစွာ ရိုက်နှိပ်ပြီး အခမဲ့ ဖြန့်ဝေထားသည်ဖြစ်ရာ လူခပ်များများ ဖတ်ရှုလေ့လာခွင့် ရထားသော စာအုပ် ဖြစ်ပါသဖြင့် ဘုရားတပည့်တော် ရေးသားထားသော စာအုပ်သာ ဖြစ်ကြောင်းကို အများပင် သိရှိနားလည်ထားကြပြီး ဖြစ်ပါသည် ဘုရား။ အမှန်အတိုင်း သိနိုင်ရန် ဖွင့်ထုတ်လျှောက်ထားခြင်းပါ ဘုရား။

၃။ ဘုရားတပည့်တော် ရေးသားသည့် ''ဘဝတစ်ကွေ့ ခဏတွေ့'' ဟူသော (ဓမ္မလင်္ကာဆောင်-၁၀) စာအုပ်ငယ်ကို ၁၃၅၆ ခုနှစ်က သာသနာရေး ဦးစီးဌာန၏ ခွင့်ပြုချက်၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ စာပေစိစစ်ရေးဌာနမှ ခွင့်ပြုချက်ကို ရယူ၍ နံပါတ်၊ ထုတ်ဝေသူ၊ ပုံနှိပ်တိုက်နာမည် အပြည့်အစုံဖြင့် တရားဝင်ရိုက်နှိပ်ဖြန့်ဝေထားရာ ယခုအခါ ၆ ကြိမ်ပင် ရိုက်နှိပ်ခဲ့ပြီး ဖြစ်ပါသည်။ တရားဝင် နံပါတ်ဖြင့် တရားဝင် ထုတ်ဝေခွင့် ရထားသော တရားဝင် စာအုပ် ဖြစ်ပါသည် ဘုရား။ ဆရာတော်ကြီး နာမည်ဖြင့် ထုတ်ဝေထားသော ''ဘဝတစ်ကွေ့ ခဏတွေ့'' စာအုပ်မှာ ခွင့်ပြုချက် နံပါတ်၊ ထုတ်ဝေသူ၊ ပုံနှိပ်တိုက် နာမည်မပါသော ပြဿနာရှုပ်ထွေးစေနိုင်သည့် တရားမဝင် စာအုပ်သာ ဖြစ်နေပါသည်။ ထိုမျှသာမက ဆရာတော်ကြီး၏ နာမည်ဖြင့် ဖြန့်ဝေထားသောစာအုပ်မှာ ရေးသားသည့် ခုနှစ် သက္ကရာဇ်ကို ၁၃၃၁ ခု၊ ၁၃၄၈ ခု၊ ၁၃၅၅ ခုနှစ်ဟု ဘုရားတပည့်တော်၏ စာအုပ်ထက်စောအောင် ကြံဖန်ထည့်ထားသော်လည်း ဆရာတော်ကြီး၏ ၇၈ နှစ်ပြည့် မွေးနေ့

http://www.dhammadownload.com

ရောက်မှ ပေါ်လာပါသည်။ ဤမျှ ကောင်းမွန်သော စာအုပ်ကို အစောကြီးကတည်းက မထုတ်ဝေခဲ့ဘဲ ယခုမှ ထုတ်ဝေလိုက်ခြင်းဖြင့်လည်း အဖြေမှန် ပေါ်နေပါပြီ ဘုရား။

"ဒီဘဝတစ်ကွေ့ ခဏတွေ့" တရားကြောင့် ပြဿနာရှုပ်ထွေးရခြင်း မဟုတ်ဘဲ စာမူကြောင့် ပုံနှိပ်ထုတ်ဝေသူချင်း စကားများရတတ်ခြင်းပါဘုရား၊ တရားကြောင့် စကားပြောစရာမလိုဘဲ စာမူကြောင့်သာ စကားပြောရတတ်ပါသည်ဘုရား။ တရားမဝင် နာမည်ယူထားသူထံ အချိန်မရွေး တာဝန်ကျရောက်လာနိုင်ပါသည် ဘုရား။

၄။ ဆရာတော်ကြီး၏ စာပေအရေးအသား ဟောပြောပုံနှင့် ဘုရားတပည့်တော်၏ စာပေအရေးအသား ဟောပြောပုံမှာ သိသိသာသာကြီး မတူထူးခြား ကွဲပြားနေသဖြင့် စာအုပ်ကို ကောက်ယူ ဖတ်ကြည့်လိုက်လျှင်ပင် ဆရာတော်ကြီး၏ လက်ရာ မဟုတ်ဘဲ ကူးယူထားသော စာမူသာ ဖြစ်ကြောင်းကို စာဖတ်သူအားလုံး သိနေကြပါသည် ဘုရား။

၅။ သူတစ်ပါး၏စာအုပ်ကို ကိုယ်ကသဘောကျလျှင် တရားသဘော၊ အဓိပ္ပာယ်သဘောလောက်ကိုသာ ကူးယူ၍ ကိုယ့်ဟောနည်း ဟောဟန်အတိုင်း ပြန်ဟောနိုင်ပါသည်။ ကိုယ့်ရေးနည်း ရေးဟန်အတိုင်း ပြန်ရေးနိုင်ပါသည်။ "ဘဝတစ်ကွေ့ ခဏတွေ့" တရားကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လူတိုင်းဟောနိုင်၍ လူတိုင်းရေးနိုင်ပါသည်။ တရားကို ပြောလိုရင်း မဟုတ်ဘဲ ရေးနည်းရေးဟန် စာမူကိုသာ ပြောလိုခြင်း ဖြစ်ပါသည်။ ရေးသူကို အသိမပေး ခွင့်မတောင်းဘဲ သူတစ်ပါး ရေးသားထားသည့် စာမူအတိုင်း အကုန်ကူးချပြီး ကိုယ့်နာမည်ပြောင်းတပ်လိုက်လျှင် မသမာမှု

http://www.dhammadownload.com

သာဖြစ်သဖြင့် နာမည်ဂုဏ်မတက်ရုံမျှမက လောက၊ ဓမ္မ နှစ်ဘက်လုံးပင် အပြစ်ရှိပါသည်။ ကိုယ့်မှာ ရှိနေပြီးသား ဂုဏ်သိက္ခာသာ ကျဆင်းသွားတတ်ပါသည် ဘုရား။

ဤကိစ္စမျိုးကို လောကၨ ''သူတစ်ပါး၏ ဦးနှောက်ကို ဖောက်ယူခိုးစားမှု'' ဟု တင်စားပြောဆိုကြပါသည်ဘုရား။ ကြည်ညိုမြတ်နိုးဖွယ် အကောင်းဆုံး ထေရဂုဏ်ရည်မှာ ရိုးသားဖြောင့်မတ် ပွင့်လင်းမှုဂုဏ်သာ ဖြစ်ပါသည်ဘုရား။ (မြို့ငြိုးဂူ ဆရာတော် ဦးသုဇနက ဘုရားတပည့်တော်၏ ''မေတ္တာနှလုံး အလှဆုံး'' စာအုပ်ကို ကရင်ဘာသာ ပြန်ဆိုလိုကြောင်း ခွင့်တောင်းခဲ့ရာ ဘုရားတပည့်တော်၏ နာမည်နှင့် ရေးနည်းရေးဟန်အတိုင်း စာမူအတိုင်း ပြန်ဆို ခြင်း ဖြစ်၍ ကျေနပ်စွာ ခွင့်ပြုခဲ့ဖူးပါသည်ဘုရား)၊ (ဘုရား တပည့်တော်၏ စာမူတချို့ကို အချို့ပုဂ္ဂိုလ်များက အင်္ဂလိပ် ဘာသာ ပြန်ဆိုလိုကြောင်း ခွင့်တောင်းကြသည်ကိုလည်း အကြိမ်ကြိမ်ခွင့်ပြုခဲ့ဖူးပါသည်ဘုရား)။

၆။ အပူခပ်သိမ်း ငြိမ်းစေနိုင်သည့်တရားသည် အားလုံးအတွက် ပြန့်ပွားရန် ဖြစ်သော်လည်း စာပေအရေးအသားနှင့် ဟော ပြောခြင်းကတော့ တစ်ဦးနှင့်တစ်ဦး တင်ပြပုံ နည်းစနစ် မတူညီကြပါဘုရား။ တချို့ အရေးအသားနှင့် ဟောပြော ပုံမှာ လိုရင်းထိမိရှင်းလင်း၍ ဖတ်သူ နားထောင်သူ သဘော ပေါက် နားလည်လွယ်ပါသည်။ တချို့ တင်ပြပုံမှာ ရှုပ်ထွေး ကွေ့ကောက်နေ၍ အသိခက်ခဲ နေတတ်ပါသည်။ တင်ပြပုံ ရှင်းလင်းသည့် သူတစ်ပါး၏စာမူအတိုင်း အသုံးပြုလိုလျှင် ရေးသူထံ ခွင့်တောင်းရပါသည်။ ရေးသူ၏ မူလနာမည် မပျောက်ဖို့ အရေးကြီးပါသည်။ ဤသို့ ဆောင်ရွက်ရခြင်း

http://www.dhammadownload.com

သည် စာရေးသားထုတ်ဝေသူတိုင်း လိုက်နာရမည့် ကျင့်ဝတ်သိက္ခာပါဘုရား၊ သူများစာမူကို အသိမပေး ခွင့်မတောင်းဘဲ ထင်သလို ယူသုံးခွင့် မရှိပါဘုရား။

၇။ စာပေအရေးအသား ကောင်းမွန်ပြေပြစ် ချောမွေ့သည့် သူတစ်ပါး၏ စာအုပ်၊ စာမူ တစ်ခုခုကို ကိုယ်က သဘောကျ၍ ကာယကံရှင်ကို အသိမပေး ခွင့်မတောင်းဘဲ ကိုယ့်နာမည် ပြောင်းတပ်ပြီး ရိုက်နှိပ်ထုတ်ဝေလျှင် လောကဥပဒေ စည်းကမ်းဘောင် မလွတ်ပါဘုရား၊ နာမည်ပြောင်းလဲ ထုတ်ဝေသူ၏ ဂုဏ်သိက္ခာလည်း ကျဆင်းထိခိုက် နစ်နာသွားတတ်ပါသည်ဘုရား၊ ဆရာတော်ကြီးနာမည်ဖြင့် ထုတ်ဝေထားသော ဘဝတစ်ကွေ့ ခဏတွေ့ စာအုပ်သည် ဆရာတော်ကြီး၏ ရေးနည်းရေးဟန်ဖြင့် ရေးသားခြင်း မဟုတ်ဘဲ သူတစ်ပါး ရေးထားသည့် စာအုပ်ကို ခုနှစ်နှင့် နာမည်ပြောင်း၍ ကူးယူထားခြင်း ဖြစ်ရုံသာမက စာမူခွင့်ပြုချက် နံပါတ်၊ ထုတ်ဝေသူ၊ ပုံနှိပ်သူ၊ ပုံနှိပ်တိုက်၊ နာမည်မပါသဖြင့် တရားမဝင်သောကြောင့် သက်ဆိုင်ရာက စစ်ဆေးလာလျှင် ပြဿနာရှုပ်ထွေး အရေးယူခံရမည့် လောကပြစ်၊ ဓမ္မပြစ် မကင်းလွတ်သောစာအုပ် ဖြစ်ပါသည်ဘုရား။

၈။ ဘုရားတပည့်တော် ဤစာကို ရေး၍ လျှောက်ထားနေရခြင်းမှာ ဘုရားတပည့်တော်၏ "ဘဝတစ်ကွေ့ ခဏတွေ့" စာအုပ်ကို နမြောဝန်တိုခြင်းကြောင့် လုံးဝမဟုတ်ပါ။ မနမြောသောကြောင့်ပင် ဝတ္ထုငွေ့ သိန်းပေါင်းများစွာ စွန့်ကြဲပြီး အကြိမ်ပေါင်း များစွာရိုက်နှိပ်၍ စာအုပ် သိန်းပေါင်းများစွာကို ဖြန့်ဝေ လှူဒါန်းနေခြင်း ဖြစ်ပါသည်

http://www.dhammadownload.com

ဘုရား၊ ၆ ကြိမ် ရိုက်နှိပ်ရုံမျှမကဘဲ ကြားဖြတ် သီးခြား အလှူရှင်များ ပေါ်လာ၍ ကြားဖြတ်ရိုက်နှိပ် ဖြန့်ဝေရသော အကြိမ်ကလည်း အလွန် များလှပါသည်ဘုရား။ တရားကို မူပိုင်လုပ်၍မရသော်လည်း စာအုပ်စာပေအားလုံးမှာ မူပိုင်အခွင့်အရေး ရှိပါသည်ဘုရား။ အကယ်၍ သူများ စာအုပ်ကို သဘောကျ၍ ပြန့်အောင် ဖြန့်ဝေလိုလျှင် ရေးသူ၏ နာမည်အတိုင်း ဖြန့်ဝေပေးနိုင်ပါသည်ဘုရား။ ကိုယ့်စွမ်းရည်ဖြင့် ပေါ်လာခြင်း မဟုတ်သောကြောင့် ကိုယ့်နာမည် ပြောင်းလဲခွင့်မရှိပါ ဘုရား။

အကယ်၍ ကိုယ့်နာမည်ဖြင့် ဖြန့်ဝေလိုလျှင် တရားသဘောမျှ လောက်ကိုသာ ကူးယူ၍ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ပြန်ရေးပြီးမှ ဖြန့်ဝေ ရပါသည်ဘုရား။ သူများအစွမ်းဖြင့် ပေါ်လာသောစာအုပ်ကို ကိုယ့်နာမည် တပ်၍ ဖြန့်ဝေလိုက်လျှင် ကိုယ့်မှာ ဘာမှ အရည်အချင်း မရှိကြောင်းကို အများအလယ်မှာ ဖော်ထုတ်ပြလိုက်သလိုသာ ဖြစ်သွား တတ်ပါသည်ဘုရား။ ကျန်ခြေသိက္ခာလည်း ကင်းမဲ့သွားတတ်ပါသည် ဘုရား။

၉။ (က) ရှေ့နောက်အရေးကို မဆင်ခြင် မသုံးသပ်ဘဲ ကိုယ့် ဆန္ဒတစ်ခုတည်းကိုသာ ရှေ့တန်းတင်၍ ပြုလုပ်ထားသဖြင့် လုပ်ပုံလုပ်နည်း မမှန်ကန်သောကြောင့် လည်းကောင်း၊

(ခ) စည်းကမ်းကြီးလှသော ဓမ္မလမ်းစဉ်ကို စည်းကမ်းရှိရှိ၊ သိက္ခာ ပြည့်ပြည့်၊ စနစ်တကျ၊ ကျန်ခြေရရသာ ခံယူကျင့်သုံး ဖြန့်ဝေစေလိုသောကြောင့်လည်းကောင်း၊

(ဂ) အမှန်ကို အမှန်အတိုင်းသာ ဖြစ်စေလိုသောကြောင့် လည်းကောင်း၊

http://www.dhammadownload.com

(ဃ) လောကပြစ်၊ ဓမ္မပြစ် မကင်းသဖြင့် မလုပ်သင့် မလုပ်ကောင်းသော အလုပ်ဖြစ်ကြောင်းကို သတိပြုဆင်ခြင်မိလိမ့်မည်ဟု ယုံကြည်သောကြောင့် လည်းကောင်း၊

(င) ပြုလုပ်ပြီးဖြစ်သည့် "ဘဝတစ်ကွေ့ ခဏတွေ့" စာအုပ်နှင့် မပြုလုပ်ရသေးသည့် အခြား စာအုပ်များ၊ အခြားပုဂ္ဂိုလ်များ၏ စာအုပ်အားလုံးကို တရားမဝင်သောနည်း၊ မမှန်ကန်သောနည်း၊ သိက္ခာကျဆင်းသောနည်းဖြင့် ဆက်လက် ဖြန့်ဝေမှုကို မပြုလုပ်စေလိုသောကြောင့်လည်းကောင်း၊

(စ) တရားပြန့်ပွားစေလိုသော စေတနာမှန်ဖြင့် မူရင်းအတိုင်း ဖြန့်ဝေလိုလျှင် ရေးသားသူ၏ နာမည်ကို မူရင်းအတိုင်း ဖော်ပြ၍ဖြစ်စေ၊ တရားသဘောလောက်ကိုသာကူးယူ၍ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပြန်ပြင်ရေးသား၍ဖြစ်စေ၊ နည်းမှန်လမ်းမှန်အတိုင်း သိက္ခာရှိရှိ ဆောင်ရွက်စေလိုသောကြောင့်လည်းကောင်း၊

(ဆ) မမှန်ကန်သောလုပ်ရပ်ကြောင့် နာမည်ဂုဏ် မထိခိုက်၊ မနစ်နာစေလိုသောကြောင့်လည်းကောင်း၊ မေတ္တာအရင်းခံသော စေတနာကောင်းဖြင့် ရိုးသားပွင့်လင်းစွာ လျှောက်ထားနေရခြင်း ဖြစ်ပါသည်ဘုရား။

၁၀။ အများမျက်စိလည်၍ အသိအမြင်မှားအောင် ခုနှစ်နှင့် နာမည်ပြောင်းလဲထုတ်ဝေသည့် ဤလုပ်နည်းသည် သူတစ်ပါး အစွမ်းဖြင့် ကိုယ့်နာမည်လုပ်နေရသော မရိုးဖြောင့်သော လုပ်နည်းသာဖြစ်၍ တစ်နေ့နေ့တွင် တစ်နည်းနည်းဖြင့် အမှန်

http://www.dhammadownload.com

ပေါ်လာသောအခါ မျက်နှာပူစရာ၊ ရှက်စရာသာ ဖြစ်သွားနိုင်ပါသည်။

ဘုရားတပည့်တော် ရေးသားဖြန့်ဝေသည့် "ဘဝ တစ်ကွေ့ ခဏတွေ့" စာအုပ်ကို ဆရာတော်ကြီးလို နာမည်ကျော် ဆရာတော်ကြီးတစ်ပါးက အလွန်သဘောကျ နှစ်ခြိုက်လှသည်ဟု သိရသောကြောင့် အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါသည်။ သို့ရာတွင် သဘောကျ နှစ်ခြိုက်ပုံ နည်းလမ်းမမှန်သောကြောင့် စကားတစ်ခုလုပ်၍ လျှောက်ထားနေရခြင်းဖြစ်ပါသည်ဘုရား။

သို့ဖြစ်၍ ဆရာတော်ကြီးအနေဖြင့် "ငါ့ရှင်သိရိန္ဒ၏ ဘဝ တစ်ကွေ့ ခဏတွေ့ စာအုပ်ကို သဘောကျနှစ်သက်၍ အသိမပေးမိဘဲ ကိုယ့်နာမည်တပ်ပြီး ရေးသားဖြန့်ဝေမိပါသည်။ နောက်နောင်အခါ ဤအဖြစ်မျိုး မဖြစ်စေရပါ" ဟု ဖြစ်စေ၊ အလားတူ အခြားစကားလုံးဖြင့် ဖြစ်စေ၊ လက်မှတ်ရေးထိုး၍ ရိုးဖြောင့်စွာ ဝန်ခံလိုက်ခြင်းသည်သာ ခုရောနောင်ပါ ပြဿနာကင်းရှင်းနိုင်မည် ဖြစ်ပါကြောင်းကို မေတ္တာထား၍ ပွင့်လင်းရိုးသား လေးစားစွာ လျှောက်ထားပါသည်ဘုရား။

လေးစားစွာဖြင့်

သိရိန္ဒဘိဝံသ

(ယောဂီပိဋကဆရာတော်)

မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်

နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့

---

http://www.dhammadownload.com

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ စနေနေ့။

ငါ့ရှင်သိရိန္ဒ၏ ဘဝတစ်ကွေ့ ခဏတွေ့ စာအုပ်ကို သဘောကျ နှစ်သက်၍ အသိမပေးမိဘဲ ကိုယ့်နာမည်တပ်ပြီး ရေးသားဖြန့်ဝေမိပါ သည်။

နောက်နောင်အခါ ဤအဖြစ်မျိုး မဖြစ်စေရပါ။

ကျောက်ဆင်တောရ

ပခုက္ကူဆရာတော်

ဦးသူရိယ

အထက်ပါ "ဘဝတစ်ကွေ့ ခဏတွေ့" စာအုပ်ကိစ္စနှင့် ပတ်သက်၍ တိပိဋကဓရ ယောဆရာတော်သည် ၁၃၅၆-ခုနှစ်က သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် နံပါတ်၊ ထုတ်ဝေသူ၊ ပုံနှိပ်တိုက် နာမည် အပြည့်အစုံဖြင့် ရေးသားရိုက်နှိပ်၍ အကြိမ်များစွာ ဖြန့်ဝေ လျှုဒါန်းနေသော မူပိုင် (ဘဝတစ်ကွေ့ ခဏတွေ့) စာအုပ် ဖြစ်သည်။

ထိုစာအုပ်ကို အမည်နှင့် ခုနှစ်သက္ကရာဇ်သာပြောင်း၍ အစမှ အဆုံးထိ အကုန်ကူးယူရေးသား ရိုက်နှိပ်ဖြန့်ဝေသောပုဂ္ဂိုလ်၏ စာအုပ်ထုတ်ဝေခဲ့သော ခုနှစ်သက္ကရာဇ်ကိုကား ကိုယ်တိုင်ရေးသား သော မူလပိုင်ရှင် တိပိဋကဓရ ယောဆရာတော်ထက်ပင် အရင်ကျနေ အောင် ကြံဖန်တပ်ထားသည်ကို တွေ့ရသည်။ ခုနှစ်များကို ကြည့်ပါက တိပိဋကဓရ ယောဆရာတော်က ကူးယူရေးသားသည့်သဘော ဖြစ်သွား သည်။ ထို့ကြောင့် အများယုံမှားသံသယကင်းရန် တိပိဋကဓရ ယော ဆရာတော်သည် ထို "ဘဝတစ်ကွေ့ ခဏတွေ့" စာအုပ်ကို အစမှအဆုံးထိ အကုန်ကူးယူ ရေးသားဖြန့်ဝေသောပုဂ္ဂိုလ်ထံ အသိပေး ရှင်းလင်းချက်စာဖြင့် လျှောက်ထားခြင်း ဖြစ်သည်။

http://www.dhammadownload.com

ထိုသို့ ရှင်းလင်းချက် စာကို ရေးပို့လျှောက်ထားသောအခါ ကိုယ့်အမှားကို ကိုယ်သိ၍ "နောက်နောင် ဤအဖြစ်မျိုး မဖြစ်စေရပါ" ဟု တိပိဋကထောဆရာတော်ထံ တောင်းပန်စာများ ပြန်လည်ပေးပို့လေသည်။ အမှားကို တစ်စုံတရာ မငြင်းဆန်ဘဲ ဝန်ခံလိုက်ခြင်း ဖြစ်သည်။

ကိုယ်တိုင် ချမှတ်ထားသော စည်းကမ်းများကို ကိုယ်တိုင် လိုက်နာ

ယောဆရာတော်သည် ကိုယ်တိုင်ရေးဆွဲ ချမှတ်ထားသည့် စည်းကမ်းဥပဒေများနှင့် အခါအားလျော်စွာထုတ်ပြန်ထားသည့် စည်းကမ်းဥပဒေများကို ကိုယ်ကိုယ်တိုင်လည်း အတိအကျ လိုက်နာစောင့်စည်းတော်မူသည်။ စည်းကမ်းကို မြတ်မြတ်နိုးနိုး တန်ဖိုးထားတော်မူသည်။

ကျောင်းတိုက် သံဃာတော်များသည် ဥပုသ်နေ့တွင် ကိစ္စရှိ၍ အပြင်ကြွသည့်အခါ တိုက်အုပ်ဘုန်းကြီးများကို လျှောက်ထားပြီးမှသာ ကြွကြရသည်။ ဥပုသ်နေ့မဟုတ်သောနေ့များ၌ အထူးအရေးကြီးကိစ္စကြုံလာလျှင် ယောဆရာတော်ထံ လျှောက်၍ ကြွကြရသည်။ သာမန်ကိစ္စဖြင့် အပြင်ကြွခွင့် မပြု၊ မလျှောက်မထားဘဲ တိုက်အုပ်ဘုန်းကြီးမှစ၍ မည်သူမျှ မကြွရ၊ ယောဆရာတော် ကိုယ်တိုင်လည်း ခရီးစဉ်ကိစ္စ၊ တရားပွဲကိစ္စ၊ ဆွမ်းစားကိစ္စ စသည်ရှိ၍ အပြင်သို့ ကြွတော်မူဆိုလျှင် တိုက်အုပ်၊ တိုက်ကြပ် တစ်ပါးပါးကို အသိပေးပန်ကြားပြီးမှသာ ကြွတော်မူသည်။ တိုက်အုပ်၊ တိုက်ကြပ် မရှိပါက စာချဘုန်းကြီး တစ်ပါးပါးကို အသိပေးပန်ကြားပြီးမှ ကြွတော်မူသည်။ အသိမပေး မပန်ကြားဘဲ ကြွလေ့မရှိ။

http://www.dhammadownload.com

တပည့်ပရိသတ်များကို မလုပ်ရဟုတားမြစ်ထားသည့် အရာမှန်သမျှကို ယောဆရာတော် ကိုယ်တိုင်ကလည်း လုံး၀မလုပ်။ တပည့်ပရိသတ်များကို လုပ်ပါ၊ ကြိုးစားပါ၊ အားထုတ်ပါဟု တိုက်တွန်းနေသည့် အရာမှန်သမျှကိုလည်း ယောဆရာတော်ကိုယ်တိုင်က စံပြအဖြစ်ဖြင့် ရှေ့က မားမားမတ်မတ် လုပ်ပြတော်မူသည်။ အသိတရားနှင့်အကျင့်တရား တစ်ထပ်တည်းကျအောင် နေထိုင်ကျင့်သုံးပြတော်မူသည်။ တပည့်ပရိသတ်များကို အုပ်ချုပ်ရာ၌လည်း အကျင့်သိက္ခာဖြင့် ပိပိရိရိ အုပ်ချုပ်တော်မူသည်။ တပည့်ပရိသတ်များကလည်း အကျင့်သိက္ခာဖြင့်အုပ်ချုပ်သည်ကို "ချစ်ကြောက်ရိုသေ" ပုံစံဖြင့် လိုက်နာကြသည်။

အများစုသည် တပည့်ပရိသတ်များကို အုပ်ချုပ်ရာ၌ "ငါပြောတာ နားထောင်၊ ငါ ခိုင်းတာ လုပ်၊ ငါလုပ်သလို မလုပ်ကြနဲ့" ဟူသောသဘောမျိုးဖြင့် အုပ်ချုပ်နေကြသူတွေက များကြသည်။ အချို့ကျတော့ စည်းကမ်းအကြောင်း တစာစာ ပြော၊ စည်းကမ်းတွေ အမျိုးမျိုး ချမှတ်၊ တီဗွီမထား၊ ရုပ်ရှင်ပွဲ၊ ဘောလုံးပွဲ မကြည့်ရ စသည်ဖြင့် တားမြစ်ထားပြီး ကိုယ်တိုင်က တီဗွီရှေ့မှာ ဘောပွဲတွေ ရုပ်ရှင်ဇာတ်ကားတွေ ကြည့်နေ၊ ဤကဲ့သို့ အုပ်ချုပ်သောပုဂ္ဂိုလ်မျိုးကို တပည့်ပရိသတ်များက မလေးစားကြတော့ပေ။ "ရွံကြောက်" ပုံစံဖြင့် ကြောက်၍သာ လိုက်နာနေကြရသည်။

တပည့်ပရိသတ်များ "ချစ်ကြောက်ရိုသေ" ကြည်ကြည်ဖြူဖြူ လေးလေးစားစား လက်ခံနိုင်လောက်သည့် အရည်အချင်းများမှာ-

၁။ အကျင့်သိက္ခာ ပြည့်၀ရမည်။

၂။ စည်းကမ်းရှိရမည်။

http://www.dhammadownload.com

၃။ အနေအထိုင် တည်ကြည်ရမည်။
၄။ အချိန်ကို တန်ဖိုးထားရမည်။
၅။ အလုပ်ကို လေးစားရမည်။
၆။ ပညာတတ်မြောက် ကျွမ်းကျင်ရမည်။

ဤ (၆) ချက်နှင့် ပြည့်စုံဖို့ လိုသည်။ ဤ ၆ ချက်၌ တစ်ခုခု ချွတ်ယွင်းသွားလျှင် တပည့်ပရိသတ်များ၏ ပြက်ရယ်ပြုမှုကို ခံရတတ်ပေသည်။

ယောဆရာတော်သည် တပည့်ပရိသတ်များကို အုပ်ချုပ်ရာ၌ "ငါပြောတာ နားထောင်၊ ငါ ခိုင်းတာ လုပ်၊ ငါ လုပ်သလို မလုပ်ကြနဲ့" ဟူသော သဘောမျိုးဖြင့် အုပ်ချုပ်သည် မဟုတ်၊ "ငါပြောတာ နားထောင်၊ ငါ ခိုင်းတာလုပ်၊ ငါ လုပ်သလို လုပ်ကြ" ဟူသော သဘောမျိုးဖြင့်သာ အုပ်ချုပ်တော်မူသည်။ မိမိကိုယ်တိုင်က-

၁။ အကျင့်သိက္ခာရှိရှိ နေထိုင်ကျင့်သုံးတော်မူသည်။
၂။ စည်းကမ်း စည်းစနစ် ရှိတော်မူသည်။
၃။ အနေအထိုင် တည်ကြည် ကျစ်လျစ်တော်မူသည်။
၄။ အချိန်ကို တန်ဖိုးထားတော်မူသည်။
၅။ အလုပ်ကို လေးစားတော်မူသည်။
၆။ ပညာတတ်မြောက် ကျွမ်းကျင်တော်မူသည်။

ဤ (၆) ချက်နှင့် ပြည့်စုံတော်မူသောကြောင့် တပည့်ပရိသတ်များ၏ ကြည်ညိုလေးစား တန်ဖိုးထားမှုကို ခံရသည်။

ယောဆရာတော်သည် တပည့်ပရိသတ်များ စံနမူနာယူလောက်အောင် စံပြအဖြစ်ဖြင့် ရှေ့က မားမားမတ်မတ် မှန်မှန်ကန်ကန် အသိနှင့်အကျင့်ပေါင်းစပ်ကာ ဣန္ဒြေရရ၊ သိက္ခာရှိရှိ ကျင့်သုံးနေထိုင်ပြပြီး ကိုယ်ချမှတ်ထားသည့် စည်းကမ်းကို ကိုယ်တိုင်

http://www.dhammadownload.com

အတိအကျ လိုက်နာကျင့်သုံးပြသည်။ လောကပကာသနကို ရှေ့တန်းမတင်ဘဲ ဓမ္မလမ်းစဉ်အတိုင်းသာ လျှောက်လှမ်းပြသည်။ အပြောနှင့် အလုပ်ညီအောင် လက်တွေ့ပြသည်။ ဝတ်ပုံ၊ စားပုံ၊ ပြောပုံ၊ ဆိုပုံ၊ နေပုံ၊ ထိုင်ပုံကအစ အရာရာ စည်းကမ်း စည်းစနစ်ရှိရှိ ကျင့်သုံးနေထိုင်ပြသည်။

ယောဆရာတော်ကိုယ်တိုင်က ဘက်ပေါင်းစုံ ဟာကွက်မရှိ ကျင့်သုံးနေထိုင်ပြသောကြောင့် တပည့်ပရိသတ်အပေါ် ဩဇာညောင်းသည်။ ဆူပူကြိမ်းမောင်းနေစရာပင်မလိုဘဲ အကျင့်သိက္ခာဖြင့် တည်တည်ငြိမ်ငြိမ် ပိပိရိရိ အုပ်ချုပ်နိုင်သည်။ စည်းကမ်းနှင့်ပတ်သက်လာလျှင် မည်သူမျက်နှာမှ မထောက်၊ စာတော်သည် စာညံ့သည် မရွေး၊ အတိအကျ ကိုင်တွယ်တော်မူနိုင်သည်။

တစ်ချိန်တွင် ဤကျောင်းတိုက်နှင့်ဆက်စပ်သော ဆရာတော်တစ်ပါးသည် ယောဆရာတော်နှင့် တွေ့ဆုံ၍ အကြံဉာဏ် ပေးတော်မူသည်။ "အရှင်ဘုရား အချို့စာသင်တိုက်တွေမှာ ဘောလုံးပွဲရှိတဲ့နေ့ဆိုလျှင် စာသင်သားတွေကို တီဗွီပြသပေးကြတယ်။ ဥပုသ်နေ့ဆိုလျှင် အမဲ ပြသပေးကြတယ်။ အရှင်ဘုရားကျောင်းက သံဃာတွေကိုလည်း ဒါမျိုး ပြသပေးသင့်တယ်။ အရှင်ဘုရားက စည်းကမ်းတွေ တင်းကြပ်လွန်းတယ်" စသည်ဖြင့် အကြံဉာဏ်ပေးတော်မူသောအခါ ယောဆရာတော်က ဘာမှ ပြန်မပြောသေးဘဲ ပြုံး၍ နားထောင်နေသည်။ အကြံဉာဏ်စကားဆုံးပြီဆိုတော့မှ **"အရှင်ဘုရား၊ အကြံ ဉာဏ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အရှင်ဘုရားပေးတဲ့ အကြံဉာဏ်က အကြံပျက်ကြီး ဖြစ်နေတယ်။ စည်းကမ်းတကျ ကျင့်သုံး နေထိုင်သည့်ကျောင်းတိုက်မှာ ဒါမျိုး သမာဓိပျက်ကြောင်း အလုပ်တွေ ခွင့်ပြုလိုက်လျှင် ကျောင်းတိုက်ကြီးဟာ ပျမ်းထိုးမှောက်ခုံတွေ**

http://www.dhammadownload.com

ဖြစ်ကုန်တော့မှာပေါ့” ဟု ယောဆရာတော်မှ အားမနာတမ်း ပြန်လည် မိန့်ကြားလေသည်။

စည်းကမ်းကို ထိပါးလာလျှင် မည်သည့် ပုဂ္ဂိုလ်ကိုမျှ အားနာသည်ဟူ၍ မရှိဟူသော သဘောကို ပြသည်။

တစ်ချိန်တွင် ကိုရင်တစ်ပါးသည် ကျောင်းတိုက် စည်းကမ်းကို ချိုးဖောက်သောကြောင့် ယောဆရာတော်က ကျောင်းတိုက်မှ နှင်ထုတ်လိုက်သည်။ ထိုအခါ စာချဘုန်းကြီးတစ်ပါးသည် ယောဆရာတော်ထံသွား၍ “ဆရာတော်ဘုရား၊ ဒီတစ်ကြိမ်တော့ ဒီကိုရင်ကို သည်းခံခွင့်လွှတ်ပြီး နှင်ထုတ်ခြင်းမပြုဘဲ ဒဏ်သာ ပေးတော်မူပါဘုရား၊ နောက်တစ်ကြိမ်ဆိုရင်တော့ ဆရာတော့်သဘောပါဘုရား” ဟု လျှောက်ထားတောင်းပန်ရာ ယောဆရာတော်က လက်မခံဘဲ **“အို… စည်းကမ်းဖောက်ဖျက်လို့ နှင်ရတဲ့ကိစ္စကို မင်းက အရာမဟုတ်ဘဲ ဝင်ရှုပ်ချင်တာကိုး။ ကဲ ကဲ မင်းပါ ဒဏ် ၃ ရက် ထမ်း”** ဟု မိန့်တော်မူကာ ဒဏ်ထမ်းပြီးလျှင် သံဃာ့ပရိသတ်ထဲ၌ ဒဏ်လျှော့ကန်သင်းကိုပါ မိန့်ကြားလိုက်လေသည်။ ထိုစာချဘုန်းကြီးသည် ဒဏ် ၃ ရက် ထမ်းရသည်။ ဒဏ် ၁ ရက် ထမ်းပြီးတိုင်း ညဘုရားရှိခိုးအပြီးတွင် သံဃာ့ပရိသတ်ထဲ၌ “သံဃာတော် အရှင်မြတ်တို့ ဘုရား၊ ဘုရားတပည့်တော် (…) သည် အရာမဟုတ်၊ လူလည်လုပ်၍ လူရှုပ် ဖြစ်မိပါသဖြင့် ဒဏ် (…) ရက် ထမ်းပြီးပါပြီ အရှင်ဘုရား” ဟု ဒဏ်လျှော့ကန်ရသည်။

တစ်ချိန်တွင် စာချဘုန်းကြီးတစ်ပါးသည် ညနေ ၆ နာရီ ၁၅ မိနစ်အချိန် မိမိအခန်း ဗီရိုပေါ်၌ ဖယောင်းတိုင်ထွန်းညှိ၍ ဘုရားမီးပူဇော်ထားခဲ့ရာ ၆ နာရီ မိနစ် ၃၀ အချိန်၌ ဖယောင်းမီးတိုင်မှ တစ်ဆင့် ခန်းဆီးလိုက်ကာစကို မီးစွဲလောင်လေသည်။ ထိုအခါ

http://www.dhammadownload.com

အနောက်ဘက်တိုက်တန်းရှိ လူအများက ''ဘုန်းကြီးကျောင်း မီးလောင်နေပြီ၊ ဘုန်းကြီးကျောင်း မီးလောင်နေပြီ'' ဟု အထိတ်တလန့် အော်ဟစ်ကြသည်ကို ယောဆရာတော်ကြားသိ၍ စစ်ဆေးမေးမြန်းကာ ထိုစာချဘုန်းကြီးကို ကျောင်းတိုက်မှ နှင်ထုတ်လိုက်ပြီး အလိုက်သိစွာဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ဒဏ်ငွေ သွားဆောင်ရန် တိုက်အုပ်ဘုန်းကြီးအား ညွှန်ကြားတော်မူသည်။

ဒဏ်ငွေဆောင် သွားသည့်အခါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ကြီးကြီးမားမား ဖြစ်သည့်ကိစ္စမဟုတ်သဖြင့် ဒဏ်ငွေဆောင်ရန် မလိုကြောင်း လျှောက်ထားရာ ယောဆရာတော်က ''ကြီးမားသည့် ကိစ္စ မဟုတ်သော်လည်း ကိုယ့်ဘက်က တာဝန်မဲ့မှု၊ စည်းကမ်းမဲ့မှု ကြောင့် လူအများ အထိတ်တလန့်ဖြစ်ကြရ၍ ကိုယ့်ဟာကိုယ် အလိုက်သိစွာဖြင့် ဒဏ်ငွေဆောင်ခြင်းဖြစ်ကြောင်း'' မိန့်တော်မူကာ ဒဏ်ငွေကို ဆောင်စေသည်။

ကိုယ့်အမှားကိုယ်သိ၍ ကိုယ့်ကိုယ်ကိုယ် ဒဏ်တပ်ခြင်းသည် ပညာရှိသူတော်ကောင်းတို့၏ အမူအကျင့် ဖြစ်သည်။ ရှေ့၌ဆိုခဲ့ပြီး သောသာဓကများကို ချိန်ထိုးရေးသားရခြင်းမှာ ပုဂ္ဂိုလ်ရေးအရ ထိခိုက်နစ်နာစေလို၍ မဟုတ်။ ယောဆရာတော်သည် စည်းကမ်းနှင့် ပတ်သက်လာလျှင် စည်းကမ်းဘောင်ကျော်လာလျှင် အားနာသည်ဟု မရှိ။ မည်သည့်မျက်နှာမှ မထောက်၊ မည်သည့်ပုဂ္ဂိုလ်မျှမရွေး၊ ကျောသားရင်သား မခွဲခြားဘဲ အတိအကျ ကိုင်တွယ်ဆောင်ရွက်ကြောင်း၊ သိသာထင်ရှားစေရန် ရေးသားခြင်း ဖြစ်သည်။

စည်းကမ်းချက်များ တင်းကြပ်ထား

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သည် စည်းကမ်း စည်းစနစ် ရှိသောကြောင့် ကျောင်းတိုက်အတွင်းသို့ ဝင်လိုက်လျှင် စာအံသံ

http://www.dhammadownload.com

စာကျက်သံမှလွဲ၍ မည်သည့်အသံမျှ မကြားရ၊ တိတ်ဆိတ်ငြိမ်သက်နေပေသည်။ သံဃာ ၁၆၀ ကျော်ရှိသည်ဟု ဆိုသော်လည်း ကျောင်းဝင်းအတွင်း၌ သံဃာတော်များ၏ သွားလာလှုပ်ရှားမှုကို သိပ်မမြင်တွေ့ရ၊ စာဝါ စာအံကျောင်း ဘုရားဝတ်တက်ချိန်မှသာ မြင်တွေ့ကြရသည်။ ယောဆရာတော်သည် တပည့်သံဃာ့ပရိသတ်များကို မတိမ်းစောင်းရအောင် စည်းကမ်းဖြင့် ထိန်းကျောင်းပေးသည်။ လမ်းမှန်ရောက်အောင် နေ့စဉ် ဆုံးမလမ်းညွှန်မှု ပေးသည်။ အချိန်မီ အလုပ်မြန်မြန်ပြီးစီးအောင် ဒဏ်ဖြင့် တွန်းအားပေးသည်။ စည်းကမ်း စည်းစနစ်ရှိရှိ ကျင့်သုံးနေထိုင်စေသည်။

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူကြသော စာချစာသင် သံဃာတော်များသည် ယောဆရာတော် ချမှတ်ထားသော စည်းကမ်းဥပဒေအတိုင်း ကျင့်သုံးနေထိုင်ကြရရာ ရှေ့ကိုကြည့်လည်း စည်းကမ်း၊ နောက်ကိုလှည့်ကြည့်လည်း စည်းကမ်း၊ ဘေးကိုကြည့်လည်း စည်းကမ်း၊ စည်းကမ်းချက်များ ဝန်းရံနေသည်။ ထိုစည်းကမ်းချက်များကို မနင်းမိရန် သတိကြီးစွာ ထားကြရသည်။ ဆွမ်းဘုဉ်ပေးတုန်း ဖွန်းသံပန်းကန်သံ မြည်လျှင်လည်းကောင်း၊ စာအံကျောင်း၌ တစ်ပါးနှင့်တစ်ပါး စကားပြောလျှင်လည်းကောင်း၊ ဆွမ်းစားကြရာ၌ ပရိတ်ညည်း မရွတ်လျှင်လည်းကောင်း၊ ဖိနပ်ညည်း မချွတ်လျှင်လည်းကောင်း၊ သင်္ကန်းကို ညီညာစွာမဝတ်လျှင်လည်းကောင်း၊ စကားကို အသံကျယ်လောင်စွာ ပြောဆိုလျှင်လည်းကောင်း ယောဆရာတော်မှ ဒဏ်ထမ်းခိုင်းတော်မူသည်။

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ ဒဏ်မထမ်းရသောနေ့၊ ဒဏ်ဆိတ်သုဉ်းသောနေ့ ဟူ၍ တစ်နေ့မျှ မရှိချေ။ နေ့စဉ် တစ်မျိုးမဟုတ် တစ်မျိုး ဒဏ်ထမ်းကြရသည်။ စာမေးပွဲကျခြင်း၊ ဘုရားဝတ်တက်နောက်ကျခြင်း၊ သင်္ကန်းညီညီ မဝတ်ခြင်း၊ စာဝါစာအံကျောင်း

http://www.dhammadownload.com

နောက်ကျခြင်း၊ သံဃာစု နောက်ကျခြင်း၊ ဇွန်းပန်းကန် လွတ်ကျခြင်း၊ အသံကျယ်လောင်စွာ ပြောခြင်း စသည်တို့ကြောင့် ဦးပဉ္စင်းကိုရင်များ နေ့စဉ် ဒဏ်ထမ်းကြရသည်။ ယောဆရာတော်သည် ရိုက်နှက်ဆဲဆို ကြိမ်းမောင်းမှုမျိုး လုံးဝမလုပ်ဘဲ ဒဏ်ပေး၍သာ ဆုံးမတော်မူသည်။ အလုပ်တာဝန် မကျေလျှင်သော်လည်းကောင်း၊ စည်းကမ်းဘောင် ကျော်လွှင်သော်လည်းကောင်း စာချဘုန်းကြီးများကိုလည်း ဒဏ်ပေး တော်မူသည်။ နှင်ထုတ်သင့်က နှင်ထုတ်တော်မူသည်။ စည်းကမ်း အတိုင်းသာ ဆောင်ရွက်တော်မူသည်။

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com




ပျဉ်းမနားမြို့ ဈေးကုန်းဆရာတော်ကြီးမှ ယောဆရာတော်အား လွယ်အိတ်များဖြင့်ချီးမြှင့်ခြင်း



ပျဉ်းမနားမြို့ ဈေးကုန်းဆရာတော်ကြီးအား ဂါရဝပြုနေသည့် ယောဆရာတော်


http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com





http://www.dhammadownload.com





http://www.dhammadownload.com



တိပိဋကယောဆရာတော်ကို
ဒေါ်အောင်ဆန်းစုကြည် လာရောက်ဖူးမျှော်စဉ်

http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com

သတ္တမပိုင်း



ကဿိကရအောင် အုပ်ချုပ်တယ်

http://www.dhammadownload.com

http://www.dhammadownload.com

အဖိုးတန် အဆုံးအမ စကားများနှင့်
အဖိုးတန် သတိပေး တွန်းအား

ယောဆရာတော် ၁၈ နှစ်သားအရွယ်က ဒုတိယအကြိမ် ကိုရင်ဝတ်သည့်နေ့၊ ညဘုရားဝတ်တက်ပြီးသည့်အချိန်တွင် ကန်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးဝိသုတက "လက်ပန်ကိုရင် လာခဲ့ဦး" ဟု ခေါ်၍ ဆရာတော်ထံ သွားရာ ဆရာတော်ကြီးက-

"သုဝေါ ဝဒတိ ဝါစမ္မိ၊ မက္ကဋ္ဌောပိ စ နစ္စကော။
မနုဿေဟိ သုသိက္ခိတော၊ ကော အဒန္တော မဟာမုနိ"

ဟူသော ဂါထာကိုရွတ်၍ "ကြက်တူရွေးတောင် လူတွေက စကားသင်ပေးရင် စကားပြောတတ်သေးတာကွဲ့။ တောထဲက မျောက်ရိုင်းတောင် လူတွေက အကသင်ပေးရင် အများသဘောကျအောင် ကတတ်သေးတာကွဲ့။ တိရစ္ဆာန်တွေတောင် နည်းမှန်လမ်းမှန် သင်ပေးရင် တတ်သေးတာ၊ လူဆိုတာတော့ မပြောနဲ့၊ ဆရာသမားကောင်းတွေက သင်ပေးရင် တကယ် တတ်ပါတယ်။ ကြိုးစား၊ ဘာမှ အားမငယ်နဲ့။ ဘာမဆို လိုတာပြော၊ အနာဂတ်သာသနာက ကိုရင်တို့ လက်ထဲ

http://www.dhammadownload.com

မှာပဲ ရှိတယ်။ စာတတ်အောင်လည်း လုပ်၊ အကျင့်ကောင်း အောင်လည်း နေ၊ ကိုယ့်ဟာကိုယ် အားကိုးရအောင်လည်း နေ၊ အများရဲ့ အားကိုးရာဖြစ်အောင်လည်း ကြိုးစား။ ဒါမှ သင်္ဂန်း ဝတ်ရ ကျိုးနပ်မှာ။ လူပဲ လုပ်ရင် ဖြစ်ရမှာပေါ့'' ဟု အားပေး ဆုံးမတော်မူသည်။

ကိုရင်ဝတ်ပြီး၍ တစ်ပတ်အကြာတွင် ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော သက်တော်ရှည် ပထမ ကန်တောရ ဆရာတော်ဘုရားကြီးက ''လက်ပန် ကိုရင်ကို လွှတ်လိုက်စမ်း'' ဟု ကိုရင်တစ်ပါးကို အခေါ်ခိုင်း၍ ဆရာတော်ဘုရားကြီးထံ သွားရာ ''လက်ပန်ကိုရင် ပျော်ရဲ့လား ကွဲ့'' ''မှန်ပါ့ ပျော်ပါတယ် ဘုရား''။ **''အေး အေး၊ ပျော်အောင်နေ၊ ပျော်အောင်နေဆိုပေမယ့် အကုသိုလ်နဲ့ ပျော်တာတော့ မကောင်းဘူး။ ကုသိုလ်နဲ့ပျော်မှပဲ အကျိုးရှိမယ်။ ဒါကြောင့် ကုသိုလ်နဲ့ ပျော်အောင်နေနော် ကိုရင်''**။ ''မှန်ပါ့ ဘုရား''။

''လက်ပန်ကိုရင် မကောင်းတာတစ်ရာနဲ့ ကောင်းတာတစ်ခု ဆိုရင် ဘယ်ဟာကို ယူမလဲ။ ဘယ်ဟာကို ပိုကြိုက်သလဲ''။ ''ကောင်းတာတစ်ခုကိုပဲ ယူမှာပါဘုရား၊ ကောင်းတာကိုပဲ လိုချင်ပါတယ်။ မကောင်းတာတော့ ဘယ်လောက်များများ မလိုချင်ပါဘုရား''။

''အေး အဲဒါ မှန်သကွဲ့။ မကောင်းတာတစ်ရာဆိုတာ အရေအတွက်များပေမယ့် အရည်အသွေးမပါတော့ ကိုယ့်မှာ ရှိလာသလောက် ကြောက်ရတယ်။ အကောင်းတစ်ခုက နည်းပေမယ့် အရည်အသွေးပါတော့ ရှိရင် စိတ်အေးရတယ်။ အဆိုးတွေတိုးလာသလောက် ဆင်းရဲရမယ်။ အကောင်းတွေတိုးလာသလောက် ချမ်းသာရမယ်။ **များဖို့ထက် ကောင်းဖို့ ဦးစားပေး ကြိုးစား၊ မကောင်းဘဲ မများချင်နဲ့။ အရေအတွက်များဖို့ထက် အရည်အချင်းရှိအောင် ကြိုးစားနော်**'' ဟု ဆုံးမတော်မူသည်။

http://www.dhammadownload.com

၁၃၅

၁၃၃၂ ခုနှစ် သကျသီဟ စာချုတန်းအောင်မြင်ပြီးစအချိန်က ဒသမ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီးထံ သွားရောက်၍ အဆုံးအမခံယူရာ ဆရာတော်ဘုရားကြီးက "မောင်သိရိန္ဒ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သကျသီဟတွေ ဘာတွေ လွယ်လွယ်နဲ့ အောင်သွားတာ သိပ်ဝမ်းမြောက်တယ်။ ဒါပေမယ့် စာမေးပွဲ အောင်ရုံနဲ့တော့ မကျေနပ်နဲ့ဦး။ အနေအထိုင်ကောင်းဖို့၊ အကျင့်ကောင်းဖို့၊ ဝိနည်းသာသနာပြုဖို့ လိုတယ်။ သူများ နားထောင်ကောင်းအောင် ပြောဟောတတ်ရုံနဲ့ မပြီးသေးဘူး။ တကယ်လက်တွေ့ အလုပ်လုပ်ဖြစ်ဖို့ လိုတယ်။ လူမြင်ကောင်းအောင် ဟန်လုပ်ပြတဲ့ ဟန်သမားလည်း မဖြစ်စေနဲ့၊ လက်တွေ့ ကျင့်ကြံအားထုတ် အလုပ်လုပ်ပါဦး၊ လမ်းမချော်ရအောင် သတိအမြဲထားပါ" ဟု သတိပေးတော်မူသည်။

ရန်ကုန် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တည် ဆရာတော်ကြီး ဦးဝါသဝါဘိဝံသကလည်း "ဦးပဉ္စင်း၊ ဘုန်းကြီးအသက် ၇၀ ပြည့်ရင် ကျောင်းကန်တိုက်တာအားလုံး စွန့်ခွာပြီး တရားတစ်ခုပဲ အားထုတ်တော့မယ်လို့ ကြိုတင်စိတ်ကူး ဆုံးဖြတ်ထားတယ်။ ဒါပေမယ့် အသက် ၇၀ ပြည့်ခါနီးတော့ အရိုးကင်ဆာရောဂါက လက်ဦးအောင် နှိပ်စက်လိုက်တယ်။ ရောဂါနဲ့ပြိုင်ပြီး တရား နှလုံးသွင်းရတာ ကျန်းမာသလိုတော့ မတွင်ကျယ်တော့ဘူးကွဲ့။ ဒါကြောင့် ဦးပဉ္စင်းလည်း စာလည်း ချပါ၊ သာသနာကြာကြာ တည်ဖို့အတွက်က စာချပေးမှပဲ ဖြစ်မယ်။ ကိုယ့်အတွက်လည်း အချိန်မနှောင်းရအောင် ကျန်းမာတုန်း မြန်မြန်လုပ်ထားပါ။ အချိန်မီမှ စိတ်အေးရမယ်။ အချိန်မီဖို့ဆိုတာ ယနေ့လုပ်ရမယ့်အလုပ်ကို ယနေ့ပြီးအောင် လုပ်သွားရုံပဲ။ နောက်နေ့ကို ကိုယ်မပိုင်ဘူးကွဲ့" ဟု မမာမကျန်းဖြစ်နေတုန်း ကိုယ့်ရောဂါကို သံဝေဂအာရုံအဖြစ်ထားပြီး သတိပေးတော်မူသည်။

http://www.dhammadownload.com

မော်လမြိုင် သတိပဋ္ဌာန် ဆရာတော်ကြီး ရန်ကုန်မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်သို့ ကြွရောက်ခိုက် သွားကန်တော့ရာ ကောကရိတ် ဆရာတော် ဦးသုမနက ''အဲဒါ တိပိဋကာ ဦးသိရိန္ဒပါ ဘုရား'' ဟု လျှောက်ရာ ''အော် ဟုတ်လား၊ တွေ့ရတာ ဝမ်းသာတယ်။ တရားတွေဘာတွေ အားထုတ်ပြီးပြီလား'' ဟု မေးတော်မူသည်။ ''ဝီဝီပြင်ပြင် မည်မည်ရရရယ်လို့ ဘာမျှ အားမထုတ်ရသေးပါ ဘုရား'' ဟု ဖြေတော့ ''အို ဦးပဉ္စင်း၊ နောက်ကျသွားမယ်။ ပရိယတ်ပြီးရင် ပဋိပတ်ပဲ မဟုတ်လား။ စာသင်တာ ကျင့်ဖို့ပဲ၊ သတိပဋ္ဌာန်တရား ကင်းနေရင် လူဟာ အသေကောင်နဲ့ အတူတူပဲကွဲ့။ ဘာမျှ မစွမ်းတော့ဘူး။ ဘုရားဟောတဲ့ သတိပဋ္ဌာန်တရားတွေက သိပ်ကောင်းတာ။ မကျင့်နိုင်အောင် မဟောပါဘူး။ သွားလာနေထိုင် စားသောက်ရင်းတောင် လုပ်လို့ရတာပဲ။ အကျိုးကလည်း သိပ်ကြီးတယ်။ နောက်မကျရအောင် မြန်မြန် အားထုတ်စမ်းပါ'' ဟု သတိပေးတော်မူသည်။

ယောဆရာတော် တိပိဋကအောင်ပြီးခါစက မင်းကွန်းတောင်ရိုး ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ကြီးထံ သွားရောက်ကန်တော့ရာ ဆရာတော်ကြီးက-

''တိပိဋကာ ယောဘုန်းကြီးလေးလား၊ တွေ့ရတာ ဝမ်းမြောက်လိုက်တာ။ အဲ စာသိ ရွာသိ ငါသိတဲ့ဗျ။ စာသိရုံနဲ့ လမ်းမဆုံးသေးဘူး။ မပြည့်စုံသေးဘူး။ စကားပြောရင်လည်း စာသံပေသံ ပါနေဦးမှာပဲ။ စာထဲပါတာတွေ ပြောနေတာပါ။ ငါသိတာ ကျင့်တာတွေကို ပြောတာ မဟုတ်ပါဘူးဆိုတဲ့ အဓိပ္ပာယ်လည်း ရောက်နေတတ်တယ်။ ဒါကြောင့် ငါသိအဖြစ် ရောက်အောင် လက်တွေ့ကျင့်ပါဦး၊ ငါသိဆိုတာ လက်တွေ့ကျင့်လို့ သိရတဲ့အသိမျိုးကို ပြောတာ။ လက်တွေ့သိဖို့ သတိလိုတယ်။ သတိမပါရင် လူ့အသိ သေနေတတ်တယ်။ ရှင်နေ

http://www.dhammadownload.com

အောင် သတိအသက်သွင်းထားမှ ဖြစ်မယ်'' ဟု သတိပေးတော်မူသည်။

ယောဆရာတော် တိပိဋကအောင်ပြီးခါစက မင်းကွန်းတောင်ရိုး ဓမ္မာနာဒကျောင်းတိုက် မင်းကွန်း တိပိဋကဆရာတော် ဘုရားကြီးထံ သွားရောက်ကန်တော့ရာ ဆရာတော်ဘုရားကြီးက ''ဦးသိရိန်၊ မင်းကွန်းမှာ ဘာလာလုပ်တာလဲ'' ဟု မေးတော်မူရာ ''အနားယူဖို့ လာတာပါဘုရား'' ဟု လျှောက်တော့ ''ဦးသိရိန်၊ အနားယူဖို့ကတော့ မင်းကွန်းဟာ အလွန်ကောင်းတဲ့နေရာပဲ။ မစိုးရိမ် ဆရာတော်ကြီးက ပြောဖူးတယ်။ အသက်ကြီးလာရင် လူငယ်တွေက ကိုယ့်အနား မကပ်ချင်ကြတော့ဘူး။ ဘယ်သူမှ ကိုယ့်အနား မလာချင်နေ၊ ကိုယ်တစ်ယောက်တည်း ပျော်ပျော်နေနိုင်အောင် စာလာပေလာအတိုင်း လေ့ကျင့်ထားရတယ်တဲ့။ စာလာပေလာအတိုင်း ပျော်ပျော်နေနိုင်အောင် လေ့ကျင့်တယ်ဆိုတာ တရားကို အဖော်လုပ်၊ အားထုတ်ထားပါလို့ ပြောတာပါ။ တစ်ယောက်တည်း ပျော်တဲ့နည်းက တရားအလုပ်ပဲ ရှိတာပဲ'' ဟု သတိပေးတော်မူသည်။

ညောင်ရွှေမြို့ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ရှမ်းပြည်နယ်၌ ရာသီဥတုအေးလွန်း၍ ဆောင်းရာသီတွင် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်သို့ ကြွရောက်၍ သီတင်းသုံးတော်မူစဉ်က ယောဆရာတော် သွားရောက်ကန်တော့ရာ သာသနာပိုင် ဆရာတော် ဘုရားကြီးသည် ယောဆရာတော် မိုးလင်းမှ မိုးချုပ်သည်အထိ မကျိန်းမစက် မနေမနား တရားဟော စာချ စာရေး နံနက် ညဥ့် ဘုရားဝတ်တက်အပြီး နေ့စဉ် ဩဝါဒပေး စသည့် သာသနာ့လုပ်ငန်းများ ကြိုးစားအားထုတ် ဆောင်ရွက်နေသည်ကို သိတော်မူ၍ ''ဦးသိရိန် ခန္ဓာကြီးကို ရေရှည်အသုံးချလို့ရအောင် အလုပ်ကို နားနားနေနေ လုပ်ပါ၊ သိပ်ပင်ပန်းအားကြီးလွန်းတယ်။ သာသနာတော်အတွက်

http://www.dhammadownload.com

အလုပ်ခေါ်ကြ အများကြီးလုပ်ရဦးမှာ။ သက်သောင့် သက်သာ နားနားပြီး လုပ်ပါ'' ဟု သတိပေးတော်မူသည်။

ဒကာဒကာမများကလည်း ယောဆရာတော်ကို ''ဆရာတော် ဘုရား၊ ဆရာတော်မှာ အပင်ပန်းခံလွန်းတယ်ဘုရား၊ အသက်အရွယ် အရ နားနားနေနေ အလုပ်လုပ်ရတော့မယ့်အချိန် ရောက်နေပါပြီ ဘုရား၊ အလုပ်တွေ လျှော့ပါတော့ဘုရား'' ဟု မကြာမကြာ လျှောက်ကြရာ ယောဆရာတော်မှ ''**အိုတာ၊ နာတာ၊ သေတာက လက်မဦးသေးခင် ခန္ဓာကြီးကို သုံးလို့ရသရွေ့ သုံးနေရမည် ဖြစ်ကြောင်း၊ နောက်နေ့ဆိုတာ မသေချာကြောင်း၊ သာသနာတွင်းမှာ အချိန်ဟာ သိပ်အဖိုးတန်ကြောင်း၊ ဖြုန်းပစ်ရမည့်အချိန် တစ်ချိန်မှ မရှိကြောင်း**'' မိန့်တော်မူလေသည်။

ယောဆရာတော်သည် မိုးလင်းမှ မိုးချုပ်သည်အထိ အချိန်ကို တန်ဖိုးထား၍ ခန္ဓာကိုယ်ကြီးကို အချိန်ပြည့် အသုံးချတော်မူသည်။ မည်သူမတာ အသုံးချတော်မူသည်။ ''**မထနိုင်လောက်အောင် အိပ်ရာထဲ တုံးလုံးပက်လက် မလဲသေးသမျှတော့ လုံးဝနောက်မဆုတ်**'' ဟု ခံယူချက်အပြည့် ရှိထားသည်။ ရုပ်နာပေမယ့် စိတ်အနာမခံ၊ ရုပ်ပင်ပန်းပေမယ့် စိတ်အနွမ်းမခံ။ နေမကောင်းထိုင်မကောင်းဖြစ်၍ ရုပ်က အလုပ်မလုပ်နိုင်သော်လည်း စိတ်က အမြဲ အလုပ်လုပ်နေ သည်။ ၁၃၇၄ ခုနှစ်က ယောဆရာတော်သည် တိပိဋကဩဝါဒါစရိယ တာဝန်ဖြင့် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူသို့ နေ့စဉ် ကြွရောက်၍ တိပိဋက စာပြန်၊ စာဖြေ အရှင်မြတ်တို့အား ကြီးကြပ်ပေးရသည်။ တစ်နေ့တွင် ညနေစာဝါအမီ ကျောင်းသို့ပြန်ရန် သံဃာစင်ပေါ်မှ အဆင်းတွင် ကိုယ့်ဟာကိုယ် အမြဲ သတိပေးနေသည်။ ''ငါ့ရှင် သိရိန္ဒ၊ ချော်လဲမယ်နော်၊ သတိထား။ ယခုချက်ချင်း လူမမာကြီး ဖြစ်သွားနိုင်တယ်။ ယခုချက်ချင်း ဆေးရုံကို ရောက်သွားနိုင်တယ်။

http://www.dhammadownload.com

သတိထားနော် သတိထား၊ သတိထား'' ဟု ပါးစပ်ကဆိုရင်း ကိုယ့်ဟာကိုယ် သတိပေးနေသည့်ကြားက မထင်မှတ်ဘဲ ချော်လဲတော်မူရာ လက်ျာဘက်လက်မောင်း အရိုးအက်သွားတော်မူသည်။

ယောဆရာတော်သည် မည်သူ့ကိုမျှမပြောဘဲ အများမသိစေရန် ခြံုထည်ကို မသိမသာခြံုပတ်ကာ နာကျင်ကိုက်ခဲသောဝေဒနာကို ရှုမှတ်နေသည်။ စာချလည်း မပျက်၊ တရားဟောလည်း မပျက်၊ သြဝါဒပေးလည်း မပျက်၊ ပတ်ဝန်းကျင်က ကြည့်လျှင် လူနာဟုပင် မထင်ရ။ အလုပ်အကိုင် လုံးဝမပျက်။

တစ်နေ့တွင် ကပ္ပိယဒကာ ဦးထင်ကျော်က ယောဆရာတော် တရားပွဲကြွဖို့ ကားပေါ်တက်သည့်အခါ အရင်နှင့်မတူဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေသည်ကို သတိထားမိ၍ မေးလျှောက်ရာ ယောဆရာတော်မှ ဒကာအရင်းဖြစ်နေ၍ အကြောင်းစုံကို မိန့်တော်မူလေသည်။ ထိုအခါ ဦးထင်ကျော်မှ အရိုးအထူးကုဆရာဝန်ကိုခေါ်၍ ပြသရာ လက်ျာဘက်လက်မောင်း အရိုးအက်သွားကြောင်း သိရသည်။ လက်ျာဘက်လက်မောင်း အရိုးအက်၍ နာကျင်ကိုက်ခဲနေသော်လည်း အလုပ်ကို အပျက်မခံ၊ ဘယ်ဘက် လက်တစ်ချောင်းဖြင့် အလုပ်လုပ်သည်။ ဘယ်ဘက်လက်ဖြင့် စာရေးနေသည်။

ထိုနှစ်မှာပင် လေချုပ်ပြီး ဝမ်းဗိုက်အောင့်ရာ တစ်ပတ်ခန့် ခံရသည်ဟု သိရသည်။ စာချတရားဟော စသော အလုပ်များ လုံးဝ အပျက်မခံဘဲ ဝမ်းဗိုက်ကို လက်ဖြင့်နှိပ်ပြီး စာပေကိုလည်း ပို့ချ၊ တရားကိုလည်း ဟောကြားတော်မူသည်။ ထိုသို့ မနားမနေ အချိန်ပြည့် အလုပ်လုပ်တော်မူသောကြောင့် ညောင်ရွေ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးကသော်မှ အလုပ်ကို နားနားနေနေ လုပ်ဆောင်ရန် သတိပေးတော်မူရသည်။

http://www.dhammadownload.com

တွန်းအားရှိမှ တိုးတက်တယ်

ပုထုဇဉ်မှန်သမျှ နောက်က တွန်းအားပေးမည့်သူ၊ ကြောက်ရမည့်သူ အမြဲ လိုသည်။ အထိန်း၊ တွန်းအား၊ လမ်းညွှန်ချက်မပါလျှင် အချိန်ကို ဟိုရွှေ့သည်ရွှေ့ လုပ်တတ်သည်။ အေးစက်စက် လုပ်တတ်သည်။ ပြီးစလွယ် လုပ်တတ်သည်။ နောက်က တွန်းအားပေးမည့်သူ၊ ကြောက်ရမည့်သူ တစ်ဦးဦးက "ဘယ်ရက်ဘယ်အချိန်မှာ ဘယ်အလုပ်ကို အပြီးလုပ်ရမယ်" ဟု ကန့်သတ်ပေးပါမှ အလုပ်တစ်ခု အချိန်မီ ပြီးတတ်သည်။ ကိုယ့်သဘောနှင့်ကိုယ်ဆိုလျှင် တစ်ရက် လုပ်ရမည့်အလုပ်ကို တစ်ပတ်ကြာချင် ကြာသွားတတ်သည်။ တစ်လ လုပ်ရမည့်အလုပ်ကို တစ်နှစ်ကြာချင် ကြာသွားတတ်သည်။

ရှေးအခါက ကျားကိုက်ခံရသော ရဟန်းတော်တစ်ပါး ကျားက တွန်းအားပေးပေလို့သာ အချိန်တိုအတွင်း ရဟန္တာဖြစ်သွားခြင်း ဖြစ်သည်။ မိမိသဘောအတိုင်းဆိုလျှင် အချိန်တွေကို ဟိုရွှေ့သည်ရွှေ့ ရွှေ့၍ အေးစက်စက်လုပ်ကာ ရဟန္တာဖြစ်ဖို့ သေချာဦးမည် မဟုတ်ပါ။ ကျားကြီးကိုသော်မှ ကျေးဇူးတင်ရမလိုလို ဖြစ်နေပေသည်။

ပေါင်နှစ်ဖက်လုံး သွက်သွက်ခါကျိုးအောင် ရိုက်ချိုးခံရသော မဟာတိဿကြီးသည် မိမိသဘောအတိုင်း အားထုတ်နေလျှင် နောက်နေ့လည်း ရပါသေးတယ်။ နောက်လလည်း ဖြစ်ပါသေးတယ် ဟု အချိန်ကို ဟိုဆွဲသည်ဆွဲ ဆွဲ၍ မလုပ်တစ်ချက်လုပ်တစ်ချက်ဖြင့် ရဟန္တာဖြစ်ဖို့ သေချာဦးမည် မဟုတ်ပါ။ ခယ်မနှင့် လူဆိုးများက တွန်းအားပေးပေ၍သာ မဟာတိဿကြီး ညတွင်းချင်း ရဟန္တာ ဖြစ်သွားခြင်း ဖြစ်သည်။ ခယ်မနှင့် လူဆိုးများကိုသော်မှ ကျေးဇူးတင်ရမလိုလို ဖြစ်နေပေသည်။

ယောဆရာတော်သည် တပည့်ပရိသတ်များကို အချိန်တိုအတွင်း အောင်မြင်မှု ရရှိစေရန် **စည်းကမ်းဖြင့် ထိန်းပေးသည်။ ဒဏ်ဖြင့်**

http://www.dhammadownload.com

တွန်းအားပေးသည်။ လမ်းမချော်အောင်၊ လမ်းမမှားအောင် အဆုံးအမသဲဝါဒဖြင့် လမ်းညွှန်ပေးသည်။ စာမေးပွဲသမားများ အေးစက်စက် လူပ်တုတ်တုတ်လုပ်၍ မရ၊ နောက်က ပြစ်ဒဏ်များက အမြဲ တွန်းအားပေးနေသောကြောင့် အချိန်မီ အလုပ်မြန်မြန်ပြီးရန် အင်တိုက် အားတိုက် ကြိုးစားကြရသည်။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ အောင်မြင်မှုအဝဝသည် ယောဆရာတော်၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။

ယောဆရာတော်သည် စာချစာသင် တပည့်ပရိသတ်များကို ပြစ်ဒဏ်ဖြင့်လည်း ပြင်းပြင်းထန်ထန် တွန်းအားပေးသည်။ ဆုလာဘ် ပစ္စည်းများဖြင့်လည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးနေသည်။ အကျင့်သိက္ခာမြင့်မားအောင်လည်း အမြဲမြှင့်တင်ပေးနေသည်။ ကျင့်ကြံအားထုတ်တတ်အောင်လည်း နည်းစနစ်ကောင်းများ အမြဲ ပေးတော်မူသည်။

အချိန်ကို အထူးတန်ဖိုးထား

ယောဆရာတော်သည် အချိန်ကို အထူးတန်ဖိုးထားတော်မူ သည်။ အလေအလွင့် လုံးဝ မရှိစေရ၊ ကုသိုလ်အလုပ်၊ တရားအလုပ်၊ စာပေအလုပ်ဖြင့်သာ အချိန်ကိုကုန်လွန်စေသည်။ စာဖတ်လျှင် ဖတ်၊ စာမဖတ်လျှင် စာရေး စာချ တရားဟော တရားနှလုံးသွင်း လှူစရာ တန်းစရာများ ပြင်ဆင်၊ ဤအလုပ်များဖြင့်သာ တစ်နေ့တာ ကုန်လွန် စေသည်။ တပည့်သံဃာတော်များကို နေ့စဉ်လှူဒါန်းနေ၍ နေ့စဉ်လှူဖို့ ပြင်နေရသည်။ အလကား ငုတ်တုတ်ထိုင်နေသည့်အချိန် လုံးဝ မရှိ။

အချိန်ကိုတန်ဖိုးထားသောကြောင့် ရဟန်းရှင်လူများနှင့် အရောတဝင်၊ ရင်းရင်းနှီးနှီး ဆက်ဆံနေထိုင်လေ့ မရှိ။ မိမိထံ ရောက်လာကြသော အာဂန္တု ဧည့်သည်များကိုလည်း အချိန်ကြာကြာ

http://www.dhammadownload.com

လက်ခံ၍ စကားပြောလေ့ မရှိ။ **စကားကို လိုအပ်မှသာ ပြောသည်။ တိုရှင်းလိုရင်းသာ ပြောဆို၍ “ကဲ ကောင်းပြီဗျာ” ဟု မိန့်တော်မူလိုက်သည်။ “ကဲ ကောင်းပြီဗျာ” ဟူသည် “ကဲ သွားတော့” ဟု ပြောဆိုလိုက်ခြင်းဖြစ်သည်။** တန်ဖိုးရှိသောအချိန်များ ကုန်ဆုံးသွားမည်ကို နှမြောသောကြောင့် ဤကဲ့သို့မိန့်ခြင်း ဖြစ်သည်။ ခရီးကြွသည့်အခါမျိုးဌ်ပင် အချိန်ကိုတန်ဖိုးထား၍ ကားပေါ်၊ လေယာဉ်ပေါ်တွင် စာရေးစာဖတ်နှင့် တရားနှလုံးသွင်းခြင်းအလုပ်ကို လုပ်ဆောင်တော်မူသည်။ သတိလက်လွတ် မေ့မေ့လျော့လျော့ နေလေ့မရှိ။

အများ၏ ကြည်ညိုလေးစားမှုကို ခံရ

ယောဆရာတော်၏ ဣန္ဒြေသိက္ခာနှင့် အကျင့်သိက္ခာတို့ကို ဖူးမြင်ကြရသော ဒကာဒကာမ အများစုသည် “ယော ဆရာတော်ဟာ ဣန္ဒြေသိက္ခာနဲ့ ပြည့်စုံပြီး တည်ငြိမ်တယ်။ ရင့်ကျက်တယ်။ အေးချမ်းတယ်။ သမာဓိလည်း အားကောင်းတယ်။ သာမန်အဆင့်တော့ မဟုတ်လောက်ဘူး၊ တရားထူး ရနေလောက်ပြီ” ဟု ထင်ကြေးပေးကြသူများလည်း များများလာခဲ့သည်။ ယောဆရာတော်၏ ပရိတ်ရေသည် အစွမ်းထက်၍ ရောဂါသက်သာ ပျောက်ကင်းကြောင်း ပြန့်နှံ့လာ၍ ပရိတ်ရေလာတောင်းသူများလည်း များပြားလာခဲ့သည်။ ယောဆရာတော်သည် ပရိတ်ရေလာတောင်းသူကို ဆင်းရဲချမ်းသာမရွေး ရောဂါသည်၏ နာမည်နှင့် အသက်ကို မေးမြန်းကာ ရွတ်ဖတ်ပေးလိုက်သည်။

နိုင်ငံတော် အကြီးအကဲအဆက်ဆက်သည် ယောဆရာတော်၏ ကြည်ညိုဖွယ်ဂုဏ်သတင်းကို ကြားသိကြ၍ မကြာမကြာ လာရောက် ဖူးမြော်ကြည်ညိုကာ လျှုဒါန်းဖွယ်ရာများဖြင့် လျှုဒါန်းပူဇော်၍ လိုအပ်သည်များကို မိန့်ကြားရန် လျှောက်ထားကြသည်။ တစ်ချိန်တွင် ယောဆရာတော်၏ ခန္ဓာသို့ “အထူး ဧည့်သည်တော်”

http://www.dhammadownload.com

ဝင်ရောက်လာသဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ဆောင်သို့ တင်ပို့ရသည့်သတင်းကို နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကြားသိ၍ တိုင်းမှူး ဝန်ကြီးများနှင့်တကွ ချက်ချင်း ဆေးရုံသို့ ရောက်လာကာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်မှ "သမီးထံက ဆရာတော် ဆေးရုံတက်ရသည့်အကြောင်း ဖုန်းဆက်လာလို့ တပည့်တော် ကြားရာအရပ်က ချက်ချင်းလာခဲ့တာပါဘုရား၊ လိုအပ်တာရှိက မိန့်ကြားတော်မူပါဘုရား" ဟု လျှောက်လေသည်။ ဝန်ကြီးများ ဝန်ကြီးကတော်များလည်း မကြာမကြာ လာရောက်ဖူးမြော်၍ လျှာဒါန်း ဖွယ်ရာများ လျှာဒါန်းပူဇော်ကြသည်။ ယောဆရာတော်၏ ဣန္ဒြေသိက္ခာနှင့် အကျင့်သိက္ခာတို့ကို ရဟန်းရှင်လူများ ကြည်ညိုလေးစားကြ၍ မကြာမကြာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အဝေးနေ ကြည်ညိုဖို့ထက် အနီးနေ ကြည်ညိုဖို့က ပိုခက်

အဝေးနေ ကြည်ညိုဖို့ထက် အနီးနေ ကြည်ညိုဖို့က ပိုခက်ခဲသည်။ အဝေးနေပုဂ္ဂိုလ်များက တစ်ခါတစ်ရံမှသာ မြင်တွေ့ကြရသည်ဖြစ်၍ ကြည်ညိုဖို့လွယ်ကူသော်လည်း အနီးနေပုဂ္ဂိုလ်က အမြဲမြင်တွေ့နေရသည်ဖြစ်၍ တစ်မျိုးမဟုတ် တစ်မျိုးကြောင့် ကြည်ညိုဖို့မလွယ်ကူပေ။

စာရေးသူသည် ယောဆရာတော်၏ ဝေယျာဝစ္စကို နေ့စဉ်ဆောင်ရွက်ရ၊ နေ့စဉ် မြင်တွေ့နေရသော်လည်း ယောဆရာတော်၏ နေ့မအား ညမနား၊ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူပုံ၊ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ် ဖြည့်ကျင့်တော်မူပုံ၊ ခန္ဓိ မေတ္တာ ကရုဏာ ပြည့်ဝတော်မူပုံ၊ ဝိနည်းကို အထူးလေးစားတော်မူပုံ၊ ဣန္ဒြေသိက္ခာ ကြီးမားတော်မူပုံ၊ အချိန်ကို တန်ဖိုးထား၍ အချိန်ပြည့် အလုပ်လုပ်တော်မူပုံ စသည်များကို အမြဲ မြင်တွေ့နေရ၍

http://www.dhammadownload.com

ကြည်ညိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာကာ ယောဆရာတော်ကဲ့သို့သော ဆရာတော်မျိုးကို စာရေးသူတစ်သက်တာအတွင်း တွေ့မြင်ရဖို့ မလွယ်ကူတော့ပါလားဟု စဉ်းစားမိသည်။

အရိပ်အကဲ သိတတ်ဖို့ လို

ယောဆရာတော်၏ ဝေယျာဝစ္စ ကိစ္စကြီးငယ်ကို ဆောင်ရွက်ကြသောပုဂ္ဂိုလ်များသည် အရိပ်အကဲနှင့်အထာကို လိမ္မာပါးနပ်စွာ သိတတ်ဖို့ အထူးလိုအပ်ပေသည်။ ယောဆရာတော်သည် မည်သည့်အရာမဆို ရှည်ရှည်ဝေးဝေး မပြော၊ အရိပ်အမြွက်မျှသာ ပြောသည်။ ဆောင်ရွက်စရာ ကိစ္စရပ်များကို အလိုက်သိစွာ ဆောင်ရွက်ကြရသည်။

ထိုသို့ ဆောင်ရွက်ရာ၌ ကောင်းသည်ဟုလည်း ချီးမွမ်းလေ့မရှိ၊ ဆိုးသည်ဟုလည်း ကဲ့ရဲ့လေ့မရှိပေ။ စာရေးသူသည် ယောဆရာတော်၏ ဝေယျာဝစ္စကို ၂၃ နှစ်တိုင်တိုင် ဆောင်ရွက်လာခဲ့ရာ အချီးမွမ်းလည်း မခံခဲ့ဖူး၊ အကဲ့ရဲ့လည်း မခံခဲ့ဖူးပေ။

အရိပ်အကဲကိုကြည့်၍ အလိုက်သိစွာဖြင့် ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ပြီး ယောဆရာတော် ကျောင်းဆောင်နှင့် စပ်၍ ပြုပြင်စရာရှိသည်များကို ပြုပြင်ပေးရသည်။ အရိပ်အကဲကိုကြည့်ပြီး ဆောင်ရွက်ရသည်ဖြစ်၍ ဆရာတော်စိတ်တိုင်းကျဖြစ်သည့် အရာမျိုးလည်း ရှိကောင်းရှိပါလိမ့်မည်။ စိတ်တိုင်းမကျသည့် အရာမျိုးလည်း ရှိကောင်းရှိပါလိမ့်မည်။ အရာရာ စိတ်တိုင်းကျ ဖြစ်နိုင်ဖို့တော့ မလွယ်ကူပေ၊ အတတ်နိုင်ဆုံး သဒ္ဓါ မေတ္တာ စေတနာ အပြည့်အဝထား၍ ဆောင်ရွက်ပါသည်။

ယောဆရာတော်သည် ဘုန်းတန်ခိုး အလွန်ကြီးမားတော်မူ၍ ဒကာဒကာမများ လာရောက်လှူဒါန်းကြသော သင်္ကန်းစသည့် ပစ္စည်းများမှာ တစ်ပတ်လောက် မရှင်းဖြစ်လျှင်ပင် တောင်ပုံရာပုံ

http://www.dhammadownload.com

ဖြစ်လာသည်။ ယောဆရာတော်က သံဃာတော်များကို နေ့စဉ်လှူဒါန်း လေလေ၊ နောက်က အတိုးနှင့် အဆက်မပြတ် ဝင်ရောက်လာလေသာ ဖြစ်နေသည်။ ပေး၍မကုန် လှူ၍မခန်း တကယ် ဖြစ်နေပေသည်။ ထိုပစ္စည်းများကို သူနေရာနှင့်သူ သပ်သပ်ရပ်ရပ် ဖြစ်အောင် ရှင်းလင်း ရာ၌ ယောဆရာတော်ရှိနေလျှင် လာရောက်လှူဒါန်းကြသော ဒကာဒကာမများ တဖွဲဖွဲ လာနေ၍ ယောဆရာတော် ခရီးစဉ်ရှိမှသာ လွတ်ကျွတ်စွာ ရှင်းရသည်။

ထားစရာနေရာပင် မရှိအောင် ပစ္စည်းများ ပေါလွန်းနေသဖြင့် ထား၍ရသလို အဆင်ပြေသလိုထားပြီး ရှင်းလင်းရသည်ဖြစ်၍ ယောဆရာတော် ခရီးမှပြန်မကြွမီ စာရေးသူ သည် ရှေးဦးစွာ ဆရာတော်ကို လှိုက်လှိုက်လဲလဲ စူးစိုက်စွာ မေတ္တာပို့လွှတ်ပြီး "ငါသည် ဤပစ္စည်းများကို သန့်စင်မွန်မြတ်သော သဒ္ဓါ မေတ္တာ စေတနာဖြင့် ရှင်းလင်းရွှေ့ပြောင်းခြင်း ဖြစ်ပါ၏။ ဤသို့ မှန်ကန်သော သစ္စာ စကားကြောင့် ယောဆရာတော်၏ စိတ်ထဲ၌ စိတ်တိုင်းမကျမှုမျိုး လုံးဝ မဖြစ်ရပါစေသား" ဟု အမြဲ မေတ္တာပို့ သစ္စာအဓိဋ္ဌာန်၍ ပြုလေ့ရှိသည်။

အဘယ့်ကြောင့် မေတ္တာနှင့် သစ္စာအဓိဋ္ဌာန်ကို ပြုရသနည်းဟု မေးလျှင် ယောဆရာတော် ဖြစ်စေချင်သည်က တစ်မျိုး၊ စာရေးသူတို့ လုပ်ဆောင်နေမိသည်က တခြားဖြစ်ပြီး ဆရာတော် စိတ်တိုင်းမကျ၊ စိတ်ကသိကအောက် ဖြစ်သွားမည်ကို စိုးရိမ်မိသောကြောင့် အကာ အကွယ် အထောက်အပံ့ ဖြစ်စေရန် ဤကဲ့သို့ မေတ္တာနှင့် သစ္စာ အဓိဋ္ဌာန်ကို ပြုခြင်းဖြစ်သည်။

ယောဆရာတော်သည် တပည့်များ လုပ်ကိုင်ဆောင်ရွက်ထား သည်ကို စိတ်တိုင်းကျ မဖြစ်လျှင် တစ်စုံတရာ အမိန့်ရှိတော်မူဘဲ ကိုယ်တိုင်သာ ဆောင်ရွက်တော်မူသည်။ ဝေယျာဝစ္စ ဆောင်ရွက်သူများ

http://www.dhammadownload.com

ကို ဘယ်ဟာကို ဘယ်လိုလုပ်၊ ဘယ်ဟာက ဘယ်လို စသည်ဖြင့် မိန့်တော်မူလေ့မရှိသောကြောင့် အရိပ်အကဲကိုသာကြည့်၍ အလိုက်သိစွာ ဆောင်ရွက်ကြရခြင်းဖြစ်သဖြင့် စိတ်တိုင်းမကျစရာ အလွဲအမှားလည်း များစွာရှိလိမ့်မည်ဟု ယုံကြည်မိသည်။

အသားလွတ်သာ ဘုန်းပေးတော်မူ

ယောဆရာတော်သည် ကျန်းမာရေးကို အကြောင်းပြု၍ ၁၃၃၇ ခုနှစ် သက်တော် ၃၃ နှစ် အရွယ်မှစ၍ ယနေ့အထိ သားငါးဟင်းကို စားသုံးခြင်းမှ ရှောင်ကြဉ်ကာ အသားလွတ်သာ ဘုဉ်းပေးတော်မူခဲ့သည်။ ထိုသို့ အသားလွတ်သာ ဘုဉ်းပေးတော်မူသဖြင့် အချို့ရောဂါများ လုံးဝ ပျောက်ကင်းခြင်း၊ စိတ်ကြည်လင်ခြင်း၊ သွေးသားစင်ကြယ်၍ ကျန်းမာလာခြင်း၊ အစားအသောက်အတွက် တာဝန်ပေါ့ခြင်း စသော ကောင်းကျိုးများစွာတို့ကို ရရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် အကျင့်ထူးကြီးတစ်ခုလုပ်၍ ချီးမွမ်းစကား ပြောကြားကြသည်ကိုကား သဘောကျနှစ်သက်ခြင်း မရှိပေ။ သက်တော် ၃၃ နှစ်အရွယ်မှစ၍ပင် ကျန်းမာရေးအတွက် နေ့စဉ် နံနက်တိုင်း ရေကျက်အေး ၂ ပုလင်းစီကို မပျက်မကွက် သောက်သုံးနေခဲ့ကြောင်း သိရသည်။

အချို့ ဒကာဒကာမများသည် ယောဆရာတော်ကိုပင့်ပြီး ဆွမ်းဆက်ကပ်ရာ၌ အသားလွတ်သာ ဘုဉ်းပေးသည်ကို မသိရှိကြ၍ အသီးအရွက်မပါ၊ သားငါးမျိုးစုံတို့ဖြင့် စားပွဲဝိုင်းအပြည့် ဆွမ်းဆက်ကပ်ကြသည်။ ထိုအခါ ယောဆရာတော်သည် တစ်စုံတရာ အမိန့်ရှိတော်မမူဘဲ ဆွမ်းပန်းကန်ထဲသို့ ထည့်ထားသော ဆွမ်းဖြူသက်သက်ကိုသာ ကုန်အောင်ဘုဉ်းပေးတော်မူလိုက်သည်။ ဤဖြစ်စဉ်မျိုး မကြာခဏ ကြုံရတတ်ပြီး စာရေးသူကိုယ်တိုင်လည်း တွေ့မြင်ဖူးပါသည်။

http://www.dhammadownload.com

ကုသိုလ်ကြောင့် အကုသိုလ် မဖြစ်စေချင်

ယောဆရာတော်သည် ဒကာဒကာမများကပင့်၍ ဆွမ်းစားကြတော်မူရာ၌ ဆွမ်းဘုဉ်းပေးတော်မူနေစဉ် ဆွမ်းဟင်းပန်းကန်ထဲ၌ ဆံပင်မွေးများတွေ့ရှိပါက ဖယ်ရှားတော်မမူဘဲ ဘေးကနေ ကြည်ညိုနေကြသော ဒကာဒကာမများ မမြင်အောင် မသိမသာ ဆွမ်းဖြင့် လုံးထွေးကာ ဘုဉ်းပေးတော်မူခဲ့ကြောင်း၊ ထိုဆံပင်မွေးကို တကူးတက ဖယ်ရှားနေလျှင် ဘေးကနေ ကြည်ညိုနေကြသော ဒကာဒကာမများတွေ့မြင်သွားပါက သူ့ကြောင့်ကိုယ့်ကြောင့်ဟု တစ်ဦးနှင့်တစ်ဦး အပြစ်တင်ဝေဖန်ကာ ကုသိုလ်ကြောင့် အကုသိုလ်စိတ်များ ဖြစ်သွားမည်ကို စိုးရိမ်မိကြောင်း၊ ဤဆံပင်မွေးစကို ဆွမ်းနှင့် လုံးထွေးမျိုချလိုက်လို့ ငါလည်း ဘာမျှ ဖြစ်မသွားနိုင်ကြောင်း၊ အရင်ကလည်း မကြာမကြာ မျိုချခဲ့ဖူးကြောင်း ယောဆရာတော်ကိုယ်တိုင် မိန့်ကြားတော်မူဖူးပါသည်။

ခွက်ပန်းကန်ထဲ၌ စားကြွင်းစားကျန် ကျန်ခဲ့လျှင် မကြိုက်

ယောဆရာတော်သည် ကျောင်းတိုက်တွင် ဆွမ်းဘုဉ်းပေးရာ၌ ဖြစ်စေ၊ ဒကာဒကာမများအိမ်တွင် ဆွမ်းဘုဉ်းပေးရာ၌ဖြစ်စေ၊ မိမိဘုဉ်းပေးတော်မူသည့် ခွက်ပန်းကန်ထဲ၌ စားကြွင်းစားကျန် ဆွမ်းလုံးဟင်းစ လုံးဝမကျန်ရအောင် ဘုဉ်းပေးတော်မူသည်။ မဘုဉ်းပေးမီကတည်းက ကုန်နိုင်ရဲ့လား၊ မကုန်နိုင်ဘူးလား ဆိုသည်ကို ဉာဏ်ဖြင့် ချိန်တွယ်ထားတော်မူသည်။ ထည့်ထားသည့်ဆွမ်းကို မကုန်နိုင်ဟု ထင်လျှင် မဘုဉ်းပေးမီကတည်းက ပြန်လည်ထည့်ထားတော်မူသည်။

တပည့် သံဃာ့ပရိသတ်များကိုလည်း ဆွမ်းတို့၊ ခဲဖွယ်တို့ စားဖွယ် သောက်ဖွယ်တို့ ဘုဉ်းပေးကြသည့်အခါ ကုန်နိုင်ရဲ့လား၊ မကုန်နိုင်ဘူးလား ဆိုတာကို ကိုယ့်ဟာကိုယ် အရင်ဆုံး ဉာဏ်ဖြင့်

http://www.dhammadownload.com

ချိန်တွယ်ပြီး ဘဉ်းပေးကြရန်၊ ခွက်ပန်းကန်ထဲ၌ စားကြွင်းစားကျန် လုံး၀မကျန်စေရန်၊ စားလျှင်လည်း စည်းကမ်း၊ ၀တ်လျှင်လည်း စည်းကမ်း၊ နေလျှင်လည်း စည်းကမ်း၊ ဘယ်အရာမဆို စည်းကမ်းရှိကြရန် အမြဲ ဆုံးမတော်မူသည်။

စာရေးသူ ရဟန်းဖြစ်ပြီးခါစအချိန်က ယောဆရာတော်နှင့်အတူ မြို့ထဲသို့ ဆွမ်းစားကြရာ ခွက်အပြည့်ထည့်ထားသော သီးစုံဖျော်ရည်ကို တစ်၀က်ကျရုံသာ ဘဉ်းပေးနိုင်၍ ဆက်ပြီးကုန်အောင် မဘဉ်းပေးနိုင်တော့ပေ။ ထိုအခါ ယောဆရာတော်မှ ''အရှင်ပညာတိက္ခကုန်အောင်သာ ဘဉ်းပေးလိုက်ပါ'' ဟု မိန့်လေသည်။ စာရေးသူသည် ယောဆရာတော်၏အထာကို မသိသေး၍ ''ပြည့်စုံပါပြီဘုရား'' ဟု လျှောက်လိုက်သည်။ တစ်မိနစ်ခန့်အကြာတွင် ''အရှင်ပညာတိက္ခကုန်အောင် ဘဉ်းပေးလိုက်ပါဦး'' ဟု ထပ်မံ၍ မိန့်တော်မူပြန်သည်။ စာရေးသူကလည်း ''ပြည့်စုံပါပြီဘုရား'' ဟုသာ လျှောက်၍ ထပ်မံမဘဉ်းပေးတော့ပေ။ အမှန်မှာကား တစ်၀က်တစ်ပျက် စားကြွင်းစားကျန် မကျန်ခဲ့စေရန် မိန့်ကြားနေခြင်း ဖြစ်သည်ကို စာရေးသူ သဘောမပေါက်ခဲ့ပေ။ နောက်တော့မှ ယောဆရာတော်၏ အရိပ်အကဲသဘောသဘာ၀ကို နားလည် သဘောပေါက်တော့သည်။

မှတ်ဉာဏ် အလွန်ကောင်း

ယောဆရာတော်သည် မှတ်ဉာဏ် အလွန်ကောင်းတော်မူသည်။ ရဟန်းရှင်လူများ၏အမည်ကို တစ်ကြိမ်တစ်ခါ မှတ်သားထားပြီးလျှင် နှစ်ပေါင်းများစွာကြာသည်အထိ မမေ့ပျောက်တော့ဘဲ တွေ့လိုက်သည်နှင့် နာမည်ကို တန်းခေါ်နိုင်ပေသည်။ တိပိဋကစာကျက်စဉ်အခါက စာကို ငါးခေါက်မျှ မျက်စိဖွင့်၍ ကျက်မှတ်ပြီး နောက်ထပ် ငါးခေါက်လောက်ကို မျက်စိစုံမှိတ်ပြီး အလွတ်ပြန်နိုင်

http://www.dhammadownload.com

သည်ဟု သိရသည်။ တစ်နေ့ စာ ၂ ဝါ ပို့ချပေးရင်း ဟောရင်း ပြောရင်း ကျောင်းတိုက်ဝေယျာဝစ္စ ဆောင်ရွက်ရင်း တိပိဋကကျက်မှတ်ခဲ့ရာ တစ်နေ့လျှင် ပျမ်းမျှ ၁၀ မျက်နှာမှ ၁၅ မျက်နှာ အထိရ၍၊ အာဂုံ မကျက်ရဘဲ သဘောဖြင့်သာ မှတ်သားရသော ပဋ္ဌာန်းပါဠိတော်မျိုး၌ စာမျက်နှာ ၂၀ မှ ၃၀ အထိ ရကြောင်း၊ စာကျက်သည့်အခါ စာမျက်နှာများများ ကုန်သည်ကို အဓိကမထားဘဲ ကျက်မှတ်၍ ရထားပြီးသောစာကို နောက်ထပ် ပြန်လှည့်မကျက်ရအောင် တစ်ခါတည်း စွဲမြဲကြေညက်စွာ ကျက်ထားကြောင်း သိရသည်။

သမာဓိအားကောင်းပြီး မှတ်ဉာဏ်ကလည်း အလွန် ကောင်းသောကြောင့် တစ်ကြိမ်တစ်ခါ မြင်ဖူးတွေ့ဖူးသူများကို နှစ်ပေါင်းများစွာ ကြာသည်အထိ မှတ်မိနေခြင်း ဖြစ်သည်။ ရပ်ဝေးမှ ဒကာဒကာမများသည် ယောဆရာတော်ထံ လှူဒါန်းဖွယ်ရာများ လှူဒါန်းရန် ရောက်လာကြရာ ယောဆရာတော်က နာမည်အသီးသီးကို မေးမြန်းလိုက်သည်။ ထိုဒကာဒကာမများသည် ၃-နှစ်ကျော်လောက်မှ ရောက်လာကြပြန်ရာ နာမည်ကို တစ်ယောက်ချင်း တန်းခေါ်နိုင်ပေသည်။ အလုပ်များသည့်ကြားထဲမှ ဒကာဒကာမပရိသတ် ဤမျှလောက် ပေါများသည့်ကြားထဲမှ ဤကဲ့သို့ နာမည်များကို အတိအကျ တန်းခေါ်နိုင်သည်မှာ အံ့သြစရာပေတည်း။

ကျေးဇူးကြီးမားသော ခမည်းတော်၊ မယ်တော်တို့၏ မွေးနေ့ သက္ကရာဇ်နှင့် ဆရာသမားများ၏ မွေးနေ့ သက္ကရာဇ်များကိုလည်း တစ်ကြိမ်တစ်ခါလောက် မေးမြန်းထားပြီးလျှင် နောက်ထပ်မမေးရတော့ဘဲ မွေးနေ့အချိန်ကျရောက်လာလျှင် မွေးနေ့ပွဲများကို သိန်းပေါင်းများစွာ အကုန်ကျခံကာ တစ်ပွဲပြီးတစ်ပွဲ ကျေးဇူးဆပ်သည့်အနေဖြင့် ပြုလုပ်ပေးနေတော့သည်။

http://www.dhammadownload.com

သမာဓိအား အလွန်ကောင်း

ယောဆရာတော်သည် ငယ်စဉ်မှစ၍ ယနေ့အထိ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊ နားထောင်ခြင်း လုံးဝ မလုပ်။ တီဗွီ လုံးဝ မကြည့်။ ရဟန်းရှင်လူများနှင့် အရောတဝင် လုံးဝ မနေ၊ တရားစာ ရေးခြင်း၊ တရားစာ ဖတ်ခြင်း၊ စာချခြင်း၊ တရားဟောခြင်း၊ တရား နှလုံးသွင်းခြင်း စသည့်အလုပ်များဖြင့် သမာဓိကို အမြဲ မြှင့်တင်ပေး နေသည်။ ထို့ကြောင့်လည်း သမာဓိအား အလွန်ကောင်းတော်မူ နေခြင်း ဖြစ်သည်။ တစ်နေရာမှ တစ်နေရာသို့ ကြွတော်မူရာ၌ ဘေးကို ဟိုမော့သည်မော့ လုံးဝ မော့ကြည့်လေ့ မရှိ။ မိမိရှေ့ တည့်တည့်ကိုသာ မျက်လွှာချ၍ ကြွတော်မူသည်။

တစ်နေရာမှ တစ်နေရာသို့ ကြွနေစဉ် ဆရာတော် သံဃာတော်များနှင့် ဒကာ ဒကာမများက လာနှုတ်ဆက်လျှင် တစ်ခွန်းနှစ်ခွန်းမျှသာ ဖြေပြီး ဆက်ကြွတော်မူသည်။ သွားရင်းလာရင်း စကားပြောလေ့ မရှိ၊ တရားဟောတော်မူရာ၌လည်း ပရိသတ်ထဲသို့ မကြည့်ဘဲ မျက်လွှာ စုံချကာ ဟောတော်မူသည်။ တပည့် သံဃာ့ပရိသတ်များကို အဆုံးအမ ဩဝါဒ မိန့်ကြားတော်မူရာ၌လည်း သံဃာ့ပရိသတ်ထဲသို့ မကြည့်ဘဲ မျက်လွှာစုံချကာ မိန့်ကြားတော်မူသည်။

ဆွမ်းဘုဉ်းပေးနေစဉ် ဘယ်ဆရာတော်ပဲ ကြွလာကြွလာ၊ ဘယ်ဝန်ကြီး၊ ဘယ်ဒကာဒကာမပဲ လာလာ၊ စကားတစ်ခွန်း နှစ်ခွန်း လောက်သာ ပြောပြီး လှည့်မကြည့်တော့ဘဲ ငုံ့၍ ဆွမ်းကိုသာ အမှတ် ဖြင့် ဆက်ဘုဉ်းပေးတော်မူသည်။ ဒကာဒကာမများ ပင့်ဖိတ်၍ ဆွမ်းစား၊ ပရိတ်ရွတ်ကြရာ၌လည်း စကားကို ငါးခွန်းထက် ပိုမပြော၊ ဆွမ်းစားခြင်း၊ ပရိတ်ရွတ်၊ တရားဟော၊ ရေစက်ချခြင်းကိစ္စ ပြီးသည်နှင့် တစ်ခွန်းနှစ်ခွန်းလောက် နှုတ်ဆက်ပြီး ပြန်ကြွတော်မူလေ

http://www.dhammadownload.com

သည်။ အပိုစကားများကို လုံးဝမပြော၊ တရားနှင့်စပ်သော စကားကိုသာ မိန့်ကြားတော်မူသည်။ လောကွတ် လုံးဝမလုပ်၊ ခမ္မလမ်းစဉ် အတိုင်းသာ ဖြောင့်တန်းစွာ သွားတော်မူသည်။ သမာဓိ တိုးအောင်၊ ပွားအောင် အမြဲ လေ့ကျင့်နေသည်။ သမာဓိ အားကောင်းသောကြောင့် တည်ကြည် ငြိမ်သက်ပြီး ဣန္ဒြေသိက္ခာနှင့် ပြည့်စုံတော်မူနေသည်။

သတိအား အလွန်ကောင်း

ယောဆရာတော်သည် သတိ အလွန်ကောင်းတော်မူသည်။ မည်သည့်အလုပ်ပဲ လုပ်လုပ်၊ သတိဉာဏ်ဦးဆောင်၍ တရားဘောင်ဝင်အောင် လုပ်ဆောင်တော်မူသည်။ မည်သည့်ကိစ္စကိုပဲ ဆောင်ရွက်ရ ဆောင်ရွက်ရ၊ တရားဘောင်ဝင်အောင် ဆောင်ရွက်တော်မူသည်။ မည်သည့်အရာကိုမျှ အမှုမဲ့အမှတ်မဲ့ လုပ်လေ့မရှိ။ ဆွမ်းဘုဉ်းပေးလျှင်လည်း အမှတ်သတိဖြင့်သာ ဘုန်းပေးတော်မူသည်။ တစ်နေရာမှ တစ်နေရာသို့ ကြွလျှင်လည်း အမှတ်သတိဖြင့်သာ ခြေကို လှမ်းတော်မူသည်။ ကျင်ကြီးကျင်ငယ် စွန့်တာသော်မှ ဝိပဿနာအမြတ်ကျန်အောင် စွန့်တော်မူသည်ဟု သိရသည်။ ယုတ်စွအဆုံး၊ မလိုတော့သည့် ပစ္စည်းကို အမှိုက်ပုံးထဲသို့ စွန့်ပစ်တာသော်မှ ဉာဏ်မျက်လုံးတပ်ဆင်၍ ဝိပဿနာ အမြတ်ကျန်အောင် စွန့်တော်မူသည်ဟု သိရသည်။ ကိစ္စခပ်သိမ်း အရာခပ်သိမ်း အမှတ်သတိ ရှိတော်မူသည်။ သတိလက်လွတ် မေ့မေ့လျော့လျော့နေသည့် အချိန်ဟူ၍ တစ်ချိန်မှ မရှိ၊ မိမိကိုယ်တိုင်ကလည်း သတိတရားကို အမြဲ လက်ဆုပ်လက်ကိုင်ပြု၍ နေတော်မူသည်။ တရားဟောလျှင်လည်း သတိအကြောင်း အမြဲ ပါဝင်သည်။

ဘာပဲလုပ်လုပ် သတိရှိနေရင် ကုသိုလ်ထုပ်တွေဟာ လက်တစ်ကမ်းလေးမှာ ဆီးကြိုနေတဲ့အကြောင်း၊ သတိဟာ ဉာဏ်ကိုပါ

http://www.dhammadownload.com

ထုတ်ပေးနိုင်တာဖြစ်လို့ ဉာဏ်နှင့်တွဲပြီး ပစ္စုပ္ပန်မှာလည်း တစ်ဘဝလုံး တန်ဖိုးကြီးအောင် လုပ်ပေးနိုင်တဲ့အကြောင်း၊ သံသရာ တစ်လျှောက်လုံးလည်း တန်ဖိုးကြီးအောင် အကွက်ချပေးနိုင်တဲ့ အကြောင်း၊ တန်ဖိုးအကြီးမားဆုံး မဂ်ဖိုလ်နိဗ္ဗာန်အထိရအောင် ဆောင်ရွက်ပေးနိုင်တဲ့ အကြောင်း၊ အကြောင်းဖောက်ပြန်၍ ခန္ဓာနှိပ်စက်ခိုန်သော်မှ သတိဉာဏ်ဖြင့် ရှုမှတ်နေလျှင် တရားအမြတ် ထွက်တဲ့အကြောင်း၊ သတိတရားကို အမြဲ လက်ကိုင်ထားဖို့ လိုအပ်ကြောင်း၊ သတိဟာ လူ့အလုပ်အားလုံးကို တရား အလုပ်ဖြစ်အောင် ပြောင်းလဲပေးတဲ့အကြောင်း၊ သတိလွတ်နေလျှင် လောဘ၊ ဒေါသ၊ မောဟအောက်မှာ အမြဲနေရမှာဖြစ်လို့ ကိလေသာလုပ်သား ဖြစ်သွားနိုင်တဲ့အကြောင်း၊ သတိလွတ်လျှင် အဆိုးတွေ အချိန်မရွေး ဝင်ရောက်လာနိုင်တဲ့အကြောင်း၊ လောကမှာ အမှတ်တမဲ့ဆိုတာ သတိလွတ်လို့သာ ဖြစ်ရတဲ့အကြောင်း အမြဲ လမ်းညွှန်ဆုံးမတော်မူသည်။

ဝိနည်းကို အထူးလေးစား

ရဟန်းဖြစ်သည့်နေ့မှစ၍ ယနေ့အထိ ဝိနည်းစည်းကမ်းကို အတိအကျ လိုက်နာတော်မူသည်။ ဝတ္ထုဥွေကို လုံးဝအကပ်မခံ၊ ကပ္ပိယဒကာနှင့်သာ လက်ခံ၍ လုံခြုံသည့်နေရာကို ညွှန်ပြတော်မူသည်။ ဒကာဒကာမများ လာရောက်လှူဒါန်းရာ၌ ဝတ္ထုဥွေကို စားပွဲပေါ်၌သာ တင်ထားစေ၍ အကပ်ခံ၍ဖြစ်သည့် ပစ္စည်းများကိုသာ အကပ်ခံတော်မူသည်။ အချို့အလှူပွဲများ၌ ဝတ္ထုဥွေစာအိတ်များ တစ်ပါးချင်းစီ ဆက်ကပ်ကြသည်။ ထိုအလှူပွဲမျိုး၌ ယောဆရာတော်သည် ကပ္ပိယမပါလျှင် အကပ်လည်းမခံ၊ ယူလည်း မယူပေ။ စားသောက်ဖွယ်ရာများ ဘုဉ်းပေးတော်မူရာ၌ ကပ္ပိသင့်သည်ကို ကပ္ပိ၍ အပ်အပ်စပ်စပ်ဖြစ်မှသာ ဘုဉ်းပေးသုံးဆောင်တော်မူသည်။ ၁၂ နာရီ

http://www.dhammadownload.com

ကျော်လွန်သွားလျှင် ရေနွေးကြမ်းကိုပင် မသောက်သုံးတော့ပေ။ အသေးအဖွဲမှစ၍ ဝိနည်းစည်းကမ်းကို အတိအကျ လေးလေးနက်နက် တန်ဖိုးထား လိုက်နာပြီး ဝိနည်းနှင့်အညီ ကျင့်သုံးနေထိုင်တော်မူသည်။ တပည့်သံဃာ့ပရိသတ်ကိုလည်း ဝိနည်းနှင့်အညီ ကျင့်သုံးနေထိုင်ကြရန် အသေးအဖွဲ့လေးဆိုပြီး အမှုမဲ့အမှတ်မဲ့ မလုပ်ကြရန် အမြဲဆုံးမတော်မူသည်။

စာတစ်ဝါ တရားတစ်ပွဲ

ယောဆရာတော်သည် ဓမ္မာစရိယတန်းဆိုင်ရာ စာဝါကို ပို့ချရာ၌ စာပေသက်သက်ကိုသာ ပို့ချတော်မူသည် မဟုတ်။ စာလိုက်သံဃာတော်များ၊ သီလရှင်များအား ဘဝအသုံးချ နည်းစနစ်နှင့် ကျင့်ကြံပွားများ အားထုတ်နည်းကိုပါ တစ်ပါတည်း သင်ပြတော်မူသည်။ စာဝါကို နေ့လည် ၁၂ နာရီ ၄၅ မှ ၂ နာရီအထိ ပို့ချတော်မူရာ တရားစကားကို မိနစ် ၂၀ ခန့် နေ့စဉ် မိန့်ကြားတော်မူသည်။ သာမန်ကိစ္စဖြင့် စာဝါကို အပျက်မခံ။ ကိစ္စအထူးရှိ၍ ကြွစရာရှိလျှင် စာဝါကို အချိန်ပြောင်း၍ ပို့ချတော်မူသည်။

စာပေပို့ချရာ၌ ရှင်းလင်းပြတ်သားတော်မူသည်။ နည်းပေးလမ်းညွှန် ကောင်းတော်မူသည်။ လောကဥပမာ ဓမ္မဥပမာ အမျိုးမျိုးတို့ဖြင့်ချိန်ထိုးကာ စာသင်သားများ နားလည်သဘောပေါက်လွယ်အောင် အသင်အပြကောင်းတော်မူသည်။ အသင်အပြကောင်းတော်မူသောကြောင့် ဤကျောင်းတိုက်မှ ဓမ္မာစရိယတန်းတွင် တစ်နိုင်ငံလုံး အမှတ်အများ ဆုံးဖြင့် ပထမရလျက် "အဂ္ဂမဟာအကျော်" ဘွဲ့ ရရှိသော ပုဂ္ဂိုလ် ၅ ပါး၊ ဒုတိယရရှိသော ပုဂ္ဂိုလ် ၃ ပါး၊ တတိယရရှိသော ပုဂ္ဂိုလ် ၁ ပါး ပေါ်ထွက်ခဲ့သည်။ ယောဆရာတော်ကိုယ်တိုင်ကလည်း ဓမ္မာစရိယတန်းတွင် တစ်နိုင်ငံလုံး၌

http://www.dhammadownload.com

အမှတ်ဒဿများဆုံးဖြင့် ပထမရလျက် ''အဂ္ဂမဟာ အကျော်'' ဘွဲ့ကို ရရှိထားသည်။

ယောဆရာတော်သည် ဓမ္မာစရိယစာဝါများ ပို့ချတော်မူရာ၌ ''စာဝါ အပို့အချကောင်းသူ၊ နည်းပေးလမ်းပြကောင်းသူ'' အဖြစ် ပရိယတ္တိလောက၌ ဂုဏ်သတင်းများ ကျော်ကြားတော်မူသည်။ ယောဆရာတော်ထံ စာဝါလိုက်ကြသော သံဃာတော်များ၊ သီလရှင်များသည် စာဝါလည်းလိုက်ရင်း တရားလည်းနာရင်း၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားတော့သည်။

သာသနာ ရေရှည်ခံမည့် အလုပ်ကိုသာ အဓိကထား

သာသနာတော် အရှည်တည်တံ့ရေးအတွက် ပရိယတ္တိသည် အခြေခံအကျဆုံး အရေးအကြီးဆုံးသောအဆင့် ဖြစ်သည်။ ပရိယတ္တိ အခြေမခံလျှင် ပဋိပတ္တိလမ်းစဉ် မမှန်နိုင်သည့်အတွက် ပဋိဝေဓ ပန်းတိုင်နှင့် အလှမ်းဝေးကွာတတ်ချေသည်။ ပရိယတ္တိအခြေခံရှိမှ ပဋိပတ္တိလမ်းစဉ်မှန်ကိုသိကာ ပဋိဝေဓပန်းတိုင်ကို တက်လှမ်းရတာ လွယ်ကူပေလိမ့်မည်။

ပရိယတ္တိသာသနာသည် သစ်ပင်၏ ရေသောက်မြစ်နှင့် တူသည်။ ပဋိပတ္တိသာသနာသည် သစ်ပင်၏ ပင်စည်အခက်အလက်နှင့် တူသည်။ ပဋိဝေဓသာသနာသည် သစ်ပင်၏ အသီးအပွင့်နှင့် တူသည်။ ပရိယတ္တိသာသနာတည်းဟူသော ရေသောက်မြစ်ကြီး ရှင်သန်ကြီးထွားမှ ပဋိပတ္တိသာသနာတည်းဟူသော ပင်စည်အခက်အလက်များ ဝေဝေဆာဆာ သန်မာထွားကြိုင်းလာပြီး ပဋိဝေဓ သာသနာ တည်းဟူသော အသီးအပွင့်များ သီးပွင့်နိုင်မည် ဖြစ်သည်။

ပရိယတ္တိ စာသင်တိုက်ဟူသည် အဖိုးတန် သာသနာပြုပုဂ္ဂိုလ် အာဇာနည် သူရဲကောင်းများ ပေါ်ထွက်လာအောင် ဖော်ထုတ်ပေး

http://www.dhammadownload.com

နေသော နေရာဌာနဖြစ်ခြင်းကြောင့် ယောဆရာတော်သည် အနယ်နယ် အရပ်ရပ်မှ တရားပွဲများ မကြာမကြာ လာရောက်ပင့်လျှောက်ကြသော်လည်း မိမိစာချုပ်ငန်း လစ်ဟင်းသွားမည်ကို စိုးရိမ်သဖြင့် သာသနာတော်ဆိုင်ရာ ကိစ္စများမှလွဲ၍ ညအိပ်ညနေ ကြွရောက်ရမည့် နယ်ဝေး တရားပွဲများကို လက်မခံ၊ ရန်ကုန်မြို့အတွင်း တရားပွဲများကိုသာ လက်ခံတော်မူသည်။ ပရိယတ္တိသာသနာ ပြန့်ပွားရေးအတွက် စာချုတာဝန်ကို မပျက်မကွက် ဆောင်ရွက်နိုင်ရန် စာသင်သား သံဃာများကို မျက်ခြေမပြတ် အနီးကပ် ကြီးကြပ်ကွပ်ကဲနိုင်ရန် ရည်သန်၍ နယ်ဝေးတရားပွဲများကို လက်မခံခြင်း ဖြစ်သည်။

အကြောင်းထူး ကိစ္စမရှိပါက စာဝါကို လုံးဝ အပျက်မခံ၊ သာသနာ ရေရှည်ခံမည့်အလုပ်ကိုသာ တစိုက်မတ်မတ် ဆောင်ရွက်တော်မူသည်။ "သာသနာတော်သည် ငါ့အတွက် မဟုတ်၊ ငါသည် သာသနာတော်အတွက် ဖြစ်သည်" ဟု ခံယူချက်အပြည့် ရှိတော်မူသည်။

ပရိယတ္တိအရည်အချင်း မြင့်မားပြီး အကျင့်စာရိတ္တ ကောင်းမွန်သည့် သာသနာပြု သူရဲကောင်းများ ပေါ်ထွက်လာစေရန် ပင်ပန်းမှုကို ပဓာနမထားဘဲ သာသနာ တည်တံ့ပြန့်ပွားရေးကိုသာ ရှေ့တန်းတင်ကာ ပရိယတ္တိ စာသိတရားကို အခြေခံ၍ ပဋိပတ္တိ အကျင့်တရားပါ မြင့်မားရင့်ကျက်လာအောင် အမြဲ မြှင့်တင်ပေးလျက် ရှိသည်။ **"သာသနာတော်သည် ပေါ်ပေါက်လာဖို့ အလွန်ခက်ခဲသလို မကွယ်မပျောက်အောင် ထိန်းထားနိုင်ဖို့ဟာလည်း လွန်စွာပင် ခက်ခဲကြောင်း၊ သာသနာတော်သည် သူ့ဘာသာ အလိုအလျောက် တည်တံ့ပြန့်ပွားလာနိုင်မည် မဟုတ်၊ ပရိယတ္တိ စာသင်တိုက်ကြီးများရှိ စာချ စာသင် ပရိယတ္တိ ဝန်ဆောင်ပုဂ္ဂိုလ်များက ပရိယတ္တိဓမ္မဖြင့် ထိန်းသိမ်းစောင့်ရှောက်ပေးမှသာ တည်တံ့ပြန့်ပွားလာနိုင်မည်ဖြစ်ကြောင်း"** အမြဲမိန့်တော်မူသည်။

http://www.dhammadownload.com

ပရိယတ္တိသည် သာသနာတော်၏ အသက် သွေးကြောဖြစ်သဖြင့် ပရိယတ္တိသာသနာ အရှည်တည်တံ့ ပြန့်ပွားစေရန် ပရိယတ္တိစာသင်တိုက်ခွဲများကို တည်ထောင်ဖွင့်လှစ်၍ စာအောင်ပုဂ္ဂိုလ်များကို ပစ္စယ၊ဓမ္မ နှစ်ဌာနဖြင့် အထူးအားပေး ချီးမြှောက်တော်မူသည်။ ယောဆရာတော်၏ အစဉ်တစိုက် အားပေးချီးမြှောက် ထောက်ပံ့မှုကြောင့် မိခင်တိုက်မကြီးဖြစ်သော ရန်ကုန် မဟာဝိသုဒ္ဓါရုံနှင့် ကျောင်းတိုက်ခွဲ ၄ တိုက်သည် အောင်မြင်မှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့သည်။

သာသနာ့သူရဲကောင်း ဖော်ထုတ်ပေးသည့် နေရာ

ပရိယတ္တိစာသင်တိုက်ဟူသည် စည်းကမ်းရှိရှိ စနစ်တကျ နည်းမှန်လမ်းမှန် အသိနှင့်အကျင့်ပေါင်းစပ်၍ သိပ်သည်းကျစ်လျစ်စွာ အုပ်ချုပ်ပြီး သာသနာ့ စက်ယန္တရားကြီးကို နေ့စဉ်ပုံမှန် လှည့်ပတ်ပေးနေသည့် စံချိန်မီ အရည်အချင်းပြည့်ဝသော သာသနာပြု ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာအောင် ဖော်ထုတ်ပေးနေသည့် နေရာဌာနဖြစ်သည်။ သာသနာ့ ဆန့်ကျင်ဘက် မိစ္ဆာဘေးရန် အန္တရာယ်များကို ကာကွယ်ဖို့၊ ဘေးရန်ပေါ်လာလျှင် တွန်းလှန်ဖယ်ရှားသုတ်သင်ဖို့၊ သာသနာ့အညစ်အကြေး ကင်းစင်ဖို့ စွမ်းအားကောင်းတို့ကို နေ့စဉ်နှင့်အမျှ မြှင့်တင်ကြိုးစားရသည်ဖြစ်၍ ပရိယတ္တိဝန်ဆောင် စာချစာသင်သံဃာတော်များသည် တကယ့် အာဇာနည် သူရဲကောင်း အလုပ်ကို လုပ်နေကြရသည်။

ပရိယတ္တိစာသင်တိုက်ကြီးများကသာ သာသနာပြု သူရဲကောင်းပုဂ္ဂိုလ်များကို ဖော်ထုတ်ပေးနိုင်စွမ်း ရှိသည်။ သာသနာပြုသူရဲကောင်း ပေါ်ပေါက်လာမှသာ သာသနာအတွက် ရေရှည်အားကိုးရပေမည်။ သာသနာပြု သူရဲကောင်းများ ပေါ်ပေါက်လာနိုင်ရန်-

http://www.dhammadownload.com

၁။ စည်းကမ်း၊ မေတ္တာ၊ ပညာ ဟူသော ချပ်ဝတ်တန်ဆာ ဝတ်စုံကို ဝတ်ဆင်ရမှ၊

၂။ အရည်အချင်းပြည့်ဝသည့် စာချဆရာတော်များနှင့် ပညာသိက္ခာ လိုလားသည့် စာသင်သားဟူသော လက်နက်ကိရိယာ အသုံးအဆောင်ကောင်းများကို ကိုင်ဆောင်ရမှ၊

၃။ ချီးမြှောက်အားပေး ကူညီသူဟူသော ယာဉ်ရထားကောင်းကို တက်စီးရမှသာ အရှိအတိုင်း အစွမ်းပြနိုင်၍ သာသနာပြု သူရဲကောင်းများ ပေါ်ပေါက်လာနိုင်မှာ ဖြစ်ကြောင်း၊

* အမျိုးဘာသာ သာသနာအတွက် ရဲရင့်စွန့်စား ကြိုးစားအားထုတ်နေရသဖြင့် ပရိယတ္တိစာသင်တိုက်ဟာ အာဇာနည် သူရဲကောင်းနှင့်တူကြောင်း၊ စည်းကမ်း၊ မေတ္တာ၊ ပညာ အစွမ်းများသည် သူရဲကောင်းတို့ဝတ်ဆင်ရမည့် ချပ်ဝတ်တန်ဆာ ဝတ်စုံများနှင့်တူကြောင်း၊ အရည်အချင်းပြည့်ဝသည့် စာချဆရာတော်များနှင့် ပညာလိုလား အကျင့်လေးစားသည့် စာသင်သားများသည် သူရဲကောင်း ကိုင်တွယ်အသုံးချရမည့် လက်နက်ကိရိယာ တန်ဆာပလာ အသုံးအဆောင်ကောင်းများနှင့်တူကြောင်း၊ ပစ္စည်းလေးပါး ပြည့်စုံလုံလောက်အောင် ချီးမြှောက်ထောက်ပံ့ လှူဒါန်းကြသည့် သဒ္ဓါ၊ ပညာ၊ မေတ္တာ အားကောင်းကြသော ဒကာဒကာမများနှင့် ဝေယျာဝစ္စကိစ္စကြီးငယ် ဆောင်ရွက်ပေးသူများသည် သူရဲကောင်း တက်စီးရမည့် ယာဉ်ရထားများနှင့် တူကြောင်း၊ ယောဆရာတော် မိန့်ကြားတော်မူသည်။

အသိအကျင့် ဘက်စုံပြည့်ဝသော သာသနာကို လက်ဆင့်ကမ်း သယ်ဆောင်ကြမည့် ဒေါင်ဒေါင်မြည် သာသနာပြု အာဇာနည်ပုဂ္ဂိုလ်

http://www.dhammadownload.com

ထူးများ အဆက်မပြတ် ပေါ်ပေါက်လာအောင် ဖော်ထုတ်ပေးနိုင်မည့် သူကား ပရိယတ္တိစာသင်တိုက်ကြီးများရှိ အရည်အချင်း ပြည့်ဝသည့် စာချဆရာတော်များသာ ဖြစ်သည်။ ''သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းခို'' ဆိုသကဲ့သို့ အသိအကျင့် ဘက်စုံပြည့်ဝသော ဆရာတစ်ဆက် ကောင်းသွားလျှင် နောက်၌ တပည့်ပေါင်း ထောင်သောင်းမက ပေါ်လာနိုင်ပေသည်။ စာချဆရာတော်များသည် ပရိယတ္တိစာသင်တိုက်ကြီးများ၏ အဓိက အမာခံအင်အား ဖြစ်သည်။ သာသနာတော်အတွက် တကယ်အားကိုးရမည့် စာချဆရာတော်တစ်ပါး၏ လိုအပ်သော အင်္ဂါရုပ်များမှာ-

၁။ ပရိယတ္တိ စာပေကျမ်းဂန်များကို လမ်းမှန်အတိုင်း နှံ့စပ်ကျွမ်းကျင် တတ်မြောက်ထားရမည်။

၂။ အများအကျိုးကို တကယ်လိုလား၍ တပည့်ပရိသတ်များကို တတ်မြောက် ကျွမ်းကျင်စေလိုသည့် မေတ္တာ၊ စေတနာ အားကြီးရမည်။

၃။ မိမိ တတ်သိနားလည်ထားသည့် ပရိယတ္တိ အတတ်ပညာများကို တပည့်ပရိသတ်များ တတ်သိနားလည်အောင် သင်ပြပေးလိုသည့် ဝါသနာအထုံ ရှိရမည်။ ထူးထူးခြားခြား စိတ်ပါဝင်စားမှု ရှိရမည်။

၄။ ကိုယ့်အကျိုးကိုစွန့်၍ သည်းခံခွင့်လွှတ် အနစ်နာခံရမည်။ သဘောထား ကြီးရမည်။

ဤအင်္ဂါရုပ်များနှင့် ကိုက်ညီပါမှ သာသနာပြု သူရဲကောင်းများ ပေါ်ထွက်လာအောင် ဖော်ထုတ်ပေးနိုင်စွမ်း ရှိပေမည်။

ယောဆရာတော်သည် ဤအင်္ဂါရုပ်များနှင့် ပြည့်စုံတော်မူသောကြောင့် ပရိယတ္တိစာသင်တိုက်ခွဲများ တည်ထောင်ဖွင့်လှစ်၍ သာသနာ

http://www.dhammadownload.com

ပြု သူရဲကောင်းများ အဆက်မပြတ် ပေါ်ထွက်လာစေရန် ဖော်ထုတ်လာခဲ့ရာ အသိအကျင့် ဘက်စုံပြည့်ဝသည့် တပည့်စာချ ဆရာတော်များ၊ တပည့် တရားဟောတရားပြ ဓမ္မကထိကပုဂ္ဂိုလ်များ၊ ပိဋကနှစ်ပုံအောင်၊ တစ်ပုံအောင်၊ အင်္ဂမဟာအကျော်၊ ပထမကျော်၊ ဓမ္မာစရိယ၊ ကြီး၊ လတ်၊ ငယ်၊ မူ အထူးအောင်ပုဂ္ဂိုလ်များနှင့် သကျသီဟ စေတိယဂိဏ္ဍ အဘိဝံသဘွဲ့ရ၊ အလင်္ကာရဘွဲ့ရ၊ ပိဋကတ္တယပါရဂူဘွဲ့ရ၊ ပါဠိပါရဂူဘွဲ့ရ၊ နိကာယ်ဆိုင်ရာဘွဲ့ရ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်၊ ထူးချွန်သည့်တပည့် မြောက်မြားစွာ ပေါ်ထွက်လာခဲ့သည်။

တပည့်ကောင်းများကို ဆရာကောင်းကသာ ဖော်ထုတ်ပေးနိုင်စွမ်း ရှိသည်။ ထူးချွန်တပည့်များ အဆက်မပြတ် ပေါ်ထွက်လာစေရန် ယောဆရာတော်သည် ယနေ့အထိ စာပေများ ပို့ချပေးနေဆဲဖြစ်သည်။ ယနေ့ခေတ် စာသင်သား ကိုရင်ငယ်လေးများသည် နောင်တစ်ချိန်၌ သာသနာတော်ကို ဦးဆောင်ကြမည့် သာသနာ့ထိပ်ခေါင် သာသနာ့ထိပ်သီး ဆရာတော်ကြီးများ မဖြစ်ဟု မဆိုနိုင်။ တိပိဋကဓရ ဆရာတော်ကြီး မဖြစ်ဟုလည်း မဆိုနိုင်။ အဖိုးတန် သာသနာပြုပုဂ္ဂိုလ်တွေ ဖြစ်လာစေရန် ရှင်သာမဏေငယ်လေးမှစ၍ အဆင့်ဆင့် အသိအကျင့် ဘက်စုံ မြင့်မားတိုးတက်လာအောင် စနစ်တကျ ပြုစုပျိုးထောင်ပေးရသည်။ ပရိယတ္တိ အခြေခံအုတ်မြစ် တောင့်တင်းခိုင်မာမှ သာသနာ့ အဆောက်အအုံကြီး မယိမ်းမယိုင် ခိုင်ခိုင်မတ်မတ် တည်ရှိနိုင်မည်ဖြစ်သဖြင့် ရှင်သာမဏေ ငယ်လေးများကို အဓိကဦးစားပေးကာ ငယ်မွေးခြံပေါက်အနေဖြင့် အခြေခံအုတ်မြစ် ခိုင်မာလာစေရန် စနစ်တကျ သင်ကြားလေ့ကျင့်ပေးတော်မူသည်။

http://www.dhammadownload.com

ကျောင်းတိုက်အတွင်း လိုက်လံကြည့်ရှု

ယောဆရာတော်သည် အပြင်တရားပွဲ ကြွရောက်ရမည့် ကိစ္စ၊ ဘုရားရှိခိုးကျောင်းဆောင်သို့ ဘုရားဝတ်တက်ခြင်းကိစ္စ၊ ဥပုသ်ပြုရဟန်းခံ သိမ်ဝင်ခြင်းကိစ္စ၊ ဆွမ်းစားကြွခြင်းကိစ္စများမှလွဲ၍ မိမိသီတင်းသုံးတော်မူနေသည့် ကျောင်းဆောင်မှ မိုးလင်းမှမိုးချုပ်သည်အထိ လှေကားခြေရင်းသို့ပင် မဆင်းပေ။ စာသင်သားသံဃာတော်များကို ထိန်းသိမ်းစောင့်ရှောက်ရန် တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းကြီးများကို အထူးအာဏာကုန် လွှဲထားသည်။ စာသင်သား သံဃာတော်များ အပြစ်တစ်စုံတရာတွေ့ရှိပါက တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော်များက ယောဆရာတော်ထံ တင်ပြကြရသည်။ ယောဆရာတော်မှ ပြစ်မှုအခြေအနေကိုကြည့်ကာ ပြစ်ဒဏ်များ ချမှတ်တော်မူသည်။

ယောဆရာတော်သည် ည ၃ နာရီခွဲဝန်းကျင်တွင် ကျောင်းတိုက်အတွင်း နေ့စဉ် ကြည့်ရှု စစ်ဆေးတော်မူသည်။ သံဃာတော်သုံးကူဋီနှင့် လူသုံးအိမ်သာပါမကျန် မကြာမကြာ ဝင်ရောက်ကြည့်ရှု၍ ဆပ်ပြာမွှေးခဲ၊ လက်သုတ်စောင်တို့ကို ဖြည့်စွက်တော်မူသည်။ ကြွပ်ကြွပ်အိတ်ထဲသို့ ဆပ်ပြာမွှေးခဲ လက်သုတ်စောင်တို့ကို ထည့်၍ ကူဋီ အိမ်သာအတွင်းသို့ တစ်လုံးပြီးတစ်လုံးဝင်၍ အဟောင်းကို ဖယ်၍ အသစ်ကိုသာ မကြာမကြာ ဖြည့်စွက်တော်မူသည်။

ကျောင်းတိုက်အတွင်း ချောင်ကြိုချောင်ကြားပါမကျန် အကုန်လိုက်ကြည့်တော်မူသည်။ ဘယ်နေရာက ရေပိုက်က ရေယိုနေသည်။ ဘယ်ကူဋီ (အိမ်သာ)က ရေစိမ့်နေသည်။ ဘယ်နေရာက ဘယ်လို ဖြစ်နေသည် စသည်ဖြင့် မိန့်တော်မူ၍ ပြုပြင်စရာရှိသည်များကို ပြုပြင်ခိုင်းသည်။ **တိပိဋကပြီးခါနီးသည်အထိ သံဃာတော်သုံး ကူဋီ (အိမ်သာ)များကို တစ်လုံးပြီးတစ်လုံး လိုက်လံဆေးကြော သုတ်သင်ခဲ့**

http://www.dhammadownload.com

ဖူးကြောင်း၊ တိပိဋကပြီးသည့်အခါမှသာ အလုပ်တွေများပြားလာ၍ မဆေးကြောဖြစ်တော့ကြောင်း၊ ကုဋီ (အိမ်သာ) ဆေးကြောသုတ်သင်ခြင်းမှာ ဉာဏ်ကောင်းခြင်း၏ အကြောင်းဖြစ်ကြောင်း မိန့်တော်မူသည်။

ယောဆရာတော်သည် ထေရာသနကျောင်းဆောင်၌ တစ်ပါးတည်း သီတင်းသုံးနေတော်မူသော်လည်း ကျောင်းတိုက်ရှိ သံဃာတော်အားလုံးတို့၏ စိတ်နေစိတ်ထား အပြုအမူ အကျင့်စရိုက်တို့ကို သိတော်မူသည်။ အကြီးဆုံးရဟန်းမှ အသေးဆုံးကိုရင်အထိ ဟန်သမားလား၊ အမှန်သမားလား၊ ကြမ်းပိုးထိုးမယ့်သူလား၊ ပျင်းပိုးထိုးမယ့်သူလား ဆိုသည်ကို မြင်သည်နှင့် သိတော်မူသည်။ ဤကဲ့သို့ တပည့်ပရိသတ်များ၏ အပြုအမူ အကျင့်စရိုက်တို့ကို သိနေခြင်းမှာလည်း သမာဓိအားကောင်းမှုကြောင့်ဟု ဆိုရပေမည်။

အသိတရားကို အကျင့်တရားနှင့် ပေါင်းစပ်ပေး

ယောဆရာတော်သည် တပည့်သံဃာ့ပရိသတ်များအား အသိနှင့်အကျင့် ပေါင်းစပ်ကာ သင်ကြားလေ့ကျင့်ပေးတော်မူသည်။ ပရိယတ္တိ အသိတရားသည် ပဋိပတ္တိ အကျင့်တရားအား၊ ပဋိပတ္တိ အကျင့်တရားသည် ပရိယတ္တိ အသိတရားအား၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေသောကြောင့် ပရိယတ္တိ အသိတရားနှင့် ပဋိပတ္တိ အကျင့်တရားကို ခွဲမထားဘဲ မိမိသူတစ်ပါး လောက သာသနာအတွက် ပြည့်စုံတိကျသော သာသနာကို ဖော်ဆောင်နိုင်ရန် အသိတရားကို အကျင့်တရားနှင့် ပေါင်းစပ်ကာ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။

အသိတရားမပါသော အကျင့်တရားသည် မိမိ တစ်ဦးတစ်ယောက်အတွက်သာ အားကိုး၍ လောက သာသနာအတွက် အားမကိုး

http://www.dhammadownload.com

လောက်သေးသဖြင့် ပြည့်စုံသောသာသနာဟု မဆိုနိုင်ချေ။ အကျင့်တရားမပါသော အသိတရားသည် လောကသာသနာအတွက် အားကိုးအားထားပြုရသော်လည်း မိမိအတွက် အနေရဲကြောင်း၊ အသေရဲကြောင်း၊ ဘဝကူးစိတ်အေးကြောင်း အကျင့်ကောင်း အကျင့်မြတ်တို့ကို ဖြည့်ကျင့်ကြိုးစားရန် လိုနေသေးသောကြောင့် ပြည့်စုံသောသာသနာဟု မဆိုနိုင်ချေ။

အသိတရားကို အကျင့်တရားနှင့် ယှဉ်တွဲပေးနိုင်မှသာ မိမိသူတစ်ပါး လောကသာသနာအတွက် အားကိုးအားထားပြုရမည်ဖြစ်၍ ပြည့်စုံသောသာသနာဟု ဆိုရပေမည်။ ထို့ကြောင့် ယောဆရာတော်သည် တပည့်သံဃာပရိသတ်များအား စာသိမှ ကျင့်သိအထိရောက်အောင် အသိနှင့်အကျင့် ပေါင်းစပ်ယှဉ်တွဲ၍ ပြည့်စုံသော သာသနာဟု ဆိုရလောက်အောင် အမြဲ လေ့ကျင့်သင်ကြားပေးတော်မူသည်။

အသိ တရားနှင့် အကျင့်တရား ယှဉ်တွဲထားသည်ဟု ဆိုလိုက်သဖြင့် အများစုက စာသင်တိုက်ကို ရိပ်သာနှင့်များ တွဲထားလေသလားဟု မေးစရာ ဖြစ်လာသည်။ ထိုသို့ကားမဟုတ်။ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ကြကုန်သော သံဃာတော်အားလုံးနံနက်၊ ညဦး ဘုရားဝတ်တက်ပြီးတိုင်း ယောဆရာတော်မှ ဘဝအသုံးချနည်းစနစ်များနှင့် ကျင့်နည်းကြံနည်း အားထုတ်နည်းများကို နေ့စဉ်မိန့်ကြားတော်မူကာ သံဃာတော်များအား ခန္ဓာအရှိကို ဉာဏ်ဖြင့်သေချာကြည့်ရှု သုံးသပ်ဆုံးဖြတ်တတ်ရန် တရားဘာဝနာ ရှုမှတ်ခိုင်းသည်။ မေတ္တာဘာဝနာ ပွားများခိုင်းသည်။ တရားထိုင်ခိုင်းသည်။ ဤလုပ်ငန်းစဉ်များကို နေ့စဉ် ဆောင်ရွက်ကြရသည်။ မည်သည့်နေရာကိုပဲ ရောက်ရောက်၊ နေရင်းထိုင်ရင်း၊ သွားရင်းလာရင်း၊ စားရင်းသောက်ရင်း တရားအမြတ်ထွက်အောင် ကျင့်သုံးနေထိုင်နည်းကို နည်းပေးလမ်းညွှန်တော်မူသည်။

http://www.dhammadownload.com

စာသင်တယ်ဆိုတာ ကိုယ့်ဟာကိုယ်သုံးသပ်တတ်ဖို့၊ ဆုံးဖြတ်တတ်ဖို့၊ လမ်းညွှန်တတ်ဖို့၊ အတည်ပြုတတ်ဖို့ စာသင်ကြတာ ဖြစ်ကြောင်း၊ စာတွေတတ်လာပြီဆိုလျှင် ကိုယ့်ဟာကိုယ် ထိန်းတတ်၊ တွန်းတတ်၊ ဆုံးဖြတ်တတ်၊ လမ်းညွှန်တတ်ရမည်ဖြစ်ကြောင်း၊ စာတွေ့မှ လက်တွေ့အထိ ကြိုးစားအားထုတ်ဖို့လိုကြောင်း၊ စာတကယ်တတ်လာပြီဆိုလျှင် အများအတွက် ပြန့်ပွားအောင် သင်ကြားပို့ချပေးရန်လိုကြောင်း၊ မိမိအတွက်လည်း စာသိမျှတွင် ရပ်မနေဘဲ တကယ်ကျင့်ကြံအားထုတ်ဖို့လိုကြောင်း၊ အသိနှင့်အကျင့် တစ်ထပ်တည်းကျဖို့လိုကြောင်း မိန့်ကြားတော်မူသည်။

ဓမ္မလမ်းစဉ်အတိုင်းသွား

ယောဆရာတော်သည် အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး၏ ကျင့်စဉ်အတိုင်း သာသနာလုပ်ငန်းကိစ္စ အားလုံးတို့၌ လောကပကာသနကို ဦးစားမပေးဘဲ ဓမ္မပကာသနကိုသာ ရှေ့တန်းတင် ကြိုးစားအားထုတ်တော်မူသည်။ အရေအတွက်ကို အဓိကမထား၊ ရှိသည့်ပရိသတ်ကို နည်းမှန်လမ်းမှန် အသိနှင့်အကျင့် ပေါင်းစပ်၍ ကျင့်သုံးနေထိုင်စေသည်။ တော်လျှင်တော်သလို အစွမ်းကုန် ချီးမြှောက်၍ မတော်မကောင်း အကျင့်တိမ်းစောင်းသွားသူကို "ငါက တော်စေချင်တယ်၊ သူကမှ မလိုက်နာနိုင်တာ၊ သူကံနဲ့သူပဲလေ" ဟု ပူလောင်ရွံ့ထွေးမှု အဖြစ်မခံဘဲ အေးမြကြည်သာစွာ လက်လွှတ်လိုက်သည်။

ပရိသတ်ကိုအုပ်ချုပ်ရာ၌ ပူလောင်ရွံ့ထွေးမှု အကုသိုလ်အဖြစ်မခံ၊ ခန္တီမေတ္တာကို အများဆုံးသုံး၍ ဗြဟ္မဝိဟာရလမ်းစဉ် ၄-ချက်နဲ့အညီ အုပ်ချုပ်တော်မူသည်။ ရိုက်နှက် ဆူပူငေါက်ငမ်းမှု လုံးဝပြုလေ့ မရှိ။ ကိုယ့်ကြောင့်လည်း သူကုသိုလ်ရအောင်၊ သူ့ကြောင့်လည်း ကိုယ်ကုသိုလ်ရအောင် အမြဲ ကြိုးစားတော်မူသည်။

http://www.dhammadownload.com

မည်သည့်အရာမဆို ကုသိုလ်ရဖို့တစ်ခုကိုသာ အဓိကထား ဆောင်ရွက်တော်မူသည်။ တရားဟောလျှင်လည်း ပရိသတ် နည်းသည်များသည်ကို အဓိကမထား။ ပရိသတ် ၁ ယောက်၊ ၂ ယောက်တည်းကို ဟောလျှင်လည်း ထောင်ချီသောင်းချီရှိသည့် ပရိသတ်များကို ဟောတော်မူသကဲ့သို့ စိတ်ပါလက်ပါ စူးစူးစိုက်စိုက် ဟောကြားတော်မူသည်။

ပွင့်လင်းရာသီအချိန်တွင် ယောဆရာတော်သည် တရားပွဲများ နေ့စဉ်ရှိသည်။ အနည်းဆုံး တစ်နေ့လျှင် တရားပွဲနှစ်ပွဲမှ ခြောက်ပွဲအထိ ရှိသည်။ နယ်တရားပွဲများကိုပါ လက်ခံ၍ ဟောမည်ဆို ပါက ကျောင်းသို့ပြန်ရတော့မည် မဟုတ်ပေ။ တရားပွဲတိုင်းတွင် ဓမ္မလက်ဆောင်စာအုပ်များကို အခမဲ့ဖြန့်ဝေ လှူဒါန်းပေးပြီး ဟောတရားခွေကိုလည်း ကူးပွားကာ အခမဲ့ ဖြန့်ဝေလှူဒါန်းတော်မူသည်။

ဟန်တရား၊ အသံတရား၊ ဉာဏ်တရားဟု သုံးမျိုးရှိရာ ယောဆရာတော်သည် ကိုယ်ဟန်လက်ဟန်ပြ၍လည်း မဟော။ ပါဠိပါဠိသားတွေ ရွတ်၍ အသံနေအသံထားတွေ လုပ်၍လည်း မဟော။ အများနားလည်လောက်အောင် မြန်မာစကားပြေဖြင့် ဥပမာအမျိုးမျိုးပြ၍ ဉာဏ်တရားကိုသာ ဟောကြားတော်မူသည်။

ယောဆရာတော်သည် တရားဟောတော်မူရာ၌ ပရိသတ်ထဲသို့ တစ်ချက်မျှ မော်၍မကြည့်။ မျက်လွှာစုံချကာ တည်တည်ငြိမ်ငြိမ် ဟောတော်မူသည်။ မိမိဟောကြားသောတရားကို မိမိကိုယ်တိုင် နာယူပြီးသား ကျင့်သုံးပြီးသားဖြစ်အောင်၊ ဟောသူရော နာယူသူပါ နှစ်ဖက်လုံး လက်တွေ့ တရားစွမ်းအားရအောင်၊ တရားအသိတိုးအောင် ဟောကြားတော်မူကြောင်း သိရသည်။

http://www.dhammadownload.com

ယောဆရာတော် ဟောကြားတော်မူသော တရားတော်များကို နာယူ ဖတ်ရှုရသောကြောင့် ဘာသာအယူဝါဒမှန် ပြောင်းသွားသူများ၊ အပူငြိမ်းအေးသွားသူများ၊ ဘဝအသိအမြင် ရှင်းသွားသူများ၊ ဘဝ အတွက် အနှစ်ကျန်အောင် အသုံးချတတ်သူများ၊ အချိန်နှင့်အင်အား ဖြုန်းတီးမှုများကို လျှော့ချတတ်သူများ၊ စိတ်နေစိတ်ထား ပြောင်းလဲ သွားသူများ အမြောက်အမြား ရှိသည်ကို ယောဆရာတော်၏ တရား နာကြားသူများနှင့် ဓမ္မလက်ဆောင်စာအုပ် ဖတ်ရှုရသူများ၏ ပြန်လည်ပြောပြချက်အရ သိရသည်။

ယောဆရာတော်သည် ကိုယ်နှင့်နှုတ်ကို သီလဖြင့် ငြိမ်အောင် ထိန်း၍ စိတ်ကို သမာဓိဖြင့် ငြိမ်အောင်ထိန်းပြီး ဝိပဿနာပညာဖြင့် အပူငြိမ်းအောင် ကျင့်သုံးနေထိုင်တော်မူသောကြောင့် အကျင့်သိက္ခာ ပြည့်ဝပြီး ကူန္ဒေသိက္ခာ ကြီးမားတော်မူသည်။ သမာဓိ အလွန် အားကောင်းသောကြောင့် တည်ငြိမ်တော်မူသည်။ သတိ အလွန် အားကောင်းသောကြောင့် ခြေလှမ်းတိုင်းခြေလှမ်းတိုင်း သတိမလွတ် စေဘဲ အမှတ်ဖြင့် လှမ်းတော်မူသည်။ ယောဆရာတော်၏ အကျင့် သိက္ခာပြည့်ဝပုံ၊ ကူန္ဒေသိက္ခာနှင့် ပြည့်စုံပုံ၊ ဝိနည်းလေးစားပုံ၊ ကိုယ်နှုတ်စိတ်ကို စောင့်စည်းပုံ၊ အချိန်ကို အထူးတန်ဖိုးထားပုံ၊ ဓမ္မလမ်းစဉ်အတိုင်း သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ပုံ စသည်များ ကို ဖူးတွေ့ကြရသူတိုင်း သိရှိပြီးသား ဖြစ်ပေလိမ့်မည်။

တပည့်သံဃာပရိသတ်များကို မကြာမကြာ မိန့်တော်မူသော ဩဝါဒမှာ-

၁။ **"ရဟန်းသာမဏေတို့၏ ခွန်အားသည် ခန္တီ"**။ အရာရာ မှာ သည်းခံခွင့်လွှတ်၊ အနှစ်နာခံ သဘောထား ကြီးရမည် ဖြစ်ကြောင်း၊ စိတ်တိုင်းမကျတာနှင့် တွေ့ကြုံရပါက

http://www.dhammadownload.com

"ကြော်... သည်းခံ ခွင့်လွှတ်နိုင်တဲ့ ခန္တီအင်အား ငါ့မှာ ဘယ်လောက်ရှိသလဲဆိုတာ ငါ့ကို စမ်းသပ်နေ တာပဲ" ဟု သဘောထားရမည် ဖြစ်ကြောင်း၊

၂။ **"ရဟန်းသာမဏေတို့၏ အလုပ်သည် ငြိမ်ငြိမ်နေ၊ ငြိမ်းအောင်ကျင့်"**။ ဘာမဟုတ်တဲ့အလုပ်တွေနဲ့ အချိန်မကုန်စေဘဲ သီလသမာဓိနဲ့ ငြိမ်အောင်နေ၊ ဝိပဿနာပညာနဲ့ ငြိမ်းအောင်ကျင့်နေရမည်ဖြစ်ကြောင်း၊ ရဟန်းသာမဏေတို့၏ အလုပ်မှာ ပရိယတ်နှင့် ပဋိပတ် နှစ်မျိုးတည်းသာဖြစ်ကြောင်း၊

၃။ **"ရဟန်းသာမဏေတို့၏ ကျက်သရေသည် ကွန်ဒြေသိက္ခာ"**။ ရဟန်းသာမဏေတို့ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ ကွန်ဒြေသိက္ခာဖြင့်သာ ဆုံးဖြတ်ရကြောင်း၊ ရဟန်းသာမဏေဆိုသည်မှာ ကွန်ဒြေသိက္ခာ အကျင့်သီလနှင့် ပြည့်စုံဖို့ လိုကြောင်း မိန့်ကြားတော်မူသည်။

ယောဆရာတော် ကိုယ်တိုင်ကလည်း သည်းခံခွင့်လွှတ်၊ အနစ်နာခံ သဘောထားကြီးပြီး သီလသမာဓိဖြင့် ငြိမ်အောင်နေ၊ ဝိပဿနာပညာဖြင့် အပူငြိမ်းအောင်ကျင့်သုံးကာ ကွန်ဒြေသိက္ခာ အကျင့်သီလနှင့်ပြည့်စုံအောင် နေထိုင်တော်မူသည်။ မည်သူနှင့် တွေ့တွေ့၊ မျက်နှာထားကို တည်၍လည်း မထား၊ အလွန်အကျွံ ပြုံး၍လည်း မနေ၊ အသံထွက်အောင်ကား လုံးဝ ရယ်လေ့မရှိ၊ အနည်းငယ် ပြုံးရုံသာပြုံး၍ ပြောဆိုဆက်ဆံတော်မူသည်။

ရဟန်းဟူသည် တူရာပေါင်းလိုက်လျှင်-

၁။ ဗုဒ္ဓအလိုကျ ရဟန်း

၂။ လူအလိုကျ ရဟန်းဟု နှစ်မျိုး ရှိပေသည်။

http://www.dhammadownload.com

(က) * ဗုဒ္ဓအလိုကျ ရဟန်းသည် တရားရရေး၊ ကုသိုလ်ရ ရေးကိုသာ အဓိကထား၍ ဝိနည်းတော်နှင့်အညီ ကျင့်သုံးနေထိုင်တော်မူသည်။ ပစ္စည်းလေးပါး လာဘ်လာဘရရေးကို အဓိကမထား။

* လူ့အလိုကျရဟန်းသည် ပစ္စည်းလေးပါး လာဘ် လာဘရရေးကိုသာ အဓိကထား၍ တရားရရေး၊ ကုသိုလ်ရရေးကို အဓိကမထား၊ ဝိနည်းတော်နှင့် အညီ ကျင့်သုံးနေထိုင်ခြင်း မရှိချေ။

(ခ) * ဗုဒ္ဓအလိုကျရဟန်းသည် ကြည်ညိုစရာ ကောင်း၏၊ ခင်မင်စရာ မကောင်း။

* လူ့အလိုကျရဟန်းသည် ခင်မင်စရာ ကောင်း၏၊ ကြည်ညိုစရာ မကောင်း။

(ဂ) * ဗုဒ္ဓအလိုကျ ရဟန်းသည် အများနှင့် ရောရောနှော နှော မနေ၊ အများအကြိုက်ကို မလိုက်၊ အများကို မြှောက်ပင့်ပြောဆိုခြင်း၊ ကဲ့ရဲ့ဝေဖန်ခြင်း အလေ့မရှိ၊ ဣန္ဒြေရရ သိက္ခာရှိရှိ ကျင့်သုံးနေထိုင်သည်။

* လူ့အလိုကျရဟန်းသည် ပစ္စည်းလေးပါး လာဘ် လာဘရရေးကို ဦးတည်၍ အများအကြိုက်ကိုလိုက်ကာ အများနှင့် အရောတဝင် ပေါင်းသင်းဆက်ဆံ နေထိုင်ခြင်း၊ မြှောက်ပင့်ပြောဆိုတတ်ခြင်း အလေ့ရှိသည်။

ထိုရဟန်းနှစ်မျိုးတို့တွင် ယောဆရာတော်သည် တရားရရေး၊ ကုသိုလ်ရရေးကိုသာ အဓိကထား၍ ရှိသမျှပစ္စည်းများကို နှေစဉ် စွန့်ကြဲပေးကမ်း လျှဒါန်းတော်မူနေသည်။ **သတိမလွတ်၊ ဝီရိယမရပ်၊**

http://www.dhammadownload.com

ပညာမျက်စိမမှိတ်၊ ခန္ဓာအရှိကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ တရား ဘာဝနာကို အမြဲ ရှုမှတ်ဆင်ခြင်တော်မူနေသည်။ ပစ္စည်း လာဘ် လာဘရရေးကို ခေါင်းထဲမထည့်။ ရဟန်းရှင်လူများနှင့် အရောတဝင် မနေ၊ မြောက်ပင့်ပြောဆိုတတ်သည့် အလေ့မရှိ၊ တရားရရေး ကုသိုလ်ရရေးကိုသာ အမြဲစဉ်းစားကာ ဝိနည်းတော်နှင့်အညီ ကျင့်သုံး နေထိုင်သော ဗုဒ္ဓအလိုတော်ကျရဟန်း ဖြစ်ပေသည်။

ကိုယ့်အကြောင်း ကိုယ်သိဖို့က အရေးကြီး

ယောဆရာတော်သည် ရဟန်းရှင်လူ အများရှေ့၌ ရယ်ရယ် မောမော ပြောဆိုဆက်ဆံလေ့ မရှိ။ မည်သူနှင့်မျှ အရောတဝင်မလုပ်၊ နိုင်ငံရေးစကား လုံးဝမပြော၊ နိုင်ငံရေးတရား လုံးဝမဟော၊ တစ်ဖက် သားကို မြောက်ပင့်ပြောဆိုတတ်သည့် အလေ့၊ ကဲ့ရဲ့ဝေဖန်တတ်သည့် အလေ့ လုံးဝမရှိ၊ မည်သူနဲ့တွေ့တွေ့ တွေ့သမျှနဲ့ အဆင်ပြေအောင် နေတော်မူသည်။

အစိုးရ နိုင်ငံရေး အဆက်ဆက်တွင် ယနေ့အချိန်ထိ မည်သည့် အဖွဲ့အစည်းကိုမျှ အားပေးအားမြှောက် မလုပ်၊ ကဲ့ရဲ့ရှုတ်ချ ဝေဖန် တာမျိုးလည်း မလုပ်၊ ကောင်းသည်ဆိုးသည်ဟူ၍လည်း မဝေဖန်။ **လောကအကြောင်းကို လုံးဝ စိတ်မဝင်စား။ ဓမ္မအကြောင်း ကိုယ့်ခန္ဓာ ကိုယ့်အကြောင်းကိုသာ သိအောင်လေ့လာ၍ တရားဓမ္မဖြင့်သာ တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ ကျင့်သုံး နေထိုင်တော်မူသည်။**

မိမိတရားလုပ်ငန်း စာပေလုပ်ငန်းအတွက် အချိန်ပြည့် အလုပ် လုပ်နိုင်ရန် အချိန်ကို တန်ဖိုးထားသောအားဖြင့် ဒကာဒကာမများ၊ ရဟန်းရှင်လူများကို အချိန်ကြာကြာ စကားပြောလေ့ မရှိ။ လိုရင်းကို သာ ပြော၍ "ကဲ ကောင်းပြီဗျာ" ဟု မိန့်တော်မူလိုက်သည်။ ရသမျှအချိန်ကို အလွတ်မပေး။ တရားအလုပ်၊ စာပေအလုပ်ဖြင့်သာ အချိန်ကို ကုန်လွန်စေသည်။

http://www.dhammadownload.com

လောကဌ အများစုသည် သူများအကြောင်းဆိုလျှင် စိတ်ဝင်စားတတ်ကြသည်။ ဖြစ်ပျက်နေသည့် ကိုယ့်ခန္ဓာအကြောင်း (ခန္ဓာသတင်း)ကိုကား လုံးဝစိတ်မဝင်စားကြ၊ သတိပင် မရကြ။ ယောဆရာတော်သည် လောကအကြောင်း စသည်များကို လုံးဝ စိတ်မဝင်စား။ ကိုယ့်ခန္ဓာ၏ ဖြစ်ပျက်နေသည့် ခန္ဓာအကြောင်း (ခန္ဓာသတင်း)ကိုသာ စိတ်ဝင်စားတော်မူသည်။ တပည့်သံဃာပရိသတ်များကိုလည်း **"ခန္ဓာက အမြဲထုတ်လွှင့်နေသည့် သတင်းမှန်တွေကို အမှန်အတိုင်း သိရှိကြစေဖို့ ခန္ဓာတီဗွီ ရုပ်မြင်နာမ်ကြားစက်ကြီးကို နေ့စဉ် ဖွင့်ကြည့်ခိုင်းကာ သူများအကြောင်းသိဖို့ထက် ကိုယ့်ခန္ဓာအကြောင်း ကိုယ်သိဖို့က အရေးကြီးကြောင်း၊ သူများအကြောင်း မသိလို့ အပါယ်မကျရောက်နိုင်ကြောင်း၊ ကိုယ့်ခန္ဓာအကြောင်း ကိုယ် မသိလျှင် အပါယ်သို့ ကျရောက်သွားနိုင်ကြောင်း"** အမြဲ မိန့်တော်မူသည်။

လွယ်လွယ်ဖြင့် ခွင့်မပြု

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ နွေရာသီ ကျောင်းပိတ်ရက်များတွင် ခေတ္တခဏ ဒုလ္လဘဝတ်လိုသည့် ရှင်လောင်း ရဟန်းလောင်းများကို ယခု ရောက်လာ၊ ယခု ရှင်ရဟန်းပြုပေး ဆိုတာမျိုး ယောဆရာတော်သည် မည်သူ့ကိုမျှ လွယ်လွယ်ဖြင့် ခွင့်မပြု၊ ဒုလ္လဘဝတ်ဖူးပြီးသူဖြစ်လျှင် အနည်းဆုံး သင်တန်းတစ်ပတ်၊ တစ်ကြိမ်မျှ ဒုလ္လဘမဝတ်ဖူးသေးလျှင် အနည်းဆုံး သင်တန်းသုံးပတ်၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် စာချဘုန်းကြီးများထံ၌ ရဟန်းတော်ဆိုင်ရာ ကျင့်ဝတ်များနှင့် ရှင်သာမဏေဆိုင်ရာ ကျင့်ဝတ်များကို အရင်သင်တန်းတက်စေ၍ သိသင့်သိထိုက်သည်များကို သိရှိပြီး ရသင့်ရထိုက်သည့် စာများကို ရရှိပြီးမှသာ ရှင်ရဟန်းပြုခွင့်ပေးသည်။

http://www.dhammadownload.com

"များဖို့မလို ကောင်းဖို့ လိုသည်" ဟူသော လမ်းစဉ်အတိုင်း ယောဆရာတော်သည် အရေအတွက်များဖို့ကို ဦးစားမပေး၊ တစ်ဦးတည်းရှိနေလျှင် တစ်ဦးတည်း အသိဉာဏ်တိုးဖို့၊ ကုသိုလ်တိုးဖို့၊ သာသနာကို ကြည်ညိုတတ်ဖို့၊ သင်္ကန်းဝတ်ရကျိုးနပ်ဖို့ကိုသာ အဓိကထားသည်။ **အရေအတွက်တိုးဖို့ ဆိုသည်ထက် အရည်အချင်းရှိဖို့ကိုသာ တန်ဖိုးထားသည်။**

သာသနာ့ဘောင်သို့ ခေတ္တခဏ ဝင်ရောက်လာကြသော ဒုလ္လဘ ရှင်ရဟန်းများ အပြစ်ကင်းကင်းရှင်းရှင်းနှင့် ကောင်းမှုကုသိုလ်တရား တိုးပွား၍ အကျိုးများစေရန် ရည်ရွယ်လျက်လည်းကောင်း၊ ရှင်ရဟန်းဆိုင်ရာ ကျင့်ဝတ်များကို မသိနားမလည်ဘဲ ရှင်ရဟန်းပြုပေးလိုက်ပါက ကုသိုလ်ရဖို့ထက် အကုသိုလ်အပြစ်များက ပိုမိုကြီးသွားမည်ကို စိုးရိမ်လျက်လည်းကောင်း ရှင်ရဟန်းဆိုင်ရာ ကျင့်ဝတ်များကို အရင်သင်ကြားပေး၍ သိသင့်သည်များကို သိပြီးမှသာ ရှင်ရဟန်းပြုခွင့်ပေးခြင်း ဖြစ်သည်။

ဒုလ္လဘ ရှင်ရဟန်းဝတ်ခွင့်ရ၍ ရှင်ရဟန်းဖြစ်ပြီးပါကလည်း ပေါ့ပေါ့တန်တန် နေ၍ မရ။ စည်းကမ်းတကျသာ ကျင့်သုံးနေထိုင်စေသည်။ ကျောင်းတိုက်ပြင်ပသို့ မထွက်ရ၊ ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ၊ သတ်မှတ်ထားသည့်အချိန်ကလွဲ၍ ရေမချိုးရ၊ စကားကို ကျယ်လောင်စွာ မပြောရ၊ ကာတွန်း ဝတ္ထုစာအုပ်များ မဖတ်ရှုရ၊ မဆော့ရ။

ဒုလ္လဘ ဝတ်ရကျိုးနပ်အောင် ဒုလ္လဘနဲ့ ထိုက်တန်အောင် ကွန်ဒြေရရ၊ သိက္ခာရှိရှိဖြင့် ဘုရားရှိခိုးရမည့်အချိန်၊ ဘုရားရှိခိုးကြရသည်။ တရားထိုင်ရမည့်အချိန် တရားထိုင်ကြရသည်။ တရားစာပေဖတ်ရှု လေ့လာရမည့်အချိန် တရားစာပေ ဖတ်ရှု လေ့လာကြရသည်။

http://www.dhammadownload.com

ခေတ္တခဏ ဒုလ္လဘဝတ်ကြသော ရှင်ရဟန်းများအား ကုသိုလ်တိုးပွားစေရန်နှင့် သာသနာကို တန်ဖိုးထား ကြည်ညိုတတ်စေရန် ယောဆရာတော်မှ စနစ်တကျ စီမံထားခြင်း ဖြစ်သည်။ အများစုသည် အချိန်ပြည့် ကုသိုလ်လုပ်ခွင့်ရသော ယောဆရာတော် ကျောင်းတိုက်၌ ဒုလ္လဘရှင်ရဟန်း ပြုချင်ကြသော်လည်း ယောဆရာတော် သတ်မှတ်ထားသည့်အတိုင်း သင်တန်းတက်ရောက်ရန် အချိန်မပေးနိုင်၍ ဒုလ္လဘရှင်ရဟန်းမပြုကြရသူတွေလည်း မနည်းလှပေ။

တစ်ချိန်တွင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၏ ကျောင်းဒကာလည်းဖြစ်၊ ဝေယျာဝစ္စအဖွဲ့ဝင်လည်း ဖြစ်သည့် ဒကာတစ်ယောက် ယောဆရာတော်ထံ လာရောက်၍ "တပည့်တော်ရဲ့တူ စင်ကာပူမှ ပြန်လာမည် ဖြစ်ကြောင်း၊ ၇ ရက် ခွင့်ရကြောင်း၊ ဆရာတော်ထံမှာ ဒုလ္လဘဝတ်လိုကြောင်း" လျှောက်ထားရာ ယောဆရာတော်မှ "ဒို့ကျောင်းတိုက်မှာ သင်တန်းမတက်ဘဲ မည်သူ့ကိုမျှ ဒုလ္လဘဝတ်ခွင့် မပြုနိုင်ကြောင်း၊ အခြားကျောင်းမှာသာ သွားပြီး ဝတ်ရန်" မိန့်ကြားရာ ထိုဒကာက ဇွဲမလျှော့သေးဘဲ ဆက်၍ လျှောက်နေသေးသည်။ လျှောက်၍မရသည့်အဆုံး မနက်ဖြန် တပည့်တော်အဖေလည်း လာလျှောက်ဦးမယ် ပြောပါတယ်ဘုရားဟု လျှောက်ရာ ယောဆရာတော်က "မင်းအဖေ လာလျှောက်လည်း ခွင့်မပြုပါဘူး၊ မင်းအဖေ မကလို့ သမ္မတကြီး လာလျှောက်လည်း ခွင့်ပြုမှာမဟုတ်ဘူး" ဟု ပြတ်ပြတ်သားသား မိန့်လိုက်လေသည်။

ယောဆရာတော်သည် သာသနာနှင့်ဆက်စပ်လာလျှင် မည်သူ့မျက်နှာကိုမှ မထောက်၊ မည်သူ့မျက်နှာကိုမှ မကြည့်၊ အားနာသည်ဟု မရှိ၊ ကျောသားရင်သား မခွဲခြားဘဲ ဓမ္မလမ်းစဉ်နှင့်အညီ ပြတ်ပြတ်သားသား စီစဉ်ဆောင်ရွက်တော်မူသည်။

http://www.dhammadownload.com

ရှင်ရဟန်းပြုတယ် ဆိုတာ-

၁။ ကုသိုလ်များများ လိုချင်လို့

၂။ ကုသိုလ်မြန်မြန် လုပ်ချင်လို့

၃။ သန့်စင်တဲ့ကုသိုလ်တွေ ရအောင်လို့-ရှင်ရဟန်းပြုကြတာ ဖြစ်ကြောင်း၊ ရှင်ရဟန်းဘဝဟာ အထက်ကိုတက်ရတာ မြန်သလောက် ရှေ့နှင့်နောက် ဝိပဿနာ သတိဉာဏ် ဆက်စပ်မထားလျှင် လူဝတ်ကြောင်တွေထက် အကုသိုလ်ဖြစ်ခွင့် ပိုများသွားနိုင်ကြောင်း မိန့်ကြားတော်မူသည်။

http://www.dhammadownload.com

အဘွဲ့မပိုင်း



ကွမ်တိုက်သုတ်သား အဒါးဖခန္ဓာ

http://www.dhammadownload.com

http://www.dhammadownload.com

ဘုန်းကြီးအိုကြီးဟုသာ သုံးနှုန်း

ယောဆရာတော်သည် သက်တော် ၆၀ ပြည့်ခါနီး အချိန်မှစ၍ မိမိကိုယ်ကို "ဘုန်းကြီးအိုကြီး" ဟုသာ သုံးနှုန်းတော်မူသည်။ ဒကာ ဒကာမများက "ဆရာတော် နေကောင်းပါသလား ဘုရား" ဟု မေးလျှောက်သည့်အခါ "ဘုန်းကြီးအိုကြီး ခန္ဓာသုံးလို့ ဖြစ်သေးတယ်ဗျ" ဟု ဖြေတော်မူသည်။ **"ခန္ဓာသုံးလို့ ဖြစ်သေးတယ်ဗျ"** ၏ အဓိပ္ပာယ်မှာ "နေကောင်းပါတယ်၊ ကုသိုလ်အလုပ် တရားအလုပ်များ လုပ်နိုင်ပါသေးတယ်" ဟု ဆိုလိုခြင်း ဖြစ်သည်။ ယောဆရာတော်မှ ဒကာဒကာမများထံ မေးမြန်းရာ၌လည်း ဦးဘယ်သူ၊ ဒေါ်ဘယ်သူ" ခန္ဓာကြီး သုံးလို့ ဖြစ်သေးလား" ဟုသာ မေးတော်မူသည်။ "နေကောင်းလား"ဟု မေးလေ့မရှိ။

အိုပွဲမင်္ဂလာ ဖိတ်ကြားလွှာ

မွေးနေ့လုပ်တော့မည်ဆိုလျှင် ရဟန်းရှင်လူ အများစုသည် မွေးနေ့ဖိတ်စာ မျက်နှာဖုံး၌ ဘယ်နှစ်နှစ်ပြည့် "မွေးနေ့မင်္ဂလာ ဖိတ်ကြားလွှာ" ဟု သုံးနှုန်းကြသည်။ ယောဆရာတော်သည် "မွေးနေ့မင်္ဂလာ" ဟု သုံးနှုန်းလေ့ မရှိ။ အသက်အရွယ်များ တစ်ရက်ထက်

http://www.dhammadownload.com

တစ်ရက်၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် ကြီးကြီးလာပြီး တဖြည်းဖြည်းအိုလာသည်ကို အကြောင်းခံ၍ ''အိုပွဲ မင်္ဂလာ'' ဟုသာ သုံးနှုန်းတော်မူသည်။ ဖိတ်စာမျက်နှာဖုံး၌ တိပိဋကယောဆရာတော်၏ သက်တော် ၇၅ နှစ်ပြည့် ''အိုပွဲမင်္ဂလာ ဖိတ်ကြားလွှာ'' မယ်တော်ကြီး ဒေါ်တုတ်ခိုင်၏ အသက် ၉၆ နှစ်ပြည့် ''အိုပွဲမင်္ဂလာ ဖိတ်ကြားလွှာ'' ဟု သုံးနှုန်းတော်မူသည်။''မွေးနေ့မင်္ဂလာ ဖိတ်ကြားလွှာ'' ဟု သုံးနှုန်းတော် မမူ။

ဘုန်းကြီးဆိုတာ ဓိမ်ခံနေဖို့ မဟုတ်

ယောဆရာတော် သီတင်းသုံးတော်မူသည့် ကျောင်းဆောင်၌ အဲယားကွန်း (လေအေးစက်) လုံးဝမထား၊ တိုင်ကပ် လေပန်ကာ နှစ်လုံးသာ ရှိသည်။ ထိုလေပန်ကာကိုလည်း ယောဆရာတော် တစ်ပါးတည်း ရှိနေလျှင် ဖွင့်လေ့မရှိ၊ ဆွမ်းအလှူရှင်များကို တရားဟောသည့် အချိန်မှသာ အလှူရှင် ဒကာဒကာမများအတွက် အဖွင့်ခိုင်းပြီး တရားဟောပြီး၍ အလှူရှင်များ ပြန်သွားချိန်တွင် ပိတ်လိုက်သည်။ အပူချိန်ပြင်းထန်သော နွေရာသီတွင် အလှူရှင် ဒကာဒကာမများက ယောဆရာတော် ကျောင်းဆောင်တွင် အဲယားကွန်း တပ်ဆင်လှူဒါန်းလိုကြောင်း မကြာမကြာ လာရောက် လျှောက်ထားကြသည်။ ယောဆရာတော်မှ ''မလိုပါဘူးဗျာ၊ ဘုန်းကြီးဆိုတာ ဓိမ်ခံနေဖို့ မဟုတ်ဘူး။ ဒီလောက်တော့ သည်းခံရမှာပေါ့၊ ငရဲအပူနဲ့ ယှဉ်ကြည့်လိုက်ရင် ဒီအပူလေးက အသေးအဖွဲလေးပါ၊ ဘာမျှ မပြောပလောက်ပါဘူး'' ဟု ပြော၍ ငြင်းပယ်လိုက်သည်။

တစ်ချိန်တွင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဝေယျာဝစ္စ အတွင်းရေးမှူး ဦးသိန်းအောင်မှ နွေရာသီ အပူပြင်းထန်လွန်းသဖြင့် ယောဆရာတော် ခရီးကြွခိုက် ယောဆရာတော့်ကျောင်းဆောင်တွင် အဲယားကွန်း လာရောက် တပ်ဆင်လေသည်။ ယောဆရာတော်သည်

http://www.dhammadownload.com

ထိုအဲယားကွန်းကို တစ်ကြိမ်မျှမဖွင့်ဘဲ နှစ်ပတ်လောက်အထိ အလျှူရှင် ကျေနပ်ရုံထား၍ အဖြုတ်ခိုင်းတော့သည်။

ကားလျှူသည်ကို လက်မခံ

ယောဆရာတော် တရားဟောကြွခြင်း စသော သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒကာဒကာမများက တန်ဖိုးကြီးသော ကားတစ်စီး လှူဒါန်းလိုပါကြောင်း လာရောက်လျှောက်ထားကြရာ ယောဆရာတော်က "ယခုလို လာရောက် လျှောက်ထားကြသည်ကို ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ ယခင်ကလည်း ယခုကဲ့သို့ လာရောက် လျှောက်ထားကြသည်မှာ နှစ်ဦး ရှိခဲ့ဖူးကြောင်း၊ လက်မခံခဲ့ကြောင်း၊ ဘုန်းကြီးအိုကြီးမှာ တရားပွဲ စသည့် ကြွစရာကိစ္စများရှိလျှင် အမြဲ ကြိုပို့လုပ်ဆောင်ပေးနေသည့် ဒကာများ ရှိကြောင်း" ရှင်းပြကာ လက်မခံဘဲ ငြင်းပယ်လိုက်လေသည်။

နိုင်ငံတော်အစိုးရကလည်း တန်ဖိုးကြီးသော ကားတစ်စီး လှူဒါန်းလိုပါကြောင်း လျှောက်ထားရာ ယောဆရာတော်သည် လက်မခံဘဲ ငြင်းပယ်ခဲ့သည်ဟု သိရသည်။

တယ်လီဖုန်းလျှူသည်ကို လက်မခံ

ယောဆရာတော်သည် တယ်လီဖုန်းကို ထားလည်း မထား၊ ကိုင်လည်း မကိုင်၊ ကိုယ်ကလည်း သူများထံ လုံးဝမဆက်၊ သူများထံမှ ဆက်လာလျှင်လည်း လုံးဝမကိုင်၊ ကိစ္စအထူးရှိပါက တပည့်များကို ဖုန်းဆက်ခိုင်းသည်။ တရားပွဲ ပင့်လျှောက်ရာ၌ဖြစ်စေ၊ ဆွမ်းစား ပရိတ်ရွတ် ပင့်လျှောက်ရာ၌ ဖြစ်စေ၊ တယ်လီဖုန်းဆက်၍ ပင့်လျှောက်ပါက လက်မခံရန် တပည့်သံဃာ့ပရိသတ်ကို မိန့်ကြားထားသည်။ လွန်ခဲ့သည့် ၁၆ နှစ်လောက်က လက်ကိုင်ဖုန်းကို တော်ရုံတန်ရုံ လူမကိုင်နိုင်သည့် အချိန်၊ ဆယ်လူလာဖုန်းတစ်လုံးလျှင်

http://www.dhammadownload.com

ကျပ်သိန်း ၄၀ ပေးဝယ်ရသည့်အချိန်တွင် ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူ၌ သူဌေးအလှူရှင်များက တိပိဋကသြဝါဒစရိယ ဆရာတော်ကြီး ၁၀ ပါးကို တစ်ပါးလျှင် တယ်လီဖုန်းတစ်လုံးစီ လှူဒါန်းရာ ယောဆရာတော်မှ "ဘုန်းကြီးက တယ်လီဖုန်း လုံးဝ မကိုင်ဘူးဗျ။ လိုအပ်တဲ့နေရာကိုသာ လှူလိုက်ကြ" ဟု အမိန့်ရှိ၍ လက်မခံဘဲ ငြင်းပယ်လိုက်သည်။ ထိုအခါ အနီးနားက ဆရာတော် တစ်ပါးက "ဦးသိရိန်၊ သိန်း ၄၀ တောင် တန်တာ၊ ယူထားလိုက်ပါ။ ကိုယ်မလိုတော့လည်း တပည့်တွေကို ပေးရတာပေါ့" ဟု ဆက်လက် တိုက်တွန်းသော်လည်း လက်မခံခဲ့ချေ။

တီဗွီစက် လက်မခံ

တစ်ချိန်တွင် ဒကာဒကာမ မိသားစုများ ယောဆရာတော်ထံ ရောက်လာ၍ "ဆရာတော်ဘုရား၊ ဥပုသ်နေ့ အားလပ်သည့်အချိန်တွင် ဦးပဉ္စင်းကိုရင်များ၊ မျက်စိပွင့်နားပွင့် ကြည့်ရှုနိုင်ရန် တီဗွီ စလောင်း လှူဒါန်းချင်ပါတယ်ပါ ဘုရား" ဟု လျှောက်ရာ ယောဆရာတော်က "ဒို့ကျောင်းတိုက်မှာ တီဗွီအလုံးပေါင်း ၁၈၀ ကျော် ရှိကြောင်း၊ နံနက်ညဥ့် ဘုရားဝတ်တက်ပြီးတိုင်း တစ်ပါးလျှင်တစ်လုံး ဖွင့်ကြည့်ခိုင်းကြောင်း" မိန့်တော်မူလေသည်။ ထိုအခါ ဒကာဒကာမများက "များလှချည်လား ဘုရား၊ တပည့်တော်တို့က ဆရာတော့်ကျောင်းတိုက်မှာ တီဗွီ မရှိဘူး ထင်နေတာ" ဟု လျှောက်ရာ "များတယ်ဗျ တီဗွီဆိုတာ ခန္ဓာအရှိကို ဉာဏ်နဲ့မြင်အောင် ကြည့်ရှုသုံးသပ် ဆုံးဖြတ်ရတဲ့ ခန္ဓာတီဗွီကို ပြောတာ၊ အာရုံနောက်စရာ၊ သမာဓိပျက်စရာ ရုပ်မြင်သံကြား တီဗွီစက်ကတော့ တစ်ကျောင်းတိုက်လုံး တစ်လုံးမှ မရှိပါဘူး၊ ထားခွင့်လည်း မပြုပါဘူး" ဟု မိန့်တော်မူကာ လက်မခံပေ။

http://www.dhammadownload.com

ယောဆရာတော်သည် တပည့်ပရိသတ်များကို ဘုရားဝတ် တက်ပြီးတိုင်း နေ့စဉ် တရားဘာဝနာ ရှုမှတ်ခိုင်းသည်။ ခန္ဓာတီဗွီ ရုပ်မြင်နာမ်ကြားစက်ကြီးကို ဖွင့်ကြည့်ခိုင်းသည်။ ဝင်လေ ထွက်လေ ရှုမှတ်ခိုင်းသည်။ မေတ္တာဘာဝနာ ပွားများခိုင်းသည်။ တီဗွီရုပ်မြင် သံကြားစက်တို့၊ အောက်စက်တို့ကိုတော့ တစ်ကျောင်းတိုက်လုံး မည်သူမျှ မထားရ။ စစ်ဆေးတွေ့ရှိပါက လက်ဝယ်ထားသူရော၊ ကြည့်ရှုသူပါ ချက်ချင်း ကျောင်းတိုက်မှ နှင်လိုက်တော့သည်။ စာသင်သားများအတွက် သမာဓိအားကောင်းမှသာ စာကျက်ရတာ တွင်၍ ရထားပြီးသောစာကိုလည်း မေ့ပျောက်ခြင်း မရှိအောင် ထိန်းထားနိုင်စွမ်း ရှိသည်။ ထို့ကြောင့် သမာဓိပျက်စေနိုင်သည့် တီဗွီ၊ အောက်စက် ကြည့်ရှုနားထောင်ခြင်း လက်ဝယ်ထားရှိခြင်းကို လုံးဝ ခွင့်မပြုပေ။

ကိုယ်တိုင် သင်္ကန်းလျှော်

ယောဆရာတော်သည် ဝိဋ္ဌကသုံးပုံအောင် တိပိဋ္ဌကဓရ ဆရာတော်လည်း ဖြစ်၊ ကျောင်းတိုက်ကြီး၏ အကြီးအကဲ ပဓာန နာယက ဆရာတော်လည်း ဖြစ်ပါလျက် မိမိဝတ်ရုံသော သင်္ကန်းကို ယနေ့ထိ ကိုယ်တိုင်လျှော်၊ ကိုယ်တိုင် ရုပ်၊ ကိုယ်တိုင် ခေါက်တော်မူသည်။ ဝေယျာဝစ္စ ဆောင်ရွက်နေကြသည့် ဦးပဉ္စင်းကိုရင်များကို တစ်ကြိမ်မျှ အလျှော်မခိုင်း။

တစ်နေ့သောအခါ စာရေးသူသည် ဝေယျာဝစ္စ ဆောင်ရွက်ရန် ယောဆရာတော် ကျောင်းဆောင်သို့ ဝင်ရောက်ရာတွင် ယောဆရာတော် သင်္ကန်းလျှော်နေသည်ကို တွေ့မြင်၍ လက်အုပ်ချီကာ "ဘုရားတပည့်တော် လျှော်ပါမည်ဘုရား" ဟု လျှောက်ရာ ယောဆရာတော်မှ "ခန္ဓာကြီး သုံးလို့ ဖြစ်ပါသေးတယ်ကွ။ ကိုယ့်ဟာကိုယ် လျှော်ပါ မယ်" ဟု မိန့်လေသည်။ စာရေးသူသည် ဆက်လက်ပြီး မလျှောက်ရဲ

http://www.dhammadownload.com

၍ အသာနေလိုက်ရတော့သည်။ တစ်ခါတစ်ရံ ယောဆရာတော် သင်္ကန်း ရေစိမ်ထားသည်ကိုတွေ့လျှင် စာရေးသူ လျှော်ခွင့်ရသည်။

သီလ၊ သမာဓိ၊ ပညာ အကျင့်သိက္ခာနှင့် ပြည့်စုံတော်မူသည့် ယောဆရာတော်ဘုရားကြီး၏ သင်္ကန်းကို လျှော်ခွင့်ရသည့်အခါ စိတ်ထဲ၌ ဝမ်းသာပီတိ တလှိုက်လှိုက် ဖြစ်ရသည်။ သင်္ကန်းလျှော်နေစဉ်မှာ "ဤသင်္ကန်းက အညစ်အကြေးများ ကင်းစင်သွားသလို ယောဆရာတော်ဘုရားကြီး၏ သန္တာန်၌လည်း ကိလေသာ အညစ်အကြေးမြူမျှမကျန် ကင်းစင်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်လျင်မြန်မြန် ရရှိပါစေသတည်း" ဟု အမြဲ သစ္စာအဓိဋ္ဌာန်ပြုသည်။

စာရေးသူအနေဖြင့်လည်း "ဤသင်္ကန်းကို လျှော်ရသော ကုသိုလ်စေတနာကြောင့် ဤသင်္ကန်းမှ အညစ်အကြေးများ ကင်းစင်သွားသလို ငါ၏ စိတ်အစဉ်၌လည်း ဘဝသံသရာ အဆက်ဆက်က ပါလာခဲ့သည့် မကောင်းသည့် ကိလေသာ အညစ်အကြေးများ ကင်းစင်ရပါလို၏ ဘုရား" ဟု အမြဲ ဆုတောင်းသည်။

နာမည်ကျော် ဆရာတော်တစ်ပါးဖြစ်ပြီး ဟိတ်ဟန်မာန်မာန မရှိ၊ ကိုယ့်ကိုယ်ကိုယ် နှိမ်ချ၍ ရိုးရိုးကုတ်ကုတ်သာနေပြီး အသက်အရွယ် ကြီးသည်အထိ ကိုယ်ဝတ်သည့်သင်္ကန်းကို ကိုယ်တိုင်လျှော်၊ ကိုယ်တိုင် ရုပ်၊ ကိုယ်တိုင်ခေါက်သော ဆရာတော်ဟူသည်မှာကား လွန်စွာပင် ရှားပါးပေလိမ့်မည်။

ကိုယ်တိုင် သပိတ်ဆေး

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ နေ့ဆွမ်းဘုဉ်းပေးရာတွင် ယောဆရာတော်မှစ၍ သံဃာကုန် သပိတ်ဖြင့်သာ ဘုဉ်းပေးတော်မူကြရသည်။ သပိတ်ဖြင့် ဘုန်းပေးကြရာ၌ ယောဆရာတော်သည် မိမိဘုဉ်းပေးသော သပိတ်ကို မိမိကိုယ်တိုင်သာ ဆေးသည်။ တပည့်များ

http://www.dhammadownload.com

ကို အဆေးမခိုင်း၊ တပည့်များက သပိတ်ဆေးရန် လျှောက်ထားသော်လည်း ခန္ဓာကြီး သုံးလို့ဖြစ်သေးကြောင်း မိန့်ကြား၍ လက်မခံဘဲ ကိုယ်တိုင်သာ ဆေးသည်။

ဆွမ်းဘဉ်းပေးရာ၌ ထည့်ထားသည့်ဆွမ်းကို ကုန်နိုင်၊ မကုန်နိုင် အလျင် ချိန်ဆသည်။ မကုန်နိုင်ဟုထင်လျှင် ဆွမ်းအုပ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။ ကုန်မည်ထင်၍ ဘုဉ်းပေးသောဆွမ်းကိုလည်း ဆွမ်းလုံး ဆွမ်းကျန် ဟင်းအစအန လုံးဝမကျန်အောင် ဘုဉ်းပေးတော်မူသည်။

ယောဆရာတော်သည် သက်တော် ၇၂ နှစ် အရွယ်တွင် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ၌ တိပိဋကဓရ ရွှေချယ်ရေး စာမေးပွဲကြီးတွင် တိပိဋက ဩဝါဒါစရိယတာဝန်ဖြင့် နေ့စဉ် ကြွရောက်ကြီးကြပ်ပေးရင်း အမှတ်မထင်ချော်လဲ၍ လက်မောင်းတစ်ဖက် အရိုးအက်သွားသည့်အချိန်မှစ၍ မိမိဘဉ်းပေးသည့်သပိတ်ကို တပည့်များအား ဆေးခွင့်ပြုလိုက်သည်။

ခုတင်ပေါ်၌ ကျိန်းစက်ခြင်းမရှိ

စာရေးသူသည် ယောဆရာတော်၏ ဝေယျာဝစ္စကို ဆောင်ရွက်လာခဲ့သည်မှာ နှစ်ပေါင်း ၂၃ နှစ် ပြည့်ခဲ့လေပြီ။ ယောဆရာတော် ခုတင်ပေါ်၌ နံနက်ပိုင်း နေ့ခင်းပိုင်း ကျိန်းစက်အနားယူနေသည်ကို ၁၃၇၈-ခုနှစ်၊ သက်တော် ၇၄ နှစ် အရွယ်ရောက်မှသာ တွေ့မြင်ဖူးသည်။ ဤသည်မှာ ဆေးရုံဆင်းခါစဖြစ်နေ၍ ကျန်းမာရေးအရ အနားယူခြင်း ဖြစ်သည်။ ရဟန်းသံဃာအများစုသည် နေ့ဆွမ်းဘဉ်းပေးပြီးလျှင် တစ်ရေးတစ်မှေး ကျိန်းစက်အနားယူတတ်သည့် အလေ့ရှိကြသည်။ ယောဆရာတော်သည်ကား မိုးလင်းမှ မိုးချုပ်သည်အထိ ကျိန်းစက်ခြင်း မရှိပေ။

http://www.dhammadownload.com

တစ်ခါတစ်ရံ နေမကောင်းဖြစ်တတ်သည့်အခါမျိုး အလုပ် ပင်ပန်းသည့်အခါမျိုးတို့၌ ကုလားထိုင်ပေါ်၌သာ ခဏတာ ကျိန်းစက်သည်။

မိုးလင်းမှ မိုးချုပ်သည်အထိ ထိုင်နေကျ ကုလားထိုင်ပေါ်၌သာ တရားဟောခြင်း၊ တရားစာရေးခြင်း၊ တရားစာဖတ်ခြင်း၊ တရားနှလုံး သွင်းခြင်း၊ ဒကာ ဒကာမများအား လက်ခံတွေ့ဆုံခြင်း စသော ကိစ္စများကို ဆောင်ရွက်တော်မူသည်။ ဂုဏ်ရှိန်ကြီးမားသည့် တိပိဋက ဓရ ဆရာတော်ဟု ဆိုသော်လည်း ခမ်းခမ်းနားနား ထည်ထည်ဝါဝါ နေလေ့ မရှိ။ ကျိန်းစက်သည့် ခုတင်ဟူ၍ သီးခြားမထား။ တစ်ခါ တစ်ရံ ကုလားထိုင်ပေါ်၌သာ ကျိန်းစက်သည်။ ယောဆရာတော် သက်သောင့်သက်သာ အနားယူနိုင်ရန် ခုတင် စီစဉ်ထားသော်လည်း အနားယူ ကျိန်းစက်ခြင်းမပြုဘဲ ထိုခုတင်ပေါ်၌ သင်္ကန်းစသော ပစ္စည်းများကိုသာ အပြည့်တင်ထားလိုက်လေသည်။

စိတ်ထဲ မထည့်ပါဘူး

ခန္ဓာရှိလျှင် အနာရှိသည် ဆိုသည့်အတိုင်း အကြောင်း ဖောက်ပြန်လျှင် ခန္ဓာ၏ နှိပ်စက်မှုဒဏ်ကို လူတိုင်း ကြုံတွေ့ခံစားရ တတ်ပေသည်။ မည်သူမျှ မလွတ်ကင်းချေ။ စာရေးသူသည် ယော ဆရာတော် သာမန်နာစေးချောင်းဆိုး နေမကောင်းဖြစ်နေ၍ စာဝါချ နားထားရတာမျိုး၊ တရားဟော နားထားရတာမျိုးကို တစ်ကြိမ်မျှ မတွေ့ခဲ့ဖူးပါ။ နေမကောင်းဖြစ်၍ ခုတင်ပေါ်၌ ကျိန်းစက်အနားယူနေ ရတာမျိုးကိုလည်း တစ်ကြိမ်မျှ မတွေ့ခဲ့ဖူးပါ။ သာမန် နေမကောင်း ထိုင်မသာ ဖြစ်တာမျိုး ရှိကောင်း ရှိပါလိမ့်မည်။ သာမန် နာစေး ချောင်းဆိုး နေမကောင်း ဖြစ်တာမျိုးလောက်တော့ ဂရုမစိုက်၊ မျက်နှာ မည်ဖြူး။ တရားဟောမပျက်။ စာချ စာရေး စာဖတ်မပျက်။ အလုပ် အကိုင် မပျက်။ ကိုယ်တွေ့ပူလာ၍ နေမကောင်းဖြစ်လာလျှင် တြိရတန

http://www.dhammadownload.com

ပရုတ်ဆီဆေးဘူးကို လိမ်း၍ ဝေဒနာကိုရှုမှတ်ရင်း လုပ်ရမည့်အလုပ်ကို ပုံမှန်လုပ်နေသည်။

ဒကာတစ်ယောက် လှူဒါန်းဖွယ်ရာများ လှူဒါန်းရန် ယောဆရာတော်ထံ ရောက်လာရာ ယောဆရာတော် နှာစေး၊ ချောင်းဆိုးဖြစ်နေသည်ကို မြင်တွေ့၍ "အရှင်ဘုရား နှာစေး ချောင်းဆိုး ဖြစ်နေလား ဘုရား" ဟု လျှောက်ရာ ယောဆရာတော်မှ **"ဒါတွေက ဧည့်သည်တွေပါ၊ အချိန်တန်ရင် ပြန်သွားလိမ့်မယ်။ နှာစေးချောင်းဆိုး တာလောက်တော့ စိတ်ထဲ မထည့်ပါဘူး၊ ဘုန်းကြီးအိုကြီးက ဖျားခဲတယ်ဗျ။ ဖျားပြီးရင်လည်း တော်တော်နဲ့ မပျောက်တတ်ဘူး"** ဟု မိန့်လေသည်။ ဆေးရုံမှဆင်းခါစအချိန်တွင် ဒကာဒကာမများက ဆရာတော် ကျန်းမာရေး ကောင်းပြီလား ဘုရားဟု မေးလျှောက်ကြသည့်အခါ ဘုန်းကြီးအိုကြီး ခန္ဓာကို ပြင်ပြီး သုံးနေတယ်ဗျ ဟု ဖြေတော်မူသည်။ ခန္ဓာကိုပြင်ပြီး သုံးနေတယ်ဗျ ဆိုသည်မှာ ကျန်းမာလာအောင် ဆေးဝါးကုသမှုခံယူရင်း တရားရှုမှတ်မှုတွေကို လုပ်နေပါတယ်ဟု မိန့်ကြားခြင်း ဖြစ်သည်။

ရှိတာနှင့်သာ ရောင့်ရဲ

ဒကာဒကာမများက ယောဆရာတော် သုံးဆောင်စေရန် အလွန်ကောင်းမွန်သည့် ပစ္စည်းဥစ္စာ အသုံးအဆောင်များ မကြာမကြာ လှူဒါန်းပူဇော်ကြသော်လည်း ယောဆရာတော်သည် စာပေထူးချွန်တပည့်များကို ပြန်လည်ဆုချ လှူဒါန်းတော်မူသည်။ ဒကာဒကာမများ လှူဒါန်းပူဇော်ထားသော မိမိထံရှိ အသုံးအဆောင်ပစ္စည်းများကို ခဏရောက်လာကြသော ဧည့်သည်များဟု သဘောထားသည်။ **ဧည့်သည်ဆိုသည့်အတိုင်း ယောဆရာတော်ထံ၌ ခဏသာနေ၍ မကြာမီ စာအောင်ပုဂ္ဂိုလ်များထံ ပြန်သွားတော့သည်။** ကောင်းသည်

http://www.dhammadownload.com

ဆိုသည့် အရာမှန်သမျှ မိမိလက်ထဲ၌ ကြာကြာမထား၊ ရက်ရက်ရောရော ပြန်လည်စွန့်လွှတ် လှူဒါန်းတော်မူလိုက်သည်။

ယောဆရာတော် ကျိန်းစက်သည့်နေရာကား ကိုရင်ငယ်လေး တစ်ပါး ကျိန်းစက်သည့် နေရာလောက်ပင် ခန့်ညားထည်ဝါမှု မရှိ၊ ကျိန်းစက်သည့်နေရာဟု သီးခြားမထား၊ ခန္ဓာကို အလိုမလိုက်၊ ကြမ်းပြင်ပေါ်၌သာ အခင်းခင်း၍ သင့်သလို ကျိန်းစက်တော်မူသည်။ အစားအသောက်များကိုလည်း အကောင်းအဆိုးမရွေး။ ခန္ဓာကို လိုသလိုသုံးနိုင်ရန် ရှိတာနှင့်သာ မျှတစွာ ဘဉ်းပေးသုံးဆောင်တော်မူသည်။ မိမိနှစ်သက်သော ဆွမ်းဟင်းပါ၍လည်း ထူးထူးထွေထွေပို၍ မဘုဉ်းပေး၊ မိမိ မနှစ်သက်သော ဆွမ်းဟင်းသာပါ၍လည်း လျှော့၍ မဘုဉ်းပေး၊ နေ့စဉ် အချိုးကျ တစ်ပုံစံတည်းသာ ဘုဉ်းပေးတော်မူသည်။ စိတ်အလိုကို လုံးဝမလိုက်။ အကောင်းအမွန်များကို မလိုလား၊ ရှိသည့်အရာဖြင့်သာ ရောင့်ရဲတော်မူသည်။ ခြိုးခြံစွာ ကျင့်သုံး နေထိုင်တော်မူသည်။

ယောဆရာတော် ယခုလက်ရှိ သီတင်းသုံး နေထိုင်တော်မူသည့် ထေရာသနကျောင်းဆောင်ကို ဒကာဒကာမများက နှစ်ထပ်ကျောင်းဆောင်အဖြစ် အသစ်တစ်ဖန် ဆောက်လုပ်လှူဒါန်းလိုကြောင်း တစ်ဦးပြီးတစ်ဦး မကြာမကြာ လာရောက်လျှောက်ထားကြရာ ယောဆရာတော်မှ "တော်ပါပြီဗျား၊ နေလို့ဖြစ်ရင် တော်ပြီပေါ့။ အကောင်းအမွန်တွေ မလိုပါဘူး" ဟု မိန့်တော်မူ၍ အကြိမ်ကြိမ် ငြင်းပယ်တော်မူခဲ့သည်။

ကိုယ့်ကိုယ်ကိုယ် နှိမ့်ချ

ယောဆရာတော်သည် မာန်မာန ကင်းရှင်းပြီး ကိုယ့်ကိုယ်ကိုယ် နှိမ့်ချသည်။ ကြွားဝါပလွားလိုစိတ် လုံးဝမရှိ၊ အဆင့်အတန်း မြင့်မားသော ဘွဲ့တံဆိပ်တော် များစွာ ရရှိထားသော်လည်း ဓမ္မလက်ဆောင်

http://www.dhammadownload.com

စာအုပ်များနှင့် မဂ္ဂင်း ဆောင်းပါးများ၌ တိပိဋကသ ယောဆရာတော်ဟု သာ ၁ လုံးတည်း တပ်ထားသည်ကို တွေ့ရသည်။ တိပိဋကမရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ သ.စ.အ ပါဠိပါရဂူ၊ အဂ္ဂမဟာ အက္ကော်ဟု စုံအောင်တပ်လေ့မရှိ၊ မိမိရရှိထားသော အဆင့်မြင့်မား ဘွဲ့တံဆိပ်များကို ရဟန်းရှင်လူရွေ့၌ ထုတ်ဖော်ပြောကြားလေ့ လုံးဝ မရှိ၊ မေးမြန်းလာလျှင်သော်မှ မပြော။

နေရာအသီးသီးမှ ဆရာတော်များ၊ ဒကာဒကာမများမှ ယော ဆရာတော်ထံ တရားပွဲများ မကြာမကြာ လာရောက် ပင့်လျှောက်ကြ သည်။ ''ဆရာတော်ဘုရား၊ တပည့်တော်တို့ ဘယ်မြို့နယ်၊ ဘယ် ရပ်ကွက်၊ ဘယ်လမ်းမှာ၊ ဘာပွဲအတွက် ဆရာတော်ကို တရားပွဲ ပင့်လျှောက်ဖို့လာတာပါဘုရား'' ဟု လျှောက်ထားကြသည့်အခါ ယောဆရာတော်က ''ဟဲ့ တောသားဘုန်းကြီးအိုအိုကြီးကို တရားဟော တတ်တယ်လို့ ဘယ်သူက ပြောလို့လဲ'' ဟု အမြဲ မိန့်တော်မူလေ့ ရှိသည်။

ထိုအခါ တရားပွဲပင့်လာသူများက ''မှန်ပါ၊ ဆရာတော့် တရားကို တပည့်တော်တို့ တီဗွီ၊ စကိုင်းနက်များက ထုတ်လွှင့်လို့ မကြာမကြာ နာရပါတယ်ဘုရား။ ဆရာတော့် တရားတွေက အနှစ်တွေချည်းပါ ဘုရား။ ဆရာတော်ကို အဓိကထားပြီး လာပင့်တာ ပါဘုရား။ ဆရာတော်ထံက ဆရာတော်ပေးတဲ့ရက်ကို ရပြီးမှ အခြား ဆရာတော်တွေကို ပင့်လျှောက်ရမှာပါဘုရား၊ အားတဲ့ရက်ကို ပေးပါဦး ဘုရား'' ဟု လျှောက်ထားကြရာ ''အဟောအပြောကောင်းတဲ့ ဘုန်းကြီးပျိုပျိုလေးတွေ ပေါပါတယ်။ အဲဒါကို သွားပင့်ကြပါလား'' ဟု မိန့်လေသည်။ ဇွဲကောင်းကောင်းဖြင့် လျှောက်ထားနိုင်မှသာ ဒိုင်ယာရီစာအုပ်ကို လှန်ကြည့်၍ ''ကဲ ဘယ်နေ့ ဘယ်ရက်တော့ ရသေးတယ်ဗျ၊ တောသား ဘုန်းကြီးအိုအိုကြီး မရှိသုံးလေးတော့

http://www.dhammadownload.com

ဖြစ်တယ်ဗျ'' ဟု မိန့်တော်မူကာ လက်ခံတော်မူလိုက်သည်။ တရားပွဲ လာလျှောက်ကြသူတိုင်းကို ဤကဲ့သို့ မိန့်တော်မူလေ့ရှိသည်။

မြို့ထဲမှ ဒကာ ဒကာမများ ဆွမ်းစားလာပင့်လျှောက်ရာ၌လည်း ''ဆရာတော်ကိုယ်တိုင် ကြွရောက် ချီးမြှင့်ပေးပါဘုရား'' ဟု လျှောက်သည့်အခါ ''တောသား ဘုန်းကြီးအိုအိုကြီးထက် တရားဟောကောင်းတဲ့ ဘုန်းကြီးတွေ အများကြီး ရှိတယ်။ လွှတ်ပေးမယ်'' ဟု မိန့်တော်မူလေ့ရှိသည်။

မည်သည့်အဖွဲ့အစည်းမှ မပါ

ယောဆရာတော်သည် သာသနာတော်ဆိုင်ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယကအဖွဲ့၊ နိုင်ငံတော် သီးခြားဝိနည်းဓိရ်အဖွဲ့၊ ဩဝါဒါစရိယ တာဝန်များမှအပ မည်သည့်အဖွဲ့အစည်းတွင်မှ ပါဝင်ပတ်သက်ခြင်း မရှိ၊ နိုင်ငံရေးနှင့် ဆက်နွယ်နေလျှင်လည်းကောင်း၊ ရှုပ်ထွေးသည့်အရာမျိုး တစ်ခုခု ဖြစ်နေလျှင်လည်းကောင်း၊ ထောက်ခံကြောင်း ကန့်ကွက်ကြောင်း လက်မှတ်များ လာရောက်ထိုးခိုင်းပါက လုံးဝ လက်မှတ် ရေးထိုးပေးလေ့ မရှိပါ။

မျိုးစောင့်ဥပဒေ ဖွဲ့စည်းသည့်အချိန်တွင် တိပိဋကဆရာတော်နှစ်ပါး ယောဆရာတော်ထံ ကိုယ်တိုင်လာရောက်၍ မျိုးစောင့်ဥပဒေအဖွဲ့အစည်းကို ထောက်ခံကြောင်း လက်မှတ်ရေးထိုးပေးပါရန် မေတ္တာရပ်ခံ လျှောက်ထားကြလေသည်။

ထိုအခါ ယောဆရာတော်မှ ''တပည့်တော်က ဘယ်အဖွဲ့အစည်းကိုမှ ထောက်ခံ ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုး ပေးလေ့မရှိဘူးဗျ။ ဒီတစ်ခါတော့ အားနာပါးနာနဲ့ လက်မှတ် ရေးထိုးပေး

http://www.dhammadownload.com

လိုက်ဦးမယ်ဗျ။ တပည့်တော် လက်မှတ်ရေးထိုးဖူးတာဆိုလို့ ဒီတစ်ခါပဲ ရှိသေးတယ်'' ဟု မိန့်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

ယောဆရာတော်သည် ပရိယတ်နှင့် ပဋိပတ်အလုပ်ကိုသာ စိတ်ဝင်တစား စွဲစွဲမြဲမြဲ လုပ်ဆောင်တော်မူသည်။ အခြား မည်သည့် ကိစ္စကိုမျှ စိတ်မဝင်စား။ ကိုယ်နှင့်မဆိုင်သည့် အရာမှန်သမျှကို စကားထဲ ထည့်ပြောလေ့မရှိ။ ကိုယ်၊ နှုတ်၊ စိတ်ကို အထူးစောင့်စည်းကာ တရားဖြင့် တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ ကျင့်သုံးနေထိုင်တော်မူသည်။

ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ တာဝန်ပေးအပ်ချက်အရ ယောဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယက တာဝန်ကို စိတ်မပါသော်လည်း မလွဲသာမရှောင်သာ ထမ်းဆောင်ခဲ့ရသည်။ တစ်နှစ်ပြည့်ရုံသာ တာဝန်ထမ်းဆောင်မည်ဟု ရည်ရွယ်ခဲ့သော်လည်း ငြင်းဆန်၍မရသဖြင့် လေးနှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ တာဝန်ထမ်းဆောင်ချိန်၌ မိမိကိုယ်ပိုင်လုပ်ငန်းနှင့် စာချလုပ်ငန်းကို လုံးဝအပျက်မခံ။ ကျောင်းတိုက်ကို ပစ်၍မထား။ နေ့လည် ၁၂ နာရီခွဲ ကမ္ဘာအေးသို့ ကြွရောက်၍ မိမိဆိုင်ရာ ပညာရေးတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့ပြီး ၃ နာရီတွင် ကျောင်းသို့အရောက် ပြန်လာကာ စာပေပို့ချတော်မူသည်။

မြန်မာနိုင်ငံ၌ အကြီးကျယ်ဆုံး အခက်ခဲဆုံးဖြစ်သော တိပိဋကစာမေးပွဲကြီးတွင် တိပိဋက ဩဝါဒါစရိယတာဝန်နှင့် ပုစ္ဆာထုတ်တာဝန်ကို ယနေ့တိုင်အောင် တက်ကြွထက်သန်စွာ တာဝန်ထမ်းဆောင်လျက် ရှိသည်။ **အရှုပ်အထွေးကင်းသည့် သာသနာရေးလုပ်ငန်းကိုသာ စိတ်ဝင်တစား ဆောင်ရွက်တော်မူပြီး အရှုပ်အထွေးမကင်းလျှင် သာသနာရေးနှင့် ပတ်သက်စေကာမူ စိတ်မဝင်စားချေ။** နိုင်ငံတော် သံဃမဟာနာယက တာဝန်သည် သာသနာတော်၌

http://www.dhammadownload.com

အကြီးမားဆုံးသော အဖွဲ့အစည်းဖြစ်သောကြောင့် အများစုသည် မဟာနာယက တာဝန်ကို ဆောင်ရွက်လိုကြသည်။ ပါဝင်လိုကြသည်။ ယောဆရာတော်မှာမူကား ထိုတာဝန်ကို ငြီးငွေ့လှသဖြင့် တစ်နှစ်သာ ဆောင်ရွက်မည်ဟု ရည်ရွယ်ခဲ့ပြီး ငြင်းဆန်မရသဖြင့်သာ လေးနှစ်တိုင်တိုင် ထမ်းဆောင်ခဲ့ရသည်။ တိပိဋကသြဝါဒစရိယ တာဝန်နှင့် တိပိဋကပုစ္ဆာထုတ်တာဝန်ကိုကား စိတ်ဝင်တစား အားတက်သရော ဆောင်ရွက်တော်မူသည်ကို တွေ့ရသည်။

ဓာတ်ကောင်းများ ကူးယူ

လောကဌ အဆိုးဓာတ်ရဖို့ လွယ်ကူသလောက် အကောင်းဓာတ်ရဖို့ အလွန်ခက်ခဲသည်။ အဆိုးဓာတ်ကို လွယ်လွယ်ဖြင့် ကူးယူ၍ ရနိုင်သော်လည်း အကောင်းဓာတ်ကိုကား ခက်ခက်ခဲခဲ ကူးယူမှသာ ရတတ်သည်။ အဆိုးဓာတ်ဖြစ်ရန် လွယ်ကူသလောက် အကောင်းဓာတ်ဖြစ်ရန် အလွန်ခဲယဉ်းသည်။ အဆိုးဓာတ်ဖြစ်ရန် အကြောင်းစုံဖို့ မလိုသော်လည်း အကောင်းဓာတ်ဖြစ်ရန် အကြောင်းစုံဖို့ လိုသည်။ ယောဆရာတော်သည် ဆရာသမားအဆက်ဆက်ထံမှ အကောင်းဓာတ်များကို ရအောင်ယူနိုင်ခဲ့သည်။

၁၁-နှစ်သား အရွယ်မှစ၍ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ ရေးသားတော် မူသော ဗုဒ္ဓဘာသာ သင်ခန်းစာ စာအုပ်ငယ်လေးကို ဆရာထံမှရ၍ သဘောကျ နှစ်သက်သဖြင့် ကြိမ်ဖန်များစွာ ဖတ်ရှု၍ မဟာဂန္ဓာရုံ ဆရာတော်၏ အကောင်းဓာတ်ကို စတင် ကူးယူခဲ့သည်။ ထိုစာအုပ်ငယ်လေးကို ဖတ်ပြီးနောက် အသိပညာများ တိုးပွားလာကာ လူငယ်နှင့်မလိုက်အောင် စိတ်နေစိတ်ထား မြင့်မားလာခဲ့သည်။ သာသနာကို ကြည်ညိုစိတ်၊ သင်္ဃာနိုးဝတ်လိုစိတ်များ ဖြစ်ပေါ်လာခဲ့သည်။

http://www.dhammadownload.com

သတ္တမတန်း အောင်မြင်ပြီးနောက် ဒုတိယအကြိမ် ရှင်သာမဏေဝတ်ကာ ပရိယတ္တိပညာကို စတင် သင်ကြားရသောအခါ၌လည်း မဟာဂန္ဓာရုံဆရာတော်၏ အခြေပြုနှင့် ဘာသာဋီကာကျမ်းစာများဖြင့်သာ အများဆုံး သင်ယူ ကြိုးစားခွင့်ရခဲ့သည်။

ယောဆရာတော်သည် မဟာဂန္ဓာရုံဆရာတော်၏ တပည့်ရင်းမဟုတ်ခဲ့သော်လည်း ဆရာတော်ကြီး၏ သာသနာပြု လုပ်ဆောင်ချက်များနှင့် အပြုအမူတို့ကို အထူးကြည်ညိုလျက် မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ လုပ်ငန်းကျင့်စဉ်အတိုင်း နမူနာယူကာ ကျင့်သုံးတော်မူသည်။

ယောဆရာတော် မိန့်ကြားတော်မူချက်အရ မိမိ ရဟန်းဘဝရောက်၍ ခေတ်အလျောက် စာမေးပွဲအဆင့်ဆင့် ဖြေဆိုရန် စာပေအဆင့်ဆင့်ကို လေ့လာသင်ယူရသောအခါ၌ အနိမ့်ဆုံး ပထမငယ်တန်းမှ အမြင့်ဆုံး တိပိဋကဓရ စာမေးပွဲအထိ အဆင့်အားလုံး မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ကျမ်းစာအုပ်များကို အများဆုံး လက်စွဲပြု၍သာ စာပေလမ်းကြောင်းကို ဖြောင့်မတ်စွာ လျှောက်လှမ်းခဲ့ရကြောင်း၊

မည်သည့်စာကိုပင် သင်ယူရသည်ဖြစ်စေ၊ ဘာသာဋီကာစာအုပ် မရှိသေးလျှင်သာ လက်လျှော့၍ ဘာသာဋီကာရှိပြီးဖြစ်လျှင် မရမနေ ရှာဖွေဖတ်ရှု လေ့လာရမှ စိတ်အာသာပြေ၍ အားရိုတတ်ပြီး ဘာသာဋီကာ စာအုပ်ကို မဖတ်ရသေးလျှင် အသိမပြည့်စုံသေးဟုပင် စွဲလာတတ်ကြောင်း၊

အနိမ့်ဆုံးစာမေးပွဲမှ အမြင့်ဆုံးစာမေးပွဲအထိ အောင်မြင်ခဲ့သမျှ အောင်ပွဲအားလုံးသည် မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ကျမ်းစာများနှင့် ကင်း၍ အောင်ခဲ့သောပွဲဟူ၍ မရှိသလောက်ပင် ဖြစ်ကြောင်း၊

မှတ်သားဖွယ် အဓိပ္ပာယ် အသစ်အဆန်းတစ်ခုခု တွေ့ရလျှင်ပင် မဟာဂန္ဓာရုံဆရာတော်ကြီး၏ ရှင်းရှင်းလင်းလင်း မိန့်ကြားချက်ကို ဆက်လက်၍ ဖတ်ရှုလေ့လာလိုသော ဆန္ဒ အမြဲ ဖြစ်နေတတ်ကြောင်း၊

http://www.dhammadownload.com

မဟာဂန္ဓာရုံဆရာတော်ကြီး၏ ရတနာဂုဏ်ရည်၊ အနာဂတ်သာသနာရေး၊ ကိုယ်ကျင့်အဘိမန္မာ၊ ဘုရားဥပဒေတော်ကြီး၊ ဘာသာသွေး စသော စိတ်ဓာတ်နှင့် အကျင့်ပိုင်းဆိုင်ရာ ကျမ်းစာများဖြင့် မိမိ၏ အသိစိတ်ကို သန့်စင်မြှင့်တင်နိုင်ခွင့်ရခဲ့ပြီး သာသနာ့ကိစ္စ အားလုံး၌ လောကပကာသနမဖက်၊ ဓမ္မပကာသနသက်သက်ဖြင့် သန့်ရှင်းစွာ လုပ်ကိုင်တတ်လာကြောင်း၊ အချိန်နှင့် အင်အားဖြုန်းတီးမှုကိုလည်း ထိန်းချုပ်တတ်လာကြောင်း၊

အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်တိုင်း ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့် စံကျောင်းကလေးသို့ ဧကန် ရောက်အောင် သွား၍ ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကို အာရုံပြုကာ ရှိခိုးကန်တော့၍ ဓာတ်ကူးယူကြောင်း၊ မိမိ၏ စာသိ၊ ကျင့်သိ၊ သာသနာ့အသိအားလုံး မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ဓာတ်နှင့် ကင်းသည်ဟု မရှိခဲ့ကြောင်း၊ ဆရာတော်ကြီး၏ ဓာတ်ကသာ နေရာယူ ရှေ့ဆောင်ပေးနေခဲ့ကြောင်း မိန့်တော်မူသည်။

ယောဆရာတော်သည် မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ဓာတ်ကောင်းများကို အများဆုံး ကူးယူခြင်း ဖြစ်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ယောဆရာတော်၏ လောကပကာသန မဖက်၊ ဓမ္မပကာသနသက်သက်ဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ပုံ၊ ဝိနည်းလေးစားပုံ၊ အချိန်ကို တန်ဖိုးထားပုံ၊ ခန္ဓာကို အချိန်ပြည့် အသုံးချပုံ စသော လုပ်ငန်းကျင့်စဉ်များမှာ မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ လုပ်ငန်းကျင့်စဉ်များနှင့် တစ်ထပ်တည်း တူနေသည်ကို တွေ့ရသည်။

ယောဆရာတော်သည် မဟာဂန္ဓာရုံ ဆရာတော်ကြီး ရေးသားတော်မူသော စိတ်ဓာတ်နှင့် အကျင့်ပိုင်းဆရာ ကျမ်းစာများကို သာမဏေဘဝ၊ ရဟန်းငယ်ဘဝမှစ၍ ယနေ့ထိ ဖတ်ရှုလေ့လာ၍ ဆရာတော်ကြီး၏ ဓာတ်ကောင်းကို ကူးယူကာ သာသနာပြုလုပ်ငန်းများ

http://www.dhammadownload.com

ဆောင်ရွက်ရာ၌ ဆရာတော်ကြီး၏ လုပ်ငန်းကျင့်စဉ်အတိုင်း ဆောင်ရွက်တော်မူသည်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် ဝိနည်းသိက္ခာပုဒ်တော်များကို အထူးစောင့်စည်းရုံမျှမက အသက်ကိုပင် ပဓာနမထား၊ သာသနာအတွက် ကြိုးစားအားထုတ် ဆောင်ရွက်တော်မူသကဲ့သို့ ယောဆရာတော်သည်လည်း ဝိနည်းသိက္ခာပုဒ်တော်များကို အထူးစောင့်စည်းကာ အသက်ကို ပဓာနမထားဘဲ သာသနာအတွက် အချိန်ပြည့် အလုပ်လုပ်တော်မူသည်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် ခန္ဓာကို အလိုမလိုက်၊ ဒိမ်ခံပစ္စည်းများ လုံးဝမထား။ မွေ့ယာ ခုတင်ညောင်စောင်းဖြင့် ကျိန်းစက်ခြင်း မရှိ။ ဘုရားရှင်၏ အလိုတော်ကျ ခြိုးခြံစွာ ကျင့်သုံးနေထိုင်သကဲ့သို့ ယောဆရာတော်သည်လည်း ခန္ဓာကို အလိုမလိုက်၊ ဒိမ်ခံပစ္စည်းများ လုံးဝမထား။ မွေ့ယာ ခုတင်ညောင်စောင်းဖြင့် ကျိန်းစက်ခြင်း မရှိ၊ ဘုရားရှင်၏ အလိုတော်ကျ ခြိုးခြံစွာ ကျင့်သုံးနေထိုင်တော်မူသည်။

မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးသည် အများအကြိုက်ကို မလိုက်၊ မည်သူမျက်နှာမှ မကြည့်။ ရဟန်းရှင်လူများနှင့် အရောတဝင်မနေ၊ သာသနာ့ကိစ္စအားလုံး၌ လောကပကာသနမဖက်၊ ဓမ္မပကာသန သက်သက်ဖြင့် ဓမ္မလမ်းစဉ်အတိုင်းသာ လုပ်ကိုင်ဆောင်ရွက်တော်မူသကဲ့သို့ ယောဆရာတော်သည်လည်း အများအကြိုက်ကို မလိုက်၊ မည်သူမျက်နှာမှမကြည့်၊ ရဟန်းရှင်လူများနှင့် အရောတဝင် မနေ၊ လောကပကာသန မဖက်၊ ဓမ္မပကာသန သက်သက်ဖြင့် ဓမ္မလမ်းစဉ် အတိုင်းသာ လုပ်ကိုင်ဆောင်ရွက်တော်မူသည်။

မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးသည် ကျန်းမာရေးမကောင်းဖြစ်နေသော်လည်း စာဝါကို အပျက်မခံလိုသဖြင့် အောင့်အည်းသည်းခံ

http://www.dhammadownload.com

ကာ စာဝါကို ပို့ချတော်မူသကဲ့သို့ ယောဆရာတော်သည်လည်း တစ်ပတ်ခန့် လေချုပ်ပြီး ဝမ်းဗိုက်အောင့်နေသည့်ကြားက စာဝါကို လုံးဝ အပျက်မခံ။ ဝမ်းဗိုက်ကို လက်ဖြင့်နှိပ်၍ စာဝါကို ပို့ချတော်မူသည်။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် တပည့်သံဃာ့ ပရိသတ်များအား နေ့စဉ် အဆုံးအမ ဩဝါဒများ မိန့်ကြားတော်မူသကဲ့သို့ ယောဆရာတော်သည်လည်း တပည့်သံဃာ့ ပရိသတ်များအား နေ့စဉ် အဆုံးအမ ဩဝါဒများ မိန့်ကြားတော်မူသည်။ ဤသို့စသည်ဖြင့် စုံလင်အောင် ရေးသားရလျှင် ကုန်နိုင်ဖွယ်ရာ မရှိချေ။

ယောဆရာတော်သည် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ဓာတ်ကိုသာ ကူးယူသည် မဟုတ်။ တိပိဋကက မင်းကွန်းဆရာတော်ဘုရားကြီး၏ ဓာတ်ကိုလည်း ကူးယူတော်မူသည်။

တိပိဋကက မင်းကွန်းဆရာတော်ဘုရားကြီးသည် မိဘကျေးဇူးကို အထူး သိတတ်၍ အင်္ဂီအဝတ်အစားပါမကျန် ဘာမျှ လိုလေစိတ်မရှိအောင် မိဘကို ထောက်ပံ့၍ ကျေးဇူးဆပ်သကဲ့သို့ ယောဆရာတော်သည်လည်း မယ်တော်ကြီး ဒေါ်တုတ်ခိုင်ကို တစ်လလျှင် (၁၀) သိန်းကျပ်နှင့် စားသောက်ဖွယ်ရာမျိုးစုံတို့ကို နေ့စဉ် ပေးပို့ကာ ကျေးဇူးဆပ်တော်မူသည်။

တိပိဋကက မင်းကွန်းဆရာတော်ဘုရားကြီးသည် နိုင်ငံတော်အစိုးရမှ သံမဏိကျည်ကာ မော်တော်ကားတစ်စီး လျှုဒါန်းရာ လက်မခံဘဲ ပြန်လည် ပေးအပ်လိုက်သကဲ့သို့ ယောဆရာတော်သည်လည်း နိုင်ငံတော်အစိုးရမှ တန်ဖိုးကြီးသော မော်တော်ကားတစ်စီး လျှုဒါန်းမည်ဟု ကမ်းလှမ်းသည်ကို လက်မခံဘဲ ငြင်းပယ်တော်မူခဲ့သည်။

http://www.dhammadownload.com

တိပိဋ္ဌက မင်းကွန်းဆရာတော်ဘုရားကြီးသည် နိုင်ငံရပ်ခြားသို့ ကြွရောက်တော်မမူသကဲ့သို့ ယောဆရာတော်သည်လည်း နိုင်ငံရပ်ခြားသို့ ကြွရောက်တော် မမူ။

တိပိဋ္ဌက မင်းကွန်း ဆရာတော်ဘုရားကြီးသည် ဟိတ်ဟန်မာန်မာန မရှိ၊ ဂါရဝ နိဝါတတရား အမြဲ လက်ကိုင်ထားတော်မူသကဲ့သို့ ယောဆရာတော်သည်လည်း ဟိတ်ဟန်မာန်မာန မရှိ၊ ဂါရဝ နိဝါတတရား အမြဲ လက်ကိုင်ထားတော်မူသည်။

ယောဆရာတော် ဓာတ်ကောင်း ကူးယူခဲ့သော ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက် ဆရာတော်ကြီးများ၊ မြောင်းမြရွှေကျင် သာသနာပိုင် ဆရာတော်ကြီး၊ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တိုက်တည်ဆရာတော် အရှင်ဝါသဝါဘိဝံသ စသော ဆရာတော်ကြီးများထံမှ ကူးယူခဲ့သော ဓာတ်ကောင်းများကို ကုန်စင်အောင် ရေးသားရလျှင် ဆုံးတော့မည် မဟုတ်ပေ။

ယောဆရာတော်သည် ရှေးရှေးသော ပညာရှိသူတော်ကောင်းကြီးများ၏ အဆိုအမိန့် စကားများကို အထူးတန်ဖိုးထား၍ ကျင့်နည်းကြံနည်း အားထုတ်နည်းကိုလည်း နမူနာ ယူတော်မူသည်။ တပည့်သံဃာပရိသတ်များကို အဆုံးအမ ဩဝါဒ မိန့်ကြားတော်မူရာ၌ ထွဋ်ခေါင်ဆရာတော်ကြီးက မည်သို့ မိန့်ကြားကြောင်း၊ ဝေဘူဆရာတော်ကြီးက မည်သို့ မိန့်ကြားကြောင်း၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက မည်သို့ မိန့်ကြားကြောင်း၊ မြောင်းမြ သာသနာပိုင်ဆရာတော်ကြီးက မည်သို့ မိန့်ကြားကြောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်တည်ဆရာတော်ကြီးက မည်သို့ မိန့်ကြားကြောင်း စသည်ဖြင့် တပည့်သံဃာများ နမူနာယူစေရန် ထည့်ထည့် မိန့်ကြားတော်မူသည်။

ထို့အပြင် ရှေးအခါက သက်တော် ၈၀၊ ဝါတော် ၆၀ ရှိသည့် ကန္ဒရသာလ ဆရာတော်ကြီးသည် ရောဂါနှိပ်စက်ခံရသဖြင့် အော်ဟစ်

http://www.dhammadownload.com

ညည်းညူနေစဉ် တပည့်ရဟန်းက သတိပေးလိုက်၍ သတိရသွားကာ ခန္ဓာကို သတိညာဏ်စိုက် ရှုမှတ်လိုက်ရာ မကြာမီတွင် ရဟန္တာဖြစ်သွားသည့်အကြောင်း၊ သတိလွတ်နေစဉ်က အော်ဟစ် ညည်းညူရလောက်အောင် အသိသေနေ၍ သတိကပ်ပေးလိုက်သည့် အခါတွင်မူ ရဟန္တာဖြစ်လောက်အောင်ပင် အသိရှင်သန်လာကြောင်း၊

ရှေးအခါက တောထဲမှာ တရားအားထုတ်နေသည့် ရဟန်းတော် တစ်ပါး ကျားဆွဲခံရသည့်အခါ အဖော်ရဟန်းတော်များက နောက်က လိုက်သတိပေးကြ၍ ကျားစားခံရင်း ကျားပါးစပ်ကို ရိပ်သာအဖြစ် သဘောထား၍ နာကျင်ကိုက်ခဲသည့် ဝေဒနာကို ညည်းညူမနေဘဲ သတိမလွတ်၊ ဝီရိယမရပ်၊ ရှုမှတ်လိုက်တာ ကျားပါးစပ်ထဲတွင် ရဟန္တာ ဖြစ်သွားသည့်အကြောင်း၊

ရှေးအခါက တောထဲမှာ တစ်ပါးတည်း တရားအားထုတ်နေသည့် မဟာတိဿကြီးကို ခယ်မ၏ စေခိုင်းချက်အရ လူဆိုးများက ပေါင်နှစ်ဖက်ကို သွက်သွက်ခါ ကျိုးအောင် ရိုက်ချိုးလိုက်ကြသည်။ ထိုအခါ မဟာတိဿကြီးသည် နာကျင်ကိုက်ခဲသည့် ဝေဒနာကို သတိညာဏ်စိုက်၍ ရှုမှတ်လိုက်ရာ ညတွင်းချင်း ရဟန္တာ ဖြစ်သွားသည့် အကြောင်း၊ တပည့်သံဃာများ နမူနာယူစေရန် မကြာမကြာ မိန့်ကြားတော်မူသည်။

ယောဆရာတော် ကိုယ်တိုင်ကလည်း အကြောင်းဖောက်၍ ခန္ဓာနှိပ်စက်မှုကို ခံရပါက ကျားဆွဲခံရသည့် ရဟန်းအကြောင်းနှင့် ပေါင်ချိုးခံရသည့် မဟာတိဿကြီးအကြောင်းကို အမြဲ နှလုံးသွင်း ဆင်ခြင်နေဟန် တူပေသည်။ တပည့်ပရိသတ်များကိုလည်း ဤနည်း စနစ်များကို ကျင့်သုံးတတ်စေရန် ဆုံးမသွန်သင်တော်မူခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com

နိုင်ငံရပ်ခြားသို့ မကြွ

ယောဆရာတော်သည် နိုင်ငံရပ်ခြား တိုင်းပြည်များကို နတ်ပြည်ဟု တင်စား ပြောဆိုသည်။ လောကအမြင်ဖြင့် ကြည့်လျှင် ပျော်စရာကောင်းသောကြောင့် အထူးအဆန်းများ ပေါများသောကြောင့် အခြားနိုင်ငံများကို နတ်ပြည်ဟု တင်စားထားခြင်း ဖြစ်ပေလိမ့်မည်။ နိုင်ငံခြားမှ မြန်မာပြည်သို့ ခေတ္တခဏ ပြန်လာကြသော ဒကာဒကာမများ ယောဆရာတော်ထံ ဖူးမြော်ကန်တော့ရန် ရောက်လာကြသည့်အခါ ယောဆရာတော်မှ "ဒကာကြီးတို့၊ ဒကာမကြီးတို့ နတ်ပြည်က ဆင်းခဲ့ကြပြီလား။ နတ်ပြည်ကို ဘယ်တော့ ပြန်တက်မှာလဲ" ဟု မိန့်တော်မူလေ့ ရှိသည်။

ယောဆရာတော်ကို အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ သီရိလင်္ကာစသော တိုင်းပြည်များက မကြာမကြာ လာရောက် ပင့်ကြသည်။ **"ဘုန်းကြီးအိုကြီးက နတ်ပြည်ကို ဆိုလို့ ဘယ်မှ မကြွဘူးဗျ။ လူပြည်မှာပဲ နေပါတယ်ဗျ"** ဟု မိန့်၍ အကြိမ်များစွာ ငြင်းပယ်တော်မူခဲ့သည်။ ငြင်းဆန် မရတော့သဖြင့် မတတ်သာလွန်း၍ လိုက်ခဲ့ရသော ၂ နေရာ ရှိသည်။

ပထမခရီးမှာ ၁၃၅၉-ခုနှစ် ကဆုန်လတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ပိဋ္ဌကသုံးပုံ ပူဇော်ပွဲအတွက် တာဝန်ခံ ထိုင်းဆရာတော်ကြီးများကိုယ်တိုင် မရမက အတင်းလာပင့်သောကြောင့် အားနာပါးနာ လိုက်သွားခဲ့ရသည်။ အဘိဓမ္မာအနှစ်ချုပ် "တရားအသိ လူ့မျက်စိ" ဟူသော တရားကို ဟောကြားပေးခဲ့ပြီး ပဋ္ဌာန်း ပဌာဝါရပါဠိတော်ကိုပါ ရွတ်ပေးတော်မူခဲ့ရသည်။ တရားကို ၁ နာရီကျော်ကြာ ဟောကြားပေးပြီး အနားသို့ လာရောက်မေးမြန်းကြသဖြင့် ဖြေပေးရသည်မှာကား ၂ နာရီကျော်ပင် ကြာသွားခဲ့သည်။

http://www.dhammadownload.com

ဒုတိယပြည်ပခရီး ၁ နေရာမှာ သာသနာရေးဦးစီးဌာန၏ မေတ္တာရပ်ခံ တောင်းပန်မှုကြောင့် လာအိုခေါ် လောနိုင်ငံသို့ အားနာပါးနာ လိုက်သွားခဲ့ရသော ခရီးဖြစ်သည်။ ထို ၂ နေရာသို့သာ ကြွဖူးပြီး အခြားမည်သည့်နိုင်ငံမှ မကြွရောက်ပေ။

ဆရာ့ကျေးဇူး အထူးသိတတ် တပည့်မြတ်

တိပိဋက ယောဆရာတော်သည် ငယ်စဉ်အခါမှစ၍ မိဘ ဆရာသမားများ၏ ကျေးဇူးကို အထူးသိတတ်သည်။ ကျေးဇူးရှင်၏ ကျေးဇူးကို ဆပ်ပေးရန် အခွင့်အခါကို စောင့်မျှော်နေတတ်သည်။ ဆရာသမားများ၏ ကျေးဇူးကို အမြဲ အမှတ်ရနေသည်။ ငယ်ဆရာအရင်း ဖြစ်သော ဦးသာကိန္ဒ (သိရီပဝရမ္မာစရိယ)သည် ယောနယ် ကန်ရွာ ဇာတိ ဖြစ်သော်လည်း ကံကစီမံပေးသည့်အတိုင်း ဝေးလံခေါင်းပါး သော ဇလွန်မြို့နယ် အေးရွာတောင်ကျောင်း၌ ကျောင်းထိုင် သာသနာ ပြုနေရသည်။

၁၃၂၈-ခုနှစ် တပို့တွဲလတွင် ဓမ္မာစရိယ နှစ်ကျမ်းလည်း စွဲပြီး၍ စေတိယင်္ဂဏ စာသင်တန်းလည်း အောင်မြင်ပြီးသော တပည့်ဖြစ်သူ တိပိဋက ယောဆရာတော်လောင်းလျာ အရှင်သိရိန္ဒ သည် ဆရာ့ကျေးဇူးကို အမှတ်ရ၍ ဆရာရင်းနှင့် တွေ့ဆုံရန် ဇလွန်မြို့နယ် အေးရွာ တောင်ကျောင်းသို့ သွားရောက် တွေ့ဆုံသည်။ ထိုအချိန်က တပည့်ဖြစ်သူ အရှင်သိရိန္ဒသည် ရန်ကုန်သို့ မရောက် သေး၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ပင် ရှိနေသေးသည်။ ဆရာတပည့် ကွဲကွာပြီး၍ ၅ နှစ်အကြာတွင် ပထမဆုံး ပြန်လည် တွေ့ဆုံရခြင်း ဖြစ်သည်။

ပညာရေး၊ နေရေးထိုင်ရေး၊ ကျန်းမာရေး စသည် အဆင်ပြေ၊ မပြေ ဆရာတပည့် မေးမြန်းဆွေးနွေး၍ တပည့်ဖြစ်သူသည် ၃

http://www.dhammadownload.com

ညမျှနေပြီး မန္တလေးသို့ ပြန်သွားခဲ့သည်။ ထို့နောက် နှစ်ပေါင်း အတော်ကြာသည်အထိ ဆရာတပည့် ပြန်မတွေ့ကြရတော့ချေ။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်က တစ်ကြောင်း၊ ခရီးကွာဝေးသည်က တစ်ကြောင်းမို့ ဆရာကလည်း တပည့်ထံ မသွားရောက်နိုင်။ တပည့်ကလည်း ဆရာ့ထံ မသွားရောက်နိုင် ဖြစ်ခဲ့သည်။ လူချင်း ဝေးကွာနေသော်လည်း စိတ်ချင်း နီးစပ်နေသည်။ ဆရာဖြစ်သူက တပည့်၏ သတင်းကောင်းများကို အမြဲ နားစွင့်နေသည်။ တပည့်ဖြစ်သူကလည်း ဆရာသမား၏ ဂုဏ်ကျေးဇူးကို အမြဲအမှတ်ရနေသည်။

ဆရာဖြစ်သူသည် စာပေသင်ကြားပေးစဉ်ကတည်းက တပည့် အရှင်သိရိန္ဒ၏ အရည်အချင်းကို အကြင်းမဲ့ ယုံကြည်အားရပြီးဖြစ်၍ စာမေးပွဲများ အောင်စာရင်းထွက်ချိန်၌ အောင်စာရင်းတွင် တပည့်ဖြစ်သူ သာမန်အောင်သည်လောက်ကို မမျှော်မှန်း။ နံပါတ်တစ်ဖြင့် အောင် မအောင်ကိုသာ စိတ်ဝင်တစား နားစွင့်နေသည်။ ဆရာ မျှော်မှန်းထား သည့်အတိုင်း "အရှင်သိရိန္ဒသည် ဓမ္မာစရိယစာချတန်း၌ တစ်နိုင်ငံလုံး နံပါတ်တစ် အမှတ်အများဆုံးရ၍ အဂ္ဂမဟာအကျော် ဖြစ်သွားကြောင်း" ဝမ်းသာစရာသတင်းကို ကြားရတော့သည်။

"အရှင်သိရိန္ဒသည် စေတိယင်္ဂဏ စာချတန်းလည်း ပြီးသွားပြီဖြစ်ကြောင်း၊ မြန်မာဂုဏ်ထူးတန်းနှင့် ပါဠိဂုဏ်ထူးဆောင်ကျမ်းများကို အောင်မြင်၍ "သိရီပဝရ ဓမ္မာစရိယ" ဘွဲ့နှင့် "ပါဠိပါရဂူ" ဘွဲ့များပင် ရရှိသွားပြီဖြစ်ကြောင်း ဝမ်းသာစရာသတင်းများ အဆက်မပြတ် ကြားရသောအခါ "ငါ့တပည့် တော်လှချည်လားဟဲ့" ဟု တပည့်ဖြစ်သူကို အာရုံပြု၍ ကြည်နူးဝမ်းသာနေရသည်။ နောက် မကြာမီကာလတွင် "အရှင်သိရိန္ဒသည် နာမည်ကျော် မန္တလေး သကျသီဟ စာမေးပွဲကို စာသင်တန်းရော စာချတန်းပါ နှစ်မျိုးလုံး နံပါတ်တစ်ကချည်း အောင်မြင်သွားပြီဖြစ်ကြောင်း၊ ဝိနည်းပိဋကတ

http://www.dhammadownload.com

၁ ပုံကိုလည်း အာဂုံရော ရေးဖြေပါ တွဲလျက် အောင်မြင်ကြောင်း'' ကြားရသောအခါ ''ငါ့တပည့် လုပ်လှချည်လားဟဲ့'' ဟု အံ့ဩဝမ်းသာ မဆုံးနိုင်တော့ချေ။

''အဘိဓမ္မပိဋကလည်း အောင်မြင်သွားပြီဖြစ်ကြောင်း၊ သုတ္တန္တပိဋကကိုလည်း အောင်မြင်သွားပြီဖြစ်ကြောင်း၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်ကြီးကိုပင် ရရှိသွားပြီဖြစ်ကြောင်း'' ကြားရသောအခါ ဆရာဖြစ်သူသည် ''ငါ့တပည့် တော်လိုက်တာ၊ အပင်ပန်းခံ သင်ကြားပေးခဲ့ရကျိုး နပ်လိုက်တာ'' ဟု စုတ်တသပ်သပ်ဖြင့် ကြက်သီးဖြန်းဖြန်းထ ဖြစ်သွားရခဲ့သည်ဟု သိရသည်။ တပည့်ဖြစ်သူ အရှင်သိရိန္ဒ၏ အရည်အချင်းကို ယုံကြည်၍ ဆရာဖြစ်သူသည် အဝေးမှနေ၍ တပည့်၏ကောင်းသတင်းကို နားစွင့်နေခြင်းဖြစ်သည်။ ကောင်းသတင်းများ ထပ်ခါထပ်ခါ ကြားနေရသဖြင့် ဝမ်းသာဂုဏ်ယူ၍ မဆုံးနိုင်တော့ပေ။

တိပိဋက ပြီးသွားချိန်တွင် အရှင်သိရိန္ဒာဘိဝံသကို ''ယောဆရာတော်'' ဟု ခေါ်ကြကြောင်း ကြားသိရသည့်အခါ **''ယောဆရာတော်ကြောင့် ယောနယ် ဂုဏ်တက်တော့မည်''** ဟု တွေးမိကာ ကြည်နူးဝမ်းသာ ဖြစ်ရပြန်သည်။ တိပိဋက ယောဆရာတော်သည် ၁၃၄၆ ခုနှစ် တိပိဋက စာမေးပွဲကြီး ပြီးဆုံးအောင်မြင်ပြီးနောက် ၁၃၄၇ ခုနှစ် သီတင်းကျွတ်လတွင် သာမဏေဘဝက ကန်တော်ရွှေ့ အခြေခံကျမ်းစာတို့ကို စနစ်တကျ ပို့ချပေးခဲ့ဖူးသည့် ဆရာရင်းဖြစ်သူ ဦးသာကိန္ဒ (သိရီပဝရဓမ္မာစရိယ) နေထိုင်ရာ အေးရွာတောင်ကျောင်းသို့ သွားရောက်၍ ပစ္စည်းမျိုးစုံတို့ဖြင့် ပူဇော်ကန်တော့ခဲ့သည်။ တိပိဋက ဂုဏ်ဖြင့် ကျေးဇူးဆပ်ခြင်းလည်း ဖြစ်သည်။

http://www.dhammadownload.com




မဟောသဓဆောင်



ရာပြည့်ဆောင်

http://www.dhammadownload.com



လက်ပန်ရွာ တိပိဋကမေတ္တာဆေးခန်း



လက်ပန်ရွာ အခြေခံပညာအထက်တန်းကျောင်း

http://www.dhammadownload.com





http://www.dhammadownload.com

ထေရဝါဒဓမ္မရောင်ခြည်စာသင်တိုက် (ဒဂုံမြို့သစ်မြောက်ပိုင်း)



ထေရဝါဒဓမ္မရတနာကျောင်းဆောင်တော်ကြီး



ထေရဝါဒဓမ္မဝိသောဓနီသိမ်တော်ကြီး

ထေရဝါဒမဟာရောင်ခြည်စာသင်တိုက် (ဒဂုံမြို့သစ်မြောက်ပိုင်း)



ထေရဝါဒမဟာဘောဇနကျောင်းဆောင်တော်ကြီး

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com





http://www.dhammadownload.com

http://www.dhammadownload.com

တပည့်ကြောင့် ဆရာနာမည်ကြီးခဲ့

ဦးသာကိန္ဒ (သိရီပဝရဓမ္မာစရိယ) နေထိုင်ရာ ဇလွန်မြို့အေးရွာ ဒကာဒကာမများသည် တိပိဋကက ယောဆရာတော်ကို အလွန်ကြည်ညိုကြသဖြင့် တရားဟောပင့်ထားရာ တရားလည်းဟောရင်း ဆရာသမားကိုလည်း ပူဇော်ကန်တော့ရင်း ဆရာ့ထံသို့ သွားသည်။ ထိုအခါ "အေးရွာတောင်ကျောင်း ဆရာတော် ဦးသာကိန္ဒ (သိရီပဝရဓမ္မာစရိယ)ကို တိပိဋကက ယောဆရာတော် လာရောက်ပူဇော်သတဲ့" ဟူသောသတင်းသည် ဇလွန်မြို့နယ်အတွင်း ပြန့်နှံ့သွားသဖြင့် တောကြိုတောင်ကြား၌ ရိုးရိုးကုတ်ကုတ် နေတတ်သော ဆရာဖြစ်သူသည် တပည့်ဖြစ်သူ၏ ကောင်းသတင်းကြောင့် နာမည်ကြီးပြီး ရဟန်းရှင်လူ အသိများလာသည်ဟု သိရသည်။ တပည့်ကြောင့် ဆရာမျက်နှာပန်း ပွင့်သွားခဲ့ရသည်။ တပည့်ကြောင့် ဆရာဂုဏ်တက်သွားခဲ့ရသည်။ တပည့်ကြောင့် ဆရာ နာမည်ကြီးခဲ့ရသည်။ "တိပိဋကက ယောဆရာတော်ရဲ့ ဆရာတဲ့" ဟူသော အရှိန်အဝါဖြင့် ရဟန်းရှင်လူအကြား၌ တင့်တယ်ထည်ဝါခဲ့ရသည်။

ဟင်္သာတ မိုးကောင်းကျောင်းတိုက် ဆရာတော်သည်လည်း အေးရွာတောင်ကျောင်းသို့ တိပိဋကက ယောဆရာတော် ရောက်နေသတဲ့ ဟူသောသတင်းကို ကြား၍ ယောဆရာတော်ကို ကြားရုံသာကြားဖူး၍ မမြင်တွေ့ဖူးသဖြင့် လာရောက်တွေ့ဆုံသည်။ ပြန်ခါနီး၌ **"ဝိဋကသုံးပုံကို အသံထွက်မကျက်ဘဲ စိတ်နဲ့သာ အသံတိတ်ကျက်မှတ်ပြီး တိပိဋကဘွဲ့ကို ရသူဆိုလို့ ယောဆရာတော်တစ်ပါးပဲ ကြားဖူးတယ်"** ဟု မှတ်ချက်ချ မိန့်ကြားတော်မူသွားသည်။

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါန်း



ချီးမြှင့်ပေးကမ်း မေတ္တာစွမ်း

http://www.dhammadownload.com

http://www.dhammadownload.com

စိန်ရတုနှင့် စိန်ရတုကျောင်းဆောင်

တိပိဋကက ယောဆရာတော်သည် ဆရာသမားကို ကျေးဇူးဆပ်လိုသဖြင့် ငယ်ဆရာအရင်းဖြစ်သော ဦးသာကိန္ဒ (သိရီပဝရမဟာစရိယ)ကို ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ပင့်ဆောင်၍ ၁၃၆၇-ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် ဆရာသမား၏ သက်တော် ၇၅ နှစ်ပြည့်မွေးနေ့ စိန်ရတုအလှူပွဲကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ပေးပြီး ဆရာသမားအား လှူဒါန်းဖွယ်မျိုးစုံတို့ဖြင့် လှူဒါန်းပူဇော်ခဲ့သည်။

ထို့နောက် တိပိဋကက ယောဆရာတော်သည် ဆရာအရင်းဖြစ်သူအား "ဆရာတော်မှာ သက်တော်ဝါတော် ကြီးရင့်လာနေပြီဖြစ်ကြောင်း၊ဆွေတော်မျိုးတော်များရှိသည့် ယောနယ်ဇာတိကန်ရွာ၌သာသီတင်းသုံးရန် သင့်လျော်ပါကြောင်း၊ ဆရာတော် သီတင်းသုံးရန် စိန်ရတုကျောင်းဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းပေးမည်ဖြစ်ကြောင်း" လျှောက်ထား၍ စိန်ရတုကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းကာ ဆရာဖြစ်သူအား ကန်ရွာသို့ ရအောင်ပင့်၍ စိန်ရတုကျောင်းဆောင်၌ သီတင်းသုံးစေပြီး လိုအပ်သမျှကို ပံ့ပိုးပေးသည်။

http://www.dhammadownload.com

ဆရာတော် ဦးသာကိန္ဒ (သိရီပဝရ ဓမ္မာစရိယ)သည် ''တိပိဋက ယောဆရာတော်ကဲ့သို့သော တပည့်အကျော်အမော် တစ်ပါးတလေများ နောက်ထပ် ထွက်လာလေဦးမလား'' ဟူသော မျှော်လင့်ချက်ဖြင့် ယောဆရာတော် လှူဒါန်းထားသောကျောင်းကို စာသင်တိုက်အဖြစ် ဖွင့်လှစ်ရန် စာချဆရာသုံး စာအုပ်များ၊ စာသင်သားသုံး စာအုပ်များ၊ အများအပြား မှာယူစုဆောင်း၍ စာသင်တိုက်ဖွင့်လှစ်ရန် ကြိုးစား အားခဲနေစဉ် ရောဂါက မထင်မှတ်ဘဲ ဝင်ရောက်လာ၍ စာသင်တိုက် ဖွင့်လှစ်ရန်အစီအစဉ်ကိုရော ဆရာတော်ကြီး၏ခန္ဓာကိုပါ နှောင့်ယှက် ဖျက်ဆီးလေတော့သည်။

တိပိဋက ယောဆရာတော်သည် ဆရာ့ထံ စွဲကပ်နေသော ရောဂါကို အကုန်အကျခံကာ ဆေးဝါးမျိုးစုံတို့ဖြင့် ခုခံကာကွယ် တိုက်ဖျက်ကုသပေးပါသော်လည်း ၁၃၇၁-ခုနှစ် ဝါခေါင်လပြည့်နေ့ သက်တော် ၈၀ အရောက်မှာပင် တစ်ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူခဲ့ရ သည်။ တိပိဋက ယောဆရာတော်သည် ဆရာ၏ ဂုဏ်ကျေးဇူးကို အထူးအာရုံပြု၍ ဆရာ၏ သက်တော် ၈၀ ပြည့်၊ ပတ္တမြားရတု အထိမ်းအမှတ်အဖြစ် လက်ဆွဲအိတ် (၉၀)၊ သင်္ကန်းအစုံ (၉၀) စသော လှူဒါန်းဖွယ်ရာများ လှူဒါန်း၍ ကျေးဇူးဆပ်ခဲ့သည်။

ပတ္တမြားရတုနှင့် လေးထပ်ဆွမ်းစားကျောင်းဆောင်

တိပိဋက ယောဆရာတော် မန္တလေးမြို့၌ ပညာသင်ကြားစဉ် အခါက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ ရန်ကုန်မြို့ မဟာ ဝိသုဒ္ဓါရုံတိုက်သစ်သို့ ပညာသင်ယူရန် ပို့ဆောင်အပ်နှံပေးခဲ့ဖူးသော သံတော်ဆင့်ဆရာတော် ဦးတိလောကဓ၏ ဂုဏ်ကျေးဇူးကို မမေ့သော အားဖြင့် တိပိဋက ယောဆရာတော်သည် သံတော်ဆင့် ဆရာတော်၏ သက်တော် ၈၀ ပြည့်မွေးနေ့ ပတ္တမြားရတုကို ထိုက်ထိုက်တန်တန် ပြုလုပ်လှူဒါန်းပေးကာ ကျေးဇူးဆပ်ခဲ့သည်။ ယောဆရာတော်၏

http://www.dhammadownload.com

သက်တော် ၆၆ နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် သံတော်ဆင့် ကျောင်း၌ သိပ္ပါလယ လေးထပ် ဆွမ်းစားကျောင်းဆောင်ကိုလည်း သိန်း ၆၆၆ သိန်း မတည်လှူဒါန်းပေး၍ ကျောင်းရေစက်ချပွဲကိုပါ ခမ်းနားစွာ ပြုလုပ်လှူဒါန်းပေးခဲ့သည်။

ယောဆရာတော် မန္တလေးသို့ရောက်တိုင်း သံတော်ဆင့် ဆရာတော် ဦးတိလောကထံ ဝင်ရောက်၍ နဝကမ္မ ၁ သိန်းကျပ်နှင့် လှူဒါန်းဖွယ်ရာများ လှူဒါန်း၍ ကျေးဇူးဆပ်ခဲ့သည်။ သံတော်ဆင့် ဆရာတော် ဦးတိလောကထံ စာဝါလည်း မလိုက်ခဲ့ဖူးပါ၊ ဆရာလည်း မတော်ခဲ့ပါ။ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်သို့ရောက်အောင် ပို့ဆောင် အပ်နှင်းပေးခဲ့သော ကျေးဇူးတရားများကို အထူးနားလည်၍ ကျေးဇူးဆပ်သောအားဖြင့် ဤကဲ့သို့ လှူဒါန်းကာ ကျေးဇူးဆပ်နေခြင်း ဖြစ်သည်။

ယောဆရာတော်သည် ကျေးဇူးရှိခဲ့ဖူးသော ပုဂ္ဂိုလ်များကို ကျေးဇူးဆပ်ရန် အမြဲ စဉ်းစားနေသည်။

မိဘကျေးဇူး အထူးသိတတ် ရဟန်းမြတ်

တိပိဋကဓရ ယောဆရာတော်သည် မယ်တော်ကြီး ဒေါ်တုတ်ခိုင်ကို (ဦးလေးဖြစ်သူ ဦးမောင်သန်းနှင့်အတူ) ရန်ကုန်မြို့သို့ ခေါ်ယူ၍ နေအိမ်တိုက်ခန်းပေးပြီး အာမိသ,ဓမ္မနှစ်မျိုးဖြင့် အနီးကပ် ကျေးဇူးဆပ်တော်မူသည်။ တရားအားထုတ်နိုင်အောင်၊ အလှူလုပ်နိုင်အောင်၊ ကုသိုလ်ပြုနိုင်အောင် အထူးဆောင်ရွက်ပေးတော်မူ၍ နေ့စဉ် လိုအပ်သော စားသောက်ဖွယ်ရာများ၊ ဆေးဝါး အသုံးအဆောင်များ၊ ပေးကမ်း လှူဒါန်း ကျေးဇူးဆပ်တော်မူသည်။ အထူးလိုအပ်လျှင် လိုအပ်သလို အချိန်အခါနှင့် အခြေအနေကိုကြည့်၍ လိုအပ်သည်များကို ဖြည့်ဆည်း

http://www.dhammadownload.com

ပေးတော်မူသည်။ မယ်တော်ကြီး စိတ်ချမ်းသာစေရန် ဦးလေးဖြစ်သူ ဦးမောင်သန်း၊ ညီမဖြစ်သူ သီလရှင် ဒေါ်ပညာနန္ဒီနှင့် တူမများကိုပါ ခေါ်စေ၍ အတူနေစေသည်။ မိသားစုအားလုံးအတွက် လိုအပ်သမျှကို ယောဆရာတော်က တာဝန်ယူထားသည်။

မယ်တော်ကြီးအတွက် တစ်လလျှင် ၁၀ သိန်းကျပ်နှင့် လိုအပ်မည်ထင်သည့် ပစ္စည်းများကို ပေးကမ်းလှူဒါန်း၍ ကျေးဇူးဆပ်တော်မူသည်။ စားသောက်ဖွယ်ရာများကိုကား နေ့စဉ်မပြတ် လှူဒါန်းပေးပို့တော်မူသည်။ မယ်တော်ကြီးကို အနီးကပ် ပြုစုနေသော ညီမဖြစ်သူ သီလရှင် ဒေါ်ပညာနန္ဒီအား တစ်လလျှင် ၂ သိန်းကျပ်၊ ရွာ၌နေကြသော မယ်တော်ကြီး၏ သမီးများနှင့် မြေးများကို အလှည့်ကျစီခေါ်၍ မယ်တော်ကြီးကို ပြုစုစေပြီး တစ်လလျှင် ၄ သိန်းကျပ်လစဉ် ချီးမြှင့်ပေးတော်မူသည်။ မယ်တော်ကြီး စိတ်ကြည်နူး၍ ပျော်ရွှင်စေရန် သမီးများနှင့်မြေးများကို တစ်လ တစ်ကြိမ်ခန့် အပြောင်းအလဲလုပ်ကာ ဆု-လခများချီးမြှင့်ပေးပြီး ခေါ်ထားခြင်း ဖြစ်သည်။

မယ်တော်ကြီးသည် အသက် ၉၆ နှစ်ရှိပြီ ဖြစ်သော်လည်း နားအနည်းငယ် လေးသည်မှလွဲ၍ ကျန်းမာရေး ကောင်းမွန်နေဆဲ၊ ကုသိုလ်အလုပ် တရားအလုပ်များ ပြုလုပ် အားထုတ် နိုင်ဆဲ ဖြစ်သည်။ ယောဆရာတော်မှ လစဉ် ၁၀ သိန်းကျပ်ဖြင့် ကျေးဇူးဆပ် လှူဒါန်းသော နဝကမ္မများကို မယ်တော်ကြီးသည် လိုအပ်သည့် နေရာများသို့ လှူဒါန်းနေသည်။

တစ်ချိန်တွင် မယ်တော်ကြီးသည် ချောင်းဆိုးရင်ကျပ်ဖြစ်၍ တစ်ညလုံး မအိပ်ရဟု သိရသည်။ နံနက် မိုးလင်းသောအခါ သမီးဖြစ်သူ သီလရှင် ဒေါ်ပညာနန္ဒီအား ငွေကျပ် ၁၀ သိန်း အထုတ်ခိုင်း၍ သူ့ကို "ဆရာတော်ထံ ပို့ပေးပါ၊ ဆရာတော်ထံ ငွေ ၁၀ သိန်း

http://www.dhammadownload.com

လျှုဒါန်းချင်တယ်။ အခု ပို့ပေးပါ'' ဟု တစာစာ တောင်းဆိုနေ၍ သမီးဖြစ်သူ သီလရှင် ဒေါ်ပညာနန္ဒီက ယောဆရာတော်ထံ ပို့ပေးသည်။

ယောဆရာတော်ထံ ရောက်သည့်အခါ **''တပည့်တော် သေတော့မှာနဲ့ တူတယ်ဘုရား၊ အသေထက် ကုသိုလ်က လက်ဦးအောင်လို့ ဒီမှာ နဝကမ္မ ၁၀ သိန်းကျပ် ကျောင်းတိုက် ပဒေသာပင် အတွက် လှူဒါန်းပါတယ် ဘုရား''** ဟု ပင်ပန်းနွမ်းနယ်နေသည့် လေသံဖြင့် လျှောက်လေသည်။ ထိုအခါ ယောဆရာတော်က ပြုံးတော်မူပြီး ''မသေသေးပါဘူး မယ်တော်ကြီး... စိတ်အားကို လျှော့မပစ်ပါနဲ့၊ တင်းထားပါဦး'' ဟု မိန့်လေသည်။

မယ်တော်ကြီးသည် ၉၆ နှစ်ရှိပြီဖြစ်သော်လည်း သတိဉာဏ် ကောင်းသည်။ သူ အရင်ကသိထားသောလူများနှင့် တွေ့လျှင် နာမည်ကို တန်းခေါ်နိုင်သည်။ အချိန်ကိုတန်ဖိုးထား၍ တရားဘာဝနာကို အချိန်ရှိသရွေ့ ပွားများအားထုတ်သည်။ မရဏာနုဿတိကမ္မဋ္ဌာန်းကို များများအားထုတ်ဟန် တူသည်။ နေမကောင်း ထိုင်မကောင်း ဖြစ်လာပြီဆိုလျှင် ကုသိုလ်က လက်ဦးအောင် ရှိသည့် ပစ္စည်းဝတ္ထုကို ကျောင်းကန်ဘုရားသို့ အလှူခိုင်းတော့သည်။

တိပိဋကဓရ ယောဆရာတော်သည် မယ်တော်ကြီး ချမ်းချမ်းသာသာ တရားအားထုတ်နိုင်ရန် ဘာမျှလိုအပ်သည်မရှိရအောင် အစွမ်းကုန် ကျေးဇူးဆပ်တော်မူနေသည်။ မိဘကျေးဇူးကို သိတတ်သော၊ သိသည့်အားလျော်စွာ အထူးကျေပွန်စွာ ကျေးဇူးဆပ်သော သားကောင်းသားမြတ်နှင့် တွေ့ဆုံရသော မယ်တော်ကြီး ဒေါ်တုတ်ခိုင်သည် အထူး ကံကောင်းလှပေသည်။

http://www.dhammadownload.com

ချီးမြှင့်ပေးကမ်း မေတ္တာစွမ်း

ယောဆရာတော်သည် မွေးရပ်မြေဖြစ်သော ဂန့်ဂေါမြို့နယ် လက်ပန်ရွာကို အရာရာ ပြည့်စုံအောင်၊ ပြည့်စုံသည်ထက်ပင် ပိုလျှံအောင် ကြည့်ရှုစောင့်ရှောက်ကာ အားလုံးဆောင်ရွက်ပေးတော်မူသည်။

လက်ပန်ရွာ၌ နှစ်ထပ် ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံကြီး ဆောက်လုပ် လှူဒါန်းပေးခြင်း၊ စေတီတော်နှင့် ဘုရားရင်ပြင် တံတိုင်း၊ ရပ်ကွက်တိုင်း ရေတွင်း ၅ တွင်းစီ၊ စာကြည့်တိုက်၊ မီးစက်နှင့် လက်ပန်ရွာ မူလတန်းကျောင်းကို တွဲဖက်အလယ်တန်းကျောင်း ဖြစ်အောင် ကူညီဆောင်ရွက်ပေးခြင်း၊ တွဲဖက်အလယ်တန်း ကျောင်းဝင်းထဲ၌ ခန့်ညားထည်ဝါသည့် နှစ်ထပ် စာသင်ဆောင်ကြီး နှစ်ဆောင် ဆောက်လုပ်လှူဒါန်းပေးခြင်း၊ သင်ထောက်ကူ ပစ္စည်းမျိုးစုံ တပ်ဆင် လှူဒါန်းပေးခြင်း၊ တွဲဖက်အလယ်တန်းကျောင်းကို မကြာမီ တွင် နိုင်ငံတော် အစိုးရက အခြေခံပညာ အလယ်တန်းကျောင်း အဖြစ် တိုးမြှင့်ပေးလိုက်၍ ယောဆရာတော်မှ ဒုတိယ နှစ်ထပ် စာသင်ဆောင်ကြီးနှင့် ဝန်ထမ်းဆောင် ၁ ဆောင်ကိုပါ ဆောက်လုပ် လှူဒါန်းပေးတော်မူခဲ့သည်။

အစိုးရ အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့် ပေးပြီး၍ တစ်နှစ်ပြည့်သောအခါ နိုင်ငံတော်အစိုးရမှ အစိုးရ အခြေခံပညာ အထက်တန်း ကျောင်းခွဲအဖြစ် ထပ်မံတိုးမြှင့်ပေးပြန်ရာ ယောဆရာတော်မှ တတိယ ၂ ထပ် စာသင်ဆောင်ကြီး ၁ ဆောင်၊ စတုတ္ထ ၂ ထပ် စာသင်ဆောင်ကြီး ၁ ဆောင် ဆောက်လုပ် လှူဒါန်း ပေးတော်မူခဲ့သည်။

အစိုးရ အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့် ပေးပြီး၍ တစ်နှစ်ခွဲကြာသောအခါ နိုင်ငံတော်အစိုးရမှ အခြေခံပညာ

http://www.dhammadownload.com

အထက်တန်းကျောင်းအဖြစ် ထပ်မံတိုးမြှင့်ပေးလိုက်ရာ ယောဆရာတော်မှ ပဉ္စမ ၂ ထပ် ကျောင်းဆောင်ကို ဆောက်လုပ် လှူဒါန်းပေးတော်မူပြီး ကျောင်းဝင်းတံတိုင်း မုခ်ဦး ကျောင်းဝင်းအတွင်း ရေတွင်း၊ ရေကန်၊ ရေစင်၊ သန့်စင်ခန်း၊ လျှပ်စစ်မီး စသည်များပါ လှူဒါန်းပေးတော်မူခဲ့သည်။

လက်ပန်ရွာ အထက်တန်းကျောင်း၌ သင်ထောက်ကူပစ္စည်းမျိုးစုံနှင့် ဗီရို၊ ထိုင်ခုံ၊ စာရေးစားပွဲပါမကျန် ယောဆရာတော်မှ အားလုံးကို တာဝန်ယူပြီး ဆရာဆရာမများအတွက် အစိုးရ လစာအလွတ် သီးခြားလစာကိုပါပေးကာ ချီးမြှောက်တော်မူသည်။

ပညာထူးချွန် ကျောင်းသားကျောင်းသူများအား လစဉ် ထိုက်ထိုက်တန်တန် ဆုချနိုင်ရန် ယောဆရာတော်မှ မေတ္တာ၊ ပညာ၊ ပဒေသာ၊ ပဒေသာပင် သိန်း ၁၀၀၀ (သိန်းတစ်ထောင်) စိုက်ထူ လှူဒါန်းထားတော်မူသည်။

ဆေးရုံပေါ်ခြင်း အကြောင်းရင်း

တိပိဋကာ ယောဆရာတော်သည် နယ်သူနယ်သား ရဟန်းရှင်လူအများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလိုလှသဖြင့် ၁၃၆၃ ခုနှစ်တွင် ဂန့်ဂေါမြို့နယ် အိမ်ခြေ ၁၅၀၀ ခန့်ရှိသော ကန်ရွာ၌ တိုက်နယ်ဆေးရုံသစ်ကြီးကို သံဃာဆောင်၊ လူနာဆောင်၊ ဓာတ်မှန်ဆောင်နှင့်တကွ ဆောက်လုပ်လှူဒါန်းပေးပြီး နောက်ထပ်တစ်ဖန် ယောဆရာတော်၏ဇာတိ လက်ပန်ရွာနှင့် ဝေနီးဝန်းကျင်ရှိ နယ်သူနယ်သား ရဟန်းရှင်လူအများ၏ ကိုယ်ကျန်းမာ စိတ်ချမ်းသာရေးကို ပိုမိုထိရောက်ကျယ်ပြန့်အောင် အနီးကပ်ဆောင်ရွက်ပေးလိုသော ဆန္ဒ၊ ကျန်းမာချမ်းသာ အသက်ရှည်ကြွာစွာဖြင့် ဘဝအနှစ် အားအစစ်ဖြစ်သော ကောင်းမှုတရားများကို အချိန်မီရရှိ တိုးပွားအောင် ကြိုးစားစေလိုသော

http://www.dhammadownload.com

ဆန္ဒ၊ ကျန်းမာရေးဗဟုသုတများ ရရှိနားလည်၍ ကိုယ့်ကိုကိုယ် ကျန်းမာအောင် နည်းမှန်လမ်းမှန် စောင့်ရှောက်စေလိုသော ဆန္ဒ၊ ဆရာဝန်ရှားပါးမှု အခက်အခဲကို ဖြေရှင်းပေးလိုသော ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်လာပြန်သဖြင့် ၁၃၇၀-ခုနှစ်တွင် လက်ပန်ရွာ တိပိဋက မေတ္တာဆေးရုံကို စတင်အုတ်မြစ်ချ၍ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်၊ လူနာဆောင်၊ ထမင်းစားဆောင်၊ ဝန်ထမ်းနေဆောင်၊ ရုံး စသည်များကို ဆောက်လုပ်လျှဒါန်းကာ အဆောက်အအုံများ ပြီးသင့်သမျှ ပြီးစီးပြီဖြစ်သည့် ၁၃၇၃-ခုနှစ် နယုန်လဆန်း (၄) ရက် တနင်္ဂနွေနေ့တွင် ဆေးရုံကို ဖွင့်လှစ်လိုက်သည်။

တိပိဋက မေတ္တာဆေးရုံသို့ ဆေးကုလာကြသော လူမမာများ အား မေတ္တာဖြင့်သာ အခမဲ့ ကုသပေးသည်။ ယောဆရာတော်သည် ရောဂါရှာဖွေစမ်းသပ်ရေး ကိရိယာ၊ ဓာတ်မှန် စသည့် အသုံးအဆောင် ပစ္စည်းများ၊ ခွဲစိတ်ကိရိယာများနှင့် လိုအပ်သမျှ ဆေးပစ္စည်းအားလုံးကို တာဝန်ယူ၍ လှူဒါန်းတော်မူသည်။ ဆရာဝန်များနှင့် ဝန်ထမ်းများ၏ စားရေး၊ နေရေး၊ ကျန်းမာရေး အားလုံးကိုပါ တာဝန်ယူ၍ လခရိက္ခာကို လုံလောက်အောင် ပေးကမ်းလှူဒါန်းတော်မူသည်။ ဆရာဝန်ကြီးနှင့် တကွ ဆေးရုံဝန်ထမ်းအားလုံးကို ၄ လတစ်ကြိမ် ရာထူးအလိုက် ထိုက်ထိုက်တန်တန် အထူးဆုများ ချီးမြှင့်တော်မူသည်။

တိပိဋက မေတ္တာဆေးရုံသည် ဆေးဝါးများကလည်း ကောင်းမွန်ပြည့်စုံ၊ အခမဲ့လည်းရ၊ ကျွမ်းကျင်သည့် ဆရာဝန်၊ သူနာပြု စသည့် ဝန်ထမ်းများကလည်း လုံလောက်၊ ဆရာဝန်၊ သူနာပြု စသည့် ဝန်ထမ်းများနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် လုပ်ကိုင်ဆောင်ရွက် နေသူများ၏ မေတ္တာစေတနာကလည်း ကောင်းမွန်သဖြင့် (ထီးလင်း-ဂန့်ဂေါ-ကလေး၊ ဆော၊ ၄ မြို့နယ်ရှိ) လူမမာများ နေ့စဉ် ၂၀၀ ကျော်၊ ၃၀၀ ဝန်းကျင်ထိ လာရောက် ဆေးကုသမှု ခံယူကြကြောင်း

http://www.dhammadownload.com

သိရသည်။ မြို့ပေါ်မှလူတွေပါ လာရောက်၍ ကုသမှုခံယူကြကြောင်း သိရသည်။

တိပိဋကက မေတ္တာဆေးရုံသို့ လာရောက် ဆေးကုသကြသော လူမမာများ၊ လူနာစောင့်များကို ရောဂါပျောက်ကင်းသည်ထိ အခမဲ့ ကျွေးမွေး စောင့်ရှောက်ပေးသည်။ လူမမာများကို ခွဲစိတ်သင့်က ခွဲစိတ်ကုသပေးပြီး ခွဲစိတ်ရန်မလိုပါက ထိုးဆေး၊ စားဆေးများဖြင့် ပျောက်ကင်းအောင် ကုသပေးသည်။ တိပိဋကက မေတ္တာဆေးရုံ၏ ကုန်ကျမှုအဝဝကို တိပိဋကက ယောဆရာတော်တစ်ပါးတည်းက အားလုံးတာဝန်ယူ၍ လှူဒါန်းတော်မူသည်။ ဆေးရုံသုံး ကားတစ်စီးကိုလည်း လှူဒါန်းတော်မူထားသည်။

တိပိဋကက မေတ္တာဆေးရုံသည် နယ်သူနယ်သား ရဟန်းရှင်လူများ အားထားရသည့် အလွန်ကျေးဇူးများသောဆေးရုံ ဖြစ်သည်။ ဆေးရုံ ရေရှည်တည်တံ့ရေးအတွက် တိပိဋကက ယောဆရာတော် လှူဒါန်းထားသော ဝတ္ထုဥစ္စများကို ဆေးရုံ ကော်မတီလူကြီးများမှ မန္တလေးဘဏ်တွင် သိန်းပေါင်း ၁၂၀၀၀(တစ်သောင်းနှစ်ထောင်)၊ ဂန့်ဂေါဘဏ်တွင် သိန်းပေါင်း ၃၀၀၀(သုံးထောင်) အပ်နှံထားသည်ဟု သိရသည်။ ဘဏ်များ၌ အပ်နှံထားသော်လည်း အတိုးရောအရင်းပါ ထုတ်စရာ မလိုအောင် တိပိဋကက ယောဆရာတော်မှ ဆေးရုံအတွက် ပြည့်ပြည့်စုံစုံ လည်ပတ်နိုင်ရန် သိန်း ၃၀၀၊ သိန်း ၅၀၀ စသည်ဖြင့် မကြာမကြာ ပေးပို့လှူဒါန်းတော်မူနေသည်။

တိပိဋကက မေတ္တာဆေးရုံ၏ တစ်လတာ ကုန်ကျငွေမှာ ကျပ်သိန်း ၂၀၀ ကျော် ဖြစ်သည်။ ဆေးရုံဝန်ထမ်းအားလုံးကို တိပိဋကက ယောဆရာတော်မှ အောက်ပါအတိုင်း လမ်းညွှန်ထားသည်။

၁။ နှစ်စဉ် ဆေးခန်း ၆ လမြောက် နှစ်ဝက်ဆုပေးပွဲ သြဝါဒခံယူပွဲ၊ တွေ့ဆုံဆွေးနွေး စည်းဝေးပွဲ၊ ငယ်သူများက

http://www.dhammadownload.com

ဆရာဝန်ကြီးများ ဆရာမကြီးများကို ဝန်ချတောင်းပန် ကန်တော့ပွဲကို နိဝင်ဘာလအတွင်း တစ်ရက်ရက်၌ ကျင်းပပြုလုပ်ရမည်။

၂။ နှစ်စဉ် ဆေးခန်းနှစ်ပတ်လည် ဆုပေးပွဲ၊ ဩဝါဒ ခံယူပွဲ၊ တွေ့ဆုံဆွေးနွေး စည်းဝေးပွဲ၊ ငယ်သူများက ဆရာဝန်ကြီးများ၊ ဆရာမကြီးများကို ဝန်ချတောင်းပန် ကန်တော့ပွဲကို မေလအတွင်း တစ်ရက်ရက်၌ ကျင်းပပြုလုပ်ရမည်။

၃။ ဆရာဝန်ကြီးများ၊ ဆရာမကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ မေတ္တာဆေးရုံမှ အနားယူသွားသောအခါ၌လည်း တစ်ရက်ရက် အချိန်ပေး၍ တွေ့ဆုံနှုတ်ဆက်ပွဲ၊ ဝန်ချတောင်းပန် ကန်တော့ပွဲ ပြုလုပ်ပေးရမည်။

၄။ မေတ္တာဆေးရုံ ဝန်ထမ်းအားလုံး မည်သူမဆို အရေးပေါ် ကိုယ်ရေးကိုယ်တာကိစ္စ ကြုံလာလျှင် တစ်နှစ်လျှင် နှစ်ကြိမ်၊ တစ်ကြိမ်လျှင် ၇ ရက်အထိ လစာဖြင့် ခွင့်ယူနိုင်သည်။ ၇ ရက်ထက်ပိုလျှင် လစာမဲ့ဖြင့်သာ ခွင့်ယူရမည်။

၅။ မိမိ၏ အရေးပေါ်ကျန်းမာရေးကိစ္စ၊ မိဘနှင့် ဆွေမျိုးရင်းချာ မိသားစုများ၏ အရေးပေါ်ကျန်းမာရေးကိစ္စ၊ နာရေးကိစ္စ ကြုံလာလျှင် ၁၀ ရက်အထိ လစာဖြင့် ခွင့်ယူနိုင်သည်။ ၁၀ ရက်ထက်ပိုလျှင် လစာမဲ့ဖြင့်သာ ခွင့်ယူရမည်။

၆။ မေတ္တာဆေးရုံ ဝန်ထမ်းတစ်ဦးဦး၊ မည်သူမဆို မေတ္တာဆေးရုံ လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရခဲ့သော် ကုန်ကျသည့် ဆေးကုသစရိတ်ကို ၁၀ သိန်းအထိ မေတ္တာဆေးရုံက တာဝန်ယူရမည်။ (လုပ်ငန်းခွင်ပြင်ပ၌ ရရှိသော ဒဏ်ရာနှင့် မသက်ဆိုင်ပါ)၊ ၁၀ သိန်းထက်ပိုလျှင် ကုန်ကျစရိတ်၏ထက်ဝက်ကို ကိုယ့်ဟာကိုယ် တာဝန်ယူရမည်။

http://www.dhammadownload.com

၇။ မေတ္တာဆေးရုံနှင့် ဆက်စပ်သက်ဆိုင်သူအားလုံး မည်သူမဆို မိမိတို့အချင်းချင်း မေတ္တာတရားရှေ့သွားပြု၍ မိသားစုစိတ်ဓာတ်ထားကာ ရင်းနှီးချစ်ခင် ညီညွတ်စွာ ဆက်ဆံနေထိုင်ကြရမည်။ တစ်ယောက်၏ တာဝန်ကိစ္စမပြီးလျှင် တစ်ယောက်က ကူညီဆောင်ရွက်ပေးရမည်။

၈။ ဤဆေးရုံနယ်မြေသည် မေတ္တာနယ်မြေဖြစ်သဖြင့် ဤနယ်မြေအတွင်း မည်သူမဆို မေတ္တာ၏ဆန့်ကျင်ဘက် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ မေတ္တာ၏ဆန့်ကျင်ဘက် ပြောဆိုဆက်ဆံခြင်း လုံးဝ မပြုရ၊ မေတ္တာဦးဆောင်သော ကိုယ်အမူအရာ၊ မေတ္တာဦးဆောင်သော နှုတ်အမူအရာ အမြဲရှိအောင် အထူးသတိပြုရမည်။

၉။ မေတ္တာခိုင်မာ ဖွံ့ဖြိုးစေရန်အတွက် အချင်းချင်း ဖြစ်စေ၊ အရာရာ၌ဖြစ်စေ သည်းခံခွင့်လွှတ် သဘောထားကြီးတတ်သည့် ခန္တီကို အထူးလက်ကိုင်ထား၍ လေ့ကျင့်နေရမည်။

၁၀။ နေ့တိုင်း အိပ်ရာထလျှင် မေတ္တာဖြင့် အချိန်ကို စတင် ဖွင့်လှစ်၍ ညအိပ်ရာဝင်လျှင် မေတ္တာဖြင့် အချိန်ကို လုံခြုံစွာ ပိတ်ရမည်။ နေ့တိုင်း မေတ္တာဖြင့် အလုပ်ကို ဖွင့်လှစ်၍ အလုပ်ပြီးတိုင်း မေတ္တာဖြင့် အလုပ်ကို ဖုံးပိတ်ရမည်။

၁၁။ နေ့စဉ် အိပ်ရာဝင် အိပ်ရာထတိုင်း အဆိုးကင်းဝေးကြောင်း အကောင်းပြည့်စုံကြောင်းဖြစ်သော ကောင်းမှုအားလုံးတို့၏ အခြေခံဖြစ်သည့် သရဏဂုံ ၃ ပါးနှင့် ၅ ပါးသီလကို ဓကန် ဆောက်တည် ကျင့်သုံးရမည်။ (သရဏဂုံ သီလ တည်ရုံမျှဖြင့်ပင် သောတာပန်ဖြစ်အောင် အားထုတ်နေသည့် အဆင့်မြင့် အလျှုံခုပုဂ္ဂိုလ် စာရင်းထဲ၌ ပါဝင်သွားပါသည်။ ပေးကမ်းသူတိုင်းကို အကျိုးအနှစ်ခံ ရစေပါသည်။)

http://www.dhammadownload.com

၁၂။ နေ့စဉ် အိပ်ရာထလာလျှင်- (၁) အတူနေသူ အားလုံး၊ (၂) ပတ်ဝန်းကျင်ရှိ အတူနေ နတ်တွေအားလုံး၊ (၃) ကြီးကြပ် အုပ်ချုပ်နေသူအားလုံး၊ (၄) တစ်လမ်းတည်း၊ တစ်ရပ်ကွက်တည်း၊ တစ်ရွာတည်း၊ အတူနေသူ အားလုံး၊ (၅) လောကအတွင်းရှိ သက်ရှိသတ္တဝါအားလုံး၊ (၆) မေတ္တာဆေးရုံသို့ ရောက်ပြီး၊ ရောက်ဆဲ၊ ရောက်လတ္တံ့ လူနာအားလုံးကို လွှမ်းခြုံ၍ "ဘေးရန် ကင်းကွာကျန်းမာ ချမ်းသာကြပါစေ" ဟု မေတ္တာပို့လွှတ်ပေးရမည်။ မကြာမကြာလည်း မေတ္တာ လွှမ်းခြုံပေးနေရမည်။

(ရုပ်ရော၊ စိတ်ရော ဖွံ့ဖြိုး၍ တန်ခိုးအရှိန်အဝါ တက်လာလိမ့်မည်။ ချစ်ခင် မြတ်နိုးအားကိုးသူ ပေါများလာလိမ့်မည်။ အရာရာ အောင်မြင်လိမ့်မည်)

* * *

တိပိဋကယောဆရာတော်သည် ဆေးရုံဝန်ထမ်းများအားလုံးကို နေစရာ စားစရာနှင့်တကွ လခရိက္ခာများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးရုံဖြင့် အားမရဘဲ တစ်နှစ်လျှင် သုံးကြိမ် (၄ လ တစ်ကြိမ်) ဝန်ထမ်းများအားလုံးကို ရာထူးအဆင့်လိုက် ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်တော်မူလိုက်သေးသည်။ ဝန်ထမ်းများအား တိပိဋကယောဆရာတော် ချီးမြှင့်တော်မူသော ဆုလာဘ်များကို စာရေးသူ လက်လှမ်းမီသမျှ သိရှိသမျှ အများသိရှိနိုင်ရန် တင်ပြရလျှင် ဖော်ပြပါအတိုင်း ဖြစ်သည်။

http://www.dhammadownload.com

၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် (၁၆-၅-၂၀၁၄) သောကြာနေ့ လက်ပန်ရွာ တိပိဋကမေတ္တာဆေးကုခန်း ၃ နှစ်ပြည့် အထိမ်းအမှတ် ဆဋ္ဌမအကြိမ် ဝန်ထမ်းဆုပေးပွဲ (၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၄ ခုနှစ် မေလထိ ၆ လ) ဝန်ထမ်းဆု ချီးမြှင့်ခြင်း

၁။ သမားတော်ကြီး ဒေါက်တာ ဒေါ်ထားကြည်အား (၁ လ ၆ သိန်းနှုန်း) = ၃၆၀၀၀၀၀။

၂-၃-၄။ ဒေါက်တာ ယဉ်မင်းထွန်း၊ ဒေါက်တာ ဟေမာန်ကို ဆရာမကြီး ဒေါ်ခင်အုန်းမြင့်တို့အား = ၇၀၀၀၀၀ စီ = ၂၁၀၀၀၀၀။

၅-၆-၇။ ဆရာမ ဒေါ်မြင့်စန်း ဆရာမ ဒေါ်ဝါဝါအောင် ဆရာမ ဒေါ်ရီရီဝင်းတို့ အား ၄၀၀၀၀၀ စီ = ၁၂၀၀၀၀၀။

၈ မှ ၂၁။ ဦးစိုးမင်းသူ ဦးမြင့်ဝင်း၊ ဦးဇော်ထွန်း၊ ဦးဇော်ဇော်၊ ဒေါ်ဌေးဌေးကြည်၊ ဒေါ်မေမေဦး၊ ဒေါ်ခင်နွယ်အေး၊ ဒေါ်ကြူကြူမြင့်၊ ဒေါ်ယဉ်ယဉ်ဝင်း၊ ဒေါ်ဇင်မာမျိုး၊ ဒေါ်နှင်းနှင်းဝင်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်အုန်းမြင့်၊ ဒေါ်ရီထွေး (၁၄) ဦးတို့အား- ၃၀၀၀၀၀ စီ = ၄၂၀၀၀၀၀။

၂၂ မှ ၂၉။ နာယက လူကြီး ၈ ဦးတို့အား ၁၀၀၀၀၀ စီ = ၈၀၀၀၀၀။

၂၀ မှ ၃၆။ ဦးဆောင်ကော်မတီ ၇ ဦးတို့အား ၃၀၀၀၀၀ စီ = ၂၁၀၀၀၀၀။

http://www.dhammadownload.com

၃၇ မှ ၅၀။ ကြီးကြပ်ကော်မတီ ၁၄ ဦးတို့အား ၄၀၀၀၀၀ စီ = ၅၆၀၀၀၀၀။

၅၁။ လက်ပန် အလက ကျောင်းအုပ်ဆရာကြီးအား= ၃၀၀၀၀၀။

၅၂ မှ ၆၃။ လက်ပန် အလက ဆရာ ဆရာမ ၁၂ ဦးတို့အား= ၁၀၀၀၀၀ စီ ၁၂၀၀၀၀၀။

၆၄ မှ ၆၈။ လက်ပန် အလက ဌာနဝန်ထမ်း ၅ ဦးတို့အား - ၅၀၀၀၀ စီ = ၂၅၀၀၀၀။

စုစုပေါင်း ဝန်ထမ်းဆု = ငွေကျပ် ၂၁၃ သိန်းခွဲ။

ဆေးခန်း ၃ နှစ်ပြည့် အထိမ်းအမှတ် လခရိက္ခာအလှူ တိုးမြှင့်ခြင်း

၁။ သမားတော်ကြီး ဒေါက်တာ ဒေါ်ထားကြည် ၁၃ သိန်းမှ ၁၅ သိန်း (၁၅၀၀၀၀၀)။

၂။ ဒေါက်တာ ယဉ်မင်းထွန်း ၄ သိန်းမှ ၅ သိန်း (၅၀၀၀၀၀)

၃။ လခ ၁၀၀၀၀၀ မပြည့်ကြသေးသော ဒေါ်ရီရီဝင်း၊ ဒေါ်ဌေးဌေးကြည်၊ ဒေါ်မေမေဦး၊ ဒေါ်ခင်နွယ်အေး၊ ဒေါ်နှင်းနှင်းဝင်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်အုန်းမြင့်၊ ဒေါ်ရီထွေး၊ ဦးဇော်ဇော် (၉ ဦး) တို့အား အသီးသီး ၁၀၀၀၀၀ စီအထိ တိုးမြှင့်ပေးသည်။

၄။ လခ (၁၀၀၀၀၀) ၇၅ ဦးတို့အား အသီးသီး ၁၂၀၀၀၀ စီထိ တိုးမြှင့်ပေးသည်။

၅။ နေ့စဉ် ကော်မတီဆုကို ၂၀၀၀ စီမှ ၃၀၀၀ စီအထိ တိုးမြှင့်ပေးသည်။

http://www.dhammadownload.com

* ၂၀၁၄ ခုနှစ် ဇွန်လမှစ၍ ဤနှုန်းအတိုင်း တိုးမြှင့်ပေးရမည်။
တိပိဋကဓရ ယောဆရာတော်

၁၃၇၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၂ (၂၁၊ ၃၊ ၂၀၁၅) စနေနေ့
လက်ပန်ရွာ တိပိဋကမေတ္တာဆေးကုခန်း
၄ နှစ်ပြည့် အထိမ်းအမှတ်
အဋ္ဌမအကြိမ် ဝန်ထမ်းဆုပေးပွဲ
(၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် မေလထိ ၆
လအတွက်)

၁။ ဆရာဝန်ကြီး ဒေါက်တာ ဦးရဲမြင့်အား ၃၀၀၀၀၀၀ (သိန်း ၃၀)။

၂-၃-၄။ ဒေါက်တာ ယဉ်မင်းထွန်း၊ ဒေါက်တာ မျိုးညွှန့်၊ သူနာပြုဆရာမကြီး၊ ဒေါ်ခင်သန်းထွေးတို့အား ၁၀၀၀၀၀၀ (၁၀ သိန်း) စီ = ၃၀၀၀၀၀၀၊ သိန်း (၃၀)။

၅ မှ ၉။ သားဖွားဆရာမ ၃ ဦးနှင့် ဆေးပေး ၂ ဦးတို့အား ၅၀၀၀၀၀ (၅ သိန်းစီ) = ၂၅၀၀၀၀၀။

၁၀ မှ ၁၉။ ဆေးခန်းဌာနဝန်ထမ်း ၁၀ ဦးတို့အား ၃၀၀၀၀၀ (၃ သိန်း) စီ = ၃၀၀၀၀၀၀ (သိန်း ၃၀)။

၂၀ မှ ၂၇။ ဆေးခန်း နာယကကြီး ၈ ဦးတို့အား ၂၀၀၀၀၀ (၂ သိန်း) စီ = ၁၆၀၀၀၀၀။

၂၈ မှ ၃၄။ ဆေးခန်း ဦးဆောင်ကော်မတီ ၇ ဦးတို့အား ၃၀၀၀၀၀ (၃ သိန်း) စီ = ၂၁၀၀၀၀၀။

http://www.dhammadownload.com

၃၅ မှ ၄၈။ ဆေးခန်းကြီးကြပ်ကော်မတီ ၁၄ ဦးတို့အား ၄၀၀၀၀၀ (၄ သိန်း) စီ = ၅၆၀၀၀၀၀ (၅၆ သိန်း)။

၄၉။ လက်ပန် အထကခွဲ ကျောင်းအုပ်ဆရာမကြီးအား ၅၀၀၀၀၀ (၅ သိန်း)။

၅၀ မှ ၇၆။ လက်ပန် အထကခွဲ အထက်တန်း အလယ်တန်း မူလတန်းပြ ဆရာ ဆရာမ ၂၇ ဦးတို့အား ၂၀၀၀၀၀ (၂ သိန်း) စီ = ၅၄၀၀၀၀၀ (၅၄ သိန်း)။

၇၇ မှ ၈၀။ ကျောင်းဌာနဝန်ထမ်း ၄ ဦးတို့အား ၁၀၀၀၀၀ (၁ သိန်း) စီ = ၄၀၀၀၀၀။

၈၁။ ကျေးရွာ အကျိုးဆောင်ပေးသူ ဦးအုန်းမြင့်အား ၂၀၀၀၀၀၀ (သိန်း ၂၀)။

စုစုပေါင်း ငွေကျပ် ၂၉၁ သိန်း။

လခရိက္ခာအလှူ တိုးမြှင့်ခြင်း

၁။ ဆရာဝန်ကြီး ဒေါက်တာ ဦးရဲမြင့်အား ၁၀ သိန်းမှ ၁၅ သိန်း (၁၅၀၀၀၀၀)၊

၂။ သူနာပြုဆရာမကြီး၏ ဒေါ်ခင်သန်းထွေးအား ၃ သိန်း (၃၀၀၀၀၀) မှစ၍ ပေးလှူရမည်။

၃-၄-၅။ သားဖွားဆရာမ ၃ ဦးတို့နှင့် ဆေးပေးဆရာမ ၂ ဦးတို့အား ၁ သိန်းခွဲ (၁၅၀၀၀၀) စီထိ တိုးမြှင့်ပေးလှူရမည်။

* ၂၀၁၅ ခုနှစ် ဧပြီလမှစ၍ ဤနှုန်းအတိုင်း သဒ္ဓါမေတ္တာ ကောင်းစွာ ကြည်ဖြူပေးလှူရမည်။

တိဝိဋက ယောဆရာတော်

http://www.dhammadownload.com

၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ (၆-၁၁-၁၅) တနင်္ဂနွေနေ့ လက်ပန်ရွာ တိပိဋကဓရ မေတ္တာဆေးကုခန်း ၄ နှစ်ခွဲပြည့် အထိမ်းအမှတ် နဝမအကြိမ် ကျန်းမာရေးဝန်ထမ်း ဆုပေးပွဲ ပဉ္စမအကြိမ် ပညာရေးဝန်ထမ်း ဆုပေးပွဲ (၂၀၁၅ ခုနှစ် ဇွန်လမှ နိုဝင်ဘာလထိ ၆ လအတွက်)

၁။ ဆရာဝန်ကြီး ဒေါက်တာ ဦးရဲမြင့်အား ၃၆၀၀၀၀၀ (၃၆ သိန်း)။

၂-၃။ ဒေါက်တာ ယဉ်မင်းထွန်း၊ ဒေါက်တာမျိုးညွှန့်တို့အား ၁၃၀၀၀၀၀ (၁၃ သိန်း) စီ ၂၆၀၀၀၀၀ (၂၆ သိန်း)။

၄-၅။ သူနာပြုဆရာမကြီး ဒေါ်ခင်သန်းထွေး၊ သူနာပြုဆရာမကြီး ဒေါ်မြမြခိုင်တို့အား ၁၁၀၀၀၀၀ (၁၁ သိန်း) စီ = ၂၂၀၀၀၀၀ (၂၂ သိန်း)။

၆-၇-၈။ သားဖွားဆရာမ ၃ ဦးတို့အား ၅၀၀၀၀၀ (၅ သိန်း) စီ = ၁၅၀၀၀၀၀ (၁၅ သိန်း)။

၉-၁၀-၁၁။ ဆေးပေးဝန်ထမ်း ၃ ဦးတို့အား ၄၀၀၀၀၀ (၄ သိန်း) စီ = ၁၂၀၀၀၀၀ (၁၂ သိန်း)။

၁၂ မှ ၂၂။ ဆေးခန်းဌာနဝန်ထမ်း ၁၁ ဦးတို့အား ၃၀၀၀၀၀ (၃ သိန်း) စီ = ၃၃၀၀၀၀၀ (၃၃ သိန်း)။

၂၃ မှ ၃၀။ ဆေးခန်းနာယကကြီး ၈ ဦးတို့အား ၂၀၀၀၀၀ (၂ သိန်း) စီ = ၁၆၀၀၀၀၀ (၁၆ သိန်း)။

http://www.dhammadownload.com

၃၁ မှ ၃၇။ ဆေးခန်းဦးဆောင်ကော်မတီ ၇ ဦးတို့အား ၃၀၀၀၀၀ (၃ သိန်း) စီ = ၂၁၀၀၀၀၀ (၂၁ သိန်း)။

၃၈ မှ ၄၁။ ဆေးခန်းကြီးကြပ်ကော်မတီ ၁၄ ဦးတို့အား ၄၀၀၀၀၀ (၄ သိန်း) စီ = ၅၆၀၀၀၀၀ (၅၆ သိန်း)။

၄၂။ လက်ပန်ရွာ အထက ကျောင်းအုပ်ဆရာကြီးအား ၅၀၀၀၀၀ (၅ သိန်း)။

၄၃ မှ ၆၉။ လက်ပန်ရွာ အထက အထက်တန်း အလယ်တန်း မူလတန်းပြ ဆရာ ဆရာမ ၁၇ ဦးတို့အား ၂၀၀၀၀၀ (၂ သိန်း) စီ = ၃၄၀၀၀၀၀ (၃၄ သိန်း)။

၇၀ မှ ၇၃။ လက်ပန်ရွာ အထက ကျောင်းဌာနဝန်ထမ်း ၄ ဦးတို့အား ၁၀၀၀၀၀ (၁ သိန်း) စီ = ၄၀၀၀၀၀ (၄ သိန်း)။

၇၄။ ကျေးရွာ အကျိုးဆောင်ပေးသူ ဦးအုန်းမြင့်အား ၂၀၀၀၀၀၀ (သိန်း ၂၀)။

စုစုပေါင်း ငွေကျပ် သိန်း ၃၀၀။

လခရိက္ခာ တိုးမြှင့်ပေးခြင်း

၁။ ဒေါက်တာ မျိုးညွှန့်အား ၅ သိန်းမှ ၁၀ သိန်း (၁၀၀၀၀၀၀)။

၂-၃။ သူနာပြုဆရာမကြီး ဒေါ်ခင်သန်းထွေး၊ သူနာပြု ဆရာမကြီး ဒေါ်မြမြ ခိုင်တို့အား ၃ သိန်းစီမှ ၄ သိန်းစီ။

၄-၅-၆။ သားဖွားဆရာမ ၃ ဦးတို့အား ၁ သိန်းခွဲစီမှ ၂ သိန်းစီ။

၇ မှ ၈။ လခ ၁၀၀၀၀၀ မှ ၁၂၀၀၀၀ အထိ ရရှိနေကြသော ဝန်ထမ်း ၁၂ ဦးတို့အား ၁ သိန်းခွဲစီ တိုးမြှင့်ပေးသည်။

http://www.dhammadownload.com

* ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစ၍ ဤနှုန်းအတိုင်း သဒ္ဓါ မေတ္တာ ကောင်းစွာကြည်ဖြူ ပေးလှူရမည်။

တိပိဋကဓရ ယောဆရာတော်

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ (၂၄-၁၁-၁၆) ကြာသပတေးနေ့ လက်ပန်ရွာ တိပိဋကဓရ မေတ္တာဆေးကုခန်း ၅ နှစ်ခွဲပြည့် အထိမ်းအမှတ် ကောဒသမအကြိမ် ဝန်ထမ်းဆုပေးပွဲ (၂၀၁၆ ခုနှစ် ဇွန်လမှ နိုဝင်ဘာလထိ ၆ လအတွက်)

၁။ ဆရာဝန်ကြီး ဒေါက်တာ ဦးဌေးအောင်အား ၃၀၀၀၀၀၀ (၃၀ သိန်း)။

၂-၃-၄-၅။ ဒေါက်တာမျိုးညွှန့်၊ ဒေါက်တာ သက်ထွန်းအောင်၊ သူနာပြု ဆရာမ ကြီးများ၊ ဒေါ်ခင်သန်းထွေး၊ ဒေါ်မြမြခိုင်တို့အား ၁၅၀၀၀၀၀ (၁၅ သိန်း) စီ = ၆၀၀၀၀၀၀ (၆၀ သိန်း)။

၆-၇-၈။ သားဖွားဆရာမ ၃ ဦးတို့အား ၇၀၀၀၀၀ (ခုနစ်သိန်း) စီ = ၂၁၀၀၀၀၀ (၂၁ သိန်း)။

၉-၁၀-၁၁။ ဆေးပေးဝန်ထမ်း ၃ ဦးတို့အား ၅၀၀၀၀၀ (၅ သိန်း) စီ = ၁၅၀၀၀၀၀ (၁၅ သိန်း)။

၁၂ မှ ၂၂။ ဆေးခန်းဌာနဝန်ထမ်း ၁၁ ဦးတို့အား ၄၀၀၀၀၀ (၄ သိန်း) စီ = ၄၄၀၀၀၀၀ (၄၄ သိန်း)။

၂၃ မှ ၃၀။ ဆေးခန်းနာယကကြီး ၈ ဦးတို့အား ၂၀၀၀၀၀ (၂ သိန်း) စီ = ၁၆၀၀၀၀၀ (၁၆ သိန်း)။

http://www.dhammadownload.com

၃၁ မှ ၃၇။ ဆေးခန်းဦးဆောင်ကော်မတီ ၇ ဦးတို့အား ၃၀၀၀၀၀ (၃ သိန်း) စီ = ၂၁၀၀၀၀၀ (၂၁ သိန်း)။

၃၈ မှ ၄၁။ ဆေးခန်းကြီးကြပ်ကော်မတီ ၁၄ ဦးတို့အား ၄၀၀၀၀၀ (၄ သိန်း) စီ = ၅၆၀၀၀၀၀ (၅၆ သိန်း)။

စုစုပေါင်း ငွေကျပ် ၂၆၃ သိန်း။

လခရိက္ခာ တိုးမြှင့်ခြင်း

၁။ ဆရာဝန်ကြီး ဒေါက်တာ ဦးဌေးအောင်အား ၁၀ သိန်းမှ ၁၅ သိန်း (၁၅၀၀၀၀၀)။

၂။ ဒေါက်တာ သက်ထွန်းအောင်အား ၅ သိန်းမှ ၈ သိန်း (၈၀၀၀၀၀)။

၃။ သူနာပြုဆရာမကြီး ဒေါ်ခင်သန်းထွေးအား ၅ သိန်းမှ ၆ သိန်း (၆၀၀၀၀၀)။

၄။ သူနာပြုဆရာမကြီး ဒေါ်မြမြခိုင်အား ၄ သိန်းမှ ၅ သိန်း (၅၀၀၀၀၀)။

၅။ သားဖွားဆရာမ ၃ ဦးတို့အား ၁ သိန်းစီမှ ၃ သိန်းစီ (၃၀၀၀၀၀)။

၆။ ၁ သိန်း၊ ၁ သိန်းခွဲရ ဆေးပေးဝန်ထမ်း ၂ ဦးတို့အား ၂ သိန်းစီ (၂၀၀၀၀၀) အထိ တိုးမြှင့်ပေးလိုက်သည်။

* ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ ဤနှုန်းအတိုင်း သဒ္ဓါ၊ မေတ္တာ ကောင်းစွာ ကြည်ဖြူပေးလှူရမည်။

http://www.dhammadownload.com

၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ (၂၁-၅-၁၇) တနင်္ဂနွေနေ့ လက်ပန်ရွာ တိပိဋကမေတ္တာဆေးကုခန်း ၆ နှစ်ပြည့် အထိမ်းအမှတ် ဒွါဒသမအကြိမ် ဝန်ထမ်းဆုပေးပွဲ (၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် မေလအထိ ၆ လအတွက်)

၁။ ဆရာဝန်ကြီး ဒေါက်တာ ဦးဌေးအောင်အား ၃၀၀၀၀၀၀ (၃၀ သိန်း)။

၂-၃-၄-၅။ ဒေါက်တာမျိုးညွှန့်၊ ဒေါက်တာ သက်ထွန်းအောင်၊ သူနာပြုဆရာမကြီးများ၊ ဒေါ်ခင်သန်းထွေး၊ ဒေါ်မြမြခိုင်တို့အား ၁၅၀၀၀၀၀ (၁၅ သိန်း) စီ = ၆၀၀၀၀၀၀ (၆၀ သိန်း)။

၆-၇-၈။ သားဖွားဆရာမ ၃ ဦးတို့အား ၇၀၀၀၀၀ (ခုနစ်သိန်း) စီ = ၂၁၀၀၀၀၀ (၂၁ သိန်း)။

၉-၁၀-၁၁။ ဆေးပေးဝန်ထမ်း ၃ ဦးတို့အား ၅၀၀၀၀၀ (၅ သိန်း) စီ = ၁၅၀၀၀၀၀ (၁၅ သိန်း)။

၁၂ မှ ၂၂။ ဆေးခန်းဌာနဝန်ထမ်း ၁၁ ဦးတို့အား ၄၀၀၀၀၀ (၄ သိန်း) စီ = ၄၄၀၀၀၀၀ (၄၄ သိန်း)။

၂၃ မှ ၃၀။ ဆေးခန်းနာယကကြီး ၈ ဦးတို့အား ၂၀၀၀၀၀ (၂ သိန်း) စီ = ၁၆၀၀၀၀၀ (၁၆ သိန်း)။

၃၁ မှ ၃၇။ ဆေးခန်းဦးဆောင်ကော်မတီ ၇ ဦးတို့အား ၃၀၀၀၀၀ (၃ သိန်း) စီ = ၂၁၀၀၀၀၀ (၂၁ သိန်း)။

http://www.dhammadownload.com

၃၈ မှ ၅၁။ ဆေးခန်းကြီးကြပ်ကော်မတီ ၁၄ ဦးတို့အား ၄၀၀၀၀၀ (၄ သိန်း) စီ = ၅၆၀၀၀၀၀ (၅၆ သိန်း)။

စုစုပေါင်း = ငွေကျပ် ၂၆၃ သိန်း။

လခရိက္ခာတိုးမြှင့်ခြင်း

၁။ ဆရာဝန်ကြီး ဒေါက်တာ ဦးငွေးအောင်အား ၁၅ သိန်းမှ ၁၇ သိန်း (၁၇၀၀၀၀၀)။

၂။ ဒေါက်တာ သက်ထွန်းအောင်အား ၈ သိန်းမှ ၁၀ သိန်း (၁၀၀၀၀၀၀)။

၃။ သူနာပြုဆရာမကြီး ဒေါ်ခင်သန်းထွန်းအား ၆ သိန်းမှ ၇ သိန်း (၇၀၀၀၀၀)။

၄။ သူနာပြုဆရာမကြီး ဒေါ်မြမြခိုင်အား ၅ သိန်းမှ ၆ သိန်း (၆၀၀၀၀၀) အထိ တိုးမြှင့်ပေးလိုက်သည်။

* ၂၀၁၇ ခုနှစ် ဇွန်လမှစ၍ ဤနှုန်းအတိုင်း သဒ္ဓါမေတ္တာ ကောင်းစွာ ကြည်ဖြူပေးလှူရမည်။

တိပိဋက ယောဆရာတော်

တိပိဋကယောဆရာတော်သည် ကျန်းမာရေးဝန်ထမ်းများကိုသာ ဤကဲ့သို့ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသည် မဟုတ်သေး။ ပညာရေးဝန်ထမ်း ဆရာဆရာမများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများကိုလည်း ဆုပေးပွဲများကျင်းပ၍ ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးပြီး ပညာရေးအတွက် မေတ္တာ ပညာ ပဒေသာ ငွေကျပ် သိန်း ၁၀၀(သိန်းတစ်ထောင်) စိုက်ထူလှူဒါန်းထားကာ လက်ပန်ရွာ အစိုးရ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာ

http://www.dhammadownload.com

သင်ယူနေကြသော ကျောင်းသားကျောင်းသူများအနက် အတန်းတိုင်းတွင် အစမ်းစာမေးပွဲ အတန်းတင်စာမေးပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများနှင့် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်၍ တက္ကသိုလ်တက်ခွင့်ရသူ၊ သူနာပြုတက္ကသိုလ် တက်ခွင့်ရသူများအား ဆိုင်ရာဘွဲ့ရသည်အထိ လစဉ် အခါအားလျော်စွာ သတ်မှတ်ထားသည့် နှုန်းအတိုင်း ဆုများ ထိုက်တန်စွာ ချီးမြှင့်ပေးသည်။

အိမ်ခြေ ၃၀၀ ခန့်ရှိသော လက်ပန်ရွာကို တိပိဋ္ဌက ယောဆရာတော်သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး စောင့်ရှောက်မှုများကို ပြည့်ပြည့်အဝ လုံလုံခြုံခြုံ ဆောင်ရွက်ပေးရုံမျှမက ရွာ၌လိုအပ်သမျှအရာအားလုံးကို ဖြည့်ဆည်းပေးသည်။ ကျောင်း၊ စေတီ၊ အုတ်တံတိုင်း၊ ရေတွင်းရေကန်၊ လျှပ်စစ်မီးများ၊ အထက်တန်းကျောင်း ဝင်းအတွင်း၌ ရေတွင်းရေကန်၊ ၂ ထပ် စာသင်ဆောင် ကြီး ၅ ဆောင်နှင့်တကွ ရုံးခန်း၊ ဝန်ထမ်းများနေအိမ်၊ စာရေးခုံ၊ ဗီရို စသည်များကို တစ်ခုမကျန် လှူဒါန်းပေးပြီး ဆေးရုံ အဆောက်အအုံများ၊ ရောဂါစမ်းသပ်ကိရိယာများ၊ ခွဲစိတ်ကိရိယာများ၊ ဆေးဝါးကောင်းများ စသည်များကိုလည်း ဘာမျှ မလိုရလေအောင် အားလုံးကို လှူဒါန်းပေးတော်မူသည်။

တိပိဋ္ဌက ယောဆရာတော်၏ ကြီးမားသော မေတ္တာ၊ အားမြဖြူစင်လှသော စိတ်နှလုံးဖြင့် ချီးမွှောက်ပေးမူကြောင့် လက်ပန်ရွာသည် အရာရာ ပြည့်စုံနေပြီဖြစ်၍ ရွာအဆင့်လည်းမက၊ မြို့အဆင့်လည်းမကျ ဖြစ်နေပေသည်။ စာရေးသူသိရှိသလောက် ပြောရလျှင် နေရာဒေသ အများအပြား၌ ရပ်ရွာတိုးတက်ရေးအတွက် လမ်း၊ တံတားစသော အဆောက်အအုံများ တည်ဆောက်ရာတွင် သီးခြားအလှူရှင် မရှိပါက တစ်အိမ်ကိုဘယ်လောက် စသည်ဖြင့် ပိုက်ဆံငွေကြေးများကို ခွဲတမ်းကျစုဆောင်း၍ တည်ဆောက်ကြရသည်။

http://www.dhammadownload.com

လက်ပန်ကျေးရွာ၌ကား ရွာသူရွာသားများ အဆောက်အအုံအတွက် တစ်ကျပ်တစ်ပြားမျှ စုဆောင်းကုန်ကျစရာမလိုဘဲ တိပိဋကယောဆရာတော်မှ အစခပ်သိမ်း ပြည့်စုံပိုလျှံအောင် ဆောင်ရွက်ပေးတော်မူသည်။ "သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းခို" ဆိုသည့်အတိုင်း တိပိဋကယောဆရာတော်၏ ကြီးမားလှသော မေတ္တာအရိပ်အာဝါသကို မှီခိုခွင့်ရကြသော လက်ပန် ရွာသူရွာသားများ၊ နယ်သူနယ်သား ရဟန်းရှင်လူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့်အတူ အထူးကံကောင်းကြပေသည်။

အစိုးရ လူကြီးမင်းများက လက်ပန်ကျေးရွာသို့ သွားရောက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးရန် ကြည့်ရှုသောအခါ "ဟ... ခင်ဗျားတို့ရွာက ယောဆရာတော်ကြီး ပြုလုပ်ဆောင်ရွက်ပေးထားတာ နည်းနည်းနောနော မဟုတ်ပါလား၊ ပြည့်စုံတာထက်သော်မှ ပိုလျှံနေပါပြီကိုး။ ကျုပ်တို့ စီမံဆောင်ရွက်ပေးဖို့သော်မှ နေရာအကွက် မရှိတော့အောင် ဖြစ်နေပါပြီကော။ ခင်ဗျားတို့ ရွာသူရွာသားတွေ ယောဆရာတော်ကြီးကို မှီခိုခွင့်ရကြတာ သိပ်ကံကောင်းကြတာပဲ" ဟု လက်ပန်ရွာ လူကြီးများကို ပြောကြားပြီး လိုအပ်တာရှိပါက အကြောင်းကြားပါရန် မှာကြားသွားသည်ဟု သိရသည်။

မေတ္တာ ပညာ ပဒေသာ ဥပဒေ (စည်းကမ်း)

၁။ လက်ပန်ရွာ အစိုးရအခြေခံပညာ အထက်တန်းကျောင်းအတွက် စိုက်ပျိုးထားသော မေတ္တာ၊ ပညာ၊ ပဒေသာပင်ကို လက်ပန်ရွာ တိပိဋကမေတ္တာဆေးရုံ ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆေးရုံကော်မတီက လက်ခံထိန်းသိမ်းစောင့်ရှောက်ရမည်။

http://www.dhammadownload.com

၂။ မေတ္တာ၊ ပညာ၊ ပဒေသာပင် လက်ခံ ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်း၊ စီမံခန့်ခွဲခြင်းကို မေတ္တာဆေးရုံဥပဒေ အခန်း ၃၊ ပုဒ်မ ၃၈၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅ အတိုင်းပင် ဆောင်ရွက်ရမည်။

၃။ မေတ္တာ၊ ပညာ၊ ပဒေသာပင်ကိစ္စအတွက် ခရီးသွားလျှင် ခရီးစရိတ်ကို ၄င်းပဒေသာပင်ထဲမှ ထုတ်ယူသုံးစွဲနိုင်သည်။

၄။ ၄င်းပဒေသာပင်ထဲမှ လက်ပန်ရွာ အစိုးရ အခြေခံပညာ အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်သင်ပြပေးနေကြသော အတန်းစုံ ဆရာဆရာမများအားလုံး (အခါအားလျော်စွာ သတ်မှတ်ထားသည့် နှုန်းအတိုင်း) လစဉ် တစ်နှစ်ပတ်လုံး လျှုဒါန်းနေရမည်။

၅။ လက်ပန်ရွာ အစိုးရ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ယူနေကြသော ကျောင်းသားကျောင်းသူများအနက် အတန်းတိုင်း အစမ်းစာမေးပွဲအတန်းတင် စာမေးပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအား (အခါအားလျော်စွာ သတ်မှတ်ထားသည့် နှုန်းအတိုင်း) ဆုငွေ ချီးမြှင့်ရမည်။

၆။ (က) လက်ပန်ရွာ အစိုးရ အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်၍ တက္ကသိုလ်တက်ခွင့်ရသူ၊ သူနာပြု တက္ကသိုလ် တက်ခွင့်ရသူများအား ဆိုင်ရာဘွဲ့ ရသည်အထိ လစဉ် အခါအားလျော်စွာ သတ်မှတ်ထားသည့်နှုန်းအတိုင်း ထောက်ပံ့နေရမည်။

http://www.dhammadownload.com

(ခ) စာမေးပွဲ တစ်ကြိမ် ကျရှုံးလျှင် ဖြစ်စေ၊ အကျင့်စာရိတ္တပျက်လျှင် ဖြစ်စေ၊ အထောက်အပံ့ ရပ်စဲရမည်။

အားလုံး မေတ္တာဖွံ့ဖြိုး ပညာတိုးပွား ချမ်းသာကြပါစေ။

တိဝိဋက ယောဆရာတော်

တံတား လျှပ်စစ်မီး စသည် လှူဒါန်းမှု

ယောဆရာတော်သည် ဇာတိလက်ပန်ရွာနှင့် မောက်ရွာအကြား ပေ ၁၀၀၀ ကျော် ရှည်သော မြစ်သာမြစ်ဖြတ် ကြိုးတံတားကို ကျပ်ငွေသိန်းပေါင်း ၂၈၈၂ (နှစ်ထောင့်ရှစ်ရာရှစ်ဆယ့်နှစ်သိန်း) အကုန်ကျခံ တည်ဆောက်ပေးသည့်အပြင် အသွားအလာခက်ခဲသော နေရာများအတွက် တံတားကြီးများကိုလည်း သိန်းပေါင်းများစွာ အကုန်ကျခံကာ တည်ဆောက်ပေးတော်မူခဲ့သည်။ လက်ပန်ရွာ၌ ဆေးရုံကြီးရှိနေသောကြောင့် ကျန်းမာရေးအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရန် လက်ပန်ရွာဝန်းကျင်ရှိ ကျေးရွာများကို ဖြူစင်သော မေတ္တာ စေတနာဖြင့် မြစ်များချောင်းများကို ကြိုးတံတားများ တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးတော်မူသည်။

မောက်လင်းရွာ မြစ်သာမြစ် ကြိုးတံတားအတွက် သိန်း (၇၀၀)၊ တောင်ယာပြင်ရွာ ကြိုးတံတားအတွက် သိန်း (၃၀၀)၊ သာကောင်းရွာ လျှပ်စစ်မီးလင်းရေးအတွက် သိန်း (၃၀၀)၊ မောက်ရွာ မြေထိန်းနံရံအတွက် သိန်း (၂၀၀)၊ ကျွဲနှန်းရွာ လျှပ်စစ်မီးလင်းရေးအတွက် (၇၅) သိန်း၊ တောင်လယ်ရွာ လျှပ်စစ်မီးလင်းရေးအတွက် သိန်း (၃၀၀)၊ ဘော်ပြင်းရွာ မကျည်းခင်ရွာ လျှပ်စစ်မီးလင်းရေးအတွက် လည်း သိန်းပေါင်းများစွာ မေတ္တာ စေတနာထား၍ လှူဒါန်းပေးသည့် အပြင် မူလတန်းကျောင်း မရှိသေးသည့် ဂန့်ဂေါမြို့နယ် တောင်လယ် ကျေးရွာ၌

http://www.dhammadownload.com

မူလတန်းကျောင်းဆောင် အဆောက်အအုံနှင့် စာရေးခုံ၊ ဗီရို စသည်များ လှူဒါန်းပေးပြီး အစိုးရကျောင်း မဖြစ်သေးမီ ဆရာ နှစ်ယောက်နှင့် ဝန်ထမ်းတစ်ယောက် ခန့်အပ်ထားကာ လစဉ် လခ ရိက္ခာများကို လှူဒါန်းတော်မူသည်။

အခြားအခြားသော ကျေးရွာများ၌လည်း လှူဒါန်းဆဲ လှူဒါန်းလတ္တံ့တွေ များစွာရှိနေပါသည်။

မဟာဓာတ်အားလိုင်း သွယ်တန်းခြင်း

ဂန့်ဂေါမြို့နှင့် လက်ပန်ရွာအကြား ခရီးအကွာအဝေးမှာ ၁၆ မိုင်ခန့် ရှိသည်။ မဟာဓာတ်အားလိုင်း သွယ်တန်းမည်ဆိုပါက သိန်းပေါင်း မြောက်မြားစွာ ကုန်ကျမည်။

သို့သော်လည်း တိပိဋကယော ဆရာတော်သည် "လက်ပန်ရွာမှာ တိပိဋကမေတ္တာဆေးရုံ ရှိနေတော့ လျှပ်စစ်မီး အမြန်လိုတယ်ကွ။ အဲဒီ မဟာဓာတ်အားလိုင်းသွယ်ယူဖို့ ကုန်ကျစရိတ်အားလုံးကို ဘုန်းကြီးအိုကြီးက အကုန်တာဝန်ယူမယ်ကွာ" ဟု မိန့်တော်မူသော ကြောင့် ကျေးရွာလူကြီးများနှင့် ဆေးရုံကော်မတီ လူကြီးများက ဂန့်ဂေါမြို့ လျှပ်စစ်ရုံးသို့ သွားရောက်တင်ပြကြပြီး ကုန်ကျနိုင်မည့် ပမာဏကိုပါ မေးမြန်းခဲ့ကြသည်။ တွက်ချက်မှုအရ သိန်းပေါင်း ၄၉၀၀(သိန်းလေးထောင့်ကိုးရာ)ကုန်ကျမည်ဖြစ်ကြောင်း လျှပ်စစ်မီး အမြန်လိုပါက နေပြည်တော်သို့ သွားရောက်၍ လျှပ်စစ်ဝန်ကြီးနှင့် တိုက်ရိုက်တွေ့ဆုံရန် လိုအပ်ကြောင်း ပြောကြားသဖြင့် လက်ပန်ဆေးရုံ ကော်မတီလူကြီး ဦးသိန်းရဦးဆောင်သောအဖွဲ့သည် နေပြည်တော်သို့ သွားကြသည်။ လျှပ်စစ်ဒုဝန်ကြီးနှင့် တွေ့ဆုံခဲ့သည်။ ဒုဝန်ကြီးမှ ယောဆရာတော်ဘုရားကြီး၏ဇာတိ လက်ပန်ရွာဖြစ်ကြောင်းသိ၍ ဂန့်ဂေါမြို့မှ လက်ပန်ရွာသို့ မဟာဓာတ်အားလိုင်း သွယ်တန်းရန်ကိစ္စကို

http://www.dhammadownload.com

အမြန်စီမံပေးလေသည်။ လက်ပန်ရွာအရောက် အစိုးရ လျှပ်စစ်ဝန်ကြီးဌာနက အခမဲ့လျှုဒါန်းလိုက်သည်။

ယောဆရာတော်သည် အိမ်ခြေ ၃၀၀ ခန့်ရှိသော လက်ပန်ရွာအတွင်း အိမ်တိုင်း မီးလင်းရေးအတွက် သိန်းပေါင်း (၄၉၀၀) မလျှုဒါန်းရတော့ဘဲ သိန်းပေါင်း (၂၃၀၀) သာ လျှုဒါန်းလိုက်ရတော့သည်။ (လက်ပန်ရွာ အတွင်းပိုင်းကိုသာ တာဝန်ယူ လျှုဒါန်းလိုက်ရတော့သည်။)

လက်ပန်ရွာသည် ယခင်က မီးစက်ကြီးဖြင့်သာ အသုံးပြုခဲ့ရပြီး ညပိုင်းမှသာ မီးရကြသည်။ ယခုအခါ လျှပ်စစ်မီး အပြည့်အစုံရရှိပြီဖြစ်၍ နေ့ရောညပါ ၁၂ ရာသီ မီးရရှိပြီး ကျန်းမာရေးကိစ္စ၊ ပညာရေးကိစ္စ၊ လုပ်ငန်းကိစ္စ အရာရာအဆင်ပြေနေပြီ ဖြစ်သည်။ လက်ပန်ရွာ၌ လိုအပ်သည့်အရာအားလုံးကို ရပ်ရွာလူကြီး ဆေးရုံကော်မတီလူကြီးများက ယောဆရာတော်ထံ တင်ပြလျှောက်ထားကြရသည်။ ယောဆရာတော်သည် အသေးအဖွဲမှစ၍ တင်ပြလျှောက်ထားသမျှ အားလုံးကို အချိန်မဆိုင်းဘဲ အားလုံးဆောင်ရွက်လျှုဒါန်းပေးတော်မူသည်။

ကန်ရွာ၌ ချီးမြှောက်လျှုဒါန်းမှု

ယောဆရာတော် ကျောင်းသားဘဝ ရှင်သာမဏေဘဝက ပညာသင်ကြားခဲ့သော ကန်ရွာတွင် ကန်တောရကျောင်းတိုက်၌ တိပိဋကဘဏ္ဍာဂါရကျောင်းဆောင်နှင့် ကန်တောရကျောင်းတိုက် ပစ္စည်းလေးပါးအတွက် သိန်း ၅၀၊ ကန်ရွာအနောက်ကျောင်းတွင် ဆရာအရင်းဖြစ်သူ ဘန္ဒန္တသာကိန္န (သိရိပဝရမ္မာစရိယ) သီတင်းသုံးနေထိုင်ရန် စိန်ရတုကျောင်းဆောင်နှင့် ကန်ရွာတိုက်နယ်ဆေးရုံ၊ ကန်ရွာ အ·ထ·က တိပိဋကဘုဏ်ရည်ကျောင်းဆောင်တို့ကို ဆောက်လုပ်

http://www.dhammadownload.com

လျှုဒါန်းပေးပြီး ကန်ရွာ လျှပ်စစ်မီးလင်းရေးအတွက် သိန်း ၃၀၀၊ ကန်ရွာ မြစ်ကြောင်းလွှဲရန်အတွက် သိန်း ၁၀၀၊ ကန်ရွာ အ.ထ.က မုခ်ဦးအတွက် သိန်း ၃၀၊ ကန်ရွာ အထက်တန်းကျောင်းဝင်းအတွင်း ဝန်ထမ်းနေအိမ်အတွက် သိန်း ၅၀၊ ကန်ရွာ အ.ထ.ကကျောင်း အတွက် မာလ်တီမီဒီယာဝယ်ရန် ၃၅ သိန်းတို့ကို ယောဆရာတော်မှ လျှုဒါန်းတော်မူသည်။

(ဤသည်ကား စာရေးသူ သိရှိသမျှ လက်လှမ်းမီ သမျှကိုသာ ဖော်ပြခြင်း ဖြစ်သည်။)

ကျေးဇူးရှင်များနှင့် ကျောင်းတိုက်ခွဲများသို့ လျှုဒါန်းပေး

ယောဆရာတော် ကျောင်းသားဘဝ သာမဏေဘဝက ပညာသင်ကြားခဲ့ရာ ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက် နှစ် ၁၀၀ ပြည့်ပွဲ၊ ရဟန်းငယ်ဘဝက ပညာသင်ကြားခဲ့ရာဖြစ်သော မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာနချုပ် မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ် ၁၀၀ ပြည့်ပွဲ၊ မစိုးရိမ်ကျောင်းတိုက် နှစ် ၁၀၀ ပြည့်ပွဲ၊ ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ် တိုက်တည်ဆရာတော်ကြီး သက်တော် ၁၀၀ ပြည့်နှင့် ကျောင်းတိုက် နှစ် ၅၀ ပြည့် ရွှေရတုပွဲ၊ စုဒ္ဒသမ ရွှေကျင် သာသနာပိုင် ဝါဆိုဆရာတော်ကြီး သက်တော် ၉၀ ပြည့် နဝရတ် ရတုပွဲ၊ ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင် သံတော်ဆင့် ဆရာတော်ကြီး သက်တော် ၈၀ ပြည့် ပတ္တမြားရတုပွဲ၊ ငယ်ဆရာအရင်းဖြစ်သော ဘဒ္ဒန္တသာကိန္နဓ၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတုပွဲ၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော် ဘဒ္ဒန္တရာဇမဟာဘိဝံသ၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတုပွဲ၊ မန္တလေးမြို့ စည်ရှင် နာယကနှင့် ရွှေဘုန်းဝန် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏာဘိဝံသ၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတုပွဲ၊ မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဘဒ္ဒန္တကောသလ္လ၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတုပွဲ၊

http://www.dhammadownload.com

ဂန္ဓဂေါမြို့ ကန်တောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိက္ခာနန္ဒ၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတုပွဲ၊ ယောဆရာတော်၏ ကျောင်းတိုက်ခွဲများဖြစ်သည့် ကလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် ၂၅ နှစ်ပြည့် ငွေရတုပွဲနှင့် နှစ် ၃၀ ပြည့် ပုလဲရတုပွဲ၊ တိပိဋကတောင်ဖီလာတောရကျောင်းတိုက် ၂၅ နှစ်ပြည့် ငွေရတုပွဲနှင့် နှစ် ၃၀ ပြည့် ပုလဲရတုပွဲ စသော ကုသိုလ်ပွဲတို့ကို ကျင်းပပေးပြီး သံဃာတော် အများအပြားပင့်ကာ သိန်းပေါင်းမြောက်မြားစွာ စွန့်ကြဲပေးကမ်း လှူဒါန်းတော်မူခဲ့သည်။

ထို့အပြင် ယောဆရာတော်၏ သင်္ကန်းသက် နှစ် ၅၀ ပြည့် ရွှေရတုပွဲကို ရန်ကုန်မဟာဝိသုဒ္ဓါရုံ၌ တစ်ကြိမ်၊ မြောက်ဒဂုံကျောင်းခွဲ၌ တစ်ကြိမ်၊ ရွှေဥမင် ဓမ္မသုခတောရကျောင်းတိုက်၌ တစ်ကြိမ်၊ မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ တစ်ကြိမ်၊ ကလေးမြို့ မဟာဝိသုဒ္ဓါရုံ၌ တစ်ကြိမ်၊ ကလေးမြို့ တောင်ဖီလာကျောင်းတိုက်၌ တစ်ကြိမ်၊ ဂန္ဓဂေါမြို့ ကန်တောရကျောင်းတိုက်၌ တစ်ကြိမ်၊ လက်ပန်ရွာ၌ တစ်ကြိမ်၊ တစ်နှစ်တည်းဖြင့် ၈ ပွဲ ၈ နေရာခွဲ၍ တစ်ပွဲပြီးလျှင်တစ်ပွဲ အထူးပင့်သံဃာတော် ၅၀ နှင့်တကွ သံဃာတော်များအား ပင့်ဖိတ်ပြီး သိန်းပေါင်းများစွာ အကုန်ကျခံကာ အလှူပွဲများ လှူဒါန်းတော်မူခဲ့သည်။

တိပိဋကဓရဘွဲ့ရ ၂၅ နှစ်ပြည့် ငွေရတုပွဲကို ရန်ကုန် မဟာဝိသုဒ္ဓါရုံ၌ တစ်ကြိမ်၊ မြောက်ဒဂုံကျောင်းခွဲ၌ တစ်ကြိမ်၊ ကလေးမြို့ မဟာဝိသုဒ္ဓါရုံ၌ တစ်ကြိမ်၊ တောင်ဖီလာတောရ ကျောင်းတိုက်၌ တစ်ကြိမ်၊ ကန်တောရကျောင်းတိုက်၌ တစ်ကြိမ်၊ ၅ နေရာ၊ တိပိဋကဓရဘွဲ့ရ နှစ် ၃၀ ပြည့် ပုလဲရတုပွဲကိုလည်း ထို ၅ နေရာတို့၌ အထူးပင့်သံဃာတော် ၅၀ စီနှင့်တကွ သံဃာတော်များ အား သိန်းပေါင်းများစွာ အကုန်ကျခံကာ လှူဒါန်းတော်မူပြီး ယောဆရာတော်၏ မွေးနေ့ကိုကား

http://www.dhammadownload.com

နှစ်စဉ် ၅ နေရာခွဲ၍ အထူးပင့် သံဃာတော် ၅၀ စီနှင့်တကွ သံဃာတော်တို့အား လှူဒါန်းတော်မူ သည်။

ရန်ကုန် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် နှစ်ပတ်လည်ပွဲကိုကား နှစ်စဉ် အထူးပင့် သံဃာတော် ၅၀ နှင့်တကွ ပင့်သံဃာ သီလရှင် ၁၀၀၀ တို့အား ယောဆရာတော်မှ သိန်းပေါင်းများစွာ အကုန်ကျခံ လှူဒါန်းတော်မူပြီး မြောက်ဒဂုံ ကျောင်းခွဲနှင့် ရွှေဥမင် ဓမ္မသုခ တောရကျောင်းတိုက် နှစ်ပတ်လည်တို့ကိုလည်း အထူးပင့် သံဃာတော် ၅၀ စီနှင့်တကွ ပင့်သံဃာ သီလရှင် ၂၅၀ စီတို့ကို နှစ်စဉ် လှူဒါန်း တော်မူသည်။ ဂန့်ဂေါမြို့ ကန်တောရကျောင်းတိုက်၌ ယော ဆရာတော်၏ ဥပဇ္ဈာယ်ဆရာတော်ကြီး နှစ်ပတ်လည်ကိုလည်း နှစ်စဉ် အထူးပင့် သံဃာတော် ၅၀ ပင့်ဖိတ်၍ လှူဒါန်းတော်မူသည်။

မယ်တော်ကြီး ဒေါ်တုတ်ခိုင်၏ အသက် ၈၀ ပြည့် ပတ္တမြား ရတုပွဲ၊ အသက် ၉၀ ပြည့် နဝရတ်ရတုပွဲတို့ကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်လှူဒါန်းပေးပြီး မွေးနေ့ကိုကား နှစ်စဉ် အထူးပင့် သံဃာတော် ၅၀ နှင့်တကွ သံဃာ သီလရှင် အများအပြား ပင့်ဖိတ်ကာ သိန်း ပေါင်းများစွာ လှူဒါန်းပေးတော်မူသည်။

ကလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ လိုအပ်နေသော ဓမ္မာရုံကြီးအတွက် သိန်း ၅၀၀၊ တောင်ဇီလာတောရ စာသင်တိုက်၌ လိုအပ်နေသော ဓမ္မာရုံကြီးအတွက် သိန်း ၁၅၀၊ ရန်ကုန်မြို့ ယောနယ်အသင်း ဓမ္မာရုံအတွက် သိန်း ၅၀၀၊ ကျောင်းတိုက်ခွဲများ ဖြစ်သော ဒဂုံမြို့သစ်မြောက်ပိုင်း ထေရဝါဒ ဓမ္မရောင်ခြည် စာသင်တိုက် ထေရဝါဒ ဓမ္မဝိသောခနီ နှစ်ထပ်သိမ်ကျောင်းအတွက် သိန်း ၂၀၀၊ ၄င်းကျောင်းတိုက် ထေရဝါဒ ဓမ္မရတနာ သုံးထပ်ကျောင်း ဆောင်ကြီးအတွက် သိန်း ၅၀၀၊ ၄င်းကျောင်းတိုက် ထေရဝါဒ ဘောဇနသာလာ သုံးထပ်ကျောင်းဆောင်ကြီးအတွက် သိန်း ၂၀၀၀၊

http://www.dhammadownload.com

မင်္ဂလာဒုံမြို့ ရွှေဥမင် ဓမ္မသုခတောရ ရိပ်သာနှင့် စာသင်တိုက်၌ ဓမ္မသုခ သုံးထပ်ကျောင်းဆောင်အတွက် သိန်း ၁၀၀၊ ဓမ္မဂုဏ သုံးထပ် ကျောင်းဆောင်အတွက် သိန်း ၁၀၀၊ ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလတွင် ကလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ရေမြုပ်သွားသဖြင့် ဆုံးရှုံးမှုများ ပြုပြင်ရန် သိန်း ၁၀၀၀ နှင့် စာချဘုန်းကြီး ၇ ပါးတို့အား တစ်ပါးလျှင် ၈ သိန်းကျပ်စီ လှူဒါန်းပေးပြီး စာချဘုန်းကြီးသုံး စာအုပ်များ၊ စာသင်သဖွယ် ၁၀၀ ကျော်အတွက် စာသင်သားသုံး စာအုပ်များနှင့် သင်္ကန်း စသော ပစ္စည်းမျိုးစုံတို့ကို လေယာဉ်ဖြင့် ၉ ခေါက် ဆက်တိုက်ပို့ဆောင် လှူဒါန်းတော်မူသည်။

ယောဆရာတော်သည် ကျောင်းသားဘဝ၊ သာမဏေဘဝ၊ ရဟန်းငယ်ဘဝက ပညာသင်ကြားခဲ့သော ကျောင်းတိုက်များ၊ စာဝါ လိုက်ခဲ့ဖူးသည့် ဆရာများ၊ ကျေးဇူးရှိခဲ့သော ပုဂ္ဂိုလ်များကို တစ်ပွဲပြီးလျှင်တစ်ပွဲ နှစ်စဉ်ဆက်တိုက် သိန်းပေါင်းများစွာ အကုန်ကျခံကာ အစွမ်းကုန် ကျေးဇူးဆပ် လှူဒါန်းပူဇော်ပေးပြီး ကျောင်းတိုက်ခွဲများကိုလည်း ကျောင်းဆောင် အဆောက်အအုံများနှင့်တကွ ဘာမျှ မလိုရလေအောင် မျက်ခြည်မပြတ် စောင့်ရှောက် လှူဒါန်းပေးတော်မူသည်။ ကျေးဇူးရှိခဲ့သောပုဂ္ဂိုလ်များကို ကျေးဇူးဆပ်ရန် အမြဲ စဉ်းစားနေသည်။ လိုအပ်သည့် ဟာကွက်ကို ဖြည့်ဆည်းပေးရန် အမြဲကြည့်ရှုနေသည်။ ကျောင်းတိုက်ကြီး ၅ တိုက်ကို ကြီးမားသော မေတ္တာထုဖြင့် လုံလုံခြုံခြုံ လွှမ်းခြုံပေးသည်။

စာပေသင်ယူနေသော အချိန်၌ မိမိကိုယ်တိုင် စာအုပ်ဖိုးအခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်ဖြစ်၍ စာသင်သား သံဃာတော်များ စာအုပ် မလုံလောက်မှု မရှိစေရန်၊ စာအုပ်မရှိ၍ စာမသင်နိုင်ဟု မဖြစ်စေရန် လိုအပ်သမျှ စာသင်သားသုံး စာအုပ်အားလုံးကို မိမိတတ်နိုင်သည့် အချိန်၌ အစွမ်းကုန် လှူဒါန်းနေတော့သည်။

http://www.dhammadownload.com

ကျောင်းတိုက်ခွဲများမှ ဆရာတော်များက ဓမ္မာစရိယ ဘယ်နှစ်ပါး၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ မူလတန်း၊ မူကြိုတန်း ဘယ်နှစ်ပါးရှိကြောင်း ဘွဲ့အမည်နှင့် စာရင်းတို့ကို ပညာသင်နှစ်အစတွင် ယောဆရာတော်ထံ ပေးပို့ကြရသည်။ ယောဆရာတော်မှ စာရင်းကို ကြည့်ရှု၍ အတန်းအသီးသီးရှိ ဆိုင်ရာစာအုပ်များကို မှာယူပြီး လှူဒါန်းတော်မူသည်။

စိန်ရတုဩဝါဒများ

စိတ်မာတ်မြင့်တက် ကျက်အောင်ချက်

ဆန်ကိုအစိမ်းစား၍ မဖြစ်သဖြင့် ထမင်း ဖြစ်အောင်ချက်ရသကဲ့သို့ မိမိတို့ စိတ်ကလေးကိုလည်း အစိမ်းသုံး၍ မဖြစ်သဖြင့် ကောင်းမှုလုပ်ငန်းစဉ်ဖြင့် ရင့်ကျက်အောင် အမြဲချက်ပြုတ်ပေးနေရတယ်။

စိတ်ဆန်ကို သဒ္ဓါတရားအိုးထဲ၌ထည့်၊ သဒ္ဓါတရားရေဖြင့် စင်ကြယ်အောင်ဆေး၊ နီဝရဏအမှိုက်ကို ဖယ်ပစ်၊ သမာဓိရေကို လုံလောက်အောင် ထည့်ပေး၊ ဒါန သီလ သမာဓိ ဝိပဿနာ ဖိုခုံလောက်ပေါ်မှာ တင်ပေး၊ သမ္မာဝါယာမမီးကို မှန်မှန်ထိုးပေး၊ ပညာထမင်းချက်သမားက သေသေချာချာ ကြည့်၍ချက်၊ ကိလေသာမီး မလောင်အောင် သတိပြုပြီး အာရုံနှင့်စိတ်ကို ကပ်ပေး၊ မြှင့်တင်သလောက် စွမ်းအားတက်ကာ ရင့်ကျက်လာလိမ့်မယ်။

http://www.dhammadownload.com

စွမ်းအားမြှင့်မှ နှစ်ဖက်လှ

သိသမျှ ပြောနေခြင်းထက် စွမ်းနိုင်သလောက် ထိထိရောက်ရောက် လုပ်ခြင်းကသာ သတ္တိရှင်ပီသ၍ သုခကို လက်တွေ့ရနိုင်ပြီး အလုပ် တစ်ရစ်(တစ်ကန့်)ပြီးတိုင်း စွမ်းအားတစ်ထစ် တက်လာလိမ့်မည်။

ရုပ်ခန္ဓာကိုယ်ကြီးကို ရာတန်ရုံ၊ ထောင်တန်ရုံ အချိန်ကုန်ငွေကုန်ခံပြီး ဆင်ယင်ပြုပြင်နေခြင်းထက် နာမ်ခန္ဓာကို (စိတ်ကို) သိန်းသန်းကုဋေမကတန်အောင် ပြုပြင်နေခြင်းကသာ ခုရောနောင်ပါ အေးချမ်းကြောင်း အကောင်းဆုံးဖြစ်သည်။

အဆိပ်ဖြေဆေး ထည့်၍ပေး

သတိနှင့်မေတ္တာဟာ လူချမ်းသာ၏ အဆိပ်ဖြေဆေးဖြစ်တယ်။ လူချမ်းသာဟာ အဆိပ်ရောနေသဖြင့် ပြုံးရာမှ ရုတ်တရက် မဲ့ရတတ်တယ်။ ဒါကြောင့် သတိမေတ္တာဖြင့် အဆိပ်ကို ဖြေပေးရတယ်။ တစ်ယောက်တည်း နေရတဲ့အခါ သတိဖြင့် စိတ်ကိုထိန်း၍ ငြိမ်းချမ်းစွာ နေတတ်ဖို့၊ အများနှင့် နေရတဲ့အခါ မေတ္တာဖြင့် အေးချမ်းစွာ နေတတ်ဖို့ လိုလာတယ်။ သည်းခံခွင့်လွှတ် အနစ်နာခံတတ်တဲ့ ခန္တီအုတ်မြစ်တိုင် ခိုင်မာမှသာ မေတ္တာအမိုးအကာကို တင်ပေးနိုင်လိမ့်မည်။ ခန္တီစာမေးပွဲ အောင်မှ မေတ္တာအောင်လက်မှတ် ရလိမ့်မည်။

အကောင်းမြင်မှ ချမ်းသာရ

လူ့လောကဟာ ဒုက္ခဘုံဖြစ်သဖြင့် ချမ်းသာစရာတွေ ခါမှ ချမ်းသာအောင်နေမည်ဟု မရေမရာ မျှော်လင့် စောင့်ဆိုင်းနေခြင်းဖြင့် အချိန်မကုန်စေဘဲ ချမ်းသာအောင်နေတတ်မှ ချမ်းသာကို ရနိုင်သည်ဖြစ်၍ စိတ်အမြင်ရှင်းရှင်းဖြင့် တွေ့သမျှအာရုံကို အကောင်းဘက်ဆွဲပြီး

http://www.dhammadownload.com

ချမ်းသာကို မရ ရအောင် ရှာယူတတ်ဖို့ လိုတယ်။ အကောင်းမြင်အဖြစ် မရှုမြင်မသုံးသပ်တတ်ပါက သုခထဲမှပင် ဒုက္ခဖြစ်လာတတ်တယ်။

အကြောင်းရှိမှ အကျိုးယူ

အတိတ်အကြောင်းဆိုးကြောင့် ရောက်လာမယ့် ဆိုးကျိုးကို ရဲဝံ့စွာ ခံယူရမယ်၊ အဲဒီဆိုးကျိုးမျိုးကို နောက်ထပ်ပေးမယ့် အကြောင်းဆိုးကို ရဲဝံ့စွာရှောင်ကြဉ်ဖို့ လိုတယ်။ အကြောင်းဆိုးကို မပြုဘဲ အောင့်ထားရသောဆင်းရဲထက် အဲဒီအကြောင်းဆိုးကြောင့် ရရှိလာမယ့် ဆိုးကျိုးပြစ်ဒဏ်က အဆများစွာ ကြီးမားပြင်းထန်တတ်တာကို အထူး သတိပြုရမယ်။

စိတ်ထိန်းတတ်သော် ကုန်ချောပေါ်

သတိဟာ စိတ်ကို လမ်းမချော်အောင် ထိန်းပေးတဲ့ စိတ်ထိန်း ကိရိယာဖြစ်တယ်။ စိတ်ထိန်း ကိရိယာ ပြုတ်ထွက်သွားရင် စိတ်အစဉ် ပေါက်ကွဲတတ်တယ်။ သတိက စိတ်ကို အာရုံနှင့် ကပ်ပေးရတယ်။ အစ အလယ် အဆုံး အကုန်သိအောင် ရှေ့နောက် စပ်ပေးရတယ်။ အာရုံကို ပုံဖော်၍ အလုပ်မပြီးမချင်း အခြားမဆိုင်သည့် အာရုံနှင့် မရောရအောင် ထိန်းပေးတဲ့ အာရုံထိန်းကိရိယာလည်း ဖြစ်တယ်။ သတိရှိမှ စိတ်ကုန်ကြမ်းကို သာသနာ့လုပ်ငန်းစဉ် စက်ရုံထဲမှာ ထည့်ဖြစ်ပြီး တရားစွမ်းအား ကုန်ချောများ ပေါ်ထွက်လာလိမ့်မယ်။ သတိလွတ်တိုင်း စိတ်တွေ အမှိုက်သရိုက် ဖြစ်သွားတတ်သည်ကို အထူး သတိပြုရမယ်။

စိတ်၏ဓာတ်ပုံ ဆေးရောင်စုံ

ကောင်းမှုကုသိုလ်တွေ ပြုလုပ်တယ်ဆိုတာ စိတ်ကို ဓာတ်ပုံ ကောင်းကောင်းရအောင် ရိုက်ယူနေခြင်းပဲ၊ စေတနာကို သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာတို့ဖြင့် အပြင်အဆင်ကောင်းမှ ကမ္မသတ္တိတရား

http://www.dhammadownload.com

စွမ်းအားဆိုတဲ့ စိတ်၏ဓာတ်ပုံက တောက်ပကြည်လင်ပြီး ပုံချော ပုံကောင်း ဖြစ်လာမယ်။ ဉာဏ်ဖြင့် ပုံကြီးချဲ့တတ်သလောက် အကျိုး ပေး၍ မကုန်နိုင်လောက်အောင် ကြီးကျယ်လာမယ်၊ ဒါန,သီလ, ဘာဝနာ ဆေးရောင်စုံ အကွက်စေ့မှ ခန့်ငြားထည်ဝါ လှပလာမယ်။

အဆိပ်ပင်ကို ခုတ်ဖို့လို

စိတ်အစဉ် ခန္ဓာအစဉ်၌ ကိလေသာ အဆိပ်ပင် ပေါက်နေသဖြင့် အဆိပ်ပင်ဟု သိလျှင် ခုတ်ပစ်ရမယ်၊ သီလဖြင့် ဝိတိက္ကမ ကိလေသာ ပင်စည်အကိုင်းအခက်ကို ခုတ်ရမယ်၊ သမထ (သမာဓိ) ဖြင့် ပရိယုဋ္ဌာန ကိလေသာဟူသော မနောဒွါရသောင်းကြမ်းမှု ဟူသော အဆိပ်ပင်ငုတ်တိုကို မီးရှို့ပစ်ရမယ်။ ဝိပဿနာပညာဖြင့် ခန္ဓာမြေကြီးကိုတူး၍ အနုသယကိလေသာ အဆိပ်ပင်အမြစ်ကို ဖြတ်ရမယ်။

အနုတ်နှင့် အပေါင်း

လူဘဝ၌

၁။ အချိန်ပြောင်းလဲသွားနေခြင်း၊

၂။ အရွယ်မရပ်မနား ပြောင်းလဲကြီးရင့်နေခြင်း၊

၃။ ကိလေသာ နီဝရဏဖုံး၍ စိတ်ရှုပ်ရခြင်းဟု အနုတ်လက္ခဏာက သုံးမျိုး။

၁။ ခန္ဓာက တာဝန်ပေးတဲ့ ပစ္စည်းဥစ္စာရှာဖွေရေး၊

၂။ သန္ဓါတရားက တာဝန်ပေးတဲ့ တရားရှာဖွေ စုဆောင်းရေး ဟု အပေါင်းလက္ခဏာ နှစ်မျိုးပြတယ်။ အဲဒီနှစ်မျိုးမှာ ကောင်းမှုတရား၊ စိတ်စွမ်းအား အပေါင်းလက္ခဏာသာ မုချအားကိုးရတဲ့ အမာခံ အပေါင်းလက္ခဏာ ဖြစ်တယ်။

http://www.dhammadownload.com

သတိရှိသူ စိတ်မပူ

သာသနာက နံပါတ်(၁)တောင်းတာဟာ သတိပဲ။ ပိဋကတ် သုံးပုံရဲ့ အနှစ်ချုပ်ဟာလဲ အပွမာဒခေါ်ဆိုတဲ့ သတိပဲ။ သတိရှိရင် ဝိရိယနှင့် အစပ်မှန်လို့ သမာဓိတိုးမယ်။ သမာဓိတိုးတော့ ပညာ မြင့်မားမယ်၊ ဉာဏ်ပေါ်လာမယ်၊ ဉာဏ်အမြင်မှန်လာရင် အသိက အရှိကို ကောင်းကောင်းနိုင်သွားပြီပေါ့။ နေ့စဉ်လုပ်နေကျ အလုပ်တွေ ထဲက အားကိုးစရာ တရားစွမ်းအားတွေ စီတန်းကောက်ယူရုံပဲ ရှိတော့တယ်။ သတိရှိတဲ့ပုဂ္ဂိုလ်က တရားနှင့်အလုပ်၊ အလုပ်နှင့်တရား ကို ခွဲမထားဘူး။ တစ်သားတည်း ပေါင်းစပ်ထားတယ်။ သတိတစ်လုံး ကို ချုပ်ကိုင်ထားနိုင်ရင် အဆိုးတွေအားလုံးကိုလည်း နိုင်ပြီပေါ့။

သတိမေတ္တာ ဤနှစ်ဖြာ

သတိက မိမိကို လုံခြုံအောင် စောင့်ရှောက်ရင်း သူတစ်ပါး ကိုပါ လုံခြုံအောင် စောင့်ရှောက်ပေးတယ်။ မေတ္တာကတော့ သူတစ်ပါးကို လုံခြုံအောင် စောင့်ရှောက်ကူညီရင်း မိမိကိုယ်ပါ လုံခြုံ အောင် စောင့်ရှောက်ပေးတယ်။ တစ်ယောက်တည်း တည့်အောင် နေချင်ရင် သတိတရား အမြဲ လက်ကိုင်ထား။ နှစ်ယောက်ကစပြီး အများနှင့် တည့်အောင်နေချင်ရင် မေတ္တာတရား အမြဲလက် ကိုင်ထား။

အဆိုးကိုနိုင် အကောင်းပိုင်

လူ့ရဲ့ဆန္ဒက တူရာပေါင်းလိုက်ရင် အဆိုးကို နိုင်ချင်တာရယ်၊ အကောင်းကို ပိုင်ချင်တာရယ်၊ တစ်နည်းအားဖြင့် ပြောရရင် အဆိုး ကင်းချင်တာရယ်၊ အကောင်းပြည့်စုံချင်တာရယ်၊ ဒါပဲဗျ။ အဆိုးကို နိုင်ချင်တယ်၊ အဆိုးကင်းချင်တယ် ဆိုရင်တော့ သတိကို မလွတ်တမ်း အမြဲဆုပ်ကိုင်ထားမှ ဖြစ်မှာဗျ။

http://www.dhammadownload.com

စိတ်ကိုဆုံးမ ချမ်းသာရ

စိတ်ကို သွားချင်ရာသွား လာချင်ရာလာ အစီအစဉ် ကင်းမဲ့စွာ လွှတ်မထားရဘူး။ ကိုယ့်ဟာကိုယ်လဲ အမိန့်ပေး ဆုံးမပေးကြရတယ်။ 'ဟေ့ စိတ်ကလေး မင်းက ပုထုဇဉ်မို့လို့ ကိလေသာ မဖြစ်ရဘူးလို့ ဘယ်ဟုတ်ပါ့မလဲ၊ ဖြစ်ပါ၊ ဒါပေမယ့် ငါ ကောင်းတဲ့အလုပ် လုပ်နေစဉ် ကောင်းတဲ့အာရုံ ယူနေစဉ်မှာ မင်းက ရှေ့ကနေပြီး ကန့်လန့်ကန့်လန့်နဲ့ ကြားဖြတ်ပြီး ဝင်မရှုပ်နဲ့နော်။ ငါက မင်းကို ဒါနအလုပ် သီလအလုပ် ဘာဝနာအလုပ် ခိုင်းချင်တဲ့အခါ အချိန်မရွေး ခိုင်းမှာ၊ ငါခိုင်းတဲ့အချိန်မှာ မင်းက အသင့်အနေအထားမှာ အမြဲရှိပစေနော်' အဲလို စသည်ဖြင့်ပေါ့။ ကိုယ့်စိတ်ကလေးကို အစီအစဉ်လေးနဲ့ လမ်းကြောင်းလေးနဲ့ အကွက်ကျကျ နေရာတကျဖြစ်အောင် မဆိုင်တဲ့အာရုံတွေ ဝင်ရှုပ်မလာရအောင် ဆုံးမတတ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ကိလေသာနဲ့ အချိန်ကုန်မခံဘူး။ ကိလေသာ ဖြစ်ချင်တိုင်းလည်း ဖြစ်ခွင့်မပေးဘူး၊ စည်းနဲ့ ဘောင်နဲ့ ကန့်သတ်ထားတာ။

ကိုယ့်စိတ် ကောင်းမကောင်းသာ ကြည့်

ကောင်းမှုကုသိုလ်အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် ကောင်းကင်ကိုလည်း မော်ကြည့်နေစရာ မလို၊ ပြက္ခဒိန်ကို လှန်ကြည့်၍လည်း ရက်ရာဇာ ပြဿဒါး ရွေးနေစရာမလို၊ ကိုယ့်စိတ် ကောင်းမကောင်းကိုသာ ကြည့်။ ကိုယ့်စိတ်မှာ သတိကင်းလွတ်ပြီး လောဘ ဒေါသ မောဟ နက္ခတ်ဆိုးတွေနဲ့ ယှဉ်နေရင် ဒါန လီလ ဘာဝနာ ဘယ်ကောင်းမှုကိုမှ လုပ်လို့မဖြစ်နိုင်တဲ့အတွက်ကြောင့် ပြဿဒါး အချိန်ပျက် အချိန်ဆိုးလို့ မှတ်၊ ကိုယ့်စိတ်မှာ သတိနက္ခတ်နဲ့ ယှဉ်နေပြီဆိုရင် ရက်ရာဇာ အချိန်ကောင်းလို့ မှတ်။

http://www.dhammadownload.com

နှုတ် + ဆက်

နှုတ်ဆက်တယ်ဆိုတာ-

သတိ, ဝီရိယ, သမာဓိနဲ့ ပူတာတွေကိုနှုတ်၊ ဒါန, သီလ, သမာဓိ, ဝိပဿနာ အေးတာနဲ့ဆက်၊ မကောင်းမှု အကုသိုလ်တွေကို နှုတ်၊ ကောင်းမှု ကုသိုလ်နဲ့ ဆက်၊ ရှုပ်တာတွေကို နှုတ်၊ ရှင်းတာနဲ့ ဆက်၊ ညစ်တာတွေကိုနှုတ်၊ သန့်စင်တာနဲ့ဆက်၊ ဆင်းရဲဒုက္ခအပူတွေ အားလုံးကို နှုတ်၊ အအေးချမ်းဆုံးသော နိဗ္ဗာန်နဲ့ ဆက်၊ အဲဒါ နှုတ် + ဆက်တယ် ခေါ်တယ်။ အရဟတ္တမဂ်ဉာဏ်နဲ့ ကိလေသာ အားလုံးကို အမြစ်နှင့်တကွ နှုတ်ပြီးမှ သဗ္ဗညုတဉာဏ်တော်နဲ့ ဆက်ခဲ့လို့ လောကမှာ 'ဗုဒ္ဓ' ဆိုတာ ပေါ်လာခဲ့တာ။

သမာဓိအား တိုးအောင်ပွား

ဘုရားရှိခိုးတယ်၊ တရားထိုင်တယ်၊ တရား မှတ်တယ်ဆိုတာ သမာဓိထူထောင်ပေးတာ။ စာကျက်တဲ့အခါ သမာဓိဆိုတာ လိုတယ်။ သမာဓိရှိမှ စာကျက်ရတာ တွင်ကျယ်တာ။ သမာဓိရှိတဲ့ ပုဂ္ဂိုလ်က စာကျက်တဲ့အခါ တိကနဲ ရှင်းကနဲ စိုက်ကနဲ အကန့်လိုက် အကန့်လိုက် သွားတာဗျ။ စာဖြေဆိုတဲ့အခါမှာလည်း စာလုံးတွေဟာ စိတ်ထဲမှာ စီတန်းပြီးတော့ ပေါ်လာတယ်ဗျ။ ဒါကြောင့် သမာဓိကို တိုးအောင် ပွားအောင် လေ့ကျင့်ပေးကြ။

ကိုယ့်ကိုယ်ကိုယ်သာ ကိုယ်ဆရာ

စာသင်တိုက်ဆိုတာ ဆရာလုပ်နည်း သင်တန်းကျောင်းပဲဗျ၊ သူများကို ဆရာလုပ်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် အရင်ဆုံး သွန်သင်ရတယ်၊ ဆုံးမရတယ်၊ အကျင့်ကောင်းရတယ်၊ ဒါမှ သူများကို ဆရာလုပ်လို့ဖြစ်မှာ။ နောင်တစ်ချိန်မှာ သူများရှေ့မှာ မားမားမတ်မတ်

http://www.dhammadownload.com

ခန့်ခန့်ညားညားနဲ့ အသိပိုင်းဆိုင်ရာမှာလည်း အောက်တန်းမကျရ၊ အကျင့်ပိုင်းဆိုင်ရာမှာလည်း အောက်တန်း မကျရအောင် ကိုယ့်ကိုယ်ကိုယ် အရင်ဆုံး သွန်သင်ပါ၊ ဆုံးမပါ၊ နည်းမှန်လမ်းမှန်ရအောင် ကျင့်ပါ၊ အားထုတ်ပါ၊ ဒါမှ အဆင်ပြေမှာ။

ဆရာဟာ ဆရာလိုနေမှ တပည့်က လေးစားတာ

ဆရာဆိုတာ တပည့်တွေ လေးစားမြတ်နိုးလောက်အောင် လုပ်ပြရမယ်၊ အသိလည်း ကျွမ်းကျင်အောင် လုပ်ကြရတယ်၊ အကျင့်သိက္ခာလည်း ကောင်းအောင်နေပြကြရတယ်။ တပည့်တွေကို မင်းတို့ ဒါ မလုပ်ကြနဲ့လို့ တားမြစ်ထားရင် ဆရာကိုယ်တိုင်ကလည်း မလုပ်ရဘူး။ ကဲ မင်းတို့ ဒါလုပ်ကြဟော့လို့ ပြောရင် ဆရာကိုယ်တိုင်ကလည်း လုပ်ရတယ်။ တပည့်တွေကို သွန်သင်ဆုံးမနေသည့် ဆရာမှန်သမျှ ဆရာကိုယ်တိုင် လိုက်နာနေတဲ့အရာ ဖြစ်ရမယ်။ တပည့်တွေကို မလုပ်ပါနဲ့လို့ တားမြစ်ထားတဲ့အရာသည် ဆရာကိုယ်တိုင် မလုပ်တဲ့အရာပဲ ဖြစ်ရမယ်။ အဲဒါမှ တပည့်တွေက ဆရာကို လေးစားမှာပေါ့။

စာသင်တယ်ဆိုတာ
ကိုယ့်ဟာကိုယ် ဆုံးဖြတ်သုံးသပ်တတ်ဖို့

စာသင်တယ်ဆိုတာ ကိုယ့်ဟာကိုယ် သုံးသပ်တတ်ဖို့ ဆုံးဖြတ်တတ်ဖို့ လမ်းညွှန်တတ်ဖို့ အတည်ပြုတတ်ဖို့ စာသင်ကြတာ။ စာတွေတတ်လာပြီဆိုရင် ကိုယ့်ဟာကိုယ် ထိန်းတတ်ရတယ်။ တွန်းတတ်ရတယ်။ ဆုံးဖြတ်တတ်ရတယ်။ လမ်းညွှန်တတ်ရတယ်။ အတည်ပြုတတ်ရတယ်။ စာပေသင်ယူရင်း တစ်စတစ်စ သဒ္ဓါတရားကောင်းရတယ်။ တစ်စတစ်စ ဝီရိယမာတ်တွေ မြင့်မားလာရမယ်။ အသိအလိမ္မာတွေ တစ်စတစ်စ တိုးတိုးလာရမယ်။ အထက်ကိုရောက်လေ

http://www.dhammadownload.com

အသိဉာဏ်က မြင့်မားလာလေပဲ ဖြစ်ရမယ်။ တကယ်တမ်းကျတော့ လက်တွေ့ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့က အဓိက။

သူတော်ကောင်းဖြစ်ဖို့ အရေးကြီးတယ်

သူတော်ကောင်းဆိုတာ သူတော်လာအောင် ကိုယ်က ကောင်းအောင်နေပေးမှ သူတော်ကောင်းလို့ ခေါ်တာ၊ သူတော်မှ ကိုယ်က ကောင်းတာကို သူတော်ကောင်းလို့ မခေါ်ဘူး၊ တော်တယ်ဆိုတာ ပညာရှိတာကို ပြောတာ၊ ကောင်းတယ်ဆိုတာ သဒ္ဓါတရားရှိတာကို ပြောတာ၊ တော်ရုံသာတော်ပြီး မကောင်းရင် ကောက်ကျစ်စဉ်းလဲတတ်တယ်။ ကောင်းရုံသာကောင်းပြီး မတော်ရင် သူတစ်ပါးပြောတာ တလွဲယုံတတ်တယ်။ သူများပြောတိုင်း ခေါင်းညိတ်နေရတတ်တယ်၊ ဒါ့ကြောင့် တော်လည်းတော် ကောင်းလည်းကောင်း သူတော်ကောင်းဖြစ်အောင် ကြိုးစားကြ။

ကိုယ့်ထံ အလိုအလျောက် ရောက်မလာနိုင်

ပညာရှိ သူတော်ကောင်းတွေထံက အကောင်းဓာတ်တွေကို မိမိနှလုံးသားထဲ ရောက်အောင် ကူးယူကြရတယ်။ တရားစာပေ ဗဟုသုတတွေကိုလည်း ဖတ်ရှုလေ့လာကြရတယ်။ အကောင်းဓာတ်ဆိုတာ ကိုယ့်ဟာကိုယ် တမင်တကာ ရှာကြံပြီးယူမှ ရတာ။ သူ့အလိုလို ကိုယ့်ထံ ရောက်လာမှာ မဟုတ်ဘူး၊ မွေးကတည်းကစပြီး ကောင်းလာတာ ဘယ်သူမှ မရှိဘူး။

အမှားကိုမြင် အမှန်ပြင်

ပုထုဇဉ်ဆိုတာ မမှားရဘူးလို့ ဘယ်ဟုတ်ပါ့မလဲ၊ မှားမှာပေါ့၊ မောဟမှ မကင်းသေးတာကိုး၊ ဒါပေမယ့် မှားနေတဲ့အမှားကို ပတ်ဝန်းကျင်က ထောက်ပြလာရင် အမှန်ကို ပြင်ရမယ်။ မှားမှန်း

http://www.dhammadownload.com

သိနေရင် အချိန်ဆွဲမနေနဲ့ ချက်ချင်းသာ ပြင်လိုက်၊ မှားမှန်းသိပါ လျက်နဲ့ ဒီအမှားလမ်းကို ဆက်လျှောက်နေရင် ဒုက္ခရောက်တတ်တယ်။

ခွဲပြီး သိတတ်ဖို့လို

ပုထုဇဉ်ရဲ့စိတ်ဟာ မလိုချင်တဲ့ အို နာ သေ စတဲ့ ဆင်းရဲဒုက္ခ အပူမျိုးစုံကိုလည်း အကုန်ပေးတယ်။ လိုချင်တဲ့ ချမ်းသာသုခအမျိုးမျိုး ကိုလည်း အကုန်ပေးတယ်။ အဲဒါကို ဉာဏ်နဲ့ ခွဲသိပြီးတော့ လုပ်သင့် လုပ်ထိုက်တာကို ခပ်မြန်မြန် လုပ်ထားမှဖြစ်မှာ၊ အေးစက်စက် လုပ်နေရင် အိုနာသေက လက်ဦးသွားပြီး ကိုယ့်အတွက် ဘာမှ ရလိုက်မှာ မဟုတ်ဘူး။

လုပ်သင့်တာလုပ်မှ ဖြစ်သင့်တာဖြစ်မယ်

ဖြစ်သင့်တာတွေ တကယ်ဖြစ်ချင်ရင် လုပ်သင့်တာကို လုပ်ရ တယ်၊ လုပ်သင့်တာလုပ်မှ ဖြစ်သင့်တာက ဖြစ်လာမှာ၊ မဖြစ်သင့်တာ တွေ မဖြစ်ချင်ရင် မလုပ်သင့်တာကို ရှောင်ကြဉ်ရတယ်။ မလုပ်သင့်တာကို ရှောင်ကြဉ်မှ မဖြစ်သင့်တာက မဖြစ်မှာ၊ ဘယ်ကိစ္စရပ်များမဆို လုပ်သင့် မလုပ်သင့်၊ ဖြစ်သင့် မဖြစ်သင့် အရင်ဆုံး ဉာဏ်နဲ့ ချိန်တွယ်ကြည့်ပြီး လုပ်လည်းလုပ်ချင်၊ လုပ်လည်း လုပ်သင့်၊ လုပ်လည်းလုပ်ထိုက်တဲ့ အလုပ်ဆိုရင် အချိန်ဆွဲမနေနဲ့၊ အမြန်သာလုပ်။

လူချင်းတူပေမယ့် ကံချင်းမတူဘူး

လူဖြစ်စေတတ်တဲ့ ကံချင်းတူပေမယ့် ကံကို ဖန်တီးတဲ့ နေရာမှာ တစ်ယောက်နဲ့ တစ်ယောက်ဟာ မတူခဲ့ကြလို့ စိတ်အနေ အထား၊ ရုပ်အနေအထားဟာလည်း တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ တစ်ချို့ ဉာဏ်ကောင်းတယ်၊ ပညာသင်ရတာ လွယ်ကူတယ်၊ တစ်ချို့ကျတော့ ပညာသင်လို့မရလောက်အောင်

http://www.dhammadownload.com

ဉာဏ်လေးတယ်။ ဒါဟာ ကုသိုလ်လုပ်ခဲ့စဉ်က ဉာဏ်ပါမပါ ကွာခဲ့လို့ပဲ။

စေတနာကောင်းရင် ကံကောင်းတယ်

ဝေယျာဝစ္စဆောင်ရွက်ကြတဲ့အခါ စိတ်ကောင်း စေတနာကောင်းလေး ထားပြီးတော့ ဆောင်ရွက်ကြ၊ စေတနာကောင်းရင် ကံကောင်းမယ်။ ကံကောင်းရင် အကျိုးပေး ကောင်းမယ်။ သူတစ်ပါး အပေါ် စိတ်ကောင်း စေတနာကောင်းလေး တစ်ချက်လောက် ကောင်းကောင်းထားခဲ့ရင် အဲဒီစိတ်ကောင်း စေတနာကောင်းလေးဟာ နောင် တစ်ချိန်မှာ မိမိကို ကောင်းကောင်းကြီး ကျေးဇူးပြုမှာ သေချာပြီးသား။

တရားနှင့်လူ ထိနေမှ အပူမငြိတာ

တရားနဲ့ ထိတွေ့ခွင့်ရတဲ့ပုဂ္ဂိုလ်နှင့် ထိတွေ့ခွင့်မရတဲ့ပုဂ္ဂိုလ် မတူကြဘူးဗျ၊ တရားနဲ့ထိတွေ့ခွင့်ရတဲ့ ပုဂ္ဂိုလ်ရဲ့မျက်နှာဟာ ကြည့်လိုက်ရင် သိသာတယ်။ အမြဲတမ်း ကြည်လင်ပြီးတော့ နေတယ်။ တည်ငြိမ်တယ်၊ အေးချမ်းတယ်၊ တရားနဲ့ထိ တွေ့ခွင့်မရတဲ့ ပုဂ္ဂိုလ်ရဲ့ မျက်နှာကျတော့ အပူသည် ပုံစံမျိုးနဲ့ အမြဲတမ်း ညှိုးငယ်ပြီး တော့ နေတယ်။

နေပူထဲမှာ နေ့စဉ် ရေမှန်မှန်လောင်းပေးတဲ့ ပန်းပင်နှင့် ရေလောင်းမခံရတဲ့ ပန်းပင်ဟာ လန်းဆန်းပုံချင်း ရှင်သန်ပုံချင်း မတူနိုင်သလို စိတ်နှင့်ကိုလေသာ ပူးကပ်ထားသူနှင့် ခပ်ခွာခွာ ထားနိုင်သူဟာလည်း မတူကြဘူးဗျ။ စိတ်နှင့်ကိလေသာကို ဘုရားအား တရားအားနဲ့ ခပ်ခွာခွာလေး ခွာထားပေးနိုင်မှ တရားဝင်ပေါက်က ပွင့်ပြီး အပူသက်သာမှာ၊ ပူလောင်မှု နည်းမှာ။

http://www.dhammadownload.com

စိတ်အညစ်အကြေးတွေ စင်ကြယ်ဖို့

စိတ်အညစ်အကြေးတွေ စင်ကြယ်လာအောင် နေ့စဉ် တရားနာခြင်း ဆင်ခြင်ခြင်း နှလုံးသွင်းခြင်းဆိုတဲ့ တရားကျောက်ပြင်ပေါ် စိတ်ကလေးကို တင်၊ သဒ္ဓါဆိုတဲ့ရေကို များများလောင်း၊ ပညာနဲ့ စူးစူးစိုက်စိုက် ကြည့်၊ သတိသမာဓိနဲ့ ဖိကိုင်ပြီးတော့ သီလသုတစတဲ့ လုပ်ငန်းစဉ်အတိုင်း ဝိရိယစွမ်းအားနဲ့ ထုနှက် ရိုက်ချွတ် လျှော်ဖွပ်ပေးမှ စိတ်အညစ်အကြေးတွေက စင်ကြယ်လာမှာ။ ပကတိရေနဲ့ ဆေးကြော သုတ်သင်ရုံနဲ့တော့ စိတ်အညစ်အကြေးတွေဟာ စင်ကြယ်လာမှာ မဟုတ်ဘူး၊ တရားလုပ်ငန်းစဉ် ရေစင်ရေအေးလေးနဲ့ ဆေးကြောပြီး ပညာဆေးရောင်ခြယ်သပေးမှ စိတ်ကလေးဟာ သန့်ရှင်းစင်ကြယ်လာမှာ။

အာရုံဖမ်း လေ့ကျင့်တာ

တရားထိုင်တယ် တရားရှုမှတ်တယ် တရား အလုပ်လုပ်တယ် ဆိုတာ အာရုံဖမ်းလေ့ကျင့်တာ။ အာရုံအဖမ်းမတတ်ရင် လောဘအဆိပ်တွေ၊ ဒေါသအဆိပ်တွေ၊ မောဟအဆိပ်တွေတက်အောင် အာရုံကပြန်ပြီးကိုက်တာ ခံရတတ်တယ်။ တရားအလုပ်လုပ်တယ်ဆိုတာ အာရုံကြောင့် မိမိမှာ မီးမတောက်ရအောင် အာရုံအကိုက်ခံရတာကြောင့် လောဘ ဒေါသ မောဟစတဲ့ ကိလေသာ အဆိပ်တွေ ခန္ဓာမှာ ပျံ့မသွားရအောင် အာရုံဖမ်း လေ့ကျင့်တာ။

ကုသိုလ်ထုပ်တွေ တန်းစီပြီး ကောက်ယူရုံပဲ

ကုသိုလ်အရှိန်အဝါကြောင့် လူဖြစ်လာကြတာ။ ကုသိုလ် အလုပ်၊ တရားအလုပ်ဆိုတာ စိတ်ပါလည်း လုပ်နေရမှာပဲ။ စိတ်မပါလည်း လုပ်နေရမှာပဲ၊ နေ့စဉ်အိပ်ရာထလာတာနဲ့ ဘုရားရှေ့ အရင်သွား၊ သတိဉာဏ် အရင်ဖေါ်၊ သတိနဲ့ မြုပ်နေတာတွေကို ဖော်၊

http://www.dhammadownload.com

မျောနေတာတွေကို ဆယ်၊ စိတ်ကောင်း ဉာဏ်ကောင်း ရအောင်ယူ၊ ဉာဏ်နဲ့ ခန္ဓာကြီးကို ခြေဆုံး ခေါင်းဆုံး စေ့စေ့စပ်စပ် ကြည့်ရှု၊ သတိဉာဏ်လျှောက်လမ်း ခင်းထား၊ အဲဒီလိုဆိုရင် တစ်နေ့ တာလုပ်ငန်းစဉ်တွေထဲမှာ ကုသိုလ်ထုပ်တွေဟာ လိုသလောက် တန်းစီပြီး ကောက်ယူသွားရုံပဲ။ ကိုယ့်ဘက်က စိတ်ကောင်း စေတနာ ကောင်း ရှိဖို့နဲ့ ယူတတ်ဖို့ပဲ လိုတယ်။

ရတနာဟာ တောထဲကထွက်တာ

အထက်တန်းစား ပုဂ္ဂိုလ်တွေသုံးတဲ့ အဖိုးတန် ကျောက်မျက် ရတနာဆိုတာ မြို့ပေါ်က မထွက်ဘူး၊ တောထဲတောင်ထဲက ထွက်တာ။ သာသနာမှာလည်း အဖိုးတန် သာသနာပြု ပုဂ္ဂိုလ်ထူးတွေဆိုတာ မြို့သားတွေ မထွက်ဘူး၊ တောထဲတောင်ထဲက တောသားတွေပဲ ထွက်တာ။

နာမည်ကောင်းလေးတစ်ခု ရဖို့ခက်တယ်

လူတစ်ယောက် နာမည်ကောင်းလေးတစ်ခု ရဖို့ဆိုတာ တော်တော်နဲ့ မလွယ်ကူဘူး။ နှစ်နဲ့ချီပြီး အချိန်တွေယူပြီးတော့ စိတ်ကောင်း စေတနာကောင်းလေးတွေနဲ့ အရင်းအနှီး အများကြီး စိုက်ထုတ်ပြီး မနည်းကြိုးစားနိုင်မှ ရတာ။ 'ဂုဏ်တက်ဖို့ တစ်သက်၊ ဂုဏ်ပျက်ဖို့ တစ်ရက်' တဲ့။ အကောင်းဂုဏ်ဆိုတာ ဖြည်းဖြည်းလေးသာ လာတယ်၊ ရှိပြီးသားဂုဏ်လေး ပျက်ဖို့ကြတော့ ဘာကြာလို့လဲ။ ယခု ချက်ချင်း ပျက်သွားနိုင်တယ်။

နာမည်ပျက်ဖို့က လွယ်တယ်

နှစ်နဲ့ချီပြီးတော့ ကြိုးစားအားထုတ်လို့ ရထားတဲ့ နာမည် ကောင်းလေးတစ်ခုဟာ ပျက်ဖို့ကြတော့ မြန်တယ်ဗျ၊ မကောင်းတဲ့ လူတစ်ယောက် ဖြစ်ဖို့ဆိုတာ ဘာမှမခက်ဘူး။ အချိန်လဲယူစရာ မလို

http://www.dhammadownload.com

ဘူး။ ယခုချက်ချင်း မဟုတ်တရုတ် ထလုပ်လိုက်တာနဲ့ နာမည်က ချက်ချင်း ပျက်ရော့။ နာမည်ပျက်ဖို့ကြတော့ လွယ်လိုက်တာ။

လူသေပေမယ့် နာမည်ကမသေ

မိမိ သူတစ်ပါး လောက သာသနာအတွက် ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူနိုင်တဲ့ပုဂ္ဂိုလ်နှင့် စည်းကမ်း အကျင့်သီလ မြင့်မား တဲ့ပုဂ္ဂိုလ်များဟာ လူသေသွားပေမယ့် နာမည်က မသေဘူးဗျ။ နာမည်ကောင်းလေးက မွေးပြီးတော့ ကျန်ရစ်ခဲ့တယ်။

လူတောင် မသေရသေးဘူး နာမည်ကသေနေပြီ

အကျင့်သိက္ခာ မကောင်းတဲ့သူ၊ စည်းကမ်း ဖောက်ဖျက်သူ၊ ကလိန်ကကျစ် လုပ်တတ်တဲ့သူများဟာ လူတောင် မသေရသေးဘူး၊ နာမည်က သေနေပြီ။ နာမည်ဆိုးအပုပ်နံ့က တလိုင်လိုင်ထွက်နေပြီ။ ဘယ်နေရာမှ လူရာမဝင်တော့ဘူး။ ဘယ်သူကမှ အယုံအကြည် မရှိတော့ဘူး။

ဒုက္ခသစ္စာ ခန္ဓာဒုးရင်းသီး

ဒုးရင်းသီးဟာ အပေါ်ယံကြည့်လိုက်တော့ စားချင်စရာ ဘာမှမရှိဘူး။ ဆူးတွေချည်း။ မားထက်ထက်နဲ့ ခွဲကြည့်လိုက်တော့ အတွင်းထဲမှာ အင်မတန် ချိုမြိန်ကောင်းမြတ် အရသာနဲ့ပြည့်စုံတဲ့ အသားတွေ ပေါ်လာတယ်။ လူ့ရဲ့ဒုက္ခသစ္စာ ခန္ဓာဒုးရင်းသီးဟာလည်း အပေါ်ယံကြည့်လိုက်တော့ ဒုက္ခထုပ်ကြီး။ သတိနဲ့ သေသေချာချာ ကိုင်ပြီး ဉာဏ်မားထက်ထက်နဲ့ ခွဲကြည့်လိုက်တော့ အတွင်းမှာ အင်မတန် ချိုမြိန်ကောင်းမြတ်တဲ့ တရားအနှစ်တွေ ပေါ်လာတယ်။

ဘဝခန္ဓာ တည်ဆောက်ရေးအဖွဲ့

ဘဝခန္ဓာတည်ဆောက်တဲ့အခါ အဝိဇ္ဇာဆိုတဲ့ မောဟက ဥက္ကဋ္ဌပါ။ တဏှာဆိုတဲ့ လောဘက အတွင်းရေးမှူးပါ။ ကျန်တဲ့

http://www.dhammadownload.com

ကိလေသာတွေက အဖွဲ့ဝင်တွေ။ ဥက္ကဋ္ဌ အဝိဇ္ဇာက အမှန်သဘောကို ဘာမှမသိ၊ အတွင်းရေးမှူးတဏှာက အလို ပြီးပြည့်စုံနိုင်တယ်လို့ လုံးဝမရှိ။ ခန္ဓာပစ္စည်းရှာလို့ မပြီးစီး မပြည့်ဝမီမှာဘဲ အိုနာသေကြရတယ်။ အဲဒီ မသိနှင့်မပြည့်ဆိုတဲ့ အဝိဇ္ဇာတဏှာနဲ့ပဲ သံသရာလည်နေကြရတယ်။

စမ်းသပ်လို့မရသည့် ကိလေသာ

မောဟအမှောင်ကို အကာအကွယ်ယူထားတဲ့ ကိလေသာဟာ စိတ်ရဲ့အကျိုးကို လိုလားသယောင် မိတ်ဆွေဟန်ဆောင်ပြီး ဝင်လာတတ်တယ်။ ခန္ဓာအစဉ်မှာ ကိလေသာရှိနေတာတော့ အမှန်ပဲ။ အဲဒီ ကိလေသာကို မျက်စိနဲ့ ကြည့်လို့လည်း မမြင်ရ၊ လက်နဲ့ ကိုင်ကြည့်လို့လည်း မတွေ့ရ။ ခေတ်မီ စက်ကိရိယာမျိုးစုံနဲ့ စမ်းသပ်ကြည့်လို့လည်း မရ။ စိတ်မှာ ကိလေသာဝင်လာရင် ပူလောင်ညစ်နွမ်း ပင်ပန်းရှုပ်ထွေးရတာလည်း အမှန်ပဲ။ ဗုဒ္ဓကျေးဇူးကြောင့်သာ ကိလေသာကို သိရတာ။

ထူးခြားမြင့်မြတ် လူ့စိတ်ဓာတ်

လောကမှာ အဖိုးတန် ကျောက်မျက် ရတနာဆိုတာ ရွှံ့တွေ ကျောက်ခဲတွေ သဲမြေကြားထဲက ခက်ခက်ခဲခဲတူးဖော်၊ အကာကိုဖယ် အနှစ်ကိုထုတ် ကျွမ်းကျင်တဲ့ ကျောက်သွေးသမားက အရောင်တောက်ပြောင်လာအောင် သွေးပေးလိုက်တော့ လူ့ရဲ့ခန္ဓာကိုယ်မှာ လှပတင့်တယ် ထည်ဝါစေတဲ့ အဖိုးတန် ရတနာအဆင့် ရောက်လာနိုင်သလို လူ့ရဲ့စိတ်ဓာတ်ဟာလည်း လောဘဒေါသမောဟစတဲ့ ကိလေသာရွှံ့နှံတွေ ကျောက်ခဲတွေ သဲမြေတွေကြားထဲက ခက်ခက် ခဲခဲဆွဲထုတ်လို့ မိဘဆရာသမားစတဲ့ ပညာရှိသူတော်ကောင်းများက အရည်အသွေးပေါ်လာအောင် ပြုပြင်မွမ်းမံပေးလိုက်တော့ စိတ်ကောင်းပေါ်လာပြီး အဖိုးတန်ပုဂ္ဂိုလ်ဆိုတာ ဖြစ်လာရတယ်။

http://www.dhammadownload.com

ပုထုဇဉ်ဟာ သားစိမ်းငါးစိမ်းနဲ့ တူ

ပုထုဇဉ်ဆိုတာ သားစိမ်း ငါးစိမ်းနဲ့ တူတယ်။ သားစိမ်း ငါးစိမ်းများဟာ ဆားတို့ ဆီတို့ စတဲ့ အဆာပလာနဲ့ နယ်ပြီး အချက်အပြုတ် အပြုအပြင်ကောင်းမှ စားလို့ဖြစ်သလို ပုထုဇဉ်ဆိုတာလည်း လောဘ ဒေါသ မောဟစတဲ့ ကိလေသာ အညီအဟောက်တွေကို သတိဆားနဲ့နယ်ပြီး မိဘဆရာသမားစတဲ့ ပညာရှိသူတော်ကောင်းတွေရဲ့ လမ်းညွှန်ပြုပြင် သွန်သင်ဆုံးမမှုကို ရရှိမှသာ အဖိုးတန်တဲ့ လူဆိုတာ ဖြစ်လာနိုင်တယ်။

မသွားဘဲနီးတာ သုသာန်

ခန္ဓာရှိနေသမျှ သေဆုံးပျက်စီးရမှာချည်းပဲ။ သေရမယ့်ဘက်ကိုပဲ တစ်ရက်ထက်တစ်ရက် တစ်ခိုန်ထက်တစ်ခိုန် နီးနီးလာနေ တယ်။ လောကမှာ မသွားဘဲ အလိုလိုနီးလာတာဟာ သုသာန်တဲ့။ ရပ်ပဲနေနေ၊ နောက်ကိုပဲ ပြန်သွားသွား၊ ကြောက်လို့ပဲ ထွက်ပြေးပြေး၊ ခန္ဓာကတော့ သေခြင်းတရားနှင့် အမြဲနီးနေမှာပဲ။ ခန္ဓာရှိရင် သေခြင်း တရားဟာ ရှောင်တိမ်းလို့ လုံးဝမရနိုင်တာကြောင့် ဧကန် ရင်ဆိုင်တွေ့ကြုံကြရဦးမှာ။

သွားပါလျက်နဲ့ဝေးတာ နိဗ္ဗာန်

မသွားဘဲနီးလာတာဟာ သုသာန်ဖြစ်သလို သွားပါလျက်သားနဲ့ ဝေးနေတာဟာ နိဗ္ဗာန်ပဲဗျ။ မောဟအမှောင် မကင်းသေးတော့ သွားရင်းသွားရင်းနဲ့ လမ်းစပျောက်ပြီး ဝေးဝေးသွားတတ်တယ်။ နိဗ္ဗာန်ကို ဦးတည်ထားတာတောင်မှ မောဟအမှောင်ကြောင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းတဲ့အလုပ်ကို စတောင် မစဖြစ်ဘဲ လမ်းစပျောက်လို့ နေတတ်တယ်။ စထားရင်တောင် သတိလွတ်လို့ အမှောင်တွေပြီး လမ်းပျောက်သွားတတ်တယ်။ သွားရင်းနဲ့ လမ်းချော်နေတတ်တယ်။

http://www.dhammadownload.com

သွားနေရင်း လမ်းပျောက်တတ် လမ်းချော်တတ်တာကြောင့် နိဗ္ဗာန်ဟာ သွားရင်းနဲ့ ဝေးနေတတ်တဲ့တရားပဲ။

ဘဝအနှစ်ထုတ်ယူဖို့ ကျွေးတာ

မော်တော်ကားထဲ စက်ဆီမာတ်ဆီ ထည့်တယ်ဆိုတာ အလှကြည့်ဖို့ ဆီထည့်တာ မဟုတ်ဘူး။ လိုရာအရပ်ကို မောင်းလို့ရအောင်လို့ ဆီထည့်ကြတာ။ ဒါမျိုးလိုပဲ ခန္ဓာကြီးကို ကျွေးမွေးစောင့်ရှောက်တယ်ဆိုတာ အလှကြည့်ဖို့ မသေဖို့ ကျွေးမွေးတာမဟုတ်၊ မသေခင် အသုံးချဖို့၊ ဘဝအနှစ်ထုတ်ယူဖို့သာ ကျွေးမွေးခြင်း ဖြစ်ရမယ်။ မော်တော်ကား ပျက်တော့ မောင်းလို့ရအောင် ပြန်ပြင်ရသလို ခန္ဓာမကျန်းမာတော့လည်း ဘဝအနှစ် ထုတ်ယူနိုင်အောင် ဆေးဝါးများနဲ့ ပြန်ပြင်ရတာပဲ။

သတိတုတ်တောင်ဝှေး အမြဲကိုင်ထား

သတိဆိုတာ ကိလေသာဆိုတဲ့ အပူအရှူပ် အညစ်တွေနဲ့ ရှောင်တိမ်းဖယ်ရှားပေးတဲ့ တရားဗျ။ စိတ်ထဲ သတိသွင်းလိုက်တာနဲ့ ကိလေသာအပူ အရှူပ်အညစ်တွေ ကင်းသွားတာဖြစ်လို့ ချက်ချင်း လက်ငင်း စိတ်ချမ်းသာမှုကို ရရှိစေတယ်။ အသက်အရွယ်ကြီးလို့ အိုမင်းမစွမ်း ဖြစ်လာတော့ မလဲရအောင် တုတ်တောင်ဝှေးကိုင်ရသလို အဆင်းအတက်တွေမှာ မချော်ရ မလိမ့်ရအောင် လက်ကိုင်တန်းကို မြဲမြဲကိုင်ပြီး ဆင်းရတက်ရသလို စိတ်မယိုင်ရအောင်လည်း သတိတုတ်တောင်ဝှေးကို အမြဲစွဲကိုင်ထားမှ ဖြစ်မယ်။ စိတ်ထဲ အမြဲထည့်ထားရမှာက သတိဗျ။ စိတ်ထဲ သတိရှိနေသလောက် စိတ်ငြိမ်တယ်၊ ဉာဏ်ပွင့်တယ်၊ အကောင်းရလဒ် ပေါ်ထွက်တယ်။

တရားစွမ်းအား တက်မတက် သိလိုလျှင်

မိမိတို့ သန္တာန်မှာ တရားစွမ်းအား တက်မတက်၊ တရား

http://www.dhammadownload.com

အင်အားရှိမရှိ၊ သိလိုလျှင် လောဘ ဒေါသ မောဟစတဲ့ ကိလေသာ ဖြစ်စရာ အာရုံ ဆင်းရဲဒုက္ခ လောကဓံအာရုံများနဲ့ စမ်းသပ်ကြည့်ပါ။ အစမ်းခံနိုင်တယ် တော်ရုံတန်ရုံ လောက်နဲ့တော့ တုန်လှုပ်မှုမရှိဘူး ဆိုရင် တရားစွမ်းအားတက်နေပြီ၊ တရားအင်အားရှိနေပြီလို့ သိနိုင်တယ်။ အစမ်းမခံနိုင်သေးဘူးဆိုရင် တရားစွမ်းအား မတက်သေးဘူး၊ တရားအင်အား မရှိသေးဘူးလို့ နားလည်ရတယ်။

ရုပ်သာဆင်းရဲ စိတ်မမွဲ

သတိဉာဏ်ဟာ လောကကို အနိုင်ယူနိုင်တဲ့ တရားအတွက် အကောင်းဆုံးသော လက်နက်ပဲဗျ။ သတိဉာဏ် အထုံပါသွားရင် နိဗ္ဗာန်မရောက်မီ ဘဝသံသရာတစ်လျှောက် အိုထုပ်ခန္ဓာကို ရလာပေမယ့် ရုပ်သာအိုလို့ စိတ်မအိုရအောင်, နာထုပ်ခန္ဓာကို ရလာပေမယ့် ရုပ်သာနာလို့ စိတ်မနာရအောင်, စိတ်နာ သက်သာအောင်၊ ဒုက္ခသစ္စာထုပ်ကို ရလာသော်လည်း ရုပ်သာ ဆင်းရဲလို့ စိတ်မဆင်းရဲရအောင်, စိတ်ဆင်းရဲမှု သက်သာအောင်၊ သေထုပ်ခန္ဓာကြီးကို ရလာသော်လည်း ခန္ဓာသာသေလို့ တရားမသေရအောင်, တစ်ဘဝထက်တစ်ဘဝ တရားအထုံ ရင့်ကျက်လာအောင် ထိန်းသိမ်းအသုံးချသွားနိုင်မှာ သေချာပေါက်ဗျ။ အသိရဲ့ အသက်ဆိုတာ သတိပဲ၊ တရားမသေစေချင်ရင် သတိအမြဲကိုင်ထားကြ။

အားလုံးဟာ အကန့်အသတ်နဲ့လာကြတာ

မိမိတို့ ယခုလို လူ့ဘဝရောက်လာကြတယ်ဆိုတာ အတိတ်ကုသိုလ်ကံက ပို့လိုက်လို့ ရောက်လာကြတာ။ ရောက်လာတော့လည်း အမြဲနေရမှာတော့ မဟုတ်ဘူး။ လာကတည်းကကို အချိန်အကန့်အသတ်က ပါလာပြီးသား။ ဦးဘယ်သူ၊ ဒေါ်ဘယ်သူ၊ မောင်ဘယ်သူ၊ မဘယ်သူသည် ဤဘဝမှာ ဘယ်လိုပုံစံဖြင့် ဘယ်နှစ်နှစ်

http://www.dhammadownload.com

သာ နေစေ' လို့ ကံတရားက တစ်ခါတည်း ကန့်သတ်ပေးလိုက်ပြီး သား။ ဘဝတစ်ခုမှာ ဘယ်သူမှ ကိုယ့်စိတ်ကြိုက် နေချင်သလောက် နေပိုင်ခွင့်မရှိ၊ ငါတော့ အသက်(၁၀၀)ပြည့်အောင် နေမယ်၊ ဘယ်သူမှ ပြောပိုင်ခွင့် မရှိ၊ အားလုံးဟာ အကန့်အသတ်နဲ့ပဲ လာကြတာ။

အရေးကြီးတယ် အမြန်လုပ်

လုပ်ရမယ့်အလုပ်ကို မြန်မြန်လုပ်ကြ၊ အေးစက်စက် လူပ် တုတ်တုတ် မလုပ်ကြနဲ့၊ နောက်မှာ အိုဘေးတွေ နာဘေးတွေ သေဘေး တွေက ထက်ကြပ်မကွာ ပူးကပ်လိုက်ပါနေတယ်။ ခန္ဓာကြီးဟာ ဘယ်လောက်ပဲ ကျွေးကျွေး၊ ဘယ်နှစ်ထပ်ပဲ ကျွေးကျွေး၊ အိုတာ လည်း နောက်မဆုတ်၊ နာတာလလည်း နောက်မဆုတ်၊ သေတာ လည်း နောက်မဆုတ်၊ အိုတာ နာတာ သေတာက လက်မဦးသေးခင် ကုသိုလ်အလုပ် တရားအလုပ်တွေကို ခပ်သုတ်သုတ် ခပ်မြန်မြန် လုပ်ထားမှ ကိုယ်ပိုင်စွမ်းအား များများ ကျန်မှာဗျ။

အို နာ သေ ရှိနေလို့ ကုသိုလ်အလုပ် တရားအလုပ် လုပ်ကြတာ

အိုတယ်, နာတယ်, သေတယ်ဆိုတာ ကုသိုလ်အလုပ် တရား အလုပ် မြန်မြန်လုပ်ပါလို့ တွန်းအားပေးတာတဲ့ဗျ။ သတိသံဝေဂရှိတဲ့ ပုဂ္ဂိုလ်များက အိုနာသေဆိုတဲ့ တရားသုံးပါးကို အကြောင်းပြုလို့ မေ့မေ့လျော့လျော့ မနေရဲကြဘူးဗျ။ ကောင်းမှုကုသိုလ်တရားတွေကို အိုနာသေထက် လက်ဦးအောင် ပြုလုပ်ကြတယ်။ အိုနာသေ တရား သုံးပါးမှ မရှိဘူးဆိုရင် ကုသိုလ်အလုပ် တရားအလုပ်ဟာ ဘယ်သူမှ လုပ်ကြမှာမဟုတ်ဘူး။ လုပ်နေစရာလည်း လိုမှာမဟုတ်ဘူး။ ဒီ အို နာသေတရားတွေ ရှိနေလို့သာ ကုသိုလ်အလုပ် တရားအလုပ်တွေ လုပ်နေကြရတာ။

http://www.dhammadownload.com

သံသရာလမ်း ခရီးကြမ်း

သံသရာခရီးက ကြမ်းကလဲကြမ်း၊ ရှည်ကလည်း ရှည်၊ အဆင်းအတက်ကလည်း များ၊ ဆူးငြောင့်ခလုတ်ကလည်း သိပ်ပေါ၊ ကိလေသာ ရွံ့နွံတွေကလည်း အင်မတန်ထူထပ်၊ အဝိဇ္ဇာအမှောင်ထု ကြီးထဲမှာ စမ်းတဝါးဝါးနဲ့ သွားနေကြရတာ။ ဘယ်တော့ လမ်းဆုံး မှာမှန်းလည်း မသိ၊ သံသရာခရီးသွားတွေမှာ ဖြစ်အိုနာသေ ဆိုတဲ့ တိုက်စရာခလုတ်က (၄)မျိုး။ လောဘ ဒေါသ မောဟဆိုတဲ့ စူးစရာ ဆူးက (၃)ချောင်း။ အဝိဇ္ဇာတဏှာဆိုတဲ့ ငြိစရာကြိုးက (၂)ချောင်း ရှိတယ်။ သူတို့ကို အမြစ်နှင့်တကွ မပယ်သတ်နိုင်သေးသမျှ ကာလပတ်လုံး တစ်ဘဝပြီးတစ်ဘဝ ကူးကြ ပြောင်းကြရဦးမှာ။ သာသနာ့အလင်းရောင်ကောင်းတုန်း သုံးလို့ဖြစ်တဲ့ခန္ဓာကို ရရှိတုန်း အခွင့်ကောင်းတွေ လက်လွတ်မသွားရအောင် ကြိုးစားထားမှ ဖြစ်မှာဗျ။

အဆီအနှစ်တွေ ထုတ်ယူကြ

နှမ်းတို့ ပဲတို့ကို စက်ထဲထည့်ပြီး ကြိတ်တယ်ဆိုတာ ဆီကို လိုချင်လို့ဗျ။ ဆီရပြီဆိုမှတော့ နှမ်းဖတ်တွေ၊ ပဲဖတ်တွေကို တွယ်တာနေဖို့ မလိုတော့ဘူး။ ခန္ဓာကြီးကို ကျွေးတယ်ဆိုတာလည်း သီလ သမာဓိ ဝိပဿနာ အဆီအနှစ်တွေ ထုတ်ယူဖို့လို့ ကျွေးတာ။ သီလ သမာဓိ ဝိပဿနာ အဆီအနှစ်တွေ ထုတ်ယူပြီးမှတော့ ခန္ဓာကြီး ကို တွယ်တာနေဖို့ မလိုတော့ဘူး။ သေချင်လည်း သေတော့။

အဆင်သင့်ဖြစ်အောင် လုပ်ထား

နုပျိုသမျှ အိုဖို့သာ ဖြစ်တယ်။ အိုခါ အဆင်သင့်ဖြစ်အောင် အိုပြုံးလေးပြုံးနိုင်အောင် မအိုခင်မှာ ကုသိုလ်အလုပ် တရားအလုပ်ကို ကြိုတင်ပြုလုပ်ထား။ ကျန်းမာနေသမျှ နာဖို့သာ ဖြစ်တယ်။ နာခါ

http://www.dhammadownload.com

အဆင်သင့်ဖြစ်အောင် နာပြုံးလေး ပြုံးနိုင်အောင် မနာခင်မှာ ကုသိုလ် အလုပ် တရားအလုပ်ကို ကြိုတင်ပြုလုပ်ထား။ အသက်ရှင်နေသမျှ သေဖို့သာ ဖြစ်တယ်။ သေခါ အဆင်သင့်ဖြစ်အောင် သေပြုံးလေး ပြုံးနိုင်အောင် မသေခင်မှာ ကုသိုလ်အလုပ် တရားအလုပ်ကို ကြိုတင် ပြုလုပ်ထား။

ရုပ်နာပေမယ့် စိတ်အနာမခံဘူး

တစ်ခါတစ်ရံ အကြောင်းဖောက်ပြန်လာတော့ အနာရောဂါ တစ်ခုခုက မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲ နှိပ်စက်လာတယ်။ အဲဒီအခါ 'ဟေ့ အနာ၊ ခန္ဓာနဲ့မကင်းနိုင်လို့ နာတာ နာပါကွ။ ဒါပေမယ့် ငါက ရုပ်သာအနာခံမယ်၊ စိတ်နာတော့ မခံဘူးနော်။ နာရမယ့် အလုပ်က မင်းအလုပ်၊ နာတာကို အကြောင်းပြုပြီးတော့ တရားအနှစ် ပေါ်အောင် ရှုမှတ်ရမယ့်အလုပ်က ငါအလုပ်ဟဲ့၊ မင်းနာတာလောက် တော့ ငရဲဆင်းရဲနဲ့ ယှဉ်ကြည့်ရင် အသေးအမွှားလေးပါကွ၊ မင်းညှင်းဆဲနှိပ်စက်တာကို ကျေကျေနပ်နပ်ကြီး လက်ခံတယ်ကွ၊ မင်းကို အကြောင်းပြုလို့ တရားအမြတ်ကျန်အောင် ငါ လုပ်မယ်ဟေ့'၊ အဲဒီလိုစသည်ဖြင့်ပေါ့၊ စိတ်ကို ဝီရိယနဲ့ တင်းနိုင်သမျှတင်း၊ သတိနဲ့ တရစပ်ရှုမှတ်လိုက်တော့ နာတာတွေ ပေါ့သွားတယ် သက်သာသွား တယ်။

သတိရဲ့အမိန့်ကို ကိလေသာကနာခံ

ဘုရားအာရုံ တရားအာရုံ ကုသိုလ်အာရုံနဲ့ နေနေစဉ်မှာ လောဘဒေါသစတဲ့ ကိလေသာတွေက ရှေ့က ကန့်လန့်ကန့်လန့်နဲ့ ဝင်လာတတ်တယ်။ အဲဒီအခါ သတိက 'ဟေ့ ကိလေသာ၊ ပုထုဇဉ် မို့လို့ ကိလေသာ မဖြစ်ရဘူးလို့ မဆိုပါဘူး။ ဖြစ်ပါ၊ ဒါပေမယ့် ငါကောင်းတာ လုပ်နေစဉ်မှာတော့ ရှေ့က ဝင်ဝင်မရှုပ်နဲ့နော၊ မင်းခိုင်း

http://www.dhammadownload.com

တာ လုပ်ခဲ့ရလို့ သံသရာမှာ အပါယ်လည်း ကျခဲ့ရပြီးပြီ၊ ကျွဲတွေ နွားတွေဖြစ်ခဲ့လို့ နေပူမရှောင် မိုးရွာမရှောင်လည်း ရုန်းကန်ခဲ့ရပြီးပြီ၊ မင်း ဘေးဖယ် ဘေးဖယ်။ ဒီအချိန်ဟာ ငါကောင်းတာလုပ်နေတဲ့အချိန်၊ မင်းဝင်လာရမယ့်အချိန် မဟုတ်ဘူး။ မင်းခိုင်းတိုင်း ငါမလုပ်တော့ဘူးဟေ့၊ သာသနာနဲ့ တွေ့နေပြီကွ'၊ အဲဒီလို စသည်ဖြင့်ပေါ့၊ သတိရဲ့ အမိန့်နဲ့ ကိလေသာကို ကန်ထုတ်လိုက်တော့ ကိလေသာက ' ကျုပ် နောက်ဆုတ်ပေးပါမယ်ခင်ဗျ' ဆိုပြီး ဘေးကို ဖယ်ပေးရတယ်ဗျ။ သတိရဲ့အမိန့်ကို ကိလေသာက မလွန်ဆန်ရဲဘူး၊ နာခံရတယ်။

သတိလွတ်လို့ ဖြစ်တာချည်းပဲ

သတိမြဲနေရင် ဘာပဲလုပ်လုပ် တရားအလုပ်တွေချည်း ဖြစ်သွားတယ်။ သတိက အဆိုးတွေကို နိုင်တယ်။ အကောင်းတွေကို ပိုင်တယ်။ အဆိုးကင်းစေနိုင်တယ်။ အကောင်းနဲ့ ပြည့်စုံစေနိုင်တယ်။ လောကမှာ အမှတ်တမဲ့ဆိုတာ သတိလွတ်လို့ ဖြစ်ရတာချည်းပဲ။ လောဘဖြစ်တာဟာ သတိလွတ်လို့၊ ဒေါသဖြစ်တာဟာ သတိလွတ်လို့၊ ကိလေသာဖြစ်တာဟာ သတိလွတ်လို့၊ ချော်လဲတာဟာ သတိလွတ်လို့၊ တစ်ခုခုနဲ့ တိုက်မိဆောင့်မိတာဟာ သတိလွတ်လို့၊ ထမင်းအိုးဟင်းအိုး တူးတာဟာ သတိလွတ်လို့၊ ဘယ်အရာမဆိုပေါ့၊ အဆိုးမှန်သမျှ သတိလွတ်လို့ ဖြစ်တာချည်းပဲ။

လူလည်နှင့် လူရှုပ်

လောကမှာ လူလည်ဆိုတာ အခွင့်အခါကောင်းတွေကို အလွတ်မပေးဘဲ ရသမျှအချိန်တွေကို တန်ဖိုးရှိရှိနဲ့ စွမ်းအားတွေ ပေါ်ထွက်လာအောင် အသုံးချတတ်မှ၊ မိမိ သူတစ်ပါး လောက သာသနာအတွက် အကျိုးပြုမယ့် ကောင်းတဲ့နေရာတွေမှာ လည်မှ လူလည်လို့ ခေါ်တယ်။

http://www.dhammadownload.com

လူရွှပ်ဆိုတာ ကိုယ်နှင့်မဆိုင်ဘဲ ဟိုနေရာပါ ဒီနေရာပါ, ဟိုနားစပ်စပ် ဒီနားစပ်စပ်, စိတ်နောက်ကို လူကလိုက်ပြီး အချိန်တွေ ကုန်မှန်းမသိ ကုန်လို့၊ နေရာတကာ ဝင်ဝင်ပြီးပါနေတာကို လူရွှပ်လို့ ခေါ်တယ်။ မဟုတ်တဲ့နေရာတွေမှာ ကလိန်ကကျစ်ကျပြီး လည်တာကို လူလည်လို့ မခေါ်ဘူး။ လူရွှပ်လို့ ခေါ်တယ်။

မလိုချင်လေ ရလေပဲ

ဓမ္မလမ်းစဉ်အတိုင်းသွားပြီး ကိုယ့်အလုပ်ကိုယ်ပုံမှန်လုပ်နေလို့ကတော့ ပစ္စည်းလာဘ်လာဘဆိုတာ ဘာမှပူစရာ မလိုဘူး။ စိတ်သာချ၊ မလိုချင်လေ ရလေပဲ။ နောက်ကနေ တန်းစီလိုက်လာတော့ တာ၊ လိုချင်တာတွေလည်း မလိုချင်လောက်အောင် ရလာတော့တာ။

ကိုယ်လုပ်ရမယ့်အလုပ်ကို မလုပ်ဘဲ လာဘသက္ကာရတစ်ခုလောက်ကိုသာ ရှေ့တန်းတင်တဲ့ ပုဂ္ဂိုလ်များကြတော့ ပစ္စည်းလာဘ်လာဘဟာ လိုချင်လေ မရလေသာ ဖြစ်တယ်။ ကိုယ်က နောက်ကလိုက်ဆေ၊ သူက ရှေ့ကပြေးလေသာ ဖြစ်တယ်။ ဘယ်တော့မှ လိုက်မမီတော့ဘူး။

တရားသည်သာ အားကိုးရာ

လောကမှာ အားကိုးစရာအကောင်းဆုံးဟာ ကောင်းမှုကုသိုလ်တရားဗျ။ အငိုတိတ် အကြောက်ပြေ အပူငြိမ်းစေနိုင်တဲ့ အရာဆိုလို့ တရားတစ်မျိုးပဲ ရှိတယ်။ အပူတောထဲ အေးအောင်နေနည်း၊ အရှုပ်တောထဲ ရှင်းအောင်နေနည်းဟာလည်း တရားတစ်မျိုးပဲ ရှိတယ်။ မိမိတို့ရဲ့ခန္ဓာကို ရတနာခန္ဓာဖြစ်အောင် နှလုံးသားကို ရတနာနှလုံးသားဖြစ်အောင် ဘုရားအာရုံ တရားအာရုံ ကုသိုလ်အာရုံနဲ့ မွမ်းထုံပေးထားမှ ဖြစ်မှာ။

http://www.dhammadownload.com

သတိနဲ့ မိအောင်ဖမ်း

လူ့ရဲ့စိတ်ဆိုတာ တောမျောက်လိုပဲဗျ။ အငြိမ်မနေတတ်ဘူး။ တောင်ကို စိတ်ကူးပေါက်ရင် တောင်ကို ထပြေးလိုက်၊ မြောက်ကို စိတ်ကူးပေါက်ရင် မြောက်ကို ထပြေးလိုက်၊ လှုပ်လှုပ်ရွရွနေရမှ ကျေနပ်တာ။ အဲဒီအငြိမ်မနေတတ်တဲ့ လှုပ်နေတဲ့စိတ်ကလေးကို ငြိမ်လာအောင်၊ ပြေးနေတဲ့စိတ်ကလေးကို ရပ်တန့်အောင် သတိနဲ့ မိမိရရ ဖမ်းမိဖို့ လိုလိမ့်မယ်ဗျ။

သတိကြိုးလိုတယ်

ကျွဲတို့ နွားတို့ ဆင်တို့ဆိုတာ ကြိုးအထိန်း ပါနေတုန်းတော့ လူခိုင်းတဲ့တိုင်း လုပ်တယ်ဗျ။ လူလိုသလို ခိုင်းလို့ရတယ်။ ကြိုးကို ဖြုတ်ပြီး ခိုင်းလို့ကတော့ အစီအစဉ်မရှိ သူတို့ခြေဦးတည့်ရာ လျှောက်သွားမှာပဲဗျ။ ဒီအတိုင်းပဲ၊ လူ့ရဲ့စိတ်ဟာလည်း သတိကြိုး အထိန်းပါနေတုန်းတော့ ခိုင်းတာအကုန်လုပ်တယ်ဗျ။ လိုသလို ခိုင်းလို့ ရတယ်၊ သတိကြိုးအထိန်း မပါလို့ကတော့ အစီအစဉ်မရှိ ရည်ရွယ်ချက်မရှိ၊ ဦးတည်ချက်မရှိ လျှောက်သွားနေမှာပဲဗျ။ ဒါကြောင့် သတိကြိုးအထိန်းလေး တပ်ဆင်ပေးကြရတယ်။

ရိက္ခာထုပ်လုံလောက်မှ စိတ်အေးရမယ်

ဘဝသံသရာခရီးရှည်ကြီးကို လျှောက်လှမ်းကြရတဲ့အခါ ဒါန သီလ သမာဓိ ဝိပဿနာ ဆိုတဲ့ ရိက္ခာထုပ် ၄-ထုပ်ပါမှ စိတ်အေးရမယ်ဗျ။ ဒါမှ အနေလည်း ရဲမှာ၊ အသေလည်း ရဲမှာ၊ ရိက္ခာထုပ်မပါရင်၊ ရိက္ခာထုပ် မလုံလောက်ရင် ဘဝသံသရာခရီးမှာ ညှိုးငယ်စွာနဲ့ ဟိုတွေးကြောက်ရ၊ ဒီတွေးကြောက်ရ၊ အကုန်ကြောက်နေရမှာပဲ။ သေရမှာ ငါ ဘာကြောက်ဖို့ လိုသေးလဲလို့ ကျုံးဝါးရဲလောက်အောင် ဒါန သီလ သမာဓိ ဝိပဿနာ ရိက္ခာထုပ်များကို များများ စုဆောင်းထားကြဗျ။

http://www.dhammadownload.com

တရားရှိသူ စိတ်မပူ

ရေမပါတဲ့ ရေသန့်ဘူးအခွံကို လေတိုက်လောက်တဲ့ တစ်နေရာမှာ ခုံတို့စားပွဲတို့အပေါ် တင်ထားကြည့်ပေါ့။ လေနည်းနည်း တိုက်ခတ်လိုက်တာနဲ့ တလိမ့်ခေါက်ကွေး တုံးလုံးပက်လက် လွင့်ပါသွားသလို တရားအင်အားနည်းနေတဲ့ လူရဲ့စိတ်ဟာလည်း ဒီအတိုင်းပဲ၊ အဆိုးလောကဓံလေလေး နည်းနည်းတိုက်ခတ်လိုက်တာနဲ့ ခံနိုင်ရည် မရှိဘူး၊ ပူစရာနဲ့တွေ့ရင် ပူချလိုက်တာပဲ။ ငိုစရာနဲ့တွေ့ရင် ငိုချလိုက်တာပဲ။

ရေအပြည့်ရှိနေတဲ့ ရေသန့်ဘူးကို လေတိုက်လောက်တဲ့ တစ်နေရာမှာ ခုံတို့စားပွဲတို့အပေါ် တင်ထားစမ်းကြည့်ပါ။ တော်ရုံတန်ရုံ ကြမ်းတမ်းတဲ့ လေလောက်နဲ့တော့ တလိမ့်ခေါက်ကွေး လိမ့်ကျမသွားဘူးဗျ။ ကြံ့ကြံ့ခံနိုင်တယ်။ အတွင်းမှာ ရေပါနေလို့။ ဒီအတိုင်းပဲ၊ တရားစွမ်းအား တရားအင်အား ရှိတဲ့လူရဲ့ စိတ်ဟာလည်း တော်ရုံတန်ရုံ ကြမ်းတမ်းတဲ့ အဆိုးလောကဓံ လေလောက်ကကိုတော့ အပြုံးမပျက်ဘူးဗျ။ ကြံ့ကြံ့ခံနိုင်တယ်၊ အတွင်းမှာ တရားဆိုတဲ့ ရေရှိနေလို့။

အဖော်ပါလို့ စိတ်အားရှိတယ်

ညအချိန် အမှောင်ထဲကို တစ်ယောက်တည်း သွားရတဲ့အခါမားပြကိုကြောက်ရတာက တစ်မျိုး၊ လူဆိုးကို ကြောက်ရတာက တစ်မျိုး၊ စိတ်အားငယ်စွာနဲ့ သွားရသလို ဘဝသံသရာခရီး လျှောက်လှမ်းကြရတဲ့အခါမှာလည်း ဒါန သီလ သမာဓိ ဝိပဿနာ အဖော်မပါရင် တိရစ္ဆာန်ဖြစ်မည့်ဘေးကို ကြောက်ရတာက တစ်မျိုး၊ ငရဲကို ကျရောက်မည့်ဘေးကို ကြောက်ရတာက တစ်မျိုး၊ စိတ်အား ငယ်ရတတ်တယ်။

http://www.dhammadownload.com

ညအချိန် အမှောင်ထဲကို အဖော်သုံးလေးယောက်နဲ့ သွားရတဲ့ အခါ မားပြတို့ လူဆိုးတို့ဆိုတာ တွေ့ခါမှသာ တွေ့တော့၊ မကြောက်တော့ဘူး၊ အဖော်တွေပါတော့ သွားရတာ စိတ်အားရှိတယ်။ ဒီအတိုင်းပဲ၊ ဘဝသံသရာခရီးကို လျှောက်လှမ်းကြရတဲ့အခါ ဒါန သီလ သမာဓိ ဝိပဿနာ အဖော်ပါရင် တိရစ္ဆာန်ဖြစ်မည့်ဘေးကိုလည်း တွေးပြီးကြောက်စရာ မလို၊ ငရဲကျရောက်မည့်ဘေးကိုလည်း တွေးပြီး ကြောက်စရာ မလို၊ အဖော်တွေပါနေတော့ စိတ်အားရှိတယ်၊ စိတ်ချမ်းသာတယ်။

တရားအားထုတ်ဖူးမှ တရားရဲ့ အရသာကိုသိ

ဒူးရင်းသီး တစ်ခါမှ မစားဖူးတဲ့ လူတစ်ယောက်ကို ဒူးရင်းသီးရဲ့အရသာဟာ ဘယ်လိုနေသလဲ မေးမြန်းကြည့်ပေါ့။ ကျုပ်က ဒူးရင်းသီး တစ်ခါမှ မစားဖူးတော့ ဒူးရင်းသီးရဲ့ အရသာဟာ ချိုသလား ချဉ်သလား မသိဘူးဗျာလို့ပဲ ဖြေမှာပဲ။ ဒီအတိုင်းပဲ တရားအားမထုတ်ဖူးတဲ့ လူတစ်ယောက်ကို ဘယ်လိုလဲ တရားအားထုတ်ရတာ စိတ်တွေငြိမ်သွားသလား၊ အပူတွေလျော့နည်း သွားသလား၊ မေးစမ်းကြည့်ပေါ့။ 'ကျုပ်က တရား တစ်ခါမှ အားမထုတ်ဖူးတော့ မသိဘူးဗျ၊ တရားအားထုတ်ရင် စိတ်ငြိမ်တယ်၊ အပူတွေ သက်သာတယ်လို့တော့ ကြားဖူးတာပဲ' တဲ့။

ဒူးရင်းသီးစားဖူးတဲ့ လူတစ်ယောက်ကို ဒူးရင်းသီးရဲ့အရသာ ဘယ်လိုနေသလဲ မေးကြည့်ပေါ့။ 'ဒူးရင်းသီးရဲ့အရသာက ချိုကလည်း ချို၊ အနှံ့ အရသာကလည်း သိပ်ကောင်း၊ စားပြီးရင်း စားချင်ပဲ' လို့ ဖြေသလို တရားအားထုတ်နေတဲ့ လူတွေကို ဘယ်လိုလဲ တရားအားထုတ်ရတာ စိတ်တွေငြိမ်လာသလား၊ အပူတွေ သက်သာလာသလား၊ မေးမြန်းကြည့်ပေါ့။ ' တရားအားထုတ်ရတာ သိပ်ကောင်း၊ စိတ်တွေ ငြိမ်သက်ငြိမ်းချမ်းပြီးတော့ အပူတွေ လျော့နည်းသွားတယ်၊

http://www.dhammadownload.com

ခန္ဓာကိုယ်ပါ ပေါ်သွားတယ်။ အားထုတ်ပြီးရင်း အားထုတ်ချင်ပဲ လို့ ဖြေမှာပဲဗျ။ တရားရဲ့အရသာဆိုတာ တရားအားထုတ်တဲ့သူတွေမှ သိတာ။

ကောင်းရာကိုရောက် သေချာပေါက်

သဒ္ဓါတရားဟာ သံသရာခရီးသွားတွေရဲ့ မိတ်ဆွေကောင်းဖြစ်လို့ လက်မလွတ်တမ်း ဆုတ်ကိုင်ထားရမယ့် တရားဗျ။ သဒ္ဓါတရား လက်လွတ်သွားရင် လူသန္တာန်မှာ ကုသိုလ်ဝင်ပေါက် ပိတ်သွားတတ်တယ်၊ သံသရာခရီးသည်တွေဖြစ်ကြတဲ့ မိမိတို့ဟာ သံသရာခရီးကို လျှောက်လှမ်းကြတဲ့အခါ လိုရာခရီးကို လွယ်လွယ်ကူကူ ချောချောမွေ့မွေ့နဲ့ ရောက်ချင်တယ်ဆိုရင် - - -

၁။ သဒ္ဓါတရားဆိုတဲ့ မိတ်ဆွေကောင်းနဲ့ပေါင်း၊

၂။ ဒါနရိက္ခာထုပ်ကို လုံလောက်အောင်ယူ၊

၃။ သီလလမ်းကြောင်းအတိုင်း ဖြောင့်ဖြောင့်တန်းတန်းသွား၊

၄။ သမာဓိအဖော်ကိုခေါ်၊

၅။ သတိနဲ့စူးစိုက်၊

၆။ ပညာနဲ့ အကောင်းအဆိုး အကြောင်းအကျိုးကို မြင်အောင်ကြည့်၊

ဒါဆိုရင် မိမိတို့လိုရာခရီးကို သေချာပေါက် ရောက်ပြီ။

ကိုယ်ကျင့်သီလ လူ့အလှ

ကိုယ်ကျင့်သီလဟာ လူရဲ့ အလှတန်ဆာပဲ။ ကိုယ်ကျင့်သီလ ကောင်းတဲ့ပုဂ္ဂိုလ်၊ သီလလုံခြုံတဲ့ပုဂ္ဂိုလ်ဟာ အန္တရာယ်ကင်းတယ်၊ အနှောင့်အယှက်ကင်းတယ်၊ ကောင်းသတင်းကျော်ကြားတယ်၊ နာမည်ကြီးတယ်၊ ပရိတ်သတ်အလယ်မှာ ခန့်ညားထည်ဝါ ရဲရင့်တယ်၊ သေတော့ မတွေမဝေ သေရတယ်၊ သေပြီးတဲ့နောက် ကောင်းရာသုဂတိ ဘုံဘဝကို ရောက်ရတယ်။

http://www.dhammadownload.com

လူလောကမှာ စည်းကမ်းဖောက်ဖျက်သူတွေကို အပြစ်ပေးဖို့ ပြစ်ဒဏ်ချဖို့ နေရာအသီးသီးမှာ အကျဉ်းထောင်ဆိုတာရှိသလို သံသရာမှာလည်း ကိုယ်ကျင့်သီလမကောင်းတဲ့ ပုဂ္ဂိုလ်တွေ သီလမလုံခြုံတဲ့ ပုဂ္ဂိုလ်တွေအတွက် ပြစ်ဒဏ်ချဖို့ အပါယ်ဘုံဆိုတဲ့ အကျဉ်းထောင်ကြီး ရှိတယ်။ လောကပြစ်မှုကျူးလွန်လို့ အကျဉ်းထောင်ချခံရတာက တစ်ခဏ၊ အလွန်ဆုံး တစ်ဘဝပေါ့၊ လွတ်မယ့်ရက်ကို ခန့်မှန်းလို့ ရသေးတယ်။ ကိုယ်ကျင့်သီလမကောင်းလို့ သီလမလုံခြုံလို့ အပါယ်ဘုံဆိုတဲ့ အကျဉ်းထောင်ကြီးကို ကျရောက်သွားရင်တော့ လွတ်မယ့်ရက်ကို ခန့်မှန်းလို့ မရတော့ဘူး။ နှစ်အကန့်အသတ်မရှိ၊ အကုသိုလ်ကံ မကုန်မချင်း ဆင်းဆင်းရဲရဲ ခံပေတော့။

ကျွေးရကျိုးနပ်အောင် လုပ်ကြ

ခန္ဓာကြီးဟာ ကိုယ့်ရဲ့အလိုကို တစ်ချက်ကလေးမှ မလိုက်လျောဘူး။ အိုချိန်တန်ရင် အိုပြလိုက်တယ်၊ နာချိန်တန်ရင် နာပြလိုက်တယ်၊ သေချိန်တန်ရင် သေပြလိုက်တယ်၊ ဘယ်ခေတ်မီစက်ကိရိယာနဲ့မှ ထိန်းထားလို့ မရဘူး၊ အဲဒါကို သတိဉာဏ်ရှေ့သွားပြုပြီးတော့ အိုတာနာတာသေတာက လက်မဦးသေးခင်၊ အဆိုးတွေက လက်မဦးသေးခင်၊ ဒါန သီလ သမာဓိ ဝိပဿနာ စွမ်းအားတွေကို ခပ်သုတ်သုတ် ခပ်မြန်မြန်လေး ထုတ်ယူထားဖို့ လိုမယ်။

ဒီ အိုထုပ်၊ နာထုပ်၊ သေထုပ်ကြီးကို အိုစာ နာစာ သေစာ အပူစာအတွက် တစ်နေ့ ထမင်းနှစ်ထပ်မက ကျွေးပြီး သေရမယ့်နေ့ကို ထိုင်စောင့်နေလို့ မဖြစ်ဘူး။ ကျွေးရကျိုးနပ်အောင် များများခိုင်းပေးမှ ဖြစ်မှာ၊ မခိုင်းဖြစ်ဘဲ အေးစက်စက် လုပ်နေလို့ကတော့ အိုနာသေ ဝါးမျိုသွားတာ ခံလိုက်ရမှာဗျ။ ကိုယ့်အတွက် ဘာမှ ရလိုက်မှာ မဟုတ်ဘူး။

http://www.dhammadownload.com

ကုသိုလ်အပြည့်နဲ့ ပြန်နိုင်အောင်ကြိုးစား

လာတုန်းကလည်း ကောင်းမှုကုသိုလ်တရားနဲ့ ဒီလိုလူ့ဘဝကို ရောက်လာကြတာ။ နေတုန်းလည်း ကောင်းမှုကုသိုလ်တရားနဲ့ နေနိုင်အောင်၊ ကန့်သတ်ချိန်စေ့လို့ ပြန်သွားတော့လည်း ကောင်းမှုကုသိုလ်တရား အပြည့်အဝနဲ့ ပြန်သွားနိုင်အောင် ကြိုးစားအားထုတ်ကြဗျ။ လူ့ဘဝမှာ အရေးကြီးတာက နေတတ်ဖို့၊ ဖြေတတ်ဖို့၊ သေတတ်ဖို့၊ ဒါဟာ အရေးကြီးတယ်။

ယခုရောက်နေဆဲ ပစ္စုပ္ပန်အချိန်မှာ ဘယ်သူနဲ့ပဲတွေ့တွေ့၊ ဘယ်အာရုံနဲ့ပဲတွေ့တွေ့၊ တွေ့သမျှအာရုံနှင့် အဆင်ပြေအောင် တရားစွမ်းအားနဲ့ တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေတတ်ရမယ်။ မလွဲသာမရှောင်သာ အဆိုးလောကဓံများနဲ့ ရင်ဆိုင်ကြုံတွေ့လာရတဲ့အခါ တရားစွမ်းအားနဲ့ တည်ငြိမ်စွာ ဖြေရှင်းတတ်ရမယ်။ ကန့်သတ်ချိန်စေ့လို့ ဘဝတစ်ပါး ကူးပြောင်းချိန်မှာ အတိတ်ကိုလည်း အမျှင်မတန်း၊ အနာဂတ်ကိုလည်း မကြောက်မရွံ့၊ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ စွမ်းအားပြည့်ပြည့်နဲ့ ဘဝကူးပြောင်းနိုင်အောင် စိတ်ကို တရားစွမ်းအားနဲ့ မွမ်းထုံထားဖို့ လိုမယ်။ ဒါဟာ လူ့ဘဝအတွက် အရေးအကြီးဆုံးပေါ့။

အပါယ်ကျအောင် ကိုယ့်ဟာကိုယ်လုပ်တာ

လောကဌ အရှုံးပေးရတဲ့ ရှုံးပွဲမှန်သမျှမှာ ကိုယ့်ဟာကိုယ် အရှုံးပေးရတဲ့ ရှုံးပွဲဟာ အနစ်နာဆုံး။ သူများကို အရှုံးပေးရလို့ အပါယ်မကျဘူး။ အပါယ်ကျတယ်ဆိုတာ သူများကတွန်းချလို့ ကျတာမဟုတ်၊ ကိုယ့်ဟာကိုယ် ကုသိုလ်အလုပ် တရားအလုပ် လုပ်နိုင်လောက်တဲ့ အင်အားရှိပါလျက်သားနဲ့ မလုပ်ဘဲ အရှုံးပေးခဲ့လို့ အပါယ်ကျတာ။

http://www.dhammadownload.com

မကောင်းတဲ့အလုပ် လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ဟာကိုယ် အောက်ကို ရောက်မှန်းမသိ ရောက်အောင် တွန်းချနေတာပဲ၊ ကိုယ့်ဟာကိုယ် အောက်ကိုဆွဲဆွဲချနေတာ၊ မကောင်းတဲ့အလုပ် လုပ်တယ် ဆိုတာ ကိုယ်ဟာကိုယ် မုန်းလို့ လုပ်တာ။

ဉာဏ်နဲ့ အရင်ချိန်ကြည့်

လူဆိုတာ လုပ်သင့်တာနှင့် မလုပ်သင့်တာ ခွဲခြားပြီး သိရှိနားလည်ရတယ်။ ဘယ်အလုပ်မဆို အလုပ်တစ်ခုကို လုပ်တော့မယ်ကြံရင် လုပ်သင့်ရဲ့လား၊ လုပ်ထိုက်ရဲ့လား၊ ငါ ဒါလုပ်လိုက်ရင် ငါ့အတွက် အကျိုးခံစားခွင့် ဘယ်လောက်ရနိုင်သလဲ၊ ဆိုးကျိုးတွေရော ပေါ်လာနိုင်သေးသလား၊ အများအတွက်ကော အနှောင့်အယှက် ဘယ်လောက်ဖြစ်သွားနိုင်သလဲ၊ ဒီအလုပ်ဟာ မိမိ သူတစ်ပါး လောက သာသနာအတွက် ကောင်းကျိုးပြုမယ့်အလုပ် ဟုတ်ရဲ့လားဆိုတာကို ဉာဏ်နဲ့ အရင်ဆုံး ချိန်ကြည့်ရတယ်။ လုပ်သင့်လုပ်ထိုက်တဲ့အလုပ် ဆိုရင် အချိန်ဆွဲ မနေရဘူး။ အမြန်လုပ်ရတယ်။ မလုပ်သင့် မလုပ်ထိုက်တာဆိုရင် ဝေးဝေးက ရှောင်ရတယ်။

ကြိုတင်လုပ်ထားမှ ဖြစ်မယ်

ကုသိုလ်အလုပ် တရားအလုပ်ဆိုတာ စိတ်ပါပါ မပါပါ၊ လုပ်နေရမယ့်အရာများ ဖြစ်တယ်။ လုပ်နိုင်တဲ့အချိန်လေးမှာ ကြိုတင် လုပ်ထားမှ ဖြစ်မှာ။ အိုတယ်ဆိုတာ ဟန်နဲ့မအိုဘူး။ တကယ်အိုတာ၊ နာတယ်ဆိုတာ ဟန်နဲ့မနာဘူး၊ တကယ်နာတာ။ သေတယ်ဆိုတာ ဟန်နဲ့မသေဘူး၊ တကယ်သေတာ။ သေပြီးတော့လည်း ဘဝပြတ်သွားပြီ မထင်နဲ့၊ ဘယ်လိုပုံစံမျိုးနဲ့ လာမယ်မသိ၊ ဘဝတွေက ဆက်ရဦးမှာ။ ကုသိုလ်အလုပ် တရားအလုပ်ဆိုတာ ဆံဖြူသွားကျိုး အိုမင်း မစွမ်းဖြစ်ခါမှ အိပ်ယာထဲမှာ တုံးလုံးပက်လက် မရှူနိုင်၊ မရှိုက်နိုင်၊

http://www.dhammadownload.com

မထူနိုင် မထနိုင်၊ ရောဂါဝေဒနာတွေ အပြင်းအထန် နှိပ်စက်ခံရခါမှ ထလုပ်လို့ ဖြစ်တာမဟုတ်ဘူး။ ကြိုတင်လုပ်ထားမှ စိတ်အေးရမှာ။ သန်တုန်းမြန်တုန်း၊ ကျန်းမာရေးကောင်းတုန်းလေးမှာ ကိုယ့်ရဲ့ရပိုင်ခွင့် ကောင်းမှုကုသိုလ်တရားများကို ရအောင် ထုတ်ယူထားကြဗျ။

အားလုံးဟာ သေကြရမယ့် လူတွေချည်း

ဘဝခန္ဓာတစ်ခုကို ရလာပြီဆိုရင် မသေရတဲ့သူ ဘယ်သူမှမရှိ၊ အားလုံးဟာ သေကြရမယ့်လူတွေချည်းပဲ၊ သေခြင်းတရားကို ဘယ်သူမှ ရှောင်ကွင်းလို့မရ၊ သူသူငါငါ သတ္တဝါတွေ အားလုံးဟာ ရှေ့ကလည်း သေခဲ့ကြပြီးပြီ။ ယခုဘဝမှာလည်း မလွဲဧကန် သေကြရဦးမှာ။ အဝိဇ္ဇာတဏှာ ကြိုးနှစ်ချောင်းပြတ်အောင် တရားဘာဝနာကို အားမထုတ်နိုင်သေးသမျှတော့ နောင်လည်း ဆက်ဆက်ပြီး သေနေကြရဦးမှာ။

ဆင်ခြင်စဉ်းစား သတိထား

ခန္ဓာကြီးဟာ ကြိုးချည်ထားလို့ မရဘူး၊ စက္ကန့်မိနစ်မလပ် အမြဲဖြစ်ပျက် ပြောင်းလဲနေတာ၊ အချိန်တွေ အရွယ်တွေက လူနားပေမယ့် မနားဘူး။ လူအိပ်ပေမယ့် မအိပ်ဘူး။ သူတို့မှာ နားချိန် ရပ်ချိန် လုံးဝမရှိ၊ အမြဲတမ်း တစ်ရွေ့ရွေ့သွားနေတာ။ အဲဒါကို သတိနဲ့မိအောင်ဖမ်းပြီး အဖိုးတန်တရားတွေပေါ်အောင် ဖော်ထုတ်ပေးမှ ဖြစ်မှာ။ တစ်ရက်ကုန်သွားပြန်ပြီ၊ ဒီဘဝမှာ ငါနေရမယ့်အချိန် တစ်ရက်လျော့ သွားပြန်ပြီ၊ သေရဖို့ တစ်ရက်နီးကပ်လာပြန်ပြီ ဆိုတာလေးကို သတိဉာဏ်နဲ့ ဆင်ခြင်စဉ်းစားတတ်မှ မမေ့ရဲမှာဗျ။

သတိဉာဏ်နဲ့ စိုက်ကြည့်မှ သိရတာ

ခြကောင်များက စက္ကူတို့ ဂျပ်ဖာတို့ကို တစ်ဖြတ်ဖြတ်နဲ့ ကိုက်နေသလို ဖြစ်ပျက်ဆိုတဲ့ သခ်ါရခြကောင်တွေကလည်း ခန္ဓာရဲ့

http://www.dhammadownload.com

ကျန်းမာနုပျိုနေတဲ့ အရွယ်တွေ၊ လှပတင့်တယ်နေတဲ့ အဆင်းတွေ၊ အသက်တွေ၊ ခွန်အားတွေကို တစ်စတစ်စ လျော့နည်းအောင် အမြဲမပြတ် ကိုက်ဖြတ်ပြီး ဖြိုဖြိုချနေတယ်ဗျ။

ခြကောင်များ စက္ကူတို့ ဂျပ်ဖာတို့ကို တစ် ဖြတ်ဖြတ် ကိုက်ဖြတ်နေတာက မြင်လည်းမြင်ရတယ်၊ ကြားလည်းကြားရတယ်။ ဖြစ်ပျက်ဆိုတဲ့ သခ်ါရခြကောင်များ ခန္ဓာကြီးကို အချိန်မစဲ အမြဲမပြတ် ကိုက်ဖြတ်ဖြိုချနေတာကြတော့ မြင်လည်းမမြင်ရ၊ ကြားလည်းမကြားရ၊ မမြင်ရမကြားရတော့ ကြောက်ရကောင်းမှန်းလည်းမသိကြဘူး။ ခန္ဓာရဲ့ ဖြစ်ပျက်ပြောင်းလဲမှုဆိုတာ သတိဉာဏ်နဲ့ သေသေချာချာ စိုက်ပြီးကြည့်မှ သိရတာ။

အပ္ပမာဒေန သမ္မာဒေထ


မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံး မိန့်ကြားတော်မူခဲ့တဲ့ စကားလေးက 'အပ္ပမာဒေန သမ္မာဒေထ' တဲ့။ ကိုယ်ပိုင်အစစ်ဖြစ်တဲ့ ကောင်းမှုကုသိုလ်တရားများကို မမေ့မလျော့ မပေါ့မဆ အပ္ပမာဒ သတိတရားဖြင့် ခပ်သုတ်သုတ် ခပ်မြန်မြန် ကြိုးစားအားထုတ်ကြတဲ့။


- ♥ မမေ့ဆိုတာ သတိကို ပြောတာ၊
- ♥ မလျော့ဆိုတာ ဝီရိယကို ပြောတာ၊
- ♥ မပေါ့ဆိုတာ သမာဓိကို ပြောတာ၊
- ♥ မဆဆိုတာ ဉာဏ်ကို ပြောတာ၊

မမေ့တဲ့သတိနဲ့ မလျော့တဲ့ ဝီရိယ ပေါင်းမိသွားရင် မပေါ့တဲ့ သမာဓိ ပေါ်လာမယ်။ သမာဓိပေါ်လာတော့ မဆဆိုတဲ့ ဉာဏ်ဖြစ်ပေါ်လာမယ်ပေါ့။

http://www.dhammadownload.com

ဒဿမပိုင်း





နောက်ဆက်တွဲ

http://www.dhammadownload.com

http://www.dhammadownload.com

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ
ဗန်းမော်ဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ
တိပိဋကယောဆရာတော်မှ မြန်မာနိုင်ငံရှိ သံဃာထုအား
လျှောက်ထားတော်မူအပ်သော

အစဉ်အားကိုးမြတ်နိုးလှစွာ လျှောက်ထားလွှာ

အစဉ်ကြည်ညိုလေးစား အားထားယုံကြည်ရပါသော မြန်မာ့ကျက်သရေဆောင် သာသနာ့ကျက် သရေဆောင်ဖြစ်တော်မူကြသည့် သာသနာစောင့် ထေရဝါဒသံဃာတော် အရှင်မြတ်တို့ဘုရား။

လူသားအားလုံး အားကိုးထောက်တည်ရာ ဗုဒ္ဓသာသနာ ဓမ္မရတနာကို စံပြအနေအားဖြင့် ခိုင်မာပြည့်စုံ တည်တံ့အောင် မြင့်မြတ်သော စိတ်ထားကိုအခြေခံ၍ စောင့်ရှောက် ထိန်းသိမ်း ပေးနေသည်မှာ အဓိက မြန်မာပါဘုရား။ မြန်မာထဲ၌လည်း စည်းလုံးညီညွတ်သော သံဃာထုကြီးက ဦးဆောင်စောင့်ရှောက်နေကြခြင်းပါဘုရား၊ စည်းလုံးညီညွတ်သော သံဃာထုကြီးကို တစ်နိုင်ငံလုံး ဦးထိပ်တင်လေးစားနေကြပါသည်ဘုရား။

သံဃာထုကြီး စိတ်ဝမ်းကွဲ၍ မညီမညွတ်ဖြစ်သွားခဲ့လျှင် လူတွေပါ မညီမညွတ်ဖြစ်ကုန်ပြီး ဗုဒ္ဓသာသနာ ဓမ္မရတနာနှင့် သံဃာအပေါ် ကြည်ညိုလေးစာအားထားမှုများ လျော့ပါးသွားကာ မကြာမီ ပျောက်ကွယ်သွားနိုင်ပါသည်ဘုရား၊ မြန်မာအလှရတနာကြီး ဝမ်းနည်းစရာ ကောင်းလောက်အောင် ပျောက်ကွယ်ဆုံးရှုံး သွားမည်ဖြစ်ပါသည် အရှင်ဘုရား၊ လောကလူသားများကို အမှောင်ထဲ အပူထဲ ထိုးသွင်းလိုက်သလို ဖြစ်သွားပါမည်အရှင်ဘုရား။

http://www.dhammadownload.com

မြတ်ဗုဒ္ဓမိန့်ကြားတော်မူသည့် ''အများနှင့်စုပေါင်း ဆက်ဆံနေရလျှင်

(၁)အချင်းချင်း သည်းခံခွင့်လွှတ် သဘောထားကြီးရမည်။ အနစ်နာခံ စွန့်လွှတ်ရမည်။

(၂) အချင်းချင်းအပေါ်မှာရော ဒုက္ခရောက်လာနိုင်သည့် အများအပေါ်မှာရော သနားကြင်နာ ကိုယ်ချင်းစာ စိတ်ထားရမည်။ ညှာတာထောက်ထား ငဲ့ရမည်။

(၃) အချင်းချင်းအပေါ်မှာရော အများအပေါ်မှာရော ဆင်းရဲအပူကင်းစေလို ချမ်းသာအေးမြစေလိုသော မေတ္တာတရား ပွားများပေးနေရမည်။

(၄) အများရော အချင်းချင်းပါ ကြီးပွါးချမ်းသာလျှင် ကြီးပွါးချမ်းသာအောင် ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ ကြားသိရလျှင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာတတ်ရမည်၊ ဝမ်းမြောက် ကြည်နူးနေရမည်''ဟူသော ဓမ္မလမ်းညွှန်ကို နှလုံးသွင်း ဆင်ခြင်တော်မူနိုင်ကြလိမ့်မည်ဟု စိတ်ချယုံကြောင်းပါဘုရား။

ဗုဒ္ဓသာသနာ ဓမ္မရတနာဟူသော တစ်ကမ္ဘာလုံးကို တင့်တယ်ထည်ဝါစေသည့် မြန်မာ့အလှကို မေတ္တာကရုဏာကြီးမားတော်မူကြသော အချင်းချင်းချစ်ခင် ညီညွတ်သော မြန်မာ့ထေရဝါဒသံဃာထုက အစဉ်မပြတ် စောင့်ရှောက်ပေးနိုင်လိမ့်မည်ဟု အားထားယုံကြည်ကြောင်းပါဘုရား။

အစဉ်လေးစားအားထားလျက်

ဘုရားတပည့်တော် သိရိန္ဒာဘိဝံသ

(တိပိဋကယောဆရာတော်)

မဟာဝိသုဒ္ဓါရုံဗဟန်း၊ ထေရဝါဒဓမ္မရောင်ခြည် မ/ဒဂုံ

ရွှေဥမင်ဓမ္မသုခတောရ၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့

http://www.dhammadownload.com

တိပိဋကယောဆရာတော် ရေးသားတော်မူအပ်သော ဂုဏ်တော်အနက်များ

ဂုဏ်တော် ၉ ပါး မြတ်ဘုရား

၁။ **သော ဘဂဝါ**- ဘုန်းတော်ခြောက်ဆူ၊ ပြည့်တော်မူ၍ နတ်လူဦးခိုက်၊ ပူဇော်ထိုက်ငြား၊ တရားလုံးစုံ၊ အကုန်သိမြင်၊ ထိုသဗ္ဗညုဘုရားရှင်သည်၊ **ဣတိပိ**-ကိုယ်တွင်းရန်နာ၊ ကိလေသာနှင့်၊ သံသရာစက်၊ အကုန်ပျက်အောင်၊ ချေဖျက်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **အရ ဟံ**=အရ ဟံ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍ မကုန်၊ ဗြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

ဣတိပိ-ကိုယ်တွင်းရန်နာ၊ ကိလေသာဟူ၊ အပူအေးကာ၊ ကင်းစင်ကွာ၍၊ ဗြဟ္မာ့နတ်လူ၊ ခပ်သိမ်းသူတို့၏၊ ကြည်ဖြူကော်ရော်၊ အလှူတော်မှန်၊ အပူဇော်ကို၊ ခံယူတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊ **အရဟံ**-အရဟံ ဟူသော၊ ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ဗြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

ဣတိပိ- လူသူကင်းရာ၊ ဆိတ်ကွယ်ရာဟု၊ မကောင်းမှုကို၊ မပြုတုံရှောင်း၊ ဤအကြောင်းကြောင့်လည်း၊

http://www.dhammadownload.com

(ဝါ)- လူသူကင်းရာ၊ ဆိတ်ကွယ်ရာပင်၊ ရှောင်ကြဉ်သမှု၊ မကောင်းမှုကို၊ မပြုတုံရှောင်း၊ ဤအကြောင်းကြောင့်လည်း၊

(ဝါ)- မျက်မှောက်မျက်ကွယ်၊ နှစ်သွယ်ရပ်စု၊ မကောင်းမှုကို၊ မပြုတုံရှောင်း၊ ဤအကြောင်းကြောင့်လည်း၊ အ-ရဟံ- အ-ရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီးချမကုန်၊ ဗြဟ္မာဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

၂။ **သော ဘဂဝါ**-သည်၊ **ဣတိပိ**-သိပယ်ဆိုက်ပွား၊ ဤ လေးပါးကို၊ တစ်ပါးသူထံ၊ နည်းမခံဘဲ၊ အမှန်တိတိ၊ ဧကန်သိတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတစ်ဖြာ၊ လေးသစ္စာကို၊ ဆရာမကူ၊ သယမ္ဘုဉာဏ်၊ အသိမှန်ဖြင့်၊ အမှန်တိတိ၊ ဧကန်သိတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- ဝိတာ-ငြိတာ၊ အိ-သိတာဟု၊ ရှိတာ ၄-ပါး၊ ပိုင်းခြားထင်ထင်၊ သိမြင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- သိထိုက်-ပယ်ထိုက်၊ ဆိုက်ရောက်ထိုက်ဟု၊ ပွားထိုက်ပေစွ၊ ကိစ္စ ၄-ပါး၊ ပိုင်းခြားထင်ထင်၊ သိမြင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **သမ္မာသမ္ဗုဒ္ဓေါ**-သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီးချမကုန်၊ ဗြဟ္မာဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

၃။ **သော ဘဂဝါ**-သည်၊ **ဣတိပိ**-အသိအကျင့်၊ ဘက်စုံမြင့်ကာ၊ ကောင်းစွာ ပြည့်ဝြား၊ ဤစွမ်းအားကြောင့်လည်း၊

(ဝါ)- သုံးရွှစ်ဝိဇ္ဇာ၊ သဒ္ဓါ-သတိ၊ ဟိရီ-ဩတ္တပ်၊ ဝီရိယနှင့်၊ သုတပညာ၊ ခုနှစ်ဖြာဟု၊ ဘောဇ္ဈင်္ဂသီကျန်၊ စျာန်လေးကြိမ်ထား၊ တစ်ဆယ့်ငါးဝ၊

http://www.dhammadownload.com

စရဏနှင့်၊ တက္ကဉသုံ၊ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ **ဝိဇ္ဇာစရဏသမ္ပန္နော**-ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ဗြဟ္မာဉ်ဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

၄။ **သော ဘဂဝါ**-သည်၊ **လောကိဿ**-ဒီပကံရာ၊ ထွဋ်ချာသေဋ္ဌနင်း၊ ခြေတော်ရင်းမှ၊ မှန်ကင်းသီရိ၊ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်အောင်၊ ဆယ်ခိုင်ပါရမီ၊ စုံပြည့်ညီကာ၊ သတ္တဝါများ၊ ချမ်းသာပွားဖို့၊ မိုက်မှားအပူ၊ ဆဲမြူတစ်စိ၊ မကပ်ငြိဘဲ၊ သတိသမ္ဗဇ္ဈင်၊ မပြတ်ယှဉ်လျက်၊ သဗ္ဗဉ်ညာဏ်တော်၊ ရကြောင်းရော်၍၊ ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- မငြိမတွယ်၊ တင့်တယ်သန့်ရှင်း၊ အရိယာမဂ်တည်းဟူသော ကြွသွားခြင်း ရှိတော်မူသော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- ထိုထိုမဂ်ဖြင့်၊ ပယ်ဖျက်စွန့်ခွာ၊ ကိလေသာသို့၊ တစ်ခါနောက်ကျော့၊ မရောက်တော့ဘဲ၊ ခိုင်မြဲကောင်းမြတ်၊ ကြွသွားတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- မကောင်းဒုက္ခ၊ သခါရကင်း၊ ကောင်းခြင်းအမှန်၊ မြတ်နိဗ္ဗာန်သို့၊ ဇကန်မချွတ်၊ ကြွသွားတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- စကားခြောက်ခွန်း၊ လူ၌ထွန်းလည်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်ဘိ၊ ကျိုးရှိဟုတ်မှန်၊ သူနာခံလို၊ မနာလိုဟု၊ ထိုနှစ်မျိုးသာ၊ ကောင်းစွာဆိုတတ်၊ ဤကဲ့သို့သော ဂုဏ်သကတ်ကြောင့်လည်း၊ **သုဂတော**-သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ဗြဟ္မာဉ်ဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

http://www.dhammadownload.com

၅။ **သော ဘဂဝါ**-သည်၊ **ကတိပိ**-သတ္တောကာသ၊ သခ်ါရဟု၊ လောကသုံးဘုံ၊ အလုံးစုံကို၊ အာရုံထင်စွာ၊ ပိုင်းခြားကာဖြင့်၊ ကောင်းစွာကုန်စင်၊ သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း၊ **လောကဝိဒူ**- လောကဝိဒူ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီးခ်ျမကုန်၊ ဗြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

၆။ **သော ဘဂဝါ**-သည်၊ **ကတိပိ**- (က) သီလခေါင်ထိ၊ သမာဓိနှင့်၊ ကြီးဘိပညာ၊ တစ်ဖြာဝိမုတ္တိ၊ ဝိမုတ္တိဒဿန၊ ကြီးစွာများဟုန်၊ ကျေးဇူးဂုဏ်လျှင်၊ နှိုင်းယှဉ်စရာ၊ တူတာမရှိ၊ လွန်ကဲဘိတောင်း၊ ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရော**-အနုတ္တရ ဟူသော ဂုဏ်တော်ကြီး ဖြင့်၊ အံ့ချီးခ်ျမကုန်၊ ဗြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

ကတိပိ- (ခ) ဆုံးမထိုက်စွာ၊ သတ္တဝါစုံ၊ အဖုံဖုံကို၊ နည်းစုံပြပေး၊ အစဉ်အေးချ၊ ယဉ်ကျေးလိမ္မာ၊ ပညာပြည့်ဝ၊ အချိုးကျအောင်၊ ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **ပုရိသဒမ္မသာရထိ**-ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီးခ်ျမကုန်၊ ဗြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

ကတိပိ- (ဂ) ဆုံးမသင့်ရန်၊ သတ္တဝါမှန်က၊ ခြောက်တန်လည်းခြောက်၊ မြောက်တန်မြောက်ဟု၊ ကြမ်းနုနှစ်မျိုး၊ နည်းစုံထိုးလျက်၊ လက်နက်တုတ်ဓား၊ ကိုင်မထားဘဲ၊ ထူးခြားမေတ္တာ၊ ကရုဏာဖြင့်၊ ကြည်သာအေးမြ၊ အချိုးကျအောင်၊ ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)-မိုက်သူလိမ္မာ၊ လိမ္မာသူအေး၊ အေးသူတိုးတက်၊ ဉာဏ်ရည်ထက်၍၊ မဂ်ဖိုလ်ရရှိ၊ ပန်းတိုင်ထိအောင်၊ အားဖြည့်ကျန၊

http://www.dhammadownload.com

ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ **အနုတ္တရော ပုရိသဒမ္မသာရထိ**-အနုတ္တရ ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ဗြဟ္မာဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

၇။ **သော ဘဂဝါ**-သည်၊ **ဣတိပိ**-မျက်မှောက် တမလွန်၊ နိဗ္ဗာန်အကျိုး၊ ဤသုံးမျိုးဖြင့်၊ အကျိုးအမြိုက်၊ ရယူ ထိုက်သည့်၊ အလိုက်ညီစွာ၊ သတ္တဝါကို၊ ကောင်းစွာညွှန်ပြ၊ ဆုံးမတော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)-ကုန်သည်ဦးစီး၊ကြီးမှူးပမာ၊ သတ္တဝါကို၊ သံသရာလမ်း၊ ခရီးကြမ်းမှ၊ အေးချမ်းနိဗ္ဗာ၊ ထုတ်ယူ ကယ်တင်၊ ဆရာရှင်ဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- ကုန်သည်ဦးစီး၊ လှည်းမှူးကြီးက၊ နောက်မှလိုက်ငြား၊ ကုန်သည်များကို၊ ရေရှားဘေးကြွယ်၊ ဒုက္ခနယ်မှ၊ ခေမမြေ၌၊ ထုတ်ကယ်ယူသို့၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ အိုနာသေလွန်း၊ ခရီးကြမ်းမှ၊ အေးချမ်းနိဗ္ဗာ၊ ဆောင်ကာယူတတ်၊ ဤကဲ့သို့သော ဂုဏ်သကတ်ကြောင့်လည်း၊ **သတ္ထာ ဒေဝမနုဿာနံ**- သတ္ထာ ဒေဝမနုဿာနံ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ဗြဟ္မာဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

၈။ **သော ဘဂဝါ**-သည်၊ ဣတိပိ-သဗ္ဗဉ်ညုဏ်အား၊ အစထား၍၊ ဘုရားရှင်ဉာဏ်၊ အသိမှန်ဖြင့်၊ ငါးတန်ဥယျာ၊ သဘာဝကို၊ မုချပိုင်ပိုင်၊ သိမြင်နိုင်ရှောင်း၊ ဤအကြောင်းကြောင့်လည်း၊

(ဝါ)- သစ္စာလေးဆိုင်၊ မြတ်ပန်းခိုင်ကို၊ ကိုယ်တိုင်သိပေ၊ များဝေနေကို၊ သိစေတတ်ရှောင်း၊ ဤအကြောင်းကြောင့်လည်း၊

http://www.dhammadownload.com

(ဝါ)- သဗ္ဗဉ်ညာဏ်အား၊ စွမ်းပကားဖြင့်၊ ငွားငွားစွင့်စွင့်၊ ကားကားပွင့်ကာ၊ ကိလေသာဖျင်း၊ အိပ်ပျော်ခြင်းမှ၊ မုချနိုးကြား၊ ဤစွမ်းအားကြောင့်လည်း၊ **ဗုဒ္ဓေါ**-ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍ မကုန်၊ ဗြဟ္မာဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

၉။ **သော ဘဂဝါ**-သည်၊ **ကုတိဝိ**-ကုသရိယ ဓမ္မယသ၊ သိရီကာမ၊ ပယတ္တဟူ၊ ဘုန်းခြောက်ဆူတို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- သီလစသည်၊ အနှစ်တည်၍၊ စွမ်းရည်ပြည့်လတ်၊ ချီးမွမ်းအပ်ပေ၊ မြင့်မြတ်ပေတတ်၊ ဤကဲ့သို့သော ဂုဏ်သကတ် ကြောင့်လည်း၊

(ဝါ)- သီလစသား၊ များပြားပေါင်းစု၊ ဂုဏ်အထုကြောင့်၊ အလေးပြုရန်၊ ထိုက်တန်ပေတတ်၊ ဤကဲ့သို့သော ဂုဏ်သကတ် ကြောင့်လည်း၊

(ဝါ)- လူသူကင်းပြတ်၊ဆိတ်ငြိမ်လတ်သည့်၊ တောရပ်ကိုသာ၊ ကောင်းစွာဆည်းကပ်၊ မှီဝဲတတ်ရှောင်း၊ ဤအကြောင်းကြောင့်လည်း၊

(ဝါ)- ဒိဗ္ဗဗြဟ္မာ၊ အရိယဟု၊ သုံးဝဝိဟာ၊ သုံးဖြာဝိဝေ၊ သုံးထွေဝိမောက်၊ ကဲလွန် မြောက်သည့်၊ ဥတ္တရိခေါ်၊ တရားကျော်ကို၊ မှီခိုဆည်းကပ်၊ သုံးစွဲတတ်ရှောင်း၊ ဤအကြောင်းကြောင့်လည်း၊

(ဝါ)- ပစ္စည်းလေးဝ၊ မြတ်ရသနှင့်၊ သီလစသား၊ တရား အစု၊ ပြည့်စုံမှုကြောင့်၊ ဂုဏ်ထုကြီးမား၊ ဤစွမ်းအားကြောင့်လည်း၊

(ဝါ)- ကုသိုလ်စသား၊ များအပြားဖြင့်၊ တရားလုံးစုံ၊ အကုန် မကျန်၊ ဟောဝေဘန်ငြား၊ ဤစွမ်းအားကြောင့်လည်း၊

(ဝါ)- အသိန်းမက၊ များလှစုံစွာ၊ ကိလေသာနှင့်၊ ငါးဖြာမာရ်

http://www.dhammadownload.com

ဟုန်၊ ရန်သူပုန်ကို၊ အကုန်နှိပ်စက်၊ ချိုးဖျက်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- ပါရမီထုံ၊ ဘုန်းကံဟုန်နှင့်၊ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊

(ဝါ)- ကာယ သီလ၊ စိတ္တ ပညာ၊ လေးဖြာတရား၊ သဘောသွားကို၊ ပိုင်းခြားဝေဖန်၊ လမ်းမှန်မချွတ်၊ ပွားပြီးလတ်၍၊ မြင့်မြတ်တရား၊ ဤစွမ်းအားကြောင့်လည်း၊

(ဝါ)- ဘဝသုံးတန်၊ ဆုံးရာမှန်သည့်၊ နိဗ္ဗာန်ကိုရှု၊ အာရုံပြုကာ၊ ကောင်းစွာကြွသွား၊ ဤစွမ်းအားကြောင့်လည်း၊

(ဝါ)- ဘဝသုံးပါး၊ ဝဋ်ရထား၌၊ ပြေးသွားရကြောင်း၊ မကောင်းတဏှာ၊ ထွေးကာအန်ဘိ၊ ဂုဏ်ပြည့်ပေငြား၊ ဤစွမ်းအားကြောင့်လည်း၊ **ဘဂဝါ**-ဘဂဝါ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍ မကုန်၊ ဗြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည်တကား။

http://www.dhammadownload.com

ဂုဏ်တော် ၆ ပါး မြတ်တရား

၁။ **ဘဂဝတာ**-ဘုန်းတော် ခြောက်ဆူ၊ ပြည့်တော်မူ၍ နတ်လူဦးခိုက်၊ ပူဇော်ထိုက်ငြား၊ တရားလုံးစုံ၊ အကုန်သိမြင်၊ သဗ္ဗညုဘုရားရှင်သည်၊ **ဓမ္မော**-မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မကွန်ဟု၊ ဆယ်တန်ပိုင်းခြား၊ မြတ်တရားကို၊ **သွာက္ခတော**-စ လယ် အဆုံး၊ ကောင်းခြင်းသုံးဖြာ၊ ပြည့်စုံစွာဖြင့်၊ ကောင်းစွာမချွတ်၊ ဟောကြား တော်မူအပ်ပါပေစွတကား။

(ဝါ)- မဂ်ရောက်ဖိုလ်ထိ၊ အားလုံးပြည့်စုံအောင်၊ အတိအကျ၊ နည်းစုံပြကာ၊ ကောင်းစွာမချွတ်၊ ဟောကြားတော်မူအပ်ပါပေစွ တကား။

(ဝါ)-ကြားနာရုံပင်၊ အပူစင်၍၊ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးခါ လည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နန်းရောက်၊ စခန်းပေါက်အောင်၊ ပြီးမြောက်စုံလင်၊ ဂုဏ်အင်ပြည့်စွာ၊ နည်းပေးကာဖြင့်၊ ကောင်းစွာ မချွတ်၊ ဟောကြားတော်မူအပ်ပါပေစွတကား။

၂။ **ဓမ္မော**-မဂ်ဖိုလ်နိဗ္ဗာန်၊ ကိုးတန်ပိုင်းခြား၊ မြတ်တရား သည်၊ **သန္ဒိဋ္ဌိကော**-သူများပြောမှ၊ မြင်သိရတာ၊ မဟုတ်ပါဘဲ၊ ကောင်းစွာပိုင်ပိုင်၊ ကိုယ်တိုင်ကိုယ်ကြပ်၊ သိမြင်အပ်သည့်၊ မြင့်မြတ်ထင်ရှား၊ မြတ်တရားပါပေတကား။

http://www.dhammadownload.com

(၀၂)-ဟောပြသလောက်၊ ကျင့်တိုင်းပေါက်၍၊ မဂ်ရောက်ဖိုလ်ထိ၊ ပညာရှိသည့်၊ များအရိယာ၊ သူတော်စွာတို့၊ ကောင်းစွာပိုင်ပိုင်၊ ကိုယ်တိုင်ကိုယ်ကြပ်၊ သိမြင်အပ်သည့်၊ မြင့်မြတ်ထင်ရှား၊ မြတ်တရား ပါပေတကား။

၃။ **ဓမ္မော**-မဂ်ဉာဏ်လေးပါး၊ မြတ်တရားသည်၊ **အကာလိကော**-ငါးရက်၊ ခုနစ်ရက်၊ စသည်တက်၍၊ ငံ့လျက်ရှည်ဝေး၊ အကျိုးပေးကာလ၊ မစောင့်ရဘဲ၊ မုချမှန်စွာ၊ အခါမငဲ့၊ အခြားမဲ့တွင်၊ စွမ်းအင်ပြည့်ဖြိုး၊ ဖိုလ်ကျိုးပေးလတ်၊ တရားမြတ် ပါပေတကား။

၄။ **ဓမ္မော**-မဂ်ဖိုလ်နိဗ္ဗာန်၊ ကိုးတန်ပိုင်းခြား၊ မြတ်တရားသည်၊ **ဧဟိပဿိကော**-လဝန်းအလား၊ ပတ္တမြားလို၊ ထင်ရှားလည်းရှိ၊ စင်ကြယ်ဘိ၍၊ အားပြည့်ထူးဆန်း၊ လာခဲ့စမ်းပါ၊ ရှုစမ်းပါဟု၊ သံသာချိုမြ၊ ဖိတ်ခေါ်ပြဖို့၊ မုချဧကန်၊ ထိုက်တန်မြင့်မား၊ မြတ်တရားပါပေတကား။

၅။ **ဓမ္မော**-မဂ်ဖိုလ်နိဗ္ဗာန်၊ ကိုးတန်ပိုင်းခြား၊ မြတ်တရားသည်၊ **သြပနေယျိကော**-ပုဆိုးဥသျှောင်၊ မီးလောင်သော်ငြား၊ မငြိမ်းအားဘဲ၊ စိတ်မှာစွဲအောင်၊ အမြဲကပ်ကာ၊ ဆောင်ထိုက်ပါငြား၊ မြတ်တရားပါပေတကား။

၆။ **ဓမ္မော**-မဂ်ဖိုလ်နိဗ္ဗာန်၊ ကိုးတန်ပိုင်းခြား၊ မြတ်တရားကို၊ **ဝိညူဟိ**-သစ္စာလေးပါး၊ တရားမြင်သိ၊ ပညာရှိသည့်၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့သည်၊ **ပစ္စတ္တံ ဝေဒိတဗ္ဗော**-ကိုယ်စီကိုယ်ငါ၊ လိုတိုင်းရ၍၊ နိဗ္ဗာနဓာတ်၊ သမာပတ်ဖြင့်၊ မပြတ်သိနိုင်၊ ခံစားနိုင်ပါပေစွတကား။

http://www.dhammadownload.com

ဂုဏ်တော် ၉ ဖြာ မြတ်သံဃာ

၁။ **ဘဂဝတော** - ဘုန်းတော်ခြောက်ဆူ၊ ပြည့်တော်မူ၍၊ နတ်လူဦးခိုက်၊ ပူဇော်ထိုက်ငြား၊ တရားလုံးစုံ၊ အကုန်သိမြင်၊ သဗ္ဗညုဘုရားရှင်၏၊ **သာဝကသံဃော**- ရှိသေကျိုးနွံ၊ ဆုံးမသံကို၊ နာခံတတ်စွာ၊ အရိယာဟု၊ ရှစ်ဖြာသတ်မှတ်၊ သံဃာတော်မြတ်သည်၊ **သုပ္ပဋိပန္နော** -ဆုံးမတိုင်းသာ၊ ကောင်းစွာမချွတ်၊ ကျင့်သုံးတတ်ပါပေစွတကား။

(ဝါ)-သုံးရပ်သိက္ခာ၊ သာသနာနှင့်၊ လျော်စွာထုံးပြု၊ ဆုံးအမကို၊ လုံးဝလိုက်နာ၊ ကောင်းစွာမချွတ်၊ ကျင့်သုံးတတ်ပါပေစွတကား။

၂။ **ဘဂဝတော**-၏၊ **သာဝကသံဃော**-သည်၊ **ဥုပ္ပဋိပန္နော**- စဉ်းလဲသမှု၊ ဟန်ဆောင်မှုကွာ၊ ရိုးသားကာဖြင့်၊ ဖြောင့်စွာမပြတ်၊ ကျင့်သုံးတတ်ပါပေစွတကား။

၃။ **ဘဂဝတော**-၏၊ **သာဝကသံဃော**-သည်၊ **ဉာယပ္ပဋိပန္နော**-ဧကန်သိအပ်၊ နိဗ္ဗာန်မြတ်နှင့်၊ လျော်ကန်သင့်အောင်၊ ကျင့်ဆောင်တော်မူတတ်ပါပေစွတကား။

http://www.dhammadownload.com

(၀၂) ပုဆိုးဥသျှောင်၊ မီးလောင်သော်ငြား၊ မငြိမ်းအားဘဲ၊ ကြီးမားလောင်မီး၊ ဒုက္ခကြီးတို့၊ အပြီးဧကန်၊ ငြိမ်းရာမှန်သည့်၊ နိဗ္ဗာန်ရည်ရော်၊ ကျင့်သုံးတော်မူတတ်ပါပေစွတကား။

၄။ **ဘဂဝတော**-၏၊ **သာဝကသံဃော**-သည်၊ **သာမိစိပ္ပဋိပန္နော**- ရိုသေသမှု၊ လူတို့ပြုသည့်၊ သာမိစိကံ၊ လျော်ထိုက်တန်အောင်၊ ဧကန်မချွတ်၊ ကျင့်သုံးတတ်ပါပေစွတကား။

စတ္တာရိ- မဂ်ဖိုလ်နှစ်ပါး၊ အစုံအားဖြင့်၊ လေးပါးကုန်သော၊ **ယဒိဒံ (ယာနိ ကျမာနိ) ပုရိသယုဂါနိ**- အကြင် ယောကျ်ားမြတ်အစုံတို့သည်၊ **အဋ္ဌ**-မဂ်ဖိုလ်သီးခြား၊ ပုဂ္ဂိုလ်အားဖြင့်၊ ရှစ်ပါးကုန်သော၊ **ယဒိဒံ (ယေ ကျမေ) ပုရိသပုဂ္ဂလာ**-အကြင်ယောကျ်ားမြတ်ဖြစ်သော ပုဂ္ဂိုလ်တို့သည်၊ သန္တိ-ကောင်းစွာမသွေ၊ ရှိကြပါပေကုန်၏။

၅။ **ဘဂဝတော**-၏၊ **ဧသ-ဧသော သာဝကသံဃော**-ဤအစုံလေးပါး၊ ပုဂ္ဂိုလ်အားဖြင့်၊ ရှစ်ပါးပြည့်ဝ၊ ဆုံးမလိုက်နာ၊ အရိယာသတ်မှတ်၊ သံဃာတော်မြတ်သည်၊ **အာဟုနေယျော**-အဝေးမှယူ၊ ဆောင်၍မူလည်း၊ ကြည်ဖြူလေးမြတ်၊ ပူဇော်အပ်ငြား၊ ထူးခြားဥစ္စာ၊ အဖြာဖြာကို၊ ကောင်းစွာသိမ်းပိုက်၊ ခံယူထိုက်ပါပေစွတကား။

၆။ **ဘဂဝတော**-၏၊ **ဧသ-ဧသော သာဝကသံဃော**-သည်၊ **ပါဟုနေယျော**-အဝေးမှလာ၊ ဧည့်များစွာဖို့၊ ထူးကာဆန်းကြယ်၊ ရည်ရွယ်မှန်းထား၊ ပစ္စည်းများကို၊ ဘုရားတစ်ဆူ၊ ပွင့်တော်မူမှ၊ ပေါ်လာကြသည့်၊ ကမ္ဘာ့ဧည့်သည်၊ စွမ်းရည်ကြွယ်သည့်၊ ထည်ဝါခန့်ညား၊ ပုဂ္ဂိုလ်များဖို့၊ ပေးငြားကြည်ဖြူ၊ ခံယူတော်မူထိုက်ပါပေစွတကား။

http://www.dhammadownload.com

၇။ **ဘဂဝတော**-၏၊ **သေ-ဧသော သာဝကသံဃော**-သည်၊ **ဒက္ခိဏေယျော**-တမလွန်ဘဝ၊ ယုံကြည်လှ၍၊ ဖြူစွကြည်သာ၊ စေတနာဖြင့်၊ ကောင်းစွာပေးမူ၊ မြတ်အလှူကို၊ ခံယူတော်မူထိုက်ပါပေစွတကား။

၈။ **ဘဂဝတော**-၏၊ **သေ-ဧသော သာဝကသံဃော**-သည်၊ **အဉ္ဇလိကရဏီယော**-နတ်လူဗြဟ္မာ၊ သတ္တဝါတို့၊ ကောင်းစွာဆည်းကပ်၊ ရိုသေမြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးမှုကို၊ ကြည်ညိုဦးခိုက်၊ ပြုထိုက်တော်မူပါပေစွတကား။

၉။ **ဘဂဝတော**-၏၊ **သေ-ဧသော သာဝကသံဃော**-သည်၊ **လောကဿ**-လူနတ်ဗြဟ္မာ၊ များစွာသောင်းသောင်း၊ သတ္တဝါအပေါင်း၏၊ **အနုတ္တရံ**-အတူအလွန်၊ ဧကန်မရှိ၊ မြတ်ခေါင်ထိသော၊ **ပုညက္ခေတ္တံ**-ကြဲချလိုက်လျှင်၊ စည်ပင်ဖွံ့ထွား၊ လွန်တိုးပွား၍၊ စွမ်းအားပြည့်ဖြိုး၊ ကောင်းမှုမျိုးကို၊ စိုက်ပျိုးထိုက်စွာ၊ ကြဲချရာပေ၊ လယ်ယာမြေကောင်း၊ အခွင့်ကောင်းဖြစ်တော်မူပါပေစွတကား။